# နွေကန္တာ ၁

## တင်မောင်မြင့်




Typing - ရွှေစင်ဦး၊ Design & PDF - မင်းအရိပ်





http://www.shwezinu.blogspot.com/ ဘလော့မှ

ရွှေစင်ဦး စာရိုက်တင်ပြီး





Deep Summer

by

Gwen Bristow

နွေကန္တာ

မြန်မာပြန် - တင်မောင်မြင့်


မင်းအရိပ် (ရောင်စုံအခန်းငယ်ဘလော့)မှ ဒီဇိုင်းနှင့် အီးဘွတ်ခ်အား ပြုလုပ်သည်။

http://colourful-flatlet.blogspot.com/

This e-book is not for sale and use of anyone anywhere at no cost.

Commercial use of this book will be at your own risk.

# နွေကန္တ ၁

<<<http://www.shwezinu.blogspot.com/

အခန်း (၁)

မြစ်ပြင်သည် ညနေဆည်းဆာတွင် ငြိမ့်ငြိမ့်ညင်ညင်ကလေး စီးသွင်းနေ၏။ နေရောင်ခြည်က ဂက်သစ်ချပင် များကို ဖြတ်သန်းပြီး ရွှေရောင်တန်းများ လွှတ်နေလေသည်။ ဂက်သစ်ချပင်ကြီးများတွင် ဟီးလေးခို နေကြသည့် ရေညှိမှော်ပင်များက လေအဟုန့်တွင် တီးတိုးစကားဆိုနေကြ၏။ လှေသမားတို့၏ အော်ဟစ်သံ ကို ပြန်လည် နှုတ်ခွန်းဆက်နေသည့်အလား။

ကမ်းခြေ တွင် လှေထိုးသားတစ်သိုက်က ပိန်းကောလှေကြီးကို ကျောက်ချဖို့ ပြင်ဆင်နေကြ၏။ ဂျူးဒစ် သည် လှေပေါ်တွင် အဖွေအဂတ်တွေ လျှော်ရင်း စိတ်ပျက်နေသည်။ ဘယ်လောက်လျှော်လျှော် ဘယ်လောက် ဖွပ်ဖွပ် ဖြူသည်မရှိ။ ဂါကြန့်ကြန့် မြစ်ရေနှင့် လျှော်နေရသည် မဟုတ်လား။

သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ။ သွားမယ့်နေရာ မြန်မြန်ရောက်ပါစေတော့။ ထမင်းဟင်းချက်ဖို့ မီးဖိုကြီးကြီး နဲ့၊ အဂတ်လျှော်ဖို့ ရေတွင်း နဲ့ လူလို သူလို နေချင်လှပါပြီ။

လှေသမားအချို့က ကမ်းနားသစ်ပင်ကြီးများတွင် ဆိုင်းကြိုးများ ချည်နှောင်နေကြ၏။ ဂျူးဒစ်၏အစ်ကို ကာလက် က ကမ်းနဖူးတွင် မီးမွှေးနေသည်။ လှေသမားအချို့ကို အဖေက အမဲရှာ ဖို့ တောထဲ လွှတ် လိုက်သည်။

ပိန်းကောလှေကြီးသည် မြစ်ရေပြင်တွင် မသိမသာ လှုပ်ရှားနေ၏။ ဂျူးဒစ်သည် အဂတ်များကို လှေပေါင်းမိုး နံဘေး အဂတ်တန်းတွင် လှန်းလိုက်သည်။ ညစာအတွက် ချက်ရပြုတ်ရဦးမည်။ သေသေ သပ်သပ်ဖြစ်အောင် အဂတ်အစားများကို ဆွဲဆန့်သည်။ ဆံပင်ကို ဖြီးသင်သည်။ ဆံပင်မှာ မြစ်ရေရောင် ပေါက်ကာ နီကြန့်ကြန့် ဖြစ်နေပြီ။ ဆံခွတစ်ချောင်း ကောက်ထိုးပြီး ပဂါကို ခြုံသည်။ အမေက ဖိုခံလောက် ကိုင်ပြီး ကမ်းပေါ်တက်သွားနှင့်ပြီ။ ထမင်းအိုး၊ ဟင်းအိုးတောင်းကို ပွေ့ကာ နောက်မှ ဂျူးဒစ် လိုက်တက် သွားသည်။

လှေသမား တချို့က ပြောင်းဖူးဆန်၊ ပဲစေ့နှင့် ဒရယ်သားခြောက်တွေယူပြီး ဂျူးဒစ်နောက်မှ တက်လိုက် လာကြသည်။ ဂျူးဒစ်က ပဲနှင့်ပြောင်းရောပြုတ်ဖို့အိုးကို ဖိုခံလောက်ပေါ် တင်မည်အပြု တွင် မြစ်ဘက်ဆီမှ အသံတစ်သံ ကြားလိုက်သည်။

" မိတ်ဆွေ ခရီးဖော်များ ခင်ဗျား၊ မင်္ဂလာပါ "

<<<http://www.shwezinu.blogspot.com/

အသံလာရာဆီသို့ ဂျူးဒစ် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ရောမ ပိန်းကောကြီးတစ်စင်း ကွေ့ထဲသို့ ချိုးဝင်ကာ ကမ်းကပ်ဖို့ ပြင်ဆင်နေသည်။ ဟစ်အော် နှုတ်ဆက်သည့် ပိန်းကောပေါ်မှ လူရွယ်မှာ အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်နှင့် ဘယ်ဘက်ပါးတွင် ကန့်လန့်ဖြတ် ထင်ရှားနေသည့် အမာရွတ်ကြီးမှအပ မျက်နှာ တစ်ခုလုံး နေလောင်ထားသဖြင့် နီရဲနေသည်။ ဝတ်ထားသည့် ကုတ်အင်္ကျီရှည်က အနီရောင် သိုးမွေးအင်္ကျီ။ ကြယ်သီးတွေက ငွေရောင်တဖျတ်ဖျတ်။ ပိုးခြေအိတ်က အရောင်တလက်လက်။ ဂျူးဒစ် ငေးကြည့် နေမိသည်။ မစ္စစ်စပီ ကို စုန်ဆင်းလာသည့် တစ်လမ်းလုံး ရေကြည်ရာ မြက်နုရာ ရှာဖို့ ထွက်လာကြ သည့် လူအများအပြားကို ဂျူးဒစ်တို့ တွေ့ခဲ့ပြီးပြီ။ သူ့လို ကိုယ်ရောင်ကိုယ်ဂါ တောက်ပသည့် လူမျိုး တစ်ယောက် မှ မတွေ့ခဲ့။

" မင်္ဂလာပါဗျား၊ မင်္ဂလာပါ "

ဂျူးဒစ်တို့ အဖေက ကုန်းပေါ်မှ လှမ်းပြီး နှုတ်ဆက်လိုက်သည်။ ဂတ်ကျေဂတ်ကုန် သဘောမျိုးဖြင့် ဦးညွှတ် တုံ့ပြန် လိုက်သည်။ သဘာဂဘေးဒဏ်နှင့် တောရိုင်းမြေတွေကို အနိုင်ယူဖို့ မြစ်ညာက စုန်ဆင်းခဲ့သည့် ထိုလူအား သူ ဂတ်ထားသည့် အဂတ်အစားတွေ ကြည့်ပြီး ဂျူးဒစ် တို့ အဖေအထင်မကြီးနိုင်အောင် ဖြစ် သွားကြောင်း သူ့လေသံ နှင့် သူ့ အမူအရာတွင် ပေါ်လွင်နေ၏။

သူစိမ်းလူရွယ် က ဣန္ဒြေမပျက် ပြုံးလိုက်သည်။ သူ့ဆံပင်မှာ ရွှေရောင်ဖြစ်၏။ ဝင်လုလုနေရောင် တွင် တလက်လက် တောက်ပလျက်။

" ဦး တို့က လူဂီစီးယားနားအထိ စုန်ကြမှာပါလား ခင်ဗျ "

" ဟုတ်တယ် "

" အဆင်သင့်လိုက်တာ ခင်ဗျာ၊ ကျွန်တော်လည်း အဲဒီအရောက် ဆင်းမှာလေ။ ကျွန်တော့် ကိုယ် ကျွန်တော် မိတ်ဆက်ခွင့်ပြုပါဦး။ ကျွန်တော့် နာမည် ဖီးလစ်လန်းပါ၊ လေးစားပါတယ် ခင်ဗျာ "

" ဂမ်းသာ ပါတယ် မစ္စတာလန်း၊ ကျုပ်နာမည်က မတ်ရာရမီပါ၊ ဟောဒါက ကျုပ်ဇနီး၊ ဒါက သား ကာလက်၊ ဟိုဘက်က သမီး ဂျူးဒစ်"

" အားလုံး ကို လေးစားပါတယ် ခင်ဗျာ၊ လူဂီစီးယားနား ရောက်ရင် ပြန်ဆုံဖို့ ကျွန်တော် မျှော်လင့် ပါတယ် "

မတ်ရာရမီက လက်ခံသည့်သဘောဖြင့် ဦးညွှတ်အသိအမှတ်ပြုလိုက်သည်။ ဖီးလစ်လန်းက လက် ကလေး နှစ်ချောင်း ဖြင့် ဦးထုပ်ကို နောက်သို့ ပင့်ဟန်လုပ်သည်။ သူ့ခေါင်းပေါ်တွင် ဦးထုပ် ဆောင်း မထား သဖြင့် ကြောင် တောင်တောင် ဖြစ်သွားမလားဟု အားလုံး ဝိုင်းကြည့်နေကြသည်။ သို့သော် သူက ခပ်တည်တည် ပင်။



<<<http://www.shwezinu.blogspot.com/

အောက်နားမျှော်သွားပြီး ကြိမ်တောထဲတွင် သူ့ပိန်းကောလေ့ကြီး ကို ထိုးဆိုက်သည်။ ဖီးလစ်လန်းက ဂျူးဒစ် ကို တစ်ချက်ငေ့ကြည့်ပြီး ပြုံးပြသည်။ ကြိမ်ရုံတွေထဲသို့ လှေတစ်စင်းလုံး တိုး ဝင်သွားသည်အထိ သူ ကြည့်နေဆဲ။ ဂျူးဒစ် ကျောရိုးထဲ စိမ့်သွားသည်။ ဣန္ဒြေပျက်သွားသည်ကို လူကြီးတွေများ ရိပ်မိ သွားပြီလား ဟု အထိတ်တလန့် လှမ်းကြည့်လိုက်သည်။ တော်ပါသေး၏။ အဖေက ငုံ့ပြီး မီးဖိုထဲ ထင်း တွေ ထည့် နေသည်။ အမေက လှေသမားတွေ ပစ်ထားသည့် တောကြက်တွေကို အမွေးနုတ်ရင်း အလုပ်ရှုပ် နေသည်။

မြစ်ထဲသို့ ဂျူးဒစ် ရေတစ်အိုး ဆင်းခပ်သည်။ ဖီးလစ်လန်း စောင့်များကြည့်နေမလားပဲ။ စောင့်ကြည့် နေတယ်ဆိုရင် လှလို့နေမှာပေါ့နော်။

ဂျူးဒစ် ၁၅ နှစ်ပြည့်ပြီ။ လှချင်ပချင်သည့်အရွယ် ရောက်နေပြီ။ ဒါပေမဲ့ အဖေက ဒါတွေ စိတ်မကူး ရဘူးတဲ့လေ။ ခုထိ ဂျူးဒစ်တွင် ၆ လက်မခန့် ကြည့်မှန်ကလေးတစ်ချပ်ပဲရှိသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်ပုံသဏ္ဍာန် ရှိမှန်း ဂျူးဒစ် အားရပါးရ မကြည့်ဖူးသေးပေ။ ဆံပင်တွေ လှမှန်း တော့သိတယ်လေ။ အသားရေလည်း လှပါတယ်နော်။ နေလောင်ထားလို့ပါ။ သို့သော် ဂတ်ထားသည့် ချည်ကြမ်းအဂတ်တွေကို ငုံ့ကြည့်ပြီး စိတ်ပျက်သွားသည်။ သည်လို စုတ်စုတ်ပြတ်ပြတ် တစ်ယောက်ကို သိုးမွေးဂတ်စုံနှင့် လူကြီးလူကောင်း တစ်ယောက် က အမြတ်တနိုး ကြည့်ပါ့မလား။

အစ်ကိုလုပ်သူ ကာလက်နှင့် အဖေ့ အဂတ်အစားများကိုပါ ဂျူးဒစ်ငဲ့ကြည့်လိုက်သည်။ အရောင် လွင့်ပြယ် နေပြီဖြစ်သည့် ချည်ထည်တွေ။ ကနက်တီကပ် အိမ်မှာတုန်းက ဒီလို မဟုတ်ကြပါ။

ဖီးလစ်လန်း ဆိုသူ ဘယ်အရပ်က စုန်ဆင်းလာတာပါလိမ့်။ ဂျူးဒစ်က အစီအစဉ် မရှိဘဲ စကား စ လိုက်သည်။

" အမေ "

" ဘာလဲ သမီးလေး "

မစွက်ရှာရမီ တောကြက်တစ်ကောင်ကို ဘေးချပြီး မော်ကြည့်သည်။

" ဟို ... ဟို ... မစ္စတာလန်းဆိုတဲ့ လူကြီးလေ၊ သူ့ကြည့်ရတာ တစ်ယောက်တည်း ခရီးထွက်လာသလိုပဲ၊ သမီးတို့ကို စကားပြောချင်လို့ သူ့မိတ်ဆက်တာ ထင်တယ်။ သူ့လှေက ဟောဟိုအောက်နားက ကြိမ်တောထဲမှာဆိုက်ထားတယ်၊ ထမင်းဖိတ်ကျွေးရရင် မကောင်းဘူးလား ဟင်"

" အင်း၊ ကောင်းသားပဲ" ဟုပြောပြီးမှ မဂေခွဲတတ်သလို ဖြစ်သွားပြီး လင်တော်မောင်ဘက် လှည့်ကာ -

" ရှင် ဘယ်လို သဘောရလဲဟင် မတ် "

မတ် က သေနတ်ကိုထောင်ပြီး မီးရပ်ရင်း ခပ်ဖြည်းဖြည်းပြန်ပြောသည်။

<<http://www.shwezinu.blogspot.com/

" မပြောတတ်ဘူးလေကွာ၊ ငါတော့ သူ့ကိုကြည့်ပြီး ပေါင်းလို့သင်းလို့ ရမယ် မထင်ပါဘူး "

" ဘာပြုလို့လဲ ဖေဖေရဲ့၊ သူ့ကြည့်ရတာ မင်းညီမင်းသားကျနေတာပဲ "

ဂျူးဒစ်က ခပ်သွက်သွက် ဂင်ပြောသည်။

မတ်က ပြုံးပြီး အငေါ်တူးတူး လေသံဖြင့် -

" ဆန်ကုန်မြေလေး မင်းညီမင်းသားမျိုး ဖြစ်မှာပါကွာ။ ဒါမျိုးတွေ ဖေဖေ တွေ့ဖူးပေါင်းများပြီ။ ဓားမဦးချ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်မယ့် လူတွေကို လိုက်ဒုက္ခပေးနေတဲ့ ကောင်မျိုးတွေ "

ဂျူးဒစ်က အပြုတ်အိုးထဲ ယောက်မထိုးမွှေရင်း -

" ဂတ်ကောင်းစားလှ ဂတ်ထားတာ နဲ့ လူတစ်ယောက်ကို ဒီလို မတရားပြောတာ ဖေဖေ ဘယ်တရားမလဲ "

" ဂျူးဒစ်၊ သမီးနားမလည်ပါဘူး၊ တိတ်တိတ်နေစမ်း "

" ဟုတ်ကဲ့ပါ ဖေဖေ "

ဂျူးဒစ် မကျေမနပ်နှင့် နှုတ်ခမ်းကို ကိုက်ထားသည်။ သို့သော် မမျှော်လင့်သည့် မေမေ့စကားကြောင့် အပျော်ကြီး ပျော်သွားသည်။

" သနားပါတယ် မတ်ရယ်၊ သူ့ခမျာ လှေသမားတွေ ချက်ကျွေးတာချည်း စားနေရမှာ။ တစ်ခါတလေ ကောင်းကောင်းစားချင်ရှာမှာပေါ့၊ ဖိတ်ကျွေးလိုက်ကြရအောင်နော် "

မတ်က ပခုံးတွန့်ပြီး -

" သဘောပဲလေ၊ သမီး သွားဖိတ်လိုက်ပေါ့ "

" ဟုတ်ကဲ့ ဖေဖေ "

ကြိမ်ပင်တွေကြားက လမ်းကလေးအတိုင်း ဂျူးဒစ် ပြေးချသွားသည်။ နေဂင်စ ပြုနေပြီ။ သို့သော် အလင်းတန်း များ ဖြာထွက်နေဆဲ။ အနားရောက်မှ ရင်တွေတုန်ပြီး ရှက်စိတ်မွှန်လာသည်။ ဖီးလစ်လန်းက သစ်ငုတ်တို တစ်ခုပေါ်တွင် ထိုင်ကာ ကောင်းကင်ကို မော်ကြည့်နေ၏။ အမဲလိုက်ဖို့ အသင့် အနေအထား ဖြင့် သေနတ်ကို ပေါင်ပေါ်တင်လျက်။ သူ့လူတွေက မီးမွှေးနေကြသည်။

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ် ဘာမှ ပြောမထွက်ဘဲ ကြောင်ပြီး ရပ်နေသည်။ သူက အထက်တန်းစား။ ဖိတ်တာကို လက် ခံပုံမလား။ တိတ်တိတ်ကလေး ပြန်လှည့်ပြေးရ ကောင်းမလားပဲ။ ဟော သူ မြင်သွားပြီ။ ဒုက္ခပါပဲ။ ဖီးလစ်လန်းက သေနတ်ကို သစ်ငုတ်တိုမှာ ထောင်ပြီး ခုန် ထ လိုက်သည်။

" ဟော ... အလှလေး ဂျူးဒစ်ပါလားကွယ် "

ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာပြီး ဂျူးဒစ်၏လက်ကို နမ်းသည်။ သည်လို အဖြစ်မျိုးနှင့် ဂျူးဒစ် တစ်ခါမှ မကြုံဖူးသေးပါ။ ရှက်ရှက်နှင့် ဒူးတစ်ဖက်ညွတ်ပြီး အရိုအသေ ပေးလိုက်သည်။

" အနှောင့်အယှက် ဖြစ်နေမလားပဲ၊ ဟို ... ဟိုလေ ... မေမေက ပြောတယ်၊ ညစာစားဖို့ ကြွပါတဲ့ "

မိန်းကလေး ကို ဖီးလစ် ခြေဆုံးခေါင်းဆုံး ကြည့်သည်။

" ကျွန်တော် ဝမ်းသာ ဂုဏ်ယူပါတယ် ခင်ဗျာ "

သူက လူကြီးလူကောင်း တစ်ယောက်၏ အမူအရာဖြင့် ပြောနေသော်လည်း ပျော်လွန်းသဖြင့် ဂျူးဒစ်၏ နှုတ်ခမ်း များ တဆတ်ဆတ်တုန်နေသည်။

" ဒါ ဒါဆို လာမယ်ပေါ့နော် "

ကတုန်ကယင်ဖြင့် မေးလိုက်၏။ ဖီးလစ်လန်း ရယ်သည်။ ကလေးမ၏ လက်မောင်းကို ကိုင်ပြီး -

" နေပါဦး မစ္စဂျူးဒစ် ... ဘာဖြစ်လို့ မင်း တုန်တုန်ယင်ယင် ဖြစ်နေရတာလဲ၊ ကိုယ်က လူရိုင်းတစ်ယောက် မဟုတ်ပါဘူးကွယ့်၊ မင်းဦးခေါင်းကို ဖြတ်မယူပါဘူး "

" ဟုတ် ... ဟုတ်ကဲ့ရှင့်၊ ကျွန်မ လူစိမ်း သူစိမ်းတွေနဲ့ စကားမပြောဖူးလို့ပါ "

ဖော်ရွေရင်းနှီးလှသော သူ့အမူအရာကြောင့် ဂျူးဒစ် ရယ်မောနိုင်လာသည်။

" ကဲ ... ဒါဆို မင်းအတွက် အခွင့်ကောင်းပဲ၊ ခုကစပြီး လေ့ကျင့်ပေတော့၊ လာထိုင်၊ စကားပြောကြ မယ်၊ နယ်သစ် ပယ်သစ်ကို မင်းရောက်တော့မှာ မဟုတ်လား၊ အားလုံး သူစိမ်းတွေချည်း တွေ့ရ တော့မှာလေ "

ဂျူးဒစ် ဇဝေဇဝါ ဖြစ်သွားသည်။

" ကျွန်မနဲ့ တစ်ခါတည်း လိုက်ခဲ့မယ် ထင်နေတာ "

" လိုက်ခဲ့ချင်ပါတယ်ကွယ်၊ ဒါပေမဲ့ ... "

<<<http://www.shwezinu.blogspot.com/

မြစ်ဆိပ်ဘက်သို့လှည့်ပြီး သူ့လှေကြီးကို တစ်ချက် ကြည့်သည်။ ပိန်ကောကြီးမှာ ပေ ၆၀ ရှည်သည့် အကြီးစားလှေမျိုးကြီး ဖြစ်၏။ ရောမပဲ့စင်ကြီးနှင့်။ လှေတစ်စင်းလုံး၏ ပြတင်းပေါက်တွေအားလုံး ပိတ် ထားသည်။ အိမ်သုံးပစ္စည်းတွေ အပြည့်အကျပ် တင်လာဟန်တူ၏။ နေစရာအိမ် မရှိသေးဘဲ အိမ်သုံး ပစ္စည်း တွေ ယူလာသည့်လူ။ အိမ်ထောင်လည်း ရှိဟန်မတူ။

" လှေကို ဒီအတိုင်း ထားသွားလို့ မဖြစ်ဘူးကွယ့် "

" လှေသမားတွေ ရှိတယ် မဟုတ်လား၊ သူတို့မှာ သေနတ်တွေရှိမှာပေါ့ "

" သူတို့က စောင့်ကြည့်နေတုန်းမှာသာ သစ္စာရှိကြတာကွယ့်၊ အဖိုးတန်ပစ္စည်းတွေ တင်လာတော့ ခုလို ရေလမ်း မှာ ပိုပြီး စိတ်မချရဘူး "

" အဖိုးတန်ပစ္စည်းတွေ ဟုတ်လား၊ အစ်ကိုက ကုန်သည်လားဟင်၊ ရောင်းစရာ ပစ္စည်းတွေလား "

ဂျူးဒစ် ၏ လက်မောင်း ကို ဖီးလစ် တင်းတင်းဆုပ်ကိုင်လိုက်သည်။

" ကိုယ် ... ဘာတွေ ယူလာတယ်လို့ မင်း ထင်သလဲ "

" အို ... ထွန်တွေ၊ ထယ်တွေ၊ ပရိဘောဂတွေ၊ ရက်ကန်းတွေ၊ ရစ်ဘီးတွေ နေမှာပေါ့၊ ကျွန်မတို့လိုလေ "

ဂျူးဒစ် အံ့သြခြင်းတစ်ဂက်၊ ထိတ်လန့်ခြင်းတစ်ဂက်ဖြင့် ပြန်ပြောသည်။ ခုထိ သူက လက်ကို လွှတ်မပေး တော့ ဂျူးဒစ် ကျွဲမြီးတိုလာသည်။

" အစ်ကို ဘာတွေ ယူလာတယ်ဆိုတာ ကျွန်မ မစဉ်းစားတတ်ပါဘူး။ ဒါပေမဲ့ ရဲက လူဆိုးကို ဖမ်းသလို ကိုင်ထား တဲ့ ကျွန်မ လက်မောင်းကို လွှတ်ပေးရင်တော့ သိပ်ကျေးဇူးတင်မိမှာပဲ "

" အို ... ကြည့်စမ်း၊ ကိုယ့်ကို ခွင့်လွှတ်ပါကွာ၊ လုံးဝ သတိမထားမိလိုက်ဘူး၊ မင်းပြောတဲ့ ပစ္စည်းတွေ တစ်ခု မှ ကိုယ့်လှေပေါ်မှာ မပါဘူး။ ကိုယ် ယူလာတာတွေက ... "

သူ စက္ကန့်ဂက်လောက် ဆိုင်းနေသည်။ ပြီး မှ -

" အားလုံး ရောင်းတဲ့ဂယ်တဲ့ ပစ္စည်းတွေချည်းပဲ "

ခပ်ရိုင်းရိုင်းကလေး ပြောလိုက်မိသည့်အတွက် ဂျူးဒစ် အားနာသွားသည်။ ဘာပြုလို့ သူ သွယ်ဂိုက် ပြောနေပါလိမ့်။ ဂီစကီ သေတ္တာတွေ ပါလာတယ် ပြောလိုက်ရင် ပြီးနေတာပဲ။ သူ အလေးအနက် လေသံ ဖြင့် ထပ်ပြောပြန်သည်။

<<<http://www.shwezinu.blogspot.com/

" ကိုယ် တကယ်ပြောတာ၊ လေ့ကို ထားသွားလို့ မဖြစ်ဘူး။ ဒါပေမဲ့ ဟောဒီ အဆုံးမရှိတဲ့ ရေလမ်းခရီးကို သွားနေရတာ စိတ်ကုန်နေပြီ၊ သိပ်အထီးကျန်နိုင်တာပဲ၊ ဒီလိုလုပ်၊ မင်း ကိုယ်နဲ့ ညစာစား "

သူက ဂျူးဒစ်၏လက်ကို လှမ်းဆွဲပြီး မီးဖိုဆီသို့ လျှောက်သွားသည်။

" နော်၊ နေမယ် မဟုတ်လား ဟင် "

ဂျူးဒစ် ဆုတ်ကန်ဆုတ်ကန်နှင့် ပါသွားရင်း -

" အိုး ... မဟုတ်တာ၊ ကျွန်မ လူကြီးတွေကို ဘယ်လိုပြောရမလဲ "

ဖီးလစ်က ရယ်ပြီး -

" သူတို့ကို ပြောပေါ့၊ ကိုယ်က မင်းကို ပျားရည်နဲ့ ဖုတ်ထားတဲ့ ကိတ်မုန့်တွေ၊ သစ်ကြမ်းပိုးဆီထဲမှာ စိမ်ထား တဲ့ လိမ္မော်သီးတွေ၊ ဂူလာကမ်းခြေက လာတဲ့ တယ်သီးတွေ ကျွေးနေလို့လို့ ပြောပေါ့ "

သစ်မြစ်တစ်ခု ပေါ်တွင် ဂျူးဒစ် ထိုင်ချလိုက်မိသည်။

" မကြားဖူးပါဘူး၊ ဂူလာကမ်းခြေဆိုတာ "

" ကာရိုလိုင်နားတောင်ပိုင်းမှာ ရှိတယ်လေ "

" အစ်ကို က အဲဒီက လာခဲ့တာလား ဟင် "

သူ ခေါင်းညိတ်သည်။ မြက်ခင်းပေါ်တွင် ခြေဆန့်လက်ဆန့် လှဲချပြီး တံတောင်ဆစ်ကို အားပြုကာ ဂျူးဒစ်ကို မော့ကြည့်ရင်း -

" မင်းတို့ကကော၊ နယူးအင်္ဂလန်က မဟုတ်လား "

" ဟုတ်တယ်၊ ကနက်တီကပ်ကပါ၊ ဘယ်လိုလုပ် သိတာလဲဟင် "

ဂျူးဒစ် အမေးကို မဖြေဘဲ သူက -

" မင်းမျက်လုံးတွေ ရှန်ပိန်ရောင်ဆိုတာ မင်းကို ဘယ်သူကမှ မပြောဖူးဘူးလား "

ဂျူးဒစ်မျက်နှာ ဖြန်းခနဲ ဖြစ်သွားသည်။

" ဟင့်အင်း၊ မပြောဖူးဘူး၊ ရှန်ပိန်ဆိုတာ ဘာလဲဟင် "

" ရှန်ပိန်ဆိုတာ ပြင်သစ်ဝိုင်တစ်မျိုးလေ"

<<http://www.shwezinu.blogspot.com/

" ဟင်၊ ပြင်သစ်ကို အစ်ကို ရောက်ဖူးတယ် ဟုတ်လား "

ဂျူးဒစ် တအံ့တသြ မေးလိုက်သည်။

" အင်း ... ရောက်ဖူးတယ်၊ ကနက်တီကပ်မှာ ရှန်ပိန် မသောက်ကြဘူးလား "

" မသိဘူးလေ၊ ဘယ်သိနိုင်ပါ့မလဲ၊ ကနက်တီကပ်ကို ရောက်ဖူးလားဟင် "

" တစ်ခါ ရောက်ဖူးတယ်၊ ပြင်သစ်နဲ့ စစ်ဖြစ်ကြတုန်းက "

" ဩော် အစ်ကိုက စစ်ထဲ လိုက်ဖူးတာကိုး "

ဂျူးဒစ် ကျေးဇူးတင်စွာ တလေးတစား ပြောလိုက်သည်။ ဘုရင့် တပ်မတော် အမှုထမ်းတစ်ဦးမှန်း သိရသဖြင့် ဂမ်းလည်းသာသွားသည်။ ဖေဖေ နှင့် ဆက်ဆံရေး ပြေလည်နိုင်ပြီ မဟုတ်လား။ ဖေဖေ လည်း ဒီစစ်ပွဲ တွင် ပါဂင်ဆင်နွှဲခဲ့သူလေ။

" သိပ်ဟုတ်တာပေါ့၊ ဗိုလ်ချုပ်ကြီး ဘရက်ဒေ့ါနဲ့ ဟာဂျီးနီးယားက မစ္စတာဂါရှင်တန်ငယ်လေးရဲ့ လက်အောက် မှာ အမှုထမ်းခဲ့တာလေ "

သူက ခပ်ရွှင်ရွှင် ပြောနေခြင်းဖြစ်သည်။

" ဟုတ်လား၊ ဒါဆို အစ်ကို ဆုတွေအများကြီး ရခဲ့မှာပေါ့ "

ဂျူးဒစ် ဂုဏ်ယူဂင့်ကြွားစွာ ပြောလိုက်သည်။ ဖေဖေ ထင်သလို လူပေါ်ကြော့ မဟုတ်ဘဲ မျိုးချစ် တစ်ယောက် ဖြစ်နေသည့်အတွက် ကျိတ်ဂမ်းသာနေသည်။

" သိပ်ဟုတ်တာပေါ့၊ မင်း ကြည့်မလား "

သူက အော်ရယ်ပြီး ပြောလိုက်ခြင်းဖြစ်၏။ တစ်ပြိုင်တည်းတွင် ခေါက်ရိုးမကျိုးသေးသည့် ရှပ်အင်္ကျီအိတ် ထဲမှ ဇရာမ စာအိတ်ကြီးတစ်လုံးဆွဲထုတ်လိုက်သည်။ စာအိတ်ထဲတွင် ပါသည်က တတိယမြောက် ဂျော့ဘုရင် ၏ စာချွန်တော်။ ပြင်သစ်တို့အား တိုက်သည့် စစ်ပွဲတွင် ဘုရင့်အမှုတော်ကို ဦးဆွေးဆံမြည့် ထမ်းရွက် ခဲ့သည့်အတွက် ဆုလာဘ်အဖြစ် ဖီးလစ်လန်းအား လူဂီစီးယားနားပြည်နယ် မစ္စစ်ပီ အရှေ့ဘက်ကမ်း တွင် မြေကေသုံးထောင်အပိုင်စား ပေးသနား လိုက်သည့် စာချွန်တော်။

ဂျူးဒစ်က စာချွန်ကိုဖတ်ပြီး ပြန်ပေးရင်း -

" ကျွန်မ အဖေလည်း ဒီလိုစာချွန်မျိုးတွေ ရလာတယ်အစ်ကို၊ နယူးအင်္ဂလန်က မခွာချင်လို့ စောစော မတောင်း ခဲ့တာတဲ့ "

<<http://www.shwezinu.blogspot.com/

မြက်ခင်းပေါ်တွင် ဖီးလစ် ထ ထိုင်သည်။ ဒူးနစ်ဖက်ကို လက်နှင့် ပိုက်ကာ -

" ဟုတ်တယ်၊ ဒါ့ကြောင့် သူ့အကဲကို ခတ်နေတာ၊ သူကြည့်ရတာ အခြေမဲ့အနေမဲ့ လူစားမျိုး မဟုတ်ပါဘူးလို့ "

" မဟုတ်ပါဘူး အစ်ကို၊ ကျွန်မတို့ စိုက်ခင်းတွေ သုံးနှစ်ဆက်တိုက် ပျက်စီးတယ်လေ။ မနှစ်က ဆောင်းမှာ နို့စားနွားမတွေ တစ်ဝက်လောက် သေကုန်တယ်။ နယူးအင်္ဂလန်မှာ လူတိုင်း လူတိုင်း လူဂီစီယားနားကို သွားဖို့ချည်း ပြောနေကြတယ်။

ဆုအဖြစ်နဲ့ မြေတွေ အများကြီးရတဲ့ အဖေ့ကို စစ်မှုမထမ်းဖူးသူတွေက အားကျကြတယ်။ တစ်နေ့တော့ ကျွန်မတို့ မြို့က ထွက်သွားတဲ့ လူတစ်ယောက်က အဖေ့ဆီကို စာလှမ်းရေးတယ်။ သူ့နာမည်က ပေါ်လ်တာပါစယ်တဲ့။ သူလည်း ဆုတွေရတဲ့ စစ်ပြန်တစ်ယောက်ပဲ။ သူ့စာထဲမှာ လူဂီစီးယားနားဟာ မြေဩဇာ ကောင်းတဲ့ ဒေသဖြစ် ကြောင်း၊ တချို့နေရာတွေမှာဆိုရင် တစ်နှစ်ကို လေးသီးလောက် စိုက်နိုင်ကြောင်း တွေ ပါတယ် "

ဖီးလစ်က ပြုံးပြီး -

" မင်း အဲဒီမှာ ပျော်မယ် ထင်နေသလား "

" အင်း ၊ ပျော်မယ် ထင်ပါတယ် "

ဂျူးဒစ် မရေမရာ ပြောလိုက်သည်။ ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်၏။ တစ်ဖက်တွင် တောကြီး မျက်မည်း၊ တစ်ဖက်တွင်တော့ နွားရိုင်းသွင်းချိန်မို့ ခရမ်းပြာရောင် ပေးနေသည့် မစ္စစ်စပီမြစ်ကြီး။ စီးဆင်းနေပုံက ပျင်းတိပျင်းတွဲ။ ရွေ့လျားသည်ပင် မထင်ရ။

" တစ်မျိုးပဲနော်၊ ကျွန်မအတွက် အားလုံး အသစ်အဆန်းချည်း ဖြစ်နေတယ်။ တကယ် မဟုတ်သလိုပဲ။ မြေပြင်က ပြန့်လွန်းမက ပြန့်ပြီး သစ်ပင်ကြီးတွေပေါ်မှာ ရေညှိပင်တွေ တွဲနေပုံက ကန့်လန့်ကာ ချထားတဲ့ အတိုင်းပဲ။ အစ်ကို့အတွက်တော့ ဘယ်ထူးဆန်းမလဲနော်၊ နေရာတွေ အများကြီး ရောက်ဖူးတာကိုး။ ကျွန်မတော့ ကိုယ့်မြို့က အပြီးထွက်လာခဲ့တဲ့အထိ ဘယ်မှ မရောက်ဖူးဘူး "

" ဒါဆို နယူးအင်္ဂလန်က မင်းအတွက် ကမ္ဘာကြီးပေါ့ ဟုတ်လား " ဖီးလစ်က ညင်ညင်သာသာ မေးလိုက်သည်။

" သေသေချာချာ မသိပါဘူး အစ်ကိုရယ်၊ တစ်ခုပဲ သိတယ်၊ စိတ်ထဲမှာ... "

" ဘာများလဲကွယ် "

<<http://www.shwezinu.blogspot.com/

ဂျူးဒစ် ရှိုးတိုးရှန့်တန့် ဖြစ်နေသည့်အတွက် ဖီးလစ် ဂင်ထောက်ပေးလိုက်သည်။

" ချက်ချင်း အသက်ပိုကြီးလာသလိုပဲ၊ အစ်ကို ပြင်သစ်ရောက်တုန်းကရော အဲဒီလို ဖြစ်ဖူးလားဟင် "

ဖီးလစ် ခပ်တိုးတိုးရယ်သည်။ ဂျူးဒစ် ခုမှ သတိရသည်။ သူစိမ်းတစ်ယောက်ကို ဘာလို့ တရင်းတနှီး ယုံယုံကြည်ကြည် ပြောနေမိပါလိမ့်။ သို့သော် သူ သိပ်စိတ်ဂင်စားနေပုံ။ ဖီးလစ်က ဂျူးဒစ်ရှေ့တွင် ဒူးတုပ်ထိုင်ပြီး ကလေးမ၏ လက်နှစ်ဖက်ပေါ်တွင် သူ့လက်တွေကို တင်လိုက်သည်။

" မင်းဟာ ကိုယ်တွေ့ဖူးသမျှထဲမှာ ချစ်ဖို့အကောင်းဆုံး ကလေးပဲ။ ဒါပေမဲ့ မင်း ကလေးမဟုတ်တော့ပါဘူးကွယ်"

" ကျွန်မ ၁၅ နှစ်ရှိပြီ၊ အဖေကတော့ ကလေးလို့ ခေါ်တုန်း "

" ဒါပေမဲ့ မင်း ကလေးမဟုတ်တော့ဘူး၊ သိပ်လှတဲ့ အမျိုးသမီးကလေးတစ်ယောက် ဖြစ်လာနေပြီ သိလား "

ဂျူးဒစ် အသက်ရှူဖို့ မေ့သွားသည်။ ဖီးလစ်က ထပ်မေးသည်။

" မင်းကို ဘယ်ယောက်ျားလေးကမှ အဲဒီလို မပြောဖူးဘူးလား "

ဂျူးဒစ် သူ့လက်တွေကို ငုံ့ကြည့်လိုက်သည်။ ပေါင်ပေါ်မှ မိမိလက်ပေါ်တွင် တင်ထားသည့် သူ့ လက်ချောင်း တွေကို သဲသဲကွဲကွဲ မမြင်ရတော့။ မှောင်စပြုပြီ။

" အစ်ကိုက ကျွန်မကို တောသူအလည်မကလေး အောက်မေ့နေလားဟင်၊ ကျွန်မဘဝမှာ အမျိုးသား တစ်ယောက်နဲ့ ခုလို တစ်ခါမှ စကားမပြောဖူးဘူး "

" ဟော၊ ဒုက္ခပါပဲ "

ဖီးလစ် ခပ်တိုးတိုး ညည်းသည်။

" ကျွန်မ ဘာပြုလို့ ဒါလောက်ကြာအောင် နေမိပါလိမ့်၊ အဖေ လိုက်လာတော့မယ် ထင်တယ်၊ ကျွန်မ သွားမယ်နော် အစ်ကို "

ထိုစဉ် တောထဲမှ ဟိန်းသံတစ်ခု ထွက်လာသည်။ ကြောက်မက်ဖွယ်အသံကြီး။ ဖီးလစ် သေနတ်ကို ဆတ်ခနဲ ကောက်ကိုင်တော့ ဂျူးဒစ် အလန့်တကြား အော်ပြီး ခုန်ထလိုက်သည်။ ခပ်လှမ်းလှမ်းမှ လှေသမား လည်း အိုးတွေခွက် တွေ ချကာ သေနတ်ကိုယ်စီ ပြေးဆွဲကြသည်။ မှောင်နှင့်မည်းမည်း သစ်ပင် တစ်ပင်အောက်ဆီ မှ မျက်လုံးနှစ်လုံးကို ဂျူးဒစ် လှမ်းမြင်လိုက်သည်။ အစိမ်းရောင်မျက်လုံးများက သူ့ကို

<<http://www.shwezinu.blogspot.com/

စိုက်ကြည့်နေသည့်အလား။ မျက်လုံးနှစ်လုံးသာ ပါသည့် ခန္ဓာကိုယ်မဲ့ မကောင်းဆိုးဂါး သတ္တဝါ တစ်ကောင် နှင့် တူနေ၏။

သေနတ်သံတစ်ချက် နားနားတွင် ကပ်ကြားလိုက်ရသည်။ ဆက်တိုက် နောက်တစ်ချက်။ကြောက်စရာ မျက်လုံးစိမ်းကြီး နှစ်ခု ပျောက်ကွယ်သွားသည်။ ဖီးလစ်က ဂျူးဒစ်၏ ပခုံးနှစ်ဖက်ကို သိုင်းဖက်ပြီး -

" မကြောက်ပါနဲ့တော့နော်၊ ကိစ္စပြီးသွားပြီ "

ဂျူးဒစ်က အသက်မရှူနိုင်ဘဲ ပြန်မေးသည်။

" အဲဒါ ဘာလဲဟင်၊ ဘာကောင်ကြီးလဲ "

" ကျားသစ်ပါ၊ သူတို့ သွားကောက်လိမ့်မယ် "

" မှန်တာ သေချာရဲ့လား အစ်ကို "

" သေချာပါတယ် "

ကလေးမ အကြောက်ပြေအောင် ဖီးလစ်က ချော့မော့ ပြောနေသေးသည်။ သို့သော် ဂျူးဒစ် မကြားတော့။ ပို၍ ကြောက်စရာကောင်းသည့် အဖြစ်တစ်ခုနှင့် ကြုံလိုက်ရသလို မြစ်ဘက်သို့ ချာခနဲ လှည့်ကြည့် လိုက်သည်။

ပိန်းကောလှေကြီးပေါ်မှ လူသံတွေ ထုနှင့်ထည်နှင့် ထွက်လာသောကြောင့်ဖြစ်သည်။ လှောင်အိမ်နံရံကို တိုက်ခိုက် နေသည့် တိရစ္ဆာန်များ၏ အော်သံမျိုး။

" မင်း ဒီမှာနေ၊ ဘယ်မှ မသွားနဲ့ "

ဖီးလစ် ပြောပြောဆိုဆို လှေဆီသို့ ပြေးဆင်းသွားသည်။ ဂျူးဒစ် တစ်ယောက်တည်း မနေခဲ့ရဲသဖြင့် သူ့နောက် မှ ပြေးလိုက်သွား၏။ ဖီးလစ်လှေပေါ်သို့ လွှားခနဲ လွှားခနဲ ပြေးတက်သွားပြီး ပြတင်းပေါက် တစ်ပေါက် ကို ဆွဲဖွင့်လိုက်သည်။

အလင်းရောင်မှိန်မှိန်တွင် သစ်သားတန်းများကြားမှ မည်းမည်းအရိပ်များကို ဂျူးဒစ် လှမ်းမြင်လိုက် သည်။ လှောင်အိမ်နား ကပ်ပြီး ငြိမ်ငြိမ်နေဖို့ ဖီးလစ် အော်ဟစ် အမိန့်ပေးနေသည်။ ဂျူးဒစ် လှေပေါ် တက်လိုက် လာမှန်း သိလိုက်သည်နှင့် ဖီးလစ် တံခါးကို ဆွဲပိတ်လိုက်သည်။ သို့သော် သူ တင်ဆောင်လာသည့် ကုန်တွေ ကို ဂျူးဒစ် မြင်သွားပြီ။ ကလေးမ အံ့ဩထိတ်လန့်စွာ အော်သည်။

ဖီးလစ် က သူ့ဘက် လှည့်ပြုံးလိုက်၏။ မထီမဲ့မြင် မပြုံးမျိုး။

<<<http://www.shwezinu.blogspot.com/

" ကိုယ် ကျွန်အရောင်းအဝယ် လုပ်တာ တွေ့တော့ မင်းသိပ်အံ့ဩသွားတယ်ပေါ့ ဟုတ်လား "

ဂျူးဒစ်က လက်ကိုင်ပဝါ အဖျားကို ဆွဲလိမ်ရင်း မရေမရာဖြေသည်။

" ဟင့်အင်း၊ ရေလမ်းတစ်လျှောက်မှာ ကျွန်ကုန်သည်တွေ အများကြီးတွေ့ခဲ့သားပဲ "

သို့သော် မသိမသာ နောက်ဆုတ်နေပြီ။ လှေပေါ်မှ ဆင်းပြေးမည်အပြုတွင် သူ အနားရောက်လာပြီး ပခုံး ကို သိုင်းဖက်လိုက်သည်။

" ဒါဖြင့် မင်း ဘာလို့ ထွက်ပြေးတာလဲ၊ ကနက်တီကပ် မှာ ကျွန်တွေ မရှိလို့လား "

ဂျူးဒစ် တွေနေသည်။

" ရှိတော့ရှိပါတယ်၊ ဒါပေမဲ့ သိပ်မများဘူး၊ ဆောင်းတွင်းတွေဆိုရင် သူတို့တစ်တွေ သိပ်ဒုက္ခပေးတာ၊ ကျွန်မတို့ မှာတော့ မရှိပါဘူး "

စိတ်ထဲ ဇဝေဇဂါ ဖြစ်နေဆဲ။ တွေ့ခဲ့သည့် ကျွန်ကုန်သည်တွေက သူ့လို မဟုတ်ကြပါ။ သူ့လို အလုံ ပိတ် ခေါ်လာခြင်း မျိုး မဟုတ်။ သူ့လှေကြီး ကြည့်ရတာ တစ်မျိုးကြီးပဲ။ ခေါင်းထဲကို အလင်းတန်းတစ်ခု ဖျတ်ခနဲ ဝင်လာသည်။ အထိတ်တလန့် နောက်ဆုတ်လိုက်သည်။

" လွှတ်၊ ကျွန်မကို လွှတ်၊ ရှင်ဟာ ပင်လယ်ဓားပြ၊ မှောင်ခိုသမား၊ လွှတ်နော် "

သူ ပြုံးပြန်သည်။

" ကိုယ်က ပင်လယ်ဓားပြနဲ့ တူနေလို့လား၊ မင်း တကယ် အဲဒီလို ထင်နေတယ် ဟုတ်လား "

" ပင်လယ်ဓားပြ ဘာနဲ့ တူတယ်ဆိုတာ ကျွန်မ မသိဘူး။ ဒါပေမဲ့ ဒီကျွန်တွေ ရှင် ဝယ်လာတာ မဟုတ်ဘူး မဟုတ်လား၊ ရှင် ခိုးလာတာ မဟုတ်လား၊ ဒါကြောင့် ရှင် သူတို့ကို ဖွက်လာတာပေါ့၊ လွှတ်ပါ၊ ကျွန်မကို လွှတ် လို့ ပြောနေတယ်နော် "

ဂျူးဒစ် ငိုချလိုက်၏။ မစ္စစ်စပီ မှောင်ခိုဓားပြများအကြောင်း ကြားဖူးသည်။ သူတို့လှေကို မြင်သွားသူ အားလုံးကို လည်ပင်းဖြတ်သည်တဲ့။ သို့သော် ကြောက်လွန်းလို့ ငိုခြင်းမဟုတ်။ စိတ်ရှုပ်ဝေခွဲမရခြင်းကြောင့် ငိုမိခြင်း ဖြစ်သည်။ သူက သိပ်ပြီး လူကြီးလူကောင်း ဆန်တဲ့ အထက်တန်းစား မဟုတ်လား။

" ဟေ့ အဓိပ္ပာယ် မရှိ မလုပ်စမ်းပါနဲ့ ဂျူးဒစ်ရယ် "

ဂျူးဒစ် က မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငိုနေဆဲ။ ထိုစဉ် အဖွေအသံကို ကြားလိုက်ရခြင်းဖြစ်သည်။

" သမီး ဂျူးဒစ်၊ ဖျို့ မစ္စတာလန်း၊ သေနတ်သံတွေ ကြားလို့၊ ဘာဖြစ်ကြတာလဲ "



<<http://www.shwezinu.blogspot.com/

ဂျူးဒစ်က နံရံတွင်ကပ်ပြီး မျက်ရည်သုတ်နေသည်။ ဖီးလစ် ပြေးဆင်းသွားပြီး ရှင်းပြသည်။

" အနောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါ မစ္စတာရာရမီ၊ ကျားသစ်တစ်ကောင်လာလို့ ပစ်သတ်လိုက်တာပါ ခင်ဗျာ၊ ကလေးမ အဲဒါကို လန့်ပြီး လှေပေါ် ပြေးတက်သွားတာပါ၊ ကျွန်တော် ခုပဲ ခေါ်ဆင်းခဲ့ပါ့မယ် "

သူ လှေပေါ်ပြန်ပြေးတက်လာသည်။ ဂျူးဒစ် လက်မောင်းကို ဆွဲပြီး -

" ကဲ ... လာ၊ ဘာမှ အန္တရာယ် မရှိတော့ပါဘူး မစ္စရာရမီ၊ မင်းအဖေနဲ့ ပြန်လိုက်သွားတော့နော် "

ပြီးမှ ခပ်တိုးတိုးကလေး ကပ်ပြောသည်။

" ကဲ မငိုနဲ့တော့ မချောလေး၊ မင်းလုပ်ပုံနဲ့ ကျုပ် ကြိုးပေးခံရလိမ့်မယ်၊ ကိုယ် အသတ်ခံရတာ မင်း မြင်ချင် လားဟင် "

လုံးဝ မှောင်သွားပြီ။ ကမ်းပေါ်မှာ အဖေရပ်နေပုံကို ဝိုးတဝါးမျှသာ မြင်ရ၏။ နံဘေးတွင် နီးနီးကပ်ကပ် နေရသူက ဖီးလစ်လန်း။ သူ့လေသံက နွေးနွေးထွေးထွေး။

မော်ကြည့်လိုက်တော့ သူ့မျက်နှာက ပြုံးလို့။ ကလေးငယ်တစ်ဦးအား ကျီစယ်နေသလိုလိုနှင့် ကြင်နာခြင်း အပြည့် ပါသည့် အပြုံးမျိုး။

" မငိုတော့ပါဘူး၊ ဘယ်သူ့မှလည်း ပြန်မပြောပါဘူး၊ စိတ်ချပါ "

" ကျေးဇူးတင်ပါတယ်ကွယ် "

သူက ခပ်တိုးတိုးလေး ပြန်ပြောသည်။ သည်ထက်ပိုပြီး ဘာမှ ပြောချိန် မရတော့။ ကမ်းပေါ်သို့ ခေါ်တက်လာခဲ့ရသည်။ မစ္စတာရာရမီဆီသို့ လျှောက်သွားပြီး ဦးညွှတ်ကာ -

" ဦးရဲ့ဇနီးကို ကျွန်တော် ကျေးဇူးတင်ကြောင်း တစ်ဆိတ်ပြောပေးပါ ခင်ဗျား၊ လှေမှာ လုပ်စရာ ကလေးတွေ ရှိနေလို့ ညစာ လိုက်မစားနိုင်တဲ့ အကြောင်းလည်း တောင်းပန်ပေးပါ၊ မင်္ဂလာ ညချမ်းပါ ခင်ဗျာ "

ဂျူးဒစ်ကို လက်ကမ်းပေးသည်။ ဂျူးဒစ်၏ လက်ကလေးကို ဆုပ်ထားရာမှ အသာညှစ်ပြီး လွှတ်ပေးလိုက်သည်။ မစ္စစ္စပီသည် နေရောင်ခြည်အောက်တွင် ပကတိရွှေအဆင်းဖြင့် ဝင်းဝါလျက်ရှိ၏။ ဟိုမှာ ဘက်ကမ်းတွင်ရော သည်မှာဘက်ကမ်းတွင်ပါ လိမ္မော်တွေ ဖွေးဖွေးလှုပ် ပွင့်နေကြပုံမှာ ရင်အေးစရာ ကောင်း လှသည့် မြင်ကွင်းဖြစ်ပါသည်။ ရှုမဆုံးတော့သည့် လိမ္မော်ခင်းကြီးကို ဇာပဝါဖြူဖြင့် လွှမ်းခြုံ ပေးထားသည့် အလား။ မွှေးပျံ့ပျံ့ရနံ့ကလေးသည် လေထုထဲတွင် လွင့်မျောနေလေသည်။

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ်သည် ရေစပ်တွင်ထိုင်ကာ ဖီးလစ်ပြောသမျှ နားထောင်လျက်ရှိ၏။ စတွေ့သည့်နေ့မှ ရေတွက်လျှင် ခုနစ်ရက် တိုင်ခဲ့ပြီ။ တစ်နေ့ကုန်လို့ တစ်ထောက်နားသည့် အခါတိုင်း ကမ်းခြေတွင် ပိန်းကောနှစ်စင်း အတူတူ ကပ်ကြသည်။ ဖီးလစ်က ဂျူးဒစ်နှင့် စကားပြောခွင့်ရအောင် အမြဲနည်းလမ်းရှာသည်။ ဂျူးဒစ် ပထမ တင်းခံနေသေးသည်။ ကျွန် အရောင်းအဝယ် လုပ်သည့် မှောင်ခိုသမားနှင့် စကားမပြော လို ဟု ဖွတ်ငြင်းသည်။ သို့သော် ချိုလွန်းသော အပြုံးနှင့် အညင်အသာ တိုးလျှိုးတောင်းပန်မှုဒဏ်ကို ဂျူးဒစ် ကြာရှည် မခံနိုင်ပါ။

သူပြောသမျှ ကို ရင်တမမ နားထောင်နေရ၏။

" ... ဘိုနီလက်က ရွက်တိုင်ပေါ် ဖက်တက်လိုက်လာတယ်။ ဓားမြှောင်ကို ပါးစပ်ထဲမှာ ကိုက်လို့၊ ခါး မှာလည်း ခြောက်လုံးပြူးနှစ်လက်နဲ့၊ အစ်ကို ဘဂဆုံးပြီလို့ ထင်လိုက်တယ်။ အဲဒီမှာ သူ့ပါးစပ်ထဲက ဓားကို အစ်ကို လှမ်းမြင်လိုက်တယ်။ ဓားက နစ်ဖက်သွား ... "

" အင်း ... အင်း ... အဲဒီတော့ "

" နောက်ဆုံးကျည်ဆန်နဲ့ ပစ်ထည့်လိုက်တာပေါ့။ အစ်ကို့ လက်တွေသေနတ်ကိုတောင် မနိုင်တော့ဘူးလေ၊ ဒါပေမဲ့ ဘုရားသခင် ကျေးဇူးတော်ကြောင့် သူ့ရင်ဘတ်ကို တည့်တည့်မှန်တယ်၊ အဲဒီမှာ ဘိုနီလက်ဟာ ကြယ်ကြွေသလို ရွက်တိုင်ပေါ်က လွင့်ကျသွားတာပဲ "

" လုစီဖာ" လိုပေါ့နော် အစ်ကို "

" ဘယ်သူ "

" ကျမ်းစာ ထဲကလေ "

" ကြော် ... အင်း ... ဒါပေါ့၊ အဲဒီတော့မှ ကျန်တဲ့ကောင်တွေကို ထိန်းလို့ရတော့တယ်၊ အဲဒီမှာ တို့တစ်တွေ သူ့သင်္ဘော ကို ရလိုက်တာပဲ၊ အင်္ဂလိပ် သင်္ဘောတွေဆီက သူ ရထားတဲ့ ငွေတွေ၊ ပိုးချည်ထုပ်တွေနဲ့ ကျွန် တွေလည်း သင်္ဘော အပြည့်ပဲ "

ဂျူးဒစ်က ပါးစပ်အဟောင်းသားနှင့် -

" အဲဒါတွေ အစ်ကို ဘာလုပ်ပစ်သလဲဟင် "

" ဂေယူကြတာပေါ့၊ အစ်ကို့ဝေစုအားလုံး ဟောဒီ ပိန်းကောလှေကြီးထဲမှာလေ "

" ဟင် ... အဲဒါတွေ အစ်ကိုမှ မပိုင်တာဘဲ " ဂျူးဒစ်က အသံသေးသေးကလေးဖြင့် အထိတ်တလန့် ကန့်ကွက် သည်။

<<http://www.shwezinu.blogspot.com/

" ဒါတော့ ဒါပေါ့ ကလေးရယ်၊ ဒါပေမဲ့ ဘိုနီလက်လည်း ဒါတွေ မပိုင်ဘူးလေ "

သူက ရယ်ပြီး စကားဆက်သည်။

" သူ့ကို ရှင်းလိုက်ပြီးတဲ့နောက်ပိုင်း ကမ်းရိုးတန်းတစ်လျှောက် ဘယ်လောက် အေးချမ်းသွားသလဲ၊ အစ်ကိုတို့ ဒါလောက်တော့ ရသင့်တာပေါ့ကွာ "

" ဒါပေမဲ့ ပင်လယ်ဓားပြ သင်္ဘောတွေအတွက် ဥပဒေ ထုတ်ထားတာ ရှိတယ်လေ၊ သိမ်းရတဲ့ပစ္စည်းတွေကို ပြည်နယ်ဘုရင်ခံ လက်ထဲအပ်ရမယ်၊ ပြီးမှ ဘုရင်ခံက ဆုလာဘ် ပြန်ပေးမယ်လေ "

ဖီးလစ်က ခပ်ရွှင်ရွှင် ပြန်ပြောသည်။

" အဲဒါတော့ ကျွန်တော်မျိုး မသိဘူးခင်ဗျ၊ ဒါပေမဲ့ နံကြား ဓားနဲ့ အထိုးခံရပြီးမှ သက်စွန့်ဆံဖျား တိုက်ယူလာခဲ့တဲ့ ပစ္စည်းတွေကို အမိရဲ့ ဘုရင်ခံနဲ့ ဝေမယူနိုင်ပါဘူးဗျာ၊ ပြီးတော့ ကျုပ်က လူဂီစီးယားနားကို လာချင်နေတာ၊ ကေသုံးထောင်ကို တောရှင်းဖို့ ကျုပ်လက်နစ်ဖက်ထဲနဲ့ လာလို့ မရဘူးလေ "

" အင်း ... ဒါတော့ ဟုတ်တာပေါ့လေ "

ဂျူးဒစ်က မတ်တတ်ထရပ်သည်။ ထင်းခွေ ထွက်လာခြင်းဖြစ်၏။ ထင်းစည်းကို ပွေ့ပြီး -

" သွားမယ်အစ်ကို၊ လူကြီးတွေ စိတ်ပူနေကြလိမ့်မယ် "

" ဒါထက် အစ်ကို့ကို နောက်ထပ် ဘာလို့ ထမင်းစားမဖိတ်တော့တာလဲ၊ ကြိုသိရင် မလှမ်းမကမ်းမှာ လေ့ချင်း ယှဉ်ကပ်လို့ ရတာပဲ၊ ဒါဆို အစ်ကိုတို့ လေ့ကို စားရင်း သောက်ရင်း မျက်ခြည်မပြတ် လှမ်းကြည့်နေနိုင် တာပေါ့ "

ထင်းချောင်းတစ်ချောင်းမှ အခေါက်ကလေးကို ဆွဲခွာရင်း ဂျူးဒစ်ခပ်ညိုးညိုးကလေးပြောသည်။

" အဖေက နောက်ထပ် မဖိတ်ဖို့ အမေ့ကို ပြောထားတယ် အစ်ကို၊ အစ်ကို့ကို အဖေ သိပ်သဘောကျပုံ မရဘူး။ ကျွန်မတို့ မောင်နှမအပေါ် အစ်ကို့ဩဇာ လွှမ်းသွားမှာ သူ စိုးတယ်တဲ့ "

ဖီးလစ်က ရယ်ပြီး -

" မင်း အစ်ကိုလောက် ခေါင်းမာတဲ့ချာတိတ်က ဘယ်လို လုပ်ပြီး အစ်ကို့ဩဇာ ညောင်းမှာလဲ၊ အဲ မင်းနဲ့ ပတ်သက်လို့ ကတော့ ... "

" သွားမယ်နော် "

ပြောပြောဆိုဆို ဂျူးဒစ် လိမ္မော်ပင်တန်းထဲသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။

<<http://www.shwezinu.blogspot.com/

မီးဖိုတွင် ထင်းထိုးနေရင်း ဖီးလစ် နောက်ဆုံးပြောလိုက်သည့် စကားလုံး ကလေးများကို ပြန်စဉ်းစားနေမိ၏။ သူ့လွှမ်းမိုးမှု ခံနေရသည်တော့ အမှန်။ ကြည့်လေ။ အဖေ့အလိုမတူဘဲ သူပြော တာတွေ ကို တိတ်တိတ်သွားနားထောင်နေမိတယ်။ ပြီးတော့ သွေးသံရဲရဲ ဇာတ်လမ်းတွေကိုလည်း တဖြည်းဖြည်း ကြောက်ရမှန်း မသိတော့ဘူး။ သူနဲ့မတွေ့ခင် လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဆိုရင် ဂျူးဒစ်အတွက် ဒါမျိုးတွေဟာ မကြားဝံ့ မနာသာတွေလေ။

ဒါတောင် သူ့အကြောင်း သူ အကုန်ပြောသေးဟန် မတူဘူး။ သိရပြီးသလောက်နဲ့ပဲ သူ့အကြောင်း နားလည်ပါပြီလေ။ ဘုရားသခင်ကိုရော၊ ငရဲကိုရော ကြောက်မယ့်လူ မဟုတ်ပါဘူး။ သူနဲ့ဆိုရင် ကိုယ်တိုင် ဘုရားမေ့၊ တရားမေ့ ဖြစ်နေပြီ မဟုတ်လား။ သူ့အနားရောက်သွားရင် ခန့်ချောချောတဲ့ သူ့မျက်နှာကို ငေးကြည့်ပြီး သူပြောသမျှထဲမှာ မျောပါနေမိသွားရော။ တစ်ပြိုင်တည်းမှာ ကိုယ့်ဘဝကို ငြီးငွေ့လာတာ ကရော၊ သူနဲ့တွေ့မှ ဖြစ်လာတာ မဟုတ်လား။

လေ့သမားများအတွက် ညစာ အဆင်သင့်ဖြစ်ကြောင်း အော်ခေါ်အပြီးတွင် အဖေက လှမ်းခေါ် သည်။ အဖေ့ နံဘေးက မြက်ခင်းပေါ်တွင် ဝင်ထိုင်လိုက်၏။ အဖေက သူ့ပန်းကန်ထဲ ထမင်းထည့်ရင်း -

" သမီး စောစော က မစ္စတာလန်းနဲ့ စကားပြောခဲ့တယ် မဟုတ်လား "

ဂျူးဒစ် မျက်လွှာချသည်။

" ဟုတ်ကဲ့ပါ ဖေဖေ "

" ဒါကြောင့် အသံကြားလိုက်ပါတယ်ထင်တာ၊ ဒီမယ် သမီး နောက်ကို နှစ်ယောက်ထဲဆိုရင် သူနဲ့ စကား မပြောစေချင်ဘူး။ သူ့အကြောင်းလည်း ဘာမှသိတာ မဟုတ်ဘဲနဲ့ "

" ဘာလို့ မသိရမှာလဲ၊ သူ အကုန်ပြောပြတယ် ဖေဖေ၊ သူ့အဖေက ကာရိုလိုင်းနားကမ်းခြေမှာ လယ်ပိုင်ရှင်ကြီး တဲ့ "

ဖေဖေ ပခုံးတွန့်သည်။

" အလကားပါ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေ၊ ပြင်သစ်ဂုတ္တုတွေဖတ်ပြီး ဘုရားမသိ တရားမသိ လူမျိုးတွေ "

ဂျူးဒစ် က ဆက်လက်ကာကွယ်သည်။

" သူက အင်္ဂလန်မှာ ကျောင်းနေလာတာတဲ့၊ ပြီးတော့ ပြင်သစ်မှာလည်း အဆင့်မြင့် စကားပြော သင်တန်း သွားတက်ခဲ့ သေးတယ်တဲ့ "

<<<http://www.shwezinu.blogspot.com/

" အင်း ၊ ပြင်သစ်မှာ အဆင့်မြင့်စကားပြောအပြင် တခြားကိစ္စတွေကလည်း အများကြီး တတ်လာမှာပေ့ါ "

မစ္စက်ရှာရမီ က ဖြင်ဟန့်သည်။

" အို ... မက်ကလည်း၊ ကလေးက ၁၅ နှစ်သမီးပဲ ရှိသေးတယ်လေ "

သည်တော့မှ စကားဝိုင်း တိတ်သွားပြီး ငြိမ်ငြိမ်ကလေး ဆက်စားကြသည်။ ဂျူးဒစ်က တဖိတ်ဖိတ်တောက် နေသည့် ရေပြင်ကို ငေးကြည့်နေရင်း သူပြောသွားသည့် စကားတစ်ပိုင်းတစ်စ၏ အဓိပ္ပာယ်ကို ရှာဖွေနေသည်။

လေ့သမားတွေ စားသောက်ပြီးကြတော့ ပန်းကန်ခွက်ယောက်တွေ ဆေးကြောရန် ခပ်လှမ်းလှမ်းရှိ စမ်းချောင်း ကလေးဆီသို့ ဂျူးဒစ် ပွေ့ယူသွားသည်။ ဆေးကြောနေရင်း ဇက်ပိုးတွင် အေးခနဲဖြစ်သွား၏။ ပြီးတော့ အေးစက်စက် အရာတစ်ခု ရင်ဘတ်ထဲ လျှောကျသွားသည်။ လန့်ပြီး လက်ထဲမှ အိုး လွတ်ကျသွား၏။

စမ်းချောင်းနံဘေး ချုံပုတ်ထဲမှ သူ ဘွားခနဲ ပေါ်လာသည်။ ထုံးစံအတိုင်း စွဲမက်ချင်စရာ ခပ်ရွှင်ရွှင် အပြုံး ကို ဆင်မြန်းလျက်။

" လန့်သွားလား၊ အစ်ကို တောင်းပန်ပါတယ်ကွာ "

ပြောပြောဆိုဆို လွတ်ကျသွားသည့် အိုးကို ချောင်းထဲမှ လှမ်းဆယ်ပေးသည်။ ဂျူးဒစ်က ဆောင့်ကြောင့်ထိုင်ရင်း လက်နှစ်ဖက်ကို လိမ်နေသည်။

" သွားပါ အစ်ကိုရယ်၊ အဖေက အစ်ကိုနဲ့ စကားမပြောရဘူးတဲ့ "

" အင်း ... ဒီလိုပဲ ဖြစ်ရမှာပေ့ါ "

သူက ပြောပြောဆိုဆို ဖြင်ထိုင်သည်။ သူတို့နေရာကို ဂျူးဒစ်အလန့်တကြား လှမ်းကြည့်သည်။ ချုံတွေ ကွယ်နေ၍ လုံး၀ မမြင်နိုင်။

" ခုတင်က ဘာလဲဟင်၊ လန့်သွားတာပဲ အစ်ကိုရယ် "

ရင်ဘတ်ထဲမှာ တစ်ခုခုရှိနေမှန်း သိနေသလိုပဲ။ ရှက်လိုက်တာလေ။

" မင်းကို အစ်ကို မြင်မြင်ချင်း ပေးချင်နေတဲ့ လက်ဆောင်ကလေးပါ၊ ထုတ်ကြည့်လေ "

ဇက်ပိုးကို စမ်းပြီး ဖြုတ်ယူကြည့်သည်။ ရွှေဆွဲကြိုးကလေး၊ ဆွဲသီးကလေးနဲ့။

" အို ... လှလိုက်တာ အစ်ကိုရယ်၊ အဲဒါ ဘာကျောက်လဲဟင် "



<<<http://www.shwezinu.blogspot.com/

" ဥသျှောင်ဖရား လေ၊ ဒီကျောက်အရောင်မျိုးရှိတဲ့ မျက်လုံးတွေ မင်းဆီမှာပဲ ကိုယ် တွေ့ဖူးတယ် "

ဆွဲသီးကလေးကို နေရောင်တွင် ဂျူးဒစ် ထောင်ကြည့်သည်။ ဟုတ်ကော ဟုတ်ရဲ့လားကွယ်။ ကျောက်ကလေး က ရွှေရောင်တောက်နေတယ်လေ။ ဂျူးဒစ်မျက်လုံးတွေ ဒါလောက်လှလို့လား အစ်ကို ရယ်။ တစ်ပြိုင်တည်း အတွေးတစ်ခု ခေါင်းထဲ ဝင်လာသည်။

" အစ်ကို ဒါ ရိုးရိုးသားသားပေးတဲ့ လက်ဆောင်လား "

" မင်း မေးလို့ ပြောရရင်တော့ သိပ်မရိုးသားဘူး။ မင်းနဲ့ လိုက်ဖက်လွန်းလို့ အစ်ကိုပေးတာ တစ်ဆိတ် လက်ခံပါနော်။ ဒီမယ် ဂျူးဒစ်၊ အစ်ကို အသက်ရှင်နေသမျှ ကာလပတ်လုံး ဘယ်ပင်လယ်ဓားပြနဲ့မှ မပတ်သက် စေရဘူး။ အစ်ကို ကတိပေးတယ်။ လူဂီစီယားနားမှာ စိုက်ပျိုး ရေးသမားအဖြစ် တစ်သက်လုံး လုပ်ကိုင် စားသောက်သွားမယ်။ ပြီးတော့ ... "

ပြောပြောဆိုဆို ဂျူးဒစ်ကို သူ့ရင်ခွင်ထဲ ဆွဲယူပြီး ကလေးမလေး၏ နှုတ်ခမ်းအစုံကို ခပ်ကြမ်းကြမ်း နမ်းလေတော့၏။ ဂျူးဒစ် တစ်ခါတစ်ရံ စဉ်းစားကြည့်ဖူးသည်။ ယောကျ်ားတစ်ယောက်က နမ်းရင် သိပ် ရက်စရာ ကောင်းမှာပဲလို့။ သို့သော် လက်တွေ့တွင် ထင်သလိုမဟုတ်ဘဲ တိမ်တိုက်တွေထဲ လွင့်မျော လိုက်ပါ သွားရသလို ပါပဲလားကွယ်။

အတန်ကြီးကြာမှ အိပ်မက်က နိုးလာသလို သူ့ရင်ဘတ်ကို အလန့်တကြား တွန်းပြီး -

" အိုး ... ဒီလို မလုပ်ပါနဲ့၊ ဘာပြောပြော ပင်လယ်ဓားပြဟာ ပင်လယ်ဓားပြပဲ၊ ပြီးတော့ အစ်ကိုဟာ လူသတ်သမား "

ဖီးလစ် နောက်ဆုတ်လိုက်သည်။ အလန့်တကြား ဖြစ်သွားခြင်းမျိုး။ နှုတ်ခမ်းပေါ်မှ ပြုံးနေကျအပြုံးတွင် ရွှင်ပျ ကြည်လင်ခြင်းများ ပျောက်ကွယ်သွားကြ၏။ သို့သော် အကြင်နာခိုးတွေ ဝေနေဆဲ။

" မင်းပြောတာ ဟုတ်ပါတယ် ဂျူးဒစ်၊ ဒါပေမဲ့ မင်းကို အစ်ကို ချစ်သလောက် ချစ်တဲ့သူ၊ အစ်ကို့ အချစ်မျိုး နဲ့ ချစ်မယ့်လူတော့ မင်း ဘယ်တော့မှ တွေ့မှာ မဟုတ်ဘူး "

ဂျူးဒစ်ကလေး ၏ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။

" သြော် ၊ ကလေးရယ် "

ဖီးလစ် က သူ့လက်ကလေးကို ဆွဲယူလိုက်သည်။ ဥသျှောင်ဖရားဆွဲကြိုးကလေး တန်းလန်းနှင့်။ ခပ်တိုးတိုး မေးသည်။

" မင်းကော အစ်ကို့ကို မချစ်ဘူးလားဟင် "



<<http://www.shwezinu.blogspot.com/

" မသိဘူး အစ်ကိုရယ်၊ ဂျူးဒစ် တစ်ခုပဲသိတယ်၊ အစ်ကို့ကို ချစ်မိရင် မှားမှာပဲလို့၊ အစ်ကို လုပ်ခဲ့တာတွေ က ကြောက်စရာတွေချည်းပဲ၊ အစ်ကိုက ပညတ်တော် ၁၀ ပါးကို အားလုံး ချိုးဖောက်ခဲ့တာ မဟုတ်လား "

" မင်း ပြောတာမှန်တယ်၊ မင်းအတွက် နောက်ထပ် ကျူးလွန်ဖို့လည်း အစ်ကို ဂန်မလေးဘူး၊ ပြီးတော့ မင်းအတွက် ပဲ အစ်ကို သူတော်ကောင်းဖြစ်အောင် လုပ်ယူနိုင်တယ်၊ အဲဒါက ပိုခက်ပါတယ်၊ ဒါပေမဲ့ အစ်ကို ဖြစ်အောင် လုပ်မယ်၊ အစအဆုံး အစ်ကို ပြောပြပါရစေလား ဂျူးဒစ်ရယ် "

နှစ်ယောက်သား မြက်ခင်းပေါ် ထိုင်ချလိုက်ကြသည်။ ဂျူးဒစ် စဉ်းစားနေ၏။ ဗီလစ်လန်းဆိုသူကို ဘုရားသခင် က အမွန်အမြတ်ဖန်ဆင်းပေးပြီးကာမှ ငရဲပြန်ပို့မည်ဆိုလျှင် သည့်ထက် ဂမ်းနည်းစရာ ဆုံးရှုံးမှုမျိုး ရှိတော့မည်မထင်။

" အချစ်ရယ်၊အစ်ကို မင်းကို လက်ထပ်ပါရစေနော်၊ တော်တော်တော့ ရယ်စရာကောင်းတယ်၊ ဘယ်တုန်း ကမှ အစ်ကို မိန်းမယူဖို့ စိတ်မကူးခဲ့ဘူးသိလား။ အစ်ကို ဆက်ပြောရမလားဟင် "

ဂျူးဒစ် ခေါင်းညိတ်သည်။ ဗီးလစ် ဒူးနှစ်ဖက်ပိုက်ပြီး ဆက်ပြောသည်။

" အစ်ကို ဟာ အလကားကောင်ပါ၊ အစ်ကိုတို့မှာ ညီအစ်ကိုနှစ်ယောက်ပဲရှိတယ်၊ အစ်ကိုက အငယ်၊ အစ်ကို တို့ အရပ်မှာ ဘုရားရှိခိုးကျောင်းရယ်၊ စစ်တပ်ရယ်၊ ဥပဒေရယ်၊ ဒီသုံးမျိုးပဲရှိတယ်။ အဲဒီသုံးမျိုး ထဲက တစ်မျိုးမျိုး နဲ့ မနီးစပ်ရင် ဘာမှ လုပ်စရာ မရှိတော့ဘူး။

" အစ်ကို အလုပ်ချင်ဆုံးက စိုက်ပျိုးရေးပဲ။ ဒါပေမဲ့ အဖေဆုံးတော့ မြေတွေကို အစ်ကို့ရဲ့ အစ်ကိုက ရလိုက်တယ်။ အစ်ကိုတို့ ညီအစ်ကို နှစ်ယောက်က ငယ်ငယ်ကတည်းက မတည့်ကြဘူးလေ။ အဲဒီမှာ အစ်ကို အရက်သမား၊ ဖဲသမား ဖြစ်သွားတာပဲ။ နောက်ဆုံး သူက အစ်ကို့ကို စစ်ဗိုလ်ဖြစ် အောင် လုပ်ပေးပြီး ပြင်သစ်နဲ့ တိုက်နေတဲ့ စစ်မြေပြင်ကို ပို့လိုက်တယ်၊ သူ့အတွက် တစ်ရန်ရှင်းသွားတာပေါ့ "

ဂျူးဒစ် ၏ မျက်လုံးများသည် မြစ်ပြင်ဆီတွင် စိုက်နေသည်။ မစ္စစ်စပီသည် သူ့လက်ထဲက ဥဿဖရား ဆွဲပြားကလေး နှင့် အရောင်တူနေပြန်သည်။ ဗီးလစ်က ပြော၏။

" ပထမတော့ စစ်ထဲမှာပျော်သလိုပဲ၊ နောက်တော့ ငြီးငွေ့လာတာပါပဲ။ စစ်ပြီးတော့ ကာရိုလိုင်းနား ကိုပဲ ပြန် လာတယ်၊ တစ်ညနေမှာ အရက်မူးကြပြီး ညီအစ်ကိုဂမ်းကွဲ တစ်ယောက်နဲ့ ရန်ဖြစ်ကြတယ်။ အစ်ကိုတို့ နှစ်ယောက် ကို ငါးရံ့နှစ်ကောင် လို သဘောထားနေတဲ့ မိန်းမတစ် ယောက်ကိစ္စနဲ့ ဖြစ်ကြတာလေ၊ နောက် တစ်နေ့ မှာ နှစ်ယောက် ဓားချင်းယှဉ်ခုတ်ကြတယ်၊ အစ်ကို့ မျက်နှာမှာ သူ့ဓားချက် မိသွားတာပဲ "

" ဩော် ၊ အစ်ကို့ဒဏ်ရာက ချိန်းပွဲမှာ ရတာကိုး "

ဂျူးဒစ် စုတ်တသပ်သပ်နှင့် ပြောလိုက်သည်။

<<http://www.shwezinu.blogspot.com/

" ဟုတ်တယ် ကလေးရယ်၊ အစ်ကိုကသာ သူ့မျက်နှာကို ဒဏ်ရာရအောင် လုပ်ဖြစ်ခဲ့ရင် ခုနေမှာ မစ္စစ္စပီမြစ်ထဲ အစ်ကို ရောက်နေမယ် မဟုတ်ဘူး။ အစ်ကို မင်းကို ဂန်ခံပါ့မယ် ဂျူးအစ်ကလေးရယ်၊ အစ်ကို လေသူ့ကို လည်ချောင်းကနေ ဗိုက်အထိ ခွဲချပစ်လိုက်မိတယ် "

" ဘုရား၊ ဘုရား "

" ဒီလိုနဲ့ အရပ်က ထွက်လာခဲ့ရတယ် ဆိုပါတော့၊ ဂျော့ဘုရင်က ပြင်သစ်စစ်ပွဲမှာပါတဲ့ စစ်သားတွေကို ဆုလာဘ်အဖြစ် လူဂီစီးယားနားမှာ ပိုင်စားမြေတွေ ပေးနေတယ် ကြားတာနဲ့ အစ်ကိုလည်း လျှောက်လိုက်တယ်။ ဒယ်လ်ရှိုင်းကုန်းမြင့်မှာ "

" ဒယ်လ်ရှိုင်းကုန်းမြင့်မှာ၊ ဟုတ်လား၊ အဖေ ရတာလည်း အဲဒီမှာပဲ အစ်ကို "

" ဒါဆို အစ်ကိုတို့ နှစ်ယောက်လုံး ကံကောင်းတာပဲ၊ အဲဒီနေရာက မြေဩဇာ အကောင်းဆုံးတဲ့။ ဒါပေမဲ့ အစ်ကို့ မှာ ထွန်တစ်တုံး ထယ်တစ်လက် မရှိဘဲ၊ ကျွန်တွေ ငွေတွေမရှိဘဲ အဲဒီမြေတွေကို ဘာသွား လုပ်မလဲ "

" အဲဒါကြောင့် "

ဂျူးအစ်က ဖြတ်မေးမည် လုပ်ပြီးမှ ရပ်နေလိုက်သည်။

" ဟုတ်တယ်၊ အစ်ကို ထွက်ပြီး လိုတာတွေရအောင် လုပ်ယူလာခဲ့တယ်။ ကာရိုလိုင်းနားကမ်းခြေက နောင်တော့် နောင်တော် များလို အိမ်ဆောက်ဖို့ သင်္ဘောတွေကို ဓားပြထွက်တိုက်တာ မဟုတ်ဘူး။ ပင်လယ်ဓားပြ ဗိုလ်ဘိုနီ လက်ဆီက ပစ္စည်းတွေရအောင်ယူပြီး တစ်ခါတည်း ပင်လယ်ပြင်ကို စွန့် ခဲ့တာ၊ ပစ္စည်းတွေ ခွဲကြတော့လည်း အစ်ကို့လုပ်ငန်းအတွက် သုံးလောက်ရုံပဲ ခွဲယူခဲ့တယ်။ ဒီပြစ်မှု ကို ကျူးလွန် ရတာလည်း တခြားကြောင့်မဟုတ်ဘူး။ အစ်ကို့ရဲ့ အစ်ကိုထက် နောက်မှ မွေးလာလို့"

ရှေ့ကို ကိုင်းကာ ဂျူးအစ်၏မျက်နှာကို သေသေချာချာ အကဲခတ်ပြီး -

" ကဲ ... အစ်ကို ဟာ ရွံစရာလူတစ်ယောက်လို့ မင်း ထင်လား " ဟု မေးလိုက်သည်။

ဂျူးအစ် ဂေခွဲမရ ဖြစ်သွားသည်။ နဖူးကို လက်နှစ်ဖက်နှင့်အုပ်ပြီး -

" မသိဘူး အစ်ကို၊ ဂျူးအစ်ထင်တာကတော့ လူတွေဟာ ဘုရားသခင်ရဲ့ အလိုတော်အရ လုပ်စရာရှိတာတွေ လုပ်ကြရမှာ၊ မစဉ်းစားတတ်တော့ဘူး အစ်ကို "

" ဒီမှာကြည့် "

ဖီးလစ်က မြေပုံတစ်ချပ် ဆွဲထုတ်ပြီး ဂျူးအစ်၏ဒူးပေါ်တွင် ဖြန့်လိုက်သည်။

<<http://www.shwezinu.blogspot.com/

" ဟောဒါက မစ္စစ်စပီမြစ်၊ ဒါက နယူးအော်လီယန်း၊ အဲဒီကဆက်ပြီး လေးရက် စုန်ရင် ဒယ်လ်ရှိုင်းကို ရောက်ရော။ ဟောဒါ ဒယ်လ်ရှိုင်းကုန်းမြင့်ပဲ၊ ဟောဒီနယ်တစ်ခွင်မှာ မြေဩဇာအကောင်းဆုံး မြေဧက သုံးထောင် ဟာ အစ်ကိုနဲ့ မင်းအတွက် စောင့်နေတယ်၊ ရောမ ယာတောအိမ်ကြီး ဆောက်မယ်၊ ဂက်သစ်ချပင် တွေ အတန်းလိုက် စိုက်မယ်၊ အိမ်ကြီးကို "ဂက်သစ်ချမြိုင်" လို့ နာမည်ပေးမယ်၊ ကြည့်စမ်း၊ အိမ်ကို နာမည်ပေးဖို့ တစ်လမ်းလုံး စဉ်းစားလာတာ၊ ခုမှ တွေ့တော့တယ်၊ မင်း သဘောကျရဲ့လားဟင် "

" အင်း၊ လှပါတယ် "

ဂျူးဒစ် မရေမရာ ဖြေလိုက်၏။ ဖီးလစ် စကားဆက်သည်။

" ပိုင်စားမြေတွေရဲ့ အချက်အချာနေရာမှာ နန်းတော်တမျှ ခမ်းနားတဲ့ အိမ်ကြီးဆောက်ပြီး ကျွန်တွေ အတွက် မြို့ကလေးတစ်မြို့နဲ့တူအောင် အိမ်ကလေးတွေ ဆောက်ပေးမယ်၊ ဂက်သစ်ချမြိုင်ကို သစ်နဲ့ မဆောက် ဘဲ အုတ်နဲ့ ဆောက်မယ်၊ ပိုလည်း ခိုင်တယ်၊ အပူရှိန်ကိုလည်း တားနိုင်တယ်၊ ဂက်သစ်ချပင် တွေကို အိမ်ရှေ့တံခါးမကြီးအရောက် တန်းစိုက်မယ်၊ တို့တစ်တွေ အိုမင်းမစွမ်းဖြစ်မလာခင် အဲဒီဂက်သစ်ချပင် တွေဟာ တောထဲက အပင်တွေနဲ့ တစ်ရွယ်တည်း ဖြစ်လာစေရမယ်။ အပင်အောက်ကို တို့များ မြင်းဖြတ်စီးသွားရင် ရေညှိပင်တွေက ခေါင်းနဲ့မလွတ်ဘဲ ရှိနေစေရမယ်။

" မင်းက ဂက်သစ်ချမြိုင်ရဲ့ မဟေသီလေ ဂျူးဒစ်ရဲ့၊ တို့နှစ်ယောက် မျိုးဆက်တစ်ခုကို တည် ထောင်မယ်။ နှစ်ရာပေါင်း များစွာ အဓွန့်ရှည်မယ့် မျိုးဆက်မျိုးလေ။ ဂက်သစ်ချမြိုင်ရဲ့ မျိုးဆက်သွေး အဆင့်ဆင့် အတွက် တို့နှစ်ယောက်ကို ဂုဏ်ယူမဆုံး ရှိနေစေရမယ်။ ပထမ ဂက်သစ်ချမြိုင်အိမ်ကြီး အတွက် ဂုဏ်ယူ ကြလိမ့်မယ်။ ပြီးတော့ မြစ်ညာက အတူ လက်တွဲပြီး စုန်ဆင်းခဲ့တဲ့ အစ်ကိုနဲ့ မင်း အတွက် သူတို့ ဂုဏ်ယူကြ လိမ့်မယ် "

ဂျူးဒစ်က ခပ်ဖြည်းဖြည်း ထ လိုက်သည်။ လက်ပိုက်ပြီး ပတ်ဂန်းကျင်ကို ငေးကြည့်လိုက်သည်။ လိမ္မော်ပင် တွေ၊ အုန်းပင်ပျိုတွေနှင့် သလဲသီးပင်တွေ။ ပြီးတော့ တရွေ့ရွေ့ စီးဆင်းနေသည့် ချစ်စရာ့ မစ္စစ္စပီ မြစ်ရေပြင်။ အားလုံးကို ခုမှ စ တွေ့ဖူးသလို ငေးကြည့်နေသည်။

မြင်ကွင်း ထဲတွင် ပြောင်းခင်းများနောက်ခံနှင့် ယာတောအိမ် ဖြူဖြူကလေးပေါ်လာသည်။ ပြီးတော့ ဇာထိုး နေသည့် ကလေးမလေးက တစ်ယောက်၊ ဂျူးဒစ်ရှာရမီဆိုသည့် ကောင်မလေး။ လှေကား ထစ်တွင် ထိုင်ပြီး ဘုရားဝိတန်မှာ စာတန်းထိုးနေသည်။ သူထိုးနေသည့် စာတန်းက "အဘဘုရားသခင်၊ ကျွန်တော် မျိုးမ ဂျူးဒစ်ရှာရမီကလေးကို စောင့်ရှောက်တော်မူပါ " ဟူသည့် စာတန်း။ ပြီးတော့ နှင်းမှုန်တိုင်းတွေ။ ကောင်းကင်တစ်ခွင်လုံး မှောင်မည်းနေသည့် မိုးသက်မုန်တိုင်း တွေ။ နယူးအင်္ဂလန်တွင် ကျရောက်ခဲ့သည့် သီးနံ ဖျက် ကပ်ဘေးဆိုးများ။

<<<http://www.shwezinu.blogspot.com/

ဖီးလစ်ကို ခပ်ဖြည်းဖြည်း မော့ကြည့်သည်။ ခုတော့ ဘုရင့်အမှုတော်ထမ်းဟောင်းတွေစုပြီး ဟိုအဝေးကြီး တစ်နေရာ မှာ နယူးအင်္ဂလန်တစ်ခုထပ်ပြီး တည်ဆောက်ကြမလို့တဲ့။

ဖီးလစ် က ဂျူးဒစ်ကို အသာကလေး စောင့်ကြည့်နေသည်။ ကလေးမ၏ အတွေးကမ္ဘာထဲသို့ ဝင်ကြည့်နေသည့် အလား။ ပြီး သူကလေး၏ လက်ကို ဆွဲယူပြီး ရိုးရိုးကလေး ပြောသည်။

" လှေသမား တွေ မခိုမကတ်ကြရင် မနက်ဖြန် နယူးရစ်ချ်မွန်ကို တို့ရောက်မယ်၊ ဒါက အင်္ဂလိပ်အခေါ်၊ ပြင်သစ် ကတော့ ဘာတွန်ရုဂ်လို့ ခေါ်တယ်။ မင်းတို့အဖေက အဲဒီမှာနားပြီး လှေသမားတွေကို အနားပေး လိမ့်မယ်။ အစ်ကိုလည်း ပထမ နားမလို့ပဲ။ ဒါပေမဲ့ မနားတော့ဘူး။ ဒယ်လ်ရှိုင်းအရောက် ဆက်စုန် တော့မယ်။ မင်းတို့ ရောက်လာလာချင်း အစ်ကို လာတွေ့မယ်၊ ဟုတ်ပြီလား "

" ဟုတ်ကဲ့ အစ်ကို "

ကတုန်ကယင် ဖြင့် ဂျူးဒစ် ပြန်ပြောလိုက်သည်။

" ကဲ သွားတော့၊ လူကြီးတွေ စိတ်ပူနေမယ်၊ မင်းကြိုက်သလို စဉ်းစားပြီး ဆုံးဖြတ်နော် "

" ဟုတ်ကဲ့ "

" ဩော် ၊ အချစ်ကလေးရယ် "

ဂျူးဒစ်ကလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ သည်တစ်ခါ ဂျူးဒစ် မငြင်းတော့။ သူ့ကျောပြင်ကို ပြန်သိုင်းဖက် ထားလိုက်၏။ မျက်နှာကို သူ့ရင်ခွင်ထဲတွင် မြှုပ်ထားလိုက်သည်။ ရင်ခုန်သံကို အတိုင်း သား ကြားနေရသဖြင့် သူ့ကို ဖီးလစ် တကယ်ချစ်နေကြောင်း ဂျူးဒစ် သိလိုက်ပြီ။ ဘယ်လောက် ကြာအောင် တစ်ယောက် နှင့် တစ်ယောက် သိုင်းဖက်ထားကြသည်မသိ။ ဂျူးဒစ်၏ပခုံးကို လက်တစ်ဖက်က ကြမ်းတမ်း စွာ ဆွဲလှည့်လိုက်ရာ -

ဘုရား၊ ဘုရား၊ ဖေဖေပါလား။ ဂျူးဒစ် လဲကျသွား မလို ဖြစ်သွားသည်။ ဒေါသအမျက် ခြောင်းခြောင်း ထွက် နေသည့် မျက်လုံးများဖြင့် စူးစူးရဲရဲကြည့်ကာ ဖီးလစ်ကို အပြင်းထန်ဆုံး စကားလုံးများဖြင့် ပစ် ပေါက်သည်။ ဂျူးဒစ်က ဆွဲကြိုးကလေးကို ရင်ဘတ်ထဲ အလန့်တကြား ထည့်လိုက်သည်။

" ကျွန်တော် တောင်းပန်ပါတယ် ဦး၊ ဂျူးဒစ် ထိခိုက်နစ်နာအောင် ကျွန်တော် ဘာတစ်ခုမှ မပြုမူမိပါ ဘူး "

မတ် က သေနတ်ကို တင်းတင်းဆုပ်ရင်း အံကြိတ်ကာ -

" ဒီမယ် မစ္စတာလန်း၊ နောက်တစ်ခါ ကျုပ်သမီးကို ထိရင် မောင်ရင့်ကို ကျုပ် ပစ်သတ်မယ် "

<<http://www.shwezinu.blogspot.com/

ဖီးလစ်က ဦးညွှတ်လိုက်ပြီး -

" ကျွန်တော် ဦးသမီးကို တကယ် လက်ထပ်ယူမှာပါ ခင်ဗျား၊ မိသားဖသားပီပီ တောင်းရမ်းယူဖို့ ကျွန်တော့် မှာ အစီအစဉ် ရှိပါတယ်၊ ခွင့်ပြုလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ် ခင်ဗျာ "

ပြောပြီး ဂျူးအစ်ကို တစ်ချက်ကြည့်ပြုံးလိုက်သည်။ သူ့အဖေ ဘယ်လို ဖြေဖြေ အကြောင်းမဟုတ်ဟူ သည့် အပြုံးမျိုး။ ဂျူးအစ်က ရင်ဘတ်ထဲက ဆွဲကြိုးကလေးကို စမ်းကြည့်နေသည်။

" လုံးဝမဖြစ်နိုင်ပါဘူး မစ္စတာလန်း၊ ဘယ်နည်းနဲ့မှ မစဉ်းစားနိုင်ပါဘူး၊ မင်္ဂလာပါ "

" မင်္ဂလာပါခင်ဗျာ "

ချာခနဲလှည့်ပြီး ဖီးလစ် တောထဲဝင်သွားသည်။ မတ်က သမီးလုပ်သူဆီ လျှောက်လာပြီး ပခုံးကို သိုင်းဖက် ကာ ညင်ညင်သာသာ ခေါ်သည်။

" လာ သမီး ၊ သွားကြစို့ "

ဒေါသဖြစ်ဟန် လုံးဝမရှိ။ ဝမ်းနည်းသည့်အသွင်တော့ ပေါ်နေသည်။ ဂျူးအစ် ပိုပြီး စိတ်မကောင်းဖြစ် သွား၏။ ဘာမှမပြောဖြစ်ကြဘဲ သားအဖ နှစ်ယောက် ဆက်လျှောက်လာကြသည်။ စခန်းချထား သည့် နေရာ ရောက်ခါနီးမှ -

" သူတို့ဆီ ပြန်မသွားခင် သမီး ခဏ နေချင်သေးလား "

" ဟုတ် ၊ ဟုတ်ကဲ့ "

ပြောရင်း ဝမ်းနည်းလာပြီး ငိုချလိုက်သည်။ လဲကျနေသည့် သစ်ပင်ကြီး၏ ပင်စည်ပေါ်တွင် ဖအေက အရင် ထိုင်ပြီး နံဘေးတွင် သမီးကို ထိုင်ခိုင်းလိုက်သည်။ ကလေးတစ်ယောက်လို သိုင်းဖက်ပြီး ဆံပင်ကို သပ်ပေး နေ၏။ ခဏကြာမှ ဂျူးအစ် မေးသည်။

" ဖေဖေ ဘာလို့ သူ့ကို သတ်မယ်လို့ ပြောတာလဲဟင် "

" သမီးကို သူ နောက်တစ်ခါထိရင် ဖေဖေက ပြောတဲ့အတိုင်း လုပ်မှာလေ "

မတ်ရှာရမီ ခဏ တွေနေပြီးမှ -

" သမီးကို ဖေဖေ သိပ်ချစ်တယ်၊ ဒီလိုလူစားမျိုး လက်ထဲ အရောက်မခံနိုင်ဘူး "

ဂျူးအစ် ၏ ရင်ထဲမှ ပုန်ကန်ချင်စိတ်ကလေး အမောက်ထောင်လာသည်။

<<<http://www.shwezinu.blogspot.com/

" သူ့အကြောင်း ဖေဖေ ဘာသိလို့လဲ၊ သူ ဘယ်လို လူစားလဲဆိုတာ ဖေဖေ့ကို သူပြောပြလို့လား "

" မလိုဘူး သမီးလေးရဲ့၊ ဘုရားမရှိ တရားမရှိ လူစားမှန်း သမီး မသိဘူးလား၊ သူ့ကို မယုံစမ်းပါနဲ့ သမီး ရယ်၊ အချိန်တန်ရင် သမီးကိုသူပစ်သွားပြီး အချစ် သစ်ရှာမှာပါ၊ သမီး သူ့ကို နောက် လုံးဝမတွေ့ရဘူး၊ ကြားလား "

ဂျူးဒစ်က လဲကျနေသည့် ပင်စည်မှ အကိုင်းတစ်ခုကို လှမ်းကိုင်ရင်း -

" သူကတော့ သမီးကို သိပ်ချစ်တယ်လို့ ပြောတယ် ဖေဖေ "

" ဖေဖေ့ကိုယုံပါ သမီးရယ်၊ ဒီလိုလူစားမျိုးနဲ့ သမီး ဘယ်လိုမှ မပျော်နိုင်ပါဘူး၊ သမီးက သိပ်ငယ် သေးတော့ လောကအကြောင်း ဘာမှမသိသေးဘူး၊ လူတော်လူကောင်းတစ်ယောက်နဲ့ သမီး တွေ့မှာပါ၊ အဲဒီအခါ ဖေဖေ ချက်ချင်းလက်ထပ်ပေးမယ် သိလား၊ သမီးကို လင်ကောင်းသားကောင်း ရစေချင်လို့ပါ ကလေး ရယ် "

ဂျူးဒစ် ငြိမ်နေသည်။ လွန်ခဲ့သည့်တစ်ပတ်ကအထိ မိန်းကလေးတိုင်း ဖခင်နှင့် ဆန့်ကျင်ပြီး အတိုက်အခံ မလုပ်သင့် ဟု ဂျူးဒစ် စွဲစွဲမြဲမြဲ ယုံကြည်ခဲ့၏။ ဗီးလစ်လန်းနှင့် တွေ့ဆုံခြင်းကြောင့် ဂျူးဒစ်ကလေး၏ အတွေးအခေါ် တွေ တိမ်းတိမ်းပွေပွေဖြစ်ကုန်၏။ ဘာရယ်လို့ တိတိကျကျ မသိဘဲ လှုပ်လှုပ်ရှားရှား ဖြစ်နေခြင်း မျိုး။

" အိမ်ထောင်မှုဆိုတာ တဒင်္ဂကိစ္စ မဟုတ်ဘူး သမီး။ တစ်ဘဝကိစ္စ၊ သိပ်လေးနက် မွန်မြတ်တဲ့ ကိစ္စ"

" ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး မှန်တဲ့ ဆုံးဖြတ်ချက်ကိုပဲ ချချင်ပါတယ် "

စိတ်မသက်မသာနှင့် ဂျူးဒစ် ပြောလိုက်ခြင်းဖြစ်သည်။ ဖခင်က သမီးလုပ်သူ၏ လက်ကို လှမ်းဆုပ်ပြီး -

" ဖေဖေ သိပါတယ်ကွယ်။ သမီးလိမ္မာတယ်ဆိုတာ ဖေဖေ သိပါတယ် "

ကာလက် က သူတို့သားအဖေကို လှမ်းခေါ်သည်။ လှေသမားတွေက ခရီးဆက်ဖို့ ကြိုးဖြုတ်သူ ဖြုတ် နေကြပြီ။

" ရှင်တို့ သားအဖနှစ်ယောက် ဘယ်ပျောက်နေကြတာလဲ "

မစ္စက်ရှာရမီ ရောက်ရောက်ချင်း ဆီးမေးသည်။

" ဟိုအနား မှာ စကားထိုင်ပြောနေတာပါကွာ၊ ကဲ ဘာတွန်ရှင်ကို မနက်ဖြန် ရောက်အောင် ထွက်ကြစို့ "

<<<http://www.shwezinu.blogspot.com/

ပိန်းကောလှေကြီး ကမ်းကစွာမှ စမ်းချောင်းနံဘေးတွင် ကျန်ခဲ့သည့် အိုးတွေ ခွက်တွေကို ဂျူးဒစ် သတိရသည်။ မအေလုပ်သူက ဆူတော့ ဖအေကြီးက ဂင်တားသည်။

" မဆူပါနဲ့ကွာ၊ ဒီအရွယ်ဟာ ဒီလိုပဲပေါ့ "

ဂျူးဒစ် အသာထလာခဲ့သည်။ လှေဦးပိုင်းတွင်ထိုင်ပြီး ဟိုအဝေးအငူစွန်းတစ်ခုကို ကွေ့ပတ် စုန်ဆင်းသွားသော ဖီးလစ်၏ ပိန်းကောကြီးကို ငေးကြည့်နေသည်။

ဖေ့ဖေ့အနေဖြင့် ဖီးလစ်ကိစ္စကို ဆက်ပြောတော့မည်မဟုတ်။ တစ်သက်လုံး ဖအေ့စကားကို မြေဂယ်မကျ နားထောင်ခဲ့သည့် သမီးပီပီ ကဏကောစ မလုပ်တန်ရာဟု စိတ်ချထားပုံ။

အလီနွိုင်းမှ သစ်ထွင်းလှေတစ်စင်း သူတို့ကို ကျော်တက်သွားသည်။ ကုန်သည်တစ်သိုက်က ခပ်ကြမ်းကြမ်း ပြင်သစ်သီချင်းတွေ အော်ဆိုသွားကြသည်။ သူတို့နောက်မှ လူရိုင်းလှေတစ်စင်း ပါလာသည်။ လှေပေါ်တွင် ရောင်စုံ ပုတီးစေ့တွေ၊ စောင်တွေ တင်လာသည်။ လူနီရိုင်းတစ်စုသည် လှေကို ကျွမ်းကျင်စွာ လှော်သွား ကြသည်။

မကြာမီ အခြား ပိန်းကောလှေကြီးတစ်စင်းကို အဖေ အော်ဟစ်နှုတ်ဆက်နေသံ ကြားလိုက်သည်။ ပင်စီဝေးနီးယား က စိန်ကလဲယား မိသားစုများဖြစ်သည်။ ထိုစဉ် ဖီးလစ်၏လှေကြီးကို တစ်ချက်လှမ်းမြင်လိုက်ပြန်သည်။ ဝေးသည်ထက် ဝေးသွားပြီ။ ဖီးလစ်သည် သူ့ကတိအတိုင်း အမြန်ဆုံး ခရီးနှင်နေခြင်းဖြစ်ကြောင်း ဂျူးဒစ် သိလိုက်သည်။

ဒူးကိုပိုက်ပြီး အခန်းနံရံကို မှီထိုင်ရင်း စဉ်းစားနေသည်။ အဖေ ဘာပြောပြော သူ မတွေ့တွေ့အောင် ရှာလာမှာပါ။ ဘာဖြစ်ဖြစ် အားလုံးကို သူ ကျော်ဖြတ်မှာပါ။ တကယ်လို့များ သူ ရောက်လာရင် ဘယ်လို လုပ်ပါ့မလဲ။

ဒီည လှေဆိုက်ရင် ခါတိုင်းလို သူနဲ့ မတွေ့ရတော့ဘူးပေါ့နော်။ ရင်ထဲ ဟာသွားသည်။

အောက်မေ့ တယ် အစ်ကိုရယ်။ ပင်လယ်ဓားပြတွေ အကြောင်း၊ နစ်ဦးချင်း ယှဉ်သတ်တဲ့ပွဲတွေအကြောင်း ထပ် နားထောင်ချင် သေးတယ်လေ။ ပိုပြီး နားထောင်ချင်ဆုံးကတော့ ဂျူးဒစ်ကို အစ်ကို ချစ်တဲ့ အကြောင်း တွေပေါ့။ အစ်ကို့ရင်ခွင်ထဲမှာ တိုးဝင်ပြီးတော့လေ။ ဘယ်တုန်းကမှ ဒီလို မခံစားခဲ့ဖူးဘူး အစ်ကိုရယ်။ သိပ်သိပ် အောက်မေ့တာပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်တော့ပါဘူး။

ယောကျ်ားတွေက မိန်းမတွေကို ဘာအတွက် လိုချင်ကြတာပါလိမ့်။ ပျော်စရာကောင်းမလား၊ ကြောက်စရာကြီးများလား။ နစ်မျိုးလုံး ပါမယ်ထင်တယ်နော်။ ဆန်းတော့ ဆန်းသည်။ သည်ကိစ္စ တွေကို သေသေ ချာချာ မသိပါဘဲ သူနှင့်သာဆိုလျှင် ပျော်စရာအတိဖြစ်မှာပဲဟု စိတ်ထဲ စွဲနေလေ သည်။ ရင်ထဲမှာ ပူလောင်ပြီး ငိုချင်လာသည်။ သည်လို အဓိပ္ပာယ်မရှိ စိတ်မလှုပ်ရှားချင်ပါ။ အခန်းထဲဝင်ပြီး အနားသတ် လက်စ



<<http://www.shwezinu.blogspot.com/

ခေါင်းစည်းတဘက် တစ်ခုယူသည်။ စိတ်ပျက်သွား၏။ သူ့ အဂဝတ်အစားတွေနဲ့ ယှဉ်လိုက်ရင် သိပ်အောက်တန်းကျတာပဲ။ အဖေ့စကား နားထောင်ရင် တစ်သက်လုံး ဒီလိုပဲ အောက်တန်း ကျနေမှာ။

နေဖို့အိမ် ဆောက်မပြီးမချင်း ဝေါလ်တာပါစယ်အိမ်တွင် ဧည့်သည်အဖြစ် နေကြရမည်တဲ့။ ဝေါလ်တာက အဖေ့ မိတ်ဆွေ ဟောင်းကြီး တစ်ယောက်ရဲ့ သားလေ။ သိပ်အလုပ်ကြိုးစားတာပဲတဲ့။ ဂျူးဒစ်က အပ်ချုပ်နေ ရင်း မကျေမနပ်နှင့် နှုတ်ခမ်းစူလိုက်သည်။

သူ့အိမ်က အသစ်ကျပ်ချွတ် နေမှာပေါ့လေ။ တစ်နေကုန် ထိုင်ချည်ငင်ရင်း လူပျိုစကားလာပြောတဲ့ ကိုယ်တော်ချော တွေကို ဧည့်ခံစကားပြောနေရမှာလား။ စိတ်ညစ်ဖို့ ကောင်းလိုက်တာ။ ဘာပြုလို့ များ ဘုရားသခင် က လူတိုင်းကို ဖီးလစ်လန်းလို ချစ်စရာ၊ ပျော်စရာ လူတွေအဖြစ် ဖန်ဆင်းပေး မထားပါလိမ့်။

နောက်ဆုံးတွင် ဒယ်လ်ရှိုင်းကုန်းမြင့်ဒေသသို့ သူတို့ ရောက်လာကြသည်။ ဘာတွန်ရုဂ်မြို့၏ အောက်ပိုင်းကို ရောက်လာကတည်းက ကမ်းပါးမြေမှာ နုလာသည်။ နိမ့်လည်း နိမ့်လာသည်။ သို့သော် တစ်နေရာအရောက်တွင် အရှေ့ဘက်ကမ်းသည် မတ်မတ်စောက်စောက်ကြီးတွေ ပြန်ဖြစ် လာပြီး မြစ်ပြင် ကို စီးမိုးနေတော့၏။ အပြေဆုံး တစ်နေရာတွင် ဆိပ်ကမ်းလုပ်ထားသည်။ ပိန်းကောလှေကြီးတွေ ကြက်တောင်စိုက် ဆိုက်ကပ်ထား၏။ သစ်ထွင်းလှေတွေ၊ လောင်းလှေတွေ လည်း ပွတ်သိပ်နေသည်။ ဂျူးဒစ်တို့ ပိန်းကောလှေကြီးမှာ ကပ်ဖို့နေရာမရအောင် ဖြစ်နေသည်။ လှေသမားတွေ ဦးနောက်ခြောက် နေကြ၏။ နေရာလွတ်ကလေးတစ်ခု တွေ့သည်နှင့် အတင်းထိုး၊ အတင်းဖင်ပြီး ဆိုက်ကပ်လိုက်ကြသည်။ အဖေ နှင့် အတူ ဂျူးဒစ် ကမ်းပေါ်တက်လိုက်သွားသည်။

သားအဖနှစ်ယောက် ဆိပ်ကမ်းပေါ်ရပ်ပြီးအခြေအနေကို အကဲခတ်နေကြသည်။ ဆိပ်ကမ်းတစ်ခုလုံး ရှုပ်ယှက်ခတ် ဆူညံနေ၏။ ကုန်တင်ကုန်ချလုပ်နေကြသည့် ကပ္ပလီတွေက ကျွတ်ကျွတ်ညံလို့။ ဆိုက်ကပ် လာသည့် လှေတွေကို သီချင်းဆိုပြီး ကြိုနေကြသည့် အင်ဒီယန်းများ သည် လှေတွေက သူတို့ကို ဖရဲသီး တွေ၊ ပိုက်ဆံ အကြွေတွေ ပစ်ပေး၍ ဖမ်းသာအားရ အော်ဟစ်နေကြ၏။

လက်တွန်းလှည်း ဘီးလိမ့်သံတွေ၊ သစ်သီးသေတ္တာကြီးတွေ တွန်းချသံတွေကလည်း တဒုန်းဒုန်း တဒိုင်းဒိုင်း။ မကြာခင် လှေသမားတစ်သိုက် ပစ္စည်းတွေ၊ သေတ္တာတွေကို ထမ်းချလာသည်။ ဂျူးဒစ် ကျောထဲ စိမ့်သွား၏။ သည်မြေရိုင်းပေါ်တွင် နေရတော့မှာပါလား။

<<http://www.shwezinu.blogspot.com/

ဖလော်ရီဒါအနောက်ပိုင်း လူဂီစီးယားနားပြည်နယ် ဒယ်လ်ရှိုင်း မြို့ကလေး။ ဖီးလစ် သဘောကျသည့် ဒေသ။ ခုလို ကြောက်နေတာကို အစ်ကို သိရင် ရယ်နေမလားပဲ။ သူ့ကိုများ တွေ့ မလားဆိုပြီး ကျီးကန်း တောင်းမှောက် ရှာကြည့်မိသေး၏။ သို့သော် ဘယ်ကို ကြည့်လိုက် ကြည့်လိုက် အားလုံးမျက်နှာစိမ်း တွေချည်း။ သူ ဒီမှာ ဘယ်ရှိတော့မလဲ။ သူ့မြေတွေ ရှိရာကို တန်းပြေးရောပေါ့။

ထိုစဉ် စည်ပိုင်း တွေကို ကျော်လွှားပြီး နီဂရိုးတစ်သိုက်အား လမ်းရှင်းပေးဖို့ အော်ဟစ် အမိန့်ပေးနေသည့် လူတစ်ယောက် ကို ဂျူးဒစ် ချက်ချင်း မှတ်မိလိုက်သည်။ ကနက်တီကပ်မှ ထွက်သွားသည့် ဂေါ်လ်တာပါစယ်။ အလွန်သိမ်မွေ့သည့် လူအေးတစ်ယောက်ဖြစ်သည်။

သူ့အသားအရောင် မှာ လူနီတွေလို ညိုနေပြီ။ ငှက်ပျောညွှန့်ရောင် ကုတ်အင်္ကျီကို ဝတ်ထား၏။ လက်ကြယ်သီးများက ငွေ ရောင်တလက်လက်။ သူတို့သားအဖကို လက်မြှောက်ပြပြီး အော်ဟစ် နှုတ်ဆက်သည်။ တွန်းလှည်း တစ်ခုကို ခုန်ကျော်လိုက်ပြီး မတ်ရှာရမီ၏ လက်ကို တအား ဆုပ် ထားလိုက်သည်။

ဂျူးဒစ်က နောက်ဆုတ်ပြီး သူ့ကို စိုက်ကြည့်နေသည်။ သူ လုံးဝ ပြောင်းလဲသွားပါပြီ။ ကြမ်းတမ်း လာသည်။ သွက်လာပုံရသည်။ ကြားဖူးသည့် စကားပုံမှန်ပြီဟု သဘောပေါက်လိုက်၏။ နယူးအင်္ဂလန်ကို လူဂီစီးယားနားသို့ ဘယ်တော့မှ ယူလာ၍မရ ဟူသည့်စကားပုံ။ သူတို့အားလုံး နယူးအင်္ဂလန်ကို လမ်းတွင် ထားခဲ့ကြရပြီ။

အစ်ကိုနဲ့တော့ အံကိုက်နေမှာပါလေ။

သစ်တောထဲ ဖြတ်ဖောက်ထားသည့် လမ်းတစ်လျှောက်တွင် မြင်းရထားကြီး တဒုန်းဒုန်း တဒိုင်းဒိုင်း နှင့် ပြေးနေသည်။ ရံခါတွင် မဲနယ်ပင်စိုက်ခင်းများကို ဖြတ်သန်းရသည်။ စိုက်ခင်းတိုင်းတွင် ယာတဲ ငယ်ကလေး များကို တွေ့ရ၏။ အချို့ စိုက်ခင်းများတွင်မူ အတန်အသင့် ကြီးမားသော ယာတော အိမ်ကြီး တွေ ဆောက်ပြီးနေပြီ။ နောက်ဆုံး ဂေါ်လ်တာပါစယ်၏ အိမ်သို့ ရောက်လာကြသည်။

အိမ်ကြီးကို "သီရိမြိုင်"ဟု နာမည်ပေးထားပြီး ဖြစ်သည့်အတွက် ပိုင်စားမြေတွေကို "သီရိမြိုင်ယာတော" ဟုခေါ်နေကြ၏။ အိမ်ကြီးမှာ ပန်းရောင်တဖိတ်ဖိတ်တောက်နေ၏။ အလယ်ကောင်တွင် စကြံထားပြီး တစ်ဖက်တစ်ချက်တွင် ငါးခန်းစီပါသည့် အဆောင်နှစ်ဆောင်ရှိ သည်။ ရှေ့ပိုင်းမှ ဆင်ဝင်နှင့် လသာဆောင်ကြီး ကို အဖြူရောင် သုတ်ထား၏။ အိမ်အနေအထားနှင့် ပြင်ဆင်ပုံမှာ ပြင်သစ်ဆန်သည်။ အဖေ က ဂေါ်လ်တာပါစယ်ကို စပ်စုလိုက်သည်။

" ဒီမှာ ပြင်သစ်တွေနဲ့ ဆက်ဆံရမှာပေါ့နော် ဂေါ်လ်တာ "

" မလွဲမသွေပေါ့ မတ်၊ ကျွန်တော့် မိန်းမလည်း နယူးအော်လီယန်းသူ ပြင်သစ်နွယ်ပဲလေ "

<<<http://www.shwezinu.blogspot.com/

လူမည်း ဒါဇင်ဂက်ခန့် အိမ်ကြီးထဲမှ ပြေးထွက်လာပြီး သူတို့ကို ကြိုသည်။ သူတို့ သေတ္တာကြီးတွေကို သယ်ပိုးချနေတုန်း ဆံပင်နက်နက်နှင့် အမျိုးသမီးကလေး ဆင်ဝင်အောက်သို့ ထွက်လာသည်။ ဆံနွယ်ခွေကလေးတွေက လည်ကုပ်ပေါ် ဝဲလို့။ ပန်းရောင်ဂတ်စုံကို ဝတ်ထားသည်။ ယမင်း ရုပ်ကလေးနှင့် တူနေသည်။ မစ္စတာပါစယ်က မိတ်ဆက်ပေးတော့မှ ဂျူးဒစ် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

" မိတ်ဆွေ ဧည့်သည်များ ခင်ဗျား၊ ဒါ ကျွန်တော့် ဇနီးပါပဲ။ ဂျာဗာစီရေ ... ဟောဒါ ကနက်တီကပ်က ကိုယ့်မိတ်ဆွေ တွေလေ "

ဂျာဗာစီက ဂါဝန်ကြီးကို အသာမပြီး ဒူးညွှတ်အရိုအသေပေးကာ နှုတ်ဆက်သည်။ "အားလုံးကို သီရိမြိုင်က ကြိုဆိုပါတယ်ရှင် " ဟု နူးညံ့သည့် အသံခပ်ဝဲဝဲကလေးဖြင့် ပဋိသန္ဓာရပြုသည်။

" ကျွန်မ အမျိုးသားက တစ်မျှော်တည်း မျှော်နေတာလေ။ ဆိပ်ကမ်းကို နေ့တိုင်း ဆင်းကြိုနေတာ တစ်ပတ် ရှိပြီ ရှင့် "

ဦးခေါင်း ကို ညွှတ်ထားပြီး တံခါးမကြီး ဖွင့်ပေးထားသည့် နီဂရိုးတစ်ယောက်ကို ဂျာဗာစီက အချက်ပြလိုက်ပြီး -

" အထဲကို ကြွကြပါရှင် "

အမေ့နောက်မှ ကပ်လိုက်သွားရင်း ပြင်သစ်မကလေးကို ဘေးတိုက်ကြည့်ပြီး အကဲခတ်လိုက်သည်။ ဒါလောက် ယဉ်ကျေးပြီး မြို့ဆန်သည့် မိန်းကလေးမျိုး တစ်ခါမှ မတွေ့ဖူးသေး။ အိမ်ကြီးရှင်မ အသွင်သဏ္ဍာန်လည်း အထင်းသားပေါ်နေ၏။ ဆံနွယ်ခွေကလေးတွေနဲ့ ခေါင်းစည်းဖဲကြိုးတွေ သူနေ့တိုင်း ဆင်မြန်းထားမယ် ထင်တယ်နော်။ ဟုတ်မှာပါ။ ဧည့်သည်တွေ လာမယ့်အချိန် သူမှ ကြို မသိတာ။ ကြိုဖို့အတွက် တမင်ဂတ်စားထားတာ မဖြစ်နိုင်ဘူး။ ဂျာဗာစီက သူ့ယောက်ျားဘက် လှည့်ပြီး -

" နောက်ပိုင်း အခန်းတွေကို မွန်စီယာရယ်၊ မဒမ်ရယ်၊ ဟောဒီ အစ်ကိုရယ်အတွက် စီစဉ်ထားတယ် ပေါ်လ်တာ၊ ညီမလေးကိုတော့ ကျွန်မ ကြည့်ပြီး နေရာချပေးလိုက်မယ် "

ဂျာဗာစီက ဂျူးဒစ်နှင့် လက်မောင်းချင်းချိတ်ပြီး ပစ္စည်းတွေနှင့် အလုပ်ရှုပ်နေကြသည့် လူမည်းအိမ်စေတွေ ကို အင်္ဂလိပ်စကားတစ်ဂက်၊ ပြင်သစ် စကားတစ်ဂက်ဖြင့် အမိန့်ပေးနေသည်။ ပြီးမှ ဂျူးဒစ် ကို ပန်းရောင် အခန်းကြီးတစ်ခန်းထဲ ပို့ပေးသည်။ ကြမ်းပြင်အထိ ဖောက်ထားသည့် မတ်တတ် ပြတင်းပေါက်ကြီးတွေနှင့်။ တစ်ယောက်အိပ် ခုတင်တစ်လုံး ပြင်ထားပေးသည်။ သူတို့နောက်မှ နီဂရိုးမ ကလေး တစ်ယောက် သစ်သားရေခွေးစည်ပိုင်းပြတ်ကြီး မပြီး ဝင်လာသည်။ ကောင်မလေး နာမည် တီတီ တဲ့။ ဂျူးဒစ်က ဦးထုပ်သိုင်းကြိုး ဖြုတ်ရင်း အားနာစကားပြောသည်။

" အိမ်ရှင်က သိပ်ဧည့်ဝတ်ကျေပွန်းနေပြီ။ ဂျူးဒစ်တို့အတွက် ဒုက္ခများနေပြီပေါ့နော် "



<<http://www.shwezinu.blogspot.com/

ဂျာဇာစီက အံ့ဩသွားသည့် အမူအရာဖြင့် တစ်ချက်ရယ်ပြီး -

" အို ... မဟုတ်တာ၊ တို့က ဧည့်သည်ပဲ မျှော်နေတာ၊ ဖော်လ်တာက တစ်နေကုန် အပြင်ထွက်နေတော့ အဖော် ဆိုလို့ သမီးလေးနဲ့ အစေခံတွေပဲရှိတယ်။ ကြာတော့ ငြီးငွေ့တာပေါ့ "

" ဟင် ၊ ကလေးရှိတယ် ဟုတ်လား "

" ဟုတ်တယ်လေ၊ သမီးလေးနာမည်က ဘာဘက်ကီတဲ့၊ ဘာလို့ အံ့ဩနေတာလဲ "

" ဟင် ... ကြည့်ရတာ ငယ်ငယ်လေးလိုပဲ "

ဂျာဇာစီ ရယ်ပြန်သည်။

" လူကောင်သေးလို့ ထင်ပါတယ်ကွယ်။ ကိုယ့်အသက် ၁၇ နှစ်ရှိပြီလေ၊ အိမ်ထောင်ကျတာ သုံးနှစ်ရှိပြီ၊ ကဲ ကိုယ့်ကို ခွင့်ပြုဦးနော်၊ စားဖို့သောက်ဖို့ သွားစီစဉ်ချေဦးမယ်၊ ဘာလိုချင်လိုချင် တီတီ့ကို ပြောနော်၊ ဘာမှ ရှက်မနေနဲ့ သိလား၊ ကိုယ့်အိမ်လိုပဲ သဘောထားနော် "

ဂျာဇာစီ ထွက်သွားတော့ တီတီက အဂတ်သေတ္တာကို ဖွင့်နေသည်။ ဂျာဇာစီဆိုသည့် အမျိုးသမီးကို ဂျူးဒစ် အံ့ဩ နေ၏။ သူ့လှုပ်ရှားမှုအားလုံးဟာ အသားကျနေသလိုပဲ။ ဘာမှ အားမစိုက်ရဘဲ လုပ်ရိုး လုပ်စဉ်တွေ လုပ်နေသလိုပင်။ သူ့ဘဝမှာ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခါမှ မတွေ့ဖူးခဲ့သလိုပဲ။ ဆင်ယင်ထုံးဖွဲ့ပုံ၊ အိမ်ကို စီမံပုံ၊ ကျွန်တွေကို အုပ်ချုပ်ပုံ၊ ဧည့်သည်တွေနဲ့ ဆက်ဆံပုံ အားလုံး အပိုအလိုမရှိ။ အားလုံး ကွက်တိ။ အိမ်ကြီးရှင်မပီသပါပေသည်။ မျက်နှာကလေးက အမြဲပြုံးလို့။ မိမိကို ဖီးလစ် ဖြစ်စေချင်သည်မှာ သည်လို ပုံစံမျိုး ထင်ရဲ့။

ဦးထုပ်ကို အိပ်ရာပေါ် ပစ်တင်လိုက်သည်။

အင်း ... ငါ့ဘဝနဲ့များ ကွာလိုက်လေ။ ငါ့မှာတော့ မီးဖိုချောင်က ထွက်ရတယ်ကို မရှိဘူး။

" ရေချိုးဖို့ အသင့်ဖြစ်ပါပြီ မမလေး "

နောက်ဘက်မှအသံတိုးတိုးကလေး ထွက်လာသည်။ လှည့်ကြည့်လိုက်တော့ ရေချိုးခန်းတံခါးဝတွင် ယို့ယို့ကလေး ရပ်နေသည့် တီတီ့ကို တွေ့ရသည်။ ခပ်သွက်သွက် လူမည်းမကလေး။ ပွင့်ရိုက်ချည် ထည်အပြာရောင် အင်္ကျီနှင့်။ ခေါင်းတွင် အဂါရောင်ခေါင်းစည်းပဝါ ပတ်ထားသည်။

" သြော် ၊ အင်း အဂတ်တွေ ချွတ်လိုက်ဦးမယ်လေ "

<<<http://www.shwezinu.blogspot.com/

တီတီ ထွက်သွားမလားဟု ခဏစောင့်နေသည်။ သို့သော် ကောင်မလေးက ပေရပ်နေ၏။ သူ့ရှေ့မှာ ဘယ်လိုလုပ်ပြီး အဂတ်တွေ ချွတ်ရဲပါ့မလဲ။ တီတီက လျှောက်လာပြီး နောက်မှရပ်ကာ ချိတ်တွေ ဖြုတ်၊ ကြိုးတွေဖြေ လုပ်ပါလေတော့၏။ ပြီးတော့ တစ်လွှာချင်း ချွတ်ပေးနေသည်လေ။

ထိတ်လန့် အံ့ဩမှုကို မျိုသိပ်ထားလိုက်၏။ သူတို့ ဓလေ့ထုံးစံထင်ပါရဲ့။ ဒါပေမဲ့ လူမည်းမကလေးရှေ့မှာ မိမွေးတိုင်း ဖမွေးတိုင်း ပုံစံနဲ့ ရပ်နေရတာလောက် စိတ်ညစ်ဖို့ကောင်းတာ ဘယ်ရှိပါ့မလဲ။ ပြီးတော့ ကလေးတစ်ယောက် လို သူက ရေချိုးပေးဦးမယ်တဲ့။

သို့သော် မကြာမီ စိုးရိမ်ထိတ်လန့်စိတ်တို့ ပျောက်ကွယ်သွားကြလေသည်။ သိပ် သက်သောင့်သက် သာရှိလှ ပါကလား။ ရေချိုးသည့် ကိစ္စတွင် သည်မျှ ငြိမ့်ညောင်းလိမ့်မည်ဟု လုံးဝ တွေးမကြည့်ဖူးခဲ့။ အစ်ကို ပြောတဲ့ ဂက်သစ်ချမြိုင်ရဲ့ အရှင်သခင်မဘဝဆိုတာ ဒါမျိုးထင်တယ်နော်။

" ညစာဝိုင်းကို မလေး ဒါ ဂတ်သွားမလားဟင် "

ချမ်းသာသမျှ ကလေးထဲတွင် အကောင်းဆုံး အပြာရောင် ဂတ်စုံကို ကိုင်ပြီး တီတီ မေးနေခြင်းဖြစ် သည်။ သည်ဂတ်စုံ ဂတ်သွားသည့်တိုင် ဂျာဗာစီနံဘေးတွင် အရောင် မှိန်နေလိမ့်ဦးမည် ထင်၏။

" အင်း .. ကောင်းသားပဲ "

ခြေအိတ်နှင့် အတွင်းခံတွေပါ ထုတ်ပြီး တီတီက အိပ်ရာပေါ်တွင် စီတင်ပေးထားသည်။ ဂတ်စုံပြာကို အိပ်ရာပေါ်တင်ပြီး ရှင်မီးအကျီကို ကောက်ယူသည်။ ဂတ်ပေးသည်။ အသာငြိမ်ပြီး သူပြုသမျှ နနေ လိုက်တော့သည်။ တစ်ထည်ပြီး တစ်ထည် တစ်ထပ်ပြီးတစ်ထပ်။ ခြေအိတ်ကိုတော့ ကိုယ်တိုင် စွပ် ချင်သည်။ တစ်စုံတစ်ယောက်က ရှေ့မှထိုင်ပြီး စွပ်ပေးဖို့မှာ လွယ်သည့်အလုပ် မဟုတ်။ စွပ်ပြီး ဆွဲတင် ရဦးမည်။ ပြန့်ပြန့်ပြူးပြူး ဖြစ်အောင် လုပ်ရဦးမည်။ ဒါကိုတော့ သူ လုပ်ပေးနိုင်မည် မထင်။ သို့သော် တီတီ က သည်အလုပ်မျိုးသည် လူဖြူအမျိုးသမီးများနှင့် လားလားမျှ မအပ်စပ် သည့် အလုပ်ပမာ သူကိုယ်တိုင် ပင် စွပ်ပေးသည်။ ကျွမ်းကျင်လိုက်သည့် ဖြစ်ခြင်း။ ကိုယ်တိုင် စွပ်လျှင်တောင် သူ့လောက် မြန်မည်မထင်။ သူ့လောက်သေသပ်မည် မထင်။

ဂျူးဒစ်အတွက် အားလုံးအသစ်အဆန်းတွေချည်း ဖြစ်နေသည်။ သို့သော် ချက်ချင်း ကျင့်သားရရှိ သွား သည့် အသစ်အဆန်းမျိုး။

ပြီးတော့မှ ဖယောင်းတိုင်တစ်တိုင်နှင့် ဆံနွယ်ခွေသည် သံနန်းကြိုးကို ယူလာသည်။ လက်တစ် ဖက်တွင် ပန်းရောင်ဆီမွှေးပုလင်းကို ကိုင်လျက်။ သံနန်းကြိုးကို ဖယောင်းတိုင်မီးဖြင့် အပူပေးလိုက်၊ ဆံပင်ကို စည်းလိုက်၊ ကြိုးထည့်လိပ်လိုက်နှင့် တီတီ အလုပ်ရှုပ်နေ၏။ မကြာခင် ဆံခွေကလေးတွေ နဖူးတစ်ပိုက်နှင့် လည်ကုပ်တစ်ပိုက် တွင် တငြိမ့်ငြိမ့် လှုပ်ရှားနေပြီ။ အားလုံးပြီးတော့မှ တီတီက သူ့ကို မှန်ရှေ့တွင် ရပ်ခိုင်းသည်။

<<http://www.shwezinu.blogspot.com/

မုန်က ပြက်ကျဉ်းသော်လည်း အလျားရှည်သည်။ တစ်ကိုယ်လုံးနီးပါး မြင်နိုင်သည့် မှန်မျိုး။ သို့သော် ရုတ်တရက် ဘာမှ မကြည့်နိုင်အားသေး။ ခေါင်းပေါ်တွင် ခြင်းတစ်လုံးကို လက်လွတ်ရွက်ထားရ သလို သတိထား နေရ၏။ တစ်ကိုယ်လုံး စည်းနှောင်းထားသည့် ချိတ်တွေ၊ ကြိုးတွေက တစ်မှောင့်။ အသက်ရှူ လို့ပင် မဝတော့။ ဘေးဘီ အထက်အောက် တော်တော်နှင့် မကြည့်နိုင်။

ကြည့်နိုင်ချိန်တွင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ငါမှ ဟုတ်ရဲ့လားဟု ဇဝေဇဝါဖြစ်သွား၏။ ပခုံးအကျ သည်မျှ ကျက်သရေရှိလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။ ပြောပြမည့်သူလည်း မရှိခဲ့။ ဒါလောက် ခါးသေးမှန်းလည်း ခုမှ သိရတော့သည်။ ထိလျှင် ကြွေကျမည့် ပန်းကလေးတစ်ပွင့်၏ နုနု နယ်နယ် အလှမျိုး။

မှန်တင်ခုံပေါ် လက်ထောက်ပြီး မှန်ကို အနီးကပ်ကြည့်လိုက်သည်။ ဖီးလစ်လန်း လိုချင်သည့် မိန်းကလေး မျိုး ဖြစ်နိုင်ကောင်းပါရဲ့။ ခုလိုပဲ အရာရာတိုင်း လွယ်လွယ်ကူကူ ဖြစ်နေမယ် ဆိုရင်ပေါ့ လေ။

တံခါးခေါက်သံနှင့်အတူ ဂျာဇာစီ ဝင်လာသည်။

" အဆင်သင့်ဖြစ်ရင် ထမင်းစားခန်း ဆင်းကြရအောင်နော် "

ပြီးမှ ဂျူးဒစ်ကို သေသေချာချာ ကြည့်ပြီး -

" ကြည့်စမ်း၊ ခုလိုဂတ်လိုက်တော့ ဘယ်လောက်လှသွားသလဲ၊ ခရီးကြမ်းကြီး နှင်လာခဲ့ပြီး ခုမှ လူ့ ယဉ်ကျေးမှု နယ်ပယ်ထဲ ပြန်ရောက်တော့တယ် ဟုတ်လား "

" ဟုတ် ဟုတ်ကဲ့ "

ဂျူးဒစ် မပံ့မရဲ ပြန်ပြောသည်။ မှန်ထဲကို တစ်လှည့်၊ ဂျာဇာစီကို တစ်လှည့် ကြည့်ပြီး သူပြောသည့် လူ့ ယဉ်ကျေးမှု နယ်ပယ်သည် မိမိအတွက် အစိမ်းသက်သက်ဖြစ်ကြောင်း ဖွင့်လှစ်ဝန်ခံဖို့ စိတ်ကူး လိုက်၏။ သို့သော် ဂျူးဒစ်သည် သည်မျှ သတ္တိမကောင်းသေးပါ။

ဖီးလစ်အကြောင်း သူ့ကို ဖွင့်ပြောရကောင်းမလားဟု စဉ်းစားမိပြန်သည်။ အရွယ်ချင်း မတိမ်းမယိမ်း မို့ နားလည်မည် ထင်သည်။ ပြီးတော့ သူက အတွေ့အကြုံရှိပြီးသား အိမ်ထောင်သည် မဟုတ်လား။

သို့သော် ဒါကိုလည်း သူ မပြောဖြစ်ပါ။

အိမ်ကြီးမှာ နေချင့်စဖွယ် ရှိလှသည်။ ဂျူးဒစ်အဖို့ အိပ်မက်လှလှ မက်နေသလို လွင့်မျောနေ၏။ ထမင်းဝိုင်းတွင် အစေခံတွေက ခြေကို ဖွဖွလေးနင်းပြီး ထောင့်စေ့အောင် တာဝန်ထမ်းဆောင်ကြ သည်။

<<<http://www.shwezinu.blogspot.com/

ကဏန်းဟင်းနှင့် ထမင်းစားရသည်မှာလည်း မြိန်ရှက်လှ၏။ ထမင်းစားပွဲပေါ်မှ ကြက်ဆင်မွေး ဆွဲယပ်ကြီးကို ကပ္ပလီလူငယ်ကလေးတစ်ယောက်ခပ်ဝေးဝေးမှ ခပ်ဖြည်းဖြည်း လွှဲ ယပ်ပေးနေသည်။

သည် ကြီးကျယ်ခမ်းနားမှုကို ဂျာဇာစီ လုံးဝသတိထားမိဟန်မရှိ။ ဂုဏ်ယူကြွားဝါဟန်လည်းမပြ။ ထမင်းဝိုင်း တွင် ဂျာဇာစီ စကားသိပ်မပြောပေ။ မစွက်ရှာရမီနှင့် အလိုက်အထိုက်ပြောပြီး သူ့လင် တော်မောင် စကားပြောရာတွင် ဝင်ထောက်သည့်အခါ ထောက်ပေးသည်။

ဝေါ်လ်တာ၊ မတ်နှင့် ကာလက်တို့က စိုက်ပျိုးရေးလုပ်ငန်းများအကြောင်း၊ သီးနှံစိုက်ခင်းများအကြောင်း ပြောကြသည်။ ဂျူးဒစ် အလှပြင်ထားခြင်းကို ဖအေလုပ်သူက မသိကျိုးကျွန်ပြုနေသည်။ ဖီးလစ်နှင့် ဝေးသွားပြီ ဖြစ်သည့်အတွက် အဖေတစ်ယောက် စိတ်ချလက်ချ ဖြစ်နေတာလားဟု ဂျူးဒစ်တွေးနေ၏။

ဒါပေမဲ့ အစ်ကိုနဲ့ ခွဲမယ်လို့ ဘယ်သူ့ကိုမှ ကတိပေးသေးတာ မဟုတ်ဘူး။ ဒီကိစ္စ ဘယ်သူနဲ့မှ တိုင်ပင်လို့ မဖြစ်သေး ပါဘူးလေ။ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရမှာပါ။ စကားဝိုင်းထဲ ဝင်မပါဘဲ တစ် ယောက်တည်း အဝေးကြီး ရောက်နေ၏။ အိပ်ချိန်ရောက်လို့ လူစုခွဲတော့ ရင်ထဲပေါ့သွားသည်။

အဝတ်တွေ ချွတ်ပေးပြီး တီတီ ပြန်ထွက်သွားသည်။ ဂျူးဒစ် တစ်ယောက်တည်း ညဝတ်ရုံကို လွှမ်းပြီး ပြတင်းပေါက်တွင် ရပ်ရင်း အပြင်သို့ ငေးကြည့်နေသည်။ ဟိုးအဝေးတွင် ပင်မြင့်တွေ၊ ပင် စောက်တွေ၊ ပြီးတော့ လရောင်အောက်မှ မဲနယ်ပင် စိုက်ကွင်းကြီး။ ဖီးလစ်လန်း၏ သဏ္ဍာန်ကို ကွင်းထဲတွင် မြင်ရသလို ဂျူးဒစ် ခံစားနေရ၏။

သြော် အစ်ကို အစ်ကို၊ အစ်ကိုက သိပ်ချစ်တာပဲလား။ ဂျူးဒစ်လည်း ချစ်တာပါပဲ အစ်ကိုရယ်။ အစ်ကိုနဲ့ လက်ထပ်ရင် ဘယ်တော့မှ ပျော်ရမှာ မဟုတ်ဘူးတဲ့။ ဂျူးဒစ်ကို ငယ်လွန်းလို့ ဒါတွေ နား မလည်နိုင်ဘူးတဲ့။ မြစ်ကမ်းနံဘေးက လဲကျနေတဲ့ သစ်ပင်ကြီးပေါ် ထိုင်ရင်း ဖေဖေပြောတာလေ။

ဖေဖေ့လေသံက သိပ်ပျော့ပျောင်းပါတယ်။ သိပ်နူးညံ့ပါတယ်။ ဒါပေမဲ့ သူ့စကား နားမထောင်ရင် တော့ အားလုံး အကြီးအကျယ် စိတ်ဆင်းရဲကြရမယ့် သဘောတော့ ပေါ်လွင်နေတယ်။

အဖေဟာ အဖေပဲမို့ မြတ်နိုးရိုသေပါတယ်။ အဖေ့ ပညာဉာဏ်အမြော်အမြင် ကြီးပုံကိုလည်း ဂျူးဒစ် သံသယ မရှိပါ။ ဒါပေမဲ့ စမ်းချောင်းကလေး နံဘေးမှာ အစ်ကို နမ်းသွားတဲ့ အနမ်းက ဂျူးဒစ်ကို သတ္တိတွေ မွေးပေး သွားတယ်လေ။

ဖယောင်းတိုင်ကို ငြိမ်းပြီး အိပ်ရာပေါ် မှောက်ချလိုက်သည်။ ခေါင်းအုံးတစ်လုံးကို ဖက်လျက်။ ဒီအဖြစ်ကို နားလည်နိုင်တဲ့လူ လောကမှာ မရှိတော့ဘူးလား။ လူတစ်ယောက်ရဲ့အနမ်းကို လက်ခံမိ တာနဲ့ တိမ်တိုက်တွေနဲ့အတူ မျောပါနေသလိုလို။ မီးညွှန့်မီးလျှံတွေအပေါ် ဖြတ်သန်းနေရသလိုလို အဖြစ်မျိုးနဲ့

<<<http://www.shwezinu.blogspot.com/

ကြုံနေရတာ ဂျူးဒစ် တစ်ယောက်တည်းလားကွယ်။ အိပ်၍ မပျော်သော ညဥ့်သံသရာများသည် ရှည်လျားလှပါကလား။

" ဂျူးဒစ် ... ဂျူးဒစ်၊ အချစ်ရေ "

အပြင်က အုန်းပင်တွေကို လေတိုးသံထက် နည်းနည်းလေး ပိုကျယ်သည့် တီးတိုးခေါ်သံ။ ထ ထိုင်လိုက်သည်။ ဟုတ်တယ်။ ချစ်သူ့ခေါ်သံ။ သူ့အသံမှ သူ့အသံအစစ်။ သိပ်ဟုတ်တာပေါ့။ ဘောင်ပေါ်တက်ပြီး မှန်ပြတင်း တွင် သူ့မျက်နှာကပ်လာသည်ကို လရောင်တွင် ထင်ထင်ကြီးတွေ့ လိုက်ရသည်။ ဂျူးဒစ် ယောင်ယမ်းပြီး လက်တစ်ဖက်နှင့် ပါးစပ်ကို ပိတ်လိုက်သည်။

မတ်တတ်ပြတင်းပေါက်ကြီး၏ အပေါ်ပိုင်းကို ဆွဲတင်ပြီး ဖီးလစ်အခန်းထဲ ဝင်လာသည်။ ပြီးတော့ ဂျူးဒစ်၏ ခုတင်နံဘေးတွင် ဒူးထောက်ထိုင်သည်။

" အလို၊ သိပ်လှတာပဲကွယ်၊ မင်း ဟုတ်ပါတယ်နော် "

ဂျူးဒစ် တဆတ်ဆတ် တုန်နေပြီ။

" အစ်ကို၊ ဒုက္ခပါပဲ အစ်ကိုရယ်၊ တွေ့သွားရင် အစ်ကို့ကို သူတို့ သတ်ကြလိမ့်မယ်၊ ပြန်ပါ အစ်ကိုရယ် "

ဖီးလစ်က ဂျူးဒစ်ပြောသည်ကို မကြားသလိုဖြင့် -

" ဒီမယ် ဂျူးဒစ်၊ အစ်ကိုနဲ့ တစ်ပါတည်း လိုက်ခဲ့ပါကွယ်၊ လောလောဆယ် နေဖို့ သစ်လုံးအိမ်ကလေးတစ်လုံး ချက်ချင်း ဆောက်လိုက်တယ်၊ အိမ်ကြီးမဆောက်ခင် နေလို့ရပါတယ်။ အစ်ကို မစောင့်နိုင်တော့ဘူး အချစ်ရယ်၊ အစ်ကို့မှာ မြင်းပါတယ်၊ ဒီည လက်ထပ်မယ်၊ အိမ်မှာ ဘုန်း ကြီးတစ်ပါး ပင့်ထားတယ်၊ အားလုံးအသင့်ပဲ သိလား "

" ဟာ အစ်ကိုကလည်း၊ ဒီည ဟုတ်လား၊ မဖြစ်သေးပါဘူး အစ်ကိုရယ် "

ခုတင်ပေါ်တွင် ယှဉ်ထိုင်ပြီး ဖီးလစ်က ချစ်သူကလေးကို သိုင်းဖက်လိုက်သည်။

" နားထောင်ပါအချစ်ရယ်၊ ဒီလိုမလုပ်လို့ မဖြစ်လို့ပါ။ သူတို့ ဘယ်တော့မှ သဘောတူမှာမဟုတ်ဘူး၊ မင်းသိပါတယ်၊ မင်း အစ်ကို့ကို ချစ်တယ် မဟုတ်လားဟင် "

ပြောပြော ဆိုဆို ဖီးလစ် နမ်းသည်။ မျက်လုံး၊ နှုတ်ခမ်း၊ လည်တိုင်အနှံ့အပြား နမ်းနေခြင်း။ ဂျူးဒစ် မွတ်မွတ် သိပ်သိပ် ပြန်ဖက်သည်။ သူ့ဆံပင်တွေကို ဖွရင်း အနမ်းကို တုံ့ပြန်သည်။ မျက်နှာမှ အမာ ရွတ်ကို ပွတ်သပ် ပေးသည်။

" ချစ်ပါတယ် အစ်ကိုရယ်၊ သိပ်ချစ်ပါတယ်၊ လိုက်ပါ့မယ်။ ဂျူးဒစ် လိုက်ခဲ့ပါ့မယ် "

<<<http://www.shwezinu.blogspot.com/

လှိုင်းထနေသည့်အသံဖြင့် ဂျူးဒစ် ပြောလိုက်သည်။ သည်တော့ ဖီးလစ်က သူ့ လက်ဖဝါးကလေးကို ယူပြီး နမ်းသည်။ ဂျူးဒစ်က ထရပ်ပြီး -

" အစ်ကို အပြင်သွားတော့၊ ဂျူးဒစ် အဂတ်လဲလိုက်ဦးမယ် "

" မြန်မြန် လုပ်နော်၊ ပြီးတော့ အသံမကြားစေနဲ့ သိလား "

ပြတင်းပေါက် မှ သူထွက်သွားသည်နှင့် အဂတ်တစ်စုံကို ကပျာကယာ ကောက်စွပ်ပြီး ထွက်ခဲ့သည်။ နေ့လယ် က ပြင်ထားသည့် ဆံပင်တွေက မသေမသပ်ဖြင့် ပခုံးပေါ်တွင် လွင့်ဝဲလျက်။

အပြင် ကို ရောက်ရောက်ချင်း တိုးတိုးကလေး ခေါ်လိုက်သည်။

" အစ်ကို "

ဖီးလစ်က သူ့လက်မောင်းကို ဆုပ်ပြီး -

" ကြည့်စမ်း၊ ဆံပင်တွေ ခုလို ဖိုးရိုးဖားရား ချထားတာက ပိုလှနေတယ်၊ မင်းဆံပင်တွေ ဒါလောက် လှလိမ့်မယ် လို့ အစ်ကို လုံးဝမထင်ခဲ့ဘူး "

ဂျူးဒစ် နောက်ဘက်ကို ပြန်ကြည့်ချိန်မရလိုက်မီ လေထဲဝဲပြီး မြင်းပေါ်ရောက်သွားသည်။ ပြီးတော့ သူပါ လွှားခနဲ ခုန်တက်လာသည်။ ဂျူးဒစ်၏ လက်ထဲသို့ သေနတ်တစ်လက် ထည့်ပေးသည်။

"အဆင်သင့် ကိုင်ထားနော်၊ တောထဲမှာ အင်ဒီယန်တွေနဲ့ တိုးချင်တိုးလိမ့်မယ် "

ဖီးလစ် သည် မြင်းကြိုးကို ဖက်လွှတ်ပေးပြီး အသော့နှင်လာခဲ့သည်။ စကား မပြောကြတော့။ သစ်တောထဲ ရောက်တော့ မှောင်မည်းသွားသည်။ သို့သော် သူတို့ အရှိန်မလျှော့ဘဲ ဆက်စီးလာခဲ့ ကြ၏။ ဂျူးဒစ်ကို ရှေ့မှ တင်စီးလာခဲ့ခြင်းဖြစ်သည်။ ကလေးမ၏ လက်တစ်ဖက်က သေနတ်ကို မြဲမြဲ ကိုင်ကာ ကျန်တစ်ဖက် က သူ့လည်ပင်းကို နောက်ပြန် သိုင်းဖက်လျက်။

ဂက်သစ်ချတောလယ်မှ လမ်းကလေးအတိုင်း သူတို့ ဆက်စီးလာကြသည်။ လသည် တောအုပ် တစ်ဖက်သို့ ဂင်ရောက် ပျောက်ကွယ်သွားသည်အထိ သူတို့ အရှိန် မလျှော့ရဲကြသေး။ ဂျူးဒစ်၏ မျက်လုံးများ ထဲတွင် သစ်ပင်ရိပ်မည်းမည်းများမှ လွဲ၍ ဘာမှမမြင်။ မြင်းခွာသံများမှလွဲ၍ ဘာမှ မကြား။

သူ ဘယ်အထိများ ခေါ်သွားမှာပါလိမ့်။ သို့သော် သူ့လက်တစ်ဖက်က ခါးမှာသိုင်းပြီး ပါးချင်း ကပ်ထားသည်ကို သတိရလိုက်တော့ သူ ခေါ်သွားမည့် နေရာသည် မိမိ မသွားချင်သည့် နေရာ မဖြစ် နိုင်ကြောင်း နားလည်လိုက်လေသည်။

<<<http://www.shwezinu.blogspot.com/

အခန်း (၂)

တီဘီက မီးဖိုနံဘေးတွင် ဒူးထောက်ပြီးယောက်ချိုနှင့် စွပ်ပြုတ်ကို ခပ်၍မြည်းသည်။

" ညစာကျက်လုပါပြီ မမလေး "

ကြက်သားနှင့် ပုစွန်တုပ်ဟင်းနံ့များ သစ်လုံးအိမ်ကလေးထဲတွင် မွှေးပျံ့နေလေသည်။ ဂျူးဒစ်က ခုတင်တစ်ဖက်စွန်း တွင် ထိုင်လျက် ဖီးလစ်၏ အင်္ကျီတစ်ထည်ကို စိတ်မပါလက်မပါ ဖာထေးနေ သည်။ လက်တွင် ချွေးတွေ ရွှဲနေသဖြင့် ချုပ်ရိုးကြောင်းများမှာ ကလေးတစ်ယောက်ချုပ်သလို မွှေလိမ် မွှေကောက် ဖြစ်နေ၏။

နေပူရှိန်က သစ်လုံးတွေကြားထဲမှ အလုအယက် အတင်းတိုးဝင်နေသည်။ ပြတင်းပေါက်များမှ လည်း စူးစူးရှရှ ဝင်နေသေးသည်။ မျက်စိကျိန်းမတတ်ပင်။

မီးဖိုမှ မီးလျှံများက အပေးထောင့်တွင် ကပ်နေသည့် ဂျူးဒစ်ဆီသို့ တရှိန်ရှိန် ဟပ်လျက်ရှိ၏။ ပူလွန်းသဖြင့် ခေါင်းတွေ အုံခဲပြီး မူးနောက်ရီဝေနေသည်။ နောက်စေ့ထဲက တဒိုင်းဒိုင်း ထိုးကိုက်နေ သည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲပြီး စက်စက်နစ်နေပြီ။

အောက်နှုတ်ခမ်းကို တအားကိုက်ထားလိုက်သည်။ နာကျင်မှုဝေဒနာကြောင့် အပူဒဏ်ကို ခံဇာများ နိုင်မည်လား ဟူသည့် အတွေးဖြင့် ကိုယ့်ကိုယ်ကိုယ် ထပ်တလဲလဲ သတိပေးနေရ၏။

" သတိထား၊ မေ့လဲမသွားစေနဲ့၊ မူးလဲမသွားစေနဲ့၊ ဖွန်လအပူဒဏ်ကိုမှ မခံနိုင်ရင် ဩဂုတ်လမှာ သေဖို့ပဲရှိတယ်။ မမူးနဲ့၊ မမေ့နဲ့"

ဘာကြောင့် လူဂီစီးယားနား ရာသီဥတုအကြောင်း ကြိုပြောမယ့်လူ မရှိတာပါလိမ့်။ သည်မြေပေါ် ခြေချ ခဲ့သည်မှာ ၆ ပတ် ပြည့်ခဲ့ပြီ။ ၅ ပတ်လုံးလုံး နေပူလိုက်ပုံမှာ ဖီးလစ် ဂုဏ်ယူမဆုံးဖြစ်နေသည့် ဂက်သစ်ချမြိုင် ယာတော တစ်ခွင်တွင် နေလုံးကြီးထဲမှ ချော်ရည်ပူတွေ ဖျန်းချနေသည့်အလား။

မနက် နေထွက်စ တစ်ချိန်ကလေးတွင် တောက်တောက်ပပနှင့် လှသလိုရှိသော်လည်း နေ ခေါင်းပေါ် ရောက်ပြီဟေ့ ဆိုသည်နှင့် ပြေးစရာမြေမရှိဘဲ အပူဒဏ်ကို လိုမ့်ပိန့်ခံရလေတော့သည်။

ညနေပိုင်းတွင်လည်း မစ္စစ်စပီမြစ်ရေပြင်အောက်သို့ နေလုံးကြီး ငုပ်လျှိုးပျောက်ကွယ်သွားသည့်တိုင် မြေပြင်တွင် တံလျှပ်တွေ ကျန်နေဆဲ။ မြေငွေ့တွေ တရှိန်ရှိန် ပျံကာ ချွေးတလုံးလုံးနှင့် စောင်မကပ် နိုင် ဖြစ်ရ



<<http://www.shwezinu.blogspot.com/

ပြန်၏။ မွေ့ရာတွင် ခွေးတွေရွှဲပြီး ဘယ်လူးညာလိမ့်နှင့် ခြေပန်းလက်ပန်းကျကာ အိပ်ပျော် ခြင်းသို့ ရောက်ရသည်။

သို့သော် နောက်နေ့ နိုးလာသည်နှင့် သစ်လုံးတွေထဲသို့ တိုးဖေ့ဝင်လာသည့် အပူဒဏ်နှင့် ထပ်တလဲလဲ ရင်ဆိုင် ရပြန်သည်။

မိုးရွာလျှင်လည်း ရွာသခိုက် ခဏမျှသာအေးပြီး၊ နေပြန်ပွင့်လာပြီးသည်နှင့် မြေပြင်တစ်ခွင်လုံး အငွေ့တထောင်းထောင်းထကာ လေပူကို ရှူရသဖြင့် အသက်ရှူမှားမတတ် ဖြစ်ကြရပြန်သည်။

နေလို့ကောင်းရုံကလေး နွေးသည့် ကနက်တီကပ်နွေကို သတိရသည့်အခါ ဇာတိရပ်မြေကို လွမ်းကာ ဂျူးဒစ် ကျိတ်ငိုရပေါင်းများပြီ။ သို့သော် အစ်ကို သိမည်စိုး၍ သူ့ရှေ့တွင် အမြဲတမ်း ကွန္တြေ ဆည် ထားရသည်။

ဖီးလစ်သည် ဇနီးချောကလေးကို ဖူးဖူးမှုတ်ထားသူဖြစ်သည်။ ဂျူးဒစ်မျက်ရည်ကျသည်ကိုသာ သူသိလျှင် စိတ်မကောင်း ဖြစ်လို့ဆုံးမည် မဟုတ်တော့ပေ။

ဖီးလစ်ကမူ နေပူဒဏ်ကို ဂက်သစ်ချမြိုင် ယာတောအတွက် ခုတ်ထွင်နေသည့် သစ်ပင်တွေ ပုဆိန်ချက်ကြောင့် လဲကျသွားသည့်အခါ နံကောင်တစ်အုပ် ထပျံသွားသလောက်ပဲ သဘောထားသည်။ သည်တော့ အပူဒဏ်ကြောင့် ဂျူးဒစ် သေကောင်ပေါင်းလဲ ခံစားနေသည့်အဖြစ်ကို သူနားလည်နိုင် မည် မဟုတ်ပေ။

" တီဘီ၊ မီးဖိုထဲမှာ နောက်ထပ်မီးထည့်ရင် ငါ ငယ်သံပါအောင် အော်ပစ်လိုက်မယ် သိလား "

" ရှင် ... မမလေး "

တီဘီက ဘာမှ နားမလည်သလို ပြန်မေးသည်။ လက်ထဲတွင် နောက်ထပ်ထည့်မည့် ထင်းတုံးကို ကိုင်လျက်။ နောက် ဘာတွေဆက်ပြောနေမှန်းမသိ။ သူပြောသမျှ တစ်ဂက်လောက်သာ ဂျူးဒစ် နားလည်သည်။ စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်သည်။ တီဘီသည် အလွန်တော်သည့် ထမင်းချက် အမျိုးသမီးကြီး ဖြစ်သည်။ အားလုံးထဲမှရွေးပြီး ဂျူးဒစ်အတွက် ပေးထားခြင်းဖြစ်သည်။ တခြားကပ္ပလီမ တွေအားလုံး တောထဲဝင်ပြီး အလုပ်လုပ်နေကြရသည်။

နောက်တစ်ခန်းလောက်များရှိရင် ဘယ်လောက်ကောင်းမလဲဟု တောင့်တောင့်တတ တွေးနေမိ၏။ ဒီမီးဖိုကြီးထဲက မီးလျှံတွေကို အမုန်းကြီးမုန်းနေပြီ။ ဘယ်လိုမှ ရှောင်မရ။ သစ်လုံးအိမ်ကလေးက နံရံလေးဖက်နှင့် တံခါးတစ်ပေါက်သာရှိသည်။ လေဝင်ပေါက် ဖောက်ထားသည့် ပြတင်းပေါက်ငယ် နှစ်ပေါက်က လေမဝင်။ နေပူရှိန်ပဲ ဝင်နေသည်။ အပြင်ထွက်ဖို့ စိတ်တောင်မကူးရဲ။

အိမ်သစ်ကြီးအတွက် အုတ်မြစ်ချနေသည့် လူမည်းတစ်သိုက်ကို ဂျူးဒစ်အထဲမှ လှမ်းမြင်နေရ၏။ ဂေါ်လ်တာပါစယ်တို့ အိမ်ကြီးထက်တောင် ကြီးမည့်ပုံ။ အင်း ... ဖော်ဖော်ရွှေရွှေ ကြီးဆိုသည့် သီရိ မြိုင်အိမ်ကြီး

<<http://www.shwezinu.blogspot.com/

မှာ တစ်ညတောင် မအိပ်ခဲ့ရပါလား။ ခိုးရာ မလိုက်ဖြစ်ရင် ကောင်းမှာပဲ အကြိမ်ကြိမ် နောင်တ ရမိသည်။ အစ်ကိုကလည်းကွယ် အိမ်ကြီးပြီးမှ ခေါ်ရောပေါ့။

သည်လို တွေးမိတော့လည်း စိတ်မကောင်းဖြစ်ရပြန်သည်။ အစ်ကိုက ချစ်လွန်းလို့ မစောင့်နိုင်တာ မဟုတ်လား။ ချစ်လွန်းလို့ပဲ ကနက်တီကပ် အရပ်သူကလေးကျော်ဖြတ်ရမယ့် နွေကန္တာခရီးကြမ်းကို သူ ကြိုမတွေးမိတာပေါ့။

သူကတော့ သစ်လုံးတဲထဲ နေရလည်း မမှုဘူး။ ကြမ်းပြင်ပေါ်မှာ ပုရွက်ဆိတ်တွေ အုံဖွဲ့နေလည်း ဂရုမစိုက် ဘူးလေ။ စားစရာ၊ သောက်စရာတွေထဲမှာ ပိုးကောင်တွေပါရင် သူက အော်ရယ်တတ်သေးတယ်။ ဘာဆို ဘာကိုမှ သူ မမှု။ သူ့ခေါင်းထဲမှာ သူ့ပိုင်စားမြေတွေကို တောရှင်းဖို့နဲ့ လောလောဆယ် မဲနယ်ပင်စိုက်ခင်း စဖို့က လွဲလို့ ဘာမှမရှိ။

ရုပ်အင်္ကျီ ကို ပေါင်ပေါ်တင်ပြီး ကိုက်ခဲနေသည့် ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဖိထားလိုက်သည်။

" အေး အေး၊ ထည့်ဟေ့ တီဘီ၊ ထင်းတွေ ထပ်ထည့်၊ ဒါမှ စွပ်ပြုတ်အိုးထဲက ပုစွန်တုပ်တွေနဲ့ ဂျုံးဒစ် ဘဂတူ ဖြစ်မှာ၊ မြန်မြန်သေလည်း အေးတာပဲ”

တီဘီက ထင်းတွေကို မီးဖိုအောက် ထိုးသွင်းရင်း -

" ဟင် မမလေး ဘာဖြစ်တာလဲဟင် "

တီဘီ၏ မျက်နှာမည်းမည်းကြီးတွင် ချွေးတွေစို့နေသည်။ သစ်လုံးတွေကြားက တိုးဝင်နေသည့် နေရောင်တွင် ချွေးပေါက်တွေမှာ တလက်လက်တောက်နေ၏။ ဂျုံးဒစ်ကို သိုင်းဖက်ပြီး ကျောပုတ် ကာနှစ်သိမ့်သည်။

" မမလေး စိတ်ညစ်နေလားဟင်၊ အမေ့ကို အောက်မေ့လို့လားဟင် "

ခေါင်းညိတ် လိုက်ပြီး တီဘီ၏ ရောမ ရင်သားကြီးများပေါ်သို့ မျက်နှာမှောက်ချလိုက်သည်။

မေမေတစ်ယောက် သည်ရာသီဥတုကို ဘယ်လိုများ ကြိတ်မှိတ်ခံနေပါလိမ့်။ ထွက်လာပြီးနောက်ပိုင်းတွင် မေမေနှင့် နှစ်ခါ သုံးခါသာ တွေ့ရသည်။ မတ်ရှာရမီနှင့် ဖီးလစ်လန်း တို့၏ ပိုင်စားမြေတွေမှာ တစ်ကြောတည်း ဆက်နေသည်။ သို့သော် တောတွေ၊ တောင်တွေ ထူထပ်လှသဖြင့် သွားရေး လာရေးက မလွယ်။ စခန်းနှစ်ခု၏ အကွာအဝေးကလည်း မိုင် ၁၀၀ နီးပါးရှိသည်။

" ပူလွန်းလို့ လူတွေ သေတာမျိုး ရှိဖူးသလား တီဘီ "

<<<http://www.shwezinu.blogspot.com/

" ဟာ မမလေးကလည်း မဟုတ်တာ၊ ကြာရင် တီဘီတို့လိုပဲ အကျင့်ရသွားမှာပေါ့၊ စိတ်ထဲ စွဲမထားပါနဲ့၊ မမလေးတို့အရပ်မှာ နွေ မရှိဘူးလား "

ဂျူးဒစ် ခေါင်းမထောင်ဘဲ ပြန်ပြောသည်။

" ရှိတာပေါ့၊ ဒီလိုနွေမျိုး မဟုတ်ပါဘူး "

ကြင်နာသူတစ်ယောက်ရဲ့ ရင်ခွင်မှာ ခဏနားရတာ စိတ်ချမ်းသာစရာပါကလား။ ကျေးကျွန်လူမည်း မကြီး တစ်ယောက် ရဲ့ ရင်ခွင်ဖြစ်ဖြစ်ပေါ့။

" သည်းခံနေလိုက်ပါ မမလေးရယ်၊ အစ်ကိုလေး အိမ်ကြီးဆောက်ပြီးရင် မမလေး ဘုရင်မတစ်ပါးလို အေးအေး ချမ်းချမ်း နေရမှာလေ "

အာလုတ်သံကြီးနှင့် ပြောနေသည့် သူ့လေသံကို မနည်းနားထောင်ပြီး အဓိပ္ပာယ် ကောက်ရသည်။ တီဘီ ပြောတာကို သိပ်မယုံချင်ပါ။ ရာသီဥတုကို ဘာနဲ့ ကာကွယ်လို့ရမှာတဲ့လဲ။ သို့သော် ငြင်းဖို့ အား မရှိတော့ပေ။

ချွေးတွေ ရွှဲနေသည့် ဆံပင်ကို နောက်သို့ လှန်တင်ပြီး မတ်တတ်ထရပ်သည်။

" အပြင်ထွက်လိုက်ဦးမယ် "

ဟင်းနံ့ကျွေးနံ့တွေကြောင့် အော့ချင်အန်ချင်ဖြစ်လာသည်။ သည်လိုပူပူလောင်လောင် ရာသီတွင် ဘယ်သူက ဆီဦးထောပတ်တွေ စားချင်မှာတဲ့လဲ။

" ဟုတ်ကဲ့ မမလေး၊ အစ်ကိုလေးကို ထမင်းစားဖို့ ခေါ်လာပေးနော် "

" အားလုံး အဆင်သင့်ဖြစ်ပြီလား "

" အဆင်သင့်ပဲ မမလေး "

တီဘီက ပြောပြောဆိုဆို လက်နီးကောက်ကိုင်ပြီး စွပ်ပြုတ်အိုးကို ဖွင့်လိုက်သည်။ ပုစွန်နံ့နှင့် ဟင်းမွှေးနံ့ တွေ ထောင်းခနဲထွက်လာသည်။ ဂျူးဒစ်သစ်လုံးအိမ်ကလေးထဲမှ ပြေးထွက်ခဲ့၏။ အညှာတာကင်းမဲ့စွာ နှိပ်စက် နေသည့် နေလုံးကြီးကို ဒေါ်ပွနေသည်။

ဖီးလစ်ကိုခေါ်ပြီး ဆီပြန်ဟင်းလျာတွေနှင့် ချွေးတလုံးလုံးစားရဦးမည်။ တီဘီပြောသည့် အင်္ဂလိပ် ဘာသာပျက် စကားတွေကို ကြားရဦးမည်။ ကနက်တီကပ်တွင် လုံးဝ မကြားဖူးသည့် စကားမျိုး။

<<<http://www.shwezinu.blogspot.com/

သစ်လုံးအိမ်ကလေးကို ကျောမှီပြီး မျက်နှာကို လက်နှင့် အုပ်ထားလိုက်သည်။ အားလုံးကို မုန်းတီးစိတ်တွေ ဝင်လာသည်။ ပါးကို ခြင်တစ်ကောင်လာကိုက်သည်ကို ဖြန်းခနဲ ရိုက်ပစ်လိုက်သည်။ ပြီးမှ သစ်တောဆီသို့ ထွက်ခဲ့၏။

မဲနယ်ပင်စိုက်ခင်းအတွက် သစ်ခုတ်နေကြသည့် လူမည်းတို့၏ ပုဆိန်ချက်များဖြင့် တောထဲတွင် ဆူညံနေသည်။ နေက မတရားပူသော်လည်း အိမ်ထဲမှာလို ပိတ်လှောင်မနေဘဲ လေအနည်းငယ် ရ သည်။

ပင့်တင် ထားသည့် အင်္ကျီလက်မောင်းကို ပြန်ဖြေချဖို့ မလွယ်ဖြစ်နေ၏။ ချွေးတွေနှင့် ရွဲပြီး ကျပ်နေသည်။ သည်အတိုင်း အပြင်ထွက်ဖို့ မသင့်လျော်သော်လည်း မထူးပါဘူးဆိုပြီး ဆက်လျှောက်သည်။

ဟင် … ဒီမှာလည်း ဟင်းနံ့ကျွေးနံ့တွေနဲ့ ညှော်လို့ပါလား။ တောထဲတွင် တစ်ဖက်ရပ်တဲနှင့် ချက်ပြုတ်နေကြသော လူမည်း အမျိုးသမီးတစ်သိုက်ကို လှမ်းမြင်လိုက်သည်။ အလုပ်သမားတွေ အတွက် ချက်ပြုတ်နေကြခြင်းဖြစ်သည်။

အိမ်သစ်ကြီး အုတ်မြစ်ချနေသည့်ဘက်မှ လှည့်သွားသည်။ ခြေထောက်က ဖုန်တွေ စကတ်တွင် ပေကျံကုန်သည်။ လူမည်းအလုပ်သမားတွေက ညာသံပေးပြီး အင်နှင့် အားနှင့် အလုပ်လုပ်နေကြ သည်။ သူတို့ တိုင်သည့်သံချပ်တွေက ဘာတွေမှန်းမသိ။ ပုဆိန်ချက်တိုင်း စည်းချက်မှန်မှန် ပေါ်နေ ၏။ သစ်ပင်ရင်း မှ သစ်သားစတွေ ဖွာခနဲ ဖွာခနဲ ဖြာထွက်နေသည်။

သူတို့ကြွက်သားကြီးတွေမှာ နေရောင်တွင် တဖိတ်ဖိတ် တောက်နေသည်။ လူတိုင်း အပေါ်ပိုင်း ဗလာကျင်းလျက်။ နေပူကျဲကျဲကြီးတွင် ဂျူးအစ်ကျောထဲ စိမ့်သွား၏။ ပုဆိန်ကို မြှောက်လိုက်တိုင်း လက်မောင်းကြွက်သား တွေ လှိုင်းထသွားသည်။

သူတို့ ခေါင်းပေါ်တွင် ပင်မြင့် ပင်စောက်တို့၏ အကိုင်းအခက်တွေ တစ်ပင်နှင့် တစ်ပင် ကူးခက်ယှက်ဖြာနေသည်။ အချို့အပင်ကြီးများမှာ နွယ်ပင်တွေ တိုးလိုးတန်းလန်းနှင့်။ ရေညှိပင်တွေကမူ ပင်အိုတိုင်းတွင် ဟီးလေးခိုလျက်။ ကြက်သွေးရောင် အပွင့်ကလေးများက မည်းမှောင်နေသည့် သစ်တောထဲတွင် အလင်းရောင်ပေးနေဘိသို့။

မြင်ကွင်းကို ဂျူးအစ်ငေးကြည့်နေသည်။ ကြည့်ကောင်းသလိုလို၊ ကြောက်စရာ မြင်ကွင်းလိုလို မရေ မရာနှင့်။ ကပ္ပလီဆိုသည့် လူတွေဟာ ဘယ်လို လူစားတွေပါလိမ့်။

လူမည်းဂိုဏ်းဂဏနှင့် လူဖြူ၏ဂိုဏ်းဂဏ တူ မတူ အငြင်းပွားနေကြသည်တဲ့။ အချို့အဆိုအရ သူတို့ဟာ အာဖရိက တောနက်ကြီးတွေထဲမှာ တိရစ္ဆာန်တွေလို လျှောက်သွားနေကြသူတွေတဲ့။ တစ်ယောက်ကို တစ်ယောက် ဦးရာလူက သတ်ပြီး ချက်ပြုတ်စားသောက်ကြသတဲ့။ ဖြစ်နိုင်ပါ့မလား။ တီဘီကျတော့ တကယ့်လူတစ်ယောက်အတိုင်းပဲလေ။ ဟင်းချက်လည်း ကောင်းမှ ကောင်း။

<<http://www.shwezinu.blogspot.com/

ဤတွင် ကပွလီတစ်ယောက် ဂျူးဒစ်ကို မြင်သွားပြီး လက်ညှိုးထိုးကာ တစ်စုံတစ်ရာ အော်ပြောလိုက်သည်။ ဂျူးဒစ် အလန့်တကြား ပြန်ကြည့်သည်။ သူက ထပ်အော်ပြန်သည်။ သစ်ခုတ်နေသည့် လူမည်းတွေအားလုံး ဝိုင်းကြည့်နေကြပြီ။

ဂျူးဒစ် ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိလိုက်သည်။ ထွက်ပြေးဖို့ ကြိုးစားသည်။ သို့သော် အကြောက်လွန်ပြီး ဒူးတွေ ပျော့ခွေနေသည်။ လူတွေကို အိုးထဲ ထည့်ပြုတ်နေသည့် မြင်ကွင်းမျက်စိထဲ မြင်လာသည်။ ပါးစပ်ဟပြီး ဖီးလစ်ကို အော်ခေါ်ဖို့ ကြိုးစားသည်။ သို့သော် လည်ချောင်းထဲတွင် အသံ ပျောက်သွားသည်။

ထိုစဉ်တွင် လူမည်းအားလုံး ပုဆိန်တွေ လွှတ်ချပြီး ဂျူးဒစ်ဆီသို့ ပြေးလာကြသည်။ ပြီးတော့ အတင်းဖင်ဆွဲသည်။ ဂျူးဒစ် ငယ်သံပါအောင် အော်ကာ ရုန်းရင်းဆန်ခတ် ပါသွားသည်။ သူ့ကိုပွေ့ ပြေးသည့် တစ်ယောက်က သစ်ငုတ်တစ်ခုနှင့် ခလုတ်တိုက်လဲသည်။ နောက်တစ်ယောက်က အတင်း ဖင်ပြီး ဒယဉ့်တိုက် ဆွဲပြေးပြန်သည်။ စကတ်တစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာဖြစ်သွားသည်။

ဆူးချုံ တွေထဲ ဖြတ်ဆွဲပြေးခြင်းဖြစ်၍ မျက်နှာနှင့် ဦးခေါင်းတို့တွင် ခြစ်မိကုန်သည်။ ထိုစဉ် နံဘေး တွင် ကပ်ပြီး ဂုန်းခနဲ ပြိုကျသံဖြင့် ကြားလိုက်ခြင်းဖြစ်၏။

သည်တော့မှ ဆွဲယူသွားသည့် လူမည်းက အပြေးရပ်ပြီး ဂျူးဒစ်ကို လွှတ်လိုက်သည်။ ချက်ချင်း ဖီးလစ် ရောက် လာသည်။ သစ်ခုတ်သမားတွေကို တွန်းဖယ်ပြီး ဂျူးဒစ်ကို ပွေ့ယူသည်။

" ဂျူးဒစ် ... မင်း ဘာမှ မဖြစ်ဘူးနော် "

သူ့ကို သိုင်းဖက်လိုက်၏။ ပါးတွင် သွေးတွေ စီးကျလာသည်။

" အစ်ကို အစ်ကို သူတို့ ဘာလုပ်ကြတာလဲဟင် "

လူမည်းတစ်သိုက် ပြုံးစိစိဖြင့် တီးတိုး တီးတိုး ပြောနေကြ၏။

" အစ်ကို၊ ပြောလေ၊ သူတို့ ဘာလုပ်ကြမလို့လဲလို့ "

ဂျူးဒစ် ထပ်ပြီး အော်မေးသည်။

" ဩော် ... မိန်းကလေးရယ်၊ မင်းကို အစ်ကို အကြိမ်ကြိမ် ပြောထားလျက်သားနဲ့၊ ဘာလို့ တောထဲ လိုက် လာ ရတာလဲ၊ မင်းကို သူတို့ ပြေးဖို့ မပြောကြဘူးလား "

ဖီးလစ် က မြေကြီးပေါ်ထိုင်ပြီး ကလေးတစ်ယောက်ကို ပွေ့သလို ပွေ့ထားရင်း ပြောနေခြင်းဖြစ် သည်။

" သူတို့ အော်တော့ အော်တယ်။ ဒါပေမဲ့ သူတို့ ... သူတို့၊ ဂျူးဒစ် ကို သတ်စားကြမယ် ထင်လို့ "

<<http://www.shwezinu.blogspot.com/

ဖီးလစ် ခုမှ ရယ်နိုင်တော့သည်။

" သြော် ကလေးရယ်၊ ပောဟိုသစ်ပင်ကြီးက မင်းခေါင်းပေါ် တည့်တည့်ကျမယ့် ဆဲဆဲလေ၊ သူတို့ ပြေးခိုင်းတာ မင်းက မပြေးဘူး၊ အဲဒါကြောင့် မင်းကို အတင်းဆွဲပြေးကြတာလေ၊ ကဲ ... ဒါဆို သူတို့ ကို မင်း အသားကျွေးသင့်တာပေါ့ "

" တော်ပါ၊ ရယ်မနေနဲ့ "

ပြောပြောဆိုဆို ဂျူးဒစ် ထရပ်သည်။ ဖီးလစ်က ဖုန်တွေ၊ သစ်ရွက်ခြောက်တွေခါပြီး ထသည်။ ရုပ်အင်္ကျီမှာ ချွေးတွေ ရွှဲပြီး ဆံပင်ရှည်ရှည်ကို စုစည်းထားသည့် ခေါင်းစည်းမှာလည်း ချွေးတွေစိုနေ သည်။

ဂျူးဒစ် စိတ်တိုတိုနှင့် သစ်လုံးအိမ်ကလေးဆီသို့ လျှောက်ပြန်လာခဲ့သည်။ လိပ်ပြာလွင့်မတတ် အထိတ်တလန့် ဖြစ်ရသည့် ကိစ္စကို သူက ရယ်မောနေသည့်အတွက် မကျေမနပ် ဖြစ်နေ၏။

ဖီးလစ် က နောက်မှ လိုက်လာပြီး ဇနီးကလေး၏ ပခုံးကို သိုင်းဖက်လိုက်၏။

" အစ်ကိုကတော့ အရမ်းဆာလာတယ် ဂျူးဒစ်ရေ၊ တီဘီ ဘာတွေ ချက်ထားလဲ ဟင် "

" ကြက်သား၊ ပုစွန်စွပ်ပြုတ်နဲ့ ထမင်းတဲ့ "

" ဟား၊ အနိပ်ပဲဟေ့၊ တောရှင်းရတာ သိပ်ဆာလွယ်တာပဲ၊ ဒါထက် အိမ်အုတ်မြစ်ချတဲ့အဖွဲ့ ဒီနေ့ တော်တော် ပြီးရဲ့လား မသိဘူး၊ ကွင်းထဲက လူတွေကို ဆောက်လုပ်ရေးပိုင်းမှာ ထပ်ဖြည့်နိုင်ရင် ဆောင်းအမီ အိမ်ကြီးထဲကို တို့ ပြောင်းနေနိုင်မယ် "

ခြေလှမ်းကျဲကြီးနှင့် လျှောက်နေသည့် သူ့ကိုမီအောင် မနည်းလိုက်နေရသည်။ ခေါင်းက မူးသည် ထက် မူးလာသည်။ သူက စကားပြောလို့ ကောင်းနေဆဲ။

" နောက်နှစ် ဒီအချိန်ဆိုရင် သူတို့ သစ်ခုတ်တဲ့ နေရာတစ်ပိုက်မှာ မဲနယ်ပင်တွေ စိုက်ပြီးနေလောက် ပြီ၊ ဆေးတွေလည်း တွဲစိုက်မယ်၊ နှစ်နှစ်သုံးနှစ်အတွင်း တောရှင်းတဲ့ လုပ်ငန်းကို အပြတ်လုပ်မှ၊ မဲနယ်ဈေးကွက် သိပ်ကောင်းနေတယ်၊ စပါးနဲ့ လိမ္မော်လည်း စိုက်ရဦးမယ်၊ ဂါဝွမ်းလည်း နည်းနည်း ပါးပါး စမ်းစိုက် ကြတာပေါ့ "

သူ့အလုပ်မှ သူ့အလုပ်။ ငါ့ကို လုံးဝဂရုမစိုက်ဘူး။ ဒါလောက် စိတ်ရှုပ်နေတာတောင် သူ မသိကျိုး ကျွန် လုပ်နေတယ်။ ငါ့ကို တီဘီလောက်ပဲ သဘောထားသလား မသိဘူး။ ဂျူးဒစ် စိတ်ချဉ်ပေါက် ပေါက်နှင့် တွေး နေသည်။

အိမ်ကလေးကို ရောက်ရောက်ချင်း နံရံကို ခေါင်းမှီပြီး တအား ငိုချလိုက်တော့သည်။

" ဟင် အချစ် ဘာဖြစ်လို့လဲဟင် "



<<<http://www.shwezinu.blogspot.com/

တင်းထားသမျှတွေအားလုံး အရည်ပျော်ကုန်လေပြီ။ သူ့ရင်ခွင်ကျယ်ကြီးထဲတွင် မျက်နှာအပ်ပြီး ငိုချလိုက်သည်။

" ဂျူးအစ် မခံနိုင်တော့ဘူး အစ်ကို၊ ရာသီဥတုရော၊ အားလုံးရောပဲ၊ အသက်ရှူလို့လည်း မဝဘူး၊ ခေါင်းကိုက်နေတာ ကြာပြီ အစ်ကို၊ ဒီအတိုင်းဆိုရင် ဂျူးအစ် သေလိမ့်မယ်ထင်တယ်"

ဖီးလစ် က တင်းတင်းဖက်ပြီး မျက်ရည်တွေ စို့နေသည့် ပါးပြင်ကို နမ်းရင်း -

" ဩော် အချစ်ရယ်၊ အစ်ကို သနားလိုက်တာကွယ်၊ ဒီနွေမျိုး မင်းပထမဆုံး တွေ့ဖူးတာကိုး၊ ဟုတ်တယ်မဟုတ် လား၊ လာလာ အထဲဝင်"

" အဲဒီ မီးဖိုကြီးနားကို ဟုတ်လား "

သူ ကြားဟန်မတူ။ အထဲ ခေါ်သွင်းသွားသည်။ ဂျူးအစ် ငိုချင်စိတ်ကို မျိုချနေရသည်။ မီးနှင့် အဝေးဆုံးနေရာမှ သေတ္တာတစ်လုံးပေါ်တွင် အထိုင်ခိုင်းသည်။

"တီဘီ၊ မမလေးဖို့ ရေနည်းနည်း ယူခဲ့စမ်းဟေ့ "

တီဘီက စွပ်ပြုတ်ပန်းကန်တွေကို ခပ်ပြီး စားပွဲပေါ်တင်နေရာမှ ဘူးသီးခြောက်ကို ရေပုံးထဲနှစ်ပြီး ယူလာပေးသည်။

" ရော ဒီမှာ မမလေး "

ဂျူးအစ် ကြိုးစားပြီး သောက်သည်။ ပိန်းကောလေ့ကြီးပေါ်မှာကတည်းက မြစ်ရေနောက်နောက်နှင့် ရင်းနှီးခဲ့ပြီ။ သည်အထဲက အော့ချင်အန်ချင် ဖြစ်လာသေးသည်။ ရေက နွေးနေသည့်အပြင် လျှာပေါ်တွင် ချွဲတဲတဲ ဖြစ်နေသေး၏။

အီလည်လည် စွပ်ပြုတ်နံ့က နှာခေါင်းထဲ ဝင်လာပြန်သည်။ တစ်ကိုယ်လုံး အေးသွားလိုက်၊ ပူလာ လိုက်ဖြစ် နေသလို စိတ်ကထင်၏။ ရင်ထဲတွင် အော်ဂလီဆန်လာသည်။ မြင်မြင်သမျှ အရာရာတိုင်း ချာချာလည်နေ၏။

ကိုယ့်ကိုယ်ကိုယ် ဘာလုပ်ရမှန်းမသိဘဲနှင့် အပြင်သို့ ပြေးထွက်သွားမိသည်။ ဖီးလစ် သူ့ကို မီလာချိန်တွင် ချုံစပ်တစ်နေရာမှာ ဂျူးအစ် ဒူးညွတ်ကျသွားသည်။ အနားရှိ အုန်းပင်ကို လှမ်းဖက်ထားလိုက်ရင်း တဂေါ့ဂေါ့ အန်လေတော့သည်။

ဖီးလစ်က တယုတယ တွဲခေါ်ပြီး သစ်လုံးအိမ်ကလေး၏ လှေကားထစ်တွင် ထိုင်ခိုင်းလိုက်သည်။ အရိပ်ရသည့် နေရာကလေး။ နံဘေးမှ လင်တော်မောင်ကို ငဲ့ကြည့်ပြီး -



<<http://www.shwezinu.blogspot.com/

" ဂျူးဒစ် စိတ်မကောင်းပါဘူး အစ်ကိုရယ် "ဟု ခပ်ညည်းညည်းပြောသည်။

ဖီးလစ်က သိုင်းဖက်ပြီး ဦးခေါင်းကို ပခုံးပေါ်တွင် မှီထားပေးသည်။ ပြီးတော့မှ မေးခွန်းတွေ တရစပ် မေးတော့၏။ ဂျူးဒစ်က လူချင်းခွာလိုက်ပြီး ပါးစပ်အဟောင်းသားနှင့် -

" ဘာ ဂျူးဒစ် မှာ ကလေးရှိနေပြီလို့ အစ်ကို ဆိုလိုတာလားဟင် "

" ဟုတ်တယ် အချစ်ရဲ့၊ မင်း မသိဘူး မဟုတ်လား "

ဂျူးဒစ် ခေါင်းချသည်။ ခဏနေမှ -

" ဂျူးဒစ် ဘာမှမသိဘူး အစ်ကိုရယ်၊ အစ်ကိုက ထင်မှာပဲ၊ ဘာမှ အသုံးမကျတဲ့ ကောင်မလေးလို့ "

" မဟုတ်ဘူး ဂျူးဒစ်၊ အသုံးမကျတာ အစ်ကိုဗျ၊ သိလား "

" သိပ်နာမှာလားဟင် "

ဖီးလစ် ခေါင်းညိတ်သည်။

" နာတယ်လို့ ပြောကြတာပဲကွယ် "

" ပြောပြပါ အစ်ကိုရယ်၊ ဘယ်လိုမျိုးလဲဟင် "

ဖီးလစ် ခေါင်းထောင်လာသည်။

" ကိုယ်လည်း သိပ်မသိဘူး ဂျူးဒစ်ရယ်၊ သိပ်မသိတာ မဟုတ်ပါဘူးလေ၊ ဘာမှ မသိတာပါ"

ဂျူးဒစ် မျက်လုံးပြူးသွားသည်။ အစ်ကို မသိတဲ့ကိစ္စ ဘာမှမရှိဘူးဟု ထင်ခဲ့သည် မဟုတ်လား။

" အစ်ကို တကယ် ပြောတာလားဟင် "

" တကယ်ပါ၊ အစ်ကို အဲဒီကိစ္စကို တစ်ခါမှ မစဉ်းစားခဲ့မိဘူး၊ စိတ်မကောင်းပါဘူး အချစ်ရယ် "

" အို ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ အစ်ကို "

ဂျူးဒစ် ခေါင်းထဲသို့ ပထမဆုံး ဝင်လာသည့် အတွေးက အစ်ကို နှောင်တမရစေဖို့ ဖြစ်၏။ သူ့မှာ လုပ်စရာတွေက အများကြီး မဟုတ်လား။

" မပူပါနဲ့ အစ်ကိုရယ်၊ အမေ တစ်ယောက်လုံး ရှိပါသေးတယ်၊ အမေ စီစဉ်ပေးပါလိမ့်မယ်၊ အစ်ကို ပြောတဲ့ မျိုးဆက်သွေး တည်ထောင်ဖို့ဆိုတာ ကလေးတွေ မမွေးဘဲ မဖြစ်နိုင်ဘူးလေ၊ မဟုတ်ဘူး လား"

<<http://www.shwezinu.blogspot.com/

ခပ်ရွှရွှလေး ပွေ့ပြီး နမ်းရင်း -

" သိပ်ဟုတ်တာပေါ့ကွာ၊ သိပ်ဟုတ်တာပေါ့၊ မင်းဟာ တကယ့်သတ္တိခဲမလေးပါပဲ၊ ဟုတ်ပြီ၊ မနက် အစောကြီး မြင်းလှည်းပြင်ပြီး မင်းကို အမေ့ဆီ လိုက်ပို့မယ် "

" အစ်ကို တကယ်ပြောတာနော်၊ အမေ ဘယ်လောက် ဝမ်းသာလိုက်မလဲနော်၊ သမီးနဲ့သမက် သူတို့ဆီ အတူလာတာ တွေ့ရင်လေ "

" ဝမ်းမသာဘဲ အစ်ကို့ကို ကုပ်ချိုးသတ်နေပါဦးမယ်၊ အစ်ကို့ကို မင်းချစ်ပါတယ်နော်၊ အစ်ကို့နောက် ကို လိုက်ခဲ့မိ လို့ မင်း နောင်တမရပါဘူး နော် ဂျူးဒစ် "

သူက ဂျူးဒစ် ၏ လက်ကလေးကို ကိုင်ပြီး မေးသည်။

" အို မဟုတ်တာ အစ်ကိုရယ်၊ အစ်ကို့ကို သိပ်ချစ်ပါတယ် "

လင်တော်မောင်ကို မော့ကြည့်ပြီး ဂျူးဒစ် ပြုံးသည်။ ဘဂကြမ်းကို ခံနိုင်ရည်မရှိလို့ မဟုတ်ဘဲ တခြား အကြောင်းရှိ၍ နေမကောင်းဖြစ်ကြောင်း သိရသဖြင့် ဂျူးဒစ် အားတက်လာသည်။ ကိုယ်ဝန်ရှိနေပြီ ဆို၍လည်း ရင်တွေ ခုန်နေသည်။ အစ်ကိုနဲ့တူတဲ့ ကလေးမျိုးရရင် သိပ်ကောင်းမှာပဲနော်။ တောထဲ တောင်ထဲ မှာ ဧရာမအိမ်ကြီးဆောက်ပြီး မျိုးဆက်တစ်ခု တည်ထောင်မည်။ ပိုင်စားမြေဧက သုံးထောင်ရဲ့ အလယ်မှာ ဂက်သစ်ချမြိုင် စံအိမ်ကြီး အတင့်အတယ် ပေါ်လာတော့မည်။ ဘာကြောင့် အားမတက်ဘဲ ရှိရမည်နည်း။

သစ်တောထဲမှ အသံဗလံတွေ ကြားရသဖြင့် ဂျူးဒစ် လှည့်ကြည့်လိုက်သည်။

" အစ်ကို၊ ဟိုမှာ မြင်းရထားတစ်စီး လာနေတယ် "

" ဟုတ်တယ် ဂျူးဒစ်၊ ဘာအဓိပ္ပာယ်လဲ မသိဘူး "

ဖီးလစ်က ခါးမှ ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး -

" မင်း အထဲဝင်နေ ဂျူးဒစ် "

ဂျူးဒစ် ထရပ်သည်။ သို့သော် အိမ်ထဲမဝင်မီ မြင်းရထားက မြင်သာသည့် ကွက်လပ်ထဲသို့ ရောက် လာနေပြီ။

" ဟင် ဂျူးဒစ်အစ်ကို ကာလက် ပါလား "

ဖီးလစ်က သေနတ်ကို ခါးမှာပြန်ထိုးပြီး မြင်းလှည်းဆီသို့ လျှောက်သွားရင်း ကာလက်ကို လှမ်းအော် နှုတ်ဆက်သည်။ ဂျူးဒစ်လည်း နောက်မှ လိုက်သွား၏။ သည်ခရီးဝေးကြီးကို ဘာကိစ္စနဲ့ ရောက် လာတာပါလိမ့်။

<<http://www.shwezinu.blogspot.com/

ကာလက် မြင်းရထားပေါ်မှ ဆင်းလာသည်။ သူတို့ဆီသို့ ရှက်ကိုး ရှက်ကန်း အမူအရာဖြင့် လျှောက်လာ၏။ ကာလက်မှာ အရပ် မြင့်မြင့် အရိုးအဆစ်ကြီးကြီးနှင့် မျက်နှာက သူ့အဖေလိုပင် တည်သည်။ ဂျူးဒစ်လို သွက်သွက်လက်လက် မဟုတ်။ တုံ့ဏှိဘာဝေ နေတတ်သည်။ မိဘစကား ကို မြေဂယ်မကျ နားထောင် သည်။ ဟောဟော ဒိုင်းဒိုင်း ညီမလုပ်သူနှင့် အသွင်မတူသော်လည်း မောင်နှမနှစ်ယောက် တစ်ဦးကို တစ်ဦး ချစ်ကြသည်။

မျက်လွှာချကာ မြေကြီးကို ဖိနပ်ဦးဖြင့် ထိုးဆွရင်း -

" ဂျူးဒစ်၊ အမေ နေမကောင်းဘူး၊ တော်တော် ဖျားနေတယ်၊ နင် ခဏပြန်လာရင် ကောင်းမယ် "

" ဟင် အမေ နေမကောင်းဘူး ဟုတ်လား၊ အိပ်ရာထဲ လဲနေလားဟင် "

ဘယ်လို ဖြစ်တာပါလိမ့်။ ဒါလောက် ကျန်းမာရေးကောင်းတဲ့ မေမေ။

" အင်း ... တော်တော်လေး ဆိုးတယ် "

ဖုန်မှုန့်တွေကို တစ်ချက်ကန်ရင်း ပြောသည်။ ဂျူးဒစ်ထက် အကြီးဖြစ်သော်လည်း လူငယ်ကလေး တစ်ယောက် နှင့် တူနေသည်။

" ယာတောကို ပြောင်းလာကတည်းက မေမေ တရှောင်ရှောင် ဖြစ်နေတာ၊ ပူလွန်းလို့ ထင်ပါရဲ့ ဟာ၊ ခုတော့ အဖျားပါ ဝင်လာတယ်၊ အဖေက ပြောတယ်၊ အမေ့ကို ကြည့်မယ့်လူလည်း မရှိဘူးတဲ့ "

လင်တော်မောင် မျက်နှာကို ဂျူးဒစ် မော်ကြည့်လိုက်သည်။ ဖီးလစ် မျက်ခုံးတွန့်ပြီး -

" ဂျူးဒစ် လိုက်သွားချင်လား ဟင် "

" လိုက်ချင်တာပေါ့ အစ်ကိုရယ်၊ လိုက်သွားပါရစေနော် "

" ဒါပေမဲ့ မင်းကိုယ်တိုင်လည်း နေ မှ မကောင်းတာ "

ကာလက်ဘက် လှည့်ပြီး -

" မင်းတို့အိမ်မှာ အိမ်ဖော် ကပ္ပလီတွေ မရှိဘူးနော် "

ကာလက် က မျက်နှာပျက်ပျက်ဖြင့် ခေါင်းခါပြရင်း -

" ကျွန်တော်တို့ ဂယ်လာတဲ့ ကပ္ပလီတွေက ကွင်းဆင်းလုပ်သားတွေချည်းပဲ၊ အမေက သူတို့ကို အိမ်မှာ မခိုင်းချင် ဘူးလေ၊ အလေ့အထ မရှိဘူးမဟုတ်လား"

<<http://www.shwezinu.blogspot.com/

" ဂျူးဒစ် လိုက်သွားမယ်နော် အစ်ကို၊ ကာလက် ခဏလေးစောင့်နော် "

ပြောပြော ဆိုဆို ဖီးလစ်ကို အိမ်ထဲသို့ ခေါ်သွားပြီး -

" မနက်ဖြန် သွားရမယ့် အတူတူပဲ၊ လိုက်သွားမယ်နော် အစ်ကို၊ အစ်ကိုနဲ့ လိုက်ပြေးလာတာ ဂျူးဒစ်မှာ အပြစ် ရှိတယ်။ အမေ တစ်ချိန်လုံး စိတ်ပူနေရှာမှာ။ ထုတ်မပြောပေမဲ့ စိတ်ပူနေမှာ သေချာတယ်။ ဂျူးဒစ် လုပ်တာ မမှားတဲ့အကြောင်း ပြောမယ်၊ ဒါမှ မေမေ စိတ်သက်သာရာရမှာ "

" ကောင်းပြီလေ၊ အစ်ကို ကာလက်ကို သွားပြောလိုက်မယ်နော်၊ ဂျူးဒစ်လိုက်မယ့် အကြောင်းလေ "

" ဂျူးဒစ် အဝတ်အစားတွေ ထည့်လိုက်ဦးမယ်၊ ကာလက် ကို ညစာ ကျွေးလိုက်ပါ အစ်ကို၊ မနက်ဖြန် အစ်ကို လိုက်ဖြစ်အောင် လိုက်လာခဲ့နော် "

ဖီးလစ် အပြင်ထွက်သွားတော့ ဂျူးဒစ် အဝတ်အစားတွေ ပြင်သည်။ သန့်သန့်ပြန့်ပြန့် အဝတ်ကလေး တွေကို ရွေးဝတ်သည်။ အမေ့ဆီ လိုက်သွားဖို့ ဣန္ဒြေပျက်လောက်အောင် ဖြစ်မိခြင်း အတွက် အစ်ကို့ကို အားနာ စရာ ဖြစ်နေမလား။

" နင်တို့နေရတဲ့ အိမ်ကလဲဟယ် စုတ်ချာလိုက်တာ "

မြင်းရထား မောင်းထွက်လာပြီး လမ်းပေါ် ရောက်ရောက်ချင်း ကာလက်က နိဒါန်းမပျိုးဘဲ ပြောလာ သည်။

" သိပ်အဆိုးကြီး မဟုတ်ပါဘူး ကာလက်ရယ်။ ဂျူးဒစ်အတွက် ကပ္ပလီ အစေခံမတစ်ယောက်လည်း ရှိတယ်လေ "

" အမေကတော့ သူတို့ကို ကွင်းထဲက အလုပ်နဲ့ပဲ တန်တယ်တဲ့၊ အစားအသောက်အနား ကို မကပ်စေနဲ့တဲ့၊ ဒါလောက် မည်းနေတော့ သူတို့ ဘယ်လိုလုပ်ပြီး သန့်ရှင်းနိုင်မှာလဲ "

ပထမ တော့ တီဘီကို ဂျူးဒစ် သည်လိုပဲ မြင်ခဲ့သည်။ ခုတော့ သူ့အမြင်တစ်မျိုး ပြောင်းသွားပြီ။

" သူတို့ဟာ လူဖြူတွေလိုပဲ သန့်ရှင်းပါတယ် ကာလက်၊ မည်းတာနဲ့ ညစ်ပတ်တာ တခြားစီပဲ၊ ဖီးလစ်က လူမည်းကျွန် တွေနဲ့ တစ်သက်လုံး နေလာတော့ သူတို့အကြောင်းကို ပိုသိတယ်လေ "

ကာလက် က မြင်းကို ငေါက်ပြီး တအားမောင်းနေသည်။ ဂျူးဒစ်လွင့်မကျအောင် ထိုင်ခုံကို မနည်း ကိုင်ထား ရသည်။ နေရှိန်က ဆောင်းထားသည့် ဦးထုပ်ကို ဖောက်ထွင်းပြီး ရက်ရက်စက်စက် ပူနေ သည်။ သို့သော် ကြိတ်မှိတ်ခံနေလိုက်သည်။ အစ်ကိုလုပ်သူ၏ရှေ့တွင် မညည်းညူမိအောင် ချုပ် တည်းထား လိုက်သည်။

<<<http://www.shwezinu.blogspot.com/

အတန်ကြာမှ ကာလက် လည်ချောင်းရှင်းပြီး -

" နင် နေရတာ အဆင်ပြေရဲ့လားဟင် ဂျူးဒစ် "

" ဟာ ဘာလို့ မပြေရမှာလဲ ကာလက်ရဲ့ "

" မေမေက နင့်အတွက် သိပ်စိတ်ပူနေတာ၊ နင်တို့နေတဲ့ အိမ်ကို သူတစ်ခါ ရောက်ပြီးကတည်းက တော်တော့် ကို စိတ်မကောင်းဖြစ်နေတယ်၊ မိုးမယိုဘူးလားဟင်"

" သိပ်မသည်းရင်တော့ မယိုပါဘူး "

" ဗီးလစ် ကရော နင့်အပေါ် ကောင်းရဲ့လား "

" ဂျူးဒစ် ကို သိပ်ချစ်ရှာပါတယ် ကာလက်ရယ် "

" အလုပ် တွေရော လုပ်ခိုင်းသလား " ဂျူးဒစ် ရယ်သည်။

" ဘာဆိုဘာမှ မလုပ်ခိုင်းဘူး၊ ချည်ငင်ပါရစေ ပြောတာတောင် မရဘူး၊ အဲဒီအတွက် ကောင်မလေး တစ်ယောက် သတ်သတ်ရှာပေးမယ်တဲ့၊ သူတို့အရပ်မှာ အမျိုးသမီးတွေ လုပ်စရာရှိတာတွေအား လုံး ကျွန် တွေက လုပ်ရတယ်တဲ့လေ "

" ဒါပေမဲ့ တို့က အဲဒီလောက်မှ မချမ်းသာဘဲ "

" နောက် ချမ်းသာလာမှာပေါ့၊ ဘုရင်မင်းမြတ် ပေးသနားတဲ့ ဒီမြေတွေ အများကြီးရယ်၊ မဲနယ်ဈေး က လည်း ဒါလောက်ကောင်းနေတာ ဘာလို့ မချမ်းသာရမှာလဲ၊ မစ္စတာပါစယ်တို့ နေပုံထိုင်ပုံ ကြည့် ပါလား "

" မစ္စတာပါစယ်တစ်ယောက် ပြောပုံဆိုပုံ နေပုံထိုင်ပုံအားလုံး ပြောင်းလဲသွားတယ်လို့ ဖေဖေက ပြော နေတယ်၊ သူ့မိန်းမကြောင့်ပဲ ထင်တယ်တဲ့ "

" ဂျာဗာစီလား၊ သိပ်တော်တဲ့ အမျိုးသမီးပါ ကာလက်ရယ်၊ ဘာဂင်မြင့်ပုံ မရပါဘူး "

" ထားပါလေ၊ အမေကတော့ နင့်ကိုမြင်မှ သက်သာလာမလား မသိဘူး "

ဂျူးဒစ် ပြုံးသည်။ ဗီးလစ် ဘယ်လိုတော်ကြောင်း၊ ဘယ်လောက် ပြည့်ဝကြောင်း မေမေ့ကို ပြောပြ ရဦးမည်။ ပြီးတော့ ကလေးမွေးဖို့ အကြောင်းကိုလည်း မေမေ့ကို မေးရမည်။ အဖေနှင့် အစ်ကို တို့နောက်ကွယ်မှာ သားအမိ နှစ်ယောက်ထဲ ပြောစရာတွေ အများကြီးပါလား။

ဂျူးဒစ်သည် နံဘေးမှ အစ်ကိုလုပ်သူကို အကြင်နာမျက်လုံးများဖြင့် ကြည့်လိုက်၏။ မိမိထက်ကြီး သော်လည်း သူ့မျက်နှာမှာ နုနုနယ်နယ်ကလေး။ ပီဘိကလေးတစ်ယောက် အတိုင်းပင်။ မိမိကမူ ၁၅ နှစ်အရွယ်


<<http://www.shwezinu.blogspot.com/

တွင် အိမ်ရှင်မဖြစ်နေပြီ။ ဂက်သစ်ချမြိုင်ရဲ့ မျိုးဆက်သွေးကို ဂမ်းမှာ လွယ်ထား နေပြီ။

ရှာရမီမိသားစုက သူတို့ယာတောကို "သစ်ဖြူတော" ဟု နာမည်ပေးထား၏။ ကာလက်ရွေးပေး သည့်နာမည်ဖြစ်သည်။ ကာလက်သည် စိတ်ကူးယဉ်တတ်သူ ဖြစ်၏။ ကဗျာဆန်ချင်သူဖြစ်၏။ အဖြူ ရောင် ဆိုက်ပရပ် ပင်စည်တွေကို ကြည့်ပြီး ယာတောမြေနှင့် လိုက်ဖက်သည့် နာမည်ကို သူ ရလိုက်ခြင်း ဖြစ်သည်။

တစ်နှစ် နှစ်နှစ်လောက် နေလို့ဖြစ်အောင် မတ်ရှာရမီ၏ ကပ္ပလီတွေ အိမ်ဆောက်နေစဉ် သူတို့ သားအမိ သားအဖ တွေ ဂေါ်လ်တာပါစယ်အိမ်တွင် ဆက်နေကြသည်။ တောရှင်းပြီးမှ ယာတော အိမ်ကြီးဆောက်ဖို့ စီစဉ် ထားသည်။

လောလောဆယ်နေဖို့ ယာယီသစ်လုံးအိမ်မှာ တောင့်တင်း ခိုင်မာသည်။ အခန်း ၄ ခန်းပါသည်။ ထို့ ကြောင့် ဖီးလစ်နှင့် သူ့ကပ္ပလီတွေ တစ်ပတ်အတွင်း ဖြစ်ကတတ်ဆန်း ဆောက်ထားသည့် မီးခြစ် ဘူး သာသာ အိမ်ကို သူတို့ မိသားစု ဘဂင်မကျနိုင်ခြင်းဖြစ်၏။ ချစ်သူနှင့်အတူတူ နေချင်လွန်း၍ အလော သုံးဆယ် လုပ်ခဲ့ခြင်းဖြစ်ကြောင်းကိုမူ ဂျူးဒစ် တစ်ယောက်သာ နားလည်နိုင်သည်လေ။ ခိုးရာ လိုက်သွားသည့်ညက သည်သစ်လုံး အိမ်ကလေးကို နိဗ္ဗာန်ဘုံ ထင်ခဲ့သေးသည် မဟုတ်လား။

အိမ်ထဲ မှ အဖေ ထွက်လာပြီးကြိုသည်။

" သမီး လိုက်လာတာ ဖေဖေ ဂမ်းသာပါတယ်။ သမီးယောက်ျားဆီက ခွဲလာရတဲ့အတွက်တော့ ဖေဖေ စိတ်မကောင်းပါဘူးကွယ် "

ဂျူးဒစ် စိတ်မကောင်းဖြစ်သွားသည်။ ဩော် ဘယ်လောက် ပြည့်ဂသည့် ဖေဖေပါလဲ။

" သမီးလည်း လာတော့မယ့်ဆဲဆဲပါ ဖေဖေ "

" သမီးရောက်လာတာ သိပ်အဖိုးတန်တာပဲ၊ ဖေဖေနဲ့ ကာလက်က သိပ်ပြုစုတတ်တာ မဟုတ်ဘူး"

" မေမေ ရောဟင် "

" အိပ်ခန်းထဲမှာ သမီး၊ ခပ်ဖြည်းဖြည်း ဂင်သွားလေ "

သစ်လုံးအိမ်ကြီး၏ နံဘေးပေါက်မှ ဂျူးဒစ် လှမ်းဂင်သွားသည်။ ဩော် အမေ့အိမ်ပီပီ အေးမြလှပါ ကလား။ ယာယီအိမ် ဖြစ်လင့်ကစား ရှင်းရှင်းသန့်သန့်၊ ကျယ်ကျယ်ဂန်းဂန်း။ ချက်ဖို့ ပြုတ်ဖို့ မီးဖို ခန်းက သီးသီးသန့်သန့်။ ကြမ်းကြားများတွင် ရွံ့တွေ သဲတွေမရှိ။ အမေ့အခန်းထဲကို ခြေဖော့နင်း ဂင်သွားသည်။

<<http://www.shwezinu.blogspot.com/

ဗိုင်းတောင့် တွေနှင့် ရစ်ဘီးကို အခန်း တစ်နေရာတွင် လှမ်းမြင်ရတော့ ရင်ထဲ နင့် သွားသည်။ အမေ့ကို အိပ်ရာပေါ်တွင် တွေ့ရ၏။ ခြင်ထောင်ချထားသဖြင့် အမေ့ရုပ်သွင်ကို ပိုးတဝါး စ မြင်သည်။

အမေ ခေါင်းထောင်ထလာသည်။ ခပ်ဖျော့ဖျော့ လေသံဖြင့် -

" သမီး ဂျူးဒစ် "

ခြင်ထောင်ကို ပင့်ကာ အမေ့အပေါ်ပိုင်းကို ပွေ့ပြီး နမ်းလိုက်သည်။ အသာပြန်ချပြီး ပါးချင်းအပ် တော့ ဟင် ... အသားတွေ ချစ်ချစ်တောက် ပူနေပါလား။ အမေ့အခြေအနေကို ကြည့်ပြီး ဂက်သစ်ချမြိုင်သို့ ချက်ချင်း ပြန်လာနိုင်လိမ့်မည် မဟုတ်ကြောင်း ဂျူးဒစ် သဘောပေါက်လိုက် သည်။ ရင်ထဲလေးသွားပြီး မေးစရာတွေရှိတာ မမေးသင့်ကြောင်း နားလည်လိုက်၏။

<<<http://www.shwezinu.blogspot.com/

အခန်း (၃)

အမေ့အခြေအနေ မကောင်းကြောင်း ဂျူးဒစ်ကို ဘယ်သူမှမပြောဘဲ ထားကြသော်လည်း ဂျူးဒစ် အကဲခတ် မိသည်။ ဂေါ်လ်တာပါစယ်တို့ လင်မယား ဆန်ပြုတ်တွေ၊ မုန့်ညက်တွေနှင့် ရောက်လာ ကြသည်။

ဂျာဗာစ ီသည် ခါတိုင်းထက်ပင် နူးညံ့ပျော့ပျောင်းနေ၏။ အမေ့နဖူးကို တယုတယစမ်းပြီး ပူပြင်းလွန်း သော နွေကို မခံစားဖူးသူများ ရတတ်သည့် အဖျားမျိုးဖြစ်ကြောင်း ရှင်းပြသည်။ သို့သော် မိမိသာ သည်လို လုပ်မသွားလျှင် အမေ ခုလို ဖျားပဲ့မလားဟု ဂျူးဒစ် စဉ်းစားနေမိသည်။

ချစ်သူ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပြေးပြီး နောက် တစ်နေ့ အဖေ ရေးသားသည့် စာကို ဂျူးဒစ် သတိရနေသည်။ သည်စာကို ဘယ်လောက်မျိုသိပ်ပြီး အဖေ ရေးရကြောင်းကိုလည်း ဂျူးဒစ် နားလည် ပါသည်။

ချစ်သမီးလေး ဂျူးဒစ်

သမီး စိတ်နောက်ကိုယ်ပါ လုပ်သွားပြီးတဲ့ ကိစ္စကတော့ ပြီးသွားပြီပေါ့။ အဖေနဲ့ အမေတော့ သမီး စိတ်ချမ်းသာပါစေလို့ပဲ ဆုတောင်းနေပါတယ်။ ဖီလစ်လန်းက မိသားဖသားပီပီ ထုံးတမ်းစဉ်လာအရ သမီး ကို လက်ထပ်ယူတယ်ဆိုတော့ အိုအောင်မင်းအောင် ပေါင်းရပါစေလို့ ဖေဖေတို့ ဆုတောင်းပေးရမှာပေါ့။ မယားဂတ်ငါးပါး ကျေပွန်တဲ့ ဇနီးတစ်ယောက်ဖြစ်အောင် ကြိုးစားပါ။

ဖီးလစ် ကလည်း သမီးကို မြတ်နိုးကြင်နာလိမ့်မယ်လို့ ဖေဖေတို့ မျှော်လင့်ပါတယ်။

သမီးတို့ ဇနီးမောင်နှံကို ဘုရားသခင် စောင်မပါစေ။ ဘုရား တရားကို ဘယ်တော့မှ မမေ့ပါနဲ့။

ချစ်တဲ့ ဖေဖေ

မတ်ရှာရမီ

အဲဒီတုန်းက အစ်ကို့ကို ပြောခဲ့သေးသည်။



<<http://www.shwezinu.blogspot.com/

" တွေ့လား အစ်ကို၊ အစ်ကို့ကို သိပ်ချစ်တယ်ဆိုတာ သူတို့ သိထားတော့ သဘောတူရတယ် မဟုတ်လား "

အစ်ကိုက ရယ်ပြီး -

" ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်၊ သူတို့ သဘောမတူလို့လည်းရမှ မရတော့တာ" တဲ့လေ ။

ခုတော့ အမေ အိပ်ရာထဲ လဲနေပြီ။ သို့သော် သမီးလုပ်သူကို အပြစ်တင်စကား မဆိုရှာဘဲ အမေ့ကြောင့် အလုပ်ပိုသည့်အတွက် စိတ်မကောင်းကြောင်း ညည်းညည်းတွားတွား ပြောနေသေးသည်။

အဖေက မမေးရက်မေးရက် အမူအရာဖြင့် -

" သမီးယောက်ျားနဲ့ အဆင်ပြေရဲ့ မဟုတ်လား၊ ပျော်ကော ပျော်ရဲ့လား "

" ပျော်ပါတယ် ဖေဖေ၊ အဆင်လည်း ပြေပါတယ်"

" အင်း၊ ဝမ်းသာပါတယ် သမီးရယ် "

သို့သော် သမီး၏စကားကို မတ်ရှာရမီ လုံးဝဥဿုံတော့ ယုံကြည်ခြင်းမရှိပေ။

ဂျူးဒစ်သည် အမေ့ကို အတတ်နိုင်ဆုံး ပြုစုသည်။ သို့သော် လုပ်စရာတွေက အပုံအပင်။ ချက်ရေးပြုတ်ရေး၊ အိမ်သန့်ရှင်းရေး၊ လျှော်ရေးဖွပ်ရေး၊ အမေ့အတွက် ဓာတ်စာ စသည် စသည်။

ဖီးလစ် ရောက်လာပြီး ဂျူးဒစ်ကို တားသည်။

" ဟာ ... အချစ် ဒါလောက် အပင်ပန်းခံလို့ ဘယ်ဖြစ်မလဲကွယ်၊ နေလို့ကော ကောင်းရဲ့လားဟင်"

မီးဖိုနားတွင် ချက်ရပြုတ်ရသည့်အခါ ပူလွန်းသဖြင့် အားအင်ကုန်ခန်းကာ မူးနောက် ရီဝေလျက်။ အမေ့အိပ်ရာ နံဘေးက ခုတင်ဆီသို့ မနည်းရောက်အောင် သွားခဲ့ရသည့်အဖြစ်ကို မေ့ထားပြီး မပင်ပန်းလှကြောင်း၊ နေထိုင်ကောင်းကြောင်း အစ်ကို့ကို ပြန်ပြောပြရသည်။ သို့သော် ဖီးလစ်က တီဘီကို ပို့ဖြစ်အောင် ပို့လိုက်ပြီး သူက ကပွလီတွေနှင့် ရောနှောစားနေလေသည်။

သည်လောက်ပူလောင်သည့် ရာသီတွင် အမေသည် ခိုက်ခိုက်တုန်အောင် ချမ်းပြီး မေးချင်း ရိုက်နေတတ်သည်။ ရှိသမျှစောင်တွေ ထပ်ခြုံပေးသော်လည်း အချည်းနှီးပင်။ တစ်ကိုယ်လုံး ပူချစ်နေ၏။ အဖျားကျသွားပြီး ထူထူထောင်ထောင် ဖြစ်လာသည့် ရက်များလည်း ရှိတတ်သည်။

<<<http://www.shwezinu.blogspot.com/

သည်အခါမျိုးတွင် ကလေးအကြောင်း၊ မွေးပုံဖွားပုံအကြောင်း မေးဖို့ စိတ်ကူးလိုက်တိုင်း အဖျားက အမေ့ ဆီသို့ အတင်းပြန်ရောက်လာပြန်သည်။ မမေးဖြစ်တော့ပြန်။ စိတ်မပူဖို့ ကိုယ့်ကိုယ်ကိုယ် အားပေးနေရ၏။ မိန်းမ တွေ အများကြီး ကိုယ်ဝန်ဆောင်နေကြတာပဲ။ မွေးဖွားနေကြတာပဲ။

ကနက်တီကပ်မှာတုန်းက အမေ့မိတ်ဆွေတွေ မွေးလို့ မုန့်တွေ၊ ပန်းစည်းတွေနှင့် ခဏခဏ မီးနေ ဂင်ရသည်ကို အမှတ်ရနေသည်။ မီးဖွားရင်း အသေအပျောက်ရှိသော်လည်း အလွန်နည်းပါသည်။ ဘာကြောင့် သေရသည်၊ ဘယ်လို သေရသည်ကိုတော့ ဂျူးဒစ် မသိပေ။ ငယ်စဉ်က ကျန်းမာရေး မကောင်းကြ ၍ မမွေးနိုင်ကြခြင်း ဖြစ်ပေမည်။ မိမိအနေဖြင့် ဒီအရွယ်အထိ ဖျားဖူးနာဖူးခြင်း မရှိ၍ စိတ်ပူစရာ မလိုပေ။ သို့သော် မပူဘဲလည်း မနေနိုင်ဖြစ်နေ၏။

ဂျာဇာစီ ဒီတစ်ခါ လာရင်တော့ မေးဖြစ်အောင် မေးမည်။ သို့သော် ဂျာဇာစီတစ်ယောက် နောက်တစ် ခေါက် ပေါ်မလာတော့ပေ။ ပေါ်လ်တာပါ စယ်တစ်ယောက်တည်း မြင်းတစ်စီးနှင့် တောလမ်းက ဖြတ်စီးလာတတ်သည်။ တစ်နေ့တွင် ပေါ်လ်တာက ဂျူးဒစ်ကို ရှေ့ခန်းခေါ်ပြီး မေးသည်။

" ဂျူးဒစ် ဘာလိုသေးလဲဟင်၊ ဂျာဇာစီက မှာတယ်၊ လိုတာပြောပါတဲ့ "

" ဘာမှတော့ မလိုပါဘူး အစ်ကိုကြီး၊ ဒါပေမဲ့ သူ့ကို ဂျူးဒစ် တွေ့ချင်နေတယ်လို့ ပြောပေးပါနော် "

" သူ လာနိုင်မယ်မဟုတ်ဘူး ဂျူးဒစ်၊ ဒါကြောင့် ခုလို မှာတာလေ၊ မင်းအမေ ဒါလောက် နေမကောင်း ဖြစ်နေတာ ကို သူက ဂရုမစိုက်ဘူးလို့ ထင်မှာ စိုးတယ်တဲ့လေ၊ သူ့ကိုယ်ဝန်က သုံးလထဲ ရောက်နေပြီ ဂျူးဒစ်၊ လမ်းကဆိုးတော့ သွားလို့လာလို့ မကောင်းတော့ဘူး "

ဂျူးဒစ်က ခေါင်းညိတ်ပြီး -

" ဒါပေါ့လေ၊ ကျေးဇူးတင်ပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးတို့ ကျေးဇူး ဂျူးဒစ် မမေ့ပါဘူး"

ပေါ်လ်တာ ထွက်သွားတော့ ဂျူးဒစ်တစ်ကိုယ်တည်း အားငယ်သလိုလို ဖြစ်ကျန်ရစ်သည်။ ရောမ စံအိမ်ကြီး တွင် အစေခံတွေ၊ အခြွေအရံတွေနှင့် မင်းသမီးတစ်ပါးလို ခံစားနေသည့် ဂျာဇာစီကို အားကျ နေမိ၏။

တစ်နေ့တွင် တီဘီက ကောက်ကာငင်ကာ မေးသည်။

" မမလေး၊ မမလေး မှာ ဟို ဗိုက် ... အဲလေ ကလေးရနေပြီလား "

ဂျူးဒစ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

" သွားစမ်း တီဘီ၊ ဖေဖေ ကြားသွားမယ်၊ သူ့မှာ ပူပင်စရာတွေ အများကြီး "

<<<http://www.shwezinu.blogspot.com/

" ဟုတ်ကဲ့၊ မမလေး " ဟု ပြောပြီး ထွက်သွားသော်လည်း ကျေနပ်ပုံမရ။ နောက်တစ်နေ့ ဇီးလစ် ရောက်လာ တော့ တန်းပြောသည်။

" အစ်ကိုလေး မမလေးကို ပြန်ခေါ်သွားပေးပါ၊ သူ့ကို နားခိုင်းပါ"

သို့သော် ဂျူးဒစ်ကို ပြန်နိုင်း၍မရ။ ဤသို့ဖြင့် ဩဂုတ်လထဲသို့ ရောက်လာသည်။ အမေတစ်ယောက် သည်တောင်ကို ကျော်နိုင်တော့မည် မဟုတ်ကြောင်း အားလုံး သိနေကြပြီ။ တဖြည်းဖြည်းနှင့် စကားပင် ဖြောင့်ဖြောင့် မပြောနိုင်တော့သော အခြေအနေသို့ ရောက်လာသည်။

အမေ့ ကို သနားတာထက် အဖေ့အဖြစ်ကို ကြည့်ပြီး ဂျူးဒစ် ပိုပြီး စိတ်ထိခိုက်ရသည်။ အဖေသည် ခုတလော စကားမပြောတော့ဘဲ အိမ်ပတ်ဂန်းကျင်တွင် ဆောက်တည်ရာမရ လျှောက်သွားနေ တတ်သည်။ တစ်ခါ တစ်ရံ တောထဲ ဝင်သွားတတ်သည်။

ဂျူးဒစ် အဖို့ လုပ်စရာများများ မရှိဘဲ အသေးအဖွဲ ကိစ္စကလေးများဖြင့် အချိန်ကုန်လျက် ရှိသည်။ အမေ့ နဖူးပြင် ကို ရေဖတ်တင်ပေးခြင်း၊ တွန့်ကြေနေသည့် ခေါင်းအုံးကို ဆွဲဖြန့်ပေးခြင်းမျိုးမှ လွဲ၍ ဂျူးဒစ် ဘာလုပ် ရမှန်း မသိတော့။

နွေသည် ကြမ်းသည်ထက် ကြမ်းလာ၏။ အမေ့နဖူးကို ရေဖတ်တင်ဖို့ ရေအေးအေးပင် မရတော့။ ဘာလုပ်ရမှန်း မသိသည့်အဆုံး အစ်ကို့ကို သစ်ဖြူတောအိမ်တွင် ခဏလာနေဖို့ အခေါ်လွှတ်လိုက် ရတော့သည်။ အစ်ကို ရောက်လာတော့လည်း ဘာမှ အကြောင်းမထူး။ အစ်ကိုသည် သည်လို အချိန်မျိုး တွင် အသုံးမဝင်လှဘဲ ဖြစ်နေသည်။ စိတ်ရှုပ်နေသည့် ကလေးတစ်ယောက်နှင့် တူနေ၏။

မဆုံးမီ အချိန်ကလေးတွင် အမေ့မျက်လုံးတွေ ကြည်လင်လာသလိုရှိ၏။ အဖေ့ကို ခေါ်ခိုင်းသည်။ အဖေ့ကို အခန်း ထဲ သွင်းပေးပြီး အပြင်တွင် ဇီးလစ်၊ ကာလက်တို့နှင့်အတူ ဂျူးဒစ် ရပ်စောင့်နေ သည်။ အတန်ကြာမှ အဖေ ပြန်ထွက်လာသည်။ တံခါးကို အသာလေး နောက်ပြန်ပိတ်ထားခဲ့ပြီး ဘာမှမပြောဘဲ အိမ်ရှေ့ဘက်သို့ ထွက်သွားသည်။ သူ့ခြေထောက်တွေကခဲဆွဲထားသည့်အလား။ ပထမဆုံးအကြိမ်အဖြစ် အဖေ့ ကို အဘိုးအို တစ်ယောက်အသွင် ဂျူးဒစ် မြင်ဖူးလိုက်ခြင်းဖြစ်သည်။

အဖေ့ကို ကြည့်ပြီး အမေဆုံးပြီဟု အားလုံး သိလိုက်ကြသည်။ နောက်ဆုံးအချိန်တွင် အဖေ့ကို ဘာတွေများ မှာခဲ့ပါလိမ့်ဟု ဂျူးဒစ် သိချင်နေသည်။ သို့သော် ဘယ်နည်းနှင့်မှ အဖေပြန်ပြောမည် မဟုတ်သည် ကိုလည်း သိနေ၏။ လင်နှင့်မယားကြားတွင် ဘယ်သူ့ကိုမှ အသိမပေးသည့် ကိစ္စမျိုး တွေ ရှိနေတတ် သည် မဟုတ်လား။

အစ်ကို့ လက်ကို တွဲပြီး သုံးဦးသား အဖေ့နောက်သို့ လိုက်သွားကြသည်။ လေကားထစ်တွေပေါ် တွင် ဖေဖေ ထိုင်နေသည်။ နဖူးကို လက်နစ်ဖက်ပေါ်တွင် အားပြုလျက်။ အဖေ့အနားသို့ ဂျူးဒစ် အသာ

<<http://www.shwezinu.blogspot.com/

ကပ်သွားသည်။ ဆံပင်တွေကို ပွတ်သပ်ပေးသည်။ အဖေ့ဆံပင်တွေက သန်မာ တောထ နေဆဲ။ အဖေက မော်မကြည့် ဘဲ စိတ်ပျက်လက်ပျက် ညည်းသည်။

" သူ့ခေါင်းရင်းမှာ မှတ်တိုင်စိုက်ဖို့ ကျောက်ပြားနဲ့တူတာကို မရှိဘူးကွာ၊ ဘယ်လိုအရပ်လဲ မသိပါဘူး"

ဂျူးဒစ် လည်ချောင်းထဲ ဆို့သွားသည်။ အစ်ကို ပခုံးသိုင်းဖက်လာသည်ကို သတိထားလိုက်မိ၏။ အလွန် မျက်ရည် လွယ်သည့် ဂျူးဒစ်တစ်ယောက် ငိုလို့မရဘဲ ဖြစ်နေသည်။

ဆိုက်ပရပ် ထင်းရှူးသားဖြင့် လူမည်းကျွန်တွေ အခေါင်းစပ်ကြသည်။ နောက်တစ်နေ့မနက်တွင် စိန့်မာဂရက် ဂတ်ကျောင်းမှ ဘုန်းတော်ကြီး သရဏဂုံတင်ပေးဖို့ ရောက်လာသည်။

ပေါ်လ်တာပါစယ် နှင့် မိတ်ဆွေအားလုံး လာကြသည်။ အသုဘရှုလာသူတိုင်း နှင်းဆီဖြူတွေ၊ တောင်ဇလပ် တွေ ပါလာကြပြီး "ခေါင်း"ပေါ်တွင် တင်ကြသည်။

ခုရက်ပိုင်းတွင် ဂျူးဒစ် လက်မလည်အောင် အလုပ်တွေ ရှုပ်နေသည်။ ပတ်ဂန်းကျင်တွင် အစ်ကို့ကို ရှာကြည့်သည်။ အရိပ်အယောင်မျှ မတွေ့။ တစ်နေရာရာမှာ ရှိနေမည်ဟု ထင်၏။ သို့သော် အစ်ကို လုံးဝမရှိ။ သောကပင်လယ်ဝေနေသည့် အဖေ သတိမထားမိပါစေနဲ့ဟု ဂျူးဒစ် ဆုတောင်းနေရသည်။ ကာလက် က သိသည်။ ညီမလုပ်သူကို တိုးတိုးကပ်မေးသည်။ ဂျူးဒစ် ခေါင်းခါပြရုံမှလွဲပြီး ဘာမှ မတတ် နိုင်ရှာပေ။

အခေါင်းနံဘေးတွင်ရပ်ပြီး ဘုန်းတော်ကြီးက ရွတ်ဖတ်သရဇ္ဈာယ်သည်။

" ငါသည် ရှင်ပြန်ထမြောက်လာသူဖြစ်သည်။ ငါသည်ပင် ဘဝဖြစ်သည်။ ငါကိုယ်တော်ကို ယုံကြည် သူသည် သေလွန်သော်လည်း ရှင်နေလိမ့်မည်သာ။ ဤသည်ကို ယုံကြည်သူ၊ ငါကိုယ်တော်ကို ယုံ ကြည် သူသည် ထာဝရအသက်ရှင်နေလိမ့်မည်"

ကပ္ပလီကျွန်တွေက အခေါင်းကိုထမ်းပြီးမြင်းရထားပေါ် တင်လိုက်ကြသည်။ အခြားလူများနှင့်အတူ ဂျူးဒစ် မြင်းရထားတစ်စီးပေါ် တက်ထိုင်လိုက်သည်။ မညီမညာ လမ်းကလေးအတိုင်း မြင်းရထား တွေ ထွက်သွား ကြသည်။

သစ်လုံးဖြင့်ပြီးသည့် ဘုရားရှိခိုးကျောင်းကလေးရောက်တော့ နေဝင်စပြုပြီ။ ကျွန်တွေ အခေါင်းကို မြေချတော့ အခေါင်းပေါ်ကို ရှည်လျားလှသော လူရိပ်တွေ ထိုးဆင်းနေ၏။ ဘုန်းတော်ကြီးကစပြီး တွင်းထဲ သို့ မြေတစ်ဆုပ်ပစ်ထည့်လိုက်သည်။ အဖေသည် တွင်းထိပ်တွင် မလှုပ်မယှက် ငြိမ်ငြိမ်ကြီး တွေရပ်နေ၏။ ဦးခေါင်း ကို ငိုက်စိုက်ချလျက်။ ဂျူးဒစ်ရော ကာလက်ပါ စကားမပြောရဲကြ။

အခေါင်း ကို မြေဖို့ပြီးတော့ မှောင်စပြုပြီ။ ပတ်ဂန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်။

<<<http://www.shwezinu.blogspot.com/

ထိုစဉ် သုသာန်ဆီသို့ မြင်းလှည်းတစ်စီး တရကြမ်း မောင်းလာနေသည့် အသံကို အားလုံး ကြား လိုက်ရသည်။ အသံလာရာဆီသို့ လူတွေ လှည့်ကြည့်လိုက်ကြသည်။ မှောင်နေပြီဖြစ်၍ လူနည်း နည်းသာ ကျန်တော့၏။ မြင်းလှည်းသည် သုသာန်ဝင်းထဲသို့ တန်းတန်းမတ်မတ် မောင်းဝင်လာနေ သည်။ ဆိတ်ငြိမ် ရပ်ဝန်း သည် မြင်းလှည်းသံဖြင့် ဆူညံသွား၏။

အနားရောက်မှ မောင်းလာသူမှာ ဖီးလစ်ဖြစ်ကြောင်း တွေ့ကြရသည်။ နံဘေးတွင် သူ့ လက်စွဲတော် ချာတိတ် ဂျိုးလည်း ပါလာသည်။ ကာလက်၏ လက်ကို လွှတ်ချပြီး ဂျူးဒစ် ပြေးသွား ၏။ ဖီးလစ်က ဇနီး လုပ်သူကို မကြိုအားဘဲ မြင်းလှည်းပေါ်မှ ပစ္စည်းတစ်ခုကို ဂျိုးနှင့်အတူ သယ်ချ နေသည်။ ပြီးမှ မတ်ရာရမီ ဆီသို့ လျှောက်သွားပြီး -

" ကျွန်တော် ယူလာခဲ့ပါပြီ ခင်ဗျာ "

သမက်လုပ်သူကို ဘာမျှနားမလည်သလို မတ် စိုက်ကြည့်နေသည်။ သူ ပျောက်နေသည်ကိုရော၊ သူရောက်လာသည်ကိုပါ မတ် ဂရုမထားမိပေ။

" ဘာလဲ၊ ဘာယူလာတာလဲ "

အိပ်မက်မှ လန့်နိုးလာသူလို ဇဝေဇဝါ ပြန်မေးသည်။

" ကျောက်တိုင်ပါ ခင်ဗျာ "

" ဟင် " ဟု တအံ့တသြ အာမေဋိတ်ပြုကာ ကျောက်တိုင်ဆီ လျှောက်သွားပြီး ဒူးထောက်ထိုင်ချကာ ကိုင်ကြည့် နေသည်။

ဘုန်းတော်ကြီး၏တပည့် ကိုင်ထားသည့် လက်ဆွဲမီးအိမ်ကို ဂျူးဒစ်လှမ်းယူလိုက်သည်။ လူဂီစီးယား နားသို့ ရောက်ကတည်းက ကျောက်တုံးနှင့် တူသည့် ပစ္စည်းဟူ၍ ကျောက်စရစ်ခဲပင် မတွေ့ဖူးသေး။

အစ်ကို ယူလာသည့် ကျောက်တိုင်မှာ စတုဂံပုံစံ မညီမညာ ဆစ်ထားသည့် ကျောက်သားတုံးကြီး။ ထွင်းထားသည့် စာလုံးတွေကလည်း ခပ်ကြမ်းကြမ်းတွေ။ မနည်းကြိုးစားပြီး ဖတ်ယူရသည်။

" ကက်သရင်း။ မတ်ရာရမီ၏ ချစ်ဇနီး၊ ၁၇၇၄ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်သည်။"

သည်တော့မှ အစ်ကို့လည်ပင်းကို သိုင်းဖက်ပြီး ဂျူးဒစ် ငိုဖြစ်တော့သည်။ မနေ့ညက ညှစ်ထုတ်၍ မရခဲ့သည့် မျက်ရည်တွေ ယနေ့မှ စုပြုံပြီး ပြိုဆင်းလာတော့၏။ အစ်ကို့ သိတတ်မှု အတွက်လည်း ရင်ဂယ် တသိမ့်သိမ့်ဖြစ်နေ၏။ အဖေ ဘယ်လောက် ကျေနပ်နေမည်နည်း။

<<<http://www.shwezinu.blogspot.com/

သည်ကျောက်တုံးကြီး ဘယ်က ရလာသည်ကို ဗီးလစ် တော်တော်နှင့် မပြောဘဲထားသည်။ နောက် မှ အဖေ့ ကို ပြန်မပြောဖို့ ကတိတောင်းပြီး ဗီးလစ် ဇာတ်ကြောင်း ပြန်ပြသည်။

" အဲဒါ အစ်ကို ခိုးလာတာ ဂျူးဒစ်၊ နယူးအော်လီယန်းကို ကုန်ကြမ်း လာဖယ်ကြတဲ့ ပြင်သစ်နဲ့ စပိန်သင်္ဘောတွေဟာ ဒီအလာမှာ ကုန်ချော များများစားစား တင်မလာကြဘူး၊ ဒီဘက်အပိုင်းမှာ ဖယ်သုံး နိုင်တဲ့လူ သိပ်မရှိကြဘူး မဟုတ်လား။

ဒီတော့ အလာမှာ သင်္ဘောငြိမ်အောင် ကျောက်တုံး တွေ တင်လာလေ့ရှိတယ်။ အဲဒီကျောက်တုံးတွေကို နယူးအော်လီယန်း ဆိပ်ကမ်းမှာ သူတို့ ပစ်ထား ခဲ့ကြတယ်လေ၊ ဒီလို ရွှံ့နွံထူထပ်တဲ့ အောက်ပြည် အောက်ရွာ မှာ ဘယ်လောက် အဖိုးတန် တယ်ဆိုတာ သူတို့ မသိကြဘူး၊ အဲဒီမှာ မြို့နယ်ကောင်စီက လမ်းပြင်ဖို့ သိမ်းယူလိုက်တယ်။

လွန်ခဲ့တဲ့ တစ်ရက် နှစ်ရက်ကမှ ဘာတွန်ရုဂ်က ခြံပိုင်ရှင် တစ်ယောက်က သူ့အိမ်အဝင်လမ်းခင်း ဖို့ ကျောက်တုံးတွေ လှမ်းမှာတဲ့အကြောင်း အစ်ကို သတင်းရတာ၊ အဲဒီ ကျောက်တုံးတွေ ဒယ်လ်ရှိုင်း ဆိပ်ကမ်း မှာ ချနေတုန်း လှေသမားတွေကို အမူးတိုက်ပြီး အစ်ကို တစ်တုံး လစ်လာတာ"

သူတစ်ပါး ပစ္စည်း ခိုးယူခြင်းကို ကြောက်မက်ဖွယ် ပြစ်မှုကြီးဟု ယုံကြည်နေသည့် ဂျူးဒစ်တစ်ယောက် လင်တော်မောင် ၏ ခိုးမှုကို အပြစ်မမြင်နိုင်ဖြစ်နေလေသည်။

<<<http://www.shwezinu.blogspot.com/

စက်တင်ဘာ ပထမပတ်တွင် ဂက်သစ်ချမြိုင်သို့ လင်မယားနှစ်ယောက် ပြန်ခဲ့ကြသည်။ မြင်းရထား ထွက်ခါနီး တွင် မတ်လာပြီး နှုတ်ဆက်သည်။ ဂျူးဒစ် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်းပြောတော့ အမေမသေခင် သိမသွားရသည့်အတွက် စိတ်မကောင်းကြောင်း ပြန်ပြောရသည်။ တစ်ဆက်တည်းတွင် -

" သမီးကို ဒီလာဖို့ မပြောခင် ဒါကို ဖေဖေ ထည့်စဉ်းစားမိဖို့ ကောင်းတာပေါ့" ဟု စိတ်မကောင်း သည့် လေသံ ဖြင့် ပြောနေသေးသည်။

" ရပါတယ် ဖေဖေရယ်၊ ကိစ္စမရှိပါဘူး "

စင်စစ် ဂျူးဒစ်တစ်ယောက် အမေ့အိမ်တွင် များများစားစား လုပ်အားပေးနိုင်ခဲ့ခြင်းမရှိပါ။ ဘာကြောင့် သည်နွေကာလ ရှိုင်းတွင် မိမိနေးကွေးလေးလံနေကြောင်း ဖေဖေ ခုမှ သဘောပေါက် ရာမည် ထင်သည်။

" ဖေဖေ့အနားမှာ ပြုစုမယ့်လူမရှိဘဲ သမီး ထားသွားရမှာကို စိတ်မကောင်းပါဘူး၊ တီဘီကို ဖေဖေ့ဆီ ပို့ထား ဖို့ ဖီးလစ်နဲ့ တိုင်ပင်ပြီးပါပြီ၊ သမီးအတွက် ဘာမှ မပူနဲ့နော် ဖေဖေ "

သမီးကို လှမ်းဖက်ပြီး ပခုံးပုတ် နှုတ်ဆက်သည်။ သြော် ဖေဖေ၊ ဖေဖေ။ ဘဝတွင် သောကတွေ အကြိမ်ကြိမ် တွေ့ခဲ့ရသည့် ဖေဖေပါလား။ ကာလက် မမွေးခင် ကလေးလေးယောက် ကျောက် ရောဂါဖြင့် ဆက်တိုက် ပျက်စီးခဲ့ဖူးသေးသည်လေ။ ခုတော့ သူ့အနားမှာ ဝေဒနာကို အမြဲတမ်း မျှဝေခံစားသည့် အမေလည်း မရှိတော့ပြီ။

" ဖေဖေရယ်၊ သမီးဘဝမှာ ဖီးလစ်နောက် လိုက်ပြေးတာကလွဲပြီး တစ်ခါမှ ဖေဖေ စိတ်ဆင်းရဲ အောင် မလုပ်ခဲ့ဖူး ပါဘူးနော်၊ နောင် ဖေဖေ စိတ်မချမ်းမသာ ဖြစ်မယ့်ကိစ္စ သမီး ဘယ်တော့မှ မလုပ်တော့ပါဘူး ဖေဖေ"

" သမီးက အမြဲတမ်းလိမ္မာတဲ့ သမီးပါကွယ် "

ဖီးလစ် အိမ်ထဲမှ ထွက်လာသည်။

" ကဲ သွားစို့လား ဂျူးဒစ်" ဟု ပြောပြောဆိုဆို ဇနီးလုပ်သူကို မြင်းလှည်းပေါ် ပွေ့တင်သည်။ ယောက္ခမကြီး ကို လက်ဆွဲနှုတ်ဆက်ရင်း -

"တီဘီ ကို ဦးအတွက် မနက်ဖြန် ကျွန်တော် ပြန်ပို့ပေးလိုက်ပါ့မယ်၊ ခု မထားခဲ့နိုင်တာ ခွင့်လွှတ်ပါ ဦး၊ ဂျူးဒစ်အတွက် နောက်ဂယ်လိုက်တဲ့ ကောင်မလေးကို သူ ပြပေးစရာကလေးတွေ ရှိနေလို့ပါ။ မင်္ဂလာပါခင်ဗျာ"

မြင်းလှည်းပေါ် လွှားခနဲခုန်တက်ပြီး မောင်းထွက်လာခဲ့ကြသည်။ လင်တော်မောင်ကို ဂျူးဒစ် တစ်ချက် မော် ကြည့်သည်။ အစ်ကိုသည် အဖေနှင့်လည်းမတူ။ ကာလက်နှင့်လည်း မတူသည့် လူ တစ်မျိုးဖြစ်၏။ ဘယ်လောက် ထူးခြားသည့် အစ်ကိုပါလဲ။ သူလိုလူကို ပိုင်ဆိုင်ရခြင်းအတွက် ဘယ် လောက်ဂုဏ်ယူစရာ ကောင်းလိုက် ပါသလဲ။

<<http://www.shwezinu.blogspot.com/

ဖီးလစ် သည် ဂျူးဒစ်အမေ သေဆုံးခြင်းအတွက် အလွန်စိတ်မကောင်းဖြစ်မိပါသည်။ ဇနီးသည်နှင့် ထပ်တူ ထပ်မျှ ကြေကွဲဝမ်းနည်းပါသည်။ သို့သော် သည်ကိစ္စသည် သူ့အတွက် ပြီးသွားလေပြီ။ လုပ်စရာ ရှိတာတွေ ကို ပြန်ပြီး အာရုံစိုက်ရတော့မည်။

ဂျူးဒစ်က ထိုင်ခုံကို လက်နှစ်ဖက်ဖြင့် ကိုင်ရင်း -

" ဖြည်းဖြည်းမောင်းပါ အစ်ကိုရယ်၊ ဂျူးဒစ် လွင့်ကျသွားပါဦးမယ်"

" ဩော် အင်း၊ အစ်ကို သတိလစ်သွားတယ် ဂျူးဒစ်"

ဇက်ကြိုးကို အသာတံ့ပြီး အရှိန်လျှော့လိုက်သည်။ ဇနီးသည်ကလေးကို ငဲ့ကြည့်ရင်း -

" ဒါလောက်ဆို သိပ်မခုန်တော့ပါဘူး၊ အချစ် အိမ်ပြန်ရောက်တော့မှာမို့ အစ်ကိုတော့ ပျော်နေတယ်၊ မင်းရှိဘဲ အစ်ကို အိမ်မှာ တစ်ယောက်တည်းနေရတာ သိပ်ပျင်းစရာကောင်းတာပဲ"

ဂျူးဒစ် ပြုံးသည်။ သစ်လုံးအိမ်ကလေး ဘယ်လိုများ ဖြစ်နေပါလိမ့်။ တစ်အိမ်လုံး ပုရွက်ဆိတ်တွေ အာဏာ သိမ်း ထားမှာပါ။ ဒါလောက် လုံလုံခြုံခြုံဆောက်ထားတဲ့ အဖေ့မီးဖိုချောင်ကိုတောင် သူတို့ရဲ့ အောင် ဝင်ကြ သေးတာပဲ။

စက်တင်ဘာလထဲ ဝင်လာသည့်တိုင် နွေက မညှာမတာ ပူလို့ကောင်းဆဲ။ ကနက်တီကပ်မှာ ခုလောက်ဆို သစ်ပင်တွေ ရွက်နုဝေနေပြီ။ မနက်မနက်ဆို နှင်းမှုန်တွေ ကျပြီး ခိုက်ခိုက်တုန်နေ လောက်ပြီ။ အမျိုးသား တွေက ထွန်ကြ၊ ယက်ကြနှင့်။ အမျိုးသမီးတွေက သိုးမွေးချည်တွေ ငင်သူငင်၊ အနွေးထည်တွေ ထိုးသူထိုး နှင့် အလုပ်ရှုပ်နေကြလောက်ပြီ။

" ဒီလိုရာသီဥတုနဲ့ ဆိုရင်တော့ မဲနယ်တွေ အများကြီးထွက်မှာပဲ"

သူက သူ့စိတ်ကူးနှင့်သူ ပြောနေသည်။

" ဒီရာသီမျိုးကို မဲနယ်ပင်တွေ ကြိုက်တယ်လား"

" ဒါပေါ့၊ နောက်နှစ်မှာ ဂါ့ဝမ်းလည်း နည်းနည်း ထည့်စိုက်ကြည့်မယ်၊ ဒီက စိုက်ပျိုးရေးသမားတွေ ဂါကိုသိပ်စိတ်မဝင်စားကြဘူး၊ ရသလောက် အကုန်အကျများတယ်တဲ့၊ သူတို့က ဂါကောက်ချိန်မှာ ကပ္ပလီတွေ လုပ်သားတွေ သုံးတာကိုး၊ အစ်ကိုကတော့ ကလေးတွေကို ကောက်ခိုင်းမယ်၊ ဘာခက်တာ မှတ်လို့"

" အင်း၊ ဟုတ်တယ်နော် "



<<<http://www.shwezinu.blogspot.com/

ဘီးတစ်ဘီးက ချိုင့်ထဲကျသွားသဖြင့် ထိုင်ခုံကို လက်နှစ်ဖက်ဖြင့် တင်းတင်း ဆုပ်ထားလိုက်ရသည်။ ကံကောင်းလို့ လွင့်မကျခြင်းဖြစ်၏။ ဒါကြောင့် သူ့မိန်းမကို မစွတာပါစယ် ခေါ်မလာတာကိုး။ သိပ်မှန် တာပေါ့။ ကလေးများ တစ်ခုခုဖြစ်မှဖြင့်။ ဗီးလစ်က လက်တစ်ဖက်ဖြင့် ဂျူးဒစ်ကို ဖက်ပြီး ထိန်းထား ပေးသည်။

" မင်းအတွက် ကောင်မလေးတစ်ယောက် ဂယ်ထားပေးတဲ့အကြောင်း ပြောပြီးပြီနော်"

ဂျူးဒစ်က ခေါင်းညိတ်သည်။

" ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဒါဆို အလုပ်တွေ ကိုယ်တိုင် မလုပ်ရတော့ဘူးပေါ့ ဟုတ်လား"

" လုံးဝ မလုပ်ရဘူး၊ မင်း ပင်ပန်းလှပါပြီ ကလေးရယ်၊ ကောင်မလေးက မဆိုးပါဘူး၊ နယူးအော်လီယန်းက ရထားတာ၊ သူ့ပိုင်ရှင်တွေ သေသွားလို့ အစ်ကို ရလိုက်တာလေ။ နာမည်က အိန်ဂျဲလစ်တဲ့"

မြင်းလှည်းနောက်ပိုင်း ကြမ်းပြင်ပေါ်တွင် ထိုင်လိုက်လာသည့် တီဘီကို ပြန်လှည့်ကြည့်လိုက်သည်။ တီဘီကို လက်လွှတ်ရမှာ စိတ်မကောင်းဖြစ်နေ၏။

" နာမည်ကလေးက ချစ်စရာပဲ၊ ပြင်သစ်နဲ့ ကပ္ပလီကပြား ထင်တယ်၊ ဟုတ်လား အစ်ကို "

" ဟုတ်တယ်၊ အင်္ဂလိပ်စကားတော့ သိပ်မတတ်ဘူး၊ မင်း သင်ပေးရလိမ့်မယ်"

လဲကျနေသည့် သစ်တုံးကြီးကို မြင်းလှည်းဘီး တစ်ဖက် ဖြတ်တက်သွားသည်။ ဂျူးဒစ် အလန့်တကြား ဖြစ်သွားပြီး ဗီးလစ်၏ခါးကိုလှမ်းဖက်ထားလိုက်ရသည်။ မဲနယ်ပင်တွေကို စည်ကြီးတွေထဲတွင်ပေါင်းပြီး မဲနယ်ဖြစ်အောင် လုပ်ပုံကိုင်ပုံများကို ဗီးလစ်က ရှင်းပြနေသည်။

အဲဒီ မဲနယ်အကြောင်းကို ရပ်ထားပြီး ဂျူးဒစ် လွင့်ကျမသွားအောင် ဂရုစိုက်ဖို့ စိတ်ကူးပါလား အစ်ကိုရယ်ဟု စိတ်ထဲမှ ပြောနေမိသည်။ တစ်ကိုယ်လုံး နာကျင်နေပြီဆိုတာ အစ်ကို မသိဘူးလား ကွယ်။ ပြီးတော့ အင်္ဂလိပ်စကားမတတ်တဲ့ အစေခံ ကောင်မလေးနဲ့အတူ နေရဦးမယ်တဲ့။ ကလေးအတွက် စိုးရိမ်စပြုလာသည်။ အားကိုးရမယ့်လူက အစ်ကိုတစ်ယောက်တည်းပဲရှိသည်။ သူက သူ့စိတ်ကူးနဲ့သူ အလုပ်ရှုပ်နေတဲ့ လူမျိုးလေ။

သစ်လုံးအိမ်ကလေးရှေ့ရောက်တော့ အစ်ကိုက အောက်ပွေ့ချပေးသည်။ တီဘီက အထုပ်အပိုးတွေနှင့် နောက်မှ ဆင်းလိုက်လာသည်။

" ကဲ၊ အချစ် အနားယူတော့နော် "

<<http://www.shwezinu.blogspot.com/

အိမ်မှာ ပုံပျက်သည်ထက် ပျက်နေသည်။ တစ်ဖက်သို့ ယိုင်စပြုနေပြီ။ ပတ်ပတ်လည်တွင် မြက်တွေရှည်နေပြီ။ ဂျူးဒစ် ဂါဂနျကို မ ပြီး ဝင်သွားရသည်။ အထဲရောက်တော့ ရင်ထဲ အေးသွား၏။

အားလုံး ရှင်းသန့်နေသည်။ အခင်းကို ပြောင်လက်နေအောင် တိုက်ထား၏။ အိုးတွေ၊ ခွက်တွေက သူ့နေရာနှင့် သူ နေသားတကျ။ အစ်ကို့ အဝတ်အစားတွေလည်း သေသေသပ်သပ် သိမ်းခေါက် ထားပေးသည်။ သေတ္တာတွေကို နံရံဘက်တွင် ကပ်ပြီး စီစီညီညီ ဆင့်ထားသည်။

အိပ်ရာမှာ အတွန့်အကြေမရှိ ပြန့်ပြန့်ပြူးပြူး။ ထမင်းစားစားပွဲမှ ပန်းအိုးထဲတွင် ကြက်သွေးရောင် ပန်းပွင့် တွေ ဝေလျက်။

" အင်း၊ ခုလိုတော့လည်း အိမ်ကလေးက ချစ်စရာလေးပဲနော် အစ်ကို"

ဂျူးဒစ်က တအံ့တသြ ပြောလိုက်မိသည်။ ဖီးလစ်က ပြုံးပြီး -

" အိန်ဂျဲလစ်ရဲ့ လက်ရာလေ "

မီးဖိုနံဘေးထောင့်မှ အိမ်ဖော်မကလေး ထလာပြီး ဒူးညွှတ်အရိုအသေပေးသည်။ ဖီးလစ်ကို ပြင်သစ်လို လှမ်းပြောသည်။ ဖီးလစ်က တစ်စုံတစ်ရာ ပြန်ပြောလိုက်၏။ ကလေးမကို စူးစမ်းသည့် မျက်လုံးများဖြင့် ဂျူးဒစ် ကြည့်နေသည်။

အိန်ဂျဲလစ်မှာ ချစ်စဖွယ် ကိုယ်လုံးသွယ်သွယ်နှင့်ဖြစ်သည်။ အသားက ကော်ဖီရောင်။ မျက်လုံးများ ကမူ ကတ္တီပါနက်လို မည်းမှောင်နေသည်။ အပြာရောင် ချည်ထည်အင်္ကျီပေါ်မှ မီးဖိုဆောင်သုံး အဖြူရောင် ရှေ့ပိုင်းရင်ဖုံးကိုလွှမ်းလျက်။ ခေါင်းတွင် အနီရောင်ပဝါ စည်းထားသည်။ ဒူးညွှတ်အရို အသေပေးစဉ် ပါးတစ်ဖက် တစ်ချက် စီတွင် ဆံခွေကလေးတွေ ထွက်ကျလာသည်။

ချက်ချင်း အနားရောက်လာပြီး ဂျူးဒစ်၏ ဦးထုပ်နှင့် ဝတ်စုံကြိုးတွေကို ဖြေသည်။ ပြီးတော့ ဒူးထောက်ကာ ဖိနပ် ချွတ်ပေးသည်။ ရေဇလုံပြေးယူလာပြီး မျက်နှာကို ရေဖတ်တိုက်ပေးသည်။ ဂျူး ဒစ်ငြိမ်ခံနေရင်း ဖီးလစ် ကို မော့ကြည့်ပြုံးသည်။

" ဂျူးဒစ် သဘောကျသွားပြီ အစ်ကို "

" အို ကျရမှာပေါ့၊ သူ့လိုဟာမျိုးလေး ဒီလိုနေရာမှာရဖို့ မလွယ်ဘူး၊ အစ်ကိုတို့ ကံကောင်းလို့ ရတာ "

ဖီးလစ်က မိန်းမလုပ်သူကို ငုံ့နမ်းရင်း ပြောလိုက်သည်။

" ကဲ၊ မင်း သူ့ကို ပစ္စည်းနာမည်တွေက စသင်ပေတော့၊ အစ်ကိုကွင်းထဲ ဆင်းလိုက်ဦးမယ် "

<<<http://www.shwezinu.blogspot.com/

ဂျူးအစ်က လင်တော်မောင်၏ လက်ကို ဆွဲယူ နမ်းရှုပ်လိုက်သည်။ ဩော် ... အစ်ကိုရယ်၊ သိပ်ချစ်ဖို့ ကောင်းတဲ့ အစ်ကိုပါကွယ်။ သို့သော် ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှု၊ ကိုယ်လက်မအီမသာ ဖြစ်မှုတို့ အတွက် အစ်ကို့လို လူဆီက စာနာမှုရဖို့ သိပ်မျှော်လင့်၍ မရနိုင်ပါ။ အလုပ်အကြောင်းတွေ သူ့ခေါင်းထဲ ဝင်လာလျှင် ဌါမိန်းမဗိုက် လေးလနဲ့ပါလား ဆိုတာလည်း သူ မေ့ချင် မေ့နေမည်။

အိန်ဂျဲလစ် နှင့် ဆိုလျှင် အဆင်ပြေပြီ။ တစ်ယောက်နှင့်တစ်ယောက် စကားပေါက်ဖို့ပဲလိုသည်။ တီဘီက ရောက်မဆိုက် မီးဖိုတွင် အလုပ်ရှုပ်နေပြီ။

" မမလေး တစ်ခုခု စားလိုက်ဦး၊ ဒီကောင်မလေးကို ဘေးချိတ်ထားလိုက်စမ်းပါ၊ စကားလည်း မပြောတတ်ဘဲနဲ့"

အိန်ဂျဲလစ်က စက္ကူဖာတစ်လုံးဖွင့်ပြီး ထန်းလက်ယပ်တောင်ကို ထုတ်၍ ခတ်ပေးသည်။ လေလည်း ရသည်။ တီဘီ ယူလာပေးသည့် ရုံးပတီသီးဆန်ပြုတ်တွင် လာနားသည့် ယင်ကောင်တွေကိုလည်း မောင်းပြီးသား ဖြစ်သွားသည်။ တီဘီက ဘူးသီးကြော်နှင့် ရေတစ်အိုး လာချပေးသည်။

" တီဘီ၊ နင့်ကို သစ်ဖြူတောအိမ်ပို့ရမှာ စိတ်မကောင်းပါဘူး၊ တီဘီရှိနေရင် အိန်ဂျဲလစ်ကို ကူပြီး စကား သင်ပေးလို့ ရတာပေါ့ "

" ဟုတ်ကဲ့ မမလေး၊ ဒါပေမဲ့ ဒီလိုအသားရောင်ရှိတဲ့ မိန်းကလေးတွေဟာ အကျင့် မကောင်းကြဘူး "

" ဟင် ဘာပြုလို့လဲ "

" သူတို့ အမေ အကျင့်မကောင်းလို့ တီဘီလို သူ မည်းမနေတာပေါ့ "

ဂျူးအစ်က စွပ်ပြုတ်ပန်းကန် ထဲကို ဇွန်းထည့်ရင်း -

" တီဘီ "

တီဘီ ပျာပျာသလဲထူးသည်။ ရင်ဖုံးအင်္ကျီကို တစ်ချက်ခါပြီး -

" ဟုတ်ကဲ့ မမလေး၊ မမလေးကို မရိုသေလို့ပြောတာ မဟုတ်ပါဘူး "

အိန်ဂျဲလစ်က ပြုံးပြုံးကလေး နားထောင်နေသည်။ ကပ္ပလီစစ်စစ်တွေ သူ့ကို မကြည်ဖြူကြကြောင်း သူ သိနေပုံ။ ရံခါတွင် သူ့သခင်မကို ကြည့်ပြီး ပြုံးပြသည်။ ဂျူးအစ်ကလည်း ပြန်ပြုံးပြသည်။ တီဘီက စိတ်မကျေနပ်သေးသည့် ပုံစံဖြင့် ထပ်ပြောသေးသည်။

" သူတို့လို ကပြားမတွေက လူဖြူတွေကိုဖမ်းဖို့ ကြိုးစားနေကြတာချည်းပဲ မမလေး"

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ်က ရယ်ပြီး အစ်ကို့အတွက် စွပ်ပြုတ်သွားပို့ဖို့ ပြောလိုက်သည်။ တီဘီ ထွက်သွားမှ ပစ္စည်းတစ်ခုချင်း ကိုင်ပြပြီး အိန်ဂျဲလစ်ကို စကားသင်ရသည်။ ကလေးမက ဉာဏ်ကောင်းသည်။ အတတ်မြန်သည်။ အသံထွက်မှားသည့်အခါ နှစ်ယောက်သား ရယ်ကြသည်။

အိန်ဂျဲလစ်မှာ ကျွန်နှင့်မတူဘဲ အခစား အိမ်ဖော်တစ်ယောက်နှင့် တူနေသည်။ ဂျူးဒစ်အတွက် တိုးတိုးဖော် တစ်ယောက် ကောက်ရခြင်းပင်။ လှလည်း လှသည်။ အသားညိုမကလေးများထဲတွင် အိန်ဂျဲလစ်လို လှသည့် မိန်းကလေးမျိုး ဂျူးဒစ် မတွေ့ဖူးသေး။

မျက်နှာကို လက်နှင့် တစ်ချက်သပ်ပြီး အလေးအနက် စဉ်းစားမိသည်။ အစ်ကိုတစ်ယောက် ငါ့ကို လှတယ်မှ ထင်သေးရဲ့လား ဟူ၍၊ အိမ်တွင် မှန်ဆိုလို့ သူ မုတ်ဆိတ်ရိတ်သည့် လေးထောင့်မှန် ကလေး တစ်ခုပဲ ရှိသည်။

ထိုညတွင် ပူဆာလိုက်ခြင်းဖြစ်၏။

" အစ်ကို နောက်တစ်ခါ မြို့ရောက်ရင် မှန်ကြီးကြီးတစ်ချပ် ဝယ်ခဲ့နော် "

" ဆိပ်ကမ်းပေါ် တက်တက်ချင်း ပထမဆုံး တွေ့တဲ့ဆိုင်မှာ ဝယ်ခဲ့မယ်၊ ဟုတ်ပြီလား "

ဇနီးသည် ကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ချစ်စနိုးနမ်းရင်း ကတိပေးလိုက်သည်။ လင်တော်မောင်၏ ပခုံးတွင် ဦးခေါင်းကို မှေးတင်ကာ ခေါင်မိုးကို ဂျူးဒစ် လှမ်းကြည့်မိသည်။ သစ်လုံးနှစ်လုံးကြားမှ ကြယ်တွေကို လှမ်းမြင်နေရသည်။

" ခုနေ မိုးရွာချရင်တော့ မလွယ်ဘူးအစ်ကို၊ ဟိုမှာကြည့်ပါဦး "

" အင်း ... မင်းပြောမှ သတိရတယ်၊ ဖာရဦးမယ်၊ ဟိုတစ်ခါလည်း အဲဒီနားက ယိုတယ်လေ "

ဂျူးဒစ် လူချင်းခွာလိုက်သည်။ တစ်ကိုယ်လုံး ကိုက်ခဲနေ၏။

" အစ်ကိုက သိပ်နေနိုင်တာပဲ၊ ဂျူးဒစ်ကို လာမခေါ်ခင် ဘာလို့ ဖာထေးမထားသလဲ "

" ဩော် ... အချစ်ကလဲကွယ် "

ဖီးလစ် တအံ့တဩ ဖြစ်နေသည်။

" အစ်ကို လုပ်မှာပါကွာ၊ မေ့နေလို့ပါလို့ အစ်ကို ပြောပြီးပြီလေ "

ဖီးလစ်က လှမ်းဖက်တော့ ခုတင်တိုင်ကိုကိုင်ပြီး ဂျူးဒစ် ဖွတ်ပေကတ်နေသည်။

<<<http://www.shwezinu.blogspot.com/

" ဂျူးဒစ် အေးအေးနေပါရစေ အစ်ကို၊ အစ်ကို ဂျူးဒစ်ကို ချစ်တယ်ဆိုတာ တကယ်လားဟင်၊ ကတော်တစ်ယောက်လို ထားမယ်ဆိုပြီး ခုတော့ တဲထဲမှာ ထားတယ်၊ ဘယ်တုန်းကမှ ဒီလိုမျိုး မနေခဲ့ရဖူး ဘူး "

" ဩော် ... ကလေးရယ်၊ ခု မိုးမှ မရွာသေးဘဲကွာ၊ မင်း ဘာလို့ စိတ်တိုနေရတာလဲဟင်၊ တစ်ခါမှ အစ်ကို့ ကို အော်မပြောဖူးပါဘူး "

" ဒီည မိုးမရွာဘူးလို့ အစ်ကို ဘယ်လိုလုပ် ပြောနိုင်သလဲ "

ဂျူးဒစ်က တရှုပ်ရှုပ်ငိုပြီး -

" ဂျူးဒစ် အတတ်နိုင်ဆုံး အဆင်ပြေအောင် ကြိုးစားပါတယ် အစ်ကို၊ ဒါလောက်ဆိုးတဲ့ နွေကြမ်းရဲ့ နှိပ်စက်မှု ကိုလည်း ကြိတ်မှိတ်ခံတယ်၊ ထမင်းပန်းကန်ထဲက ပိုးကောင် မွှားကောင်တွေကိုလည်း လက်နဲ့ ဖယ်ပြီး စားပါတယ်၊ အမေ့ကို တိုင်ပင်မယ် တိုင်ပင်မယ်နဲ့ အမေသာ သေသွားရော မတိုင်ပင် ဖြစ်လိုက်ဘူး။ ကလေးမွေးဖို့ကိစ္စ ဂျူးဒစ် ဘယ်လောက် ကြောက်နေတယ်ဆိုတာ အစ်ကို့ကို မပြောခဲ့ဘူး၊ ခုထိ ကလေးကို ဘယ်လိုမွေးရမယ်ဆိုတာ ဂျူးဒစ်ကို ပြောပြမယ့်လူ တစ်ယောက်မှ မရှိဘူး၊ အဲဒါတွေ အားလုံး ဂျူးဒစ် ကြိတ်မှိတ်ခံနေပါတယ်၊ ဒါပေမဲ့ ခေါင်းပေါ်မှာ အမိုး လုံလုံခြုံခြုံ မရှိတာကိုတော့ ဂျူးဒစ် သည်းမခံ နိုင်ဘူး အစ်ကို "

ပြောပြော ဆိုဆို အော်ငိုသည်။

ဖီးလစ်က ကလေးတစ်ယောက်ကို ချော့သလိုချော့ပြီး အိပ်ရာပေါ် ပွေ့လှဲသည်။ မွေ့ရာပေါ် မျက်နှာ မှောက်ပြီး ဂျူးဒစ် ငိုပြန်သည်။

" ဂျူးဒစ်၊ ဩော် ကလေးရယ် "

" သွား၊ ဂျူးဒစ် ကို စကားလာမပြောနဲ့၊ အစ်ကို စိတ်ဂင်စားတာ ဂျူးဒစ်မဟုတ်ဘူး၊ မဲနယ်၊ မဲနယ် "

" ဩော် ကလေးရယ် "

ဖီးလစ်က သူ့ကိုယ်ကလေး ကို တင်းတင်းပိုက်ပြီး -

" အမိုးပေါက်နေတဲ့အတွက် အစ်ကို စိတ်မကောင်းပါဘူးကွာ၊ အစ်ကို လုပ်ပေးပါ့မယ်၊ အမိုးမလုံလို့ မင်း အဲဒီလို လုပ်နေရင် ပိုဆိုးမှာပေါ့ ဂျူးဒစ်ရယ် "

ဂျူးဒစ် သက်ပြင်းတစ်ချက် ချစဉ် ဖီးလစ် ဆက်ပြောသည်။

<<<http://www.shwezinu.blogspot.com/

" ကလေးရယ်၊ မင်းကို အစ်ကို ချစ်ပါတယ်၊ အဲဒါ သံသယမရှိပါနဲ့ကွာ၊ ချစ်လွန်းလို့ မစောင့်နိုင်ဘဲ အစ်ကို အလောတကြီး လုပ်ခဲ့မိတာပေါ့၊ အိမ်ကြီးမပြီးမချင်း ကလေးရလိမ့်မယ်လို့ အစ်ကို လုံးဝ မထင်ခဲ့မိဘူးလေ၊ မင်းလည်း အစ်ကို့ ကို တကယ်ချစ်လို့ အခုလို စွန့်စွန့်စားစား လိုက်လာတာ မဟုတ်လားဟင်"

မရှိုက်တော့ဘဲ မျက်ရည်တွေ တွေတွေကျလျက်က -

" ချစ်ပါတယ် အစ်ကိုရယ်၊ အစ်ကို့ကို စတွေ့ကတည်းက ရင်တွေခုန်ပြီး ချစ်ခဲ့ရတာပါ၊ ဒါပေမဲ့ ကြွက်တွေ၊ ခြင်တွေ၊ ယင်တွေနဲ့ ဒီနွေရဲ့ဒဏ်ကို ...။ ခြေမျက်စိတွေလည်း ရောင်နေပြီအစ်ကို "

" အစ်ကို သိပါတယ်ကွယ်၊ အစ်ကို ဘယ်လောက် စိတ်မကောင်းဖြစ်နေတယ်ဆိုတာ ဘာနဲ့ ဘယ်လို သက်သေပြ ရမလဲဟင် "

" ဘာနဲ့မှ မပြနဲ့၊ အမိုးကို ပလတ်စတာနဲ့ တက်ဖာပေး "

ဖီးလစ် ရယ်သည်။

" ကောင်းပါပြီ အချစ်ရယ်၊ ဒီတစ်ခေါက် မြို့သွားရင် ပလတ်စတာ ဂယ်ဖြစ်အောင် ဂယ်လာခဲ့ပါ့မယ်။ အစ်ကို မင်းကို ခဏခဏ ပြောပါတယ်၊ အစ်ကိုဟာ အလကားကောင်၊ ဘာမှ အသုံးမကျဘူးလို့ "

" အို အဲလို မပြောပါနဲ့၊ ဘယ်က အလကားကောင်ရမှာလဲ "

ဂျူးဒစ်က သူ့လည်ပင်းကို သိုင်းဖက်ပြီး -

" ဂျူးဒစ်ကို တင်းတင်းဖက်ထားစမ်းပါ အစ်ကို၊ အစ်ကိုပြောသလောက် ချစ်ရဲ့လားဟင် "

" မိုးလောက်ကြီးချစ်တယ် "

" ဂျူးဒစ်လေ အစ်ကို့ကို သိပ်သိပ်ချစ်တာပဲ၊ အစ်ကို့ကို ပိုင်ရပြီပဲ၊ ကျန်တာတွေ ဘာမှ မကြောက်တော့ဘူး"

" ကလေးမွေးရမှာလည်း မကြောက်တော့ဘူးပေါ့နော် "

" မကြောက်တော့ဘူး၊ အစ်ကိုနဲ့တူတဲ့ ကလေးတွေ တစ်ခါဒင်လောက်မွေးမယ် "

လင်တော်မောင်ကို တင်းတင်းဖက်ပြီး ဂျူးဒစ် ပြောလိုက်သည်။ ဖီးလစ်က ကြင်ကြင်နာနာ နမ်းသည်။ ထိုည တွင် ဂျူးဒစ် ဘာမှ မကြောက်တော့။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လေသည်။

<<<http://www.shwezinu.blogspot.com/

အခန်း (၄)

သို့သော် နောက်တစ်နေ့ လင်းသည်နှင့် ကြောက်နေပြန်သည်။ ဖီးလစ်ကိုမူ ထုတ်မပြောတော့။ မွေးဖို့ဖွားဖို့ တွေးလေ ထိတ်လန့်ကြောက်ရွံ့စိတ်က ပိုပြီး အင်အားကောင်းလေ ဖြစ်နေ၏။

မေးမယ့်သူလည်းမရှိ။ ရှိသည့်တိုင်အောင် ဘာမေးရမှန်း သိမည်မဟုတ်။ တစ်နေ့တွင် ဂျာဇာစီက အစေခံ တစ်ယောက်ကို လွှတ်ပြီး စာတစ်စောင်နှင့် အသားချောချော ပိတ်တစ်အုပ် ပို့လာသည်။ စာလုံးပေါင်း အမှားမှား အယွင်းယွင်းနှင့် စာတိုကလေး။ ဂျာဇာစီသည် အင်္ဂလိပ်စကားကို ကောင်း ကောင်းပြော နိုင်သော်လည်း စာကိုတော့ ဟုတ်တိပတ်တိ မတတ်ပေ။

နောက်တစ်နေ့တွင် အမျိုးသမီးကြီးတစ်ယောက် ရောက်လာသည်။ ကလေးအတွက် အနွေးထည် ချုပ်ဖို့ ဖလန်နယ်စ ကလေးကို ကိုင်လျက်။

" ကိုယ့်နာမည်က ဆီလ်ဗီဂျူဟန်ပါကွယ်၊ ကိုယ့်အမျိုးသားက အမေရိကန်လေ၊ လှေကြီးတွေ စပ်ရောင်းတဲ့ အလုပ် လုပ်တယ်၊ မွေးဖွားပြီးရင် ကိုယ်တို့အိမ်ကို လာလည်နော် "

ဂျူးဒစ် က ကျေးဇူးတင်ပါကြောင်း၊ လာလည်မည့်အကြောင်း ပြန်ပြောရသည်။ ဒယ်လ်ရှိုင်းတွင် ဖီးလစ်ကို လူတိုင်း သိနေကြဟန်တူသည်။ ပြီးတော့ သူ့မိန်းမဟာ ကလေးသာသာ မိန်းကလေး ဖြစ်ကြောင်းလည်း သိကြ ပုံရသည်။ မရင်းနှီးသူများကို ဂျူးဒစ် မမေးချင်။ သိချင်သည့် ကိစ္စတွေကတော့ အပုံအပင်။

ဗိုက်ထဲတွင် ကလေးက လှုပ်လှုပ်ရွရွ လုပ်စပြုလာသည်။ ဂျူးဒစ်အတွက် အထူးအဆန်း ဖြစ်နေ၏။ နောက်ထပ် ဘာတွေနဲ့များ ထပ်ကြုံရဦးမည် မသိ။ အစ်ကိုကတော့ ဖေဖော်ဝါရီလလောက် မွေးမည် ဟု ခန့်မှန်း သည်။ အိန်ဂျဲလစ်များ သိမလားပဲ။ ခက်သည်က ခုထိ အန်ဂျဲလစ် စကားကောင်းကောင်း မတတ်ပေ။ မည်သို့ဖြစ်စေ အိန်ဂျဲလစ် ရှိနေခြင်းအတွက် အပုံကြီး စိတ်သက်သာရာရသည်။ အတွေ့အကြုံ ရှိပြီးသား အိမ်ဖော်ဖြစ်၍ အလုပ်ကို အောက်ခြေသိမ်း လုပ်ပေးတတ်သည်။ ဂျူးဒစ်၏ ဆံပင်ကို အမျိုးမျိုး အဖုံဖုံ ထုံးဖွဲ့ပေးတတ်သည်။ အချုပ်အလုပ်တွင်လည်း လက်ရာမြောက်ပါပေ သည်။ ကလေးအတွက် အင်္ကျီ တွေကို ကူချုပ်ပေးသည်။ ဂျူးဒစ်က သူ့ကို စာပါတ်ခွဲသင်ပေးနေ၏။ နွေကန္တာ ခရီးကြမ်း ကုန်ဆုံးကာ ပျော်စရာ ဆောင်းရာသီ သို့ ရောက်လာခဲ့လေသည်။ ဂျူးဒစ် အပြင် သိပ်မထွက်တော့။ မီးဖိုနံဘေးတွင် ထိုင်ပြီး မီးလှုံ

<<http://www.shwezinu.blogspot.com/

နေတတ်သည်။ အိန်ဂျဲလစ်လို အိမ်ဖော်မလေးလို ရအောင် ရှာပေးတတ်သည့် အစ်ကို့ကို ကျေးဇူးတင်မဆုံးနိုင်အောင် ဖြစ်နေ၏။

သို့သော် ကြောက်ရွံ့စိတ်က လျော့ပါးသွားသည် မရှိခဲ့ပါချေ။ နင်းမှုန်တွေ တဖွဲဖွဲကျနေသည့် နေ့တစ်နေ့တွင် အိန်ဂျဲလစ် အဂတ်လျှော်နေသဖြင့် တစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့ သည်။ ကပ္ပလီအလုပ်သမားတွေ နေသည့် တန်းလျားနား အရောက်တွင် တစ်စုံတစ်ယောက်၏ အော်ဟစ် ညည်းညူသံ ကြားလိုက်သည်။ ဝေဒနာ အပြင်းအထန် ခံစားနေရသည့် ညည်းညူသံမျိုး။

ရပ်ပြီး နားစွင့်နေလိုက်သည်။ အမျိုးသမီးတစ်ဦး မချိမဆံ့ ဖြစ်နေပုံ။ မီးဖိုကြီးတစ်ခုတွင် ထမင်း စုချက်နေသည့် မိန်းမတစ်သိုက်ဆီသို့ ခပ်သုတ်သုတ်လျှောက်သွားသည်။ သူတို့အားလုံး အော်ဟစ်ညည်းညူသံကို မကြားကြလေရော့သလား။ ဘယ်သူမှ ဂရုစိုက်ဟန်မတူ။ ဂျူးဒစ် ဒေါသ ဖြစ်သွားသည်။ ခပ်ဆတ်ဆတ် ငေါက်ပြီး မေးလိုက်သည်။

" ဟဲ့၊ အဲဒါ ဘာဖြစ်နေတာလဲ "

မိန်းမတစ်ယောက်က ခေါင်းမော့ပြီး -

" ရှင် မမလေး "

" နင်တို့ ငါပြောနေတာ မကြားကြဘူးလား၊ တဲထဲမှာ ဘာဖြစ်နေတာလဲလို့ "

အမျိုးသမီးက ပခုံးတွန့်ပြီး -

" ဘာမှ မဟုတ်ပါဘူး မမလေး၊ မိန်းမတစ်ယောက် ကလေးမွေးနေတာပါ "

နားနစ်ဖက်ကို နာနာပိတ်ပြီး အိမ်ဘက်ကို သုတ်ခြေတင် ပြန်လာခဲ့သည်။ အိမ်ရောက်ရောက်ချင်း ခုတင် ပေါ် ပစ်လှဲလိုက်သည်။ နားနစ်ဖက်ကို ပိတ်ထားဆဲ။ သို့သော် အော်ညည်းသံက နားထဲမှ မထွက်။ အိန်ဂျဲလစ် ဝင်လာတော့ ဂျူးဒစ် မျက်နှာတွင် သွေးမရှိတော့။

အိန်ဂျဲလစ် အပြေးရောက်လာပြီး အင်္ဂလိပ်စကားတစ်ဂက် ပြင်သစ်စကားတစ်ဂက်ဖြင့် စိုးရိမ်တကြီး မေးနေသည်။ ဂျူးဒစ်ကို ရင်ခွင်ထဲပွေ့ပြီး တတွတ်တွတ် ပြောနေ၏။ ဘာတွေ ပြောနေမှန်းမသိ။ ထပ်ကာထပ်ကာ ပြောနေခြင်းဖြစ်၍ တဖြည်းဖြည်း ဂျူးဒစ် သဘောပေါက်လာသည်။

" ကျွန်မ ကလေးမွေးဖူးတယ် မမလေး၊ မမလေး မွေးရင် ကျွန်မ ကူလုပ်ပေးမယ် "

" ဘာ နင်ကလေး မွေးဖူးတယ် ဟုတ်လား "

အိန်ဂျဲလစ် က ခေါင်းညိတ်သည်။

<<<http://www.shwezinu.blogspot.com/

" ဒါဖြင့် နင့်ကလေးရော "

" သေသွားတယ် မမလေး၊ မမလေး ကလေးရရင် မသေအောင်လုပ်ပေးမယ်နော် "

" နင် ငါ့ကို ကူညီပါနော် "

အိန်ဂျဲလစ်ပြုံးပြီး ခေါင်းညိတ်သည်။ သူ့ရင်ခွင်ထဲကို ဂျူးဒစ် လှဲချလိုက်သည်။ အိန်ဂျဲလစ်က ကလေး တစ်ယောက် ကို ပွေ့သလို ပွေ့ထားပြီး ချော့သိပ်သည်။ ပြင်သစ် သီချင်းတစ်ပုဒ်ကို တိုး တိုးညည်းလျက်။ စာသား တွေကို ဂျူးဒစ် တစ်လုံးမှ နားမလည်။

ဖီးလစ် ရောက်လာသည်။ အိန်ဂျဲလစ်က ဆက်ဆိုနေသည်။ ဖီးလစ်လည်း နားမလည်။ ကွန်ဂိုမှာဆို သည့် ကပွလီများ၏ ကျေးလက်သီချင်းဖြစ်ကြောင်း အိန်ဂျဲလစ် ပြောပြသည်။ သူ့အသံက ချိုမြအေးချမ်းသည်။ သူ့ ယုယပိုက်ထွေးပုံက နူးညံ့သိမ်မွေ့သည်။ ဂျူးဒစ် အကျေနပ်ကြီး ကျေနပ်နေမိ၏။

မီးဖိုကြီးထဲတွင် မီးတွေ ထည့်ထားသည့်ကြားက ခုတလော စိမ့်နေအောင် အေးလာသည်။ လူဂီစီး ယားနား မှာတော့ သည်လောက် အေးမည်မထင်၊ သည်မှာတော့ ဆောင်းဟေ့ဆိုသည်နှင့် ပတ်ကြမ်းတိုက်ပြီး ဝင် လာသည်။

အမိုးကို ဖာထေးထားပြီး ဖြစ်သော်လည်း ဆောင်းတွင်းမိုး နှိပ်စက်သဖြင့် ယိုကျလာပြန်သည်။ သည် တစ်ခေါက် မြို့ရောက်လျှင် ဝယ်ခဲ့ပါမည်ဟု ဂျူးဒစ်ကို ကတိပေးထားသော်လည်း တကယ်မြို့ ရောက်တော့ ဝယ်ဖို့ မေ့လာသည်။ ဧကပေါင်းများစွာ စိုက်ပျိုးပြီးစီးနေသည့် မဲနယ်ပင်ကိစ္စက သူ့ကို လွှမ်းမိုး ထားလေပြီ။

ဇန်နဝါရီလဆန်းတွင် နှင်းထုပါးလာသည်။ နေ့လယ်နေ့ခင်းများတွင် ကြည်လင်အေးမြနေ၏။ ဂျူးဒစ် တစ်ယောက် နေကောင်း ကျန်းမာလျက် ရှိသည်။ ဤသို့ဖြင့် ဖေဖော်ဝါရီလထဲ ဝင်လာလေတော့ သည်။

ဖေဖော်ဝါရီလသည် ဘယ်တုန်းကမှ ဂျူးဒစ်အတွက် ထူးခြားသည့် လမဖြစ်ခဲ့ပေ။ သို့သော် တစ်မ နက် အိပ်ရာမှ နိုးအလာတွင် တစ်လောကလုံးအပြာနှင့် ရွှေရောင် လွှမ်းနေသည်ကို တွေ့ရသည်။ ခုတင်ပေါ်မှ လျှောခနဲ ဆင်းသွားပြီး ပြတင်းပေါက်တွင် မှီရပ်ကာ အပြင်သို့ ငေးကြည့်နေလိုက်သည်။ ခန္ဓာကိုယ်သာ မီးပုံးပျံကြီး လောက် ကြီးမနေလျှင် လှည့်ပတ် ကပစ်လိုက် ချင်သည်။

နေရောင်ခြည်သည် ဂက်သစ်ချနှင့် တတိုင်းမွှေးပင်များပေါ်တွင် တောက်တောက်ပပ ဖြာဆင်းနေ၏။ နွေလို ကြည်လင်နေသော်လည်း လေက အေးမြသည်။ ဤသို့ နေ့စဉ်ရက်ဆက် ရာသီဥတုသာယာ နေသည်။ လမ်းလျှောက်လို့ ခက်လာအောင် ဗိုက်ကြီးထွက်နေသော်လည်း ဂျူးဒစ်တစ်ယောက် အတောင်ပါသည့်နှယ် သွက်လက်နေ၏။

<<<http://www.shwezinu.blogspot.com/

ဘယ်လောက်ထူးဆန်းသည့် ဒေသပါလဲ။ ဖေဖော်ဝါရီတွင် အလှသရဖူ ဆောင်းနေသည်။ အအေးဓာတ် လွန်ကဲ သည့်ကြားက မြေပြင်မှ အပင်ပေါက်တွေ အလုအယက် ထိုးထွက်နေကြ၏။ ဂက်သစ်ချကိုင်းများက ရွက်ဟောင်းတွေ ခါချပြီး ရွက်သစ်နုတွေ တဝေဝေနှင့်။ တတိုင်းမွှေးပင်များ တွင် အစိမ်းရင့်ရောင် အဖူးတွေ အလုအယက် ပွင့်ဖို့ အားယူနေကြသည်။ ပင်မြင့်တွေ၊ ပင်စောက် တွေပေါ်မှ ရေညှိရေမှော်ပင်တွေပင် စိမ်းသည်ထက် စိမ်းနေသည်ထင်ရ၏။ အရာအားလုံးသည် အသက်ဝင်နေ၏။ တောက်ပနေ၏။

ကြောက်မက်ဖွယ် နွေရိုင်းကာလကို သေလုမျောပါး ဖြတ်ကျော်နေစဉ်က နွေကန္တာ၏နောက်တွင် သည်လို ချစ်စရာ ဖေဖော်ဝါရီရှိနေကြောင်း ဘာကြောင့် သူတို့ မပြောဘဲ နေကြပါလိမ့်။ အင်း၊ နယူးအင်္ဂလန်က လူတွေ မြင်စေချင်စမ်းပါဘိ။ ဟိုမှာက မိုးလင်းလို့မှ ပြတင်းပေါက်ကို ဖွင့်ရဲကြတာ မဟုတ်ဘူးလေ။ ခုလို ရွှေဝါရောင်၊ နီလာရောင်ကို သူတို့ ဘယ်မြင်ဖူးကြပါ့မလဲ။

နွေရောက် လျှင် ကျွက်ကျွက်ဆူနေသည့် ကြေးရည်အိုးကြီးကို ခေါင်းပေါ် သွန်ချနေသလို ခံစားရဦးမည်။ သို့သော် လာမည့်နွေနှင့် ရင်ဆိုင်ရမှာ မကြောက်တော့။ သည်နွေနောက်တွင် သည်လို ဖေဖော်ဝါရီ ရှိနေသည် ဆိုတာ သိထားပြီး မဟုတ်လား။

နယူးအင်္ဂလန်ကို စရောက်စ လူတွေလည်း သည်လိုပဲ နေမယ်ထင်ရဲ့။ ရှည်လျားလှတဲ့ ဆောင်းနှင်းထုကြီးကို ဖြတ်သန်းနေစဉ်မှာ ဇွန်လရောက်ရင် ဒေစီတွေ ပွင့်မယ်၊ ဒေလီယာတွေ မြိုင်နေမယ်လို့ သူတို့ကို ပြောမယ့်လူ ဘယ်ရှိပါ့မလဲနော်။

ဇွန်လကို ပထမဆုံး သူတို့ တွေ့ဖူးစမှာ ဘယ်လောက် ပျော်ကြမလဲ။ ကနက်တီကပ်က ဇွန်လ နဲ့ လူဂီစီးယားနား က ဖေဖော်ဝါရီ ဆင်ဆင်တူတဲ့ အကြောင်း ကြိုသိထားရင် ဘယ်လောက်ကောင်းမလဲ။

သိမထားတာလည်း တစ်မျိုးကောင်းပါတယ်လေ။ ကြိုသိထားရင် ခုလို ရင်သပ်ရှုမော ဖြစ်ချင်မှ ဖြစ်တော့မှာပေါ့။ ဒီမှာ ဒေစီတွေ မရှိပေမဲ့ပန်းတွေ ပေါမှပေါ။ နာမည်မသိတဲ့ ပန်းတွေကို အများကြီး ရယ်။

အနီရဲရဲ အဆုပ်ဆုပ် ပန်းပွင့်ကြီးတွေရဲ့ နာမည်ကို ဘယ်လို ခေါ်မှန်းခုထိ မသိသေး။ ရေစပ်တွေမှာ သစ်ခြောက်ပင် လို အပင်တွေက ပွင့်တဲ့ ခရမ်းရောင် ပန်းပွင့်တွေလည်း ရှိသေးရဲ့။ လေးလံစွာ လှုပ် ရှားနေရာ မှ ပေါ့ပေါ့ပါးပါး၊ မြူးမြူးကြွကြွ ပြန်ဖြစ်လာဦးတော့မှာပေါ့နော်။ ခုပဲ ဗိုက်ထဲက ကလေးလှုပ် တိုင်း ပျော်နေရပြီ။ အစ်ကို့အတွက် မျိုးဆက်သွေးကလေး မွေးပေးရတော့မယ်ဆိုတဲ့ အသိကြောင့် လည်း ဂုဏ်ယူ မိရဲ့။

မနက်ခင်း စကောစက အချိန်ကြီးတွေ မပြန်စဖူး ဗီးလစ် အိမ်ပြန်လာသည်။

" အစ်ကို မြို့တက်မလို့၊ ထွန်သွားတွေ ထပ်ဝယ်ရမယ်၊ အချစ်အတွက် ဘာယူခဲ့ရမလဲဟင် "

" အမိုးဗာ ဖို့ ပလတ်စတာပါရင် တော်ပါပြီ "

<<<http://www.shwezinu.blogspot.com/

" စိတ်ချ၊ စိတ်ချ၊ ဒီတစ်ခါ အစ်ကို မမေ့တော့ပါဘူး၊ ပြီးတော့ မှန်လည်း ဂယ်ခဲ့မယ်နော် "

" အစ်ကို က ဂျူးအစ်ကို ခုထိ လှတယ် ထင်တုန်းလားဟင် "

" မင်းမျက်လုံးတွေလောက်လှတာ အစ်ကို ဘယ်မှာမှမတွေ့ဖူးသေးဘူး၊ ရွှေအိုရောင် ညနေပိုင်း ရေပြင်ပေါ် မှာ နေရောင်ဖြာကျနေသလိုပဲ "

" ဘာပဲဖြစ်ဖြစ် ဂျူးအစ် ခုတလော သိပ်ပျော်နေတယ် အစ်ကို "

" အစ်ကို ရောပေ့ါ၊ သွားမယ်နော်၊ အစ်ကို အမြန်ဆုံး ပြန်ခဲ့မယ် "

နှုတ်ဆက်အနမ်း ပေးခဲ့ပြီး သူ ထွက်သွားသည်။ မြင်းလှည်းပေါ် ခုန်တက်ကာ မောင်းထွက်သွားသည့် ချစ်လင်ကို ပြတင်းပေါက်တွင်ရပ်ပြီး ဂျူးအစ် လက်ပြကျန်ရစ်၏။

လေက သူ့ဆံပင်တွေကို ဆော့ကစားနေသည်။ လက်နှစ်ဖက်ဆန့်ပြီး အသက်ကို တဂကြီး ရှူသွင်း လိုက်၏။ ဟိုး အနောက်ဘက်ဆီမှ မြစ်ပြင်ပေါ်တွင် အဖြူရောင် မိုးသားတွေ စုဝေးနေသည်။ အစ်ကို ပြန်မရောက် မချင်း မိုးမရွာချပါနဲ့ဦး မိုးမင်းကြီးရယ်။

ညနေစောင်းမှ သူ ပြန်ရောက်လာသည်။ မိုးသားတိမ်တိုက်တွေက အဖြူရောင်မှ အညိုရောင်သို့ ပြောင်းနေသည်။ ဖီးလစ်နှင့် ဂျိုးတို့ ပစ္စည်းတွေ သယ်ချနေကြသည်။ ပြီးတော့ အိမ်ဆီကို အပြေး ရောက်လာပြီး -

" အချစ်အတွက် အစ်ကို ဘာတွေ ဂယ်လာလဲ ကြည့်ပါဦး၊ နယူးအော်လီယန်းက ကုန်သည်လှေတစ် စင်း ဆိုက်တာ အတော်ဖြစ်သွားတယ်၊ ဟောဒီမှာ ကြည့် "

ပွင့်ရိုက် ပိုးတွန့်အလိပ်ကြီးကို ဆွဲထုတ်ပြသည်။ ပိုးသားများ အိစက်ညက်ညောနေ၏။

" ပါရီက လာတာလေ၊ ဟောဒီမှာ ဘယ်အမျိုးသမီးမှ ဒီအဂတ်မျိုးမဂတ်ဖူးသေးဘူး၊ အိန်ရဲလစ်ကို ချုပ် ခိုင်းပေတော့ "

" အို၊ လှလိုက်တာ အစ်ကိုရယ် "

အိန်ရဲလစ်နှင့် နှစ်ယောက်သား ပြိုင်တူကိုင်ကြည့်လိုက်ကြသည်။ နှင်းဆီသွေး ခပ်နုနုပေါ်တွင် အပြာရောင် အပွင့်များမှာ ကြွတက်နေသည်ထင်ရ၏။ ကျေးဖူးတင်စကား ပြောလိုက်ပြီးမှ ဂက်တဲသာသာ သစ်လုံးအိမ် ထဲတွင် နေပြီး ဒီပိုးတွန့်ပိတ်စကို ဘယ်လို အသုံးချရပ့ါမလဲဟု တွေး နေမိ၏။

" ဟောဒါ က နှင်းဆီရောင် အနားကွပ်ဖို့ ဖဲကြိုး၊ ပိုးစစ်စစ်ပဲ၊ ဟောဒါက ဆံနွယ်ခွေဖို့ ဆီမွှေး၊ စံပယ် ဆီနဲ့ လုပ်တာ"



<<http://www.shwezinu.blogspot.com/

" ဒီအထုပ်ကြီး က ဘာလဲ "

" ပြင်သစ် အချစ်ဝတ္ထုနှစ်အုပ် ဂယ်လာတာလေ "

" ဂျူးအစ် မှ မဖတ်တတ်တာ "

" အစ်ကို ဖတ်ပြမှာပေါ့၊ ဟောဒါက ဆီးရောင် ကတ္တီပါအတွင်းခံ "

" သိပ်လှတာပဲ အစ်ကိုရယ်၊ ဒါပေမဲ့ ဘယ်လိုလုပ် ဂတ်မလဲ "

" ဩော် သိမ်းထားပေါ့၊ ဂတ်လို့ရတဲ့အချိန် မကြာခင် ရောက်တော့မှာပဲဟာ၊ ဟိုဘက်က ဟာက ဝိုင်ပုလင်း တွေ၊ အကောင်းဆုံးဝိုင် ကို ရှာဂယ်ခဲ့တာလေ "

ချည်ငင်ရစ်ဘီးထက် မြင့်သည့် အထုပ်ကြီး တစ်ထုပ်လည်း ပါလာသည်။

" အဲဒါကြီးကကော ဘာကြီးလဲ အစ်ကိုရဲ့ "

" ဖွင့်ကြည့်လေ "

ဂျူးအစ် အားတက်သရော ကြိုးတွေကို ဖြေပြီး ပတ်ထားသည့် အဂတ်တွေကို ဆွဲခွာသည်။ ပါးစပ် အဟောင်းသား ဖြစ်ပြီး ပထမ ကြောင်ကြည့်နေသည်။ ပြီးမှ အလန့်တကြား နောက်ဆုတ်ပြီး ငိုချ လိုက်တော့၏။

" အလို၊ အချစ် ဘာဖြစ်တာလဲကွယ် "

ဂျူးအစ် တစ်ခါပြန်ကြည့်သည်။ ပြီးမှ မျက်နှာကို လက်ဝါးနှင့် အုပ်ပစ်လိုက်၏။

" ဘုရား၊ ဘုရား ဂျူးအစ် အဲဒီလိုကြီး ဖြစ်နေတာပေါ့။ ဟုတ်လားအစ်ကို "

ဗီးလစ် ပါးစပ်အဟောင်းသားဖြစ်နေသည်။ အိန်ဂျဲလစ်ကို လှမ်းကြည့်လိုက်၏။ အိန်ဂျဲလစ်က ခေါင်းခါ ပြသည်။ ကိုယ်လုံးပေါ် မှန်ကို ကျောပေးရပ်ကာ တရှုပ်ရှုပ်ငိုနေသည့် ဂျူးအစ်ကို ဗီးလစ် ကြောင်ကြည့် နေသည်။

" ပြန်ထုပ်ထားလိုက်စမ်းပါ၊ အဲဒါကြီး မကြည့်ပါရစေနဲ့ "

ဂျူးအစ် စိတ်ဆိုးမာန်ဆိုး အော်ပြောသည်။

ကြည့်မှန်ကြီးကို ဗီးလစ် အသာအယာ ပြန်ထုပ်သည်။

" အစ်ကို စိတ်မကောင်းပါဘူးကွယ်၊ ဒီလိုမှန်းသိရင် ဂယ်မလာပါဘူး "

အင်္ကျီလက်နှင့် မျက်ရည်သုတ်နေရာမှ ဗီးလစ်၏ ရင်ခွင်ထဲ ပြေးဝင်ပြီး -

<<http://www.shwezinu.blogspot.com/

" ဩော် အစ်ကိုရယ်၊ ဂျူးဒစ် တောင်းပန်ပါတယ်၊ အစ်ကို ဂယ်လာတာ မှန်ပါတယ်၊ ဂျူးဒစ် မှန်ကြီးကို သဘောကျ ပါတယ်၊ ဖြန်းစားကြီးဆိုတော့ လန့်သွားတာပေါ့"

ဖီးလစ် ကြင်နာစွာ ပြုံးသည်။

" အစ်ကို ထုပ်ထားလိုက်ပါပြီ၊ အချစ် ပြန်လှလာမှ ဖြေမယ်နော်"

" ဟင့်အင်း၊ မလိုပါဘူး အစ်ကို၊ ဂျူးဒစ်က သိပ်ကလေးဆန်တာပဲ အစ်ကိုရယ်၊ အစ်ကိုမို့ သည်းခံနိုင်တယ်"

ဂျူးဒစ်က အထုပ်ကို ပြန်ဖြေနေသည်။

" အစ်ကို ဂယ်လာတာတွေ သဘောကျရဲ့လားဟင် "

" ကျပါတယ် အစ်ကိုရယ်၊ ပိုးတွန့်လိပ်ကို သေတ္တာအောက်ဆုံးမှာထည့်ထားရအောင်နော်၊ မတော်လို့ မိုးယိုရင် အစိုသက်သာအောင်လေ၊ အစ်ကို ဂျိုးကို တက်ဖာခိုင်းတော့လေ၊ မိုးတွေ လာနေပြီ"

ဖီးလစ် စိတ်ပျက်လက်ပျက်နှင့် လက်နှစ်ဖက်ကို ဖြုတ်ချလိုက်သည်။

" ဒုက္ခပါပဲကွယ်၊ အစ်ကို မေ့ခဲ့ပြန်ပြီ "

" ဟာ အစ်ကို ကလဲ၊ လုပ်ပြန်ပြီ "

" တစ်လမ်းလုံး သတိမေ့မှာစိုးလို့ တမင် သတိထားသွားတာပါကွာ၊ အညာလေ့ဆိုက်နေတော့ အဂတ်အစား တွေနဲ့ အလှကုန်တွေမြင်ပြီး ဂယ်ချင်လောဘအားကြီးသွားတာနဲ့ အဲဒါကို မေ့သွားတာ"

ဂျူးဒစ် က သူ့အနားမှ ထွက်သွားသည်။ ပြီးမှ ချာခနဲလှည့်ပြီး-

"မြို့သွားဂယ်ရမှာလား၊ အစ်ကိုကလွဲ ပြီး ဘယ်သူ့ အားကိုးစရာရှိလို့လဲ၊ အလကားဂတ်လို့မရလဲ အဂတ်တွေ ဂယ်လာတယ်၊ မဖတ်တတ်တဲ့ စာအုပ် တွေ ဂယ်လာတယ်၊ ပြီးတော့ မှန်ကြီး၊ ဒီပုံပျက်ပန်းပျက် ခန္ဓာကိုယ်ကြီးကို ကြည့်ဖို့ပေါ့ဟုတ်လား၊ မှာ တာက တစ်မျိုးတည်းရယ်၊ မိုးလုံဖို့ပဲ၊ အဲဒီတစ်မျိုးတည်းကို မေ့လာတယ်၊ ဒီအမိုးကလေးလုံအောင် လုပ် ဖို့တောင် အားမကိုးရဘူး၊ ကြုတ်ထဲကျွဲသိပ်နေရတဲ့အထဲမှာ မိုးက ယိုသေးတယ်၊ သိပ်စိတ်ကုန် စရာ ကောင်းတာပဲ"

ဖီးလစ် အိမ်ထဲမှ ထွက်သွားသည်။ တံခါးဂကို ဂျူးဒစ် ပြေးလိုက်သွားတော့ သူက မြင်းလှည်းနားရောက် ခါနီး နေပြီ။

" ဒါက ဘယ်သွားမလို့လဲ "

<<http://www.shwezinu.blogspot.com/

အော်မေးလိုက်ခြင်းဖြစ်၏။ သူက လှည့်မကြည့်ဘဲ -

" မြို့ကိုလေ၊ ပလတ်စတာ သွားဝယ်မယ် "

" သွားမနေပါနဲ့၊ အပြန် သိပ်မိုးချုပ်နေမှာပေါ့ "

" မင်းကို ဂျိုး စောင့်ပေးလိမ့်မယ်၊ အဲဒီလို မင်း သောင်းကျန်းနေတာကို ကြည့်နေရတာထက်စာရင် ည မြင်းလှည်း လျှောက်မောင်းနေရတာက သက်သာဦးမယ် "

ပြောပြော ဆိုဆို မြင်းကို တစ်ချက်ရိုက်ပြီး မောင်းထွက်သွားတော့သည်။ ဂျူးဒစ်က သူ့ကို နောက်မှ ငေးကြည့် ရင်း ကျန်ရစ်၏။ ထိုင်ခုံတွင် မထိုင်ဘဲ မတ်တတ် မောင်းသွားခြင်းဖြစ်၏။ ဂျိုးက အိမ်နံ ဘေးတွင် ယောင်ပေ ယောင်ပေ လုပ်နေရာမှ "စောင့်ပေးပါ့မယ် မမလေး"ဟု ပြောလာသည်။

ခေါင်းညိတ်ပြပြီး အိမ်ထဲ ပြန်ဝင်ခဲ့၏။ အိန်ဂျဲလစ် မပွံ့မရဲ အနားတိုးလာသည်။ လက်ထဲတွင် မှန်ကို ပတ်သည့် အဝတ် တွေ စုကိုင်လျက်။

" ဒါ လုပ်ရမလား မမလေး "

" ဘာမှ မလုပ် နဲ့၊ သူ့ဘာသာ ထားလိုက် "

ခပ်ပြတ်ပြတ်ပြောပြီး ပြတင်းပေါက်ဘက် သွားရပ်သည်။ မိုးတွေ ညို့ သထက် ညို့ လာပြီ။ စိတ်ညစ် လိုက်တာ။

အိန်ဂျဲလစ် အနားရောက်လာပြီး လက်မောင်းကို လာကိုင်မှန်းသိလိုက်၏။ လှည့်ကြည့်လိုက်တော့ ပေါင်မုန့်နှင့် ဟင်းလျာပွဲ ပြင်ထားသည်ကို မြင်ရသည်။ ခေါင်းခါပြလိုက်၏။ လေတိုက်တိုင်း ယိမ်းနွဲ့ လှုပ်ရှား နေကြသည့် သစ်ပင်တွေကို အဓိပ္ပာယ်မရှိ ငေးကြည့်နေသည်။ အိန်ဂျဲလစ်က ထောင့်တစ်ထောင့် ရှိ သေတ္တာတစ်လုံး ပေါ်တွင် ထိုင်ကာ ညစာစားနေ၏။

ဗိုက်ထဲက ရုတ်ခြည်း ထိုးနာလာသည်။ တစ်ချက် ငိုက်ကျသွားပြီး အသက်အောင့်ထားလိုက်သည်။ အိန်ဂျဲလစ် ခုန်ထပြီး ပြေးချလာသည်။

တတွတ်တွတ် ပြောနေ၏။ ပြောနေတာလား၊ မေးနေတာလား မသိ။ ဘာတစ်ခု မှ နားမလည်။

" မသိဘူး၊ မသိဘူး"

တုန်တုန်ယင်ယင် ပြန်ပြောလိုက်၏။ ချက်ချင်း ကောက်နာသလို ချက်ချင်း အနာပြန်ရပ်သွားသည်။ အသာ ထိုင်ချ လိုက်၏။ အိန်ဂျဲလစ် သူ့နေရာသူ ပြန်သွားပြီး ဆက်စားနေသည်။

<<<http://www.shwezinu.blogspot.com/

ကုလားထိုင်နောက်ကျောကို မှီပြီး အနားယူမည် ကြံတုန်း ဖြန်းဆို ထိုးနာလာပြန်သည်။ ကုလားထိုင်လက်တန်း ကို အလန့်တကြား ဆုပ်ကိုင်လိုက်ပြီး အိန်ဂျဲလစ်ကို လှမ်းအော်ခေါ်လိုက် သည်။ အိန်ဂျဲလစ် ချက်ချင်း ရောက်လာသည်။ ဂျူးအစ်မျက်နှာတွင် သွေးမရှိတော့။ နာကျင်ခြင်းနှင့် စိတ်ရှုပ်ထွေးခြင်း ဝေဒနာရောထွေး ခံစား နေရသည်။

အနာ သက်သာလွန်းပြန်သည်။ လုံးဝနီးပါး ပျောက်သွား၏။ အိန်ဂျဲလစ်က နှစ်သိမ့်စကားတွေ ကရားရေလွှတ် ပြောလျက်။ ဂျူးအစ် တစ်ခွန်းမှ နားမလည်။ လေသံကိုဖမ်းပြီး နှစ်သိမ့်စကားမှန်း သိနေ၏။ အိန်ဂျဲလစ်က ဂျူးအစ်၏ ပခုံးကို သိုင်းဖက်သည်။ နောက်တစ်ကြိမ် ထိုးနာလာတော့ အိန်ဂျဲလစ်၏ လက်မောင်း ကို ဖမ်းဆုပ်ထားလိုက်မိသည်။ သက်သာသွားမှ လွှတ်ပေးလိုက်ပြီး -

" အင်း၊ သက်သာသွားပြန်ပြီ "

အိန်ဂျဲလစ် အလုပ်ရှုပ်စပြုပြီ။ ရေနွေးတည်၊ သေတ္တာထဲက ပစ္စည်းတွေထုတ်နှင့် တစ်ယောက်တည်း ချာလပတ်လည်နေသည်။ ဂျိုးကို အော်ခေါ်ပြီး ထင်းတစ်ပွေ့ ယူလာခဲ့ဖို့ ပြောသည်။

ဂျူးအစ်က ကုလားထိုင်တွင် ဆက်ထိုင်နေ၏။ သည်တစ်ကြိမ် နာလာပုံက ရက်စက်လှသည်။ တစ်ဖက်စီမှ ဆွဲပြီး အလယ်တည့်တည့်က နှစ်ခြမ်းခွဲခံလိုက်ရလေသလား အောက်မေ့ရသည်။ အစ်ကို မြန်မြန်ပြန် ရောက်ပါစေဟု ဆုတောင်းလိုက်မိ၏။ အစ်ကိုနဲ့ ဂျူးအစ်တို့ရဲ့ ရင်သွေးကလေး တကယ်မွေးတော့မယ် အစ်ကို ရဲ့ လို့ ပြောချင်လှပြီ။ ပြီးတော့ မမွေးခင် မိုက်မှားပြောဆိုမိခဲ့သည့် အတွက် တောင်းပန်ချင် သည်လေ။ ပလတ်စတာ မေ့ခဲ့သည့်အတွက် တောက်လျှောက်အပြစ်ရှာပြီး ဆူဆူပူပူ လုပ်ခဲ့မိသည့် အဖြစ်။

တတ်နိုင်သမျှ မပြောဖြစ်အောင် ထိန်းထားခဲ့ပြီးမှ ပြောမည့်ပြောတော့ အလွန်အကျွံတွေ ဖြစ်ကုန်သည်။

သည်တစ်ကြိမ် ထိုးအနာတွင် ပြတင်းပေါက်ဘောင်ကို လက်နှစ်ဖက်နှင့် လှမ်းဆုပ်ထားလိုက်၏။ ဂျိုး ထင်းတွေ ပွေ့ဝင်လာသည်။ သူထွက်သွားတော့မှ အိပ်ရာထဲသွားဖို့ စိတ်ကူးရသည်။ ညဝတ်အင်္ကျီ ယူခဲ့ဖို့ အိန်ဂျဲလစ်ကို လှမ်းပြောသည်။ အိန်ဂျဲလစ်က အဝတ်တွေ ချွတ်ပြီး ညဝတ်ရုံနှင့် လဲဝတ်ပေးသည်။ အဝတ်လဲနေတုန်း နာလာလို့ အိန်ဂျဲလစ်၏ပခုံးကို ဆုပ်ထားလိုက်ရသေးသည်။ အိပ်ရာပေါ် လှဲမည် ပြုတော့ အိန်ဂျဲလစ်က နောက်မှ ဆွဲထားပြီး -

" မလှဲနဲ့ မမလေး၊ လမ်းလျှောက်၊ လမ်းလျှောက်ရတယ် "

ဘာမှ မတတ်နိုင်။ သူခိုင်းသည့်အတိုင်း လိုက်လုပ်ရတော့သည်။ အိန်ဂျဲလစ်သည် အလွန်ညင်ညင်သာသာ ကြင်ကြင် နာနာရှိသည့် အိမ်ဖော်ဖြစ်၏။ သူပြောသမျှ နားမလည်သော်လည်း စိတ်သက်သာရာရသည်။

<<<http://www.shwezinu.blogspot.com/

ဝေဒနာပြင်းထန်သော်လည်း ထင်သလောက် မဆိုးကြောင်း ဂျူးဒစ်နားလည်လာသည်။ သေကောင်ပေါင်းလဲ မဟုတ်။ မခံမရပ်နိုင်အောင် မဟုတ်။

ဤသို့ဖြင့် မိုးစုတ်စုတ်ချုပ်သွားသည်။ ဖီးလစ် ပြန်ရောက်မလာသေး။ အနာဆက်လာပြီး အသက်ရှူဖို့ပင် ခက်လာသည်။ အိန်ဂျဲလစ်၏ လက်ကို ကိုင်ပြီး တစ်ချက်တစ်ချက် ညည်းသည်။ အိန်ဂျဲလစ်သည် အလွန်အားထားရသော အိမ်ဖော်ဖြစ်သော်လည်း အနားမှာ အစ်ကိုပဲ ရှိနေစေချင် သည်လေ။

သူ ပြန်ရောက်ချိန်တန်ပါပြီ။ သူ့ကိုမှီပြီး နားချင်သည်။ အိန်ဂျဲလစ်ကို အားပြုရတာ မိန်းမသားချင်းမို့ သိပ်အားမရ။ နှစ်ယောက်သား လဲကျမလိုခဏခဏဖြစ်ကာ ဒယီးဒယိုင်နှင့်။ ပြီးတော့ အစ်ကို့ ကလေး။ သူ သိပ်လိုချင် နေတဲ့ဂက်သစ်ချမြိုင်ရဲ့ မျိုးဆက်သွေးလေ။ ဒီတော့ သူ ရှိနေသင့်တာပေါ့။ ခုလို ဝေဒနာ ခံစားနေရတာ အစ်ကိုတွေ့ရင် စောစောက ဂျူးဒစ် စိတ်တိုလို့ ပြောခဲ့မိတာတွေကိုလည်း ခွင့်လွှတ် မှာပါနော်။

အိန်ဂျဲလစ်က ဂျူးဒစ်ကို ခုတင်တိုင်တွင် ခဏမှီစေပြီး မီးဖိုဆီပြေး၍ ထင်းထပ်ထည့်သည်။ မွေးဖို့ကောင်းပြီ၊ ဘာလို့ ထွက်မလာသေးတာပါလိမ့်။

" အိန်ဂျဲလစ်၊ ဘယ်လောက်ကြာအောင် ဆက်နာနေဦးမှာလဲဟင် "

" ရှင် မမလေး "

အိန်ဂျဲလစ် နားမလည်ပြန်။

" ငါ မေးတာက .... "

အောင့်နာ လာသဖြင့် ဆက်မပြောနိုင်ဘဲ ခုတင်တိုင်ကို လက်နှစ်ဖက်နှင့် တအားဖက်ထားလိုက် သည်။ အံကို တင်းတင်းကြိတ်လျက်။ ခဏနေမှ -

" ငါမွေးတာက ဘယ်လောက်ကြာဦးမလဲလို့ "

အိန်ဂျဲလစ် မီးဖိုဆီမှ ထလာသည်။ ပြင်သစ်စကားတွေ တတွတ်တွတ်ရွတ်ရင်း ဂျူးဒစ်ကို တယုတယ ဖက်သည်။ နဖူးကို နမ်းသည်။ ဂျူးဒစ်သိလိုက်ပြီ။ ဆက်နာနေဦးမည် ဟူသည့် အဓိပ္ပာယ်။

အိန်ဂျဲလစ် က လမ်းဆက်လျှောက်ခိုင်းသည်။ ခုတင်တိုင်ကို လက်လွှတ်လိုက်သည်နှင့် ဂျူးဒစ် ခွေကျသွားတော့၏။ အိန်ဂျဲလစ် ပျာပျာသလဲ တွဲယူသည်။

" ငါ လှဲပါစေတော့ အိန်ဂျဲလစ်ရယ် "

သည်တော့မှ အိန်ဂျဲလစ်က အိပ်ရာပေါ် တင်ပေးသည်။ စောစောက နာနည်းမျိုး မဟုတ်တော့။ အပြင်းအထန် မခံနိုင်လောက်အောင် နာလာသဖြင့် မအော်မိအောင် ကိုယ့်လက်မောင်း ကိုယ် ကိုက်ထားလိုက်၏။


<<http://www.shwezinu.blogspot.com/

ချက်ချင်း သွေးခြည်ဥသွားသည်။ တဲထဲက ကပ္ပလီမ အော်ဟစ်ညည်းတွားသံ ကို သွားသတိရလိုက်သည်။ အိန်ဂျဲလစ် က နံဘေးတွင်ထိုင်ပြီး နဖူးကို ပွတ်ပေးနေ၏။

မြင်ကွင်း ကို ကြည်ကြည်လင်လင် မြင်နေရ၏။ ပြိုကျပျက်စီးနေသည့် နံရံ၊ စောင်းရွဲ့ပေါက်ပြဲနေ သည့် အမိုး၊ နံရံတွင် ချိတ်ထားသည့် အဝတ်အစားတွေ၊ သေတ္တာတွေက အိမ်နှင့်အပြည့်၊ တစ်ခုပေါ်တစ်ခု ဆင့်လျက်။ ပြောင်းဆန်မှုန့်အိတ်ပေါ်တွင် ပိုးဟပ်တစ်ကောင် တွားတတ်နေသည်။ တစ်နေရာတွင် ပုရွက်ဆိတ်တွေ အတန်းလိုက်။ မီးဖိုထဲမှ မီးလျှံကြောင့် အိမ်တွင်းရှိ အရာတိုင်း နီကြန်ကြန် ဖြစ်နေ၏။

နာလွန်းသဖြင့် ခြေထောက်တွင် တစစ်စစ် နာနေသည်ကို ဂရုမစိုက်နိုင်။ ပုရွက်ဆိတ်တွေ ကိုက်နေမှန်း သိတော့မှ အော်မိသည်။

" ဟင်၊ ငါ့ကို ပုရွက်ဆိတ်တွေ ဝိုင်းကိုက်နေပြီ "

အိန်ဂျဲလစ် အလန့်တကြား ထ ခါပေးသည်။ သို့သော် တစ်ကောင်တလေ မဟုတ်ဘဲ အုံကျင်းဖွဲ့ပြီး အိပ်ရာပေါ် ရောက်နေခြင်းဖြစ်၏။

အပြင်တွင် မိုးက အားနှင့်မာန်နှင့် ရွာချနေသည်မှာ အတန်ပင်ကြာပြီ။ လက်မောင်းတွင် မိုးပေါက် တွေ လာမှန်နေသည် ကို ခုမှ ဂျူးဒစ် သတိထားမိ၏။ ပြီးတော့ နဖူးပေါ်သို့ တဖွဲဖွဲကျလာနေသည်။ မိုးရေ သန့်သန့်ကြည်ကြည်မဟုတ်။ ရွှံ့တွေ၊ ဖုန်တွေ နိုင်းချင်းနှင့် သစ်လုံးတွေကို ဖြတ်သန်းလာ သည့် ရေညစ် ရေနောက်တွေ။

တစ်အိမ်လုံး ပုရွက်ဆိတ်တွေ ဟိုနယ်သည်နယ် ပြေးကြတယ် လုပ်နေကြပြီ။ အိန်ဂျဲလစ် လုည်း လို့ကျင်း လို့ မနိုင်တော့။ ဂျူးဒစ်၏လက်တွေ၊ ခြေတွေကိုလည်း ဝိုင်းခဲနေကြပြီ။ ပိုးဟပ်တစ်ကောင် ပျံလာပြီး ဂျူးဒစ် ၏ မျက်နှာ ကို ဝင်တိုက်သည်။ ငယ်သံပါအောင် အော်လိုက်မိ၏။

အစ်ကိုရေ … အစ်ကိုရေဟု ဆက်တိုက် အော်ခေါ်နေသည်။ အိန်ဂျဲလစ်က မိုးယိုသည့် နေရာနှင့် လွတ် အောင် အိပ်ရာကို တွန်းရွှေ့သည်။ ရေစိုဝတ်တစ်ခုဖြင့် ဂျူးဒစ်ကိုယ်ပေါ်မှ ပုရွက်ဆိတ်တွေကို လိုက်ပြီး နှိမ်နင်းပေးသည်။ မတတ်နိုင်သည့်အဆုံးတွင် အိပ်ရာခင်းကို ဆွဲယူပြီး မီးဖိုပေါ်တွင် သွားချသည်။ သို့သော် နောက်တစ်နေရာမှ သူတို့တစ်တွေ တပ်တောင်တာဗိုလ်ထု နှင့် ချီတက်လာ ကြပြန်၏။

မိုးက သည်းသည်ထက် သည်းလာ၏။ အိမ်ထဲတွင်လည်း ရွှဲရွှဲစိုနေပြီ။ နံရံအပေါက်အပြဲများကြားမှ ဝင် လာကြသည့် ပိုးဟပ်ပျံတွေများသည်ထက် များလာသည်။ အိပ်ရာတစ်ဝိုက်တွင် တဂီဂီနှင့် သောင်းကျန်း နေကြ၏။ နံရံနှင့်တိုက်ပြီး တစ်ကောင်ပြီးတစ်ကောင် ပြုတ်ကျနေသည်။ လင်တော် မောင်ကို ငယ်သံ ပါအောင် အော်ခေါ်သော်လည်း ဖီးလစ် ရောက်မလာ။

<<<http://www.shwezinu.blogspot.com/

လင်းအားကြီးချိန်တွင်မှ ဖီးလစ် ပြန်ရောက်လာသည်။ တစ်ကိုယ်လုံး စက်စက်နစ်ပြီး ခိုက်ခိုက်တုန်နေသည်။ အနည်းငယ် လည်း မူးလာ၏။ အရက်ဆိုင်ထဲတွင် အကြာကြီး ထိုင်နေမိသဖြင့် ဤမျှ နောက်ကျ သွားခြင်းဖြစ်၏။ မိုးသံလေသံတွေ ကြားထဲကပင် ဂျူးဒစ်၏အော်သံကို အဝေးမှ ကြားနေရသည်။ မြင်းလှည်း အရှိန် မသေခင် ခုန်ဆင်းပြီး ပြေးချသွားသည်။ တံခါးကို တဒုန်းဒုန်းထုသည်။ အိန်ဂျဲလစ် ပြေး ဖွင့်ပေး၏။ သူ့ကိုမြင်တော့ ဂျူးဒစ် ကိုယ်တစ်ပိုင်းကြွပြီး -

" အစ်ကို၊ လုပ်ပါဦး အစ်ကိုရယ်၊ ဒီကောင်တွေကို ဂျူးဒစ်အနားက မောင်းထုတ်ပေးပါ "

ဖီးလစ် ဘာလုပ်ရမှန်းမသိဘဲ ကြောင်ကြည့်နေသည်။ ခုတင်က အခန်းအလယ်တည့်တည့်တွင် ရောက်နေ၏။ ခုတင်တိုင်တွင် စောင်အနားစွန်းတွေ ချည်ပြီး အမိုးလုပ်ထားသည်ကို တွေ့ရ၏။ မိုးရေတွေက နေရာတကာ မှ ဒလဟော စီးလျက်။

ခုတင်ဆီသို့ ဖီးလစ် ပြေးချသွားသည်။ ဂျူးဒစ်၏ မျက်နှာမှာ သွေးဆုတ် ဖြူရော်လျက်ရှိ၏။ မီးဖိုမှ အလင်းရောင် တွင် သူ့အသားရောင် ဝါကြန်ကြန် ဖြစ်နေသည်။ မွေ့ရာမှာ အကွက်လိုက် အကွက် လိုက် စိုရွှဲနေ၏။ နံဘေးသို့ တွန်းပစ်ထားသည့် စောင်ပေါ်တွင် ပုရွက်ဆိတ်တွေ ရွတက်နေ၏။ လက်နှင့် ခြေထောက်တွေပေါ်သို့လည်း တပ်ဖြန့်ထားသေးသည်။

အံကြိတ်ထားလျက်က ဖီးလစ်ကို မော်ကြည့်ပြီး -

" လုပ်ပေးပါ အစ်ကို၊ သူတို့ကို မောင်းပေးပါ "

" အင်း အင်း၊ အစ်ကို လုပ်ပေးမှာပေါ့ "

စောင် ကို ရေတွေအိုင်နေသည့် ကြမ်းပေါ်သို့ လွှင့်ပစ်လိုက်ပြီး ကိုယ်ပေါ် မှ အကောင်တွေကို လက်နှင့် သပ်ချလိုက်သည်။

" ဩော် ... အချစ်ရယ်၊ ဖြစ်မှဖြစ်ရလေကွယ်၊ ဒီအတိုင်း ထားသွားတဲ့ အစ်ကိုကို့ ခွင့်လွှတ်နိုင်သေးရဲ့လားဟင်"

ဂျူးဒစ် ခေါင်းညိတ်သည်။ ဖီးလစ်က သူ့ကိုပွေ့ယူပြီး ကိုယ်ပေါ်မှ ပုရွက်ဆိတ်တွေကို သုတ်သင်ပေးသည်။ တစ်ပြိုင်တည်း တွင် အိပ်ရာပေါ် ပြုတ်ကျလာသည့် ပိုးဟပ်တစ်ကောင်ကို လက်နှင့် ကောက် ခြေပစ်လိုက်သည်။

ပြီးတော့ ခုတင်ခြေထောက်တွေကို ရေအိုင်နေသည့်နေရာ ရောက်အောင် ရွှေ့ပြီး နောက်တက်လာမည့် ပုရွက်ဆိတ် လမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်သည်။ ဂျူးဒစ်ကိုယ်ပေါ်တွင်လည်း အားလုံး ရှင်း

<<<http://www.shwezinu.blogspot.com/

သွားပြီ။ ခုမှ နဖူးတွင်ရွှဲနေသည့် ချွေးတွေကို ဖီးလစ် သုတ်ပေးချိန်ရတော့၏။ အံကြိတ်ထားသဖြင့် လည်တိုင်ရင်းမှ တင်းနေသည့် အကြောတွေကို ဖီးလစ် ငေးကြည့်နေသည်။ ဘာလုပ်ပေးရမှန်းလည်း မသိ။

ဂျူးဒစ်က နာလာတိုင်း လင်တော်မောင်၏လက်ကို တင်းတင်းဆုပ်ကာ ကြိတ်မှိတ်ခံသည်။ ဖီးလစ်သည် ကာရိုလိုင်းနားကလူတွေ ပြောသလို ဘာမှ သုံးမရသည့်ကောင်ဟူ၍ ပထမဆုံးအကြိမ်အဖြစ် ကိုယ့် ကိုယ်ကိုယ် ခံယူလိုက်၏။ " ဘာမှ အသုံးမကျတဲ့ကောင်ဆိုတာ တစ်နေ့ မင်းကိုယ်မင်း နားလည်လာလိမ့်မယ်" ဟု အဖေ ပြောသွားသည်ကို ပြေးသတိရလိုက်သည်။

သူ့ကို တကယ်ချစ်တယ်ဆိုတာ ဂျူးဒစ် ယုံနိုင်ပါမည်လား။ မဖြစ်ဘူး၊ သူကလေး နားလည်အောင် လုပ်မှ။ နောင် ကို မင်းအပေါ် အစ်ကို ဆတက်ထမ်းပိုး တိုးပြီး ကြင်နာပါ့မယ်ကွယ်။

" ဂျူးဒစ် ကလေးရယ်၊ အစ်ကိုလေ ဖြစ်ခဲ့သမျှအားလုံးအတွက် တောင်းပန်ပါတယ်ကွယ်၊ စိတ်လည်း မကောင်း ပါဘူး၊ အစ်ကို့ကို စကားပြောပါဦးလား အချစ်ရယ် "

သူ့လည်ချောင်းထဲမှ အသံတစ်မျိုး ထွက်လာသည်။ သဲသဲကွဲကွဲမကြားလိုက်။ ဖီးလစ် ထပ်မေးသည်။ ဂျူးဒစ် လုံးဝ မဖြေနိုင်တော့။ တစ်ချက်ကော့တက်လာပြီး အရုပ်ကြိုးပြတ် ပျော့ခွေ ကျသွားသည်။ မျက်နှာ မှာ အလောင်းကောင်တစ်ခုလို သွေးဆုတ်သွား၏။

ဖီးလစ် အလန့်တကြား ငုံ့ကြည့်လိုက်သည်။ ဘုရား၊ ဘုရား တော်ပါသေးတယ်။ မောကြီးပန်းကြီး အသက်ရှူနေသည်။

" မွေးပြီ၊မွေးပြီ အစ်ကိုလေး၊ ယောက်ျားလေးတော်၊ ယောက်ျားလေး"

ဖီးလစ် က ဇနီးသည်၏ နားနားကပ်ပြီး တိုးတိုးလေးပြောလိုက်သည်။

" အားလုံး ပြီးသွားပြီ၊ အချစ် နားတော့နော်၊ သားကလေးတဲ့ကွ ... သားကလေး တဲ့"

ဂျူးဒစ် မလှုပ်နိုင်တော့။ လက်မောင်းတစ်ဖက်ကို မျက်နှာပေါ် ကန့်လန့်ဖြတ်တင်ပြီး ငြိမ်နေသည်။ ခဏနေတော့ အိန်ဂျဲလစ်က ကလေးကို ချည်အနီးတစ်ထည်နှင့် ထုပ်ပြီး သူ့အမေနံဘေးသို့ လာချ သည်။ ဂျူးဒစ် အိပ်ပျော်နေပြီ။

သေတ္တာတစ်လုံး ကို ဖီးလစ် ထဖွင့်သည်။ မာဆေးက ဂယ်လာခဲ့သည့် ကတ္တီပါ သားမွေးစောင်ကြီး ကိုထုတ်ပြီး သားအမိနှစ်ယောက်အပေါ် အသာလွှမ်းပေးလိုက်သည်။

<<<http://www.shwezinu.blogspot.com/

အခန်း (၅)

ကလေးမွေးစဉ်က ဂျာဇာစီ ပို့လာပေးသည့် ဆင်စွယ်ရောင် ပိုးစကို ဘုရားရှိခိုး သွားလျှင် ဂတ်ဖို့ ဖီးလစ် ချုပ် ခိုင်း သဖြင့် ဂျူးဒစ်နှင့် အိန်ဂျဲလစ်တို့ နှစ်ယောက်သား အလုပ်ရှုပ်နေကြသည်။

ကလေးကို "ဒေးဗစ်လန်း"ဟု နာမည်ပေးထားသည်။ ဖီးလစ်က သူ့အဖေနာမည်ကို ယူပြီး အမှတ်တရ ပေးခြင်းဖြစ်သည်ဆို၏။ ဂျူးဒစ် သဘောတူလိုက်သည်။ နာမည်အတွက် အလေးအနက် ထားစရာ မလိုဟု ထင် သည်။ ချစ်စရာ ရင်သွေးကလေးရပြီပဲ။

ဂဂကစ်စ် ကျန်းကျန်းမာမာ ချစ်စရာ ကြီး။ မွေးသည့်ညက အဖြစ်အပျက်တို့သည် တစ်ရံရောအခါက ခြောက် အိပ်မက်တစ်ခု လို လွင့်ပြယ်သွားချေပြီ။

ဘုရားရှိခိုးကျောင်း သို့ စ သွားနိုင်သည့် နေ့တွင်ပင် ဂျာဇာစီတို့ "သီရိမြိုင်" ခဏပြောင်းနေဖို့ ဂျူးဒစ် ထွက်ခဲ့ ရသည်။ ဂက်သစ်ချမြိုင် စံအိမ်ကြီး ပြီးသွားသည်အထိ သွားနေဖို့ ဖီးလစ်က စီစဉ်ထားသည်။

ဂျူးဒစ် မသွားချင်ပါ။ သစ်လုံးအိမ်ကလေးမှာ နေချင်စဖွယ် လုံလုံခြုံခြုံလှလှပပ ဖြစ်နေပြီ။ ဒေးဗစ် ကလေး မွေးသည့် ညတွင်မှ သည်အိမ်မျိုးမှာ နေအပ်သည့်အိမ်မျိုး မဟုတ်ကြောင်း ဖီးလစ် သဘော ပေါက် လာသဖြင့် ဤသို့ ဖွတ်စီစဉ်ခြင်းဖြစ်၏။

" သည်လို အိမ်မျိုးမှာ မင်းမို့ သည်းခံနေနိုင်တယ် ဂျူးဒစ်ရယ် " ဟုလည်း ပြောတတ်၏။ ဤသို့ဖြင့် သူ့ကို တစ်ယောက် တည်း မထားခဲ့ချင်သော်လည်း ဖိတ်ဖိတ်တောက်နေသည့် မြင်းရထားအသစ် ကြီးပေါ်သို့ ဂျာဇာစီ နှင့် အတူ လှမ်းတက်ခဲ့ရသည်။ ရထားကြီးမှာ နယူးအော်လီယန်းမှ ရောက်စဖြစ်၏။ ဂျာဇာစီ ကိုယ်တိုင်လည်း ကလေးမွေးပြီးသည်မှာ မကြာလှသေးပေ။

အိန်ဂျဲလစ်က ဒေးဗစ်အတွက် ရထားသည့် အထိန်းကောင်မလေးနှင့်အတူ ရထားနောက်ပိုင်းတွင် ပါ လာသည်။

ဂျူးဒစ် က သူ့သား နီတာရဲလေးကို ကပွလီမ၏ရင်ခွင်မှာ မြင်ရစဉ် အလန့်တကြား ဖြစ်သွားပုံ၊ကျွန် ပိုင်သည့် လူဖြူ အမျိုးသမီးမှန်သမျှ ကိုယ့်ကလေးကိုယ်ထိန်းသည့် အစဉ်အလာမရှိ ကြောင်း ဖီးလစ် ပြောပြသည့် တိုင်အောင် ဘဂင်မကျပုံများကို ဂျာဇာစီအား ခပ်တိုးတိုး ပြောလိုက် လာသည်။



<<<http://www.shwezinu.blogspot.com/

ဂျာဇာစီက ရယ်ပြီး သူက ဘရင်ဂျီဘာသာဝင်ဖြစ်ကြောင်း၊ သူ့ကလေးနှစ်ယောက်စလုံး နှစ်ခြင်း ခရစ်ယာန် ဘာသာ ထဲ အသွင်းခံလိုက်ရကြောင်း၊ တတိယမြောက် ဂျော့ဘုရင်က လူဂီစီးယားနား တွင် ဘရင်ဂျီ သာသနာပြု ကျောင်းများကို ခွင့်မပြုကြောင်းများကို ပြောပြပြီး -

" ကိုယ်ကလည်း ဘယ်ရမလဲ၊ ကလေးတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ဘာသာဝင်ဖြစ်အောင် တိတ်တိတ်ပြန်လုပ်တာပေါ့ " ဟု ရယ်ရယ်မောမော ပြောသည်။ သူတို့ နှစ်ယောက် တိုးတိုးဖော် ဖြစ်နေပြီ။ ဖီးလစ် က သီရိမြိုင်သို့ စနေနေ့တိုင်းလာပြီး တနင်္ဂနွေနေ့ညနေမှ ပြန်သည်။ အစ်ကို့ကို အောက်မေ့ သော်လည်း သီရိမြိုင်တွင် ဂျူးဒစ် ပျော်နေသည်။

ဂျာဇာစီသည် အတုယူလောက်သည့် အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်၏။ အချက်အပြုတ် အလုပ် တွင် ဂျူးဒစ် လောက် မတတ်သော်လည်း စီမံခန့်ခွဲရာတွင် အဟုတ်တော်သည်။

အိပ်ခန်း ထဲတွင် လှဲကာ အိန္ဒိယလစ် ကော်ဖီလာပို့မှ ထသောက်ပြီး ဂျာဇာစီနှင့် မြင်းရထားစီးလိုက်၊ အတင်း ပြောလိုက် နှင့် နေရသည့် နေ့များကို ဂျူးဒစ် သဘောကျစ ပြုလာသည်။ နောက်ဆုံးပေါ် ပုံစံ တွေကို ကြည့်ပြီး အဝတ်ချုပ်ရသည်မှာလည်း ပျော်စရာ။

ဖီးလစ်က သူရောက်လာချိန်များတွင် ဇနီးလုပ်သူ ပြောင်းလဲနေပုံများကို ပြောပြသည်။ ဂျူးဒစ်ကိုယ် တိုင် ကတော့ သိပ်နားမလည်။ သူတို့နံဘေးမှ မစ္စစ္စပီမြစ်ကြီးလို သူ့ဘာသာသူ ပျင်းတိပျင်းတွဲ စီးဆင်း နေခြင်းမျိုး ဟုပဲ ထင်သည်။ခပ်ပေါ့ပေါ့ကလေး နေဖို့က သိပ်လွယ်လွန်းသည်လေ။

သို့သော် ဂျာဇာစီလောက်တော့ ကြော့ကြော့ကလေး မနေမိအောင် ဂျူးဒစ် သတိထားပါသည်။ ဂျာဇာစီက ခပ်သိမ်း ကုန်သော အရာတို့ကို ပျော်စရာရှုထောင့်မှသာ ကြည့်တတ်သူ။ တစ်ခါတစ်ခါ သူ့ကို အားကျမိ၏။ တစ်ခါ တစ်ခါလည်း သနားစိတ်များ ဝင်မိသည်။ အောင်မြင်သည့် အိမ်ရှင်မ၊ သီရိမြိုင်၏ အရှင်သခင်မ ဖြစ် သော်လည်း မိမိ ဖီးလစ်ကိုချစ်သလို သူတစ်စုံတစ်ယောက်ကို ချစ် တတ်ပါ့မလားဟု တွေးကြည့်မိသည်။ လင်မယား စကားများခြင်းမျိုး လုံးဝမရှိသော်လည်း သူ့ယောကျ်ားကို သူ မချစ်သည်ကတော့ သေချာ သည်။

ဝေါ်လ်တာ နှင့် ခရီးသွားဟန်လွှဲသဘောမျိုး အိမ်ထောင်ကျခဲ့ခြင်းဖြစ်ကြောင်း ဂျာဇာစီ ပြောဖူး သည်။ ဖီးလစ် ၏ ခပ်ရိုင်းရိုင်း အမူအရာကို သူသဘောကျသည်။ လင်နောက်လိုက်ပြေးရဲသည့် ဂျူးဒစ်၏သတ္တိကို သူ ချီးကျူး သည်။

ဝေါ်လ်တာပါစယ်ကို ဂျာဇာစီ တွေ့ဖူးစက ၁၄ နှစ်သမီးအရွယ်ဖြစ်၏။ နယူးအော်လီယန်းရှိ အဖေ့ အိမ်မှ ကျွန်တွေ ဝယ်ဖို့ သူရောက်လာခြင်းဖြစ်သည်။ ဂျာဇာစီတို့အဖေက ကျွန်ကုန်သည်။ တဲ့တိုး သမားကြီး ဖြစ်၏။ သမီးတွေ အသုံးအစွဲကြီးလွန်းသဖြင့် ကြွေးတင်နေသူဖြစ်သည်။

<<http://www.shwezinu.blogspot.com/

ဂျာဗာစီ က လှသည်။ အညာမှဆင်းလာသည့် အမေရိကန်လူငယ်၏ အိတ်ထဲတွင် ဂျော့ဘုရင် ပေးသနား လိုက် သည့် မြေဂရန်တွေနှင့်။ မျက်စိကျပြီဆိုတော့လည်း ဘာသာမတူတာလောက်ကို ထည့် မစဉ်းစား တော့။

ဂေါ်လ်တာပါစယ် ကလည်း မိန်းမလိုချင်နေသည့်လူ။ သူတို့နှစ်ယောက် စလုံးအတွက် ကိုယ်တွက် ကျန် သည့် အပေးအယူမျိုး ဖြစ်သွားကြသည်။ အဘိုးကြီးက ဂျာဗာစီကို နားချတော့ သမီးလုပ်သူက လွယ်လွယ် ပင် ခေါင်းညိတ်သည်။ တစ်ယောက်နှင့်တစ်ယောက် ဘာသာစကား မတူသည်က လွဲပြီး ငြင်းစရာမရှိ။ အမုန်းဂန်ခံ ရလျှင် ဂျာဗာစီက ကံကောင်းသည်ဟုပင် ထင်နေသေး သည်။

အဖေ့ ကျွန်သင်္ဘောတစ်စင်းလုံးနီးပါး ရောဂါဖြစ်ပြီး သေကုန်ကြလို့ ရှေ့လျှောက် ကောင်းကောင်း ဝတ်၊ ကောင်းကောင်းစား ရဖို့ လမ်းမမြင် ဖြစ်နေချိန်။ မိမိရုပ်ရည်နှင့်ဆိုလျှင် သည်လူကြီး မမြတ်နိုး စရာအကြောင်း မရှိဟုဂျာဗာစီ တွက်ပြီးသား။

ထင်သည့်အတိုင်း ဂျာဗာစီ ပျော်ပါသည်။ ဂေါ်လ်တာက သူ့ကို အလှမွေးထားသည့် ကြောင်မလေး တစ်ကောင် လို အရိပ်တကြည့်ကြည့်နေသည် မဟုတ်လား။ သီရိမြိုင်တွင် အားလုံး သူ့လက် သူ့ခြေ ချည်း။ ဘာ မပျော်စရာ အကြောင်း ရှိမည်နည်း။ သို့သော် ဖီးလစ် အပတ်စဉ်ရောက်လာပြီး ဂျူးဒစ်နှင့် ဆက်ဆံပုံ ကို မြင်ရတော့ သီရိမြိုင်တွင် တစ်စုံတစ်ခု လစ်ဟာနေသလို ခံစားလာရသည်။ သူတို့နှစ် ယောက် ချစ်ကြပုံ က မိးလျှံနှစ်ခု ပေါင်းစပ်ထားသည်နှင့်တူ၏။ ပင်ကိုစရိုက်အရ သဘောကောင်းလွန်းသော ဂေါ်လ်တာနှင့် ဖီးလစ်ကို ယှဉ်ကြည့်မိပြီး ဂျူးဒစ်ကို အားကျသလို ဖြစ် လာသည်။ သို့သော် ကြမ်းပိုးတွေ၊ ပုရွက်ဆိတ်တွေ၊ ပိုးဟပ် တွေ ဗရပွနှင့် သစ်လုံးအိမ်ထဲမှာ နေမလား မေးလျှင်တော့ ဂျာဗာစီ မနေနိုင်။

ဂေါ်လ်တာ၏ မရှင်းရသေးသော သစ်တောတချို့ကို ဖီးလစ်အား ခွဲရောင်းသည်။ ဂေါ်လ်တာက သူ့ပိုင်မြေ နှင့် ဆက်စပ်နေသည့် ကမ်းခြေတွင် သင်္ဘောကျင်း တည်ဆောက်နေ၍ စိုက်ပျိုးရေးကို ဖီးလစ်လောက် ဇောက်ချ မလုပ်နိုင်ခြင်းကြောင့်ဖြစ်၏။ လက်ရှိ သူ့ပိုင်မြေတွေကို တောရှင်းဖို့ပင် နှစ် ပေါင်းများစွာ ကြာမြင့် ဦးမည်ဖြစ်ရာ ဖီးလစ် ဘယ်အတွက် လောဘတကြီးထပ်ဝယ်သည်ကို ဂျာဗာစီ သဘောမပေါက် ဘဲ ဖြစ်နေ၏။ သို့သော် ဂျူးဒစ်က နားလည်သည်။

ဂျူးဒစ် သည် လင်တော်မောင်၏ ကြီးမားသော ရည်ရွယ်ချက်ကို နားလည်နေသည်။ သူသည် ဘုရင် မင်းမြတ် ပေးသနားသည့် ဧကသုံးထောင်နှင့် ပထမဆုံး သီးနှံတွေ ရောင်းပြီး စာရင်းချုပ် လိုက်တော့ နှင့် နေအောင် မြတ်နေကြောင်းတွေ့ရ၏။ ဂျူးဒစ် ဈေးဝယ်ဖို့ ပိုက်ဆံတွေ ထုတ်ပေးသည်။

အိန်ဂျဲလစ် နှင့် ဂျာဗာစီ၏ အိမ်ဖော်ကောင်မလေးတို့ သခင်မနှစ်ပါးကို ဆိပ်ကမ်းထိ လိုက်ပို့သည်။ နယူး အော်လီယန်း သို့ တက်ပြီး အဝတ်စတွေ၊ ဖိနပ်တွေ၊ ကလေးအတွက် ကစားစရာတွေ ဝယ် သည်။ ဒေးဗစ်ကလေး မွေးသည့် ညအတွက် ကျေးဇူးဆပ်သည့်အနေဖြင့် အိန်ဂျဲလစ်ဖို့ အင်္ကျီတွေ ဝယ်လာသည်။



<<http://www.shwezinu.blogspot.com/

သူလည်း မိန်းမချောလေး တစ်ယောက်ပီပီ ဂုတ်ကောင်းစားလှတွေကို မက်မော တတ်သည်လေ။ လက်ဆောင် ပစ္စည်းတွေ ပေးတော့ အိန်ဂျဲလစ် ဆွေ့ဆွေ့ခုန်မျှ ဂမ်းသာနေသည်။

" ဒါထက် ကောင်းတဲ့လက်ဆောင် ငါပေးဦးမယ်၊ နင် ဘာလိုချင်လဲပြောလေ အိန်ဂျဲလစ် "

အိန်ဂျဲလစ် ခပ်တွေတွေ လေး ဖြစ်နေသည်။ ပြီးမှ စကားလုံးရွေးပြောသည်။

" ဘာမှ မလိုချင်ပါဘူး မမလေး၊ လူဖြူ အမျိုးသမီးတွေထဲမှာ မမလေးလို ကြင်နာတတ်သူ မတွေ့ဖူးသေး ပါဘူး "

ကြေးနီရောင် ကောင်မလေးအကြောင်းကို ဂျူးဒစ် အလေးအနက် စဉ်းစားရင်း ငေးကြည့်နေသည်။ လက်ထဲ တွင် ဒေးဇစ်အတွက် ထိုးလက်စ သိုးမွေးထည်တွေနှင့်။ သူ့လက်ချောင်းကလေးတွေက ကျင်လည် စွာ လှုပ်ရှားနေကြသည်။ ဂက်သစ်ချမြိုင်က သူ့ကိုမဂယ်မီ ဘယ်လိုဘဂမျိုးတွေ ဖြတ်သန်း လာရပါလိမ့် ဟု ဂျူးဒစ် သိချင်နေသည်။

" ပထမပိုင်ရှင် တွေက နင့်အပေါ် မကောင်းကြဘူးလား ဟင် "

အိန်ဂျဲလစ် မျက်လွှာမပင့်ဘဲ ဖြေသည်။

" ကောင်းပါတယ် မမလေး၊ အစားအစာတွေလည်း အများကြီး ကျွေးပါတယ်၊ ဒါပေမဲ့ မမလေးလို စကား မပြော ကြဘူး "

" နင် ဘယ်လောက်အသုံးဂင်ကြောင်း သူတို့ကို ပြောပြခွင့်မကြုံလို့ နေမှာပါဟယ်။ ငါ နင့်ကို အမှတ် တရ တစ်ခုခု ပေးချင်သေးတယ်၊ ငါ နင့်ကျေးဇူးကို မမေ့ဘူးဆိုတာ ပြချင်တယ် အိန်ဂျဲလစ် "

အိန်ဂျဲလစ် တစ်ချက်မော့ကြည့်သည်။ ပြီးတော့ မျက်လွှာပြန်ချပြီး -

" ကျွန်မ ကို ဘာမှ ဂယ်မပေးပါနဲ့ မမလေး၊ ကျွန်မ တစ်ခုပဲ လိုချင်ပါတယ် "

" ကဲ ... ဘာလဲ ပြော "

" ကျွန်မကို တခြားမမလေး တစ်ယောက်ယောက်ဆီ ပြန်မရောင်းပါနဲ့နော် "

ဂျူးဒစ် မတ်တတ်ရပ်ပြီး သူ့ပခုံး ကို သိုင်းဖက်လိုက်သည်။

" ဩော် ... အိန်ဂျဲလစ်ရယ်၊ နင့်ကို ငါက ဘယ်လိုလုပ်ပြီး ရောင်းနိုင်မှာလဲ၊ နင်က ငါ့မိတ်ဆွေဖြစ်နေပြီပဲ၊ ပေါင် တစ်ထောင် ပေးလည်း မရောင်းဘူး။ ဘုရင်မင်းမြတ်နဲ့ သူ့ကြင်ရာတော် မိဖုရားကြီး ကိုယ်တိုင် လန်ဒန် က လာဂယ်ရင်တောင် မရောင်းဘူး "



<<<http://www.shwezinu.blogspot.com/

အိန်ဂျဲလစ် ၏ မျက်ဝန်းနက်များတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ တစ်ချက် မော်ကြည့်ပြီး -

" မမလေး ၊ တကယ် ပြောတာလားဟင် " ဂျူးဒစ် စိတ်အားထက်သန်စွာ ခေါင်းညိတ်ပြလိုက်သည်။

" မမလေးက သိပ်သဘောကောင်းတဲ့ သခင်မပဲနော် "

ဂျူးဒစ်က အိန်ဂျဲလစ်နှင့် ကြမ်းပြင်ပေါ်တွင် ယှဉ်ထိုင်လိုက်ပြီး -

" ဒီမယ် အိန်ဂျဲလစ်၊ နင် ငါ့ကို ကတိတစ်ခု ပေးပါလား "

" ဘာလဲ မမလေး "

" ငါ ကလေးမွေးတဲ့ညက ဒုက္ခတွေရယ်၊ ဖီးလစ်က ငါ့ကိုထားပြီး ထွက်သွားတယ် ဆိုတာ တွေ ရယ် ဘယ်သူ့ကိုမှ မပြောဖို့လေ " အိန်ဂျဲလစ် ပြုံးသည်။

" မပြောပါဘူး မမလေး "

သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံကြသည်။ တစ်ဦးကို တစ်ဦး နားလည်သည်ထက် နားလည်လာကြသည့် အဓိပ္ပာယ်။

ဂျာဗာစီ ဝင်လာပြီး ဖီးလစ် အပြင်တွင် ရောက်နေကြောင်း သတင်းပေးလာသည်။ ဟင် … စနေနေ့ လည်း မဟုတ်ဘဲနဲ့။ ဂျူးဒစ် ပြေးထွက်သွားသည်။ ဘာများ ဖြစ်လို့ ပါလိမ့်။

ဖီးလစ် ခါတိုင်းထက် ရွှင်နေသည်။ အပြာရောင်ကုတ်အင်္ကျီဝတ်လာပြီး ပိုးတွန့် မာဖလာကို စည်း ထားသည်။ ဂျူးဒစ်လက်ကိုကိုင်ကာ ငုံ့နမ်းပြီး နှုတ်ဆက်ပုံက အထက်တန်းကျလှသည်။

ဂျူးဒစ် သဘောကျနေ၏။

" မဒမ်ကတော့ တစ်နေ့တခြား ပိုပြီးလှနေတာပဲ "ဟု ခပ်တိုးတိုး ပြောသည်။

ဂျူးဒစ်အား ကလေးတစ်ယောက်ပွေ့သလို ပွေ့ယူလိုက်ပြီး ဒေးဗစ်အကြောင်းမေးသည်။ ပြီးတော့ ဂက်သစ်ချမြိုင် စံအိမ်ကြီး ပြီးပြီမို့ ပြန်ခေါ်ဖို့ လာခြင်းဖြစ်ကြောင်း ပြောသည်။

ကြည့်စမ်း၊ ဂက်သစ်ချမြိုင်အိမ်ကြီး ပြီးပြီတဲ့။ ဂျူးဒစ်ရင်တွေ ခုန်နေ၏။ ဖီးလစ်၏ မျက်လုံးပြာတွေ ဂုဏ်ယူ ဝင့်ကြွား စွာ တောက်ပ နေကြသည်။

" ရဲတိုက်ကြီးတစ်ခုလောက်တော့ မခမ်းနားဘူးပေါ့ကွာ၊ ဒါပေမဲ့ နေပျော်အောင်တော့ အစ်ကို ကြိုး စား ထားပါတယ် "

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ်က သူ့လည်ပင်းကို သိုင်းဖက်ပြီး -

" ဂျူးဒစ် ကို ချပေးပါအစ်ကိုရယ်၊ ပြေးပြီး ကြည့်ချင်လှပါပြီ "

ဂျူးဒစ် လျှော့ဆင်းသည်။ ဗီးလစ်က ဂျာဗာစီကို လှမ်းမေးသည်။

" ဂေါ်လ်တာတစ်ယောက်ကော "

" ရှိပါတယ်၊ အိမ်ထဲမှာလေ၊ ဘာထူးလို့လဲ ဗီးလစ် "

" သူ့ကိုပြောဖို့ သတင်းထူး ပါလာတယ်၊ ဒီမနက် ဆိုက်တဲ့လှေနဲ့ အင်္ဂလိပ်သတင်းစာတွေ ပါလာတယ်၊ ကမ်းရိုးတန်း ပြည်နယ်တွေမှာ ပုန်ကန်မှုတွေ ဖြစ်နေပြီ တဲ့ "

ဂျူးဒစ် အသက်မရှူရဘဲ ...

" ဟင် ကြောက်စရာကြီးနော် အစ်ကို "

" ဘာတွေ ပုန်ကန်ကြသလဲဟင် ဗီးလစ် "

ဂျာဗာစီ က အလိုက်အထိုက် မေးသည်။ စိတ်ဝင်စားလှလို့တော့မဟုတ်။ ပုန်ကန်သည့် ပြည်နယ်တွေနှင့် လည်း အဝေးကြီး၊ ပုန်ကန်ခံရသည့် အင်္ဂလန်ကလည်း အဝေးကြီး။ ဘာလို့ စိတ်ဝင်စားရမှာလဲ။

" ကုန်သွယ်ရေးကိစ္စ၊ အခွန်အတုတ်ကိစ္စ ဖြစ်မှာပေါ့။ ပုန်ကန်တဲ့ကိုလိုနီတွေက ပါလီမန်မှာ ကိုယ်စားလှယ်နေရာရရေးလည်း တောင်းဆိုနေကြတယ်တဲ့ "

" ကနက်တီကပ်က မထွက်ခင်မှာ အခွန်ကိစ္စ လှုပ်လှုပ်ရှရှဖြစ်နေသံ ဂျူးဒစ်ကြားခဲ့တယ်၊ ဘော့စတွန်မှာ လှေတစ်စင်း က လက်ဖက်ခြောက်တွေမြစ်ထဲ သွန်ချပစ်တယ်တဲ့။ အဖေကပြောတော့ဒီလိုလုပ်တာ ကောင်းတယ်ဆို"

ဗီးလစ်က ဂျူးဒစ်ကို ထောက်ခံဆွေးနွေးသည်။

" ဒါတော့ ဟုတ်တယ်၊ ဒါပေမဲ့ ဘုရင်မင်းမြတ်ကို ပုန်ကန်ခြားနားတယ်ဆိုတာတော့ တော်တော် သတ္တိပြောင် တဲ့ အလုပ်ပဲ "

" သူတို့ တစ်တွေ လက်နက်ကိုင် တော်လှန်နေကြတာလားဟင် အစ်ကို "

" ဒါပေါ့၊ ဘုရင့်စစ်တပ်နဲ့ ကိုလိုနီတပ်တွေလည်း ပဋိပက္ခဖြစ်နေကြတယ် "

ဗီးလစ် က ရယ်ပြီး ဆက်ပြောသည်။

<<<http://www.shwezinu.blogspot.com/

" ခုနေ အရပ်ကိုပြန်ပြီး ချလိုက်ရရင် ပျော်စရာကြီးနေမှာပဲ "

" ဟာ အစ်ကိုကလဲ၊ လူဂီစီးယားနားမြေတွေ ရတုန်းက အစ်ကို ဘုရင်မင်းမြတ်ကို သစ္စာခံခဲ့ရတယ် မဟုတ်လား၊ ဘယ်လိုလုပ်ပြီး ပုန်ကန်လို့ ရမလဲ "

" သူက သူ့ကတိမတည်ရင် အစ်ကိုကလည်း အစ်ကို့ကတိ ဘယ်တည်နိုင်မလဲ ဂျူးဒစ်၊ လန်ဒန်က လူတွေ ကို သင်ခန်းစာ ကောင်းကောင်းပေးဖို့ သူပုန်ထရုံပဲရှိတယ်။ ကိုလိုနီပြည်နယ်တွေက ဘုရင်မင်းမြတ်ဆီမှာ အသေးအဖွဲ ကလေးတွေ တောင်းဆိုနေကြတာ၊ လွတ်လပ်ရေးတောင်းတာ မဟုတ်သေးဘူး "

" လွတ်လပ်ရေး၊ ဟုတ်လား အစ်ကို၊ အဓိပ္ပာယ်မရှိပါဘူး၊ ဂျူးဒစ်ကတော့ အင်္ဂလိပ်တစ်ယောက်လိုပဲ မွေး လာတယ်၊ အင်္ဂလိပ်တစ်ယောက်လိုပဲသေမယ်၊ ပြီးပြီပေါ့ "

ဂျူးဒစ်က ဂျာဇာစီကို လှမ်းကြည့်လိုက်သည်။ သူနှင့်မဆိုင်သည့် အကြောင်းတွေ ပြောနေသလိုများ ဖြစ်နေမလား ဟု အားတုံ့အားနာ ဖြစ်သွားသည်။ သို့သော် ဂျာဇာစီက ရယ်ပြီး -

" ကိုယ်တော့ နေရင်းထိုင်ရင်း ၁၈ နှစ်အရွယ်မှာ နိုင်ငံသုံးနိုင်ငံ ပြောင်းပြီးပြီ ဂျူးဒစ်ရေ၊ ကိုယ့်ကို မွေးတုန်းက နယူးအော်လီယန်းက ပြင်သစ်ပိုင်၊ နောက်တော့ စပိန်လက်ထဲ ရောက်သွားပြီး အလံ တစ်မျိုး ပြောင်းသွားတယ်၊ အိမ်ထောင်ကျပြီး ဒီရောက်လာတော့ အင်္ဂလိပ်ဖြစ်သွားပြန်ရော၊ နောက် ဘာထပ်ဖြစ်ဦး မယ် မသိဘူး၊ အဲ တစ်ခုတော့ သေချာတယ် "

ဂျာဇာစီ စကားမဆက်ဘဲ တုံ့နေသဖြင့် ဗီးလစ်က ဝင်ထောက်ပေးသည်။

" ဘာများလဲ ဂျာဇာစီ "

" ရှင်က ကိုယ့်ပြည်နယ်ကို ပြန်ချင်တယ်ဆိုပြီး လူဂီစီးယားနားမှာ မြေတွေ မတရားဂယ်နေတယ်၊ ဒီ အခြေအနေ နဲ့ ကိုယ့်မွေးဇာတိကို ပြန်ပြီး ခေါင်းချရင် သစ္စာဖောက်ရာ မရောက်ဘူးလား "

" အဓိကက ဗိုက်ပြည့်ဖို့ပါ မဒမ် "

" အင်း ... ခုမှ သတိရတယ်၊ ကော်ဖီ သွားပြင်လိုက်ဦးမယ်နော် "

ဂျာဇာစီ အိမ်ထဲဝင်သွားတော့ ဂျူးဒစ်ကို ပြုံးကြည့်ပြီး -

" အိမ်ပြန် ရတော့မယ်ဆိုတော့ အချစ် မပျော်ဘူးလားဟင် "

ဂျူးဒစ် ခေါင်းညိတ်သည်။

<<<http://www.shwezinu.blogspot.com/

" အစ်ကို့ကို သိပ်အောက်မေ့တာပဲ "

" အစ်ကိုလည်း အချစ်ကို အောက်မေ့တာပဲပေါ့၊ ဩော် ... ဒါထက် မင်းအဖေနဲ့ အစ်ကိုလည်း ဂက်သစ်ချမြိုင် ကို လာကြလိမ့်မယ်၊ မင်းဘဂလုံးဂ ပျက်စီးမသွားဘူးဆိုတာ သူတို့ တွေ့ရင် အစ်ကို့ကို ခွင့်လွှတ်ကြတန် ကောင်းပါရဲ့နော် "

ဂျူးဒစ်က သူ့ရုပ်အင်္ကျီလက်နှင့် ပါးကိုပွတ်ရင်း -

" အို၊ သူတို့ဘာသာ ဘာထင်ထင် ဂျူးဒစ် ဂရုမစိုက်ပါဘူး။ လာသွားစို့၊ အိန်ဂျဲလစ်ကို အထုပ်အပိုး ပြင်ခိုင်း ရအောင် "

ဂမ်းသာလွန်းလို့ ဂျူးဒစ် တစ်လမ်းလုံး စကားတွေ တတွတ်တွတ်ပြောလိုက်လာသည်။ သို့သော် ဂက်သစ်ချမြိုင် ရောက်တော့ ပိုလို့ ဂမ်းသာရသေးသည်။ စံအိမ်ကြီးက စိတ်ကူးပုံထဲမှာထက် အပုံကြီး ပိုလှနေသည်လေ။

ဂက်သစ်ချတောကို ကျော်ပြီး မြင်းရထားကြီး အိမ်ထဲဂင်သွားတော့ ရင်တွေခုန်နေ၏။ အဂေးမှ လှမ်းမြင်ကတည်းက ဂက်သစ်ချမြိုင်သည် ဂေါ်လ်တာပါစယ်၏ သီရိမြိုင်ထက် အပုံကြီး ပိုပြီးခမ်းနားကြောင်း ဂုဏ်ယူဂင့်ကြွားစွာသိလိုက်၏။

အိမ်ကြီး မှာ ပန်းနုရောင် ဖိတ်ဖိတ်တောက်နေပြီး ဆင်ဂင်နှင့်စမုတ်ဆောင်များကို ပကတိ အဖြူရောင် သုတ် ထားသည်။ အိမ်မကြီး အဂင်ပေါက်ကို ထုံးစံအတိုင်း တစ်ခုတည်းမထားဘဲ ရောမ တံခါးမကြီး သုံးခု ဖြင့် တခမ်းတနား တည်ဆောက်ထားသည်။

ဂင်ဂင်ချင်း ခန်းမဆောင်ကြီးသုံးခုက အခံ့အညား ကြိုဆိုနေသည်။ တစ်ခန်းက ကန့်လန့်၊ နှစ်ခန်းက အလျားလိုက်။ အိမ်မကြီးထဲတွင် အခန်း ၁၆ ခန်းရှိသည်။ အိမ်နောက်ဘက်အဆွယ်တွင် အိမ်စေ အခန်း များက သတ်သတ်။

အလယ်ပေါက်မှ ဂျူးဒစ် လှမ်းဂင်လိုက်သည်။ သားငယ်ကို ချီလာသည့် ကလေးထိန်း ကောင်မလေး နောက်မှ အဖေနှင့်ကာလက်။ သူတို့နောက်မှ ဂေါ်လ်တာပါစယ်နှင့် ဂျာဟစီ။ သည်မျှ ကြီးကျယ် ခမ်းနားလိမ့်မည်ဟု ကြိုတင်မှန်းဆ မထားခဲ့မိသဖြင့် ဂျူးဒစ် ပါးစပ်အဟောင်းသားဖြစ်နေ သည်။

ပန်းရောင် နံရံတွေနှင့် လေဂင်လေထွက်ကို အထူးအသားပေးတည်ဆောက်ထားပုံမှာ ရင်သပ်ရှုမော ဖွယ် အတိ ဖြစ်ပါသည်။ ဆက်တီထိုင်ခုံတွေကို ကြိမ်အခင်း နနကလေးများ ခင်းထားသည်။ ကျေနပ် ပျော်ရွှင်မှု တွေ ရင်ထဲလှိုင်းထလာ၏။ မနစ်က သစ်လုံးအိမ်ကလေးကို မြင်ယောင်လာသည်။

<<<http://www.shwezinu.blogspot.com/

တစ်ဖက်ကိုလှည့်ပြီး အဖေ့မျက်နှာကို အကဲခတ်လိုက်၏။ အဖေသည် မျက်ခုံးကို ချီကာ တအံ့တသြ ငေးမော နေလေသည်။ ဂျာဗာစီကတော့ အားကျနေပုံ။ အစ်ကို့ပုံစံမှာ သူ့တိုင်းပြည်ကို လိုက်လံပြသ နေသည့် ဘုရင်တစ်ပါးနယ် ခံ့ညား တင့်တယ်နေသည်။ ချုပ်တည်းထားသည့်ကြားမှ အသံထွက်သွား၏။

" ဩော် အစ်ကိုရယ်၊ လှလိုက်တာ၊ ဒီလိုမှန်တံခါးတွေ ပါလိမ့်မယ်လို့ ဂျူးဒစ် လုံးဝ မျှော်လင့်မထားဘူး "

ဖီးလစ် က ဖနီးသည်၏ ပခုံးကို ဖက်ပြီး တခြားဧည့်သည်များဘက်သို့ပါ လှည့်ကာ -

" လာ၊ ကျန်တဲ့အခန်းတွေ လျှောက်ကြည့်ရအောင် "

ပင်မ အိပ်ခန်းကြီးဆီသို့ ပထမဆုံး ခေါ်သွားသည်။ အိပ်ခန်းထဲမှ ခုတင်ကြီးက လူလေးယောက်လောက် ကောင်းကောင်း အိပ်နိုင်သည့် အရွယ်အစား။ ခန်းမဆောင်၏တစ်ဖက်ခန်းက ကလေးခန်း။ အထိန်း အတွက် ခေါက်ခုတင်တစ်လုံးနှင့် ကလေးအတွက် ကြိမ်ပုခက်ကြီး ဆင်ထားသည်။ အိပ်ခန်းဆီသို့ ပြန်လျှောက် သွားပြီး ဖီးလစ်က အချက်ပြဆက်သွယ်ရေးစနစ်ကို ရှင်းပြသည်။ အိပ်ရာခေါင်းရင်းတွင် မျက်နှာကျက် မှ တွဲလဲကျသည့် ကြိုးတစ်ချောင်းကို ညွှန်ပြပြီး -

" မင်း မနက်နိုး လို့ ကော်ဖီသောက်တော့မယ်ဆိုရင် လှမ်းဆွဲလိုက်ရုံပဲ၊ ထဖို့ မလိုဘူး၊ အိန်ဂျဲလစ် ချက်ချင်း ရောက် လာလိမ့်မယ်။ ဒီလိုကြိုးမျိုးဧည့်ခန်းမှာလည်း ရှိတယ်၊ ထမင်းစားခန်းမှာလည်းရှိ တယ်၊ အစေခံ တွေကို လိုက်ရှာနေစရာ မလိုတော့ဘူးလေ "

အဖေ့မျက်နှာ ကို ဂျူးဒစ် လှမ်းကြည့်လိုက်သည်။ ဘာမှ မပြောနိုင်ဘဲ ဟိုငေးသည်ငေးဖြစ်နေ၏။

ဖီးလစ်က သူတို့အားလုံးကို ထမင်းစားခန်းဆီသို့ ဦးဆောင်ခေါ်သွားသည်။ ထမင်းစား စားပွဲကြီးမှာ လူ နှစ်ဆယ် သုံးဆယ် ဆံ့မည့် စားပွဲမျိုးကြီးဖြစ်၏။ ကြက်ဆင်မွေးဖြင့် ပြီးသည့် ဆွဲယပ်ကြီးက မျက်နှာကျက် မှာ တွဲလောင်းကျလျက်။ ထမင်းစားခန်းနှင့် တွဲလျက်က မီးဖိုဆောင်။ မီးဖိုဆောင်ကပင် အိမ်ငယ် တစ်ဆောင် မျှ ကျယ်ဝန်းလေသည်။

ဂျူးဒစ် ငိုချင်စိတ် ပေါက်လာသည်။ အဖေကြီးက သမီးလုပ်သူ၏ လက်ကို လှမ်းကိုင်ပြီး -

" သည်လို စံအိမ်ကြီးမှာနေပြီး မာန မထောင်လွှားမိအောင် ဘုရားသခင်ဆီမှာ ဆုတောင်း၊ ကြားလား သမီး "

ဂက်သစ်ချမြိုင် စံအိမ်ကြီး၏ အရှင်သခင်မအဖြစ် ကိုယ့်ကိုယ်ကိုယ် မြင်ယောင်ကြည့်ပြီး ဂျူးဒစ် တစ်ယောက် ရင်ထဲ ကတုန်ကယက်ဖြစ်လာသည်အထိ ပျော်နေသည်။ ပိန်းကောကြီးနဲ့ စုန်လာပြီး သစ်လုံးအိမ် ထဲမှာနေတဲ့ ကောင်မလေးဟာ ငါမှ ဟုတ်ရဲ့လားဟယ်။

<<<http://www.shwezinu.blogspot.com/

အထိန်းလက်ထဲမှ ဒေးဗစ်ကလေးကို ဆတ်ခနဲ ဆွဲပွေ့ပြီး အိပ်ခန်းကြီးထဲသို့ ပြေးချသွားသည်။ အိပ်ရာနံဘေး တွင် ဒူးထောက် ထိုင်ချလိုက်၏။ ရင်ခွင်ထဲမှ ဒေးဗစ်ကလေးသည် ဂါဝွမ်းရုပ်ကလေးလို နူးညံ့ အိထွေးနေသည်။ ဖီးလစ်က သူ့သားကို ဂက်သစ်ချမြိုင်၏ အရှင်သခင်ဖြစ်ရမယ်ဟုကတိပေးထားသည်။ ဂျူးဒစ်အနေဖြင့် မူ ဤမျှထိ မစဉ်းစားမိပါ။

ငိုချင်စိတ်ကို မျိုချနေသည့်ကြားမှ တစ်ချက် ရှိုက်လိုက်မိသည်။ ပြီးတော့ ပြတ်တောင်းတောင်း နှင့် တိုးတိုး ကလေး ဆုတောင်းနေသည်။

" အို အဖေဘုရားသခင်၊ တပည့်တော်မကို မိန်းမကောင်း မိန်းမမြတ်တစ်ယောက် ဖြစ်အောင် စောင်မတော်မူပါ၊ ဂက်သစ်ချမြိုင် စံအိမ်ကြီးနဲ့ ထိုက်တန်တဲ့ မီးဖိုကြီးတွေ၊ အစေခံခေါ်တဲ့ ကြိုးတွေ၊ မှန်ပြတင်း တွေနဲ့ ထိုက်တန်တဲ့ အိမ်ရှင်မတစ်ယောက် ဖြစ်လာအောင် စောင့်ရှောက်တော်မူပါ။ သူ့လို နန်းတော်တမျှ အိမ်ကြီးမျိုးမှာ မနေနိုင်တဲ့ ဆင်းရဲသူ ဆင်းရဲသားများအပေါ် ကြင်နာတတ်တဲ့ နှလုံးသားပိုင်ရှင်ဖြစ်အောင် သားကလေးကို ဖန်ဆင်းပေးတော်မူပါဘုရား "

ဆုတောင်းအပြီးတွင် အခင်းပြင်၌ ပုရွက်ဆိတ်တန်း တစ်တန်းကို တွေ့လိုက်သည်။ မိမိအနေဖြင့် သည်ကြမ်းပြင် ပေါ်တွင် နေခွင့်ရှိနေသလို သူတို့ကလည်း သူတို့ပိုင်နက်ဟု သတ်မှတ်ထားသည့် အလားကျောထဲစိမ့်သွားပြီး အလန့်တကြား ထရပ်လိုက်သည်။ နံကောင်တစ်ကောင် အခန်းထောင့်မှ ခုန်ထွက်လာပြီး ဂျူးဒစ်ကို စိုက်ကြည့်နေသည်။ နောက်ဆက်တွဲ ဆုတောင်းလိုက်မိ ၏။

" အို အရှင်၊ ဖီးလစ်ရှေ့တွင် လူဂီစီးယားနားကို ပိုးမွှားတို့တိုင်းပြည်ဟု မပြောမိသည့်ကိုယ်လည်း ဖြစ်ရပါလို၏ ဘုရား "

စိုက်ပျိုးရေး လုပ်ငန်း ပိုင်ရှင်တစ်ယောက်၏ မိန်းမသည် အကြီးဆုံးကျွန်ဖြစ်သည်ဟူသည့် ဆိုရိုးစကားအတိုင်းဖြစ်အောင် လုပ်မည်ဟု ဂက်သစ်ချမြိုင် ဆောက်မပြီးခင် တစ်လအလိုလောက် ကတည်းက ဂျူးဒစ် ဆုံးဖြတ် ခဲ့သည်။

ချည်ငင် ချည်ရစ်နှင့် အချုပ်အလုပ်ကိစ္စမှ စ၍ ပန်းဥယျာဉ်ထိန်းသိမ်းပြုပြင်ရေးအထိ ကြီးကြပ် ကွပ်ကဲရမည်။ ပြီးတော့ ညစာစားပွဲတွေ၊ စိုက်ပျိုးရေး လုပ်ငန်းရှင်ကြီးများ၊ မြို့မျက်နှာဖုံးများ အားလုံး ဖီးလစ်၏ အပေါင်းအသင်း များ ဖြစ်နေကြပြီ။ မိတ်ဆွေတွေကို ဖိတ်ခေါ် ကျွေးမွေးခြင်း၌ ဂါသနာထုံသည့် လင်တော်မောင်ကို ပါရမီ ဖြည့်ရပေမည်။

ဂက်သစ်ချမြိုင်တွင် အိန်ဂျဲလစ်အပါအဝင် အစေခံကိုးယောက်ရှိသည်။ သူတို့အားလုံး အလုပ်နှင့် လက်ပြတ်သည် မရှိကြ။ လုပ်စရာတွေက ပြီးဆုံးသည်မရှိ။ သူတို့ကို ဂျာဗာစီထံမှ ဂယ်ယူလိုက်ခြင်း ဖြစ်၍ ပြင်သစ်

<<<http://www.shwezinu.blogspot.com/

စကားသာတတ်ကြသည်။ သည်နေရာတွင်လည်း အိန်ဂျဲလစ် အသုံးဝင်နေပြန်သည်။ သူသာ စကားပြန် လုပ်မပေးလျှင် ဘာအလုပ်မျှ ပြီးမည် မဟုတ်တော့။

အိန်ဂျဲလစ်သည် အလွန်တော်သည့် အိမ်ဖော်ဖြစ်၏။ သူ မသိတာဟူ၍ ဘာမှမရှိ။ ကရင်ဝေး‌ရွက် ကို နေမပြဘဲ အရိပ် ထဲတွင် အခြောက်လှန်းတတ်၏။ အမှုန့်ကြိတ်တတ်၏။ ခြင်ကိုက်သည့်နေရာတွင် အဆိတ်ဖြေရန် ထင်းရှူးသား မှ အဆီထုတ်တတ်၏။ ခုတလော ခေတ်စားနေသည့် ဆံပင်ပုံစံမျိုးကို ဂျူးဒစ်၏ ခေါင်းပေါ် တွင် မို့မို့မောက်မောက် ပြုပြင်ပေးတတ်၏။ မဲနယ်ပင်တွေဆီက ရောက်လာသည့် နံကောင်တွေကို မည်သည့် ပိုးသတ်ဆေးသုံးပြီး နှိမ်နင်းရမည်ကိုလည်း ဂျူးဒစ် အားသင်ပေး၏။

ခုတင်တွေကို တစ်နှစ်လျှင် နှစ်ကြိမ် တစ်စစီဖြုတ်ပြီး ပြဒါးရည် သုတ်ဖို့ စီစဉ်သူမှာလည်း အိန်ဂျဲလစ်ပင်။ ဘာအတွက် လဲ မေးကြည့်တော့ -

" ကြမ်းပိုး တွေ မတွယ်အောင်ပေါ့ မမလေး" ဟု ခပ်တိုးတိုးဖြေသည်။

ဂျူးဒစ် တွေးလို့ မရနိုင်အောင် ဖြစ်နေသည်။ ဒါလောက် ပိုးမွှားထူပြောသည့် လူဂီစီးယားနားကို လူတွေ ဘာလို့ နိဗ္ဗာန်ဘုံတမျှ မက်မောနေကြပါလိမ့်။

အိမ်မကြီး ထဲတွင်သာမက အစေခံဆောင်က ခုတင်တွေကိုပါ ဂရုတစိုက် ပြဒါးမပြတ် သုတ်ခိုင်း သည်။ အိန်ဂျဲလစ် ပြောသည့်အတိုင်း တစ်နှစ်နှစ်ကြိမ်။ ကြာတော့ ဖီးလစ် ညည်းလာသည်။ ပြဒါး ဈေးက ကြီးသည် မဟုတ်လား။ "ပြဒါးဖိုးနဲ့ ငါတော့ မွဲမှာပဲ" တဲ့လေ။

သည် မိန်းကလေး ဒါလောက်မှ မသိလေရော့သလား။ သည်ပစ္စည်းက ပြည်တွင်းဖြစ်မဟုတ်။ ဥရောပမှ သွင်းလာသည့် ပစ္စည်းမျိုး။ ပြည်နယ်အရပ်ရပ်မှာ အင်္ဂလိပ် ဆန့်ကျင်ရေး ပုန်ကန်မှုတွေ စဖြစ်ကတည်းက သွင်းကုန် ဈေးနှုန်းတွေ သုံးဆ တက်သွားသည်။

သည်အကြောင်း ပြောတော့ ဂျူးဒစ်က ကြက်ခေါင်းဆိတ်မခံ ပြန်ပြောသည်။

" ပြင်သစ်ကလာတဲ့ဝိုင်ကို အစ်ကို နေ့တိုင်း သောက်နေတာကျတော့ ထည့်မပြောဘူးလား။ ဂျူးဒစ်က အိမ်သန့်ရှင်းရေး လုပ်နေတာရှင့်၊ သားကလေးနဲ့ပုခက်ထဲမှာ မနက်တိုင်း ပိုးကောင်မွှားကောင်တွေ အုံကျင်း ဖွဲ့နေတာ အစ်ကို မြင်ချင်သလား "

" ကြမ်းပိုးနှိမ်တာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ပြင်သစ်ဝိုင်မတိုက်ဘဲ အမိရဲ့ ညစာစားပွဲတွေမှာ အပေါ်စား အိမ်တွင်းဖြစ် လိမ္မော်ဝိုင် ထုတ်တိုက်ရင် ဘယ်ဧည့်သည်မှ လာမှ မဟုတ်တော့ဘူး "

" ကြမ်းပိုး နဲ့ ဝိုင် ဘယ်ဟာအရေးကြီးလဲ၊ အစ်ကို ပြော"

" ဒုက္ခပါပဲ၊ မင်းဟာ ပိုးကောင်မွှားကောင်ကိစ္စနဲ့ ပတ်သက်လာရင် အဖြစ်ကို သည်းတယ် "



<<http://www.shwezinu.blogspot.com/

သည်အကြောင်းကို သည်လိုပြောလာသည့်အတွက် ဂျူးဒစ် ဒေါသထွက်လာသည်။ ဆုတောင်းတိုင်းဖြစ် မလာတော့ ကလေးမွေးသည့်ညက အကြောင်းကို ပြန်ဖော်ပြီး နှုတ်လှန်ထိုးမိ တော့သည်။ တံခါးကို ဂုန်းခနဲဆွဲပိတ်ပြီး ဗီးလစ် အခန်းထဲမှ ထွက်သွားသည်။

သူ ထွက်သွားသည်ကိုကြည့်ပြီး ဂျူးဒစ် ဒေါသလည်း ဖြစ်ရ၏။ ကျေလည်း ကျေနပ်နေ၏။ သည်လက်နက် ကို အပိုင်ကိုင်ပြီး တိုက်ပွဲဝင်ရမည်ဟုလည်း ဂျူးဒစ် နားလည်လိုက်၏။ တိုက်ပွဲဆင်မိသည့်အတွက်လည်း ဂမ်းသာ နေ၏။

မိုးဦးချ တွင် ဒုတိယကလေး ကိုယ်ဝန်ရှိလာတော့ ပထမအကြိမ်ကို သတိရပြီး လန့်နေမိပြန်သည်။ ဘယ်လို မှ သတ္တိမွေးလို့မရ။ သူ့ကို ထုတ်ပြောလိုက်လျှင် ဂမ်းသာအားရ ဖြစ်ဦးမည် မုချဟု ဂျူးဒစ် တွက်ထားလိုက်၏။ သူ မွေးရတာမှ မဟုတ်ဘဲကိုး။

ထင်သည့်အတိုင်းပင်။ ဖွင့်ပြောလိုက်တော့ - " အဲဒါ မင်းဘာလို့ စိတ်ပျက်လက်ပျက် ဖြစ်နေရတာလဲ။ မင်းဘဂ တစ်လျှောက်လုံး ဒီတစ်ယောက်တည်းနဲ့ ကျေနပ်နေမှာလား "

ထမင်းစားခန်းထဲတွင် နှစ်ယောက်သား ညစာစားတော့မည့် ဆဲဆဲဖြစ်သည်။ ဂျူးဒစ်က နာရှုံ့ဘူးကို ဆောင့်ကြီး အောင့်ကြီး ချာလည်လှည့်နေသည်။ နာမှုန့်တွေ ထွက်လာပြီး တစွီးစွီး ချေတော့သည်။

အားရအောင်ချေပြီးမှ -

" အစ်ကိုက အနည်းဆုံးစိတ်မကောင်းတဲ့အကြောင်းတော့ ပြောမယ် ထင်နေတာ"

"ဩော် မိန်းကလေးရယ်၊ ကလေးရမှာကို ဘာလို့ စိတ်မကောင်းဖြစ်ရမှာလဲကွာ၊ ဒါထက် ဂမ်းသာစရာကောင်းတာ ဘာရှိလို့လဲ "

" ကောင်းပြီလေ၊ ဒီတစ်ယောက်မွေးပြီးရင် တခြားစီ အိပ်မယ် "

ဂျူးဒစ် ခပ်ပြတ်ပြတ် ပြောချလိုက်သည်။ ဗီးလစ် ခဏတွေသွားသည်။

" မင်း အဲဒီလို မပြောမိရင် ကိုယ် သိပ်ကျေးဇူးတင်မှာပဲ ဂျူးဒစ်"

ဂျူးဒစ် ရုတ်ခြည်း သူ့ဆီ ပြေးသွားသည်။

" ဂျူးဒစ် တောင်းပန်ပါတယ် အစ်ကိုရယ်၊ တကယ် စိတ်ထဲရှိလို့ ပြောမိတာ မဟုတ်ပါဘူး"

ဗီးလစ် ရယ်သည်။

<<<http://www.shwezinu.blogspot.com/

" အစ်ကို သိပါတယ်ကွာ၊ မှန်း မင်းအသက် ဘယ်လောက်ရှိသွားပြီလဲ "

" နိုဝင်ဘာမှာ ၁၇ နှစ် ပြည့်မယ်လေ "

" အသက် ၂၀ လောက် ရောက်ရင် ခုလို စိတ်လိုက်မာန်ပါ လုပ်တာလေးတွေ ပျောက်သွားကောင်းပါတယ် နော် "

ဂျူးဒစ် အလေးအနက် ခေါင်းညိတ်သည်။

" ဂျူးဒစ် ကြိုးစားပါ့မယ် အစ်ကိုရယ် "

သည့်နောက်ပိုင်းတွင် ဂျူးဒစ်စိတ်ကို သတိကြီးစွာထားပြီး တည်ငြိမ်အောင် ကြိုးစားသည်။ စိတ်ရှည်ရှည်ထားသည်။ သို့သော် အခါခပ်သိမ်း အောင်မြင်သည်တော့ မဟုတ်။ တာဝန်တွေကိုလည်း ကြည့် ဦးလေ။ လုပ်စရာတွေက ပြီးဆုံးခန်းရောက်သည်မရှိ။ အိမ်မှုကိစ္စအပြင် နောက်ကလေးအတွက် အဝတ်အစား တွေ၊ အနွေးထည်တွေ ချုပ်လုပ်ပြင်ဆင်နေရပြီ။ သစ်ဖြူတော အိမ်ကိုလည်း မကြာခဏ သွားကြည့် ပေးရသေးသည်။

ခုလို အမေ့အိမ်ကို ပြန်ကူဖော်ရသည့်အတွက် အဖေနှင့် ကာလက်တို့နှစ်ယောက် ဂျူးဒစ်ကို ကျေးဇူးတင် မဆုံး ဖြစ်နေကြသည်။ သို့သော် မိုးကျလာပြီး လမ်းတွေ ဆိုးလာသောအခါ ဂျူးဒစ် မသွားနိုင်တော့ဘဲ အိန်ဂျဲလစ် ကိုပဲ လွှတ်ရတော့သည်။

တစ်နေ့ သစ်ဖြူတောမှအပြန် အိန်ဂျဲလစ်က မတ်နှင့် ကာလက်တို့ နေကောင်းထိုင်သာ ရှိကြောင်း၊ မိုးကုန် လျှင် သစ်ဖြူတောအိမ်ကြီးလည်း ပြီးစီးတော့မည့်အကြောင်း ဂျူးဒစ်အား ပြောပြနေသည်။

" သစ်ဖြူတော ကို အုပ်ချုပ်ဖို့ မိန်းမတစ်ယောက် သိပ်လိုနေပြီ အိန်ဂျဲလစ်၊ ကာလက် မိန်းမယူဖို့ ကောင်း နေပြီ"

အိန်ဂျဲလစ် ရယ်ပြီး -

" အစ်ကိုလေး ကာလက်က အားလုံးအသင့်ဖြစ်မှ ယူမယ့်လူမျိုးမမလေးရဲ့ "

အိန်ဂျဲလစ် တစ်ယောက် အင်္ဂလိပ်စကားကို သွက်သွက်လက်လက် ပြောနိုင်နေပြီ။ ကပ္ပလီအိမ်စေမတွေ ပြော သည့် လေသံနှင့်မတူအောင် သူကြိုးစားပြောသည်။

အထိန်းက ဒေးဗစ်ကလေး ကို ခေါ်လာပေးသည်။ ဂျူးဒစ်လှမ်းယူပြီး ရွှေရောင်ဆံပင်နုနုလေး တွေကို နမ်းလိုက်သည်။

" ငါ နောက်တစ်ယောက်မွေးရင် ဒေးဗစ်လောက် လှပါဦးမလား အိန်ဂျဲလစ်ရယ် "

<<<http://www.shwezinu.blogspot.com/

" ဒါကတော့ ဘုရားသခင် ပေးသနားတဲ့အတိုင်းပေါ့ မမလေးရယ် "

အိန်ဂျဲလစ်က အင်္ကျီအိတ်ထဲမှ ယုန်ခြေထောက်ကလေးတစ်ခု ထုတ်ပေးသည်။

" သစ်ဖြူတောက အိမ်စေကလေးတစ်ယောက်က မမလေးဖို့ ထည့်ပေးလိုက်တာ။ သောကြာနေ့ သန်းခေါင်ယံမှာ ပစ်လို့ရတဲ့ ယုန်တစ်ကောင်ရဲ့ ဘယ်ခြေထောက် မမလေး၊ မမလေးရဲ့ အိပ်ရာ အောက်မှာ ထားအိပ်ပါတဲ့၊ မွေးလို့ ဖွားလို့ လွယ်တယ်တဲ့ "

ဂျူးဒစ်က ရယ်ပြီး လှမ်းယူရင်း -

" နင် အဲဒါ ယုံလားဟင် "

" မသိဘူးလေ မမလေး၊ ဒါပေမဲ့ လုပ်ရတာ ပင်ပန်းတာ မှတ်လို့၊ မွေးခါနီးကျရင် မမလေးရဲ့ အင်္ကျီထဲမှာ ထည့် ထားပါတဲ့ "

" အေးလေ၊ ကောင်းပြီ" ဂျူးဒစ်က ယုန်ခြေထောက်ကို အင်္ကျီထဲထည့်ထားလိုက်သည်။ အိန်ဂျဲလစ်က -

" အစ်ကိုလေးကိုတော့ ပြန်မပြောပါနဲ့နော် မမလေး၊ သက်သေမပြနိုင်ရင် သူက ဘာမှ ယုံမယ့်လူမျိုး မဟုတ်ဘူး "

သို့သော် ဗီးလစ်က ဂျူးဒစ်ကောင်းမယ်ထင်ရင် လုပ်ပဟု ပြောမှာ သေချာပါသည်။ သူကိုယ်တိုင်လည်း အလုပ်တွေ ချာလပတ်လည်အောင် ရှုပ်နေပြီ။

သည်နှစ် တာအစာဆုံး အကြောင်းအရာမှာ ကမ်းရိုးတန်းပြည်နယ်မှ သုပုန်များအကြောင်းဖြစ်သည်။ သည်အရေးအခင်း ဘယ်တော့များမှ ပြီးမလဲ။ မပြီးရင် လူဂီစီးယားနားကို ဘယ်လို လှိုင်းပုတ်လာနိုင်သလဲ။

အမေရိကန်များနှင့် အလွမ်းသင့်သော နယူးအော်လီယန်း စပိန်ဘုရင်ခံက မြစ်ညာပိုင်းမှ ဗြိတိသျှ အလိုတော်ရိများနှင့် ကုန်သွယ်မှု ဖြတ်တောက်ပစ်လိုက်သည်။ အင်္ဂလိပ်ပိုင်နက်မှ စိုက်ပျိုးရေးလုပ်ငန်းရှင်များထံကလည်း ဆိပ်ကမ်းခွန်တွေ တိုးကောက်မည်ဟု ကြေညာလိုက်သည်။ အင်္ဂလိပ်ဘက်တော်သားတွေနှင့် ပြင်သစ်အသိုက်အဝန်းတွေ ပွက်လောရိုက်သွားသည်။

နယူးအော်လီယန်းမှ ဂျာဇာစီ၏ အစ်ကို့စာထဲမှာ ပါသည့်အတိုင်း နိုင်ငံရေးက နိုင်ငံရေး၊ ကုန်သွယ် ရေးက ကုန်သွယ်ရေး ထားသင့်သည်။ စပိန်နှင့် အင်္ဂလန်သည် ရွှေလမ်း ငွေလမ်း ဖောက်နေသော နှစ်နိုင်ငံ ဖြစ်ပါလျက် အန်ဇာဂါဆိုသည့် ဘုရင်ခံတုံးကြောင့် အနောက် ဖလော်ရီဒါနှင့် နယူးအင်္ဂလန်တို့ စစ်တိုက်ရမလို ဖြစ်နေပြီ။

<<<http://www.shwezinu.blogspot.com/

ပြင်သစ်ကုန်သည်တို့သည် အင်္ဂလိပ်ကုန်ပစ္စည်း မရလျှင် ဘာဂျပျက်ကုန်တော့မည်။ အလားတူ စိုက်ပျိုးရေး လုပ်ငန်းရှင်ကြီးများ အနေဖြင့်လည်း ဈေးကွက်ပျက်လျှင် တော်ကြဖို့ပဲ ရှိသည်။ အခွန်အတုတ်တိုးမြှင့်လိုက်ခြင်းသည်လည်း သူတို့အားလုံးကို သွယ်ဝိုက်စွာ ထိခိုက်လေသည်။ မိမိ တစ်ဦးတည်း အနေဖြင့်မှု ထုံးစံအတိုင်း လေ့တွေ စုန်ဆင်းလာစေမည်။ ဘုရင်ခံက ဂင်နောင့်လျှင် ဓား ဓားချင်း၊ လှံ လှံချင်း ရင်ဆိုင်မည်ဟု ရေးလာသည်။

စာပါ အကြောင်းအရာများတွင် ဆွေးနွေးစရာတွေ အများကြီးရှိသည်ဟု ဖီးလစ် ယူဆသည်။ သို့သော် တကယ့်တကယ်တွင် ဘာမျှ မစဉ်းစားတော့ဘဲ မဲနယ်တွေ အပြည့်တင်ပြီး နယူးအော်လီယန်းသို့ ကိုယ်တိုင်ခိုးသွင်းမည် ဆိုသောအခါ ဂျူးဒစ် တားရတော့သည်။

" အို မိသွားရင် ဘယ့်နယ်လုပ်မလဲ အစ်ကို "

" ကလေးရယ်၊ အစ်ကို ဒါထက်စွန့်စားရတဲ့ အလုပ်တွေ လုပ်ခဲ့ဖူးပါတယ်၊ မင်းကိုယ်မင်းသာ ကျန်းမာအောင် နေပါ "

နယူးအော်လီယန်းမှ အောင်မြင်စွာ ပြန်ရောက်လာသည်။ သည်တွင်မှ မျက်ရည်တွေတွေကျပြီး ဂျူးဒစ် ဟင်းချနိုင်တော့သည်။

" ဘာဖြစ်သေးလဲဟင် အစ်ကို "

" ဘာမှမဖြစ်ပါဘူး၊ လွယ်လွယ်ကလေးပါ၊ နယူးအော်လီယန်းကို ညအချိန် ဝင်တယ်၊ ကုန်တွေ ညတွင်းချင်း ချတယ်၊ ဂိုဒေါင်ထဲ ညတွင်းချင်းသွင်းတယ်၊ ပြီးပြီပေါ့။ ဘာအခွန်မှ မပေးခဲ့ရဘူး။ ဒီအန်ဇာဂါဆိုတဲ့အကောင်က အလကား နလပိန်တုံးပါ၊ ပေးနေကျ ဆိပ်ကမ်းခွန်တောင် မပေးခဲ့ရဘူး၊ နောက်ဆို ဒီလိုပဲ မှောင်ခိုသွင်းကြတော့မယ်၊ သူ့ဆိပ်ကမ်း ပြင်ဖို့ ပိုက်ဆံတောင် သူ ရတော့မှာ မဟုတ်ဘူး၊ တကယ် ရယ်ရတယ် "

သူက ရယ်ရယ်မောမော ပြောနေသည်။ ဂျူးဒစ် သက်ပြင်းချရင်း ခေါင်းယမ်းသည်။ သူက အရာတိုင်းကို ရယ်စရာအဖြစ်သာ မြင်တတ်သူ။ အန္တရာယ်နှင့်နီးလေ သူ ရယ်စရာလုပ်လေ။ မိသွားလျှင် ကြိုးပေးခံရမည့်ကိစ္စကျတော့ သူ့ခေါင်းထဲ တစ်ခါမျှ ဝင်ဟန်မတူ။

သို့သော် သူ သည်လိုစွန့်စား၍ပင် ဝေါလ်တာပါစယ်ကို မြေဖိုးတွေ ချေနိုင်ခြင်းဖြစ်၍ ဂျူးဒစ် ကျေးဇူးတင်ရပြန်သည်။ ဒါကလည်း ဂျူးဒစ်ဖွတ်တိုက်တွန်း၍ ဆပ်ဖြစ်ခြင်းဖြစ်၏။ သူက အိမ်အတွက် ကျွန်တွေ ထပ်ဝယ်ဦးမည် တကဲကဲလုပ်နေသည်။ ကြွေးတင်သည့်အလုပ်ကို ရက်စရာ အဖြစ် နားလည်ထားသည့် ဂျူးဒစ်က သူ့ကို မနည်း ဖျောင်းဖျယူရသည်။

<<<http://www.shwezinu.blogspot.com/

ဖိုးလစ် ဟောက်ကင်းထုတ်သည့်အတိုင်းပင် နွေဦးမပေါက်ခင် မှောင်ခိုလှေတွေ ခေတ်ထလာ၏။ သူကိုယ်တိုင် နောက်ထပ် သုံးခေါက်ရလိုက်သေးသည်။ ဘုရင်ခံ အန်ဇာဂါ လက်မှိုင်ချရတော့၏။ ရင်တမမ ဖြစ်နေသော်လည်း ဂျူးဒစ်မပူရုပ် ဆောင်နေရသည်။ သည်လို မိုက်မိုက်ကန်းကန်း တစ်ဖွတ်ထိုး လုပ်တတ် သည့် အမူအကျင့်တွေကြောင့်များ သူ့ကို ပိုချစ်နေသလား မသိ။

ယုန်ခြေထောက်အစွမ်းလား ဘာလားမသိ၊ ဒုတိယသားကို လွယ်လွယ်ကလေး မွေးနိုင်သည်။ အံ့သြစရာပင်။ ခရစ္စတိုဖာ ကိုလံဘတ်စ်ဟု နာမည်ပေးဖို့ ဂျူးဒစ်က တိုက်တွန်းသည်။

" စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ကိုလံဘတ်စ်လို့ ထင်လာတယ်။ ဒီသားအလှည့်မှာ အသစ်အဆန်း တွေချည်း တွေ့ခဲ့ရတယ် မဟုတ်လား၊ ကမ္ဘာသစ်ကို ရောက်နေရသလိုပဲ "

ဖိုးလစ်က -

" ကိုလံဘတ်စ်ဆိုတဲ့ နာမည်ကို မကြိုက်ပါဘူးကွာ၊ ခရစ္စတိုဖာဆိုတော်ရောပေါ့" ဟု ဆိုသဖြင့် ဒုတိယ သားရတနာ၏ အနွတ္တသညာ ခေါ်စရာမှာ ခရစ္စတိုဖာ ဖြစ်သွားလေသည်။ သည်တော့မှ ဂျူးဒစ် တစ်ခါက ပြောဖူးသည်ကို ဖိုးလစ် ပြန်စဉ်းစားမိသည်။ ဘာအဓိပ္ပာယ်နှင့် ပြောတာပါလိမ့်။

" အစ်ကိုနဲ့ လက်ထပ်ရတာ ကမ္ဘာသစ်တစ်ခုကို သင်္ဘောတစ်စင်းနဲ့ ရှာဖွေနေရသလိုပဲ" တဲ့လေ။

စာရင်းချုပ်လိုက်တော့ ရလိုက်သည့် အမြတ်တွေမှာ မယုံနိုင်စရာပင်။ ငွေတွေရလာလို့လည်း ပျော်၏။ စပိန် အကောက်ခွန်သမားတွေကို လွတ်လွတ်ကျွတ်ကျွတ် အရှောင်အတိမ်း လုပ်နိုင်သဖြင့် ဂမ်းသာနေ၏။

ဂျူးဒစ်ကလေးကို လိုလေသေးမရှိ ဂယ်ပေးနိုင်တော့မည်။

<<<http://www.shwezinu.blogspot.com/

အခန်း (၆)

မတ်ရှာရမီက မှောင်ခိုလုပ်ငန်းမှာ ရိုးသားသည့်လုပ်ငန်းမဟုတ်၍ မိုးခါးရေမသောက်ဘဲနေသည်။ စရိတ်ကျဉ်း နိုင်သမျှ ကျဉ်းအောင် လုပ်သော်လည်း ဆိပ်ကမ်းခွန်ပေးရသဖြင့် အမြတ်နည်းနည်းပဲ ကျန်သည်။ သစ်ဖြူတော အိမ်လည်း ဆောက်လုပ်ပြီးစီးနေပြီ။ သိပ်မကြီးလှပေမဲ့ နေပျော်သည့် အိမ်တစ်ဆောင်ဖြစ်ပါသည်။

သူပုန်ထပြီး နှစ်နှစ်အကြာ ခရစ္စတိုဖာကလေး တစ်နှစ်အရွယ်တွင် ကာလက်ရောက်လာသည်။ နယူးအော်လီယန်း သို့ ကျွန်သွားဂယ်မည့်အကြောင်း ဂျူးဒစ်အား လာရောက်ပြောခြင်းဖြစ်သည်။ ဖီးလစ် က သူ့မိတ်ဆွေအလန်ဂျူဟာန်၏ လျှောက်ကြံဖြင့် သယ်ယူပို့ဆောင်ဖို့ စီစဉ်ပေးသည်။

အလန်ဂျူဟာန်မှာ စစ်ပြန်တစ်ဦးဖြစ်ပြီး ပိုင်စားမြေတွေ ရခဲ့သော်လည်း စိုက်ပျိုးရေးသမားဖြစ်မလာဘဲ ခြံထွက် သစ်တွေကို လှေစပ်ရောင်းသည့် အလုပ်ဖြင့် အသက်မွေး နေသူ အမေရိကန်တစ်ယောက်ဖြစ်၏။ လုပ်ငန်း တိုးချဲ့ရန် နယူးအော်လီယန်းသို့ သူကိုယ်တိုင်သွား ပြီး ဖောက်သည်ရှာမည်။ ပြင်သစ်လူမျိုး ယောက္ခမကြီး က ပေါက်ပေါက်ရောက်ရောက် ရှိသူဖြစ်၍ နယူးအော်လီယန်းတွင် လုပ်ငန်း အဆင်ချောလိမ့်မည်ဟု မျှော်လင့်ထားသည်။

ကာလက်သည် နယူးအော်လီယန်းကို တအံ့တသြ လျှောက်ကြည့်နေသည်။ အလွန်ထူးဆန်းသည့် မြို့ကြီးဖြစ်၏။ မြို့၏ မျက်နှာစာက မစ္စစ်စပီမြစ်ကြီး။ မြို့အနောက်ဘက် နယ်နိမိတ် တစ်လျှောက်မှ မြို့ရိုးကြီးက မျက်စိတစ်ဆုံး၊ လူရိုင်းများရန်မှ ကာကွယ်ရန် ရှေးရှေးက ဆောက်လုပ်ထားသည့် မြို့ရိုးကြီး။ ခု ခေတ်တွင် သိပ်အသုံးမဝင်တော့ပါ။ လူရိုင်းတွေကလည်း သိပ်မရိုင်းကြတော့ဘူးလေ။

ရွှံ့တွေ၊ ရေတွေ ထူပြောသည့်လမ်းများကို ကာလက် သဘောကျနေ၏။ ဆယ့်နှစ်ရာသီ စိုစွတ်နေသည့် လမ်းတွေ ထင်ပါရဲ့။ လမ်းခင်းကျောက်တုံးတွေကြားက ရွှံ့တွေ၊ ရေတွေ စိမ့်ထွက်နေသည်လေ။

ဘုရားရှိခိုး ကျောင်း အဝင် တံခါးဝတွင် မြင်းရထားကြီးရပ်တော့ ဝတ်ကောင်းစားလှနှင့် အမျိုးသမီးတွေ ရထားပေါ်က ဆင်းပုံကို ကြည့်ပြီး ကာလက်သဘောကျနေသည်။ တံခါးရွက်တွင် ပေကျံနေသည့် ရွှံ့စက်တွေနှင့် အဝတ်အစား ထိမှာလည်းစိုးရ၊ ဖိနပ်လှလှလေးတွေ ဗွက်ထဲ နင်းမိ မည်လည်း စိုးရသဖြင့် သတိကြီးစွာထားပြီး လျှောက်သွားနေကြပုံမှာ ကြည့်လို့ကောင်းလှ၏။

<<<http://www.shwezinu.blogspot.com/

နှစ်ခြင်းဘာသာဝင် တစ်ယောက်ဖြစ်သော်လည်း သူတို့ ဘရင်ဂျီဂုတ်ကျောင်းကြီး၏ မြင်ကွင်းနှင့် ခေါင်းလောင်းသံ တွေကို သဘောကျနေမိ၏။ ဘာသာစကားပေါင်းစုံ ရောထွေးပြောဆိုနေကြသည်။ ကျွန်ဈေးကို ကြည့်ပြီး ပျော်နေမိ၏။ ပြင်သစ်ပိုင် အရောင်းဆိုင်များ၊ အထည်ဆိုင်များတွင် ဂယ်သူတွေ ကြိတ်ကြိတ်တိုးနေသည်။ ရောင်စုံပုတီးများ၊ တိရစ္ဆာန်သားမွေး အရေခွံများရောင်းသည့်ဆိုင်လည်း အများအပြား တွေ့ရသည်။

မြို့ရောက်သခိုက် အရက်ဆိုင်မဝင်ဘဲ လမ်းတကာလျှောက်ပြီး သဘောကျနေသည့် ကာလက်ကို ကြည့်၍ မစ္စတာ ဂျူဟာန် ရယ်သည်။ ပြီးတော့ အနံ့အသက်နှင့် မြင်ကွင်းတွေကြောင့် ကာလက်မူးနေ သည်ကို တွေ့ရတော့ ဂျူဟာန် နားမလည်နိုင် ဖြစ်သွားသည်။

တတိယမြောက်နေ့ မနက်တွင် ညက အားရပါးရ ပွေပြန်လာပြီး နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်နေ သည့် မစ္စတာဂျူဟာန် ကို ထားခဲ့ကာ ပန်းခြံထဲသို့ ထွက်ခဲ့သည်။ စွန်ပလွံပင်ကို မှီပြီး ထွက်ပြူစ နေလုံးကြီးကို ကာလက် ငေးကြည့်နေသည်။

ပန်းရောင် နေဝန်းကြီးအား ရေကာတာရိုးနှင့် လှေတွေကို ကျော်ပြီး မြင်နေရ၏။ ဘုရားဂုတ်ကျောင်းမှ ခေါင်းလောင်းသံတွေ ပျံ့လွင့်လာသည်။ ပန်းခြံထဲတွင် တတိုင်းမွှေးနံ့ သင်းနေ၏။ နယူးအော်လီယန်းသည် ရွှေအဆင်းကို ဆောင်နေ၏။

ခပ်လှမ်းလှမ်း ဘုရားရှိခိုးကျောင်းမှ ဓမ္မတေးသံ ပျံ့လွင့်လာသည်။ မြို့သူမြို့သားတွေ ဘုရားကျောင်းဆီသို့ သွားနေကြသည်။ အချို့က ရထားလုံးကြီးများဖြင့်။ တချို့က ခြေကျင်။ အစေခံတွေ ထမ်းလာသည့် ဝေါဖြင့် အခံ့သား ထိုင်လိုက်လာသူတွေလည်း တွေ့ရ၏။ ကောင်မလေးတစ်ယောက် သူ့ကို ဖြတ်ပြေး သွားသည်။ စကတ်အဖြူကလေး တဝဲဝဲနှင့်။ မြစ်ဆိပ် ဆီသို့ ပြေးသွားပြီး ရေကာတာကြီးပေါ် ပြေးတက်သွားသည်။

သံပရာပင် တစ်ပင်အောက် အရောက်တွင် ခေါင်းစည်းပွင့်ရိုက်ပုဝါကိုချွတ်သည်။ ကာလက်ကို ကျောပေးပြီး မြစ်ပြင်ဘက်သို့ မျက်နှာမူလျက် လက်နှစ်ဖက်ကို ဆန့်တန်းသည်။ ပြီးမှ လေကို တဂကြီးရှူနေသည်။

နေရောင်တွင် သူ့ပိတုန်းရောင် ဆံပင်တွေ တဖိတ်ဖိတ်တောက်နေ၏။ မြစ်ပြင်ကို ဖြတ်တိုက်လာ သည့် လေက ကလေးမ၏ အဝတ်အစားများကို တဖျပ်ဖျပ် လှုပ်ခတ်နေစေ၏။ အဖြူရောင် ဂါဝန်အောက်မှ ခါးကျဉ်းကျဉ်းကလေးကို ကာလက် ငေးကြည့်နေသည်။

ကလေးမက သံပရာပင်ရိပ်မှ မြက်ခင်းပြင်ပေါ်တွင် ခေါင်းစည်းပဝါကို ဖြန့်ခင်းပြီး ထိုင်ချလိုက်သည်။ ကာလက် သူ့ဆီသို့ လျှောက်သွားပြီး ဆင်ခြေလျှောရေကာတာပေါ်သို့ ပြေးတက်လိုက်သည်။

<<<http://www.shwezinu.blogspot.com/

၁၀ စက္ကန့်လောက် ရပ်ပြီး စဉ်းစားဖြစ်လျှင် သူ ခုလို လုပ်မိမည်မဟုတ်။ အနားရောက်မှ သည်နယ်က ပြင်သစ်တွေ၊ စပိန်တွေအကြောင်း သွားသတိရသည်။ အဖေတွေ၊ မောင်တွေသည် သူတို့ သမီးတွေ၊ နမတွေအတွက် အမြဲ စားသွေးနေကြသူတွေဖြစ်၏။ မိဘားဖသားပီပီ မိတ်ဆက်ပြီး ရင်းနှီးသူမဟုတ်လျှင် မိန်းကလေးတစ်ယောက်အား စကားပြောခွင့်မရှိပေ။ ခုတော့ သူ ဘာမှ သတိမရတော့။ နံနက်ခင်းရယ်၊ သံပရာပင်အောက်က မိန်းမပျိုရယ် သိပ်ပနံရနေတာကိုပဲ သိသည်။ ကောင်မလေးနှင့် မျက်လုံးချင်းဆုံမှ စကားပြောခွင့် မရှိကြောင်း ပြေးသတိရလိုက်ခြင်း ဖြစ်သည်။

ဒါဖြင့် ဘာလုပ်မလဲ။ ပြောခွင့်ရှိသည့်တိုင်အောင် ပြင်သစ်စကားကို ဟုတ်တိပတ်တိ ပြောတတ် သည် မဟုတ်။

အရောင်းအဝယ် ကိစ္စအတွက် ထမင်းစား ရေသောက်တော့ သင်ထားသည်။

သို့သော် သူကလေးကို သေသေချာချာ ကြည့်မိတော့မှ ပြင်သစ်မဟုတ်ဘဲ စပိန်မကလေးဖြစ်ကြောင်း တွေ့ရသည်။ ဘာဆက်လုပ်ရမှန်း မသိသဖြင့် ရပ်ကြည့်ပြီး ပြုံးပြလိုက် သည်။

ကလေးမတွင် ကြောက်ရွံ့ ထိတ်လန့်ပုံ အလျှင်းမတွေ့ရ။ မြက်ခင်းပေါ်တွင် လက်တစ်ဖက်ထောက် ပြီး အံ့သြသည့် အမူအရာဖြင့် သူ့ကို ပြန်ကြည့်နေသည်။ သေးသွယ်နက်မှောင်နေသည့် မျက်ခုံးမွေး နှစ်ခုမှာ နာတံရင်း တွင် ထိဆက်လုခမန်း ဖြစ်နေသည်ကို ကာလက် သတိပြုမိ၏။ နှုတ်ခမ်းအစုံက စတော်ဘယ်ရီ ရောင် ရဲနေသည်။ အသားအရေက ကလေးတစ်ယောက်လို ပြစ်မျိုးမှဲ့မထင်။ စပိန် လူမျိုးများသည် သူတို့ မိန်းကလေး များကို သူများလက်ထဲပေးဖို့ မတရားတွန့်တိုကြ၏။ သို့သော် စပိန် မိန်းကလေး များ၏ လည်ပတ်လွန်းသော အဂတ်အစားများကိုမူ ပိတ်ပင်ရကောင်းမှန်းမသိကြ။

" ကျွန်တော့်ကို ခွင့်လွှတ်ပါနော်" ဟု ပြောပြီး ကာလက် ပေရပ်နေသည်။ ကလေးမ၏ မျက်နှာတွင် အံ့သြခြင်း လက္ခဏာများ ပြယ်မသွားသေး။ အလွန်မပီသသော အင်္ဂလိပ်စကားဖြင့် အားယူပြီး ပြော သည်။

" ရှင် ... ရှင်က အင်္ဂလိပ်လား "

" အင်း အင်း ဟုတ်တယ်၊ မင်း အင်္ဂလိပ်စကားတတ်တယ်နော် "

ကာလက်က ဝမ်းသာအားရ ပြန်မေးရင်း မြက်ခင်းပေါ်တွင် ဝင်ထိုင်လိုက်သည်။ ကလေးမက နှစ် လက်မလောက် တစ်ဖက်တိုးသွားပြီး ...

" သိပ်မတတ်ပါဘူး၊ ရှင်က ဘယ်သူလဲ "

" ကိုယ့်နာမည် ကာလက်ရာရမီ၊ မင်းကို ကိုယ် ဘာမှ ဒုက္ခမပေးပါဘူးနော်၊ မင်း သိပ်လှလွန်းလို့ စကား လာမပြောဘဲ မနေနိုင်အောင် ဖြစ်နေလို့ပါ "

<<http://www.shwezinu.blogspot.com/

သူကလေး က ရယ်ပြီး -

" ဂရာစီယားစ်၊ အဲလေ၊ ကျေးဇူးတင်ပါတယ်လို့ ပြောတာပါ "

"ခဏလေးထိုင်ပြီး မင်းနဲ့ စကားပြောခွင့်ရမလားဟင်၊ ကိုယ်ဆိုလိုတာက ကိုယ်က ဒီအရပ်သား မဟုတ်ဘူးလေ။ နယူးအော်လီယန်းမှာ အသိအကျွမ်းလည်း တစ်ယောက်မှ မရှိဘူး "

ကလေးမ ရယ်ပြန်သည်။ ပို၍ရွှင်လာ၏။ သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ အကောင်းဆုံးအဝတ်တွေ ထုတ်ဝတ်လာခဲ့မိသည့်အတွက် ကာလက်ဖမ်းသာနေ၏။

" ရှင်တို့ အင်္ဂလိပ်တွေ သိပ်ရယ်စရာကောင်းတယ် "

သူ့အသံ ဂဲလွန်းနေသည်ကပင် တစ်မျိုး ချစ်စရာကောင်းနေသည်။ ရယ်လိုက်လျှင် ပို၍ ချစ်စရာ ကောင်းသည်။

" ဒါလောက် ရယ်စရာ မကောင်းပါဘူးကွယ်၊ အကြောင်းသိသွားရင် မရယ်ရတော့ပါဘူး၊ မင်းမှာ အင်္ဂလိပ် လူမျိုး အသိအကျွမ်း တစ်ယောက်မှ မရှိဘူးလား "

" နည်းနည်းပဲ ရှိတယ် "

" ကိုယ်က အင်္ဂလိပ်မဟုတ်ပါဘူး၊ အမေရိကန်ပါ၊ ကနက်တီကပ်အရပ်သားပါ "

" အဲဒါ ဘယ်မှာလဲ၊ ပင်လယ်ရဲ့ ဟိုဘက်မှာလား "

" မဟုတ်ပါဘူး၊ မြောက်ပိုင်းမှာပါ"

သူက တစ်ဖက်ကို လှည့်ကြည့်သည်။ မြစ်ရိုးတစ်လျှောက်တွင် ကနက်တီကပ်ကို မြင်ရနိုးနှင့် လှမ်းကြည့် နေဟန်။ မြစ်ညာဘက်သို့ မကြည့်ဘဲ ရေစုန်အတိုင်း လိုက်ကြည့်နေခြင်းဖြစ်သည်။

" မြောက်က အဲဒီဘက် မဟုတ်ဘူးလေ၊ မင်း ပြောင်းပြန်ကြည့်နေတယ် "

" ဒါ မြောက်ဘက်ပါဆို "

သူ့ဘာသာသူ သဘောကျပြီး ရယ်ပြန်သည်။

" ရှင်တို့ လူမျိုးတွေက သိပ်ခက်တာပဲ၊ နယူးအော်လီယန်းမှာ ရေက ဟိုလိုစီးတယ်ပြောရင် သူတို့ ဘယ်လိုမှ မယုံဘူး။ ဟိုလေ ဒီလို ကွေ့တယ် "

" ဘယ်လို ဘယ်လို၊ နောက်ပြန်စီးတယ်လို့ ပြောတာလား "



<<http://www.shwezinu.blogspot.com/

" ဘယ်ကလာ၊ ဒီလို "

သူက ခင်းထားသည့် ခေါင်းစည်းပဝါပေါ်မှာ လက်ညှိုးနှင့် ရေးပြရင်း -

" ဒီလို၊ ဒီလို ဘာခေါ်တယ်၊ အကွေး … အကွေး "

" မင်းနာမည် ကိုယ့်ကို ပြောပါဦး "

သူက ခေါင်းငုံ့ထားပြီး ခေါင်းစည်း ဇာနားကလေးကို ဆော့ကစားရင်း -

" ဒိုလားရက်စ်ဘွန်ဒီယို "

" စပိန်လူမျိုးပေ့ါ ဟုတ်လား "

သူကလေးက ခေါင်းညိတ်ပြီး -

" ကျူးဘားမှာ မွေးတယ်"

" ဒီမှာနေလားဟင် "

" အဖေနဲ့ အမေ သေပြီ၊ ဒီမှာ အဒေါ်နဲ့ လာနေတယ်လေ "

" မင်းအဒေါ်က စည်းကမ်းကြီးသလားဟင်၊ တို့ စကားပြောနေတာတွေ့ရင် ဆူမှာလား "

ဒိုလားရက်စ် မော်ကြည့်သည်။

" သိပ်စည်းကမ်းကြီးတယ်၊ သူ့အနားက ဘယ်မှမသွားရဘူး၊ ဒီမနက်သူ ဘုရားရှိခိုးကျောင်းသွားနေတုန်း ကျွန်မ လစ်ပြေးလာတာ၊ သူ ကျွန်မကို ဘုရားရှိခိုးနေတယ် ထင်မှာ၊ မနက်ခင်းက သိပ်လှနေတယ်နော်၊ ဘုရားရှိခိုးကျောင်းကို ကျွန်မ အမြဲတမ်း မလိုက်ချင်ဘူး၊ မယ်သီလရှင်မှ မဟုတ်တာ "

ကာလက် မျက်မှောင်ကုတ်ပြီး -

" ဘရင်ဂျီတွေက ဘုရားကျောင်းကို နေ့တိုင်းသွားရတယ် ဟုတ်လား "

" ဘုရားတရား သိပ်ကြည်ညိုတဲ့ လူတွေလောက်ပါ၊ ရှင်က ဘရင်ဂျီမဟုတ်ဘူးလား "

" ဟင့်အင်း၊ မဟုတ်ဘူး "

<<<http://www.shwezinu.blogspot.com/

" ရှင်က ဘယ်သူလဲဟင်၊ ရှင့်အကြောင်း ပြောပါဦး၊ ကွန် ... ကွန် ဘာဖြစ်တယ်၊ ကျွန်မ မခေါ် တတ်ဘူး "

" ကနက်တီကပ်က ဟိုးအဝေးကြီးမှာ၊ ဒီကနေ မြစ်ကို ဆန်တက်ရင် မြောက်လကနေ ရှစ်လအထိ ကြာတယ်၊ ဒါပေမဲ့ ကိုယ် ခု အဲဒီမှာ မနေတော့ဘူး၊ ဖလော်ရီဒါ အနောက်ပိုင်းကို ရောက်နေတယ်"

" အဲဒါက ဘယ်မှာလဲ "

" အင်္ဂလိပ်ပိုင် လူဂီစီးယားနားလို့ ခေါ်တယ်၊ နယူးအော်လီယန်းရဲ့ အထက်ဘက်ကျတယ်၊ မစ္စစ်စပီရဲ့ အရှေ့ဘက်ကမ်းပေါ်မှာ ရှိတယ်၊ တို့မှာ သားအဖနှစ်ယောက်ပဲရှိတယ်၊ အလုပ်ကတော့ စိုက်ပျိုးရေးပေ့ါ"

" အိုး "

ဒိုလားရက်စ် ပြုံးသည်။ သူပြုံးလျှင် နှုတ်ခမ်းကို ခပ်စုစုထားတတ်သည်။

" ဘုရင်မင်းမြတ် ပေးသနားတော်မူတဲ့ မြေကွက်ကလေးရတဲ့ လူတစ်ယောက်ပေ့ါ ဟုတ်လား "

ကာလက် ခေါင်းညိတ်ပြလိုက်သည်။

" ခု နယူးအော်လီယန်းကို ဘာလာလုပ်တာလဲ၊ ရှင် အမေရိကန် တော်လှန်ရေးထဲ မပါဘူးလား"

" ဟင့်အင်း၊ မပါပါဘူး၊ ကပ္ပလီကျွန်တွေဝယ်ဖို့ ကိုယ်လာခဲ့တာလေ၊ မြေတွေရှင်းစရာ အများကြီး ကျန်သေးတယ် "

ကာလက်က မြက်ခင်းပေါ်ကို တံတောင်နှစ်ဖက်နှင့် ထောက်ပြီး စပိန်မကလေးကို မော်ကြည့်လိုက်သည်။

" ကဲ မင်းအကြောင်း ပြောပါဦး "

ဒိုလားရက်စ် တစ်ချက်တွေဝေနေပြီးမှ လက်ခါပြရင်း ...

"ဘာမှ ပြောစရာများများ မရှိပါဘူး" ဟု ပြောပြီး မျက်နှာကလေးညှိုးသွားသည်။

" ဒီမှာနေတယ်၊ အဒေါ်နဲ့ နေတယ်၊ အဒေါ်က မွေးတဲ့ ဂမ်းကွဲမောင်နှမတွေလည်း ရှိတယ် "

သူ့ကို ကြည့်ပြီး ကာလက် စိတ်မကောင်းဖြစ်သွားသည်။

" သူတို့က မင်းအပေါ်မှာ မကောင်းကြလို့လား မစ္စဘွန်ဒီယို "

" အို၊ အဲဒီလို မဟုတ်ပါဘူး၊ သိပ်ကောင်းကြပါတယ် "

<<http://www.shwezinu.blogspot.com/

လက်နှစ်ဖက် ကို ဒူးပေါ်တွင် ပတ္တာဆက်ပြီး အဝေးဆီသို့ ငေးကြည့်နေသည်။ ကာလက်က သူ့ လက်ချောင်း ကလေးများကို လှမ်းဆုပ်လိုက်တော့ ကလေးမ ဆတ်ခနဲ တွန့်သွားပြီး -

" ကျွန်မ သွားတော့မယ် "

" ဟာ၊ ခဏကလေး နေပါဦးကွာ "

" ဘုရားရှိခိုးကျောင်းမှာ ကျွန်မကို ရှာမတွေ့ရင် အဒေါ်က ကျွန်မကို အခန်းထဲ လှောင်ပိတ်ထားလိမ့်မယ်၊ ကျွန်မ သွားပါရစေတော့ရှင် "

ကာလက်က သူ့လက်ကို ကိုင်ထားဆဲဖြစ်၍ တောင်းတောင်းပန်ပန် ပြောနေရှာသည်။

" ပန်းခြံထဲ ဖြတ်ပြေးပြီး ဘုရားရှိခိုးမပြီးခင် ကျွန်မ အရောက်သွားရမှာ "

ကာလက် ဆက်တားသေးသည်။ မရတော့။ ရေကာတာအောက်သို့ ဆင်းပြေးသွားတော့သည်။ ကာလက် က သူ့လက်ကို မလွှတ်ဘဲ ပြေးလိုက်သွား၏။

" ကျွန်မ သွားမယ် ဆီညော်ရယ်၊ တစ်ဆိတ်လွှတ်ပါရှင် "

သူကလေး ၏ လက်ကို ကိုင်ထားဆဲ။

" ခဏလေးပါ၊ ကိုယ် မင်းနဲ့ ဘယ်လို ပြန်တွေ့ရမလဲဟင် "

ဒိုလားရက်စ်က ဘုရားရှိခိုးကျောင်းကြီးကို လှမ်းကြည့်ပြီး -

" အို၊ တွေ့လို့မဖြစ်ပါဘူးရှင်"

"တွေ့ပါရစေကွယ်၊ ခဏကလေး လစ်ထွက်လာလို့ မရဘူးလားဟင်၊ ဒီညဖြစ်ဖြစ်ပေါ့ "

" အို ... မဖြစ်နိုင်ပါဘူးဆို၊ ကျွန်မ သွား .... "

" မင်းကို ကိုယ်သိပ်သဘောကျနေပြီ။ ခဏလေး လစ်ထွက်လာခဲ့ပါနော်။ သူတို့ မင်းကို အချိန်ပြည့် စောင့်ကြည့်မနေနိုင်ပါဘူးကွာ "

ဒိုလားရပ်စ် မရှန်းတော့ဘဲ ဘုရားရှိခိုးကျောင်းဆီကို တစ်လှည့်၊ ကာလက်ကိုတစ်လှည့် ကြည့်သည်။

" အမေရိကန်မလေးတွေ အဲဒီလိုပဲ လုပ်ကြသလား "

" အို ... လုပ်တာပေါ့ "

<<<http://www.shwezinu.blogspot.com/

" ညနေ နေဝင်ချိန် လာစောင့်လေ၊ ညနေ ဘုရားကျောင်းတစ်ခါလာရဦးမှာ၊ ကဲ သွားမယ်နော် "

ပြောပြောဆိုဆို ပြေးထွက်သွားသည်။ ပြေးလွှားရင်း ခေါင်းစည်းကို စည်းနှောင်သွားသည်။ ကျောင်းရှေ့ ရေပန်းကြီးနောက်တွင် ကွယ်ပျောက်သွားသည်အထိ ကာလက် စောင့်ကြည့်နေသည်။

ညနေပိုင်းတွင် နေမဝင်မီ ကာလက် အစောကြီး ကြိုရောက်နေသည်။ ဒိုလားရက်စ် တော်တော်နှင့် ပေါ်မလာ။ သူ့အဒေါ် မနက်က သိသွားပြီး အခန်းထဲ အလှောင်ခံနေရပြီလား မသိ။ မှောင်ရီပျိုးချိန် တွင် ဘုရားရှိခိုးကျောင်း ထဲမှ သူ ဖြည်းဖြည်းမှန်မှန် လျှောက်လာနေသည်။ မျက်လုံးက ဟိုကြည့် သည်ကြည့်နှင့်။ တစ်စုံ တစ်ယောက် တွေ့သွားမည်ကို အစိုးရိမ်ကြီးနေပုံ။ အနက်ရောင် ခြုံထည်ကို လွှမ်းလာသည်။ နောက်မှာ အထိန်းတော်ကပ္ပလီမကြီးကိုလည်း စပိန်စကားနှင့် တစ်ခွန်းနှစ်ခွန်း ပြောလိုက်တော့ ကပ္ပလီမကြီး ကျောင်းဝင်းထဲ ပြန်ဝင်သွားသည်။

ကာလက်ကို ဟိုလားရက်စ် မော်ကြည့်သည်။ ခြုံထည် လွှမ်းထား၍ သူ့မျက်လုံးတွေကို ကာလက် မမြင်နိုင်ပေ။

" ဘယ်သွားထိုင်မလဲဟင်"လို့ သူက မေးတော့ ကာလက်က သူ့လက်မောင်းကို ဆွဲပြီး -

" ပန်းခြံထဲ သွားထိုင်မယ်လေ "

ဒိုလားရက်စ်က ခြုံထည်ဇာနားကိုပါးစပ်နားထိ ဆွဲချကာ တိုးတိုးပြောသည်။

" ဟင့်အင်း ... မဖြစ်ဘူး၊ အလင်းရောင်ရှိနေသေးတယ်၊ အဒေါ့မိတ်ဆွေ တစ်ယောက်ယောက် မြင်သွားရင် ဒုက္ခဖြစ်နေမယ် "

ဘုရားရှိခိုးကျောင်းနှင့် မြို့တော်ခန်းမအကြား အမှောင်ရိပ်ကျကျ တစ်နေရာကို ဒိုလားရက်စ်က ဆွဲခေါ် သွားသည်။ နှစ်ယောက်သား သံထိုင်ခုံ အစုတ်ကြီးပေါ်တွင် ထိုင်လိုက်ကြ၏။

" ကဲ ... ဒီမှာ စကားပြောလို့ ရတာပေါ့ "

မှုန်ပျပျ အလင်းရောင်တွင် ဒိုလားရက်စ်က ခြုံထည်ကို ခေါင်းပေါ်မှ ဆွဲချလိုက်သည်။ ဆင်စွယ်ရောင် မျက်နှာကလေး ဘွားခနဲ ပေါ်လာသည်။

" အင်း ... ကွန်ဆက်ကွိုင်တော့ အကြာကြီး စောင့်ရမှာပဲ၊ သူက ကျွန်တွေထိုင်တဲ့ နောက်ပိုင်းတန်းမှာ ထိုင် ရတယ်လေ "

ဒိုလားရက်စ် တိုးတိုးပြောပြီး ရယ်နေသည်။

<<<http://www.shwezinu.blogspot.com/

" ကျွန်မ အဒေါ် ဂျူနီတာက သိပ်အံ့ဩနေတယ်။ ညနေပိုင်း ဂတ်ကျောင်းဆက်တက်မယ်ဆိုလို့လေ၊ ဝိုတူမက ဘာသာရေး သိပ်ကို ကိုင်းရှိုင်းတာပဲတဲ့၊ အပြစ်တွေ ကျူးလွန်ထားတာ များနေလို့ပါဆိုပြီး ကျွန်မ ထွက်ခဲ့တာလေ "

ကာလက်က ရယ်ပြီး သူကလေး၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

" ကိုယ်တော့ မင်းလိုမိန်းကလေး ဘယ်တော့မှ အပြစ်ကျူးလွန်လိမ့်မယ် မထင်ဘူး "

" အို အပြစ်တွေရှိတာပေါ့၊ ညီအစ်မဂမ်းကွဲတွေ ဂတ်ကောင်းစားလုဂတ်ရင် မနာလိုဖြစ်တယ်၊ အဖေ့ကို ကောင်းကင်ဘုံ ခေါ်သွားပြီး ကျွန်မ တစ်ယောက်တည်း ဆင်းဆင်းရဲရဲ ထားခဲ့တဲ့အတွက် ဘုရားသခင်ကို စိတ်ထဲက မကျေနပ်ဘူး။ ပြီးတော့ ကျွန်မဦးလေးက ယောက်ျားပေးစားမယ် "

" ဘာ ... ယောက်ျားပေးစားမယ် ဟုတ်လား၊ ဒါဖြင့် မင်း လက်ထပ်ရတော့မှာပေါ့နော် "

အကြောင်းမဲ့ အထိတ်တလန့် မေးလိုက်မိသည်။

" ကျွန်မ လက်ထပ်ချင်ထပ်၊ မဟုတ်ရင် သီလရှင်ဂတ်ရမယ်တဲ့၊ သူတို့ ကျွန်မအတွက် အပို အကုန်အကျ မခံနိုင်ဘူးတဲ့လေ "

" ဘာ အပိုကုန်တာလဲဟင် "

" ဩော် ဒီလိုလေ၊ သူတို့မှာ သမီးတွေ အများကြီးရှိတယ်၊ ကျွန်မအတွက် အဂတ်အစား ဂယ်မပေးနိုင်ဘူးပေါ့၊ ဒီတော့ ကျွန်မကို အဂတ်လေး ဘာလေး ဂယ်ပေးနိုင်မယ့် လူတစ်ယောက်နဲ့ ပေးစားမယ်ပေါ့၊ အဲဒီလူကြီးကို ကျွန်မ လုံးလုံးမကြိုက်ဘူး၊ မိန်းမသုံးယောက် သေပြီးပြီတဲ့၊ ကလေးက ရှစ်ယောက်တဲ့။ ဦးလေးက ပြောတယ်၊ မြင်းရထားနဲ့ ဘာနဲ့ နင်ကောင်းကောင်းနေရမှာ တဲ့၊ ဒါပေမဲ့ အဲဒီအဘိုးကြီးကို ကျွန်မ ဘယ်လိုမှ မကြိုက်ဘူး"

သူ့လေသံက တဖြည်းဖြည်း ဂဲသည်ထက် ဂဲလာ၍ မနည်း နားထောင်ပြီး အဓိပ္ပယ်ကောက်ယူရသည်။

" ဒါပေမဲ့ ကျွန်မလေ လူငယ်တစ်ယောက်နဲ့ ဒီမနက် မတိုင်ခင်အထိ တစ်ခါမှ စကားမပြောဖူးဘူး၊ ကျွန်မကို ပျံတံတံ ကောင်မလေးလို့ ထင်မှာပဲနော် "

နေ လုံးလုံးဂင်သွားပြီဖြစ်၍ အမှောင်ထုက ထူထပ်လာသည်။

ကိုယ့်ကိုယ်ကို ဘာလုပ်လိုက်မိမှန်း မသိဘဲ ကလေးမကို ပွေ့ပြီး ကာလက် နမ်းလိုက်သည်။ သူ့အနမ်းကို တုံ့ပြန်နေသဖြင့် ကာလက် တအံ့တဩဖြစ်သွားသည်။ သို့သော် ခဏမျှသာ။ သူ့ရင်ခွင် ထဲမှ ရုန်းထွက်ပြီး ထရပ်လိုက်သည်။ ခေါင်းစည်းပဂါကို လက်ထဲတွင် တင်းတင်းဆုပ်လျက်။



<<http://www.shwezinu.blogspot.com/

ပထမ စပိန်စကားတွေ စက်သေနတ် ပစ်သလို ပြောနေသည်။ နောက်မှ -

" ကျွန်မကို အဲဒီလို ကောင်မလေးလို့ ထင်သွားလားဟင် " ဟု ပြောပြီး ထွက်ပြေးတော့သည်။ သို့သော် ကာလက် လိုက်ပြီး အမိဖမ်းနိုင်သည်။

" ဩော် ... ဒိုလားရက်စ်ရယ်၊ ကိုယ် အဲလို မထင်ပါဘူးကွာ။ မင်းဟာ သိပ်လှတယ်၊ သိပ်သနားစရာ ကောင်းတယ်လို့ပဲ ကိုယ် ထင်တာပါ။ လာပါကွာ၊ ပြန်ထိုင်ပါဦး၊ ကိုယ့်ကို အားလုံးပြောပြပါလားဟင်၊ မင်းကို ဘယ်သူမှ မနမ်းဖူးသေးဘူးလား "

ခေါင်းငုံ့ပြီး တိုးတိုးကလေး ပြောသည်။

" ဟင့်အင်း၊ မနမ်းဖူးဘူး "

" လာပါ၊ ပြန်ထိုင်ပါဦး၊ ကွန် ... ကွန် ဘယ်သူ၊ အဲဒီမိန်းမကြီးက အိမ်ပြန်မတိုင်ဘူး မဟုတ်လား "

ပြန်ထိုင်ကြသည်။ ရုတ်တရက် ဒိုလားရက်စ်တွင် ပြောစရာ သိပ်မရှိသလို ငိုင်နေသည်။ ကာလက်က သူကလေး ကို ရင်ခွင်ထဲ ဆွဲပွေ့ထားလိုက်ချင်သည်။ မွတ်မွတ်သိပ်သိပ် နမ်းလိုက်ချင် သည်။ သို့သော် မရဲတော့။ အတန်ကြာမှ သူ့ကို ယုံကြည်သွားသလို စကားစပြောသည်။

" ကျွန်မတို့ အဖေက စပိန်လူမျိုးလေ၊ ကျွန်မ မမွေးခင် စပိန်ဘုရင်က ကျူးဘားကို ပို့လိုက်တာ၊ ကျူးဘားမှာ ရောမအိမ်ကြီးနဲ့ နေရတယ်၊ အဖေ့အပေါင်းအသင်းတွေက သံတမန်တွေ၊ တစ်ယောက် နဲ့ တစ်ယောက် မတည့်ကြဘူး၊ အဲဒီမှာ ကျွန်မ ပြင်သစ်နဲ့ အင်္ဂလိပ်စကား စတတ်တာလေ၊ ဒါပေမဲ့ ကျွန်မအသံထွက် သိပ်ညံ့ပါတယ် "

ကလေးမက ကာလက်ကို ပြုံးပြုံးကလေး ကြည့်နေသည်။ အားတုံ့အားနာ အမူအရာဖြင့်။

" အို ... သိပ်နားထောင် ကောင်းပါတယ်ကွယ်၊ ကဲ၊ ဆက်ပါဦး "

လွန်ခဲ့သည့် သုံးနှစ်က ဒိုလားရက်စ်၏ အဖေနှင့် အမေ ဆုံးသွားသည်။ ဤသို့ဖြင့် နယူးအော်လီယန်းရှိ ဦးလေးတော်သူ တစ်ယောက်ဆီ ရောက်လာသည်။ ဦးလေးလုပ်သူက တူမ အတွက် အကောင်းဆုံး စီစဉ်ပေးခြင်းဖြစ်သည်။

သီလရှင်ဂတ်မလား၊ လင်ယူမလား။ ဆင်းရဲသူ မိန်းကလေးတစ်ယောက်အဖို့ သည်နှစ်လမ်းသာ ရှိသည်။

" သူတို့က ပြောတယ်၊ နင် သီလရှင်ဂတ်လို့ ဖြစ်မှာ မဟုတ်ပါဘူးတဲ့၊ ဒီတော့ ယောကျ်ားပဲယူတဲ့ "

<<<http://www.shwezinu.blogspot.com/

သည်ကလေးမ သီလရှင်ဖြစ်ဖို့ မသင့်ဟူသည့် အချက်တော့ ကာလက်သဘောတူသည်။ သွားကလေး တစ်ချောင်း ကျိုးနေသည်ကို မနက်ကတည်းက သတိထားမိသည်။ နှုတ်ခမ်းကလေး ကိုခပ်စေ့စေ့ထားပြီး ရယ် တတ်သည်။ ဘာကြောင့် ကျိုးသွားတာလဲဟု မေးကြည့်တော့ -

" ဟာဗာနာမှာ မြင်းပေါ်က လိမ့်ကျတာလေ "

" ဘာမှ မသိသာပါဘူး "

" ဟာ သိသာတာပေါ့၊ သောက်ရမ်း အနေရခက်တာပဲ "

" ဘယ်လို … ဘယ်လို "

ကာလက် တအံ့တသြ မေးလိုက်သည်။ ဒိုလားရက်စ် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

" ကျွန်မ ဘာပြောလိုက်လို့လဲဟင် "

ကာလက် ရယ်နေသည်။ ဒိုလားရက်စ်ပြောသည့် အင်္ဂလိပ်စကားတွင် ဒေါ်သသင့်စေမည့် အသုံးအနှုန်းတွေပါ ပါလာတတ်သည်။ ဒါကို သိလျက်နှင့် တအံ့တသြ ဂင်ထောက်မိသည့်အတွက် ကာလက် စိတ်မကောင်းဖြစ်သွား၏။ ခုမှတော့ ရှင်းပြရတော့မည်။

" မိန်းကလေးတွေအနေနဲ့ ယဉ်ယဉ်ကျေးကျေး ပြောမယ်ဆိုရင် "သောက်" ဆိုတဲ့ စကားလုံးကို မသုံးရ တော့ဘူးကွယ် "

" အို ကျွန်မ တောင်းပန်ပါတယ် ရှင်ရယ်၊ ကျွန်မ အဖေအိမ် လာတဲ့လူကြီးတွေကျတော့ ခဏခဏ အဲလို ပြောတယ်နော် "

" ဒါပေါ့၊ သူတို့ဘာသာ ပြောပစေလေ "

" အဲဒီ စကားလုံးက မကောင်းဘူး ဟုတ်လားဟင် "

" အင်း "

" ကျွန်မ နောက်မပြောတော့ဘူးနော် "

ထိုစဉ် အထိန်းတော်ကြီး ရောက်လာသည်။ စပိန်စကားတွေ အပြန်အလှန် ပြောကြသည်။

" ဘုရားရှိခိုးပြီးသွားပြီ၊ ကျွန်မ ပြန်ရတော့မယ် "

" မနက်ဖြန်ကျရင်လည်း ခုလိုပဲ လစ်လာခဲ့ဦးနော် "

<<http://www.shwezinu.blogspot.com/

ကာလက် စိတ်အားထက်သန်စွာ ပြောလိုက်၏။ ဒိုလားရက်စ်က ခေါင်းညိတ်ပြီး "ဟုတ်ကဲ့ "ဟု ကတိပေးသွားသည်။

သည့်နောက်ပိုင်းတွင် သူတို့နှစ်ယောက် နေ့စဉ် တွေ့ဖြစ်ကြသည်။ စီစဉ်ထားသည့်အတိုင်း ကျွန်တွေ ဝယ်ပြီးပြီ။ သစ်ဖြူတောကိုပို့ဖို့ အစီအစဉ် လုပ်ပြီးပြီ။ အလန်ဂျူဟန်က သူ့အလုပ်တွေပြီးလို့ ပြန်ဖို့ တာစူ နေပြီ။ သို့သော် ကာလက်က ယောင်တောင်တောင် လုပ်နေ၏။ နောက်ဆုံး ဒိုလားရက်စအကြောင်း ပြောပြ လိုက်သည်။ တစ်ညနေတွင် အလန်ဂျူဟန်ကို ခေါ်သွားပြီး သူ့ကောင်မလေးနှင့် ဆုံပေးသည်။

အလန်ဂျူဟန်က ပြင်သစ်သူမိန်းမနှင့် ပတ်သက်ပြီး နယူးအော်လီယန်းကို ကျွမ်းသူဖြစ်သည်။ ဘွန်ဒီယို ဆိုသည့် နာမည်ကို သူ မကြားဖူးဘူး။ စပိန်တွေနှင့် ပြင်သစ်လူမျိုးတွေ သီးသီးသန့်သန့် နေခြင်းကြောင့် များလား။

သို့သော် ကောင်မလေးကို တွေ့ပြီးသည်နှင့် အလန်က သဘောတူသွားသည်။

" တစ်ခုတော့ရှိတယ် ကာလက်၊ မင်း ဒီလိုချည်း မှောင်ရိပ်မှာ ခိုးတွေ့နေရုံနဲ့ ကိစ္စမပြီးဘူး၊ ငါလည်း မင်းကို အကြာကြီး မစောင့်နိုင်ဘူး "

ကာလက် က စိတ်ဆုံးဖြတ်ထားပြီးသား။ ဒိုလားရက်စ်မပါဘဲ နယူးအော်လီယန်းက မပြန်တော့။ ဘဝတွင် ဘယ်တုန်း ကမှ သည်လောက် မပျော်ဖူးခဲ့။ သစ်ဖြူတောကို စပိန်သူ မိန်းမချောကလေးနှင့်အတူ ပြန်မည်။ သူလို မိန်းကလေးနှင့် စိုက်ပျိုးရေးလုပ်ငန်းမှာ အံဝင်ခွင်ကျဖြစ်မည်မှချ။ နှစ်နှစ်ကာကာလည်း ချစ်နေမိပြီ။

သည်အကြောင်း တစ်ညနေ ဖွင့်ပြောလိုက်သည်။ ချစ်သူ၏ ခါးကျဉ်းကျဉ်းကလေးကိုဖက်ပြီး ပြော လိုက်ခြင်း ဖြစ်၏။ ဒိုလားရက်စ်၏ ကိုယ်ကလေးတောင့်ခနဲ ဖြစ်သွားသည်။ ရှိုက်သံကလေး စွက်ပြီး -

" ရှင် တကယ်ပြောတာလားဟင်၊ ကျွန်မကို ခေါ်သွားမယ်၊ တကယ် "

" တကယ်ပါ အချစ်ရယ်၊ မင်း လိုက်ခဲ့မယ် မဟုတ်လားဟင် "

" ဩော် ... ကာလက်ရယ်၊ ရှင် ကျွန်မအကြောင်း ဘာမှလည်း မသိသေးဘဲနဲ့ "

" မင်းဟာ လှတယ်၊ ချောတယ်၊ ချစ်စရာကောင်းတယ်၊ ချိုသာတယ်၊ ကိုယ်လိုချင်တာ ဒါပဲ၊ မင်းဆီက လိုက်ပါမယ် လို့ ကတိမရမချင်း ကိုယ် မပြန်ဘူး "

သူက အမှောင်ထဲမှာ ပြုံးနေပြီး -

" နေပါဦး၊ မင်းကကော ကိုယ့်အကြောင်း သိလို့လား "

<<http://www.shwezinu.blogspot.com/

ကာလက်၏ ပါးပြင်ကို သူ့လက်နနကလေးဖြင့် ပွတ်ရင်း -

" အိုး သိတာပေါ့၊ သဘောကောင်းတယ်၊ ပြီးတော့ စိတ်ထဲက သိနေတယ်လေ၊ ကျွန်မကို ကာလက် မညာဘူး ဆိုတာ၊ တကယ် လက်ထပ်မှာလားဟင် "

" တကယ်ပေါ့ကွယ်၊ ဒါပေမဲ့ "

" ဒါပေမဲ့ ဘာလဲဟင် ကာလက် "

" မင်းဦးလေး က စပိန်အုပ်ချုပ်ရေးပိုင်းမှာ အရာရှိမဟုတ်လား၊ သူ သဘောမတူဘဲ ဖြစ်ပါ့မလား၊ ကိုယ် သူ နဲ့ သွားတွေ့မယ်လေ၊ လူဂီစီးယားနားမှာ မင်းတို့ ဘာသာဂင်ဘုန်းကြီး မရှိဘူး၊ ဒီမှာ လက်ထပ်သွားမှ ဖြစ်မှာ "

" မလုပ်နဲ့ ကာလက်၊ ဘယ်လိုမှ မဖြစ်ဘူး၊ သူက နှစ်ခြင်းဘာသာဂင် ဆိုရင် လုံးဂ လက်ခံမှာ မဟုတ်ဘူး၊ ချက်ချင်း သီလရှင် ဂတ်ပေးမလား၊ ဟိုအဘိုးကြီးလက်ထဲ ထည့်လိုက်မလားဘဲ၊ သူ တစ်ခုခုလုပ်မှာ သေချာ တယ်၊ သူ့ကို အသိမပေးဘဲနဲ့ မရဘူးလားဟင် "

" မင်း ကိုယ့်ကို ယုံရင် ရပါတယ်။ ဒီကနေ အင်္ဂလိပ်ပိုင်နက်ထဲ ရောက်သွားရင် လက်ထပ်လို့ ရတာပဲ "

" အို ... ကာလက်ရယ်၊ ဘာလို့ မယုံရမှာလဲ၊ ရှင် ဘယ်သွားသွား ကျွန်မ လိုက်ရဲတယ်၊ ကျွန်မလေ ရှင် ဒါလောက် ချစ်မှန်း ခုမှ သိတယ် "

သူ့ကိုယ်ကလေးကို တင်းတင်းဖက်ပြီး -

" မနက်ဖြန်မနက် ဘုရားရှိခိုးနေရင်း လစ်ထွက်ခဲ့၊ တို့ တစ်ခါတည်း ထွက်ပြေးမယ်၊ မန်းချက်မှာ လှေခဏ ဆိုက်ပြီး လက်ထပ်မယ်၊ ရေစီးသန်ရင် နောက်တစ်နေ့ဆို ရောက်သွားမှာပါ "

" အဂတ် တွေ ယူလာလို့ မရတော့ဘူးပေါ့နော်၊ နှစ်ထပ် ထပ်ဂတ်ခဲ့မယ်နော် "

" ရပါတယ်၊ ကိစ္စမရှိပါဘူး၊ မင်းနဲ့ ကိုယ့်ညီမအရွယ်နဲ့ အတူတူလောက်ပဲ၊ ဘာမှ မပူနဲ့၊ ဟိုရောက်လို့ တို့ မဂယ်ဖြစ် သေးခင် သူ့ဆီက ခဏငှားဂတ်တာပေါ့၊ ဆက်ဆက်လာနော် "

ကာလက်၏ လည်ပင်းကို သိုင်းဖက်ရင်း -

" စိတ်ချပါ ကာလက်ရယ်၊ ကျွန်မလေ တစ်ခါမှ ဒီလို မပျော်ဖူးဘူး၊ သစ်ဖြူတောဆိုတာ ယာတော အကြီးကြီးလားဟင် "

" တော အားလုံးရှင်းပြီးရင် ရောမ ယာတောကြီးပေါ့၊ မင်း သဘောကျမှာပါကွယ် "

<<http://www.shwezinu.blogspot.com/

" အင်း၊ အင်း၊ သဘောကျမှာပေ့ါ ကာလက်ရယ်၊ ရှင့်အတွက် ကျွန်မ ဇနီးကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစား ပါ့မယ်၊ အင်္ဂလိပ်စကားတွေလည်း ပိုသင်မယ်၊ ရှင်လိုချင်တာ အားလုံးပေးမယ်"

ကာလက် အားရပါးရ နမ်းလိုက်သည်။

" မင်း ပျော်စေရပါမယ် အချစ်ရယ် "

" ဒါဖြင့် သွားမယ်နော်၊ ကွန်ဆက်ကွိုင် စောင့်နေလောက်ပြီ "

" ကွန်ဆက်ကွိုင်ကိုပါ မင်း ခေါ်ခဲ့ချင်သလား ဟင် "

" ဟင့်အင်း ဟင့်အင်း၊ ဘယ်သူ့မှ မခေါ်ချင်ဘူး၊ သွားမယ်နော်၊ မနက်ဖြန်အထိနော် "

ပြောပြော ဆိုဆို အမှောင်ထဲ ပြေးဝင်ပျောက်ကွယ်သွားသည်။

ဤသို့ဖြင့် နောက်တစ်နေ့မနက် ပိန်းကောလှေကြီးပေါ်တွင် ဒိုလားရက်စ် ပါလာတော့၏။ ခြေအိတ်နှင့် အတွင်းခံ က အစ နစ်ထပ်ဝတ်လာသဖြင့် ဂနေသလို ထင်ရသည်။ ကုန်းပတ်ပေါ်တွင် နစ်ယောက်သား ထိုင်ရင်း မြစ်ကမ်းတစ်ဖက်တစ်ချက်မှ စိုက်ပျိုးခင်းများကို ငေးကြည့်လိုက်လာကြ သည်။ လှေသမား များသည် လှေကြီးကို ခွန်စိုက်အားစိုက် လှော်ခတ်နေကြ၏။

ခဏကြာတော့ ဒိုလားရက်စ် သီချင်းတစ်ပုဒ် ဆိုသည်။ ကာလက်နံဘေးတွင် ထိုင်ရင်း -

" စပိန်သီချင်း မဟုတ်ဘူးထင်တယ်၊ အဓိပ္ပာယ် ပြန်ပြပါဦးကွယ် "

" မဟုတ်ဘူး ဒါလင်ရဲ့၊ ပြင်သစ်ကပ္ပလီတွေဆိုတဲ့ သီချင်း၊ ထွက်ပြေးသွားတဲ့ ကျွန်တစ်ယောက် အကြောင်း စပ်ထားတာလေ၊ ကျွန်က သူ့သခင်ကို ပြောနေသလို ဆိုထားတာ၊ အဓိပ္ပာယ်ကတော့ သတ္တိရှိရင် လိုက်ခဲ့ကြ၊ ဖမ်းနိုင်ရင် ဖမ်းဆီးကြဆိုတဲ့ သဘောပါပဲ၊ ကျွန်မလည်း အဲဒီလိုပဲ ခံစားနေရတယ်လေ"

ဒိုလားရက်စ် တစ်ခေါက်ပြန်ဆိုသည်။

နယူးအော်လီယန်းသည် တဖြည်းဖြည်း ဝေးကျန်ခဲ့လေပြီ။ သူကလေးအိမ်ကိုများ အောက်မေ့နေမလားဟု ကာလက် စိုးရိမ်နေသည်။ သို့သော် သူကြည့်ရသည်မှာ လှောင်အိမ်မှ လွတ်လာသည့် ငှက်မလေးလို ပျော်မြူး နေသည်။

" သိပ်ပျော်တာပဲ ဒါလင်ရယ်" တဲ့။ အင်္ဂလိပ်ပိုင်ကမ်းခြေ ကောက်ကြောင်းများကို ရေးရေးမြင်ရ သည်။ နောက်တစ်နေ့ ဆိုလျှင် မန်းချက်ကို ရောက်တော့မည်။ သူကလေးနှင့် အကြင်လင်မယား ဖြစ်တော့မှာ ပါလား။

<<http://www.shwezinu.blogspot.com/

အခန်း (၇)

ဂက်သစ်ချမြိုင် စံအိမ်ကြီးရှေ့မှ ပန်းခြံထဲတွင် ဂျူးဒစ်သည် သားနှစ်ယောက်နှင့် ကစားနေသည်။ မြင်းတစ်စီး နှင့် အဖေ ရောက်လာပြီး ကာလက် နယူးအော်လီယန်းမှ မိန်းမခိုးလာကြောင်း ပြောပြ သည်။

" ကျူးဘားသူ လေး သမီးရဲ့၊ တစ်မျိုးပဲ၊ စကားပြောတာလည်း သိပ်ဂဲတာပဲ၊ ဘာအဂတ်အစားမှ လည်း မပါ လာဘူး၊ ကာလက်က သမီးအဂတ်တွေ ခဏငှားထားပေးပါတဲ့ "

ဂျူးဒစ် ဂမ်းသာသွားသည်။ စိတ်လည်း ပူသွားသည်။ အစ်ကိုလုပ်သူ၏ အသည်းနုနုကလေးကို စပိန်သူ ပူပူနွေးနွေး ကလေးက အနိုင်ယူသွားခြင်းများလား။ အဖေက ကောင်မလေးအကြောင်းကို တိုတိုတုတ်တုတ် ပြောပြသည်။ စပိန် အထက်တန်းလွှာမျိုးရိုးထဲကတဲ့။ တိတ်တိတ် လိုက်ပြေးလာတာ တဲ့လေ။

" ဘယ်လိုပုံစံမျိုးလေးလဲ ဖေဖေ "

မတ်ရှာရမီ တွေနေသည်။

" ပြောရခက်တယ် သမီး၊ တစ်မျိုးပဲ၊ ဖေဖေတို့ အသိုက်အဂန်းက မိန်းကလေးတွေနဲ့ လုံးဂမတူဘူး၊ ဒါပေမဲ့ ကာလက် က အရူးအမူး ဖြစ်နေတယ်လေ၊ ကောင်မလေးက လှတာကိုး၊ သွားကလေးတစ် ချောင်း ကျိုး နေတာပဲ ပြောစရာ ရှိတယ်။ ဒါပေမဲ့ သူရယ်မှ သိနိုင်တာပါ၊ ရယ်လည်း ရယ်ခဲတယ်၊ ရယ်ရင်လည်း သွားကျိုး ကလေး မပေါ်အောင် နှုတ်ခမ်းကို စေ့စေ့ထားတတ်တယ် "

ဂျူးဒစ် သံသယဖြစ်သွားသည်။ စပိန်လူမျိုးတွေအကြောင်း သိပ်မသိလှပါ။ စိတ်လိုက်မာန်ပါ လုပ် တတ်သူများ ဖြစ်ကြောင်း၊ ချေးကျရာပျော်သည့် ပျံကျဆန်ဆန် လူတွေဖြစ်ကြောင်းတော့ ကြားဖူး သည်။ အဖေ နှင့် ကာလက်ကို သည်လို မိန်းကလေးတစ်ယောက်က စောင့်ရှောက်နိုင်ပါမည်လား။ ရှာရမီမျိုးဆက် သည် မဲ့တစ်ပေါက် မစွန်းခဲ့သည့် မဟုတ်မခံ မျိုးဆက်ဖြစ်သည်။ အဖေ့ကို ဂျူးဒစ် ဘာမှတော့ မပြော လိုက်။ အဖေကိုယ်တိုင်လည်း ယုံယုံကြည်ကြည် ရှိပုံမပေါ်။

" ဘာပဲဖြစ်ဖြစ်ပေ့ါ သမီးရယ်၊ ကာလက် အိမ်ထောင်ရက်သား ကျသွားတာကို ဖေဖေ ဂမ်းသာပါ တယ်၊ ကဲ ... ဖေဖေ ပြန်မယ်၊ သမီးလာခဲ့နော် " ဟု ပြောပြီး သစ်ဖြူတောဆီသို့ ပြန်စီးသွားသည်။

<<<http://www.shwezinu.blogspot.com/

လိုအပ် မည့် အဝတ်အစားတွေ ထုပ်ပိုးပြီး ဂျူးဒစ်နှင့် အိန်ဂျဲလစ် သစ်ဖြူတောသို့ ရောက်သွားသည်။ အိမ်ကြီး ထဲမှ ဒိုလားရက်စ် ထွက်ကြိုသည်။ ပန်းရောင်ပွင့်ရိုက် အင်္ကျီမှာ တွန့်ကြေနေ၏။ ဆံပင်ကိုတော့ လုလုပပ ပြင်ထားသည်။ နားရွက်ပေါ်တွင် နင်းဆီနှစ်ပွင့် ပန်လျက်။

" ဂျူးဒစ် ဟုတ်ပါတယ်နော်၊ ကျွန်မ ဒိုလားရက်စ်ပါ၊ သိပ်ဂမ်းသာတာပဲ ဂျူးဒစ်ရယ် "

သူ့လေသံ တွင် အားငယ်သံပါနေသည်ဟု ဂျူးဒစ် ထင်လိုက်သည်။ အသိုက်အဝန်းက သူ့ကို လက်မခံမှာကို စိုးရိမ်နေပုံရ၏။ ဂျူးဒစ်က သူ့ပါးပြင်ကို နမ်းပြီး နှုတ်ဆက်လိုက်သည်။ ဂျူးဒစ် ဝတ် လာသည့် ဝတ်စုံ ကို သူ ငေးကြည့်နေ၏။ ပြီးတော့ သူ့ကိုယ်သူ ငုံ့ကြည့်ပြီး - " ကျွန်မကို ခွင့်လွှတ်ပါနော် ဂျူးဒစ်၊ ကျွန်မမှာ ဒါပဲ ရှိလို့ပါ " ခပ်တိုးတိုး တောင်းပန်စကား ဆိုသည်။

" သိပါတယ်ကွယ်၊ ဖေဖေ ပြောထားပြီးပါပြီ၊ ဘာကြောင့် ဒိုလားရက်စ် အဝတ်တွေ ပါမလာရတာလဲ ဆိုတာ သိပြီးပါပြီ၊ ကိုယ် ယူလာခဲ့တယ်လေ "

ဒိုလားရက်စ် က ယောက်မလုပ်သူ၏ လက်ကို ဆွဲညှစ်ပြီး -

" ကျေးဇူးတင်ပါတယ် ဂျူးဒစ်ရယ်၊ ဒီလို အဝတ်အစားတွေကို ရက်ရက် ရောရော ပေးငှားတယ် နော်"

" ရပါတယ်ကွယ်၊ မင်းအခန်း ဘယ်မှာလဲ ဒိုလားရက်စ် "

" လာလေ၊ ဒီဘက်မှာ "

" အိန်ဂျဲလစ်ရေ လိုက်ပို့လိုက်ပါကွယ်၊ မစ္စဒိုလားရက်စ် ဘာလိုသေးလဲလဲ ကြည့်ပါဦး၊ နောက်တစ်ခေါက် ပို့ပေးတာပေါ့ "

ဒိုလားရက်စ်နှင့် အိန်ဂျဲလစ် အခန်းထဲ ဝင်သွားကြသည်။ ကာလက် ရောက်လာတော့ ဂျူးဒစ်က ပြုံးပြီး -

" ယောက်မကလေး က ချစ်စရာကလေးနော် ကာလက် "

" ဘယ်လောက် ကျက်သရေရှိသလဲ "

ဇနီးလုပ်သူကို နောက်ပိုင်းမှ လှမ်းကြည့်ပြီး ကာလက် အမြတ်တနိုး ပြောလိုက်သည်။ ဂျူးဒစ်၏ သံသယ စိတ် တဖြည်းဖြည်း ပါးလျားလာသည်။ သူ ဒါလောက်ချစ်နေမှတော့ နိုင်ငံခြားသားများ အပေါ် မယုံကြည် တတ်သည့် အဖေလည်း ဘာမှ တတ်နိုင်တော့မည် မဟုတ်။

" စိတ်မပူပါနဲ့ ကာလက်၊ ဒီအသိုက်အဝန်းထဲမှာ သူ နေသားကျသွားအောင် ဂျူးဒစ် လုပ်ပေးပါ့မယ်"

" လုပ်ပေးပါကွာ၊ သူ့ခမျာ ဒီကလူတွေနဲ့ ဆက်ဆံရမှာ သိပ်ကြောက်နေတာ "

<<http://www.shwezinu.blogspot.com/

" သနားပါတယ်" ဟု ပြောပြီး ဂျူးဒစ် သူတို့အိပ်ခန်းထဲ လိုက်ဝင်သွားသည်။ အိန်ဂျဲလစ်က အဝတ်တွေကို ဖြန့်ပြ နေသည်။ ပြင်သစ် စကားတွေ အားရပါးရ ပြောလို့။ ဂျူးဒစ် ဝင်လာတာမြင်မှ ရပ်သွားပြီး သခင်မ အပြော ကို တလေးတစား နားထောင်နေ၏။

ဂျူးဒစ်က ယောက်မလုပ်သူ၏ ခါးကလေးကို သိုင်းဖက်လိုက်သည်။ ဟင် ပိန်ပိန်ကလေးရယ်ပါလား။

" ဒိုလားရက်စ်၊ ဘာမှ အားမငယ်နဲ့သိလား၊ လိုတဲ့အကူအညီ ကိုယ့်ကိုပြော၊ အမေရိကန် အိမ်ထောင် ထိန်းသိမ်းမှု စနစ်တို့ ဘာတို့ပေါ့၊ နော် "

" ဟင် သင်ပေးမယ် ဟုတ်လား၊ ဝမ်းသာလိုက်တာ ဂျူးဒစ်ရယ်။ ကျွန်မ ဘာမှ သိပ်နားမလည်ဘူး "

" ကိစ္စ မရှိဘူး၊ အားလုံး သင်ပေးမှာပေါ့ "

" ကျေးဇူးတင်ပါတယ်ရှင်၊ ဂျူးဒစ်တို့ အဖေကတော့လေ .... "

မျက်ဝန်းနက်များဖြင့် တံခါးဝသို့ တစ်ချက်ကြည့်ပြီး ...

" ကျွန်မကို သဘောမကျဘူး ဂျူးဒစ်၊ ဒါပေမဲ့ သူသဘောကျအောင် ကျွန်မ လုပ်မှာပါ "

သူ့မျက်လုံးတွေ မျှော်လင့်ချက်ဖြင့် တဖျတ်ဖျတ် တောက်ပနေ၏။ ကာလက် သည်ကလေးမကို ဘာ ကြောင့် အရူးအမူး ဖြစ်နေရသည်ကို ဂျူးဒစ် သဘောပေါက်လိုက်သည်။ တိတ်ဆိတ်နေသည့် သစ်ဖြူ တော အိမ်ကြီး ခုမှ အသက်ဝင်လာတော့သည်။ ဂျူးဒစ်က နောက်တစ်ခါ ပွေ့ဖက်နမ်းလိုက် ပြီး ...

"မင်း ဟာ သိပ်ချစ်စရာကောင်းပါတယ် ဒိုလားရက်စ်ရယ် "

နယ်မြေသစ်တွင် အားငယ်နေသည့် မိန်းကလေးတစ်ဦး၏ အံ့သြခြင်းမျိုးဖြင့် ဂျူးဒစ်ကို ပြန်ဖက်သည်။

" ကျွန်မကို တကယ်ကူညီပါနော် "

" တကယ်ပေါ့ကွယ် "

" ဂျူးဒစ်က သိပ်သဘောကောင်းတာပဲနော် "

ခပ်တိုးတိုးကလေး ပြောပြီး ဂျူးဒစ်အား ခုတင်ပေါ်တွင် ပြန်ထိုင်စေလိုက်သည်။ အိပ်ရာပေါ်မှ ခင်းဖုံလွှာမှာ ကနက်တီကပ်မှာတုန်းက မေမေနှင့် ဂျူးဒစ် အစပိုများနှင့် ချုပ်ထားပေးသည့် ဂွမ်းကပ် ဖြစ်သည်။

" ဂျူးဒစ်ရယ်၊ ကျွန်မလေ ကာလက်ကို အကောင်းဆုံး ပြုစုချင်ပါတယ်။ ကျွန်မကို လက်ထပ်တဲ့ အတွက် သူ နောင်တ မရစေရအောင် ကြိုးစားပါ့မယ်၊ တစ်ခု မေးပါရစေနော် "

<<<http://www.shwezinu.blogspot.com/

" ဘာများလဲကွယ် "

" သူတို့သားအဖေ ဘယ်လိုပဟင်းမျိုးတွေ ကြိုက်တတ်လဲဟင် "

ဂျူးဒစ်က ရယ်ပြီး -

" ဂက်သစ်ချမြိုင်ကို လာခဲ့လေ၊ ကိုယ့်ယောက်ျားက နယူးအင်္ဂလန်ဟင်းတွေကို မကြိုက်ဘူး၊ ဒါပေမဲ့ ကိုယ် အားလုံး မှတ်မိပါတယ် "

" ဒါဆို မနက်ဖြန် လာခဲ့မယ်နော် "

" ကောင်းပြီလေ၊ ကိုယ် ကြိုပြီး မှတ်စုတွေ ရေးထားလိုက်မယ် "

ဒိုလားရက်စ်က ခေါင်းယမ်းပြီး -

" ဟင် ကျွန်မ အင်္ဂလိပ်စာ မဖတ်တတ်ဘူး ဂျူးဒစ် "

" စာမဖတ်တတ်ဘူး ဟုတ်လား "

" စပိန်နဲ့ ပြင်သစ်စာပဲ တတ်တယ်၊ အင်္ဂလိပ်စကားက ကြားဖူးနားဝနဲ့ ပြောနေတာ "

" ဒါဆိုလည်း ဒီလိုပဲ စကားပြောရင်း သင်တာပေါ့၊ ရပါတယ်၊ တို့အဖေအတွက် သိပ်စိတ်မပူပါနဲ့ကွယ်၊ သူက စကားနည်းတယ်၊ အမေဆုံးပြီးတော့ ပိုနည်းသွားတယ်လေ၊ သဘောကောင်းပါတယ် "

" သိပ်သဘောကောင်းပါတယ်၊ ကလေးရရင် ကျွန်မကို ချစ်လာမှာပါ၊ ဂျူးဒစ်က နှစ်ယောက်နော် "

" ဟုတ်တယ်၊ ယောက်ျားလေးတွေချည်း၊ အကြီးကောင် ဒေးဗစ်က နှစ်နှစ်၊ အငယ်ကောင် ခရစ္စတိုဖာက ဖွန်လမှာ အခါလည်ပြည့်မယ်၊ မနက်ဖြန် တွေ့ရမှာပါ၊ အကြီးကောင်က ဆိုးချင် တယ်၊ အငယ်ကောင်က သဘောကောင်းတယ်၊ ခု ရှေ့သွားတွေ ကျိုးနေတယ်လေ "

ဒိုလားရက်စ်က သွားကျိုးနေရာကို လက်နှင့် ကိုင်ကြည့်နေသည်။

" သိပ် မမြင်သာပါဘူး ဒိုလားရက်စ် "

" ဟာဗာနာမှာတုန်းက ဖြစ်တာလေ၊ လူနှစ်ယောက် ဓားချင်းယှဉ်ခုတ်ကြတာကို သွားကြည့်ရင်း နံရံပေါ်က လိမ့်ကျပြီး ကျိုးသွားတာ "

" ဩော် ဖြစ်မှဖြစ်ရလေကွယ်၊ ဒီအတွက် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ကွယ်၊ မသိသာပါဘူး၊ ဒီရုပ်ရည်မျိုး နဲ့ ဒီထက်မက ချို့ယွင်းချက်တွေကို ဖုံးကွယ်ထားနိုင်ပါတယ် "



<<http://www.shwezinu.blogspot.com/

" ဂျူးဒစ် တကယ် ပြောတာလားဟင် "

ယောက်မလုပ်သူကို ဂျူးဒစ် သဘောကျနေသည်။ ဘယ်လောက် သနားစရာကောင်းသည့် ကလေးမလဲ။

ရက်သတ္တပတ် အနည်းငယ်အတွင်း ဒိုလားရက်စ်ကို အသိုက်အဝန်းက နားလည်လာကြသည်။ ယောက္ခမလုပ်သူ မတ်ရှာရမီပင်လျှင် ချွေးမအပေါ် ပျော့ပျောင်းလာသည်။ သူနားလည်ထားသည့် နိုင်ငံခြားသူများနှင့် ချွေးမလုပ်သူ ကလေးမှာ တခြားစီဖြစ်နေကြောင်း မတ်ရှာရမီ ဝန်မခံ၍ မရနိုင်အောင် ဖြစ် နေသည်။ တတိုင်းမွေးပွဲင့် ပန်ပြီး ရင်သားအလှကို ဖော်ကျူးသည့် ဘလောက်စ် မိုးဂတ်ကာ ထမင်းဝိုင်း သို့ လာရဲသည့် ဒိုလားရက်စ်လို မိန်းကလေးမျိုးကို ရှာရမီမျိုးဆက်မှ လုလင်ပျိုများ တစ်ခါမှ လက်မထပ်ခဲ့ဖူးပါ။

သို့သော် သူ ချက်ပြုတ်ကျွေးမွေးသည့် လက်ရာများက လျှာရင်းမြတ်လှသည်။ သည့်အတွက် ဖအေကြီး တဖြည်းဖြည်း ညွတ်ကျနေခြင်းဖြစ်သည်။ ကာလက်နှင့် ဂျူးဒစ်တို့နှစ်ယောက် ဒိုလားရက်စ်ကို အမှတ်တွေ ပေးလို့ မဆုံး ဖြစ်နေကြ၏။ ဒိုလားရက်စ်က နှုတ်ခမ်းလေး စေ့စေ့ ထားပြီး ပြောလေ့ရှိသည်။

" ကျွန်မတို့ဆီမှာ ဆိုရိုးစကားတစ်ခုရှိတယ်၊ ဘယ်ယောက်ျားမဆို သူ့ကို ခံတွင်းတွေ့အောင် ချက်ကျွေးနိုင်တဲ့ မိန်းမကို အကြိုက်ဆုံးပဲ "

ပထမနေ့ကို ဖြတ်သန်းစဉ်မှာပင် ဒိုလားရက်စ်၏ အင်္ဂလိပ်စကားပြောမှာ သဒ္ဒါမှန်လာသည်။ သို့သော် ဂဲ နေဆဲ။ ပါးစပ်ကလေး ခပ်စေ့စေ့ထားပြီး ပြောပုံကလေးက တစ်မျိုး ချစ်စရာကောင်းနေ သည်။

ဒိုလားရက်စ် သည် တဖြည်းဖြည်းနှင့် ပြောရဲဆိုရဲ ရှိလာသည်။ ရွှင်လည်း ရွှင်လာသည်။

ဟာဗာနာနေ အိမ်တွင် သူ့အဖေနှင့်အတူ ညစာ လာစားလေ့ရှိသည့် နိုင်ငံရေးခေါင်းဆောင်များ အကြောင်း၊ သူ့ကို မြင်းစီးသင်ပေးသည့် မင်းပျိုမင်းလွင်များ အကြောင်းကို နားထောင်ချင့်စဖွယ် ပြောပြတတ်သည်။ မြင်းစီးလည်း အဟုတ်ကျွမ်းသူဖြစ်၏။ သစ်ဖြူတောတွင် သူ မစီးနိုင်သည့် မြင်းဟူ၍ တစ်ကောင်မဆ မရှိ။

" ဒါလောက် စီးတတ်လျက်သားနဲ့ ဘာလို့ မြင်းပေါ်က လိမ့်ကျရတာပါလိမ့်၊ သွားကလေးကျိုးသွား တာ မြင်းပေါ်က လိမ့်ကျလို့တဲ့လေ "

တစ်နေ့တွင် ကာလက်က ညီမလုပ်သူကို ရယ်ရယ်မောမော ပြောသည်။

" ဟင် ဂျူးဒစ်ကို ပြောတော့ တစ်မျိုးပါလား၊ ပန်းခြံထဲမှာ လူနှစ်ယောက် ချိန်းသတ်တာကို သွား ကြည့်ရင်း လိမ့်ကျပြီး ကျိုးတာတဲ့၊ ပန်းခြံထဲကိုများ မြင်းစီးဝင်သွားသလား မသိဘူး "

" ဟာဗာနာက ပန်းခြံကြီးတွေက နယူးအော်လီယန်းက ပန်းခြံထက် ကျယ်လို့ ဖြစ်မှာပေါ့ "


<<http://www.shwezinu.blogspot.com/

တစ်နေ့ စိုက်ခင်းတွေကို မြင်းကိုယ်စီစီးပြီး ဖီးလစ်နှင့် လျှောက်ကြည့်ရင်း သည်အကြောင်း စကားစဖြစ်သည်။ သစ်ဖြူတောသို့ ဒိုလားရက်စ် ရောက်သည်မှာ လေးလပင် ရှိခဲ့ပြီ။ အားလုံးနှင့် တရင်းတနှီးပင်ဖြစ်နေပြီ။ ဂျူးဒစ်က ဟာဗာနာမှာ ပန်းခြံထဲ မြင်းစီးဝင်လို့ရလားဟု မေးရင်း ဒိုလားရက်စ် သွားကျိုးပုံ နှစ်မျိုးဖြစ်နေခြင်းကို ပြောပြတော့ ဖီးလစ်က -

" အလကား၊ ဒီကောင်မလေး ဖြီးနေတာ၊ သူ့သွား ဘယ်လိုပဲ ကျိုးကျိုးကွာ၊ ဘာစိတ်ဝင်စားစရာ ရှိလို့လဲ "

" နောက် ရှိသေးတယ် အစ်ကို၊ ဂျူးဒစ်တို့ အသိုက်အဝန်းထဲ ရောက်လာစမို့ အထာမကျသေးတာလားတော့ မသိဘူး၊ ဘာမှ တတ်ပုံသိပုံ မပေါ်ဘူး သိလား "

ဖီးလစ် က တစ်ချက်လှမ်းကြည့်ပြီး -

" သူ့ဘာသာသူ ဖြစ်နေသား မဟုတ်လား၊ ကိုယ့်ကိစ္စကိုယ် စိတ်ဝင်စားစမ်းပါကွာ "

" ပန်းကန်ခွက်ယောက် အကြောင်းတောင် စုံအောင် မသိဘူးအစ်ကို "

ဖီးလစ်က စကားဖြတ်ပြီး မဲနယ်ခင်းတွေအကြောင်း ပြောရင်း ရှေ့မှ ခပ်သုတ်သုတ် စီးသွားသည်။ ကြီးကြပ်ရေးမှူး လုပ်သူကို လူမည်းကျွန်တွေ အုပ်ချုပ်ပုံကိစ္စ ရှင်းပြရဦးမည်။ ကွန်ဂိုကပ္ပလီတွေကို အာဖရိကတောင်ပိုင်းသားကပ္ပလီတွေနှင့် ရောထားပေးရမည်။ တောင်ပိုင်းသားတွေချည်း စုထားလျှင်ပြဿနာအမျိုးမျိုးပေါ်တတ်သည်။ ကွန်ဂိုတွေက အသိဉာဏ် အဆင့်မြင့်သည်။

" ဒေးဗစ် ကြီးလာရင် ဘာအခက်အခဲမှ ရှိတော့မှာ မဟုတ်ဘူး "

ဂျူးဒစ်မီလာတော့ သားကလေး၏ ရှေ့ရေးကို တွေးပြီး ဖီးလစ်က တွေးတွေးဆဆ ပြောသည်။

" အဲဒီအချိန်လောက်ဆိုရင် အမေရိကန်ပေါက် ကပ္ပလီတွေနဲ့ ဆက်အလုပ်လုပ်ရမှာလေ၊ အာဖရိကကောင်တွေက မလွယ်ဘူး၊ ကျွန်ဈေးမှာ လူ့ခန္ဓာကိုယ်ကို ကြည့်ဝယ်ရတာ၊ ဘယ်သူက သူ့တိုင်းပြည်မှာ ဘုရင်၊ ဒါမှ မဟုတ် မင်းညီမင်းသားဆိုတာ ဘယ်လိုမှ ခွဲသိနိုင်တာ မဟုတ်ဘူး"

ဒိုလားရက်စ်အကြောင်းကို ဆက်ပြောချင်ပုံ မရသည်နှင့် ဂျူးဒစ်လည်း ငြိမ်နေလိုက်ရတော့၏။

အိန်ဂျဲလစ် ကလည်း ထုတ်မပြောပေမယ့် စပိန်သူ ကာလက်ကတော်ကို သိပ်အထင်ကြီးပုံမရ။ တစ်နေ့တွင် သစ်ဖြူတော ညစာစားပွဲသို့ သွားရန် အဝတ် ဝတ်ပေးနေသည့် အိန်ဂျဲလစ်အား ဂျူးဒစ်ဖွင့်မေးလိုက်သည်။

" မစ္စဒိုလားရက်စ်ကို နင် ဘယ်လိုထင်လဲဟင် အိန်ဂျဲလစ် "



<<<http://www.shwezinu.blogspot.com/

" ကျွန်မ အပေါ် ကောင်းရှာပါတယ် မမလေး "

ဒူးထောက်ပြီး သူ့သခင်မကို ခြေအိတ်စွပ်ပေးရင်း အိန်ဂျဲလစ် ဖြေသည်။

" နင့်ဥစ္စာက ငါ့အမေးကို ဖြေတာ မဟုတ်သေးဘူး အိန်ဂျဲလစ် "

အိန်ဂျဲလစ်က ခြေအိတ်ကို စန့်စန့်ရန့်ရန့် ဖြစ်စေရန် ပွတ်သပ်ပေးရင်း -

" စကားပြောတော့ နည်းနည်းကြီးကျယ်သလိုပဲ၊ ဖိနပ်ကွင်းကလေးတွေကို ကျွန်မ တိုက်ပေးလိုက်ဦးမယ်နော် မမလေး"

" ပေပေစေတော့၊ အချိန်မရှိတော့ဘူး၊ ဆံပင်လည်း လုပ်ရဦးမှာ မဟုတ်လား၊ ခပ်မြင့်မြင့် ဖွပြီးလုပ် နော်၊ ဟိုငှက်ရုပ် ကလေးတွေ ပန်မယ်နော်၊ နေပါဦး စကားပြော ကြီးကျယ်တယ်ဆိုတာ ဘာကိုပြော တာလဲ "

ကြမ်းပြင်ပေါ်တွင် ထိုင်နေရင်းမှ ထ ရင်း -

" လူဖြူသခင် သခင်မတွေအကြောင်း ကျွန်မ ပြောလေ့မရှိပါဘူး မမလေး "

" လူဖြူတချို့ထက်တောင် နင်က ပိုသိတာတွေ ရှိပါတယ်ဟယ်၊ ဆီမွှေးများများ ထည့်ပြီး ဆံပင်ကို ဖွနော်၊ စကားပြော ကြီးကျယ်တယ်ဆိုတာ ဇာတ်လမ်းရှည်ကြီးတွေကို ပုံပြင်ဆန်ဆန် ပြောတာကို နင် ဆိုလိုတာလား "

အိန်ဂျဲလစ် ရယ်သည်။

" ဒါကတော့ အစ်ကိုလေး ကာလက်က အဲဒါမျိုးတွေကို သဘောကျနေလို့ ဖြစ်မှာပေါ့ မမလေးရဲ့၊ သူ့မိန်းမ ကို သူသိပ်ချစ်တာ၊ အထင်လည်းကြီးတယ် "

" ဟုတ်တယ်၊ နင်ပြောတာ သိပ်ဟုတ်တယ် "

ဂျူးဒစ်က သူ့ဆံပင်တွေကို ဖွချည်ဖြေချည် လုပ်နေသော အိန်ဂျဲလစ်အား မှန်ထဲမှ အကဲခတ်နေ သည်။ ဒိုလားရက်စ်က သူ့ဆံပင်ကို စပိန်ဆန်ဆန်ပဲ ထုံးဖွဲ့သည်။

" ငှက်ရုပ်လေးတွေ ပန်မယ်နော် မမလေး၊ စစ်သဘော်တွေ မပန်တော့ဘူးလား "

" ဟင့်အင်း၊ အမေရိကန်တော်လှန်ရေး စကတည်းက မိန်းမတိုင်း စစ်သဘော်တွေချည်း ပန်နေကြ တယ်။ ငှက်ကလေးနစ်ကောင်ရယ်၊ အသိုက်ရယ်၊ ဥကလေးတွေရယ်၊ အဲဒီအတွဲကို နင် သိတယ် နော်"

" ဟုတ်ကဲ့ပါ မမလေး "

<<<http://www.shwezinu.blogspot.com/

အားလုံးပြီးတော့ ဂျူးဒစ် လက်ကိုင်မှန်ကလေးကို ကောက်ယူပြီး ဆံပင်ကို ပတ်ပတ်လည်ကြည့် သည်။

" အေး ကောင်းတယ်၊ ၁၁ လက်မလောက်ရှိမယ်၊ အဲဒီလောက်မြင့်မှ၊ ငါကြားဖူးတာတစ်ခုရှိတယ်၊ ပါရီမှာ ဆံပင်အမြင့်တွေ ဘယ်လောက်ခေတ်စားသလဲဆိုရင် အမျိုးသမီးတွေ ရထားလုံးထဲဝင်ရင် ဒူးထောက်ဝင်ရသတဲ့ " ဘီးတွေကို သိမ်းဆည်းရင်း အိန်ဂျဲလစ် ရယ်သည်။

" ကိုလိုနီတွေမှာတော့ ၁၁ လက်မဆို တော်လောက်ပါပြီ မမလေးရယ် "

ဂျူးဒစ် ရင်ထဲတွင် ဒိုလားရက်စ်နှင့် ပတ်သက်၍ ယခုထိ မရှင်းသေး။ သစ်ဖြူတောရောက်တော့ ဒိုလား ရစ်စ် ပြေးထွက်လာပြီး ကြိုဆိုပုံက နောက်ခံအိမ်ကြီးနှင့်မလိုက်ဘဲ ကျန်နေခဲ့သည်ဟု ဂျူးဒစ် ထင်လိုက်၏။ ပုံပျက် ပန်းပျက် တအားပြေးချလာခြင်းဖြစ်သည်။

စွဲမက်စရာ ကောင်းသည်ကတော့ အမှန်၊ အဖေ၊ အမေ စည်းကမ်းအောက်တွင် စနစ်တကျ ကြီးပြင်း လာရသည့် လူရိုးလူအေး ကာလက် လို လူတစ်ယောက်ကို ကောင်းကောင်း ထိန်းထားနိုင် သည့် အလှမျိုး၊ ဂျူးဒစ် စိတ်ဖြေလိုက်သည်။ သူ့စကား ရှေ့နောက်မညီတာကလေးတွေက သိပ်ထိ ခိုက်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူးလေ။ သူ့ယောက်ျားရဲ့ အသိုက်အဝန်းကို သိက္ခာတင်ချင်တဲ့ သဘောနဲ့ ပြောတာမျိုး ထင်ပါရဲ့။ အပြစ် မယူထိုက်ပါဘူး။

ညစာပိုင်းတွင် ဂျာဗာစီကို ဂျူးဒစ် အကဲခတ်နေသည်။ အမူအရာမှာ အေးစက်စက်နှင့်။ စကားပိုင်းကို စိတ်မပါ သလို လုပ်နေ၏။ ဒိုလားရက်စ်ကို ငါထင်သလိုများ သူထင်နေသလားဟု ဂျူးဒစ် တွေးနေသည်။

အပြန်တွင် ပေါ်လ်တာနှင့် ဖီးလစ်တို့နှစ်ယောက် စကားမပြတ်ကြသဖြင့် ရထားတစ်စီး တည်း ပေါင်းစီးကြသည်။ ဂျူးဒစ်ပါ ဂျာဗာစီနှင့် ယှဉ်ပြီး ထိုင်လိုက်ခဲ့၏။ လမ်းဆုံရောက်မှ နောက်က လိုက်လာသည့် ဂက်သစ်ချမြိုင်ရထားကို ပြောင်းစီးကြမည်ဖြစ်သည်။ ရထားထွက်လျှင်ထွက်ချင်း ဂျူးဟစ်က နိဒါန်းမပျိုးဘဲ မေးလိုက်သည်။

" ဂျူးဒစ်ယောက်မကို ဂျာဗာစီ ဘယ်လိုသဘောရသလဲ "

ဂျာဗာစီက ခြုံထည်အောက်က ပခုံးကလေး တစ်ဖက်သို့ နိမ့်လိုက်ပြီး -

" ချစ်စရာကလေးပါ၊ စကားမပြောရင် ပိုချစ်စရာကောင်းမယ် "

" ဂျူးဒစ် ဆိုလိုတာက အဲဒါ မဟုတ်ဘူး ဂျာဗာစီ "

" ဂျူးဒစ် ဘာဆိုလိုတယ်ဆိုတာ သိပါတယ် "

ဂျာဗာစီ သရော်ပြုံးကလေး ပြုံးသည်။

<<http://www.shwezinu.blogspot.com/

" ကိုယ့်ကို သူ အင်္ဂလိပ်လိုပဲ ပြောစေချင်တယ်ကွာ၊ သူ့ပြင်သစ်စကားက သိပ်အောက်တန်းကျတာပဲ "

ဒါကိုတော့ ဂျူးဒစ် လက်ခံသည်။ ဒိုလားရက်စ်ပြောသည့် ပြင်သစ် စကားမှာ နားလည်ရခက်သည်။ ကိုယ်ကိုယ်တိုင် က သိပ်မတတ်လို့ဟု ပထမထင်ခဲ့၏။ ဂျာဇာစီက ဆက်ပြောသည်။

" သူပြောတဲ့ ပြင်သစ်စကားက လူမည်းအိမ်စေတွေပြောတဲ့ စကားဂျူးဒစ်ရဲ့၊ ဘယ်လို သူတတ်လာသလဲ မသိဘူး၊ တချို့စကားလုံးတွေက သိပ်ဆိုးတာ "

" သူပြောတဲ့ အင်္ဂလိပ်စကားထဲမှာလည်း မဖွယ်မရာတွေ ပါပါလာတယ် ဂျာဇာစီရဲ့၊ ကာလက်က လိုက်ထိန်းနေလို့၊ ဒါပေမဲ့ သူက ရိုင်းတဲ့စကားလုံးကို ရိုင်းတယ် မထင်ဘူး "

ဂျာဇာစီက ပခုံးကလေးတွန့်ပြီး ဂျူးဒစ်ကို လှမ်းကိုင်ရင်း -

" အေးလေ၊ သူက တို့ ဒီကလူတွေကို ကလေကချေတွေ ထင်ပြီး သူ့ကိုယ်သူ အထက်တန်းကျတယ် ထင်ချင် ထင်နေမှာကိုး၊ ဘာပဲဖြစ်ဖြစ် ချစ်စရာတော့ ကောင်းပါတယ်ကွယ်၊ သူ့ကို ကိုယ်က မညာမတာပြောမိတာ ဝေါ်လ်တာ မင်းကို ပြန်မပြောပြဘူးလား၊ သူက ဒီကောင်မလေးကို သိပ်ထင်နေတာကွာ "

ဂျူးဒစ် သတိထားမိပါသည်။ ဒိုလားရက်စ်ကို အမျိုးသမီးတွေထက် အမျိုးသားတွေက သဘောကျကြ၏။ ဖီးလစ်ကိုလည်း သေသေချာချာ မေးရဦးမည်။

ကလေးတွေ သိပ်အပြီးတွင် ဒိုလားရက်စ်ပြောသည့် ပြင်သစ်စကားများအကြောင်း ဖီးလစ် ကို မေးကြည့်သည်။ ထမင်းစားခန်းထဲတွင် ဘီစကစ်နှင့်ပိုင်သောက်နေကြစဉ် ဖြစ်၏။

ဖီးလစ် မဲ့ပြုံးပြုံးရင်း နားထောင်နေသည်။ တော်တော်နှင့် ဖြေဖန်ချက် မပေး။ အတန်ကြာမှ -

" ဂျူးဒစ်ရယ်၊ မင်း ဘာလို့ ဒိုလားရက်စ်ကို ဒါလောက် စိတ်ဝင်စားနေရတာလဲဟင် "

" သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ကြောင့် မဖြစ်သင့် မဖြစ်ထိုက် တာတွေ ဖြစ်ကုန်မှာ စိုးလို့ပါ "

" ဘယ်လို မဖြစ်သင့် မဖြစ်ထိုက်တာမျိုးလဲ "

" အဖေနဲ့ ကာလက်က ဘာသာရေးသမားတွေ၊ လျှော့ကြီးထိုး ရိုးရိုးသမားတွေ၊ သူတို့တစ်တွေ တစ်စုံတစ်ခုကြောင့် ပေါက်ကွဲရင် ဒုက္ခရောက်ကုန်မှာစိုးလို့ပါ "

ဖီးလစ်က ဖယောင်းတိုင်ခံ ငွေပန်းဆိုင်းကြီးကို တစ်ဖက်သို့ တွန်းရွှေ့လိုက်ပြီး ဂျူးဒစ်ကို တည့်တည့် ကြည့်လိုက်သည်။

<<<http://www.shwezinu.blogspot.com/

" ဒီမယ် ဂျူးဒစ်၊ ပြောရမှာတော့ မကောင်းဘူး၊ အဲဒီကောင်မလေး စပိန်အထက်တန်းလွှာက လာတာ မှန်ရင် အစ်ကို ဇက်အဖြတ်ခံမယ် "

" အစ်ကို၊ အစ်ကို တကယ်ပြောတာလားဟင် "

" အစ်ကိုတော့ မြင်မြင်ချင်း သိလိုက်တယ် ထင်တာပဲ "

ဂျူးဒစ် လက်ထဲမှ ဘီစကစ်တစ်ချပ် ပန်းကန်ပြားထဲ လွတ်ကျသွားသည်။ သူထင်လျှင် မှားခဲလှ သည်။

" ဒါဖြင့် သူ ဘယ်သူလဲ "

" အို ဒါတော့ အစ်ကို ဘယ်သိပ့်ါမလဲ "

ခဏနေ မှ ဖီးလစ် ပြန်မေးသည်။

" သူ နာဘူးကိုင်ပုံ ရှုပုံ မင်း သတိမထားမိဘူးလား "

အောက်နှုတ်ခမ်းကို ကိုက်ပြီး -

" ဂျူးဒစ် သတိထားမိတာတွေ အများကြီးပဲ အစ်ကို "

" ကောင်မလေးက လျင်တော့ လျင်တယ်၊ တို့တစ်တွေရဲ့ ယဉ်ကျေးမှုကို အမီလိုက်နေတယ်။ ဒါပေမဲ့ မင်း အစ်ကိုကိုတော့ ကောင်းကောင်း အရှုးလုပ်ထားပြီးပြီ "

" အစ်ကို ဒါလောက်သေချာရင် ဘာလို့ ကာလက်ကို မပြောသလဲ "

" ဘာလို့ ပြောရမှာလဲ "

" ဟာ ဒုက္ခပါပဲ အစ်ကိုရာ "

" ဘာဒုက္ခလဲ ဂျူးဒစ်၊ သူ့ဘဝ သူပျော်နေတာပဲ၊ မသိမချင်း ပျော်နေပေစေပေါ့၊ ကောင်မလေးကလည်း တတ်နိုင်သမျှ ကြိုးစားနေတာပဲဟာ၊ ပြီးတော့ သူတို့အချင်းချင်း အမှန် အတိုင်း နားလည် ထားပြီး ကောင်မလေးကို ကာလက်က ပြုပြင်နေတာကော မဖြစ်နိုင်ဘူးလား၊ နိုင်ငံခြားသူကို မကြည်ဖြူတဲ့ အဖေကြီး ကျေနပ်လာတဲ့ အထိလေ "

" ကာလက် အဲဒီလောက် မလျှို့ဝှက်တတ်ဘူး အစ်ကို၊ သူက သိပ်ရိုးတာ၊ လူတိုင်းကို သူယုံတာ၊ ပြီးတော့ သူ့မိန်းမကို သူ တုန်နေအောင် ချစ်တာ "

<<<http://www.shwezinu.blogspot.com/

" အဲဒါကြောင့် သူတို့ကြားကို မဝင်နဲ့လို့ ပြောတာပေါ့၊ ကာလက် အနေနဲ့ သိလျက်သားနဲ့ သူ့ဘဝသူ ကျေနပ်နေတာလည်း ဖြစ်နိုင်တာပဲ၊ သူ့အနေနဲ့ ဘာမှမသိဘဲ အစ်ကို့အနေနဲ့ မှားနေတာ လည်း ဖြစ်နိုင်သေးတာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ကြားမဝင်တာ အကောင်းဆုံးပဲ ဂျူးဒစ် "

ဂျူးဒစ် စားပွဲမှ ထသွားပြီး ပြတင်းပေါက်တွင် သွားရပ်သည်။ နွေဦးလရောင်တွင် ဥက်ပျောပင်တန်းတွေကို ခပ်ဖျော့ဖျော့ လှမ်းမြင်နေရသည်။

" သူ ဘာလို့ ဒါလောက် တုံးရတာလဲဟင် အစ်ကို "

" ဩော် အချစ်ရယ်၊ အချစ်စိတ် မွှန်လာပြီဆိုရင် ဘာမှ မမြင်ကြတော့ဘူးလေကွယ် "

ဖီးလစ် ထ လာသည်။ ဂျူးဒစ်ပခုံးကို သိုင်းဖက်ပြီး -

" မင်း အစ်ကို့ကို ချစ်တုန်းကလည်း ဒီလောက်တုံးရလားလို့ ဂိုင်းပြောကြတာပဲ မဟုတ်လား "

" အင်း ... ပြောတယ်၊ ဒါပေမဲ့ တူမှ မတူတာ "

" ဟုတ်လား၊ ကျေးဇူးတင်ပါတယ်ကွယ် "

သူ့ခေါင်းကလေးကို ရင်ခွင်တွင် မှီစေပြီး -

" ကဲ ... အစ်ကိုပြောမယ်၊ ကာလက်နဲ့ ဒိုလားရက်စ်တို့နှစ်ယောက် သူတို့ဘဝ သူတို့ ကျေနပ်နေသမျှ မင်းဘာမှ ကြားမဝင်ရဘူး။ ဟုတ်ပြီလား "

ဂျူးဒစ် ခေါင်းညိတ်ပြီး ကတိပေးလိုက်သည်။ သို့သော် စိတ်ထဲတွင် သိနေ၏။ နိမိတ်ဆိုးကြီးတစ်ခု အစိုင် အခဲ ဖြစ်နေပြီ။ မကြာခင် ပေါက်ကွဲတော့မည်ဟူ၍။ ခုထိတော့ ဒိုလားရက်စ်အပေါ် ကာလက် သံသယ မဝင်သေးပေ။ အရှုံးအမှုး ဖြစ်နေဆဲ။ အဖေလုပ်သူကတော့ ဘာသာနေသည်။ ကောင်းသည်၊ ဆိုးသည် လုံးဝ မပြော။ သူ့ချွေးမအပေါ် အဖေ ဘယ်လို သဘောထားသည်ကို ဂျူးဒစ် သိချင်နေသည်။

တစ်နေ့ တွင် ဂက်သစ်ချမြိုင်သို့ ဒိုလားရက်စ် ရောက်လာသည်။ မြင်းတစ်စီးဖြင့် လှလှပပ ကြွားကြွား ဝင့်ဝင့် ရောက်လာခြင်းဖြစ်၏။ သူ့တွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း လာရောက် သတင်းပေးခြင်းဖြစ် သည်။ ဂျူးဒစ် ဝမ်းမသာနိုင်ဘဲ ဖြစ်နေ၏။ လက်ထပ်ပြီး တစ်နှစ်အထိ ကိုယ်ဝန်မရတော့ ဒိုလားရက်စ်ကို အမြုံ ကလေးပင် ဖြစ်နေစေချင်သည်။ ပို၍ ရှုပ်ထွေးလာတော့မည်ကို တွေးမိပြီး ဂျူးဒစ် စိတ်တွေ လေးသည်ထက် လေးလာသည်။

<<<http://www.shwezinu.blogspot.com/

တိုင်းရေးပြည်ရေးတွေ ပွက်လောရိုက်လာသဖြင့် အခြား အရေးအရာများ မေ့မိန်နေသလို ဖြစ်သွားသည်။ ဒိုလားရက်စ်၏ ကိစ္စကိုလည်း ဘယ်သူမှ ရေးကြီးခွင်ကျယ် လုပ်ချိန် မရကြတော့ပေ။

နယူးအော်လီယန်းတွင် စပိန်ဘုရင်ခံ အန်ဇာဂါ၏နေရာ၌ ဂါလ်ဗက်ဇ် အစားဝင်လာသည်။ သူက ဖလော်ရီဒါ အနောက်ပိုင်း မှ အင်္ဂလိပ်တို့နှင့် ချစ်ကြည်စွာ ဆက်ဆံဖို့ ကြိုးစားသော်လည်း အင်္ဂလိပ်ကို ဆန့်ကျင်တော် လှန်နေကြသည့် အမေရိကန် သူပုန်များကို တစ်ဖက်က လက်နက်တွေ ပံ့အောပြီး ပေးနေသည်။

အစင်းကြောင်းတွေ၊ ကြယ်တွေပါသည့် အလံများ တလူလူလွင့်ကာ နယူးအော်လီယန်း ကို ဖြတ်သန်းနေကြသော လက်နက်ခဲယမ်းမီးကျောက်တွေ သယ်ပို့နေကြသည့် လှေကြီးလှေငယ် များကို မြစ်ရိုးတစ်လျှောက်တွင် မြင်နေကြရသည်။

ဖလော်ရီဒါ အနောက်ပိုင်းသားများ အနေဖြင့်မူ သူပုန်လှေသဘော်တွေကို ကြည့်ပြီး ဒေါသဖြစ်လျက် ရှိကြသည်။ သူတို့ကြောင့် နယူးအော်လီယန်းသွားရာ တစ်ခုတည်းသော ရေကြောင်းလမ်းကို ပိတ်ဆို့ ခံရလျှင် မခက်ပါလား။ ဖီးလစ် အနေဖြင့်မူ အခြေအနေမှန်ကို သိချင် နေသည်။

အမေရိကန် သူပုန်တွေနှင့်ရော အင်္ဂလိပ်တို့နှင့်ပါ သူ ရန်မဖြစ်ချင်ပါ။ သို့သော် သူသာ ကာရိုလိုင်းနားမှာ ရှိနေလျှင် မြေကျွန်တွေ သူပုန်ထသည့် အထဲတွင် ပါကောင်းပါနေမည်ဟု ဂျူးဒစ်ကို ပြော၏။ မဟုတ်လျှင်လည်း သူပုန်တွေကို ထမင်းဖိတ်ကျွေးရင်း ပျော်စရာ စကားဝိုင်းတွေ ဖောင်ဖွဲ့ဖြစ်မည် ထင်ကြောင်းလည်း ပြော၏။

နယူးအော်လီယန်းမှ မစ္စတာသစ်ဆယ်ဂိတ်၏ မသင်္ကာစရာလှေကြီး ဒယ်လ်ရှိုင်းတွင် ဆိုက်တော့ ဖီးလစ်က ဆိပ်ကမ်းတွင် ဆင်းတွေ့ပြီး သူ့ကို ဂျက်သစ်ချမြိုင်သို့ ညစာ စားဖိတ်လိုက်သည်။ မစ္စတာသစ်ဆယ်ဂိတ်သည် ဒီလာဝဲမှ ထွက်လာခဲ့ခြင်းဖြစ်၏။ သူက လူထွားကြီးတစ်ယောက် ဖြစ်သည်။ မျက်နှာ နီနီ၊ ပိုက်ရွဲရွဲနှင့် စကားပြောကောင်းသည်။ ညေ့သည်ရောက်လာတော့ အိန်ဂျဲလစ်က ကလေးတွေကို အိမ်နောက်ဖေးသို့ ဆွဲခေါ်သွားသည်။

ရှာရမီ မိသားစုကိုလည်း ညစာဝိုင်းသို့ ဖိတ်လိုက်၏။ မတ်ရှာရမီနှင့် ကာလက်ရှာရမီတို့သားအဖ ခန်းမဆောင်ထဲ ရောက်တော့ ဖီးလစ်က ဧည့်သည်နှင့် သူတို့ကို မိတ်ဆက်ပေး၏။

" မစ္စက်လန်း လည်း မကြာခင် ရောက်လာပါလိမ့်မယ်ခင်ဗျ၊ သူ ပန်းခင်းထဲမှာ အလုပ်ရှုပ်နေသေးလို့ပါ"

" အမျိုးသမီး တစ်ယောက်ကို ပန်းခင်းထဲမှာ မြင်ရတာလောက် ကြည့်လို့ ကောင်းတဲ့ မြင်ကွင်းမျိုး မရှိဘူးဗျ "

မစ္စတာသစ်ဆယ်ဂိတ်က ပြောတော့ ဖီးလစ်နှင့် ကာလက်တို့ ရယ်ကြသည်။

<<<http://www.shwezinu.blogspot.com/

သူက ဆက်ပြီး သူ့မိန်းမ ပန်းချစ်ကြောင်း ဆက်ပြော၏။

" ကျွန်တော့် မိန်းမလည်း ပန်းသရဲမပဲဗျ။ စိုက်လိုက်တဲ့ ခရမ်းရောင် ခေါင်းလောင်းပန်းတွေ လက်ညှိုးထိုးမလွဲပဲ။ ဒါပေမဲ့ အကျိုးနဲ့ ကောင်တွေက မြေလှန်နေချိန်မှာ ပန်းစိုက်ဖို့ မကောင်းပါဘူးဗျာ။ ဘယ်လို ခေတ်ကာလလည်း မသိပါဘူး။ တိုက်ချင်လိုက်တဲ့ စစ်၊ ရချင်လိုက်တဲ့ ရာထူး၊ တကယ်ပါပဲ မစ္စတာလန်းရယ် "

မတ်ရှုရမီက ပြင်သစ်နှင့် တိုက်ရသည့် စစ်ပွဲတွင် သူ ပါခဲ့ပုံ၊ သည်အတိုင်း ဖြစ်ခဲ့ပုံများကို စားမြုံ့ပြန်ပြသည်။

မစ္စတာသစ်ဆယ်ဂိတ်က အသံအောကြီးဖြင့် -

" ဟုတ်ပါတယ်ဗျ။ တိုင်းပြည်ကို တကယ်ချစ်တဲ့လူတွေ တော်တော်ရှားသွားပါပြီ။ ဒါပေမဲ့ အမေရိကန်မှာ အားလုံးတန်းတူ အခွင့်ရကြပြီ။ အားလုံးလွတ်လပ် .... "

သူတို့ စကားသံများကို အဂုတ်လဲဖို့ အိပ်ခန်းဆီသွားရင်း ဂျူးဒစ် ကြားလိုက်သည်။

" ဖီးလစ်ကလည်းကွယ် နိုင်ငံရေးစကားမပြောတဲ့ လူမျိုးကို ရွေးဖိတ်ရောပေါ့" ဟု အနားတွင် ရှိနေသည့် ဒိုလားရက်စ် ကို လှမ်းပြောလိုက်၏။

" ဘယ်က လူကြီးလဲဟင် ဂျူးဒစ် "

ဒိုလားရက်စက မေးသည်။

" တစ်ခါတလေ ဆိပ်ကမ်းမှာ တွေ့ရတဲ့ ခပ်ရမ်းရမ်း အမေရိကန် ပုံစံမျိုးပါကွာ။ အရက်ကို စည်လိုက်သောက်မယ့် လူစားမျိုး ထင်ပါရဲ့။ ဂီစကီက ပူလွန်းပါတယ်နော်။ သူ လိမ္မော်ဝိုင်မှ ကြိုက်ပါ့မလား မသိဘူး "

" ကိုယ်က အဂုတ်လဲပြီးသားပဲ။ သူတို့ကို ဝိုင် သွားချပေးလိုက်မယ် လေ "

" ကောင်းသားပဲ ဒိုလားရက်စ်၊ မီးဖိုထဲက ကောင်လေးတစ်ယောက် ခေါ်သွားပေါ့ "

ခန်းမဆောင်ကို ဂျူးဒစ် ဖြတ်သွားတော့ ဒိုလားရက်စ်နှင့် နောက်မှ ဝိုင်လင်ပန်းကို သယ်သွား သည့် ကောင်လေးတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ ဒိုလားရက်စ်တစ်ယောက်သည် ညပိုလှနေ၏။ ညိုစိမ့်စိမ့် အသားနှင့် အဝါရောင် ချည်သရက်ထည် ပွင့်ရိုက်ဂတ်စုံမှာ လိုက်ဖက်လှသည်။ ကိုယ်ဂန် ရှိနေမှန်း ဘယ်လိုမှ မသိနိုင်။

အခန်းဂရောက်တော့ ဒိုလားရက်စ် တစ်ချက် တုံ့သွားသည်။ မစ္စတာ သစ်ဆယ်ဂိတ်က အရွှန်းတွေဖောက်နေသဖြင့် အိမ်ရှင်တွေ တဝါးဝါး ပွဲကျနေ၏။ ဒိုလားရက်စ် ဝင်လာသည်ကို ညေ့် သည်လူကြီး တစ်ယောက်သာ သတိပြုမိသည်။ ပေါင်ကို ပုတ်ထည့်ပြီး -


<<http://www.shwezinu.blogspot.com/

" အလို ... ကြည့်စမ်း၊ ဒိုလားရက်စ်ပါလား၊ မင်း ... ဘယ်လို ... ဘယ်လို ... ဒီရောက်နေတာလဲဟင်" ဟု တအံ့ တသြ ပြောလိုက်သည်။

ဒိုလားရက်စ် တစ်ချက်တွေသွား၏။ ဂျူးဒစ် သူ့အနား ရောက်သွားတော့ ဖီးလစ်နှင့် အမျိုးသားနှစ်ယောက်စလုံး ပြိုင်တူ ထရပ်လိုက်ကြ၏။

" ကျွန်တော့်ကို မိတ်ဆက်ပေးခွင့် ..... "

" မလိုပါဘူး မစ္စတာလန်း၊ ကျွန်တော် ဒိုလားရက်စ်နဲ့ သောက်နေကျပါ" ဟုပြောရင်း ဝိုင်တစ်ခွက်ကို လှမ်းယူ လိုက်သည်။

ကာလက်က တအံ့တသြ ဖြစ်နေသည့် အမူအရာဖြင့် -

" ခင်ဗျားတို့ အသိအကျွမ်းတွေပေါ့၊ ဟုတ်လား " ဟု မေးသည်။

" ဒီက လူကြီးမင်း ကို ကျွန်မ တစ်ခါမှ မမြင်ဖူးပါဘူး "

ဒိုလားရက်စ်က ပါးစပ်သိပ်မဟဘဲ ပြန်ပြောသည်။

မစ္စတာသစ်ဆယ်ဂိတ်၏ မျက်နှာကြီး နီသည်ထက် နီသွားသည်။ ဖီးလစ်က ကြားဝင်ပြီး -

" မစ္စတာ သစ်ဆယ်ဂိတ် လူမှားနေပြီ ထင်တယ်ခင်ဗျ။ အမျိုးသမီးက ဟောဒီ မစ္စတာကာလက်ရာရမီရဲ့ ဇနီးပါ၊ ဟောဒါက ကျွန်တော့် ဇနီးပါခင်ဗျ"

မစ္စတာသစ်ဆယ်ဂိတ်က ဦးညွှတ်ပြီး -

" တွေ့ရတာ ဂမ်းသာပါတယ်ခင်ဗျာ" ဟု ပြောပြီး တစ်ချက် ရယ်သည်။

" ကျွန်တော့်ကို ခွင့်လွှတ်ကြပါခင်ဗျာ။ ထူးဆန်းလိုက်တာနော်၊ ဒါဆို နယူးအော်လီယန်းမှာ ကျွန်တော်သိတဲ့ မိန်းကလေးဟာ ဒီက မစ္စက်ရာရမီနဲ့ အမြွှာဖြစ်ရမယ် "

သူက ပေါင်ပုတ်ပြီး ပြောကာ ရယ်ပြန်သည်။ သူနှင့် ဘယ်သူမှ လိုက်မရယ်တော့မှ စကားဆက် သည်။

" ကျွန်တော်သိတဲ့ အမျိုးသမီးလေး နာမည်က ဒိုလားရက်စ်ဘွန်းဒီယိုတဲ့ခင်ဗျ၊ ကျူးဘားကနေ အမေရိကန်ကို ရောက်လာတာ၊ မစ္စဂျွန်တာနီရဲ့ အရက်ခန်းမှာ ညှော့်သည်တွေကို အရက်ခွက်ဆက်ရတဲ့အလုပ်ကို လုပ်ပါတယ်၊ လှတာချင်းလည်း အတူတူပါပဲ၊ အဲ ... တစ်ခုပဲ ကွာတယ်၊ ကျွန်တော်သိတဲ့ ဒိုလားရက်စ်ကလေးက သွားကလေးတစ်ချောင်း ကျိုးနေတော့ ရယ်ရင်နှုတ်ခမ်းလေး စုစုပြီး ရယ်တတ်တယ်၊ ကျွန်တော့်ကို ခွင့်လွှတ်နော် မစ္စက်ရာရမီ၊ တူလွန်းလို့ပါ ခင်ဗျာ "



<<http://www.shwezinu.blogspot.com/

ဒိုလားရက်စ်၏ နှုတ်ခမ်းကလေးတွေ တဆတ်ဆတ်တုန်နေသည်။ နေလောင်ထားသဖြင့် ညိုမောင်းနေသည့် ကာလက်၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။ အဖေလုပ်သူက ကုလားထိုင် လက်တန်း ကို တအားဆုပ်ထားသည်။

ဖီးလစ်က -

" ဟုတ်ကဲ့ခင်ဗျာ၊ မစ္စတာသစ်ဆယ်ဂိတ် တောင်းပန်တာကို ရိုးရိုးလူမှားတာ ဖြစ်တဲ့အတွက် မစ္စက်ရှာရမီက လက်ခံမှာပါ။ ကဲ ... ဘန်ကာတိုက်ပွဲ အကြောင်းလေး ဆက်ပါဦးခင်ဗျ "

ဒိုလားရက်စ်က ပိုင်ခွက်ကို တင်းတင်းဆုပ်ကိုင်လျက် အတောင့်သား ရပ်နေသည်။ ဖီးလစ် စကား ဆုံးသည်နှင့် "ခွေးသူတောင်းစားကြီး "ဟု အော်ပြီး ညော့်သည်လူကြီး၏ မျက်နှာကို တအား ပတ်ထည့်လိုက်သည်။

မစ္စတာသစ်ဆယ်ဂိတ်၏ မျက်လုံးထဲမှ ပိုင်တွေ စီးကျမလာမီ ဒိုလားရက်စ်က အယုတ္တအနတ္တ စကားလုံးများဖြင့် ဆဲဆိုကာ တအားပြေးဝင်သွားသည်။ ဖီးလစ်က သူ့လက်ကို ဖမ်းဆုပ်ပြီး တား လိုက်သည်။

" ဒိုလားရက်စ် တော်တော့ "

ကာလက် က ဖီးလစ်လက်ထဲမှ သူ့ဇနီးကို ဆွဲယူလိုက်ပြီး -

" ဒီကိစ္စ ကျွန်တော် ရှင်းပါရစေ "

နှုတ်ခမ်းရွှေ့လျားသည်ကို မမြင်ရဘဲ ကာလက် စကားဆက်သည်။

" သူ့ကို ကျွန်တော် အိမ်ပြန်ခေါ်သွားမယ်၊ မြင်းတွေသာ တစ်ဆိတ်စီစဉ်ခိုင်းလိုက်ပါ "

<<<http://www.shwezinu.blogspot.com/

အခန်း (၈)

" ဆက်ပြောလေ၊ ဟာဗာနာမှာ မင်းအဖေ ဘာလုပ်သလဲ "

" မြင်းဖောင်းတစ်ခုမှာ အလုပ်လုပ်တယ် "

ဒိုလားရက်စ် ဆောင့်ကြီးအောင့်ကြီး ဖြေသည်။

" နယူးအော်လီယန်းကို မင်း ဘယ်တုန်းက ရောက်တာလဲ "

" သုံးလေးနှစ်ရှိပြီ၊ အတိအကျတော့ မမှတ်မိဘူး "

" အဲဒီ အရက်ဆိုင်မှာ အရက်ငှဲ့ပေးရတဲ့ အလုပ်အပြင် မင်း ဘာလုပ်သေးလဲ "

" အို ... တော်ပါတော့ "

ဒိုလားရက်စ် အော်ပြောသည်။ လက်နှစ်ဖက်နှင့် နားထင်ကို နှိပ်ထား၏။

" ရှင်နဲ့ တာပေါ်မှာ တွေ့တဲ့ မနက်က ကျွန်မ ဒီလိုဇာတ်လမ်းမျိုးကဖို့ လုံးဝ ရည်ရွယ်ချက် မရှိခဲ့ဘူး။ ကျွန်မက ယောကျ်ားတွေကို ပေါက်တတ်ကရ ဇာတ်လမ်းတွေ ပြောနေကျလေ၊ သူတို့ သဘောကျ တာကိုး၊ အဲဒီမှာ ရှင့်အလှည့်ကျတော့ မြေပိုင်ရှင် ... "

ကာလက် ပုန်းခန် ထ ရပ်လိုက်သည်။

" အဲဒီမှာ မင်းက ငါ့ကို လွယ်လွယ်ကလေး ဖမ်းလိုက်တာပေါ့ ဟုတ်လား "

ဒိုလားရက်စ်က မီးဂင်းဂင်းတောက်နေသော မျက်လုံးများဖြင့် တုံ့ပြန်သည်။

" ရှင်ဟာ တကယ့်တုံးပဲ၊ အဲဒီမြို့မှာ ကျွန်မနဲ့ တွေ့တာ ကံကောင်းတယ်မှတ်ပါ၊ ဒူးထောက်ပြီး ဘုရားသခင်ကိုကျေးဇူးတင်လိုက်ဖို့တောင်ကောင်းသေးတယ်။ မဟုတ်ရင် ကျွန်မထက် ဆိုးတဲ့ ဟာမတွေနဲ့ တွေ့မှာ သေချာတယ် "

<<<http://www.shwezinu.blogspot.com/

ပြောပြောဆိုဆို အခန်းတစ်ဖက်စွန်းဆီသို့ လျှောက်သွားသည်။ ပြန်လာသည်။ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီး တစ်ဖက်နှင့် တစ်ဖက် ထိုးသည်။ နောက်ဆုံးတွင်မှ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ကာလက် ကို တောင်းပန်သည်။

" ဒီလိုအဖြစ်မျိုးနဲ့ ကြုံရလိမ့်မယ်လို့ ကျွန်မ လုံးလုံး မထင်ခဲ့ပါဘူး ကာလက်ရယ်၊ ကျွန်မလေ ဘဝကို အကောင်းဆုံးဖြစ်အောင် လုပ်ချင်ပါတယ်၊ အဒေါ် ဂျွန်နီတာက မူးလာရင် ကျွန်မကို ရိုက် တယ်၊ အထက်တန်းစားဆန်လို့တဲ့လေ၊ တခြား ဘယ်မှလည်း သွားစရာမရှိဘူး၊ ယောကျ်ားယူမယ် ဆိုရင်လည်း ဗရုတ်သုတ်ခ သဘော်သား တစ်ယောက်ယောက်နဲ့ပဲ ရမှာ၊ အဲဒီမှာ ကျွန်မ ပြောသမျှ ယုံတဲ့ ရှင်နဲ့ တွေ့ပြီး .... "

" ဘုရားရှိခိုးကျောင်းမှာ ပါလာတဲ့ အထိန်းတော်ဆိုတဲ့ ကပ္ပလီမကြီးကကော "

" သူ့ကို ငှားလာတာပါ၊ သူက အင်္ဂလိပ်စာ လုံးဝမတတ်တော့ အားလုံး အဆင်ပြေတာပေါ့၊ ရှင် ကျွန်မကို လက်ထပ်တဲ့အထိ ဖြစ်လာလိမ့်မယ်လို့ ကျွန်မ မမျှော်လင့်ပါဘူး၊ ကျွန်မဘာသာ ကျွန်မ ပျော်နေတာပါ၊ အဲဒီမှာ ကျွန်မကို ချစ်တဲ့အကြောင်း ရှင်က ဖွင့်ပြောတော့ ကျွန်မ ဂမ်းသာလိုက်တာလေ။ ရှင့်အတွက် ဇနီးကောင်းတစ်ယောက် ဖြစ်အောင် လုပ်မယ်ဆိုပြီး သစ္စာဆိုမိ ပါတယ်၊ တကယ်ကော ကျွန်မ ဖြစ်မလာဘူးလားဟင်၊ မနေ့ကအထိ ရှင် ကျွန်မကို သဘောကျခဲ့တာပဲ မဟုတ်လား၊ ကျွန်မဟာ ကျွန်မပါပဲ ကာလက်ရယ် "

" ကဲ ... သွားအိပ်တော့ကွာ "

မျက်လုံးထဲ သဲဝင်သကဲ့သို့ အနေခက်ပြီး တစ်ကိုယ်လုံး နာကျင်နေသလို ခံစားရသည်။ ဘယ်လို ဆုံးဖြတ်ရမှန်းလည်း မသိ။ နာရီများစွာ ကြာသွားသည်။

အိပ်ခန်းကြီးထဲ လှမ်းဝင်မည်အပြုတွင် ဒိုလားရက်စ် ရုတ်တရက် တန့်သွားသည်။ သူ့ကို တစ်ချက် လှည့်ကြည့်ပြီး ဝင်ခဲ့ကာ တံခါးကို အသာပိတ်သည်။

ကာလက် က အစေခံတစ်ယောက်နှင့် စောင်တွေ ခေါင်းအုံးတွေ ယူခိုင်းပြီး တခြားတစ်ခန်းမှာ အိပ်သည်။

နောက်နေ့များတွင်လည်း အခြေအနေက ကောင်းမလာဘဲ တင်းမာသည်ထက် တင်းမာလာသည်။ အဖေ က ပြောသည်။

" သားအတွက် ဖေဖေ စိတ်မကောင်းပါဘူး၊ သားနဲ့ ဒီကလေးမနဲ့ မတန်တာတော့ အမှန်ပဲ "

ခက်သည် က ဒိုလားရက်စ်ကို ကာလက် ရက်ရက်စက်စက် ပြောလို့ မထွက်ခြင်းပင်။ တစ်ခါတလေ ဒိုလားရက်စ် က တောင်းတောင်းပန်ပန် ပြောသည်။ ရံခါတွင် ခုနစ်သံချီတက်ပြီး ရန်တွေ့သည်။ အခန်းထဲ ဝင်ဖို့

<<http://www.shwezinu.blogspot.com/

အမိန့်မပေးမချင်း ရှန့်ရင်းကြမ်းတမ်းသည့် စကားလုံးများဖြင့် တရစပ် ပစ်ပေါက်သည်။ ထမင်းစားပွဲ တွင် ထိုင်မိလျှင် စကားတစ်ခွန်းမျှ မပြောဘဲ ခေါင်းမာစွာ ငြိမ်နေတတ်၏။ ကာလက်အဖို့ ထမင်းဝိုင်းသည် လုံးဝ အဓိပ္ပာယ် ကင်းမဲ့လျက်ရှိသည်။

ဖီးလစ်ထံမှ စာတိုကလေးတစ်စောင် ရောက်လာသည်။ တနင်္လာနေ့က ဂက်သစ်ချမြိုင်ခန်းမထဲတွင် ဖြစ်ခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်အတွက် မိမိ အနေဖြင့် ဆောင်ရွက်ပေးနိုင်သည့် ကိစ္စများရှိလျှင် အကြောင်းကြားစေလိုကြောင်း၊ မိမိအား လိုသလို ခိုင်းစေနိုင်ကြောင်း စသည် စသည်။

ကာလက်က ယောက်ဖလုပ်သူကို ဒုက္ခမပေးဘဲ ကိုယ့်ကိစ္စကိုယ်ရှင်းဖို့ ဆုံးဖြတ်ထားသည်။ ဖီးလစ် အနေဖြင့် ဂုဏ်ရှိနေ၍ ရေးလိုက်ရသော်လည်း သည်လိုကိစ္စမျိုးတွင် လုံးဝ ပါဝင်လိုခြင်းမရှိပေ။ သို့သော် ဂျူးဒစ် ကတော့ လက်ပိုက် ကြည့်မနေနိုင်ပါ။

မစ္စတာသစ်ဆယ်ဂိတ်နှင့် ပြဿနာဖြစ်ပြီးနောက် ၁၀ ရက်အကြာတွင် သစ်ဖြူတောသို့ ဂျူးဒစ် ရောက်လာသည်။ ဒိုလားရက်စ်ကို ဂက်သစ်ချမြိုင် ခဏခေါ်သွားရန်ဖြစ်၏။ ဖီးလစ်နှင့် အတိုက်အခံ လုပ်ပြီး ထွက်လာခဲ့ခြင်းဖြစ်သည်။ ဖီးလစ် အမြင်ကပြတ်သည်။

" ဒီကိစ္စဟာ သူတို့လင်မယားနှစ်ယောက်ထဲ ရှင်းရမယ့်ကိစ္စ၊ ဒိုလားရက်စ်ရဲ့ အပြုအမူတွေက သိပ် အောက်တန်းကျလွန်းတော့ ကာလက်အနေနဲ့ ပေါက်ကွဲမယ်ဆိုရင် ဘာမှ အပြစ်ဆိုစရာ မရှိဘူး" ဟု ဆိုသည်။

သို့သော် ဂျူးဒစ်က သူ့လို မမြင်နိုင်ဘဲ ဖြစ်နေ၏။ ရာရမီမျိုးဆက်မှ အမျိုးသားများအကြောင်း ဖီးလစ်ထက် ဂျူးဒစ် ပိုသိသည်လေ။ သူတို့သည် ရှေးရိုးဟောင်း မိရိုးဖလာ လမ်းကြောင်းပေါ်တွင် ယနေ့တိုင်ရှိနေပြီး အမျိုးသမီး များနှင့် ပတ်ပတ်သက်သက် နေတတ်သူများမဟုတ်ကြ။

" ဒီမယ် အစ်ကို၊ လူဖြောင့်စိတ်တိုဆိုတဲ့ လူမျိုးဟာ ရက်စက်စရာရှိရင် သိပ်ရက်စက်တတ်တယ်နော်"

ဖီးလစ်က ဘာမှပြန်မပြောဘဲ ပခုံးတွန့်ပြသည်။ ဂျူးဒစ်က ဆက်ပြီး -

" ထားပါလေ၊ အရက်ဆိုင်မှာ အလုပ်လုပ်တဲ့ မိန်းကလေးတိုင်း မိန်းမပျက်တွေချည်း ဖြစ်ရတော့မှာလား၊ အဲဒီအထဲမှာ မိန်းမကောင်းကလေးတွေ မပါနိုင်ဘူးလား "

ဖီးလစ် မျက်ခုံးတွန့်ပြီး ဖြေသည်။

" ရှိတော့ ရှိတယ်၊ ရှားတယ် ဆိုတာမျိုးပေါ့ "

" ဒါကြောင့် သူ့ကို ဒီခေါ်ထားဖို့ အစ်ကို သဘောမတူတာပေါ့ ဟုတ်လား "

<<<http://www.shwezinu.blogspot.com/

" အဲဒီလိုမဟုတ်ဘူး အချစ်ရဲ့၊ အစ်ကို ဒီကလေးမကို သနားပါတယ်။ ဒါပေမဲ့ သူ့လမ်းသူ သွားရလိမ့်မယ်၊ ဒါကြောင့် မင်းကို ကြားမဝင်စေချင်တာ၊ ကာလက်ကလည်း မင်းဝင်လို့ ကျေးဇူးတင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းဆုံးဖြတ်ပြီးသား ဆိုရင်တော့ ဆက်လုပ်ပါ၊ ပြဿနာပေါ်လာရင်သာ အစ်ကို့ကို အပြစ်မတင်နဲ့ ဟုတ်လား "

သစ်ဖြူတောကို ဂျူးဒစ် ရောက်သွားတော့ ကာလက်နှင့် အဖေကွင်းထဲရောက်နေကြသည်။ ဂျူး။ဒစ်က ဂမ်းသာအယ်လဲ နှုတ်ဆက်သော်လည်း ဒိုလားရက်စ်က ခါတိုင်းလိုမဟုတ်ဘဲ အေးစက်စက် လုပ်နေသည်။ မျက်တွင်းတွေ ကျပြီး ပိန်နေသည်။ အဝတ်အစားတွေလည်း ကြေမွတွန့်လိမ်နေသည်။ ခုမှ ကိုယ်ဝန်သည် မလေးနှင့် တူလာသည်။

ခပ်မတ်မတ် နေလေ့ရှိသည့် သူ့ကိုယ်နေဟန်မှာ ညှိုးရော်ပျော့ခွေနေသည်။ ဂျူးဒစ်က သူ့ကို ဂက်သစ်ချမြိုင် ခေါ်ထားချင်ကြောင်း၊ နေကောင်းကျန်းမာလာမှ သစ်ဖြူတောကို ပြန်လာဖို့အကြောင်း ပြောတော့ လုံးဝ ကျေးဇူးတင်ဟန် မပြ။

" ခု ဘာဖြစ်လို့လဲ၊ နေကောင်းနေသားပဲ "

သူ့အသံက အေးစက်စက်။ သို့သော် ချော့မော့ပြောလို့ လိုက်ဖြစ်တော့လည်း ဂျူးဒစ်နောက်မှ အပိုကုန်းနီးပေါ် လွှားခနဲ ပေါ့ပေါ့ပါးပါး ခုန်တက်သည်။ အိန်ဂျဲလစ်က နောက်မှ မြင်းတစ်စီးနှင့် ဒိုလားရက်စ်၏ အဝတ်အစားသေတ္တာကို သယ်လာသည်။

ဂျူးဒစ်က သူ့ကို အခန်းလွတ်တစ်ခန်းတွင် နေရာချပေးပြီး ခရစ္စတင်း ဆို သည့် ကောင်မလေး တစ်ယောက် ကိုပါ ခိုင်းဖို့ ပေးထားလိုက်သည်။

အိန်ဂျဲလစ်ကို အခန်းထဲ ဆွဲသွင်းပြီး -

" ကဲ ငါ့မြင်းစီးအဝတ်တွေချွတ်ပြီး ညစာစားဖို့ ဝတ်စုံလဲပေးစမ်း၊ ဒိုလားရက်စ် ရောက်လာပြီဆိုတော့ ငါ ဘာလုပ် ရမလဲဟင် "

အိန်ဂျဲလစ်က ရယ်ပြီး -

" သူ့ကို အလုပ်တစ်ခုခု ပေးထားလိုက်ပေါ့ မမလေး၊ ကလေးတွေအတွက် အဝတ်ချုပ်တာမျိုးတို့ ဘာတို့ပေါ့လေ "

" အစေခံတွေ နဲ့ ရောပြီး ခိုင်းရမှာလား၊ ဒါမျိုးတော့ ငါ မခိုင်းချင်ဘူး "

" သူ မပျင်းအောင်လို့ပါ မမလေး၊ သူ့ကိုယ်သူ အသုံးဝင်တယ်ဆိုတာလည်း သိအောင်ပေါ့၊ ဒီအတိုင်း အငူသား ထိုင်နေရင် ငြီးငွေ့ပြီး ပျင်းလာမယ်လေ "



<<<http://www.shwezinu.blogspot.com/

ဂျူးဒစ် ခဏ တွေစဉ်းစားပြီး -

" အေး ... နင်ပြောတာ မှန်တယ် "

အိန်ဂျဲလစ်က ဘုရားရှိခိုးသည့်အခါဂတ်ဖို့ သိမ်းထားသည့် ချည်ထည်ပွင့်ရိုက် ဂါဂန်ကိုထုတ်ပြီး -

" ညစာပိုင်းမှာ ဒါဂတ်ပါလား မမလေးရဲ့၊ မစ္စစ်ဒိုလားရက်စ် ရောက်နေတဲ့အကြောင်း အစ်ကိုလေး ကို ပြောတဲ့အခါ မမလေး ပိုလှနေမှ ကောင်းမှာပေ့ါ၊ နင်းဆီပန်းတွေ ပြေးခူးလိုက်ဦးမယ်နော်၊ သူက မမလေး ပန်းပန်ရင် သိပ်သဘောကျတာ "

" အေး အေး၊ နင်က သိပ်လာဘ်မြင်တာပဲဟယ်၊ ဂျူးကို ဆိပ်ကမ်းဘက် လွှတ်လိုက်ဦးနော် "

ဖီးလစ်က သတင်း ကြိုရထားပြီးဖြစ်သည်။ ဘာမှတော့ ထူးထူး ထွေထွေ မပြော။

" ကလေးက နှစ်ယောက်၊ အစေခံက ၂၀၊ ဒီကြားထဲက မင်း တာဂန်ပိုယူချင်တာကိုး၊ ကောင်းပြီလေ၊ ဒါပေမဲ့ ဂက်သစ်ချမြိုင်ရဲ့ ဧည့်သည်ကို ဟိုဟာနဲ့ပစ်၊ ဒီဟာနဲ့ပေါက် လုပ်ရင်တော့ "

" မလုပ်တော့ပါဘူး အစ်ကိုရယ်၊ ဟိုလူကြီးကို ပေါက်တာကတော့ သူ့ကို အပြစ်မပြောချင်ပါဘူး၊ ပတ်ဂန်းကျင် ကိုတော့ သူ ကိုယ်ဂန်ရှိနေတုန်းနေမကောင်းလို့ ဒီမှာလာနေတာလို့ ပြောထားမယ်နော်၊ ဘယ်သူမှတော့ ယုံကြမှာမဟုတ်ဘူး၊ ဒါပေမဲ့ ဒီနည်းပဲ ရှိတယ်လေ "

ဖီးလစ် က လှိုက်လှိုက်လှဲလှဲ ရယ်နေသည်။

နောက်တစ်နေ့တွင် သူ့မဲနယ်ပင်တွေ တင်နေသည့် လှေများကိုကြီးကြပ်ရန် ဆိပ်ကမ်းသို့ ဆင်းရင် ဂက်သစ်ချမြိုင်သို့ ကာလက် ဂင်လာသည်။ ဂျူးဒစ်က ဥပစာဆောင်တွင် အကြီးကောင်ဒေးဗစ်ကို သစ်သားတုံး ကလေးများနှင့် အိမ်ဆောက်သင်ပေးနေရာမှ ထသွားပြီး တွေ့သည်။

ကာလက် က မြင်းပေါ်မှ မဆင်းဘဲ ခပ်ပြတ်ပြတ်လေသံဖြင့် -

" ဒိုလားရက်စ် ဘယ်မှာလဲ ဂျူးဒစ် "

" အိမ်ထဲ မှာလေ၊ သူ့ကို ဒီမှာ ခဏနေပါစေလား ကာလက်ရယ် "

" ဘယ်လောက်ကြာကြာလဲ "

" မွေးဖွားပြီးတဲ့ အထိပေ့ါ "



<<<http://www.shwezinu.blogspot.com/

ကာလက်က နင်တံကို နှစ်ဖက်စွန်းမှ ကိုင်ပြီး တွေးနေသည်။ စိတ်ကို ချုပ်တည်းနေပုံ။ အဖေ စိတ်ဓာတ်ကျနေစဉ်က မျက်နှာနှင့် တစ်ထေရာတည်း တူနေသည်။

" သူ နေကောင်းရဲ့လား "

" ကောင်းပါတယ်၊ ဂျူးဒစ် ခေါ်ထားပါရစေနော် ကာလက် "

" ကောင်းပြီလေ၊ ဂရုစိုက်ကြည့်လိုက်ပါ၊ ကလေးအတွက်ရော၊ သူ့အတွက်ရော လိုတာအားလုံး ဂယ်ပေး လိုက်ပါ၊ ပြီးတော့ ငါပိုက်ဆံပေးမယ် "

" အင်း အင်း၊ စိတ်ချပါ၊ သူနဲ့ မတွေ့တော့ဘူးလားဟင် ကာလက် "

" ဟင့်အင်း "

ကာလက်က ပြောပြောဆိုဆို သူ့မြင်းကို အသော့နှင်ထွက်သွားသည်။ ဒေးဗစ်ကလေးက သူ့အမေ စကတ် ကို ဆွဲပြီး သူဆောက်ထားသည့် အိမ်ကလေးကို ဂမ်းသာအားရပြသည်။ လှေကားထစ်တွင် ထိုင်ချပြီး သားကလေး ကို ကောက်ပွေ့လိုက်သည်။ ဒေးဗစ်ကလေး သူ့အဖေနှင့် တစ်ထေရာတည်း တူလာ၍ ဂျူးဒစ် ဂမ်းသာနေသည်။ လုပ နှစ်လိုဖွယ်ကောင်းသည့် လန်း မျိုးဆက်သွေးကလေး။

ဒိုလားရက်စ် အနေအထိုင် မကျုံ့ရအောင် ဂျူးဒစ် အမျိုးမျိုး ကြိုးစားသည်။ သို့သော် တဖြည်းဖြည်း နှင့် အလွန် မလွယ်သည့်ကိစ္စမှန်း သိလာသည်။ သည်လိုဖြစ်ပြီးမှ သူနှင့်တစ်အိမ်တည်း နေရသည့် အဖြစ်မှာ ကြာလေ မလွယ်လေ ဖြစ်လာသည်။ ဒိုလားရက်စ် အနေဖြင့် မည်သည့်ပြစ်မှုကိုမှ မကျူးလွန်ပါဘဲ တစ်ပါးသူများ၏ ဆက်ဆံရေးကို အနှောင့်အယှက်ပြုသလို ဖြစ်လာ၏။

သူနှင့် တစ်ပိုင်းတည်းထိုင်ပြီး ဖီးလစ်နှင့် ဂျူးဒစ်တို့ ပြောနေကျ ချစ်ခွန်းတုံ့လှယ် စကားကြွယ်ခန်းလေးများ မဖွင့်နိုင်တော့။ ဂျူးဒစ်အနေဖြင့် ဒိုလားရက်စ်ကို လိုလေသေးမရှိရလေအောင် ကြင်ကြင်နာနာ ဂရုစိုက်သော်လည်း တစ်ဖက်က သူ့ကို မြန်မြန် ပြန်သွားစေချင်သည်။

ဒိုလားရက်စ်သည် ကလေးများနှင့် ကစားသည့် အချိန်မှလွဲလျှင် တုဏှိဘာဝေ လုပ်နေတတ်သည်။ ဒေးဗစ်တို့ ညီအစ်ကိုနှင့်ဆိုလျှင်တော့ ထူးထူးဆန်းဆန်း ကစားနည်းတွေ ကစားလိုက်၊ စပိန်ကျေး လက်တေးတွေ သင်ပေး လိုက်ဖြင့် ရယ်ရယ်မောမော နေတတ်သည်။

" ဒိုလားရက်စ်၊ ကလေးတွေနဲ့ နေရတာ စိတ်မညစ်ဘူးလား၊ မမ်မီရှိသားပဲကွယ်၊ သူ ထိန်းလိမ့်မပေါ့" ဟု ပြောလျှင် " ကျွန်မ ကလေးချစ်တတ်ပါတယ် ဂျူးဒစ်ရယ်၊ ကျွန်မပဲ ထိန်းပါရစေ" ဟု ပြန်ပြောသည်။

<<<http://www.shwezinu.blogspot.com/

ကလေးများနှင့် နေသည့်အချိန်မှလွဲပြီး သစ်ဖြူတောသို့ ရောက်စက ကြည်လင်ရွှင်ပျမှုမျိုး သူ့တွင် မတွေ့ရတော့။ သူ့အကြောင်းကိုလည်း တစ်လုံးတစ်ပါဒမျှ မပြောတော့ပေ။ သို့သော် ဘာပြဿနာမှ မပေါ်ပါ။

နိုဂင်ဘာ နေ့တစ်နေ့တွင်မူ လာလည်ကြသည့် အမျိုးသမီး အပေါင်းအသင်းများနှင့် ဖဲကစားကြရာမှ ဂျူးဒစ် စိတ်အနှောင့်အယှက် ဖြစ်ရတော့သည်။ ဧည့်သည်အမျိုးသမီး ခြောက်ယောက်အပြင် ဂျာဗာစီနှင့် ဆီလ်ဗီ ဂျူဟာန်တို့ နှစ်ယောက်လည်း ပါသည်။ ညစာစားပြီး ဝိုင်းဖွဲ့ကာ ဖဲကစားကြခြင်းဖြစ်၏။ ဒိုလားရက်စ် မွေးဖို့ရက်မှာ တစ်ပတ်၊ နှစ်ပတ်သာ လိုတော့သည်။ နေကောင်းနေသည့်အတွက် သူပါ ဝင်ကစား ပါရစေဟု ပြောသည်။

ပထမပိုင်းတွင် သူရှုံးနေသော်လည်း ဒိုလားရက်စ် ပျော်နေပုံရသည်။ သူရှုံးသည်ကို သူ့ဘာသာ သူ ပြန်ရယ်စရာ လုပ်နေသည်။ ဧည့်သည် အမျိုးသမီးအားလုံးပင် သူနှင့်အတူ လိုက်ရယ်နေကြသည်။ ဂက်သစ်ချမြိုင် ရောက်ကတည်းက ဒိုလားရက်စ် ခုလောက်ရွှင်နေသည်ကို ဂျူးဒစ် မမြင်ဖူးသေး။ သူ ဒါလောက် ဖဲကစားဝါသနာပါမှန်း ခုမှ ရိပ်မိသည့်အတွက် ဂျူးဒစ် ကိုယ့်ကိုယ်ကိုယ် အပြစ်တင် လိုက်မိသေး သည်။

ထည်ဝါလွန်းသဖြင့် ဂျူးဒစ် ဘယ်တုန်းကမှ သဘောမကျခဲ့သော ပြင်သစ်သူ ဆီလ်ဗီဂျူဟာန်လည်း ဂက်သစ်ချမြိုင် ဖဲဝိုင်းတွင် ပျော်နေပုံရ၏။ ဒိုလားရက်စ် တဖြည်းဖြည်း ပြန်နိုင် လာ သည်။ တောက်လျှောက် သေခဲ့သည့် သူ့ဖဲမှာ ဆက်တိုက် ပြန်ကောင်းလာသည်။ မစ္စတာသစ်ဆယ်ဂိတ် ဆိုသည့် မုလကြီးသာ ပေါ်မလာရင် ဒိုလားရက်စ် တစ်ယောက် သည်အသိုက်အဝန်းတွင် လူချစ် လူခင် ပေါနေလောက်ပြီဟု ဂျူးဒစ် တွေးနေ၏။ သည်လူကြီးဟာ ဒိုလားရက်စ်ကို ဒုက္ခပေးဖို့ သက်သက် ရောက်လာတာပါလား။

ခုလို အသိုက်အဝန်းနဲ့ ဝင်ဆံ့ပြီး အားလုံးက သဘောကျနေသည်ကို တွေ့လျှင် ကာလက်တစ်ယောက် စိတ်ဖြေနိုင်ပါမည်လား။ အချိန်ဟာ ဒဏ်ရာ ဒဏ်ချက်တွေကို ကုစားနိုင်သည်ဟုလည်း ကြားဖူးသည်လေ။

အမျိုးသမီးအားလုံး၏ရှေ့မှ လောင်းကြေးငွေတွေ တက်တက်ပြောင်လေပြီ။ ဒါကိုပင် အားလုံးက ဝမ်းသာ စရာ လို သဘောကျနေကြ၏။ ဝိုင်းသိမ်းလိုက်ကြ၏။ ဆီလ်ဗီဂျူဟာန်က -

" သည်နေ့လို ပျော်စရာကောင်းတဲ့နေ့ ဘယ်တော့မှ ပြန်ရောက်ပါ့မလဲကွယ် ဒိုလားရက်စ်ရယ်၊ မင်း အပြင်ကို ထွက်နိုင်တာနဲ့ တစ်ပြိုင်နက် တို့အိမ်မှာ ဆုံပြီး ကစားကြဦးမယ်နော် "

" ဟုတ်ကဲ့ မမ၊ လာခဲ့ပါ့မယ် "

ဒိုလားရက်စ်က သူ့ဦးထုပ်ကို သွားယူပေးရင်း အိမ်အပြင်သို့ လိုက်ပို့သည်။ လက်ချင်းချိတ်လျက်။ ဂျူးဒစ်က ဂျာဗာစီ ကို သူ့မြင်းဆီသို့ လိုက်ပို့သည်။

" တကယ် ပျော်စရာကောင်းတဲ့နေ့ပဲ ဂျူးဒစ်ရေ" ဟု ဂျာဗာစီက ပြောပြီး ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်ရင်း လေသံနိမ့်ဖြင့် -

<<http://www.shwezinu.blogspot.com/

" အဆင်ပြေရဲ့လား၊ ဘာအကူအညီ လိုသေးလဲ "

" ရပါတယ် ဂျာဇာစီ၊ သူလည်း နေကောင်းပါတယ် "

" အေးနော်၊ တော်တော်ကျန်းမာပုံပဲ "

ဂျာဇာစီက ဂျူးဒစ်လက်ကို တစ်ချက်ညှစ်လိုက်ပြီး -

" ကာလက် အရှူးထနေတာတွေ ရပ်တန်းကရပ်ရင် ကောင်းမယ်နော်၊ အေးလေ၊ လက်ထပ်တယ် ဆိုတာလည်း အရှူးထခြင်း တစ်မျိုးပဲ "

ဒိုလားရက်စ်နှင့် ဆီးလ်ဗီတို့နှစ်ယောက် တရင်းတနှီး နှုတ်ဆက်နေကြသည်။ ဧည့်သည်တွေပြန်သွားတော့ ဒိုလားရက်စ်က ဂျူးဒစ်နှင့် လက်တွဲပြီး အိမ်အဝင် လှေကားထစ်များကို တက်ရင်း -

" ဒီနေ့ ပျော်စရာကောင်းတယ်နော် ဂျူးဒစ် "

" ဟုတ်တယ် ဒိုလားရက်စ်၊ မင်း ပင်ပန်းသွားပြီလားဟင် "

" မပင်ပန်းပါဘူး၊ လူမမာမှ မဟုတ်ဘဲဟာ ဂျူးဒစ်ကလဲ "

ကောင်းကင်ကို မော့ကြည့်ပြီး ဒိုလားရက်စ် စကားဆက်သည်။

" နေတောင် ဝင်တော့မယ်၊ သူတို့ မြန်မြန် မစီးနိုင်ရင် လမ်းမှာတင် မှောင်မယ် ထင်တယ်နော် "

ဂျူးဒစ် အစေခံတွေကို ဖယောင်းတိုင်ထွန်းဖို့ အမိန့်ပေးလိုက်ပြီး ပြန့်ကျဲနေသည့် ဖဲချပ်တွေကို လိုက်သိမ်းနေသည်။ ဗီးလစ်ဝင်လာတာ မြင်တော့ လှမ်းပြောလိုက်သည်။

" အားလုံး ရှုံးပြီး ဒိုလားရက်စ် တစ်ယောက်တည်း နိုင်သွားတယ် အစ်ကို "

" ဟုတ်လား၊ မင်း ဖဲဝါသနာပါတယ် ဟုတ်လား ဒိုလားရက်စ်"

"ဟုတ်ကဲ့"

ထိုစဉ် အဖေနှင့်အမေကို နှုတ်ဆက်ရန် ဒေးဗစ်နှင့် ခရစ္စတိုဖာကို မမ်မီခေါ်ဝင်လာသည်။ ဒိုလားရက်စ်က လက်နှစ်ဖက် ဆန့်ပြီး ကလေးတွေဆီ ပြေးသွားသည်။

" ဂွတ်နိုက် သားတို့ရေ "

" ဂွတ်နိုက် အန်တီဒိုးလ် "

<<<http://www.shwezinu.blogspot.com/

သူတို့နှစ်ယောက် ပြိုင်တူ နှုတ်ဆက်ကြသည်။ ကလေးနှစ်ယောက်ကမူ လူကြီးတွေလို အစွဲအလမ်း မရှိကြ၍ ဒိုလားရက်စ်ကို ချစ်ကြသည်။

" သားတို့နှစ်ယောက်ကို အန်တီဒိုးလ် ပေးစရာရှိတယ်၊ ရော့ ... မနက်ဖြန်ကျရင် မမ်မီကို မြို့သွားခိုင်းပြီး အရုပ်လှလှကလေးတွေ ဝယ်ခဲ့လို့ပြော၊ အန်တီဒိုးလ်ရဲ့ လက်ဆောင်၊ ညီအစ်ကို နှစ် ယောက် တစ်ယောက်တစ်ဂက်စီနော် "

" ဒိုလားရက်စ်၊ ကလေးတွေကို ပိုက်ဆံမပေးနဲ့လေ "

ဖီးလစ်က လှမ်းအော်ပြောသည်။ ဂျူးဒစ်ကလည်း -

" မလုပ်ပါနဲ့ ဒိုလားရက်စ်၊ မလုပ်ပါနဲ့ကွယ် "

" အို ... ဘာဖြစ်လဲ၊ ချစ်လို့ပေးတာပဲဟာ၊ သူတို့အတွက် နိုင်အောင် ကစားတာလေ "

သူက အားတက်သရော ပြောနေသဖြင့် ဖီးလစ်နှင့် ဂျူးဒစ် ဘာမှ ဆက်မပြောသာအောင် ဖြစ်နေသည်။

ပိုက်ဆံဆိုတာ ဘာမှန်းမသိလည်း ဒေးဗစ်နှင့် ခရစ္စတိုဖာတို့ နှစ်ယောက် ပျော်နေသည်။ မမ်မီက သူတို့ကို ဂင်သင်ပေးသည်။

" လူကြီးလူကောင်း ကလေးတွေဆိုတာ လက်ဆောင်ရရင် ကျေးဇူးတင်ပါတယ် ခင်ဗျာ လို့ ပြောရတယ်လေ "

ဒေးဗစ်က -

" ကျေးဇူးတင်ပါတယ် အန်တီဒိုးလ်၊ ခရစ္စတိုဖာ မင်းလည်းပြောလေ "

ခရစ္စတိုဖာက ဗလုံးဗထွေးနှင့် ကျေးဇူးတင်ကြောင်းပြောသည်။ ဂျူးဒစ်က ကလေးများအား ပိုက်ဆံ ပေးခြင်းကို လုံးဝ သဘောမကျသော်လည်း ဒိုလားရက်စ် ပျော်နေသည်ကို ကြည့်ပြီး မပြောနိုင် ဘဲ ဖြစ်နေ၏။ သူတို့ညီအစ်ကို ထွက်သွားသည်နှင့် -

" ဒိုလားရက်စ်က သိပ်သိတတ်တာပဲနော်" ဟု အလိုက်အထိုက် ပြောလိုက်သည်။

ဖယောင်းတိုင်မီးရောင်တွင် ဒိုလားရက်စ်ပြုံးသည်။

" ဂျူးဒစ်တို့က ကျွန်မအပေါ်မှာ ဒါလောက် ကောင်းခဲ့တာပဲကွယ်၊ ကလေးတွေကို တစ်ခုခု လုပ်ပေး ချင်နေတာ ပါ၊ ဂျူးဒစ်အတွက်လည်း အမှတ်တရ တစ်ခုခု လုပ်ပေးဖို့ စိတ်ကူးနေပါတယ် "

သည်လို ကျေးဇူးတုံ့ပြန်မှုအတွက် အလွန် အနေအထိုင် ကျပ်လေ့ရှိသော ဖီးလစ်က -



<<<http://www.shwezinu.blogspot.com/

" ကိုယ်လည်း မင်းလိုပဲ ကစားတတ်ချင်လိုက်တာ "

" အို လွယ်ပါတယ်ရှင်၊ ကျွန်မလည်း သိပ်တော့မတတ်ပါဘူး၊ ဒီမှာ ကြည့်လေ "

ဖဲထုပ်ကို ကောက်ကိုင်ပြီး ကုလားဖန်ထိုးသည်။ ပြီးတော့ ပညာပြတော့၏။ ဂျူးဒစ်လက်တစ်ဖက် ပါးစပ်ဆီသို့ ရောက်သွားပြီး အသက်ရှူမှားမတတ် ဖြစ်သွားသည်။ ဖီးလစ်က သူ့ပခုံးပေါ်မှ ကျော်ပြီး လာကြည့်သည်။

ဒိုလားရက်စ် လက်မြန်ပုံမှာ အံ့သြစရာ ကောင်းလောက်ပါသည်။ သူတို့လင်မယား ဒိုလားရက်စ်၏ လက်ချောင်း ကလေးများကို ရင်တမမ စောင့်ကြည့်နေကြ၏။ တခစ်ခစ်ရယ်ရင်း ကုလားဖန်ထိုးပြီး တော့ ဒိုလားရက်စ် က ဖဲထုပ်ကို လှန်ပြီး ဖြန့်ပြသည်။ ဟင် ... အကောင်းဆုံးဖဲချပ်တွေ တစ်နေရာ တည်းစု ပြီးသား ဖြစ်နေပါလား။

ဖီးလစ် ကောက်ကာငင်ကာ မေးလိုက်သည်။

" ကြည့်စမ်း၊ မင်း ငါ့အိမ်မှာ အဲဒီနည်းနဲ့ ကစားသွားတာပေါ့ ဟုတ်လား "

" ဟုတ်တယ်လေ၊ ကျွန်မ ပြန်သင်ပေးပါ့မယ်၊ လူကြီးတစ်ယောက် ကျွန်မကို သင်ပေးသွားတာ။ လွယ်ပါတယ်၊ ပထမ .... "

ဖီးလစ်က ဖဲချပ်တွေကို အတင်းလုယူပြီး ဘာမှမပြောဘဲ မီးဖိုထဲ သွားပစ်ထည့်လိုက်သည်။

" ကြည့်စမ်း၊ မင်းဟာ တော်တော် ကောက်ကျစ်စဉ်းလဲတဲ့ သူခိုးမပဲ "

ဒိုလားရက်စ် ပါးစပ်အဟောင်းသားဖြစ်လျက် ကုလားထိုင်ကို နောက်သို့ တွန်းလိုက်ရင်း -

" ဘာ ... ဘာဖြစ်လို့လဲဟင် ဂျူးဒစ် "

ဂျူးဒစ် တစ်ကိုယ်လုံး ပူသွားလိုက်၊ အေးလာလိုက် ဖြစ်နေသည်။

" ဒီမယ် ဒိုလားရက်စ်၊ နင် နင် ဘာဖြစ်လို့ ... "

" တော်တော့ ဂျူးဒစ် "

ဖီးလစ် ဂင်ဟန့်သည်။ ဒိုလားရက်စ် မီးလင်းဖိုရင်တားကို ကိုင်ပြီး မတ်တတ်ထရပ်သည်။ ဖီးလစ်က သူ့လက်မောင်း ကို အသာကိုင်၍ -

" မင်းအခန်းကို သွားရအောင်လား ဒိုလားရက်စ်၊ တို့တစ်တွေ အလန့်တကြား ဖြစ်သွားကြတယ်၊ ဘာလို့ အဲဒီလို ဖြစ်သွားရတယ် ဆိုတာတော့ မင်း နားလည်နိုင်မှာ မဟုတ်လား "

<<http://www.shwezinu.blogspot.com/

ဒိုလားရက်စ် က ဖီးလစ်လက်ကို ပုတ်ချလိုက်ပြီး -

" ဖယ်ပါ၊ ပိုက်ဆံမရှိရင် လူကောင်း မဖြစ်နိုင်ဘူးပေါ့၊ သူများကျွေးတဲ့ ထမင်းကိုစားပြီး သူများ အိမ်မှာ နေနေရတဲ့ ဘဝနဲ့က ... ကျွန်မ သေချင်တယ်။ ကလေးရော ကျွန်မရော သေ သွားရင် အေးမယ်၊ ရှင်တို့ တစ်တွေ အလကားပဲ၊ တစ်ယောက်မှ သောက်သုံးမကျဘူး "

" အရက်ဆိုင် က ပါလာတဲ့ အကျင့်တွေပေါ့ ဟုတ်လား၊ နင် ငါ့မိတ်ဆွေတွေကို လိမ်ညာပြီး .... "

ဂျူးဒစ် မောကြီးပန်းကြီး အော်ပြောတော့ ဖီးလစ်က " ဩော် ... ဒုက္ခပါပဲ၊ ဂျူးဒစ် တိတ်စမ်း" ဟု ပြောပြီး ဒိုလားရက်စ် လက်မောင်းကို ဆွဲ၍ ခေါ်ထုတ်သွားသည်။ ဂျူးဒစ်ကို မကြားပွံ့မနာသာ နှစ်ခွန်း၊ သုံးခွန်း အော်ဆဲသွားသေး၏။ ဖီးလစ် သူ့ကို လိုက်ပို့ပြီး ညလယ်စာကို အခန်းထဲအထိ ပို့ပေးရန် အစေခံတွေ ကို မှာခဲ့သည်။

ညေ့ခန်း ထဲတွင် လက်နှစ်ဖက်ပေါ် ခေါင်းငိုက်စိုက်ချကာ ဂျူးဒစ်ထိုင်နေသည်။ ဖီးလစ်က ရောက်မဆိုက် -

" မင်းလည်း တော်တော် အာကြမ်းတတ်သားပဲနော် "

" ဂျူးဒစ် တောင်းပန်ပါတယ် အစ်ကိုရယ်၊ ဂျူးဒစ် ဒီလို မရိုင်းသင့်ပါဘူး၊ သူက ဒါလောက် အောက် တန်းကျ လွန်းတော့ "

" မင်း ခေါ်လာတာလေ၊ ဘယ်သူ ခေါ်လာတာမှ မဟုတ်ဘူး "

" ဟုတ်ပါတယ်၊ ဒါပေမဲ့ ဂက်သစ်ချမြိုင်ရဲ့ ဂုဏ်သိက္ခာကို သူ တစ်စစီဖြစ်အောင် လုပ်တာတော့ ... အစ်ကို ဘာလို့ ဝင်တားတာလဲ "

" ဘာဖြစ်လို့ တားရသလဲဆိုတော့ သူ့ကို မင်း စိတ်ကုန်နေသလို ကိုယ်လည်း စိတ်ကုန်နေတာပဲ၊ ဒါပေမဲ့ မင်း သူ့ကို ဘယ်လိုမှ မောင်းထုတ်လို့ မရတော့ဘူးလေ၊ အဲဒီတော့ သူ ဒီမှာရှိနေသရွေ့ ကြိတ်မှိတ် ခံရုံပဲရှိတယ်၊ မင်း သူနဲ့ပြိုင်ပြီး နှုတ်သီးကောင်းလျှာပါး လုပ်နေစရာ မလိုဘူး "

" ဟုတ်တယ် ဟုတ်တယ်၊ အစ်ကိုပြောတာ ဟုတ်တယ်၊ ကလေးတွေကို သူပေးတဲ့ပိုက်ဆံတွေ ဘယ့်နယ် လုပ်ကြ မလဲဟင်၊ ပေးလို့တော့ မဖြစ်ဘူး "

" ဘာလို့ မဖြစ်ရမှာလဲ "

" ဟာ ... လိမ်ညာပြီး ရထားတဲ့ ပိုက်ဆံတွေ "

<<<http://www.shwezinu.blogspot.com/

" ဒါဆိုလည်း ဘုရားရှိခိုးကျောင်း လှူလိုက်ပေါ့ဗျာ၊ ဒါပေမဲ့ မင်း ဒိုလားရက်စ်နဲ့ ပြဿနာ ဆက်လုပ် မနေနဲ့တော့၊ ကြားလား "

ဂျူးဒစ် သည်ကိစ္စကို မေ့မေ့ပျောက်ပျောက် ထားလိုက်ဖို့ ကြိုးစားသည်။ သို့သော် ခံပြင်းနေပုံ ရသည့် ဖြူရော်ရော် ဒိုလားရက်စ်၏ မျက်နှာကို မြင်လိုက်တိုင်း မေ့ပျောက်ဟန်ဆောင်ရသည်မှာ ခက်လှ သည်။

ဒေးဗစ်နှင့် ခရစ္စတိုဖာတို့ဆီမှ ပိုက်ဆံတွေကို ဂျူးဒစ် ဘယ်လိုမှ တောင်းလို့မရပေ။ ဒီပိုက်ဆံတွေ မသန့်ရှင်းမှန်း သူတို့ မသိရှာကြပါဘူးလေဟု နောက်ဆုံး လိုက်လျောလိုက်ရ၏။

နောက်တစ်ပတ်တွင် ဒိုလားရက်စ် ယောက်ျားကလေး မွေးသည်။ ဂျူးဒစ် အတတ်နိုင်ဆုံး လိုက်လိုက် လျောလျော နေသည်။ နိုင်ငံခြားဖြစ် ကလေးဂတ်စုံ ကလေးများဖြင့် မီးနေဂင်သည်။ သို့သော် ဂန်ထုပ်ဂန်ပိုးကြီး ပေါ့သွားတော့မှာမို့ ဂမ်းသာနေမိခြင်းကိုတော့ ဖုံးကွယ်ဖို့ ခပ်ခက်ခက် ဖြစ်လာသည်။

ဒိုလားရက်စ် ယောက်ျားလေး မွေးပြီးဖြစ်ကြောင်း၊ မိခင်ရောကလေးပါ ကျန်းမာကြကြောင်း စာတို ကလေးရေးပြီး ကာလက်ဆီ ပို့ခိုင်းလိုက်သည်။

ချက်ချင်း ပေါက်ချလာသူက ကာလက် မဟုတ်။ မတ်ရှာရမီ ဖြစ်သည်။

" ဟင် ဖေဖေ တစ်ယောက်တည်းလား၊ ကာလက် ဘာလို့ လိုက်မလာတာလဲ " ဟု ဆီးမေးတော့ ဘာမှ မပြောဘဲ ဖေဖေ့မျက်နှာ သုန်မှုန်နေသည်။ သူ့ကို ကလေးခန်းရှိရာသို့ ဂျူးဒစ် ခေါ်သွားသည်။ ပုခက်ထဲသို့ ငုံ့ကြည့်နေပုံကို ဂျူးဒစ် အကဲခတ်နေ၏။ တင်းမာနေသည့် မျက်နှာသည် ရုတ်ခြည်း ပျော့ပျောင်းသွားသည်။

" ထွားလိုက် ချောလိုက်တဲ့ ကောင်ကြီး၊ သူ့ကို ရော်ဂျာလို့ ဖေဖေ နာမည်ပေးမယ်" ဟု ခပ်တိုးတိုး လေးပြောသည်။ သူ့လက်ညှိုးကို မြေးကလေး၏ လက်ထဲ ထည့်ထားပေးလိုက်၏။

" ရော်ဂျာ ဟုတ်လား၊ ရှာရမီမျိုးထဲမှာ ရော်ဂျာ ရှိဖူးလို့လား ဖေဖေ "

ဂျူးဒစ် နားမလည်သဖြင့် မေးလိုက်သည်။ ဖေဖေက ခေါင်းခါပြီး ...

"ရှဒ်အိုင်လန်ရဲ့ ရော်ဂျာဂီလျံကို အောက်မေ့တဲ့အနေနဲ့လေ၊ သိပ်သတ္တိပြောင်တဲ့ ဘာသာရေး ခေါင်းဆောင် တစ်ဦးပေါ့ "

ဂျူးဒစ် ခဏ တွေစဉ်းစားပြီး -

" ကာလက်က ဖေဖေပေးတဲ့ နာမည်ကို ကြိုက်ပါ့မလား "



<<<http://www.shwezinu.blogspot.com/

" ကာလက်က ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဖေဖေ့ကို ဘာတစ်ခွန်းမှ မပြောဘူး၊ သမီး၊ ဒါထက် ဒိုလားရက်စ် နေကောင်းရဲ့လား၊ ဖေဖေ တွေ့လို့ရမလား "

" ရပါတယ် ဖေဖေ၊ သူ နေကောင်းနေသားပဲ "

မတ်က ကလေးဆုပ်ထားသည့် သူ့လက်ညိုးကို အသာပြန်ထုတ်ယူပြီး ဒိုလားရက်စ်အခန်းသို့ လိုက်သွားသည်။ လမ်းတွင် သမီးလုပ်သူကို တိုးတိုးကပ်ပြောသည်။

" ဒိုလားရက်စ်ကို စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သမီးရယ်၊ မေမေသာရှိရင် သစ်ဖြူတော မှာပဲ မွေးဖြစ်မှာ "

ဂျူးဒစ် စိတ်ထဲတွင် ဖေဖေ ပြောသည့်အတိုင်း ဖြစ်လာမည် မထင်ပါ။ သို့သော် ဘာမျှ ပြန်မပြောဘဲ ဒိုလားရက်စ် ၏ အိပ်ရာနံဘေး အရောက်တွင် -

" ဒိုလားရက်စ်၊ ဖေဖေ လာတယ်လေ၊ မင်းနဲ့ တွေ့ချင်လို့တဲ့ "

ယောက္ခမကြီးကို ဒိုလားရက်စ် နွမ်းနယ်နေသည့်မျက်နှာဖြင့် တစ်ချက်မော်ကြည့်သည်။ မတ်က -

" သားချောကလေး မွေးပေးတဲ့ မင်းကို တို့ ကျေးဇူးတင်နေကြတယ် ဒိုလားရက်စ်"

" ဟုတ်လား "

ဒိုလားရက်စ်က မလှုပ်မရှားဘဲ ပြန်မေးသည်။

" ဟုတ်ပါတယ်ကွယ်၊ ရော်ဂျာလို့တောင် နာမည်ပေးပြီးပြီ။ အလွန်သတ္တိပြောင်တဲ့ ဘာသာရေးခေါင်းဆောင်တစ်ယောက်ရဲ့ နာမည်လေ "

" ကောင်းပါတယ် "

မတ် က နှုတ်ခမ်းကို တံတွေးဆွတ်လိုက်ပြီး ကုတ်အင်္ကျီထဲ လက်နှစ်ဖက် ထည့်လိုက်သည်။ ဖေဖေ သည် ဆံပင်တု ကို စွပ်ခဲ့သည်။ အလွန့်အလွန် အရေးကြီးသည့် ကိစ္စများတွက်တော့ စွပ်လေ့ရှိသည်။ ယနေ့ ဆံပင်တု စွပ်လာ၏။ အနေရ ကျပ်နေပုံဖြင့် နဖူးရေ တွန့်ထားသည်။

" ကာလက် မကြာခင် လာပါလိမ့်မယ် "

ဒိုလားရက်စ် မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။ မရှိက်ဘဲ မျက်ရည်တွေတွေကျကာ ကျိတ်ငိုနေသည်။

" ကျွန်မ အနားက တစ်ဆိတ် ထွက်သွားပါ " ဟု တိုးတိုးပြောသည်။


<<<http://www.shwezinu.blogspot.com/

မတ်ရှာရမီ က လက်တစ်ဖက်ကို ကုတ်အင်္ကျီအိတ်ထဲက ထုတ်ပြီး အင်္ကျီကြယ်သီးတစ်ခုကို လိမ်နေသည်။ ဂျူးဒစ် က ဒိုလားရက်စ်၏ ဆံပင်ကို ပွတ်သပ်ပေးနေရာမှ -

" ကဲ သွားစို့ ဖေဖေ" ဟု တိုးတိုးပြောလိုက်သည်။

သမီး၏ လက်မောင်းကို တွဲပြီး မတ် အခန်းထဲမှ ထွက်ခဲ့သည်။

ခန်းမထဲ ရောက်တော့ -

" ဖေဖေ ပြန်မှ ထင်တယ် "

" ညစာစားချိန် ရောက်တော့မယ်၊ ဖေဖေကလဲ စားပြီးမှ ပြန်လေ "

" မစားတော့ဘူး သမီး၊ ဖေဖေပြန်မယ်၊ သမီးက ... သမီးက ဒိုလားရက်စ်ကို တော်တော် သည်းညည်းခံ တယ်နော် "

" သည်းညည်းတော့ ခံပါတယ်၊ ဒါပေမဲ့ အမြဲတမ်းတော့ မဟုတ်ဘူး ဖေဖေ၊ မခံနိုင်တဲ့အဆုံးတော့ သမီးလည်း သူ့ကို ရက်ရက်စက်စက် ပြောမိတယ် "

" အင်း ဖေဖေ ထင်တယ်လေ၊ သူတို့လို ဟာမျိုးတွေကို ဖေဖေတို့ နားလည်ဖို့ သိပ်လွယ်မှာ မဟုတ်ဘူး "

သက်ပြင်းချပြီး ဖေဖေ ထွက်သွားသည်။

ဂက်သစ်ချမြိုင်သို့ ကာလက် ရောက်လာချိန်တွင် ဇော်ဂျာကလေး ခြောက်ရက်သားရှိနေပြီ။

သားကလေးကို ကာလက် သိပ်တွေ့ချင်နေပြီ။ သို့သော် တစ်ပြိုင်တည်းတွင် ဒိုလားရက်စ်နှင့်လည်း မျက်နှာချင်း မဆိုင်ချင် ဖြစ်နေ၏။

တနင်္ဂနွေနေ့ဖြစ်၍ သားအဖနှစ်ယောက် ဘုရားရှိခိုးကျောင်းသို့ သွားရန် ရှိနေသည်။ သို့သော် အဖေ့ကို တစ်ယောက်တည်း လွှတ်လိုက်ပြီး မြင်းတစ်စီးဖြင့် မြစ်ဘက်သို့ ထွက်ခဲ့သည်။ ဂျူးဒစ်၏ စာတို ကလေး ရောက်မလာမီအထိ သူ သည်လို ခံစားရလိမ့်မည် မထင်ခဲ့။ လောကတွင် ဇော်ဂျာရှာရမီ ဆိုသည့် ချာတိတ် ရောက်နေပြီ ဆိုသည်ကို သိနေကတည်းက သူ့အာရုံ ဘယ်ကိုမှ မပျံ့လွင့်တော့။

မြစ်ပြင်ပေါ်တွင် တငွေ့ငွေ့ လွင့်တက်နေသည့် နှင်းငွေ့တွေကို ကြည့်ပြီး ကာလက်၏ ရင်ထဲ တွင် ဒေါသတွေ လှိုင်းထလာပြန်သည်။ လိမ်ညာလှည့်ဖြားကာ မိမိကို အရချိုင်ယူသည့် မိန်းမ။

<<http://www.shwezinu.blogspot.com/

ကာလက်သည် လူဖြောင့်တစ်ယောက်ဖြစ်၏။ ဒိုလားရက်စ်၏ ဒဏ္ဍာရီများကို ယုံကြည်ခဲ့၏။ သည်ပုံပြင်များဖြင့် မိမိကို အသုံးချသွားခြင်းဖြစ်ကြောင်း သိပြီးကတည်းက ကာလက်တစ်ယောက် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည်။ သိက္ခာလည်း အကျကြီး ကျခဲ့ပြီ။

လူတိုင်း၏ ပါးစပ်ဖျားတွင် သူသည် သနားစရာ သတ္တဂါ တစ်ကောင်အဖြစ် ရယ်ပွဲဖွဲ့ခြင်းခံနေရပြီ။ သည်အရွယ် အထိ ဘယ်သူ့ ကြင်နာသနားမှုကိုမှ ကာလက် မခံခဲ့ဖူး။ သရော်လှောင်ပြောင်လည်း မခံခဲ့ဖူးပေ။

တွေးလေ တွေးလေ သည်းမခံနိုင်လေ ဖြစ်နေသည်။ သည်မိန်းမကို ကလဲ့စားချေရမည်။ မိမိ ခံစားနေရ သလို ခံစားရအောင်၊ ထိထိခိုက်ခိုက် ဖြစ်အောင် လုပ်ရမည်။ ပြီးတော့ မိမိ လူသိရှင်ကြား အရှက်ကွဲခဲ့သလို အများသိအောင် ဒဏ်ခတ်ရမည်။ ကာလက်ရာမီဆိုတဲ့ ကောင်ဟာ သိုးငယ်လေးတစ်ကောင် မဟုတ်ဘူး ဆိုတာ သိကြရမှာပေါ့ကွာ။

မြင်းဇက်ကြိုး ကို တံ့ခနဲဆွဲပြီး ဂက်သစ်ချမြိုင်ဘက်သို့ ဦးတည်လိုက်သည်။ ဖီးလစ်နှင့် ဂျူးဒစ် တို့ကို တွေ့လျှင် အငြင်းအခုံ ဖြစ်နေရဦးမည်။ သည်အချိန်ဆို သူတို့ အိမ်မှာမရှိနိုင်။ ဘုရားရှိခိုးကျောင်း မှ ပြန်ရောက်ကြဦးမည် မဟုတ်သေး။ လှေကားထစ်တွင် ထိုင်ငိုက်နေသည့် ဂျိုးက ကာလက်ကို မြင်တော့ ပုန်းခနဲ ထရပ်ပြီး မျက်လုံးပြူး၊ မျက်ဆန်ပြူး ကြည့်နေသည်။ အင်း ... ဒီကိစ္စ အစေခံတွေပါ သိနေပြီကိုး။ ကာလက် ပိုပြီး ခံပြင်းသွားပြန်သည်။

" မစ္စဒိုလားရက်စ် ဘယ်မှာလဲ "

ကာလက် သံပြတ်နှင့် မေးသည်။

" အခန်းထဲမှာ ရှိပါတယ် အစ်ကိုလေး "

" ကလေးထိန်းကို သွားပြောစမ်း၊ ကလေးကို ခေါ်လာခဲ့လို့ "

" ဟုတ်ကဲ့ခင်ဗျ" ဟု ပါးစပ်က ပြောပြီး၊ မျက်လုံးပြူးကြီးနှင့် ဂျိုးစိုက်ကြည့်နေဆဲ။

" ဟေ့ကောင်၊ သွားလေ၊ ငါပြောတဲ့အတိုင်း မြန်မြန်လုပ်စမ်း "

ကာလက် ကြောက်မက်ဖွယ် ဟိန်းဟောက်လိုက်တော့မှ ကျောပေါ်ကျလာသည့် ကြိမ်ကို လွတ်အောင် ရှောင်သည့်အလား ခုန်ချထွက်ပြေးသွား၏။ ဂျိုး အိမ်ထဲဝင်သွားတော့ ဥပစာဆောင်တွင် ကာလက် ရပ်စောင့်နေသည်။

ခဏနေတော့ ကပ္ပလီမကလေးတစ်ယောက် ထွက်လာသည်။ ကလေးကို ပွေ့လျက်။ အခန်းဝတွင် ရပ်ပြီး ကာလက်ကို အရိုအသေပေးသည်။ သူ့အမူအရာက ရှေ့ဆက် တိုးမလာရဲသလို။ ကာလက်က သူ့ဆီ လျှောက်သွားသည်။



<<http://www.shwezinu.blogspot.com/

" ငါ့ကို ပေးစမ်း "

ကလေးထိန်း ကောင်မလေး ဝေခွဲမရ ဖြစ်နေပုံရ၏။ ပြီးမှ အထုပ်ကလေးကို ကမ်းပေးသည်။ ကလေးငယ် ကို ကာလက် အူကြောင်ကြောင်နှင့် ငုံ့ကြည့်သည်။ သူ အံ့ဩနေ၏။ ကလေးပေါက်စကလေးတွေ သည်လောက် သေးကွေးလိမ့်မည်ဟု သူ မထင်ခဲ့။

အိပ်ပျော်နေသည့် ရော်ဂျာကလေးသည် ကလေးထိန်းလက်ထဲမှ သူ့အဖေလက်ထဲ ရောက်တော့ နိုးသွားပြီး တစ်ချက်အဲ့လိုက်သည်။ ကာလက်လှည့်ထွက်လာပြီး တံခါးမကြီးဆီသို့ လျှောက်သွား သည်။

" အစ်ကိုလေး၊ ဘယ်ခေါ်သွားမလို့လဲရှင့် "

ကောင်မလေး နောက်မှ လိုက်သွားပြီး အော်မေးသည်။ ကာလက်က သမင်လည်ပြန် လှည့်ပြီး -

" ဟဲ့ ကောင်မလေး၊ နေခဲ့၊ နင် ရှေ့တစ်လှမ်း တိုးရဲတိုးကြည့် "

ကလေးထိန်းကောင်မလေးနှင့် ဂျိုးတို့နှစ်ယောက် နောက်မှ ပြေးလိုက်သွားသည်။ ကာလက်က ကလေးကို ပွေ့ပြီး သူ့မြင်းဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားနေပြီ။ ပြီးတော့ ကလေး ကို ပွေ့လျက်သား မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်သည်။

ကလေးထိန်းက ခြေနင်းကွင်း ကို ကိုင်ပြီး အထိတ်တလန့်အော်သည်။

" အစ်ကိုလေး မလုပ်ပါနဲ့၊ ကလေး ပြန်ပေးပါရှင့် "

" ဟဲ့ ကောင်မလေး၊ နင့်ပါးစပ် ပိတ်ထားစမ်း၊ ခု လွှတ် "

ဂျိုးကလည်း ကောင်မလေးဘက်က ဝင်ပြောသည်။

" အစ်ကို လေးကာလက်၊ ကျွန်တော်တို့ အစ်ကိုလေးဖီးလစ်က ကလေးပေးလိုက်ဖို့ အမိန့်မပေးခဲ့ပါဘူး၊ ဒါကြောင့် ကျွန်တော် တို့ မပေးရဲပါဘူး ခင်ဗျ"

" ဟေ့ကောင်လေး၊ တိတ်တိတ်နေစမ်း၊ မင်း အဆော်ခံချင်လို့လား၊ ဖယ် "

ခြေနင်းကွင်းကို ကိုင်ထားသည့် ကလေးထိန်းကောင်မလေး၏ လက်ကို ခါထုတ်လိုက်ပြီး မြင်းကို အသော့ စနင်သည်။ ကောင်မလေး တရှုပ်ရှုပ်ငိုကျန်ရစ်သည်။ ရော်ဂျာလေး နိုးလာပြီး အော်ငိုလေ သည်။ ကာလက် နောက်သို့ လှည့်မကြည့်တော့။

ညနေပိုင်း တွင် ဖီးလစ်နှင့် ဂျူးဒစ်တို့ သစ်ဖြူတောသို့ ရောက်လာကြသည်။ ဖီးလစ် ကာလက်ကို နားချနေသည်။

<<http://www.shwezinu.blogspot.com/

" မောင်ရင် သူ့ကို မြင်စေချင်တယ်ကွာ၊ တကယ် သနားစရာပဲ "

ကာလက် ဘာမှ စကားပြန်မပေး။ ဂျူးဒစ်ကလည်း အားနှင့် မာန်နှင့် ဖင်ပြောသည်။

" ကာလက်လုပ်ပုံက ကံကောင်းလို့ သူ မသေတာ သိလား၊ ကလေးကို ခေါ်သွားမှန်းလည်းသိရော အိပ်ရာပေါ်က ခုန်ချပြီး ကာလက်နောက်ကို တအားပြေးလိုက်တာတဲ့လေ၊ ခန်းမထဲမှာတင် သတိမေ့ပြီး လဲကျသွားတယ်၊ အိန်ဂျဲလစ် လုပ်တတ် ကိုင်တတ်လို့ပေါ့ ကာလက်ရယ်၊ သူ လမ်းမှ သိပ်မလျှောက်နိုင်သေးတာပဲဟာ "

ကာလက် ပြန်အော်တော့သည်။

" နင်တို့ နှစ်ယောက်စလုံး ပြန်ကြ၊ ငါ့ဘာသာ ငါနေပါရစေ၊ ဒါ ငါ့ကလေး၊ သူလိုဟာမရဲ့ အစောင့်အရှောက်အောက် မှာ ငါ ဘယ်လို လုပ်ထားရဲမလဲ၊ ကဲ ... သွားကြပါတော့ "

ဂျူးဒစ် စိတ်ပျက်လက်ပျက်ဖြင့် လက်အိတ်နှစ်ဖက်ကို ကောက်ယူသည်။ ဖီးလစ်က -

" ခဏလေး ကာလက်၊ ကိုယ် တစ်ခုမေးမယ်၊ ဒီလားရက်စ်ဟာ ဘာပဲဖြစ်ဖြစ် မောင်ရင့်မိန်းမပဲ၊ သူ့အတွက် ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ "

ကာလက်က ကလေးပုခက်မှ ကြိမ်နန်းကလေးများကို လက်ဖြင့် ကိုင်ကြည့်နေရင်း -

" အဲဒီအကြောင်း ကျွန်တော် ပြောမလို့ပါပဲ၊ ခင်ဗျားတို့ ဒါလောက် အကြာကြီး သူ့ကို စောင့်ရှောက်ထားရတဲ့ တာဝန် မသေးဘူးဆိုတာ ကျွန်တော် သိပါတယ် "

" ကလေးကို ခုလိုနည်းနဲ့ ယူသွားတယ်ဆိုတော့ သူနဲ့ အတူနေဖို့ စိတ်မကူးတော့ဘူးဆိုတဲ့ အဓိပ္ပာယ်လား "

" ကျွန်တော် ခင်ဗျားတို့ကို ဆက်ပြီး ဒုက္ခမပေးပါဘူး၊ ကျွန်တော့် တာဝန် ကျွန်တော် ပြန်ယူမှာပါ၊ ဒီမှာပဲဖြစ်ဖြစ် နယူးအော်လီယန်းမှာ ဖြစ်ဖြစ် သူ့ကို အိမ်တစ်လုံးရှာပေးဖို့ ကျွန်တော် စီစဉ်နေပါတယ်၊ သုံးလ တစ်ကြိမ် ထောက်ပံ့ကြေး ပေးသွားမယ်၊ သူ နေကောင်းလာတာနဲ့ တစ်ပြိုင်နက် အသင့်ဖြစ်အောင် ကျွန်တော် လုပ်ထားပါ့မယ် "

ဖီးလစ် က ပခုံးတွန့်ပြီး ခတ်ပြတ်ပြတ် ပြောသည်။

" ကောင်းပြီလေ "

ဂျူးဒစ်က မကျေမချမ်းဖြင့် -



<<<http://www.shwezinu.blogspot.com/

" ကာလက်လုပ်ပုံက သိပ်တစ်ကိုယ်ကောင်းဆန်တာပဲ" ဟု ဆိုပြီး လင်မယားနှစ်ယောက် ထွက်သွားကြသည်။

ကာလက်သည် သားကလေးကို တစိမ့်စိမ့်ကြည့်ရင်း တသိမ့်သိမ့် ကြည်နူးနေသည်။ ဘယ်တုန်းကမှ၊ ဘယ်သူ့ အတွက်မှ မဖြစ်ပေါ်ဖူးသည့် ပီတိသုခမျိုးဖြင့် ရင်မှာ အေးမြနေ၏။ မိမိ ကိုယ်ပွား ရင်သွေး ကလေးကို ပိုင်ဆိုင်ရပြီဖြစ်၍ ဒိုလားရက်စ်၏ ကဏ္ဍကို လုံးလုံးမေ့ပစ်နိုင်လိမ့်မည် ဟုထင်ခဲ့သည်။

သို့သော် တကယ်ကျတော့ လွယ်လွယ်နှင့် မေ့မရနိုင်ဘဲ ဖြစ်နေသည်။ သစ်ဖြူတောသို့ ချစ်၍ ခေါ်ရာ သူကလေး လိုက်ခဲ့စဉ်က သိပ်ကို ချစ်စရာကောင်းတဲ့ ကျူးဘားအလှမယ်ကလေးလေ။ ခုလို ကလေ ကချေ ကောင်မလေးမှ မဟုတ်တာ။

တွေးလေ ခံပြင်းဒေါသဖြစ်ရလေ ဖြစ်နေ၏။ ဒါကြောင့်လည်း မိမိ အပေါ် သူလှမ်းမိုးခဲ့သမျှ ပြန်ပြီး အနိုင်ယူဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရော်ဂျာကလေး ရောက်လာသည်မှာ နှစ်ပတ်ကြာခဲ့ပြီ။ ကလေးကို သိပ်ဖို့ ပုခက်ပြင်နေသည့် ကလေးထိန်း ကို ကြည့်ပြီး ကာလက် ပီတိတွေဖြာနေ၏။ မျက်နှာမှာ ပြုံးချိုလျက်။

သားကလေး ကို ကောက်ပွေ့ပြီး ချော့သိပ်သည်။

" အစ်ကိုလေး က အမျိုးသမီးတစ်ယောက်လိုပဲ ညင်သာတယ်" ဟု ကလေးထိန်းက သူ့ကို ချီးကျူးရင်း သူ့ကလေး မည်းကြုတ်ကြုတ်ကလေးကို ပုခက်ထောင့်တွင် ချလိုက်သည်။

ဖအေ့ ရင်ခွင်ထဲတွင် ရော်ဂျာကလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီ။ ပုခက်ထဲသို့ ရွရွကလေး ထည့်ပြီး စောင်လွှမ်းပေးသည်။ ပြီးမှ "ဂွတ်နိုက်ရော်ဂျာ" ဟု တိုးတိုးကလေး နှုတ်ဆက်ကာ ခြေကို ဖွဖွနင်း ၍ အခန်းထဲမှ ထွက်ခဲ့သည်။

<<<http://www.shwezinu.blogspot.com/

သစ်ဖြူတောအိမ်ကြီးသည် တိတ်ဆိတ်ခြင်းမလှ တိတ်ဆိတ်နေ၏။ အဖေ့ဟောက်သံ သဲ့သဲ့ကလွဲပြီး ဘာသံမျှ မကြားရ။ ကာလက် ပုန်းခနဲ ထ ထိုင်လိုက်သည်။ အိပ်ပျော်နေရာမှ အလန့် တကြား နိုးလာခြင်းဖြစ်၏။ ခန်းမဆောင်တစ်ဖက်ရှိ ကလေးခန်းဆီမှ ကလေးငိုသံပါလား။ တစ်ယောက် တည်း ပခုံးတွန့်ပြီး အိပ်ရာပေါ် ပြန်လှဲလိုက်သည်။ ကလေးထိန်း မိန်းမ၏ သားကလေး အသံမှန်း သိသာသည်။ ရော်ဂျာ့အသံက ဒါလောက် မကျယ်သေးဘူးလေ။ ကလေးငိုသံတင်မကဘဲ စကားပြောသံတွေ ပါ ကြားနေရသလိုလို။ ကလေးခန်းဆီမှ ခပ်အုပ်အုပ် ပြောသံတွေ။

ဟင် ... မိန်းမနှစ်ယောက် အချေအတင် ပြောနေသံပါလား။ ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ အိပ်ရာပေါ်မှ ခုန်ဆင်း လိုက်သည်။ ဖိနပ်မစီးတော့ဘဲ ခန်းမဆောင်ကို ဖြတ်ပြေးသွားသည်။ ကလေးခန်း တံခါးကို ပုန်းခနဲ ဆွဲဖွင့်လိုက်သည်။

ပြတင်းပေါက်မှ စီးဝင်နေသည့် ကြယ်ရောင်ရေးရေးတွင် အနက်ရောင် သဏ္ဍာန်တစ်ခုကို တွေ့ရ သည်။ ကာလက်အတွက် မမှတ်မိနိုင်စရာ အကြောင်းမရှိသော ပုံရိပ်။ ဘယ်ဘက်လက်ဖြင့် ကလေး ကို ပွေ့ထားပြီး ညာဘက်လက်တွင် သေနတ်နှင့်။ သေနတ်ပြောင်းက ကလေးထိန်းအမျိုး သမီးကို ချိန်လျက်။ ကပ္ပလီအမျိုးသမီးမှာ ကြောက်လွန်းသဖြင့် နံရံကို မှီကာ တဆတ်ဆတ်တုန်နေ သည်။ သူ့ ကလေး နိုးလာပြီး အထိတ်တလန့်နှင့် စူးစူးဝါးဝါးအော်ငိုပြန်သည်။ ရော်ဂျာကလေးက တအင်အင်နှင့်။

" ကလေးကို ပြန်ချထားစမ်း"

ကာလက် ကြောက်မက်ဖွယ်အသံဖြင့် အမိန့်ပေးလိုက်သည်။ ဒိုလားရက်စ်သည် ကလေးကို ရင်မှာ ကပ်လိုက်၏။ သေနတ်ပြောင်းဝကို ကာလက်ဆီသို့ လှည့်လိုက်သည်။

ကာလက် နားထဲတွင် သေနတ်သံတစ်ချက် ကြားလိုက်၏။ ဝမ်းဗိုက်နံဘေးတွင် နာကျင်မှုဝေဒနာကို အပြင်း အထန် ခံစားလိုက်ရပြီး လဲကျသွား၏။ ရှေ့မှ အနက်ရောင်သဏ္ဍာန်သည် ဒယီးဒယိုင် ဖြစ် သွားသည်။

သတိ လုံးဝလစ်သွားသည်တော့ မဟုတ်။ သို့သော် စကားမပြောနိုင်တော့။ ဒိုလားရက်စ် ကလေးကို ပွေ့ကာ ပြတင်းပေါက်မှ ခုန်ဆင်းသွားသည်ဟု ထင်လိုက်၏။ ကလေးထိန်းမိန်းမက အကြောက် လွန်ပြီး ကြက်သေ သေနေ၏။ ထ ဖို့ ကြိုးစားသည်။ မရ။ အသံတစ်သံ အိမ်ထဲတွင် ထပ် ပေါ်လာ သည်။ အဖေ့အသံ။ အဖေ ချက်ချင်း အခန်းထဲ ရောက်လာသည်။

" ခု ထွက်သွား၊ အရှက်မရှိတဲ့ မိန်းမ "

အဖေက ပြောပြောဆိုဆို ဒိုလားရက်စ်လက်ထဲက ကလေးကို ဝင်လုသည်ကို သိလိုက်သည်။ ထိုစဉ် မခံ မရပ်နိုင်အောင် နာလာပြီး ကာလက် လုံးဝ သတိလစ်သွားတော့သည်။

<<<http://www.shwezinu.blogspot.com/

ဂက်သစ်ချမြိုင် ခန်းမဆောင်ထဲတွင် ဂျူးဒစ် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။ ဤသို့ ဆောက်တည်ရာမရ ဖြစ်နေသည်မှာ လေးရက်ပင် ရှိခဲ့ပြီ။ ကာလက်များ တစ်ခုခုဖြစ်ရင်တော့ သင်း ဂက်သစ်ချမြိုင်မြေကို မနင်းစေရဘူးဟု စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

ချက်ချင်း ခြေလှမ်းတုံ့သွားပြီး မျက်ရည်တွေ လည်လာကာ သူ့ကို အချုပ်ခန်းထဲမှ ရအောင်ခေါ်ပြီး ပြန်လာဖို့ လင်တော်မောင်ကို ပူဆာပြန်သည်။ သူ မပြောခင် ဖီးလစ်က ခေါ်ချင်နေသူ။ အချုပ်ခန်း မှာ ညစ်ပတ်စုတ်ပြတ်နေပြီး ကြွက်တရှုန်းရှုန်းနှင့် မဟုတ်လား။ သို့သော် အစ်ကို တစ်ယောက်လုံး အသက်အန္တရာယ် စိုးရိမ်နေရချိန်တွင် အစ်ကို့ကိုသတ်ဖို့ ကြိုးစားသည့် မိန်းမကို အိမ်ခေါ် ထားရမည့် ကိစ္စမှာ အလွန် အပြောရခက်သည့် ကိစ္စဖြစ်၍ ငြိမ်နေခဲ့ရခြင်းဖြစ်သည်။

ငရဲခန်းထဲ မှ ထုတ်လာပြီး ဂက်သစ်ချမြိုင် ပြန်ရောက်တော့ ဒိုလားရက်စ်က သူတို့နှစ်ယောက်စလုံး ကို ကျေးဇူးစကားမဆို။ ရောက်ရောက်ချင်းတစ်ခုပဲ တောင်းဆိုသည်။ ရေချိုးပါရစေတဲ့။

ဂက်သစ်ချမြိုင် တွင် ကလေးနှစ်ယောက်နှင့် အတူမဟုတ်သည့် အချိန်များ၌ ဒိုလားရက်စ်တစ်ယောက် လုံး၊ စကားမပြောဘဲ တစ္ဆေမကလေးလို လှုပ်ရှားနေသည်။

ကာလက် ဒဏ်ရာ တဖြည်းဖြည်းနှင့် သက်သာလာသည်။ သားအဖ နှစ်ယောက် ငွေကုန်ကြေးကျခံပြီး ဒိုလားရက်စ အမှု ရုံးတင်မခံရအောင် လိုက်ပေးသည်။ ဒိုလားရက်စ်ကို သံယောဇဉ်ရှိ၍လား၊ သစ်ဖြူတော ၏ ဂုဏ်သိက္ခာကိစ္စလားဟု ဂျူးဒစ် တွေးနေသည်။ တစ်နေ့တွင် ဖီးလစ်က ခေါင်းခါပြီး -

" မင်းအစ်ကို ဟာ မင်းတို့ ပြောပြောနေတဲ့ နယူးအင်္ဂလန်က ကျောက်တုံးကြီးတွေနဲ့ လုပ်ထားတဲ့ လူစားမျိုး ထင်ပါရဲ့ကွာ" ဟု ညည်းညည်းညူညူပြောလေသည်။

ဒိုလားရက်စ် အတွက် အိမ်ဆောက်ဖို့ ကာလက် အသင့်ဖြစ်နေကြောင်း ထပ်ပြောသည်။ သို့သော် တစ်ဖက် ကလည်း ကလေးကို တစ်ဦးတည်း အုပ်ထိန်းလိုမှုအတွက် သက်ဆိုင်ရာကို ဦးတိုက်လျှောက်ထားရန် လုံးပန်းနေသည်။ ဂျူးဒစ်အနေဖြင့် သည်ကိစ္စ မပြီးမချင်း ဒိုလားရက်စ်ကို လက်ခံထားရတော့မည်ဖြစ်သည်။

နောက်ခြောက်လအကြာ။ ဖလော်ရီဒါအနောက်ပိုင်း ဘုန်းတော်ကြီးမြတ်သော ဘုရင့်ကို နီနံ့ရုံးတော်မှ စာရွက်ခုနစ်ရွက် ပါသည့် စီရင်ချက်ထွက်လာသည်။ ဒိုလားရက်စ်ရှာရမီမှာ လင်ယောကျ်ားကို သတ်ဖို့ ကြိုးစား ခဲ့သည့် မိန်းမဖြစ်ကြောင်း၊ ကာလက်ရှာရမီကို မမှန်ကန်သော နည်းလမ်းဖြင့် လိမ်ညာ လှည့်ဖြားပြီး သွေးဆောင် လက်ထပ်ခဲ့သူဖြစ်ကြောင်း၊ ထို့ကြောင့် ဇော်ဂျာရှာရမီအား အုပ်ထိန်းခွင့်ပေးသင့် သူမှာ ဖခင် ကာလက်ရှာရမီပင် ဖြစ်ကြောင်း စသည်ဖြင့် စီရင်ချက်တွင် ဖော်ပြပါရှိသည်။

တရားရုံးတော်မှ ဖီးလစ်ပြန်လာတော့ ဂျူးဒစ် ဥပစာဆောင်ထဲတွင်ရှိနေသည်။ သူ မြင်းပေါ်မှ ဆင်းပြီး လေးကန်သော ခြေလှမ်းများဖြင့် လှေကားထစ်များကို တက်လာနေသည်။



<<http://www.shwezinu.blogspot.com/

" ဘာတဲ့လဲဟင် အစ်ကို "

" တို့ ထင်တဲ့အတိုင်းပါပဲ "

ဖီးလစ်က စီရင်ချက်စာရွက် မိတ္တူကို လှမ်းပေးရင်း ပြောလိုက်သည်။ ဂျူးဒစ် အခဆောင်လက်ရန်းကို မှီပြီး ဖတ်သည်။

" သူ့ကို ပြောလိုက်ရမလားဟင် "

" ပြောလိုက်ရင် ကောင်းမယ်ထင်တယ်၊ သူ ဘာလုပ်မလဲ မသိဘူး "

" မပြောတတ်ဘူး၊ တော်တော်တော့ ခံစားရမှာပဲ၊ သူက တစ်မျိုးမျှော်လင့်ထားတာ မဟုတ်လား "

" အေးလေ၊ ဘယ်သူမပြု မိမိမှုပဲ၊ ကာလက်ကို သေကောင်ပေါင်းလဲဖြစ်အောင် သူ လုပ်ခဲ့တာကိုး၊ ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ သူ့အပေါ် တာဝန်ကျေသားပဲ ဂျူးဒစ်ရယ်၊ အဲဒီလိုသာ ဖြေပေတော့ "

ဒိုလားရက်စ် ဥပစာဆောင်ထဲ ဝင်လာသည်။ ဂျူးဒစ်လက်ထဲမှ စာရွက်ထပ်ကြီးကို လှမ်းကြည့်ပြီး စိုးရိမ်တကြီး လေသံဖြင့် -

" ဘာတဲ့လဲဟင် ဂျူးဒစ် "

ဂျူးဒစ်က စာရွက်တွေကို ကမ်းပေးလိုက်သည်။ သူ လှမ်းယူသည်။ ဟိုလှန်သည်လှန် လုပ်နေပြီး မှ ပြန်ပေးရင်း -

" ကျွန်မ အင်္ဂလိပ်စာ မဖတ်တတ်ဘူးလေ "

" သြော် ... အင်း၊ မေ့လို့ "

ဂျူးဒစ် အားတင်းပြီး စာရွက်ကို စီကာ ဖတ်မည်ပြုသည်။

" ဘုန်းတော်ကြီးမြတ်လှသော တတိယမြောက် ဂျော့ဘုရင်မင်းမြတ်၏ ... အို ... အစ်ကိုပဲ ဖတ်ပြလိုက်ပါ"

ဒိုလားရက်စ် တံခါးရွက်ကို မှီပြီး ရပ်နေသည်။ သူတို့ဘက်သို့ တည့်တည့်မကြည့်။ ဖီးလစ် ခပ်သွက်သွက် ဖတ် သွားသည်။

" ဒယ်လ်ရှိုင်းမြို့၊ လူဂီစီးယားနား၊ ဖွန်လ သုံးရက်၊ တစ်ထောင့်ရှစ်ရာ ခုနစ်ဆယ့်ခုနစ်"ဟု နိဂုံးချုပ်လိုက်၏။

<<<http://www.shwezinu.blogspot.com/

ဒိုလားရက်စ် ကျောက်ဆစ်ရုပ်လို မလှုပ်မယှက် ရပ်နေသည်။ ဖီးလစ်နှင့် ဂျူးဒစ်တို့နှစ်ယောက်က ငိုများ ငိုချလေ မလား၊ ပြိုပဲ ပြိုလဲသွားလေမလားဟု စိုးရိမ်တကြီး စောင့်ကြည့်နေသည်။

သို့သော် ဒိုလားရက်စ် ဘာမှမဖြစ်။ အတော်ကြီးကြာမှ လက်ကမ်းပြီး "အဲဒါ ကျွန်မကို ပေးပါလား"ဟု စာရွက်တွေ ကို တောင်းသည်။ ထွက်လာသည့် အသံက တိုးတိုးလေး။

" ရော့လေ၊ ကိုယ်တို့ စိတ်မကောင်းပါဘူး ဒိုလားရက်စ် "

ဖီးလစ် စာရွက်ထပ် ကို သွားပေးရင်း ပြောလိုက်သည်။ " ကျေးဇူးတင်ပါတယ်" တစ်ခွန်းသာ ပြောပြီး အိမ်ထဲ ပြန်ဝင်သွားသည်။ အခန်းတံခါးဆွဲပိတ်သံ ကြားလိုက်ရ၏။

" ဂျူးဒစ် လိုက်သွားရမလားဟင် အစ်ကို "

" သူ့ဘာသာသူ နေပါစေ၊ လာ တို့ ညစာ စားကြရအောင် "

" ဒါဖြင့် အစ်ကို ရေချိုးဖို့ ရေနွေးစပ်ခိုင်းလိုက်မယ် "

ဂျူးဒစ် ရင်ထဲတွင် နင့်နေအောင် ခံစားနေရသည်။ သူ့အပြစ် သူခံသွားသည် ထားဦး၊ ဂင်မပူဘဲ မနေ နိုင်အောင် ဖြစ်နေသည်။ သူ့အခန်းရှေ့မှ ဖြတ်သွားတော့ အထဲမှ ကျိတ်ငိုနေသံ ကြားရသည်။ သည်းအူပြတ်မျှ သောက ရောက်နေသည့် ငိုရှိုက်သံမျိုး။

ထိုညတွင် ဒိုလားရက်စ် တစ်ညလုံး အပြင်ထွက်မလာတော့ပေ။ အစေခံတွေကို အစားအသောက် ပို့ခြင်းဖြင့် မနှောင့်ယှက်ဖို့ ဂျူးဒစ် အမိန့်ပေးထားသည်။

အိပ်ခန်း ထဲရောက်တော့ ဖီးလစ်က ထင်ကြေးပေးသည်။

" သူ ခုလောက်ဆို အရက်မူးအောင် သောက်နေလောက်ပြီထင်တယ်၊ အရက်ဗီရိုထဲမှာ ဂီစကီ တစ်လုံး ပျောက်နေတယ်၊ အင်း ... သနားပါတယ် မခံနိုင်တော့ဘူး ထင်တယ် "

" သူ စိတ်ချမ်းသာသလို နေပါစေ အစ်ကိုရယ် "

သည်ညအဖို့ သူ့ဘာလုပ်လုပ် ဂျူးဒစ် ခွင့်လွှတ်ထားမည်သာ။ အိပ်ရာထဲ ရောက်တော့ ဂျူးဒစ် လင်တော်မောင်ကို တင်းတင်းဖက်ထားလိုက်မိသည်။ ခုလို ငြိမ်းချမ်းအေးမြတဲ့ ဂက်သစ်ချမြိုင်ရဲ့ မဟောသီ ဘဂနဲ့ နေရအောင် ငါ့ဘာတွေများ ဆောင်ကြဉ်းခဲ့လို့လဲဟု ပြန်စဉ်းစားနေမိသည်။

မိမိကို မြတ်နိုးလှသည့် အိမ်ဦးနတ်နှင့်အတူ ဂက်သစ်ချမြိုင် အိမ်ကြီးရယ်၊ ကျေးကျွန်တွေရယ်၊ ချစ် စရာ ရင်သွေးငယ်နှစ်ယောက် ရယ်၊ ဒါတွေအားလုံး ဘုရားသခင်က ချက်ချင်း ဖန်ဆင်းပြီး လက်ထဲ လာထည့် သွားသည့် အလား။



<<http://www.shwezinu.blogspot.com/

အိပ်မပျော်မီ တိုးတိုးကလေး ဆုတောင်းလိုက်သည်။

" အို အရှင်၊ တပည့်တော်မကို ဤအရာအားလုံးနှင့် ထိုက်တန်သည့် ကိုယ် ဖြစ်ရပါလို၏ဘုရား၊ စိတ်လိုက်မာန်ပါ လျှောက်လုပ်နေသည့် တပည့်တော်မ၏ အစ်ကို့ကိုလည်း သနားခွင့်လွှတ်တော်မူ ပါဘုရား "

နောက်တစ်နေ့ မနက်စောစော မြင်းတစ်စီးဖြင့် စိုက်ခင်းတွေဆီသို့ ဗီးလစ် ထွက်သွားသည်။ မွန်းတည့်ချိန်လောက် မှ ပြန်ရောက်လာ၏။ ဂျူးဒစ် စိုးရိမ်တကြီး စောင့်နေသည်။

" ခုထက်ထိ သူ အပြင်မထွက်ဘူး အစ်ကို၊ ဝင်ကြည့်ရရင် မကောင်းဘူးလား "

" သွားကြည့်လေ၊ တစ်ညလုံး အိပ်မပျော်ဘဲ လင်းခါနီးမှ အိပ်သွားတာလည်း ဖြစ်နိုင်တာပဲ၊ ဒါမှမဟုတ် ခုထိ ဆက်ငိုနေတုန်းပဲလား၊ အဲဒါဆိုလည်း ကျိတ်ခံနေတာနဲ့စာရင် ကောင်းပါတယ်လေ "

ခန်းမဆောင်ကို ဖြတ်ပြီး ဒိုလားရက်စ်၏ အခန်းသို့ ဂျူးဒစ် ခပ်သွက်သွက် လျှောက်သွားသည်။ ခပ်တိုးတိုး ခေါက်ကြည့်သည်။

" ဒိုလားရက်စ် "

အတွင်းမှ ထူးသံမကြားရ။ အတွင်းမှ ကန့်လန့်ကို အသာမပြီး တံခါးကို အသံမကြားအောင် ဖြည်းဖြည်းကလေး ဖွင့်ကြည့်သည်။ ဗီးလစ်ကို အလန့်တကြား အော်ခေါ်လိုက်သည်။

" အစ်ကို အစ်ကို လာပါဦး "

ဗီးလစ် ပြေးချလာသည်။

" ဘာလဲ ဂျူးဒစ် "

" သွားပြီ၊ သူ သွားပြီ။ အားလုံး ယူသွားပြီ အစ်ကို "

နှစ်ယောက်သား အခန်းထဲ ဝင်ခဲ့ကြသည်။ အိပ်ရာတွေမှာ ကြေမွတွန့်လိပ်လျက်။ ခေါင်းအုံးက ပုံပျက်ပန်းပျက် ပိန်ရှုံ့ပုံပျက်နေ၏။ အကြိမ်ကြိမ် ဖက်ထားပုံလည်းရ၏။ လက်သီးနှင့် ထိုးကြိတ်ထား ပုံလည်းရ၏။ တစ်ခန်းလုံး ရှုပ်ပွနေသည်။ အလောတကြီး ထသွားပုံရသည်။ ခြေအိတ် တချို့နှင့် ခေါင်းစည်းဖဲကြိုးတချို့ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသည်။

အံဆွဲများကို အပြင်ဆွဲထုတ်ထား၏။ အထဲတွင် ဘာမှမရှိတော့။ ဖယောင်းတိုင်မှာ အောက်အထိလောင်ပြီး ကုန်နေ၏။ ဗီးလစ်၏ မျက်လုံးအစုံပြတင်းပေါက်သို့ ရောက်သွားသည်။ နှစ်ပေါက်စလုံး ပွင့်နေ သည်။ မြေကြီးပေါ်သို့ သေတ္တာအလျင်ချပြီး သေတ္တာပေါ်မှတစ်ဆင့် လွယ်လွယ်ကူကူ ဆင်း သွားခြင်းဖြစ်သည်။

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ်က ဖီးလစ်၏ လက်မောင်းကို ဆွဲပြီး -

" သူ သစ်ဖြူတောကို သွားတာများလား အစ်ကို "

" မပြောတတ်ဘူး၊ ခဏ နေဦး "

ဖီးလစ်က အပြင်ထွက်သွားသည်။ အခန်းထောင့်တွင် အရက်ပုလင်းခွံ တစ်လုံးလဲနေသည်ကို ဂျူးဒစ် သတိထား မိ၏။ ဖီးလစ် ပြန်ဝင်လာသည်။

" သေနတ်တော့ ယူမသွားဘူး၊ အားလုံး သူ့နေရာနဲ့သူ ရှိနေတယ်၊ ဂျိုးကို သစ်ဖြူတောလွှတ်လိုက် ပြီး။ အဲဒီကိုများ ရောက်လာသလား သွားမေးခိုင်းလိုက်တယ် "

ဖီးလစ်က သရော်ပြုံး ပြုံးလိုက်ပြီး -

" အစ်ကိုတော့ အဲဒီသွားတယ် မထင်ပါဘူး "

" ဘာပြုလို့ "

" သေနတ်ခန်းထဲမှာရှိတဲ့ စားပွဲထဲက ပိုက်ဆံတွေအားလုံး ယူသွားတယ်လေ "

" ဘုရား ဘုရား၊ အများကြီးများလားဟင် အစ်ကို "

" လေးငါးခြောက်ပေါင်လောက်ပါ၊ နယူးအော်လီယန်းကိုတော့ ရောက်နိုင်တာပေါ့ "

" ငွေထည်ပစ္စည်းတွေလည်း ပါသွားတယ် အစ်ကို၊ ရောင်းစားလို့ ရတာတွေ အကုန်သယ်သွားတယ်"

" အင်း ... သနားပါတယ်ကွာ၊ တကယ့်ကို သနားစရာပါပဲ "

ဂျူးဒစ်က ခံပြင်းသည့် အမူအရာဖြင့် -

" ဂျူးဒစ်တော့ နားမလည်ဘူးအစ်ကို၊ ဂက်သစ်ချမြိုင်ရဲ့ သနားကြင်နာမှုကို ဒီလို တုံ့ပြန်သွားတာပေါ့ နော်၊ သူ ဘာလုပ်ချင်လုပ်ချင် အကူအညီ ပေးမယ်ဆိုတာ သိလျက်သားနဲ့ "

" ဩော် ဂျူးဒစ် ကလဲကွယ်၊ လက်ဂါးဖြန့် တောင်းရမယ့်အဖြစ်ထက် ခိုးပုက်ပြီး လစ်သွားရတာ လွယ်လို့ပေါ့၊ မင်း အဲဒီလို မတွေးမိဘူးလား "

" ခု ဘယ်ရောက်နေမယ် ထင်လဲဟင် "

" အစ်ကို့ အထင်တော့ သူ့နောက်ကို ဘယ်သူမှ လိုက်ရှာစေချင်မယ် မထင်ဘူး "

<<<http://www.shwezinu.blogspot.com/

ဂျိုး ပြန်ရောက်လာပြီး သစ်ဖြူတောသို့ ဒိုလာ့ရက်စ် ရောက်မလာကြောင်း သတင်းပို့ချိန်တွင် ဂျူးဒစ် စိတ်ဓာတ်အကျကြီး ကျနေပြီ။ သူ့ပိုက်ဆံအိတ်ပါ ယူသွားလေပြီ။ ရွှေလိုင်းသုံးလိုင်းပါသည့် ဖန်ခွက် သုံးလုံးကိုလည်း ယူသွားသည်။ တန်ဖိုးကြီးလှသော ပြင်သစ်ပြည်လုပ် ဖန်ခွက်အစုံထဲမှ ယူ သွားခြင်းဖြစ်၏။ ထမင်းစားခန်းထဲမှ ရွှေသွားကြားထိုးတံတွေလည်း ပါသွားသည်။ အခြား တိုလီ မိုလီ ပစ္စည်းတွေလည်း အများကြီး။

ဂျူးဒစ်က ဖီးလစ်ကို ဝင့်လှည်တာဟုဆိုသည်။ ပင်လယ်ဓားပြ သင်္ဘောပေါ်က ပစ္စည်းတွေခိုးပြီး သူ့ဘဂကို တည်ဆောက်ခဲ့ခြင်း မဟုတ်လား။ ဖီးလစ်က ဂန်ခံလေသည်။

<<<http://www.shwezinu.blogspot.com/

အခန်း (၉)

ဆိပ်ကမ်းတစ်ပိုက်နှင့် လှေကြီးတွေပေါ်တွင် လူတွေ ကြိတ်ကြိတ်တိုးနေသည်။ ဗလကောင်းကောင်း ကပ္ပလီကြီးများသည် သီးနှံထွက်ကုန် အမျိုးမျိုးကို လှေများပေါ်သို့ သယ်ပို့ တင်ဆောင်နေကြ၏။ ဆိပ်ကမ်းပေါ်မှ အထုပ်တွေ၊ အိတ်တွေပေါ်တွင် လူဖြူတွေ၊ လူမည်းတွေ ထိုင်သူထိုင်၊ လှဲသူလှဲနှင့်။ စစ်သားအချို့က အန်စာပစ်နေကြ၏။ အချို့က နေဆာလှုံနေကြသည်။

သေတ္တာကိုချပြီး ဒိုလာရက်စ် ရပ်လိုက်သည်။ ပင်ပန်းလှပြီ။ နေကလည်း ပူစပြုပြီ။ သယ်လာစတုန်းက သေတ္တာမှာ ပေါ့ပေါ့ပါးပါးဖြစ်၏။ ခရီးဝေးတော့ လက်မောင်းတွေ ကိုက်လာ သည်။ လမ်းတွင် မဲနယ် လှည်းတစ်စီးနှင့်သာ မတွေ့လျှင် သည်သေတ္တာ သည်နေရာသို့ ရောက် လာမည်မထင်။ ဂက်သစ်ချမြိုင်မှ ဆိပ်ကမ်းအရောက် ရှစ်မိုင်ခန့် ရှိမည်ထင်သည်။ ပိုချင်သာပိုမည်။ သည့်ထက်မလျော့နိုင်။

လှည်းသမားကြီးကို နယူးအော်လီယန်းထွက်မည့် လှေကြုံရှိ မရှိ မေးကြည့်သည်။ ကပ္ပလီကြီးမှာ စိုက်ပျိုးခြံ တစ်ခြံမှ ကျွန်အလုပ်သမားကြီးဖြစ်၍ ရေလမ်းနှင့် လှေအကြောင်း ဘာမှ မသိပေ။

အသီးအနှံတွေရွက်ပြီး လိုက်ရောင်းနေသည့် ကောင်မလေးကို မြင်မှ မနေ့ကတည်းက ဘာမှ မစားရသေးကြောင်း သတိရသည်။ ဈေးသည်မကလေးကို လက်ယပ်ခေါ်လိုက်ပြီး ငှက်ပျောသီး တစ်လုံးနှင့် စပျစ်သီးတစ်ခိုင် ဝယ်လိုက်သည်။

လမ်းတွင်သုံးရန် ပိုက်ဆံအကြွေတချို့ကို သိုးမွေးအိတ်ကလေးထဲ ထည့်ပြီး အင်္ကျီရင်ဘတ်ထဲ ထည့်ထားလိုက်သည်။ ဂက်သစ်ချမြိုင်မှ ယူခဲ့သည့် ပိုက်ဆံတွေကိုတော့ ဆာလာအိတ်ထဲထည့်ပြီး ကုတ်အင်္ကျီအတွင်းအိတ်တွင် ထားသည်။

ဂက်သစ်ချမြိုင် စံအိမ်ကြီးတွင် ငွေတွေ အများကြီး ရှိလိမ့်မည်။ သို့သော် ဘယ်နေရာတွင် ထားမှန်း မသိ။ ကိစ္စမရှိပါဘူးလေ၊ ဒါလောက်နှင့်ဆိုလျှင် နယူးအော်လီယန်းကို ရောက်နိုင်ပါတယ်။ သည်လူ တွေနှင့် ပို၍ဝေးသော နေရာကိုလေ။ သူတို့အားလုံးကို မုန်းတယ်။

ခြောက်ရက်အရွယ် သားကလေးကို လုယူသွားတဲ့ ကာလက်ရော၊ သူ့အဖေ မျက်နှာပုပ်ကြီးကိုရော၊ အယဉ်အကျေးပြိုင်နေကြတဲ့ ပါစယ်လင်မယားကိုရော မုန်းတယ်။ အားလုံးကို မုန်းတယ်။ ပြီးတော့ ဗီးလစ်နှင့် ဂျူးဒစ်။

<<http://www.shwezinu.blogspot.com/

မိမိကို ချေးသူတောင်းစားမ တစ်ကောင်အပေါ် ကြင်နာနည်းမျိုးနဲ့ ကြင်နာကြသူတွေ။ တစ်ခါတလေ တစ်ဆောင်တယောင်မထားဘဲ ကွင်းထဲဆင်းပြီး အလုပ်လုပ်ခိုင်းထားတာကမှ သက်သာဦးမည်ဟု တွေးမိ၏။

သည်အိမ်ကြီးက ထွက်ပြေးချင်နေသည်မှာ ကြာပြီ။ သားကလေးကို ပြန်ရနိုးနှင့် ကြိတ်မှိတ်သည်းခံပြီး စောင့်နေခြင်းဖြစ်၏။ ခုတော့ ရင်သွေးကလေးကို သူတို့ အတင်းလုယူသွား ကြပြီ။ မကြည့်ချင်တော့။ သည်ရေ၊ သည်မြေ၊ သည်လူတွေကို လုံးဝမကြည့်ချင်တော့။ သားကလေးနှင့် အချိန် မရွေး တွေ့ခွင့်ရသူ အားလုံးကို မမြင်လိုခြင်းဖြစ်ပါ၏။ အင်း၊ ခြောက်လပင် ကြာခဲ့ပြီပဲ။ ရော်ဂျာကလေးကို ပြန်တွေ့လျှင်လည်း မှတ်မိတော့မည်မထင်။

စီရင်ချက်စာရွက်ကို ဖီးလစ် ဖတ်ပြတော့ တစ်ကိုယ်လုံး လောင်ကျွမ်းသွားမတတ် ပူပူလောင်လောင် ခံစား လိုက်ရသည်။ လူ့လောကတွင် သည်လောက် ရက်စက်သည့် အဖြစ်မျိုးတွေ ရှိနိုင်မည် မထင်ခဲ့။ သို့သော် တကယ်ရှိနေပြီ။ သည်မှာ တကယ် ဖြစ်နေပြီလေ။

ကြီးကြီးကျယ်ကျယ် ဥပဒေစကားလုံးများကို နားမလည်သော်လည်း ကာလက်က သူ့ကို အပြီးအပိုင် မောင်းထုတ်လိုက်ပြီဖြစ်ကြောင်း၊ သားကလေးကိုလည်း တစ်သက် တွေ့ခွင့်ရတော့ မည်မဟုတ်ကြောင်း နားလည်လိုက်၏။

မိမိအပေါ် ကာလက် ချစ်ခဲ့သည့် အချစ် သံယောဇဉ်ကို အကြောင်းပြုပြီး သည်လောက် အရုပ်ဆိုးဆိုး၊ သည်လို ရိုင်းရိုင်းစိုင်းစိုင်း ဖြစ်လာမည်မထင်ခဲ့။ သို့သော် ကိုယ့်လက်ကိုယ့်ခြေလို ပိုင် သည့် ရင်သွေးကလေးအား မိခင်က ပိုင်ဆိုင်ခွင့် မရှိစေရဟု ခေါင်းပေါ်တွင် ဆံပင်တုများ စွပ်ထား သည့်ပညာရှိ တရားသူကြီးများက မည်သို့ ယုံကြည်နိုင်ပါမည်လဲ။ သို့သော် သူတို့ သည်အတိုင်း ယုံကြည်ကြသည်တဲ့လေ။

ကျန်းမာသန်စွမ်းပြီး လိုရာကို သွားနိုင်ပြောနိုင်တဲ့ မိန်းမ ဖြစ်ပါလျက် သူတို့ကို သွားရောက်ပြောဆို ဟန့်တားနိုင်ခြင်း မရှိခဲ့ပေ။ မိမိအနေဖြင့် မည်သူ့ကိုမျှ ထိထိခိုက်ခိုက် မဖြစ်စေလိုပါ။ ဂက်သစ်ချမြိုင် မှ မြင်းတစ်စီး ယူပြီး ကလေးကို ပြန်ခေါ်စဉ်ကလည်း ဘယ်သူ့ကိုမျှ သတ်ဖို့ မရည်ရွယ်ခဲ့ပါ။

ကလေးထိန်းကို သေနတ်နှင့်ချိန်ပြီး ခေါ်ထုတ်၊ ပြီးတော့ ငမည်းကောင်ကလေးကို မအော်နိုင်အောင် ခေါင်းအုံးနဲ့ ဖိခဲ့ရင် လွယ်လွယ်ကလေးရသားပဲ။ ကာလက်က အကြမ်းဖက်ပြီး သားကလေးကို ပြန်လုမည် ဆိုတော့မှ အမုန်းခွန်အားတွေ လျှံတက်လာပြီး သေနတ်မောင်းကို ဆွဲညှစ်လိုက်ခြင်းဖြစ်ပါသည်။

စပျစ်သီးဂါးရင်း ဒေါ်လာရက်စ် ဖြစ်ကြောင်း ကုန်စင် စားမြုံ့ပြန်နေသည်။ မိမိကို ကြိုးစင်မတင်သည့် အတွက် သူတို့ကို ကျေးဇူးတင်သင့်ပါ၏။ သို့သော် ဒေါ်လာရက်စ် ကျေးဇူးမတင်ပေ။ ခုနေ ခိုးရာပါ ပစ္စည်းတွေနှင့် အဖမ်းခံရလျှင်ကော။ ယူလာသည့် ပစ္စည်းနှင့် ငွေတန်ဖိုးမှာ ဂက်သစ်ချမြိုင် အတွက် ပြောပလောက်သည့် ပမာဏ မဟုတ်ပါချေ။ ဘယ်သူမှလည်း ဒါလောက်ကိစ္စကို ရေးကြီးခွင်ကျယ် လုပ်မည်မထင်ပါ။ သည်တော့


<<<http://www.shwezinu.blogspot.com/

ပြန်အဖမ်းခံရဖို့၊ ကြိုးစင်တက်ဖို့ လမ်းက မရှိတော့ဘူးပေါ့။ စိတ်ပျက် လက်ပျက်ဖြစ်သွားသည်။ အကာအကွယ်မဲ့ ဘဝ၊ တစ်ကောင်ကြွက် ဘဝပါလား။

သားကလေးမွေးဖွားသည့် အခန်းထဲတွင် မိုးလင်းလို့ နိုးလာသည်နှင့် ငါတစ်ယောက်တည်းရယ်ပါ လားဟူသည့် အသိမှာ ရင်ကွဲနာကျစရာ ကောင်းသည့် အသိမျိုးဖြစ်ပါ၏။ သည်ဘဝမျိုးကို ဘယ်မိခင် နေနိုင်ပါမည်နည်း။

ကာလက်အနေဖြင့် ထောက်ပံ့မည်ဆိုသည့် ကိစ္စနှင့် စပ်လျဉ်း၍ကတော့ ဒိုလားရက်စ်ကို သက်သက် အထင်သေးခြင်းပင်။ သည်မိန်းကလေးသည် သူများအထောက်အပံ့ခံ ဘဝဖြင့်နေမည့် မိန်းကလေးမျိုးလား ဆိုသည်ကို ကာလက် စဉ်းစားသင့်သည်။ မယားမိုက်ကိုတောင် ကျွေးမွေးစောင့်ရှောက်ထားတဲ့ မဟာကရုဏာရှင်အဖြစ် လူတွေ သူ့ကို ကောင်းချီးပေးတာ ခံချင်သေးသည်ထင်ပါရဲ့။ အသက်ကြီးလာသည့် ငွေဂယ်ကျွန် အဘိုးအို၊ အဘွားအိုတွေကို အလုပ်လျှော့ခိုင်းသည့် ကျွန်ပိုင်ရှင်အား ချီးကျူးသလိုပေါ့။

သူခိုးဘဝကို ရောက်ချင်ရောက်ပါစေ၊ ဆိပ်ကမ်းတကာမှာ ကလေကချေ ဘဝကို ရောက်ချင် ရောက်ပါစေ။ သူတို့တစ်တွေ၏ အသနားခံ ဘဝကိုတော့ ဒိုလားရက်စ် အရောက်ခံမည် မဟုတ်ပါ။

ခြေထောက်တွေ၊ ကျောတွေ အောင့်လာသည်။ လူတစ်ယောက် အနားတွင် ရစ်သီရစ်သီ လုပ်နေ သည်ကို သတိထားမိ၏။ စကားလာပြောတော့စိတ်ရှုပ်ရှုပ်နှင့် အော်ထုတ်ပစ်လိုက်သည်။

" သွားစမ်း၊ ရှင် အခုထွက်သွား "

သစ်သီးသေတ္တာပေါ်တွင် ထိုင်ငေါင်နေသည့် ကပ္ပလီကောင်လေး တစ်ယောက်ကို လှမ်းခေါ် လိုက် သည်။ ရင်ဘတ်တွင် တံဆိပ်နှင့်။ သူ့သခင်က ဆိပ်ကမ်းတွင် တောက်တိုမည်ရ လုပ်ဖို့ လွှတ်ထား သည့်ကလေး။

" ကောင်လေး၊ ငါ့သေတ္တာလေး ကြည့်ထားပေးစမ်း၊ ငါ လေ့ဆင်းစုံစမ်းမလို့၊ နယူးအော်လီယန်း ထွက်မယ့်လှေ နင်သိလား "

ကောင်လေးက မျက်လုံး ကလယ်ကလယ်နှင့် ခုချိန် ရှိဖို့ မလွယ်ကြောင်း ပြန်ပြောသည်။

" အမေရိကန်တွေက စစ်တိုက်နေတယ် မဟုတ်လား မလေး။ ဒါကြောင့် သိပ်မသွားရဲကြဘူး "

" သေတော့မှာပဲ၊ ဒီကိစ္စကလည်း ခုထိ မပြီးသေးဘူးလား "

" မပြီးသေးဘူး မလေး၊ လှေမှန်သမျှ စစ်သားတွေ ချောဆွဲထားကြတယ်၊ မနက်ဖြန်ထွက်မယ့် လှေတစ်စင်းတော့ ဟောဟိုအောက်နားမှာ ရှိတယ် "

<<<http://www.shwezinu.blogspot.com/

နယူးအော်လီယန်းသို့ ထွက်မည့်လှေကို ဒိုလားရက်စ် ရှာသည်။ သိပ်မလွယ်။ ဆိပ်ကမ်းတစ်လျှောက် လှေတွေ၊ ကုန်တွေ၊ ကုန်တင်ကုန်ချ လုပ်သားတွေ၊ စစ်သားတွေနှင့် ရှုပ်ယှက်ခတ်နေ၏။ လမ်းလျှောက်ရန်ပင် မလွယ်။

သားမွေးအရေခွံတွေ လိုက်ရောင်းနေသည့် လူနီရိုင်းများလည်းရှိ၏။ ဆိပ်ကမ်းတစ်ပိုက်တွင် အမျိုးသမီးများကို မတွေ့ရသလောက်ပင်။ ဘာသာမျိုးစုံဖြင့် သူ့ကို ချဉ်းကပ် စကားပြောကြသည်။ နားလည်သည့် ဘာသာစကားသုံးမျိုးဖြင့် ပြောလာလျှင် လှည့်ကြည့်ပြီး ဆဲပစ်ခဲ့သည်။

နောက်ဆုံးတွင် နယူးအော်လီယန်းကို ထွက်မည့် လှေကြီးကို သွားတွေ့သည်။ ရောမ ပိန်းကော ကြီး၊ မဲနယ်၊ ဆေးရွက်ကြီးနှင့် သားမွေးတွေ အပြည့်တင်ထားသည်။

အမျိုးသမီးတစ်ဦးနှင့် သူ့ယောက်ျားဖြစ်ဟန်တူသူ အမျိုးသားတစ်ဦးတို့ လှေသူကြီးနှင့် စကားပြော နေရင်း သူတို့ပစ္စည်းတွေကို နေရာချနေသည်။ နောက်တွင် ကပ္ပလီကျွန်လေးယောက် ပါလာသည်။

ဒိုလားရက်စ်က သူတို့ကိစ္စပြီးသည်အထိ စောင့်ပြီးမှ လှေသူကြီးနှင့် စကားပြောသည်။

လှေသူကြီးက အဖော်မပါဘဲ ခရီးသွားသည့် အမျိုးသမီးကို လုံးဝမတင်ကြောင်း အပြတ်ပြောသည်။

" ကျွန်မ တန်ရာတန်ကြေးထက် ပိုပေးပါ့မယ်ရှင် "

" ကျုပ် ပြောပြီးပြီပဲ၊ ကျုပ်လှေဟာ အဲဒီလိုလှေမျိုး မဟုတ်ဘူး "

" သေချင်းဆိုးကြီး "

လှေသူကြီးက သူ့ကို ဂရုမစိုက်တော့ဘဲ လှည့်ထွက်သွားပြီး လှေထိုးသမားတွေကို ဆက်လက် အမိန့်ပေးနေသည်။ ဒိုလားရက်စ် စိတ်ပျက်လက်ပျက်နှင့် ကုန်းပေါ်ပြန်တက်လာပြီး လှေကြီးကို ငေး ကြည့်နေသည်။ စောစောက စုံတွဲ ကုန်းပေါ်ပြန်တက်လာပြီး အသင့်စောင့်နေသည့် ရထားလုံး ကြီးပေါ်သို့ တက်လိုက်ကြသည်။ အမျိုးသားက အမျိုးသမီးကို ဖေးဖေးမမ ယုယုယယ တွဲခေါ် သည်။

သက်ပြင်းတစ်ချက် ချလိုက်မိသည်။ အင်း ... လင်မရှိသည့် မယားဘဝဘယ်သူမှ မလေးစားကြ တော့ပါလား။ အနည်းဆုံး ရိုကျိုးသည့် ကျွန် နှစ်ယောက်လောက်တော့ အနားမှာ ရှိသင့်သည်။ အကာအကွယ် လိုပါသည်ဟု ဆိုလေ လူတွေက အကာကွယ်မဲ့ ဘဝကို အခွင့်အရေး ယူချင်လေ လေ။

နောက်တစ်စင်းကို သွားမေးသည်။ သူတို့က အထက်ကို ဆန်မှာတဲ့။ အင်္ဂလိပ်စစ်တပ်ရှိတဲ့ ဘာတွေရှုဂ်အထိ သွားမှာတဲ့။ နောက်တစ်စင်းကတော့ ညစ်ပတ်လှ၏။ တိရစ္ဆာန် သားရေချပ်တွေ၊ အလီနွိုင်းက ဂက်ဂံဆီတွေ တင်လာသည့်လှေ။ သည်လှေကလည်း ခရီးသည် လုံးဝ မတင်ဟု ဆို သည်။



<<<http://www.shwezinu.blogspot.com/

အခြားလှေတွေကတော့ စစ်သားတွေ၊ သေနတ်တွေ တင်နေပြီး အရပ်သား လိုက်ခွင့်မရသည့် လှေတွေ။ လက်နက်တွေ အပြည့်ဆင်ထားသည့် စပိန်လှေတစ်စင်းကိုလည်း တွေ့ရ၏။ အနီနှင့် အဖြူစင်း အလံထူထားသည့် အခြားလှေတစ်စင်းနှင့် ယှဉ်ရပ်ထားသည်။ အနီနှင့် အဖြူအစင်းအလံ၏ တစ်ဖက်ထောင့် အပြာခံပေါ်တွင် ကြယ်ဖြူများကို တွေ့ရသည်။

ဘယ်ကလာတဲ့ လှေပါလိမ့်။ အလံလေးက လှလိုက်တာ။ နိုင်ငံခြားလှေ ထင်ပါရဲ့။ ကာကီရောင် ရှပ်အင်္ကျီနှင့် စစ်သားတစ်ယောက် ဆင်းလာသည်။ ထူးထူးဆန်းဆန်း အလံနှင့် လှေအကြောင်း ဒိုလားရက်စ် သွားမေးသည်။ သူက လွတ်လပ်သော တရားမျှတသော အမေရိကန် ပြည်ထောင်စု က လှေဖြစ်ကြောင်း၊ သံတမန်အရာရှိကြီးများ စီးလာသည့် လှေဖြစ်ကြောင်း၊ နံဘေးက စပိန် စစ်လှေမှာ အင်္ဂလိပ်ပိုင်နက်ထဲတွင် စောင့်ရှောက်ရန် လိုက်လာခြင်းဖြစ်ကြောင်း ရှင်းပြသည်။

" ကျွန်မ နယူးအော်လီယန်းကိုများ လိုက်လို့ ရမလားရှင် "

စစ်သားက ဒိုလားရက်စ်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ပြုံးသည်။

" ကျွန်တော် ခေါ်သွားချင်တာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါနော် "

" ကျွန်မအတွက် စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူးရှင် "

ဒိုလားရက်စ်က ဖွတ်ပြောသည်။ ပင်ပန်းလှပြီ။ ဘယ်လို လှေမျိုးနဲ့ဖြစ်ဖြစ်၊ ဘယ်လို အခြေအနေနဲ့ဖြစ်ဖြစ် လိုက်ခွင့်ရှိလျှင် လိုက်ချင်သည်။ နားချင်လှပြီ။ ကျောတစ်နေရာစာ ရလျှင် တော်ပါပြီ။ နှစ်ရက်အတွင်း တစ်နာရီလောက်ပဲ အိပ်ရသေးသည်။ အရက်တွေ မတရားသောက်ထားသဖြင့် ခေါင်းထဲတွင် မူးရီ မူးဝေ ဖြစ်နေတုန်း။ နေက ပူသည်ထက် ပူလာပြီ။ ခေါင်း တစ်ခုလုံးလေးလံနေပြီ။ ထပ်တောင်းပန်သည်။

" နော်၊ ကျွန်မ လိုက်ပါရစေနော် "

စစ်သားက ဒိုလားရက်စ်၏ လက်မောင်းကို ကိုင်ပြီး -

" လုံးဝမဖြစ်နိုင်လို့ပါ၊ အမျိုးသမီး လိုက်ခွင့်မရှိပါဘူး။ ဒီလိုလုပ်ပါလေ။ ကုန်းပေါ်တက်ပြီး "ဧကရာဇ်"မှာ စားကြသောက်ကြ ရအောင် "

ဒိုလားရက်စ်က လက်မောင်းကို ဆောင့်ရုန်းလိုက်ပြီး -

" ဖယ်ပါ၊ ကျွန်မကို လွှတ် "

" အလိုဗျာ၊ မင်းက စ တာလား၊ ကျုပ်က စ တာလား "

" သွားသေလိုက် "

<<<http://www.shwezinu.blogspot.com/

ဒိုလားရက်စ် လှည့်ထွက်ပြီး ပြေးလာခဲ့သည်။ တစ်နေရာတွင် စကတ်စွန်းကို နင်းမိပြီး ထိုးလဲကျသွား၏။ ကပ္ပလီသုံးလေးယောက် ဝိုင်းရယ်ကြသည်။ မျက်စိတွေ ပြာဝေသွား၏။ နေက ကျဲကျဲပူနေပြီ။ ညက အရက်ရှိန်ကြောင့် ရေပိုငတ်နေသည်။ တစ်နေရာရာမှာ မနားလျှင် အချိန်မရွေး လဲကျ သွားပြီး ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်နိုင်ကြောင်း သဘောပေါက်လိုက်သည်။

ဘယ်လိုနေရာဖြစ်ဖြစ် တစ်နေရာတော့ ရှာရမည်။ ပထမ ရှာရ မှာက သေတ္တာစောင့်ခိုင်းထားသည့် ကောင်လေး။ လစ်မသွားသေးရင်ပေ့ါလေ။ ဆိပ်ကမ်းက အရှည်ကြီး၊ လူတွေ က အများကြီးမို့ စောစောက ထားခဲ့သည့် နေရာကို မနည်းပြန်ရှာရသည်။

တော်ပါသေး၏။ ကောင်လေးကိုရော သေတ္တာကိုပါ ပြန်တွေ့ရသည်။ ကောင်လေးက ကျွန်ဈေးသို့ ပို့မည့်ဆဲဆဲ ကပ္ပလီအုပ်ထဲမှ ကောင်မလေးတစ်ယောက်ကို ငေးကြည့်နေ၏။

" ကောင်လေး၊ နင် ငါနဲ့ လိုက်မလား "

ဒိုလားရက်စ် အမေးကို နားမလည်ဟန်ဖြင့် ပျင်းတိပျင်းတွဲ ထပြီး -

" သေတ္တာ ယူတော့မလား မလေး "

" အေး၊ နင် ထမ်းခဲ့ "

ကိုယ့်ကိုယ်ကိုယ်တောင် မနည်းသယ်နေရသည့် အဖြစ်သို့ ရောက်နေပြီ။

" ဟုတ်ကဲ့ မလေး၊ ဘယ်ထမ်းပို့ရမလဲ ခင်ဗျ "

" အခန်းရှိတဲ့နေရာ သွားမယ်၊ ဇေရာဇ်မှာ ရှိမယ် မဟုတ်လား "

ဘယ်မှာရှိမှန်းမသိ။ စောစောက ကြားဖူးသည့် နာမည်ကို လေဖမ်းဒန်းချီလိုက်ခြင်းဖြစ်၏။ ကောင်လေးက သိပုံ ရသည်။ သေတ္တာထမ်းပြီးရှေ့မှ ဦးဆောင်သွားသည်။ တည်းခို မည့်နေရာ ရောက်အောင် လျှောက်နိုင်ပါစေဟု ဆုတောင်းပြီး နောက်မှ လိုက်သွားသည်။

ဆိပ်ကမ်းတစ်ပိုက်က သည်လိုနေရာကို မိမိ ရောက်နေလိမ့်မည်ဟု ကာလက် လုံးဝ စဉ်းစားမိမည် မထင်။ နယူးအော်လီယန်း ဘဂကို ပြန်တွေးမိပြီး ဇေရာဇ်သည် ဘယ်လိုနေရာ ဖြစ်မည်ကို ဒိုလား ရက်စ် ခန့်မှန်းကြည့် လိုက်သည်။

ရယ်ချင်လိုက်မိ၏။ ဖီးလစ်တို့၊ ဂျူးဒစ်တို့များ လာတွေ့ရင် ဘယ်လောက် အံ့ဩလိုက်ကြမလဲ။ ပထမ ဝင်ဝင်ချင်း အခန်းက အတန်ကျယ်ဝန်းသည်။ ဘီယာနှင့် အရက် စသည်တွေ တန်းစီလျက်။ စားပွဲရှည်ကြီး တစ်လုံးတွင် ခုံရှည်တွေ စီချထားသည်။


<<http://www.shwezinu.blogspot.com/

အရက်ကောင်တာထဲတွင် ကျောက်ပေါက်မ ဗရပျစ်နှင့် လူကြီး တစ်ယောက်၊ မိန်းမကြီးတစ်ယောက် ရပ်နေ၏။ သူတို့နောက်တွင် စင်တစ်ခုရှိသည်။ အရက်ပုလင်းတွေ၊ ပေါင်မုန့်နှင့် ထောပတ်ဘူးတွေ စီစီညီညီ။ ယင်တလောင်းလောင်း။

လူတစ်စု အရက်ထိုင်သောက်နေကြ၏။ တချို့က ကောင်မလေးများနှင့်တွဲလျက်။ အပုပ်ချိန် မရောက်သေး လို့ ထင်ပါရဲ့။ လူသိပ်မရှုပ်သေး။ ညနေပိုင်းဆိုလျှင် ပြည့်ကျပ်နေမည် မုချ။

ကောင်တာဆီ သို့ လျှောက်သွားပြီး တံတောင်ဆစ်ထောက် ရပ်လိုက်သည်။

" ကျွန်မ အခန်းတစ်ခန်း လိုချင်လို့၊ ခုချက်ချင်း နေမှာပါ "

မိန်းမကြီးက အံ့ဩသည့် အမူအရာဖြင့် -

" ဟုတ်လား "

ယောက်ျားလုပ်သူကလည်း မိန်းမကြီးကို ကပ်ပြောသည်။

" ပွတာပဲ "

ဒိုလားရက်စ် က ဂရုမစိုက်ဘဲ ရင်ဘတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်သည်။

" ကဲ ... ပြော ၊ ဘယ်လောက်ပေးရမလဲ "

ခတ်ပြတ်ပြတ်လေသံဖြင့် မေးလိုက်သည်။ အဘွားကြီး ပိုက်ဆံအိတ်ကို ငုံ့ကြည့်ပြီး ငြိမ်သွားသည်။ အခန်းခ ကို အဘွားကြီး ပိုယူနေမှန်းသိသည်။ ဆစ်မနေချင်တော့။ တောင်းသလောက် ပေးလိုက် သည်။ နောက်မှ တစ်ခု ကို သတိရလိုက်ပြီး -" အိပ်ရာခင်း အသစ်ပေးပါ၊ ရော့ နှစ်ပဲနီ "

" လေးပဲနီ ယူတယ်ကွယ့် "

" သုံးပဲနီထားပါ၊ ကဲ ... ကဲ ရော့ ... ရော့၊ မထူးပါဘူး၊ ကျွန်မ ပြောတာ အသစ်နော်၊ သူများ အိပ်ပြီးသားမလိုချင်ဘူး "

" ဒါ တူမကြီးရဲ့ ကောင်လေးလား "

" ဟုတ်တယ်၊ ဒါပေမဲ့ သူ ဒီမှာ မအိပ်ပါဘူး၊ ကဲ ... ကျွန်မကို သော့ပေးလေ "

" သော့ ဟုတ်လား၊ ဘာလုပ်ဖို့လဲ၊ မင်းတုပ်ရှိသားပဲ "

သည်အခါတော့ ဒိုလားရက်စ် အလျှော့မပေးတော့။ ပင်ပန်းလွန်းလို့ စိတ်ကလည်း တိုလာပြီ။

<<http://www.shwezinu.blogspot.com/

" အို သော့မရှိလို့ ဖြစ်မလား "

သည်တော့မှ မိန်းမကြီးက သူ့ခါးမှ သော့တွဲကြီးဖြုတ်ပြီး တစ်ချောင်းရှာပေးသည်။ သည့်အတွက် အဘွားကြီးကို တစ်ပဲနိ ထပ်ပေးလိုက်သေးသည်။ အိပ်ခန်းဆီသို့ အဘွားကြီး လိုက်ပို့ပေးသည်။

အခန်းမှာ မှောင်မည်းနေ၏။ ကြက်သွန်နီနံ့၊ ဆေးရွက်ကြီးနှင့် ချွေးနံ့လှိုင်နေသည့် အခန်း။ တရုတ်ကတ်တွေ ပိတ်ထားသည်။ ပျက်စီးနေသည့် ပြတင်းပေါက်ကို အဂတ်စုတ်နှင့် ဖာထား၏။

အိပ်ရာပေါ်တွင် ခင်းဖုံစုတ်တစ်ခုနှင့် ခေါင်းအုံးတစ်လုံးရှိသည်။ ခေါင်းအုံးက အစွပ်မရှိ။ ကုလားထိုင် တစ်လုံးရှိသည်။ အခန်းက စုတ်ပြတ်နေ၏။

" ကဲ ကျွန်မကို သော့နဲ့ အိပ်ရာခင်း ပေးလေ၊ ကျွန်မ ရှင်တောင်းတဲ့ဈေး ပေးတယ်နော်၊ ဒီအတိုင်း ပစ်စလက်ခတ်တော့ မလုပ်နဲ့၊ ကောင်လေးရေတစ်ပုံးသွားခပ်စမ်း၊ ငါ ပြီးမှ ပိုက်ဆံပေးမယ် "

အဘွားကြီး က စိတ်ချမ်းသာစေရပါမယ်ဟု ကတိပေးတော့ ဒိုလားရက်စ် မဲ့ပြုံး ပြုံးသည်။ အင်း ခုချိန် အထိတော့ ကွက်တိပဲ။ ဒါထက် ပိုသုံးမိရင်တော့ နယူးအော်လီယန်းကို ရောက်မှာ မဟုတ်တော့ ဘူး။ ကောင်လေး ရေတစ်ပုံးနှင့် ပြန်ရောက်လာသည်။ ပိုက်ဆံယူပြီး ပြန်ထွက်သွားသည်။ တံခါးပိတ်ကာ အတွင်းမှ မင်းတုပ်ထိုးလိုက်၏။

ပိုးဟပ်တစ်ကောင် ကြမ်းပြင်ပေါ်တွင် လျှောက်သွားနေသည်။ နင်းခြေဖို့ပင် စိတ်မဂင်စားတော့။ ဒူးထောက်ပြီး ရေပုံးထဲတွင် မျက်နှာနှစ်လိုက်သည်။ ပြီးတော့ ရေငတ်နေသည့် ခွေးတစ်ကောင်လို တရှုပ်ရှုပ် ငုံ့သောက်လေတော့သည်။ ပူလောင်နေသည့် အာခေါင် တစ်လျှောက် အေးမြဆင်းသွားပြီး နေသာ ထိုင်သာ ရှိသွားသည်။

ပြတင်းပေါက် ဖွင့်ပြီး နောက်ဖေးသို့ ကြည့်လိုက်သည်။ ကြက်တွေနှင့် ဂက်နစ်ကောင် မွေးထားသည်ကို တွေ့ရ၏။ စုတ်စုတ်ပြတ်ပြတ် ကလေးနစ်ယောက် သုံးယောက် ကစားနေကြ သည်။ ဂင်လာသည့်လေက လေကောင်းလေသန့် မဟုတ်သော်လည်း မူလ အခန်းထဲမှ လေနှင့်စာ လျှင်အေးမြကြည်လင်သည်။

အိပ်ရာခင်းအသစ် ကုလားထိုင်ပေါ်တွင် ခေါက်လျက်သား ရှိနေ၏။ ခင်းဖုံစုတ်ကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်သည်။ မွေ့ရာပေါ်တွင် ကြမ်းပိုးရှာကြည့်သည်။ တော်ပါသေး၏။ ကြမ်းပိုးမတွေ့ဘဲ ပုရွက်ဆိတ်နစ်ကောင် သာ တွေ့သည်။ ညစ်ပတ်နံစော်နေသည့် ခေါင်းအုံးကိုလည်း ခင်းဖုံပေါ်သို့ ပစ်တင် လိုက်သည်။

ပြတင်းပေါက်ဆီသို့ ပြန်ကြည့်လိုက်သည်။ အိမ်ခေါင်မိုးတွေကို ကျော်ပြီး မိုးသားတွေ လိပ် တက်လာ နေသည်ကို တွေ့ရ၏။ မိုးရွာလျှင် ပုရွက်ဆိတ်တွေ အိပ်ရာပေါ်တက်လာတော့မည်။ ခုတင်ခြေထောက်တွေ အောက်မှတော့ ခွက်တွေ ခံထားပေး၏။ သို့သော် ရေမရှိ။



<<http://www.shwezinu.blogspot.com/

ဟိုအိမ်က လစ်လာသည့် ငွေခွက်နှင့် ရေခပ်ပြီး ခြောက်သွေ့နေသည့် ရေခံခွက်တွေကို လိုက်ဖြည့်သည်။ ဖိနပ်နှင့် အဝတ်တွေကို ချွတ်လိုက်ပြီး အိပ်ရာပေါ် လှဲချလိုက်၏။ လက်နှစ်ဖက်ကို ယှက်ပြီး ခေါင်းအုံးသည်။ ပြတင်းပေါက် မပိတ်ရသေးကြောင်း ခုမှ သတိရသည်။ အခန်းထဲဝင်ပြီး ရှိစုမဲ့စု ကလေးသူခိုးခိုးခံရလျှင် ဒုက္ခဖြစ်မည်ကို သိသော်လည်း မထချင်တော့။ အိစက်ညက်ညောသည့် ဖဲမွေ့ရာပေါ် မှာ အိပ်စက်နားနေရသည့်အလား ဖိမ်ရှိလှသည်။ မနည်းအားယူ ထ ရသည်။ ပြတင်းပေါက်ပိတ်ပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

ပင်ပန်းလှပါပြီ။ ငိုဖို့လည်း သတိမရနိုင်တော့ပါ။ သစ်ဖြူတော၏ ဂိုးတဂါး ပုံရိပ်များ ကိုပြတ်တောင်း ပြတ်တောင်း မြင်နေ၏။ အေးအေး ဆေးဆေးနှင့် အချိန်ကြာမြင့်စွာ စားသောက်လေ့ ရှိသော ညစာ ဝိုင်းများ။ ဟင်းလျာပွဲတွေက စုံလင်လှသည်။ ဝိုင်တွေက ပြည်တွင်းဖြစ် မပါ။ အားလုံး ဥရောပ မှလာသည့် ဝိုင်တွေချည်း။ ကာလက်နှင့် မျက်နှာချင်းဆိုင်ကာ ပြုံးပျော်ကြည်နူးစွာ စားသောက်နေပုံများ။

ပြီးတော့ ဂက်သစ်ချမြိုင် စံအိမ်ကြီး၏ ပြတင်းပေါက်မှ မြင်နေရသောဆေးနှင့် မဲနယ်ခင်းများ၊ အိမ်ပတ်ဝန်းကျင် မှ ပန်းခင်းများ၊ သားကလေးရော်ဂျာ မွေးသည့်အခန်း၊ သေးကွေးနနယ်လှသည့် သား ကလေး ကို ရင်ခွင်မှာ ပွေ့ချီထားရသည့် ရင်ငြိမ်အေးမြခြင်းများ။

အားလုံး သည် မနေ့တစ်နေ့က အဖြစ်များနှင့် မတူဘဲဟိုးအဝေးကလေးဘဝက ဖြစ်ခဲ့သည့် မှုန်ပြပြယ် ဝိုးဝါး အဖြစ်များနှင့် တူနေ၏။ နာကြည်းစရာ မကောင်းတော့သည့် အတိတ်ဟောင်း ဝေဒနာတစ်ခု နှင့် တူနေ၏။

သူတို့တစ်တွေ သည် ပျော်ပျော်ရွှင်ရွှင် အဆုံးသတ်ဖို့ ဘုရားသခင်က ခွင့်ပြုထားသည့် ကာလအပိုင်း အခြား တစ်ရပ် ကို ရိုင်းစိုင်းရက်စက်စွာ ပြောင်းလဲပစ်ခဲ့ကြသည်။ နလုံးသားမဲ့စွာ အနိုင်ယူခဲ့ကြ၏။ ခုတော့ မုန်းတီး ဖို့ အားကြိုးမာန်တက် မစဉ်းစားချင်တော့။ ဘာမှလည်း ထူးထူးထွေထွေ မခံစားရတော့။ စိတ်တွေ နောက်ကျိရီဝေကာ ကိုယ်တွေလက်တွေ ကိုက်ခဲနေခြင်းလောက်သာ ကျန်တော့သည်။ သို့သော် သည်မျှလောက်ကို ခံစားဖို့ပင် အင်အား မရှိတော့သလိုဖြစ်ကာ အိပ် ပျော်သွားလေတော့၏။

နိုးလာချိန် တွင် မှောင်ရီပျိုးနေပြီ။ သက်ပြင်းချပြီး တစ်ဖက်သို့ စောင်းလိုက်သည်။ သည်အတိုင်း အကြာကြီး ငြိမ်နေလိုက်သည်။ နံရံမှ အက်ကြောင်းကို စိုက်ကြည့်နေရင်း ရှေ့လျှောက် ဘာတွေများ ဖြစ်လာဦးမလဲဟု စဉ်းစားနေ၏။ နယူးအော်လီယန်းကို ပြန်ရောက်အောင် သွားဖို့က တော့ မဖြစ်နိုင်စရာ အကြောင်းမရှိပေ။

သို့သော် ဟိုရောက်တော့ ဘာဆက်လုပ်မလဲ။ ဆိုင်မှထွက်ပြီး လင်နောက် လိုက်ပြေးသည့် ကောင်မလေး တစ်ယောက် ကို အန်တီဂျွန်နီတာက ပြန်လက်ခံပါဦးမည်လား။

<<<http://www.shwezinu.blogspot.com/

ဆိပ်ကမ်းတကာ လည်ပြီး သစ်သီးရောင်းရင်ကော။ အလွန်မတန် အရုပ်ဆိုးချင်ဆိုး၊ မဆိုးလျှင် အရွယ်အိုချင် အို၊ သည်လိုမဟုတ်လို့ကတော့ ချိုနှင့် သားရေပင် ကျန်ဖို့မလွယ်။

ရေထဲ ခုန်ချပြီး ဘဂကို အဆုံးသတ်လိုက်လျှင်ကော။ ကိုယ့်ရင်သွေးကို ကိုယ်ကြည့်ခွင့် မရတဲ့ဘဂ က သေတာနဲ့ ဘာများထူးသေးလို့လဲ။ မွေးကတည်းက တစ်ဆိတ်ကလေးမျှ ငြိမ်းငြိမ်းချမ်းချမ်း မနေခဲ့ရ တဲ့ အရိုင်းဘုံတွင် အသက်ရှင်နေလို့ကော ဘာအဓိပ္ပာယ် ရှိပါမည်လဲ။

သန့်ရှင်းချင်ပါ၏။ မွန်မြတ်ချင်ပါ၏။ သို့သော် သန့်ရှင်း မွန်မြတ်ခွင့်ကို သူတို့က ပေးမှ မပေးကြတာ။ သည်တော့ စိတ်လိုက်မာန်ပါ လုပ်မိ၊ အမှားမှား အယွင်းယွင်းတွေ ဖြစ်၊ မိမိအပြစ်လား လူတွေ၏ အပြစ် လား ဆိုသည်ကိုပင် မစဉ်းစားချင်တော့။ မူးရီမူးဝေ စိတ်တွေ ညစ်လှပြီလေ။

ဤသို့ဖြင့် ညအချိန်သို့ ရောက်ခဲ့ပြီ။ ဖယောင်းတိုင်လည်း မရှိ။ ကျောထဲစိမ့်သွား၏။ မိုးများရွာဦးမှာ လား။ ရေပုံးထဲတွင် ကျန်နေသေးသည့် ရေကို မော့သောက်လိုက်သည်။ ပြီးတော့ ကိုယ်လက်သန့် စင်သည်။ ဆပ်ပြာလည်း မပါ။ သေတ္တာထဲမှ အင်္ကျီတစ်ထည်ကို မျက်နှာသုတ်ပဝါအဖြစ် အသုံးပြုရ သည်။ အတော်ကလေး လန်းလန်းဆန်းဆန်း ဖြစ်သွား၏။ အပေါ်ပိုင်း ဆေးကြော ပြီးတော့ ခြေအိတ်ချွတ်ကာ ခြေထောက်နှစ်ဖက်ကို ရေပုံးထဲ ထည့်စိမ်လိုက်သည်။ ခရီးရှည် ချီတက် လာခဲ့ရ သည့် ခြေထောက်တွေ ကိုက်ခဲနေပြီ။

အားရအောင်ရေစိမ်ပြီးမှ ခြေအိတ်အသစ်တစ်စုံ ထုတ်စွပ်ပြီး ဖိနပ်အသစ် ထုတ်စီးသည်။ မုန်မရှိဘဲ အဂတ် အစား လဲသည်။ ခေါင်းဖြီးသည်။ စိတ်ထဲ ကျေနပ်သွား၏။ မုန်မရှိသည်ကို ကျေးဇူးတင်ရဦး မည်။ သည်နေရာဟာ အလှပြင်အပ်တဲ့ နေရာမျိုး မဟုတ်ဘူးလေ။

အဂတ်ဟောင်းများဖြင့် ငွေထည်ပစ္စည်းတွေကို ပတ်လိုက်သည်။ ဆာလာအိတ်ကတော့ အတွင်းခံ အင်္ကျီတွင် မြဲမြဲချည်ထားဆဲ။ ပိုက်ဆံအိတ်ကလေးထဲတွင် လောလောဆယ် သုံးလောက်ရုံ အကြွေအနုပ်တွေ ကျန်သေးသည်။ သေတ္တာကို သေသေချာချာ သော့ခတ်၊ အခန်းကို လုံလုံခြုံခြုံပိတ်ပြီး အပြင်သို့ ထွက်ခဲ့သည်။

အရက်ဆိုင် ထဲတွင် လူတွေ စားစားသောက်သောက်နှင့် ပြည့်ကျပ်ဆူညံနေပြီ။ အချို့ က ရေချိန်ကိုက် နေကြပြီ။ ကျူးဘားသံဂဲဂဲနှင့် စစ်သားတစ်ယောက်က လက်မောင်းလှမ်းဆွဲပြီး သူ့နံ ဘေး တွင် ထိုင်ခိုင်းသည်။

ဘာကြောင့်မှန်းမသိဘဲ ရယ်လိုက်မိသည်။ စပိန်စကား နားမလည်ဟန်ဆောင်ပြီး အရက်ကောင်တာဆီသို့ ဆက်လျှောက်သွားသည်။ ဆိုင်ရှင်မိန်းမကြီးဆီမှာ ဖယောင်းတိုင်ဝယ်သည်။ ကြည်ကြည်လင်လင် ဖြစ်နေပြီ။ အားရှိနေပြီ။ ဈေးကို သူတောင်းတိုင်း မပေးတော့။ တစ်တိုင်အစား သုံးတိုင်ရအောင် ဆစ်ယူခဲ့သည်။

<<<http://www.shwezinu.blogspot.com/

ဆိုင်ဝတွင် ဆူဆူညံညံ ဖြစ်နေ၏။ အင်္ဂလိပ်လိုပြောပြီး စကားများနေကြခြင်းဖြစ်သည်။ ဒိုလားရက်စ် လှည့်ကြည့် လိုက်သည်။ ကောင်တာကို ကျောပေးပြီး တံတောင်နှစ်ဖက်ဖြင့် ထောက်လျက်။

နေ့လယ်က ဂဂလင်လင် အိပ်လိုက်ရသည့်အတွက် ကျေနပ်နေမိ၏။ ညပိုင်းတွင် စိတ်ချလက်ချ အိပ်လို့ ရမည် မထင်။ မိန်းကလေးတစ်ယောက်တည်း လာတည်းနေသည်ကို သည်လင်းတတွေ သိလျှင် လွယ်မည် မဟုတ်။

တံခါးဝတွင် ကျောက်ဖြုန်းအရက်ဆိုင်ရှင်က ပိုက်ဆံမပါဘဲ ဆိုင်ထဲ ဝင်လာသည့် လူတစ်ယောက်ကို အတင်း တွန်းထုတ်နေသည်။ ဆွဲအထုတ်ခံရသူက -

" ဟေး၊ ဒီမှာ ကျုပ် အလုပ်မရတာ ကျုပ်အပြစ်လား‌ဗျ၊ သူတို့က ကျုပ်ကို မခိုင်းဘဲ ကပ္ပလီတွေချည်း ခိုင်းနေတော့ ကျုပ် ဘာတတ်နိုင်မှာလဲ "

ကျောက်ဖြုန်းက ထပ်အော်သည်။

" ဟေ့၊ ထွက်သွားဆို မသွားဘူးလား၊ မင်း ဒီလိုလုပ်နေတာ သုံးရက်ရှိပြီ "

" ကျုပ်ပြောတယ်လေဗျာ၊ အလုပ်ရရင် ပြန်ဆပ်ပါ့မယ်လို့၊ မနက်ကတည်းက ပေါင်မုန့်တစ်စတောင် မစားရသေးလို့ပါဗျာ။ ကျုပ်ဗိုက်ထဲမှာ အစာမရှိဘဲ ခင်ဗျားကြွေးကို ကျုပ် ဘယ်လိုလုပ် ဆပ်နိုင်မှာလဲ "

အချို့က သူတို့နှစ်ယောက် အပြန်အလှန် ပြောနေပုံကို သဘောကျနေ၏။ အနားကို စုပြုံရောက်လာ ပြီး နားထောင်နေကြသည်။ ပွဲကြီးပွဲကောင်းတစ်ခုတော့ ကြည့်ရဦးမည်ဟု သူတို့ မျှော်လင့်နေကြ၏။

အပြင်ကလူက ဆိုင်ထဲမှ ကျောက်ဖြုန်းထက် သာရည်ရှိနေသည်။ ကျန်းမာတောင့်တင်းသည်။ ဘာလို့များ သည်းခံနေပါလိမ့်။ ကျောက်ဖြုန်းကိုမေးရိုးတစ်ချက်လောက် တီးလိုက်ရင်ပြီးရောဟု ဒိုလားရက်စ် တွေးနေ၏။ နောက်မှ မဖြစ်သေးပါဘူးလေ၊ ရန်ပွဲထဲမှာ ပိတ်မိနေဦးမယ်ဟု စဉ်းစားပြီး တစ်ဖက် သို့ ချာခနဲ လှည့်လိုက်သည်။ မိန်းမကြီးက အောက်နှုတ်ခမ်းကိုကိုက်ပြီး ရန်ပွဲကြည့်နေသည်။

" ကျွန်မ ကို ထမင်းတစ်ပွဲပေးပါ၊ မြန်မြန်လုပ်ပါ "

ရန်ပွဲကို စိတ်ဝင်စားနေသော မိန်းမကြီး ရုတ်တရက် ပြန်မဖြေဘဲ အတန်ကြာမှ -

" ဘာနဲ့ စားမလဲ "

" ဘာရှိလဲ၊ ရှိတာနဲ့ ပြင်ပေးပါ "

<<<http://www.shwezinu.blogspot.com/

မိန်းမကြီးက ထမင်းပန်းကန်ထဲ ပုစွန်တုပ်တွေထည့်ပြီး ဟင်းရည်ပျစ်ပျစ် ဆမ်းပေးလိုက်သည်။ ပေါင်မုန့် တစ်ချပ် လည်း ထပ်ထည့်ပေးသည်။ ဘီယာခွက်ကြီးတစ်ခွက်နှင့် ထမင်းပန်းကန်ကို လက်တစ်ဖက်စီတွင် ကိုင်ပြီး တံခါးဂဆီသို့ လျှောက်လာခဲ့သည်။

" ကဲ ... လာ၊ ဒါ ရှင့်အတွက်၊ အိုး လွှတ်ပါ၊ ဖိတ်ကုန်လိမ့်မယ် "

မနက်စာ မစားရသေးသည့်လူကို ပြောရင်း နံဘေးမှ လိုက်ဆွဲသူကို တစ်ဆက်တည်း ဟောက်လိုက် သည်။ ဒိုလားရက်စ် ကို ကြည့်ပြီး သူစိမ်း၏ မျက်နှာ ဖင်းထိန်သွားသည်။

" ကျွန်တော် ... ကျွန်တော့်ကိုပြောတာ ဟုတ်ပါတယ်နော် "

" ဟုတ်ပါတယ်၊ ရှင့်အတွက်ပါ၊ ကဲ ... စားလေ "

တစ်ဆက်တည်း ကျောက်ဖြုန်းဘက်ကို လှည့်ပြီး -

" ရှင် ဆက်ဟောက်မနေ နဲ့၊ ဒါ ပိုက်ဆံပေးပြီးသား၊ ဒီပုဂ္ဂိုလ်က ကျွန်မမိတ်ဆွေရှင့်၊ နားလည်လား "

ကျောက်ဖြုန်း က ကောင်တာမှ မိန်းမကြီးကို လှမ်းမေးသည်။

" ဟေ့ လူစီ၊ ဒီထမင်းပွဲဖိုး ပေးပြီးသားဆို "

" ဟုတ်တယ်၊ ဘာပြုလို့လဲ "

" ကောင်းပြီလေ၊ ကျုပ်သာ မင်းဆိုရင် ဒီလို ခြုံးတစ်ပြားမှ မရှိတဲ့ ကောင်မျိုးကို မကျွေးဘူး "

ဒိုလားရက်စ်က ထမင်းပွဲချထားသည့် စားပွဲသို့ သူစိမ်း၏ အကျီလက်မောင်းကိုဆွဲပြီး ခေါ်သွားသည်။

" ကဲ ... စားလေ "

သူက ရုတ်တရက် မစားသေးဘဲ ထမင်းပွဲကို မွတ်သိပ်စွာ ကြည့်နေသည်။ ပြီးတော့ ဒိုလားရက်စ် ကို မော်ကြည့်ပြီး -

" ကျွန်တော့်ကို သိလားဟင် "

" မသိပါဘူး၊ စားလေ ... ခု ကျွန်မတို့ မိတ်ဆွေဖြစ်သွားပြီပေါ့ "

သူက ဘီယာ တစ်ကျိုက်မော့ပြီး နှုတ်ခမ်းကို လက်ခုံနှင့်သုတ်နေစဉ် ဒိုလားရက်စ် သူ့အနားမှ ထ သွားသည်။ သူက လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး -

" ဟင် သွားတော့မလို့လား "

<<http://www.shwezinu.blogspot.com/

" ကျွန်မ လက်ကို လွှတ်ပါ "

ဒိုလားရက်စ် ခပ်ဆတ်ဆတ် ပြောလိုက်၏။ သူက လက်ကို လွှတ်ချလိုက်ပြီး -

" ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော် ထင်တာက "

" ရှင်ထင်တဲ့ အစားထဲက မဟုတ်ဘူး "

သူက ထမင်းပွဲထဲကို ဖွန်းတိုးထည့်ရင်း မော်ကြည့်ပြီး ပြုံးသည်။ သူ့ပုံက အကင်းပါးမည့်ပုံ။ သို့သော် ပြုံးပုံက ကြည်လင် သည်။ ကျေးဇူးတရားလည်း သိတတ်မည့်ပုံ။ သူ့အပြုံးသည် ဒိုလားရက်စ်၏ နှုတ်ခမ်းသို့ ကူးစက်သွားသည်။

" ကျွန်တော်ဆိုလိုတာက ဒီလိုပါဗျာ၊ တစ်ခါမှ မမြင်ဖူးတဲ့ လူ တစ်ယောက်ကို ထမင်းကျွေးတယ်ဆိုတဲ့ ကရုဏာရှင်ကို ကျေးဇူးတင်တဲ့အကြောင်း ပြောမလို့ပါ၊ သိပ်ဆာတာပဲဗျာ၊ ဆိပ်ကမ်းတစ်ပိုက်မှာ အလုပ်လိုက်ရှာရတာ မရလေ မောလေ၊ မောလေ ဆာလေပဲ၊ ခဏတစ်ဖြုတ် ထိုင်ပါဦးဗျာ၊ ကျွန်တော့်အတွက် စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး "

ဒိုလားရက်စ် သူနှင့် မျက်နှာချင်းဆိုင်ခုံတန်းတွင် ဝင်ထိုင်ပြီး မေးစေ့ကို လက်ဖါးနှစ်ဖက်ပေါ်တင် ကာ သူစားသည်ကို ကြည့်နေသည်။ ခေါင်းမထောင်ဘဲ အငမ်းမရ စားနေသည်။

လူက နာတံပေါ်ပေါ်။ မေးတွင် အချိုင့်နှင့်။ ပါးစပ်ကျယ်ကျယ်။ သွားတွေက ညီညာသန့်ရှင်းသည်။ အညိုရောင် ဆံပင်တွေက နေလောင်ထားသဖြင့် နီကြန်ကြန်ဖြစ်နေသည်။ ဂုတ်ထားသည့်အင်္ကျီမှာ တစ်ချိန် က အပြာရောင်ဖြစ်ဟန်ရှိသည်။ ခုတော့ ဘာအရောင် ရှိခဲ့မှန်းမသိအောင် လွင့်ပြယ်နေပြီ။ ပခုံးချုပ်ရိုးတွေ လည်း စုတ်ပြဲနေပြီ။ ခြေအိတ်ကလည်း ဒူးဆစ်အောက်တွင် အပေါက်တွေနှင့်။ ဂရုတစိုက် ဖာထေးပေး မည့် မိန်းမရှိဟန်မတူ။

စားနေရာမှ သူ မော်ကြည့်သည်။ မျက်လုံးတွေက အပြာရောင်၊ မျက်ခုံးမွေးတွေက ခုယားကြီးနှစ် ကောင်ကပ်နေဘိသို့။

" ကျွန်တော့်ကို ဘာပြုလို့ ခုလို ဒါနပြုတာလဲဟင် "

" ဘာရယ် လို့ မဟုတ်ပါဘူး၊ ရှင့်ကြည့်ရတာ အထီးကျန်ဘဂဝသမားနဲ့ တူလို့ပါ "

ဒိုလားရက်စ် တီးတိုးပြန်ပြောသည်။

" ညစာ စားပြီးပြီလားဟင်၊ ကျွန်တော့်ကိုတော့ ကျွေးပြီး "

<<<http://www.shwezinu.blogspot.com/

ဒိုလားရက်စ်နှင့် သူ့စကားမဆုံးမီ ခေါင်းယမ်းသည်။ မနေ့ကတည်းက ငှက်ပျောသီးတစ်လုံးနှင့် စပျစ်သီးတစ်ခိုင်ကလွဲပြီး ဘာမှမစားရသေးမှန်း ခုမှ သတိရသည်။

" ဒါဖြင့် စားလေ "

" စားပါ၊ အဲဒါ ရှင့်အတွက်ပဲဟာ "

သူက ပေါင်မုန့် ကို ဘီယာထဲ နှစ်လိုက်ပြီး ကမ်းပေးရင်း -

" ရော့ စားလိုက်ပါ၊ ခံတွင်းမကောင်းတဲ့အခါ သိပ်အရသာရှိတာ "

ဒိုလားရက်စ် လှမ်းယူပြီး စားကြည့်သည်။ သူပြောသည့်အတိုင်း အရသာရှိလှသည်။

" ကောင်းတယ် မဟုတ်လား "

ဒိုလားရက်စ် ခေါင်းညိတ်သည်။

" ဖယောင်းတိုင်တွေ ရင်ဘတ်ထဲ ထည့်ထားတော့ ပျော့ကုန်မှာပေါ့၊ စားပွဲပေါ် တင်ထားပါလား "

ဒိုလားရက်စ် ရယ်သည်။ သူပြောသည့်အတိုင်း နှိုက်ယူပြီး စားပွဲပေါ်တင်ထားလိုက်၏။

" ကျွန်မ လုံးလုံးမေ့နေတယ် "

" စကားပြောပုံက တစ်မျိုးပဲနော် "

သူက ဒိုလားရက်စ်ကို စပ်စုလိုက်သည်။

" ကျွန်မ အင်္ဂလိပ်မဟုတ်ဘူး "

" စပိန်လားဟင် "

" ဟုတ်တယ်၊ နယူးအော်လီယန်းမှာ နေတယ် "

" အဲဒီမှာ နေတာ ကြာပြီလား "

" သိပ်မကြာသေးပါဘူး "

" ကျွန်တော့်ကို နာမည်လေးဘာလေး ပြောပါဦး "

ဒိုလားရက်စ်ရာရမီဟု ပြောမည်ပြုပြီးမှ နုတ်က မထွက်ရဲဘဲ ဖြစ်နေ၏။ ဒိုလားရက်စ်ဘွန်ဒီယိုဟု ပြောရမှာလည်း ဂန်လေးသလို ဖြစ်နေပြန်သည်။

<<http://www.shwezinu.blogspot.com/

" ဒိုလားရက်စ်ပါ "

" ကျွန်တော့်နာမည် တက်အပ္ပဂျွန်းပါ "

သူက ချီတုံချတုံ လုပ်နေပြီးမှ မေးခွန်းတစ်ခု ထုတ်လာသည်။

" ခု ဒီမှာ ဘာလာလုပ်နေတာလဲ မစ္စဒိုလားရက်စ် "

" ကြံ့တာနဲ့ ဂင်လာတာပါ "

သူ ကျေနပ်ဟန် မတူ။

" အမျိုးသားကကော ဒီမှာပဲလားဟင် "

ဒိုလားရက်စ် နှုတ်ခမ်းကို ကိုက်လိုက်သည်။

" ကျွန်မမှာ ယောက်ျားမရှိပါဘူး "

" ဒါဖြင့် လက်က လက်စွပ်ကကော "

" ရှင့်ပါးစပ်ကို ထမင်းစားဖို့ပဲ သုံးပါလား "

ဒိုလားရက်စ် ခပ်ဆတ်ဆတ် ပြောလိုက်တော့မှ တက်အပ္ပဂျွန်း မျက်လွှာချသွားသည်။

" ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ နော် "

ဒိုလားရက်စ် လက်ဂါးပေါ်သို့ နဖူးမှောက်ချလိုက်သည်။ ပြီးတော့ လက်တစ်ဖက်ဖြင့် ဆံပင်တွေကို ထိုးဖွနေသည်။

" ကျွန်မ စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ ကျွန်မစိတ်က မမှန်ဘူးရှင့်၊ တစ်ခါတစ်ခါ စိတ်ရှုပ်လာရင် အောက်တန်းကျချင်တယ် "

" ကျွန်တော် စိတ်မကောင်းပါဘူး ခင်ဗျာ၊ ဒါပေမဲ့ ဘာမှ မဖြစ်လောက်ပါဘူးနော်၊ ကိစ္စမရှိလောက်ပါဘူး"

သူ့အသံက နူးညံ့နေ၏။ ဒိုလားရက်စ် ဘာမှပြန်မပြောဘဲ ခေါင်းငုံ့မြဲ ငုံ့ထားသည်။ ခဏကြာတော့မှ တက်အပ္ပဂျွန်း စကားဆက်သည်။

" ဒီမယ် မစ္စဒိုလားရက်စ်၊ ကျွန်တော် ဘာမှ ပြန်ဂယ်မကျွေးနိုင်ပါဘူးဗျာ၊ ဒါပေမဲ့ တစ်ခုခုတော့ စားပါနော်၊ ပိုပြီး နေကောင်းသွားပါလိမ့်မယ် "



<<http://www.shwezinu.blogspot.com/

" ဟုတ်လား "

" တကယ်ပြောတာပါ၊ ကြည့်ရတာ သိပ်ပင်ပန်းနေသလိုပဲ "

အင်္ကျီအိတ်ထဲက သိုးမွေးပိုက်ဆံအိတ်ကလေးကို နှိုက်ယူလိုက်သည်။

" ကောင်းပြီလေ၊ ဒါဖြင့် စားမယ်၊ ဒါပေမဲ့ အဲဒီပုစွန်တုပ်ဟင်းတော့ မစားချင်ဘူး "

ပိုက်ဆံယူပြီး သူ ထဂယ်သည်။ ပေါင်မုန့်၊ ဒိန်ခဲနှင့် ဘီယာတစ်ခွက်ယူပြန်လာသည်။

" အဲဒါလေး ကုန်အောင်စားပြီး သောက်လိုက်နော်၊ နေသာသွားလိမ့်မယ် "

ဒိုလားရက်စ် ပေါင်မုန့်ကိုကိုက်ရင်း -

" ဘီယာ ထပ်ယူဦးလေ "

" တော်ပါပြီ ခင်ဗျာ၊ မစ္စဒိုလားရက်စ် ပိုက်ဆံတွေ ကုန်လှပါပြီ "

" ကျွန်မ ရှင့်ကို ထပ်ဂယ်တိုက်ချင်သေးတယ်လေ၊ ရှင် ကျွန်မအနားမှာနေတော့ ဘယ်သူမှ လာမစရဲဘူးပေ့ါ "

" သြော် ... မစ္စရယ်၊ ဘီယာမတိုက်ဘဲလည်း ကျွန်တော် ထိုင်စောင့်ပေးမှာပါ ခင်ဗျာ "

" သြော် ... ဒီလိုနေရာမှာ ရှင်လိုလူလည်း ရှိသေးသားပဲနော် "

ဒိုလားရက်စ် နွမ်းနွမ်းနယ်နယ် ပြောလိုက်သည်။

" ဒီနေ့တစ်နေ့လုံး ကျွန်မကို အပေါ်စားလို မဆက်ဆံတာ ရှင် တစ်ယောက်ပဲ တွေ့သေးတယ် "

တက်အပ္ပဂျွန်း က ပခုံးတွန့်ပြီး -

" ဒါကတော့ အမိက ကျွန်တော့်အပေါ် ကောင်းတာကိုး ဗျ၊ မဟုတ်ရင် ကျွန်တော် လည်း ကောင်းချင် မှ ကောင်းမှာပေ့ါ "

" ရှင်လည်း လောကကြီးကို မကျေနပ်ဘူးနဲ့ တူတယ် "

" ဘယ်လိုလုပ် ကျေနပ်မလဲခင်ဗျာ၊ ခေတ်ကြီးက ကောင်းမှ မကောင်းတာ "

" ကျွန်မဖြင့် ယောက်ျားတွေမှာ အဲဒီဒုက္ခမျိုးရှိမယ် မထင်ခဲ့ဘူး "

" ရှိတာပေါ့ဗျာ၊ ခုလို အလုပ်မရှိတဲ့အခါ ပိုဆိုးတာပေ့ါ "

<<http://www.shwezinu.blogspot.com/

" ဘာလို့ အလုပ်မရှိရတာလဲဟင် "

" အင်း ... အဲဒါတော့ ပြောရခက်တယ်ဗျ၊ တချို့ပြောတော့လည်း စစ်ကြောင့်တဲ့၊ ကုန်လှေတွေ သိပ်မကပ်လာတော့ဘူးလေ၊ နောက်တစ်ခုက လုပ်ငန်းရှင်တွေက လူငှားလုပ်မယ့်အစား ကပ္ပလီတွေ အပိုင် ဝယ်ပြီး ခိုင်းနေကြတာကြောင့်လည်း ပါတယ်၊ ကျွန်တော် ဒီကို ရောက်စကဆို အလုပ်သိပ်ပေါ တာပေါ့၊ ခုတော့ အလုပ်ကြမ်းမှန်သမျှ ကပ္ပလီ ကျွန်တွေနဲ့ချည်း ကိစ္စပြီးနေတော့ ကျွန်တော်တို့ လူဖြူ အလုပ်သမားတွေ ငတ်ကုန်ကြတာပေါ့ "

ဒိန်ခဲနှင့် ထောပတ်ကို မြုံ့ရင်း ဒိုလားရက်စ် အတွေးနယ်ချဲ့နေသည်။ အစာလေး ဝင် သွားတော့ နေလို့ထိုင်လို့ သက်သောင့်သက်သာဖြစ်လာသည်။ ဗိုက်က ဆာနေပြီး စိတ်က ဆာမှန်း မသိ ဖြစ်နေ ခြင်းဖြစ်သည်။

" ရှင်က အင်္ဂလိပ်ဖြစ်ပြီး ဘာလို့ ပိုင်စားမြေ မရတာလဲ၊ ဘုရင်မင်းမြတ်က ရှင့်ကို မချီးမြှင့်ဘူးလား "

" ဘုရင်မင်းမြတ်က လူရိုင်းတွေနဲ့ ပြင်သစ်တွေကို တိုက်ပေးတဲ့လူတွေအတွက်သာ ပိုင် စားမြေ ပေးသနားတာလေ၊ အဲဒီတုန်းက ကျွန်တော်က ချာတိတ်ပဲ ရှိသေးတာကိုး၊ ၁၇ နှစ်သားပဲ ရှိသေး တယ်လေ၊ ဘယ်သူမှလည်း စစ်တိုက်ဖို့ လာမခေါ်ကြဘူး "

" ဘယ်အရပ်ကလဲဟင် "

ဒိုလားရက်စ် စိတ်ဝင်တစားမေးသည်။

" ဂျော်ဂျီယာကပါ "

" ပင်လယ်ဘက်ကလား "

" မဟုတ်ဘူးဗျ၊ ကုန်းတွင်းပိုင်းကပါ၊ ကျွန်တော် ပင်လယ်ကို ခုထိမမြင်ဖူးသေးပါဘူး "

" ဟုတ်လား "

ဂျော်ဂျီယာ ဘယ်နား ရှိသည်ကို ဒိုလားရက်စ် မသိ။ သို့သော် ဘဝတူအချင်းချင်း ဝေဒနာဖလှယ်ရ သည်မှာ စိတ်သက်သာ စရာ ကောင်းလှသည်။ ကိုယ့်ဒုက္ခကိုယ် မေ့နေ၏။ ဒယ်လ်ရှိုင်းတွင် မိမိတွေ့ ခဲ့သည့် လူကြီးလူကောင်း များနှင့် မတူသော်လည်း မစ္စတာတက်အပ္ပဂျွန်းမှာ တစ်မျိုး ရည်မွန် သူဖြစ်သည်။ နှစ်လိုဖွယ်ကောင်းသူ ဖြစ်သည်။ သူနှင့် စကားပြောရသည်မှာ ဂက်သစ်ချမြိုင် တွင် နေခဲ့စဉ် ကလို အနေမကျုံ့။ သိမ်ငယ်စိတ် မဝင်။

<<<http://www.shwezinu.blogspot.com/

တက်အပ္ပဂျွန်းကမူ ဒိုလားရက်စ်ကို စိတ်လေနေသည့် မိန်းကလေးအဖြစ် နားလည်ထားလိုက်သည်။ သူ့အနေဖြင့် နှစ်သိမ့်ခြင်းလည်း မပြုနိုင်၊ အားပေးခြင်းလည်း မပြုနိုင် ဖြစ်နေသည်။ သည်တော့ ဘာမှ မပြောဘဲ ဆိတ်ဆိတ် နေလိုက်သည်။

ဒိုလားရက်စ် လိုသည်မှာ ဒါပဲဖြစ်၏။ ကျိတ်ပြီး သူ့ကို ကျေးဇူးတင်လိုက်မိသည်။ သူသည် လူချော တစ်ယောက်တော့ မဟုတ်ပေ။ သန့်သန့်ပြန့်ပြန့်လည်း မရှိလှပေ။ သို့သော် ဆံပင်ကို သေသေသပ်သပ် ဖြီးသင်ပြီး အင်္ကျီအပေါက်အပြဲတွေကို ဖာထေးပေးမည့် မိန်းမတစ်ယောက် ရှိမည်ဆိုလျှင်တော့ သည့်ထက် ပို၍ ကြည့်ပျော်ရှုပျော် ဖြစ်လာမည် အမှန်ဖြစ်သည်။

စားပွဲရှည်ကြီး ၏ တစ်ဖက်စွန်းတွင် ရပ်နေသည့် မိန်းကလေးတစ်ယောက်က ခပ်ကြမ်းကြမ်း သီချင်း တစ်ပုဒ်ကို အော်ဆိုနေသည်။ စကတ်ကို ဂဲကာ၊ တင်ကို လှုပ်ကာဖြင့်။

မူးနေကြ သည့် စစ်သားတစ်သိုက်က ခြေဆောင့် စည်းလိုက်ပေးနေကြ၏။ မိန်းကလေးက ပြင်သစ် ဘာသာဖြင့် ဆိုနေခြင်းဖြစ်သည်။ တက်အပ္ပဂျွန်းက သီချင်းဆိုနေသည့် မိန်းကလေးကိုကြည့်လိုက်၊ ဒိုလားရက်စ် ကို ကြည့်လိုက် လုပ်နေသည်။

" ရှင် ပြင်သစ်စကား တတ်လားဟင် "

မထင်ဘဲနှင့် ဒိုလားရက်စ် မေးလိုက်ခြင်းဖြစ်၏။

" ဟာ ကတ်သီးကတ်သတ်၊ ကျွန်တော် ခုပြောနေတဲ့ စကားကလွဲပြီး ဘာစကားမှ မတတ်ဘူး၊ မစ္စဒိုလားရက်စ်ကော "

" နည်းနည်းပါးပါးပေါ့ "

" အဲဒီကောင်မလေး အော်ဟစ်နေတာ ပြင်သစ်သီချင်းလား "

ဒိုလားရက်စ် ခေါင်းညိတ်လိုက်သည်။

" ဒါဆို ခေတ်ပညာတွေ တတ်ပြီးသားပေါ့နော် "

" နည်းနည်းပါးပါးပါ၊ နယူးအော်လီယန်းမှာ ဘာသာစုံတတ်ဖို့ သိပ်မခက်ပါဘူး "

" စာတွေလည်း အများကြီး ဖတ်တတ်မှာပေါ့နော် "

" စာကတော့ ပြင်သစ်ဘာသာတစ်မျိုးပဲ ဖတ်နိုင်တယ်၊ အင်္ဂလိပ်စာတော့ မတတ်ပါဘူး။ ရှင် အင်္ဂလိပ် စာတော့ တတ်တယ် မဟုတ်လား "

<<<http://www.shwezinu.blogspot.com/

" ကျွန်တော် သိပ်တတ်ချင်တာပေါ့ဗျာ "

သူက မရှိပြုံး ပြုံးပြီး ပြောသည်။

" ဘီယာ ထပ်ယူပါဦးလို့ ကျွန်မ ပြောနေတယ်လေ "

" တော်ပါပြီ မစ္စဒိုလားရက်စ်၊ ကျွန်တော့်အနေနဲ့ ဒါလောက်ဆို လုံလောက်ပါပြီ "

" ဩော် ... ရှင်ကလည်း ကျွန်မ ပြောပြီးပြီပဲ၊ ဒီည ကျွန်မရဲ့ ကိုယ်ဂုံတော် တပ်မှူး လုပ်ပေးပါဆို "

သူ ရယ်ပြီး ဘီယာတစ်ခွက် သွားယူသည်။ ဒိုလားရက်စ် ဂမ်းသာသွား၏။ ပေါင်မုန့်နှင့် ဒိန်ခဲ စားလို့ ပြောင်သွားပြီ။ သို့သော် ဆက်ထိုင်ပြီး စကားပြောချင်နေ၏။ ပြတင်းပေါက်မှ မိုးစက်တွေ ဝင်လာ သည်။ အပြင်မှာ မိုးရွာနေပါပကောလား။

သူ ပြန်ရောက်လာတော့ ဒိုလားရက်စ် စကားစသည်။

" ရှင်တို့ အရပ် မှာ ကပ္ပလီတွေ အများကြီးလားဟင် "

" ကျွန်တော်တို့ ဘက်မှာ သိပ်မရှိပါဘူး၊ ပင်လယ်ကမ်းခြေဘက်မှာ များတယ်၊ ဆာဗာနာတစ်ဝိုက် ပေါ့၊ ဒါပေမဲ့ ကျွန်တော် အဲဒီဘက် မရောက်ဖူးဘူး၊ လူဂီစီးယားနား ရောက်မှ သူတို့ကို များများစား စား တွေ့ဖူးတာ "

" မြေမရှိဘဲနဲ့ ဘာအတွက် ဒီလို လာခဲ့တာလဲဟင် "

" ဘာရယ်လို့ မဟုတ်ဘူးဗျာ၊ ကျွန်တော်တို့အရပ်မှာ အလုပ်အကိုင် မကောင်းတာနဲ့ ထွက်ခဲ့တာပါ၊ ပြောင်းခင်းတွေ နံ့ဖျက်ပိုးကျပြီး သီးနံ့တွေ အကြီးအကျယ် ပျက်ကြတယ်လေ။ ဒီဘက်အပိုင်း မှာ အလုပ်တွေ ပေါတယ်လို့ လူပြောသူပြော များတာနဲ့ လင်မယားနှစ်ယောက် အထုပ်အပိုးပြင်ပြီး ထွက်ခဲ့ကြတာလေ "

ဒိုလားရက်စ် အံ့ဩသွားသည်။ မိန်းမရှိတယ် ဆိုပါလား၊ သူ့ကို ပစ်စလက်ခတ်ထားသည့် မိန်းမျိုးလား။

" ဟင် ရှင့်မှာ မိန်းမရှိတယ် ဟုတ်လား "

" ခု မရှိတော့ပါဘူး၊ ဒီရောက်တော့ ကလေးတစ်ယောက်မွေးပြီး သေရှာတယ်လေ "

" ဒါဖြင့် ကလေးရော "

ဒိုလားရက်စ် အားတက်သရော ဖြစ်လာသည်။

" ကလေးလည်း ဆုံးသွားတယ်၊ ကျွန်တော်ကလည်း ကလေးအကြောင်း ဘာမှသိတာ မဟုတ်တော့ .... "

<<http://www.shwezinu.blogspot.com/

" ကြားရတာ ကျွန်မ စိတ်မကောင်းပါဘူးရှင် "

စားပွဲပေါ် မှ ဖယောင်းတိုင်ကလေးတွေကို လက်နှင့်လိုမ့်ရင်း -

" ကျွန်မ မှာလည်း ကလေးရှိတယ် "

" ဟုတ်လား၊ မိန်းမကလေးပဲလား "

" မဟုတ်ဘူး၊ ယောကျ်ားလေး "

" ကျွန်တော်က သမီးလေးဗျ "

ဒိုလားရက်စ် ခေါင်းမော်မလာတော့ တက်အပွဂျွန်းက ဆက်မေးသည်။

" သားကလေးကော၊ ကျွန်တော့်သမီးလိုပဲ ဆုံးသွားသလား "

" ဟင့်အင်း မဆုံးပါဘူး၊ ကျွန်မယောကျ်ားဆီမှာ ရှိပါတယ် "

" ဟင် .... ဒါဖြင့် ကျွန်တော် ထင်တာက ... ကျွန်တော့်ကို ခွင့်လွှတ်နော် "

ဒိုလားရက်စ် ၏ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ နှုတ်ခမ်းကို နာနာကိုက်ထားလိုက်၏။

တက်က -

" ကျွန်တော်ပြောလို့ စိတ်မကောင်းဖြစ်သွားတာလားဟင်၊ ကျွန်တော်ဘာကိုမှ ရည်ရွယ်ပြီးပြောတာမဟုတ် ပါဘူး မစ္စဒိုလားရက်စ်ရယ် "

ဒိုလားရက်စ် စားပွဲပေါ်သို့ တံတောင်ဆစ်ဖြင့် ထောက်ပြီး လက်သီးဆုပ် နှစ်ဖက်ဖြင့် မျက်လုံးကို ပိတ်ထားလိုက်သည်။ စားပွဲတစ်ဖက်စွန်းမှ တေးသံက ပိုမြင့်လာသည်။ သောတရှင်များကပါ လိုက် ဆိုနေကြပြီ။ အမျိုးကောင်း သမီးကလေးများ နားမလည်နိုင်သည့် စကားလုံးများဖြင့် သီဖွဲ့ထားသည့် သီချင်း။

ဒိုလားရက်စ် မျက်ရည်အကျရပ်သွားသည်။ ငိုရလွန်းသဖြင့် မျက်ရည်လည်း များများ ကျန်တော့ဟန် မတူပါ။ ခေါင်းမော်ကြည့်လိုက်သည်။ တက်အပွဂျွန်းက သူ့ကို အသာစောင့်ကြည့် နေ၏။ အကြင်နာ ခိုးတွေဝေနေသည့် မျက်လုံးများဖြင့်။

" ရှင်ပြောလို့ စိတ်ထိခိုက်ရတာ မဟုတ်ပါဘူး၊ ကျွန်မ ဘာသာ ကျွန်မ စိတ်ညစ်နေတာပါ၊ စိတ်မညစ်ဘဲ နေပ့ါမလားရှင်၊ ကျွန်မမှာ လင်ယောကျ်ားရှိပါတယ်၊ အဲဒီလင်ယောကျ်ားက ကျွန်မကို ကန်ထုတ် ပစ်လိုက်တယ်လေ၊ သူနဲ့ ကျွန်မက အဆင့်ချင်း သိပ်ကွာတာကိုး "



<<http://www.shwezinu.blogspot.com/

" အို "

" ဟုတ်တယ်၊ ကျွန်မက သူနဲ့ လုံးဝမတန်ဘူးလေ၊ ဒါပေမဲ့ ကျွန်မမွေးတဲ့ ကလေးကျတော့ သူနဲ့ တန်တယ် တဲ့၊ ဇာတ်လမ်း ကတော့ ဒါပဲ၊ ရှင် ကြားဖူးမလားတော့ မသိဘူး၊ သူ့နာမည်က ရှာရမီတဲ့ "

တက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

" ခင်ဗျာ၊ သစ်ဖြူတောက ရှာရမီမျိုးကို ပြောတာလားဟင် "

ဒိုလားရက်စ် ခေါင်းညိတ်လိုက်သည်။

" အင်း … ဒုက္ခ ဒုက္ခ "

သူက ဒါပဲ ပြောတတ်သလို တတွတ်တွတ် ရေရွတ်နေသည်။ ပြီးမှ "ဒါတော့ လုံးလုံး မတရားပါဘူး ဗျာ" ဟု မကျေမနပ် ဆိုသည်။

ဒိုလားရက်စ် ဖြစ်ကြောင်း ကုန်စင်ကို ပြန်းစားကြီး ပြောပြနေမိ၏။ အလှအပ တန်ဆာမဆင်ဘဲ အရင်း အတိုင်း ပြောပြနေခြင်းဖြစ်သည်။ အရိုးသားဆုံး နှလုံးသားဖြင့် သူ့ကို ပြောပြနေစဉ် စိတ်ထဲတွင် လွတ်လပ်ပေါ့ပါးနေသည်။ ဟန်ဆောင်ခြင်း မိုးတိမ်များထဲတွင် လွင့်မျောနေခဲ့စဉ်က အလှအပများနှင့် ပကတိ အရှိအတိုင်း ရိုးသားပွင့်လင်းရသည့် ပီတိသုခကို နှိုင်းယှဉ်ကြည့်မိသည်။

တက် ငြိမ်ပြီး နားထောင်နေသည်။ ရံခါတွင် ဒိုလားရက်စ် လက်ကို လှမ်းပုတ်ပြီး အားပေးသည်။

" အဲဒါပဲ၊ နောက်ဆုံး ဂက်သစ်ချမြိုင်က ပိုက်ဆံနည်းနည်းနဲ့ ငွေထည်ပစ္စည်းတချို့ လစ်ပြီး ထွက်လာ ခဲ့တယ်၊ ဘာဖြစ်လို့ အဲဒီလို လုပ်ခဲ့လဲဆိုတာ ကျွန်မကိုယ် ကျွန်မ မသိဘူး၊ မနေ့ညက ကျွန်မ မဆိုသလောက် များ ရူးသွားသလား မသိဘူးနော် "

တက်က ခဏတွေစဉ်းစားပြီး ခပ်လေးလေး မှတ်ချက်ချသည်။

" အင်း၊ ရူးမယ် ဆိုလည်း ရူးလောက်ပါတယ်လေ "

" ခု ကျွန်မ ဘာဆက်လုပ်ရမလဲဟင် "

သူ ခေါင်းယမ်းသည်။

" မစ္စဒိုလားရက်စ်၊ ကျွန်တော် အဲဒီလောက် မစဉ်းစားတတ်ပါဘူးဗျာ "

<<<http://www.shwezinu.blogspot.com/

ပေါင်ပေါ်တင်ထားသည့် လက်ချောင်းတွေကို ချိုးနေသည်။ ညဥ့်နက်စပြုပြီ။ အရက်ခန်းမှာ မီးခိုးတွေ မှောင်နေပြီး ဆေးနံ့၊ အရက်နံ့ လှိုင်နေသည်။ အခန်းတစ်ဖက်စွန်းတွင် လူနှစ်ယောက် ထ သတ်နေကြသည်။ ကျန်သည့် အမူးသမားတွေက ကြက်ပွဲလို တစ်ဖက်စီ အားပေးနေကြသည်။

" ဒီမှာ ဆက်နေဖို့ မကောင်းဘူး မစ္စဒိုလာရက်စ် "

တက်က စဉ်းစဉ်းစားစား ပြောလိုက်သည်။

" ဟုတ်တယ်၊ ကျွန်မလည်း အဲဒါ စဉ်းစားနေတာ "

ဒိုလာရက်စ် မတ်တတ်ထရပ်သည်။ ပုလင်းဖုံးပေါ်တွင် ထွန်းထားသည့် ဖယောင်းတိုင်မှ မီးကူးလိုက်သည်။ တက်အပွဂျွန်းလည်း ထရပ်သည်။

" ကျွန်တော်လည်း သွားမယ်၊ ရန်ပွဲထဲ မပါဘဲနဲ့ ခေါင်းကွဲနေဦးမယ် "

ဒိုလာရက်စ် ဖယောင်းတိုင်ကို မြှောက်ပြီး သွားမည်ပြုသည်။

တက်က -

" တည်းဖို့နေရာတော့ ရတယ်နော် "

" ဟိုနောက်ဘက်မှာ ကြွက်တွင်းလို အခန်းတစ်ခန်းတော့ ရထားတယ်၊ ဒါပေမဲ့ တံခါးကတော့ လုံပါတယ် "

တက် ချီတုံချတုံ လုပ်နေပြီး ဒိုလာရက်စ်နောက်မှ လိုက်သွားသည်။

" အခြေအနေ ဘယ်လိုရှိတယ် ဆိုတာ မနက်ဖြန် ကျွန်တော် လာကြည့်ချင်ပါတယ် "

" အို ကောင်းတာပေါ့၊ ရှင်က ဘယ်မှာနေလဲဟင် "

သူ ရယ်သည်။

" ဘယ်မှာ နေစရာရှိမှာလဲဗျ၊ ခုတလော ဆိပ်ခံတွေပေါ်မှာ အိပ်တာ များပါတယ်၊ မိုးရွာနေတယ်၊ အမိုးရှိတဲ့ နေရာကလေးတော့ ရကောင်းပါရဲ့."

ဒိုလာရက်စ် အခန်းကိုဖွင့်ဖို့ အင်္ကျီထဲမှ သော့နှိုက်ယူရင်း သူ့ကို မော်ကြည့်သည်။

" မစ္စတာအပွဂျွန်း၊ ရှင် ဘုရားသခင်ကို ယုံလားဟင် "

" ဗျာ ... ယုံတာပေါ့၊ ယုံပါတယ်၊ ဘာလို့ မေးတာလဲဟင် "

<<http://www.shwezinu.blogspot.com/

ဒိုလားရက်စ် သက်ပြင်းချသည်။

" ကျွန်မကို အနှောင့်အယှက် မပေးပါဘူးလို့ ဘုရားသခင်ဆီမှာ သစ္စာဆိုရင် ဒီမှာပဲ အိပ်လေ "

သော့ဖွင့်ပြီး ဝင်လိုက်သည်။

" အခန်း က အစုတ်ပလုတ်ပါ၊ ဒါပေမဲ့ အမိုးတော့ ရှိတယ်လေ၊ ဒီလို မိုးမျိုး မိရင် ရှင် အအေး မိပြီး သေလိမ့်မယ် "

ဒိုလားရက်စ် တံခါးကို တွန်းဝင်မည်အပြုတွင် တက်က လှမ်းတားပြီး -

" ကျွန်တော် ဒုက္ခမပေးချင်ပါဘူး မစ္စဒိုလားရက်စ်၊ ကျွန်တော် သစ္စာဆိုရဲပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို ဘယ်သူ ဘယ်ဝါမှန်း မသိသေးဘဲနဲ့၊ ဘယ်သူ့ဆီကမှ ကျွန်တော့်အကြောင်း မကြားဖူးဘဲနဲ့ ဘာလို့ယုံမလဲ "

ဒိုလားရက်စ် က ပြန်လှည့်ပြီး၊ မျက်နှာချင်းဆိုင် ရပ်ပြီး -

" ကိစ္စမရှိပါဘူး၊ ကျွန်မ စွန့်စားရဲတယ်၊ ကျွန်မအပေါ် တစ်ခါတလေ ကလေးဖြစ်ဖြစ် ကောင်းတဲ့ လူ တွေ့ရင် ကျွန်မပြန်ပြီး ကူညီချင်ပါတယ်၊ လာပါ "

သူတို့ နှစ်ယောက် အခန်းထဲ ဝင်လိုက်ကြသည်။ ဒိုလားရက်စ်က ဒူးထောက်၍ ကြမ်းပေါ်တွင် ဖယောင်းစက် ချပြီး ဖယောင်းတိုင် ကို ထောင်ဖို့ လုပ်နေသည်။

အခန်းထောင့်မှ ခင်းဖုံနှင့် စောင်ကိုကြည့်ပြီး -

" ဒါတွေ မသုံးဘူးထင်တယ် ဟုတ်လား "

ဒိုလားရက်စ်က လှည့်မကြည့်ဘဲ -

" ဟင့်အင်း၊ အရမ်းညစ်ပတ်နေတယ် "

" ဒါထက် ညစ်ပတ်တဲ့ နေရာတွေမှာ ကျွန်တော် အိပ်ခဲ့ရတာပါ၊ ကျွန်တော် ဖယောင်းတိုင် ကို နေရာ ပြောင်းထွန်းပေးမယ်နော်၊ ဒီအတိုင်းထွန်းရင် အိမ်မီးလောင်မှာပေါ့ "

ဒိုလားရက်စ် သူ့ကို ဖယောင်းတိုင် ကမ်းပေးလိုက်သည်။ တက်ဖယောင်းတိုင် ထွန်းပြီးသည်နှင့် ဒိုလားရက်စ် က ရှက်ရွံ့ရွံ့ အမူအရာဖြင့် -

" တစ်ဆိတ်၊ ကျွန်မကို ရေတစ်ပုံးလောက် ဆွဲထားပေးပါလားရှင်၊ မနက် မျက်နှာသစ်ရအောင်လေ "

" ဟာ ရပါတယ် "

<<<http://www.shwezinu.blogspot.com/

ရေပုံးဆွဲပြီး သူထွက်သွားသည်။ ဒိုလားရက်စ် အဂတ်တွေ ချွတ်လိုက်သည်။ သေတ္တာထဲမှ ညဂတ်အင်္ကျီထုတ်ပြီး စွပ်ချလိုက်သည်။ ပြီး အိပ်ရာပေါ် လှဲချလိုက်၏။ ရင်ဘတ်ပေါ်တွင် ဂွမ်းကပ် ကုတ်အင်္ကျီ တစ်ထည် လွှမ်းလျက်။ တကာ် ရေတစ်ပုံးနှင့် ပြန်ဝင်လာသည်။

" ဘာမှ မလိုတော့ပါဘူးနော် မစ္စဒိုလားရက်စ် "

သူ တံခါးပိတ် ရင်း လှမ်းမေးသည်။

" ဟုတ်ကဲ့ "

" ကဲ … ဒါဖြင့် စိတ်ချလက်ချ အိပ်တော့နော်၊ ဘယ်ကောင်မှ လာမနှောင့်ယှက်စေရဘူး "

သူက ခင်းဖုံကို ဖြန့်ခင်းပြီး ဖယောင်းတိုင်မီးငြိမ်းဖို့ ကြမ်းပြင်ပေါ်တွင် ဒူးထောက်ထိုင်လိုက်သည်။

" ခုလို မိုးလုံလေလုံနဲ့ အိပ်ရလို့ ကျေးဇူးတင်လှပါတယ် ခင်ဗျာ "

" အို … ကိစ္စမရှိပါဘူး ဆို "

သူက အိပ်မည့်နေရာတွင် ထိုင်ချလိုက်ပြီး -

" ကျွန်တော့်မှာလည်း ရင်နာစရာတွေ အများကြီးပါဗျာ။ အမျိုးသမီးနဲ့ ကလေးဆုံးပြီးတော့ အပေါင်းအသင်းမရှိ၊ အလုပ်မရှိနဲ့။ အဲဒီလိုအချိန်မှာ မစ္စဒိုလားရက်စ်နဲ့ တွေ့ရတာ ကျွန်တော့်အဖို့ ဂမ်းသာလို့ မဆုံးပါဘူး "

" ကဲ … ကဲ ရှင်အိပ်တော့ "

သည်တော့မှ သူ ဖယောင်းတိုင်မီး ငြိမ်းသည်။ ခဏနေတော့ ဟောက်သံသဲ့သဲ့ ထွက်လာသည်။ အင်း … စိတ်ချ လက်ချ အိပ်ဖြစ်တော့မှာပါလား၊ သူ့ကို ကျေးဇူးတင်နေမိ၏။

တကာ်က စောစော ထနိုးသည်။ မိုးပင် စင်စင်မလင်းသေး။ အပြင်တွင် မိုးစဲသွားပြီ။ ဒိုလားရက်စ်က လွှားထား သည့် ကုတ်အင်္ကျီကို မေးစေ့အထိဆွဲတင်ပြီး -

" ဘာလဲ ၊ ရှင် ဘာလိုချင်လို့လဲ "

" နှုတ်မဆက်ဘဲ ထွက်သွားလို့ မကောင်းလို့ပါဗျာ၊ ဒီအချိန် ဆိပ်ကမ်းဆင်းနိုင်မှ အလုပ်က မျှော်လင့်ချက်ရှိမှာလေ "

" ဩော် … ဝွတ်ဘိုင် "

<<<http://www.shwezinu.blogspot.com/

ဒိုလားရက်စ် နှုတ်ဆက်လိုက်သည်။ သူ ထွက်သွားသည်။ အခန်းဝရောက်မှ ပြန်လှည့်လာပြီး -

" မစ္စဒိုလားရက်စ် ဘာဆက်လုပ်မလဲဟင်၊ ဟို ကျွန်တော်ဆိုလိုတာက အဲ ခုလို စောင့်ရှောက်မယ့်လူမရှိဘဲ တစ်ယောက် တည်း ထားခဲ့ရတာ ကျွန်တော် စိတ်မကောင်းဘူး "

" ကျွန်မ အစောင့်အရှောက်နဲ့ မနေခဲ့ရဖူးပါဘူးရှင် "

ဒိုလားရက်စ် ညှိုးလျစွာ ပြောသည်။ သူက ခုတင်စွန်းတွင် မှေးထိုင်ရင်း -

" ဒါပေမဲ့ ခုလိုအခြေအနေမှာ အကာအကွယ်မဲ့ ဘဝနဲ့ နေလို့မသင့်ဘူး၊ ခုအတိုင်း စိတ်လေလေနဲ့ လျှောက်သွားနေရင် ဒုက္ခတွေ့လိမ့်မယ်၊ ကျွန်တော် စကားလုအောင် မပြောတတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော် ပြောသလို ဖြစ်မှာသေချာတယ် "

ဒိုလားရက်စ် မျက်လုံးတွေ ကျယ်လာသည်။ အလွန် လူစိတ်ရှိသည့် ပုဂ္ဂိုလ် ပါလား။ ပေါင်းအပ် သင်းအပ် သည့် လူဟု ဆုံးဖြတ်လိုက်သည်။ လူတစ်ယောက်နှင့်အတူ မဟုတ်လျှင် နယူးအော်လီယန်း သို့ ရောက်ဖို့ မလွယ်သည်ကို ပြေးသတိရလိုက်သည်။ နှစ်ယောက်စာ လမ်းစရိတ်လည်း လုံလုံလောက်လောက် ရှိနေသည်။

" ကျွန်မကိုအခိုက်အတန့် စောင့်ရှောက်ပေးမယ်ပေါ့၊ ဟုတ်လား "

သူက လည်ချောင်းရှင်းပြီး -

" ကျွန်တော့်မှာ ဘာအလုပ် ရှိတာမှတ်လို့ဗျာ၊ ကြည့်ရှုစောင့်ရှောက်ရမယ့် လူတစ်ယောက်ရှိနေတော့ ပို စိတ်ငြိမ်တာပေါ့ "

ဒိုလားရက်စ် ခပ်တိုးတိုးရယ်သည်။

" ကျွန်မနဲ့ နယူးအော်လီယန်းကို လိုက်ခဲ့မလားဟင်၊ မြို့ကြီးဆိုတော့ အလုပ်လည်း ပိုပေါ တာပေါ့။ အေးအေးဆေးဆေး အလုပ်ရနိုင်ပါတယ် "

" နယူးအော်လီယန်း ဟုတ်လား "

ဒိုလားရက်စ် ခေါင်းညိတ်သည်။

" ဒီနေရာကိုတော့ ကျွန်မ မုန်းတယ် "

တက်က စကားစပ်မရှိဘဲ -

" အဲဒီ သွားကလေးတစ်ချောင်းက ဘာလို့ ကျိုးသွားတာလဲ "



<<<http://www.shwezinu.blogspot.com/

" ဩော် ဒါလား၊ ကျွန်မ အလုပ်လုပ်တဲ့ အရက်ဆိုင်မှာ သင်္ဘောသားတစ်သိုက် ရန်ဖြစ်ကြ တယ်လေ၊ ရောထွေးမှားယွင်းပြီး ကုလားထိုင်တစ်လုံးနဲ့ အရိုက်ခံလိုက်ရတယ်၊ သိပ်ကို ကြာခဲ့ပါပြီ၊ ကိုယ့်ကိုယ် ကိုယ် မကာကွယ်နိုင်ခင် အရွယ်က ဖြစ်ခဲ့တာပါ "

တက် ခေါင်းယမ်းသည်။

" ဒီမယ် မစ္စဒိုလားရက်စ်၊ ခုလို လေနေရင် အန္တရာယ်တွေ့ဦးမှာပဲ၊ အဲဒီအန္တရာယ်ကို ခုလည်း ကာကွယ်နိုင် မှာ မဟုတ်ဘူး၊ အဲ မြို့ကြီးပြကြီးကို သွားရင် ပိုဆိုးတယ် "

" အို ကျွန်မ တစ်ယောက်တည်း သွားမှာမှ မဟုတ်တာ၊ ရှင်နဲ့အတူ သွားမှာပဲ ဥစ္စာ"

သူ ထ ရပ်သည်။

" နယူးအော်လီယန်းကိုတော့ ကျွန်တော် မလိုက်ပါရစေနဲ့ ခင်ဗျာ၊ အဲဒီကလူတွေက စကားမပေါက် ဘာမပေါက်နဲ့၊ ကျွန်တော်ကလည်း အင်္ဂလိပ်စကားကလွဲလို့ ဘာမှတတ်တာ မဟုတ်ဘူး၊ ပြီးတော့ အဲဒီမှာ လူမည်းပိုများတော့ အလုပ်ပိုရှားမှာ၊ မလွယ်ပါဘူးဗျာ "

" ဒါဖြင့် ရှင် ... ရှင် ... ကျွန်မနဲ့ မလိုက်ဘူးပေါ့ "

ဒိုလားရက်စ်က သက်ပြင်းချသည်။ အလောတကြီး လုပ်မိပြန်ပြီထင်သည်။ သူနှင့် ခဏတစ်ဖြုတ် အတူနေပြီး သူနှင့် ခင်မင်လေးစားမှုကို ရအောင်ယူပြီးမှ စည်းရုံးလျှင် ရနိုင်စရာရှိသည်။

" ဟုတ်တယ် မစ္စဒိုလားရက်စ်၊ ကျွန်တော် မလိုက်နိုင်ပါဘူး သွားမယ်ဆိုရင် ကျွန်တော့်မှာ တားပိုင် ခွင့် မရှိပါဘူး။ ဒီလိုနေရာမျိုးမှာ မိန်းမအရက်သမားဘဝနဲ့ နေမယ်ဆိုရင်လည်း ကျွန်တော့်မှာ ပြော ပိုင်ခွင့် မရှိပါဘူး "

သူက အိတ်ကပ်ကို ပုတ်ပြပြီး -

" ကဲ ကျွန်တော် ဆိပ်ကမ်းကို လစ်လိုက်ဦးမယ် "

သည်တစ်ခါ သူ တကယ်ထွက်သွားလေပြီ။ ဒိုလားရက်စ် ပါးစပ်အဟောင်းသား ဖြစ်ကျန်ရစ်၏။ မိမိ၏ လုံခြုံမှုသည် သူနှင့်အတူ ပါသွားလေပြီ။ မိမိကိုယ်တိုင် ဆိပ်ကမ်းတစ်ဝိုက် လျှောက်သွားနေ သည့် မြင်ကွင်းကို တွေးမြင်ကာ စိတ်ကုန်သည်ထက် ကုန်လာသည်။ သည်လိုနေရာ မှာ နောက်တစ်ညအိပ်ဖို့လည်း စဉ်းစားလို့ မရနိုင်အောင် ဖြစ်လာသည်။ ပိုက်ဆံမကုန်မချင်း သည်သံသရာ မှာ လည်နေရတော့မည်ပုံ။ ပုန်းခနဲ ထရပ်ပြီး ခုတင်ပေါ်မှ ခုန်ဆင်းကာ ဖိနပ်မပါဘဲ သူ့နောက် ကို ပြေးလိုက်သွားသည်။ ဆိုင်တံခါးဝတွင် သွားမိသည်။

<<<http://www.shwezinu.blogspot.com/

" နေပါဦးရှင်၊ တစ်ဆိတ် ပြန်ဂင်ပါဦး၊ နားလည်အောင် ကျွန်မ ရှင်းပြပါရစေနော်၊ နော် … မသွားပါနဲ့ ဦး "

တက်အပ္ပဂျွန်း လေးကန်စွာ ပြန်လှည့်လာသည်။

" ဘယ်လို ဖြစ်တာလဲကွယ် "

ဒိုလားရက်စ် သူ့ကို ပြန်တွဲခေါ်လာပြီး အခန်းတံခါး ပိတ်လိုက်သည်။ ကြောက်စိတ်တွေ ဂင်လာပြီး တုန်တုန်ယင်ယင် ဖြစ်လာသည်။ ပြီး တောင်းပန်တိုးလျှိုးသံဖြင့် အနူးအညွတ် ပြောလေသည်။

" ရှင်နဲ့အတူ နေပါရစေနော်၊ ကျွန်မ ရှင်ထင်တဲ့ မိန်းမစားမျိုး မဟုတ်ပါဘူးရှင်၊ တကယ် ပြောတာပါ၊ ကျွန်မ ဟာ ပြစ်မျိုးမဲ့ မထင်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ ရှင်ထင်တဲ့ မိန်းမမျိုးတော့ ဘယ်တုန်း ကမှ မဟုတ်ခဲ့ဘူး။ ကျွန်မ ရှင်နဲ့အတူ နေပါရစေနော် "

တက် က သနားစဖွယ် မိန်းမငယ်ကို ငုံ့ကြည့်သည်။

" အင်း … ခင်ဗျားကလေးက ရောထွေး ခံစားနေရတာကိုး "

ဒိုလားရက်စ် သူ့ကို လက်နစ်ဖက်နှင့် ဆုပ်ကိုင်ထားလိုက်သည်။ ခေါင်းထဲတွင် အတွေးတွေ လျှပ်ပြက်သလို ဂင်နေသည်။ ဘဂကို အလုပ်ကြမ်းသမား တစ်ယောက်နှင့် လက်တွဲပြီး ကြမ်းတိုက် သည့်အလုပ်၊ အဂတ်ဖာ ရသည့် အလုပ်မျိုးဖြင့် မကုန်လွန်နိုင်ပါ။ သို့သော် လောလောဆယ်တွင်မူ သည့်ထက် ပျော်ကန်သင့်မြတ်သည့်နည်းလမ်း မရှိတော့သလို ဖြစ်နေ၏။

သူက အလုပ်လက်မဲ့။ ပြီးတော့ ထက်ထက်မြက်မြက် လူစားမျိုးလည်းမဟုတ်။ အေကို ပုတ်လောက်ရေးပြလျှင်ပင် လှည်းထောက်ဟု ဖတ်မည့်သူ။ သို့သော် သဘောကောင်းသည်။ ရိုက်မောင်း ပုတ်မောင်းလုပ်မည့် လူစားမျိုးမဟုတ်။ အလွန်အကျွံ မူးရူးနေမည့် လူစားမျိုးလည်း ဟုတ်ဟန်မတူ။ သူနှင့် အသာခိုနေပြီး မှ စစ်ပြီးလို့ နယူးအော်လီယန်းကို လေ့တွေ ပုံမှန်ပြန်ထွက်လျှင် လိုက်သွားနိုင်မည်။

" ဒီမယ် ကျွန်မ ပြောမယ်၊ ဒီလိုလုပ်၊ ရှင် နယူးအော်လီယန်းကို မလိုက်ချင်ရင် ကိစ္စမရှိဘူး။ ကျွန်မ ဒီမှာပဲ နေမယ်၊ ကျွန်မမှာ အခန်းတစ်ခန်း ငှားနေနိုင်လောက်အောင် ပိုက်ဆံကျန်သေးတယ်။ ရှင် အလုပ် အကိုင် ရတဲ့အထိ သုံးလောက်မှာပါ။ ကျွန်မ ရှင်နဲ့ နေပါရစေနော်၊ ရှင့်အဂတ်အစားတွေကို ကျွန်မ ဖာထေးပေးပါ့မယ်၊ ရှင် ပိုပြီး ကြည့်ပျော် ရှုပျော် ဖြစ်သွားအောင် ကျွန်မ လုပ်ပေးချင်ပါတယ်၊ ကျွန်မ အချက် အပြုတ် လည်း တတ်ပါတယ်၊ ကျွန်မကို တစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့လား ရှင် ရယ် "

သူ ပြုံးသည်။ လက်တစ်ဖက်ဖြင့် ဒိုလားရက်စ်၏ပခုံးကို သိုင်းဖက်ပြီး -

" အေးပါကွယ်၊ ဒါဆိုလည်း တို့နှစ်ယောက် လက်တွဲပြီး တိုက်ပွဲဂင်ကြတာပေါ့ "



<<http://www.shwezinu.blogspot.com/

" ဟုတ်တယ်၊ ကျွန်မတို့ အောင်မြင်မှာပါ။ ခဏလေး စောင့်နော်၊ ကျွန်မ အဝတ်သွားလဲလိုက်ဦးမယ်၊ သိပ်မကြာစေရဘူး "

အခန်း (၁၀)

ထိုနှစ်နွေတွင် စပိန်က အင်္ဂလိပ်ကို စစ်ကြေညာလိုက်သည်။ မစ္စစ်စပီမြစ်ဝကျွန်းပေါ်မှ လူတွေ စစ်သတင်း ကို ထုံ့ပိုင်းထုံ့ပိုင်း ကြားနေရသည်။ သူတို့တစ်တွေ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေ ကြ၏။ စိုးရိမ်ထိတ်လန့်နေသူတွေ ရှိသလိုပျော်နေသူတွေလည်းရှိသည်။

နယူးအော်လီယန်းမှ စပိန်များနှင့် ဖလော်ရီဒါ အနောက်ပိုင်းမှ အင်္ဂလိပ်တွေ တကယ်ပင် ရန်ဖြစ်ကြတော့မှာလား။ သူတို့တစ်တွေ အံ့ဩလို့မဆုံး ဖြစ်နေကြ၏။ ဥရောပ ရွှေနန်းတော်ထဲမှ သူတို့ ဘုရင် တွေ သွင်သွင်ရူးသွားလေပြီလား။ မြေဩဇာ အကောင်းမွန်ဆုံး၊ အကြွယ်ဝဆုံး၊ အငြိမ်းချမ်း ဆုံး ဒေသ နှစ်ခုကို စစ်တလင်းဖြစ်အောင် လုပ်တော့မည်တဲ့။

သည်တော့မှ အတ္တလန်တိတ် သမုဒ္ဒရာကြီး ဘယ်လောက်ကျယ်ပြီး ယင်းသမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းမှ ဘုရင်တွေ အမေရိကတိုက်အကြောင်း ဘယ်လောက်နားလည်သည်ကို သူတို့ သဘောပေါက်ကြတော့သည်။

လူဂီစီးယားနားမှ ပြင်သစ်အနွယ်များသည် အမေရိကန်တော်လှန်ရေးကို ကြိုဆိုနေကြသူတွေဖြစ်သည်။ သူတို့အခေါ် မစ္စတာဖာစင်တန် (ဂါရှင်တန်)ဆီသို့ စစ်သားတွေ ပို့ပြီး အကူအညီ ပေးနေကြ သူတွေဖြစ်သည်။ သို့သော် မြစ်ညာမှ သူတို့၏ အကောင်းဆုံး ဖောက်သည်ဖြစ်သည့် အင်္ဂလိပ်များ ကို စစ်ပြုဖို့ ပေးစွမျက်နှာကို အချိုဆုံးထားကာ ဆက်ဆံကြသူတွေ ဖြစ်သည်။ အင်္ဂလိပ်များကလည်း ထိုနည်းနှင်နှင်။ အမေရိကတွင် ရှိနေသည့် အမျိုးကိုသာ ချစ်ပြီး ဥရောပမှ အမျိုးကို လှမ်းပြီး ချစ်ရလောက်အောင် သူတို့ မျိုးချစ်စိတ်မပြင်းကြပါ။

" ကျွန်တော့်အနေနဲ့ကတော့ ဂျော့ဘုရင်နဲ့လည်း ရန်မဖြစ်ချင်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့အတွက် တစ်ခုတည်းသော ပင်လယ်ထွက်ပေါက်လမ်းက လူတွေနဲ့ စစ်တိုက်ခိုင်းရင်တော့ ... "



<<http://www.shwezinu.blogspot.com/

ဖီးလစ်လန်းနှင့် ဂေါ်လ်တာပါစယ်တို့ ဆွေးနွေးနေကြစဉ် ဖီးလစ်က သူ့အမြင် ကို ဖော်ထုတ်နေခြင်း ဖြစ်သည်။ ဂေါ်လ်တာက ရယ်ပြီး အမေရိကန် သူပုန်ကိစ္စကစ၍ ကမ္ဘာစစ်ဖြစ်လျှင် ဘယ့်နှယ် လုပ်မလဲဟု မေးသည်။ ဖီးလစ်က ကမ္ဘာစစ် ဖြစ်လာလျှင်ဟူသည့် ခေါင်းစဉ်ဖြင့် ကမ္ဘာ့ ရေးရာများ ကို ရမ်းသန်းဆွေးနွေးနေသည်။

" ကဲ ရှင်တို့ ကမ္ဘာ့ရေးရာတွေ၊ နိုင်ငံတကာ ကိစ္စတွေထားပြီး ကျွန်မတို့ တစ်တွေအတွက် ဘာဖြစ်မလဲဆိုတာ ပြောကြပါဦး "

ဂျူးဒစ်က ကြားဖြတ် မေးလိုက်သည်။

" ဘာမှမပူပါနဲ့ ရှင်မရယ်၊ အစ်ကိုပြောရင် ယုံပါ၊ အားလုံးဟာ စပိန်ဘုရင်ခံ ဂါလ်ဗက်ဇ်ပေါ်မှာ မူတည်နေ တယ်၊ သူဟာ ငတုံးတစ်ယောက် မဟုတ်ဘူး၊ မစ္စစပီမြစ်ပုမ်းကို ဘယ်သူ နှစ်ခြမ်းကွဲအောင် လုပ်မှာလဲကွာ "

ဆိပ်ကမ်းတစ်ဝိုက်တွင် လှုပ်လှုပ်ရှားရှား ဖြစ်နေသဖြင့် ဖီးလစ်က မလွှဲမရှောင်သာသည့် အခါမျိုး တွင်မှသာ ဈေးဂယ်လွှတ်တော့သည်။ သို့သော် ဒယ်လ်ရှိုင်း အရပ်သူ အရပ်သားများသည် နယူးအော်လီယန်းနှင့် စစ်ဖြစ်ရမည့် အရေးကို တွေးပြီး ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ရမည့်အစား ရယ်စရာ လိုသဘောထားနေကြ၏။

စစ်သတင်း များ ပျံ့လွင့်လာပြီး တစ်ပတ်အကြာတွင် သီရိမြိုင်မှ စာတစ်စောင် ရောက်လာသည်။ လူမည်း အိမ်စေ တစ်ယောက်နှင့် ဂျာဗာစီ ပို့ခိုင်းလိုက်ခြင်းဖြစ်၏။ အင်္ဂလိပ်စာလုံးပေါင်းများ ကို ပြင်သစ်အသံထွက်အတိုင်း ရေးထား၍ ဂျူးဒစ် မနည်းကြိုးစားဖတ်ရသည်။

ဂျူးဒစ်ရေ ...

ကိုယ်က ပြင်သစ်မ ဆိုတော့ မင်းရဲ့ ရန်သူစာရင်း ဝင်သွားပြီပေါ့နော်။ မင်းနဲ့ ဖီးလစ် အဲဒီလို သဘော မထားကြောင်း ပြဖို့ ကြာသပတေးနေ့ ညနေ သုံးနာရီမှာ သီရိမြိုင်ကို ညစာစား ကြွခဲ့ကြပါ။

ဘာလို့ စစ်တိုက်ကြတယ်ဆိုတာ ကိုယ်တော့ လုံးလုံးမသိဘူး။ ဂေါ်လ်တာက ပြောတယ်။ ရှင်းပြရင် လည်း မင်းနားလည် မှာ မဟုတ်ဘူးတဲ့။ ကိုယ့်အထင်တော့ သူလည်း သိပ်နားလည်မယ် မထင်ပါ ဘူး။ ဒါပေမဲ့ ကိုယ်သူ့ကို အဲဒီလိုထင်တယ်ဆိုတာ ပြန်ပြောပါနဲ့နော်။

မင်း ကြားပြီးပြီလား။ ပင်ဆယ်ဗေးနီးယားက မင်းတို့ မိတ်ဆွေ မစ္စက်စိန်ကလဲယားလေ။ အမြွှာမွေး တယ်တဲ့ကွယ်။ နှစ်ယောက်စလုံး မိန်းကလေးတွေတဲ့။ အင်း ... မိန်းကလေးတွေချည်း ခုနစ်ယောက်မွေးထားတော့ အဖတ်အစားဖိုး တွေးပြီး ကိုယ်တော့ သူတို့ကို အားမကျပါဘူးကွာ။ သူတို့တစ်တွေ


<<http://www.shwezinu.blogspot.com/

အရှယ်ရောက် လို့ လက်ထပ်ပေးရမယ့် အချိန်ရောက်ရင်တော့ မလွယ်ဘူး။ ကိုယ်တော့ ခုထိ "ဘာဘက်တီ" တစ်ယောက်တည်းပဲ ဂျူးဒစ်ရေ၊ ဒါထက် ဒိုလားရက်စ်တစ်ယောက်ဆီက ဘာများ ကြားသေး လဲ။

မင်းရဲ့

ဂျာဗာစီ

ဂျူးဒစ် ချက်ချင်း စာကောက်ပြန်လိုက်သည်။ ဆက်ဆက်လာခဲ့ပါမည့်အကြောင်း၊ မိမိကိုယ်တိုင်လည်း စစ်ကို နားမလည်ကြောင်း၊ ဒိုလားရက်စ် သတင်းတစ်စုံတစ်ရာ မကြားရကြောင်း စသည် စသည်။

လူတိုင်း စစ်အကြောင်းကို ပြောနေကြ၏။ သို့သော် ဘာလုပ်ရမှန်းဘယ်သူမှ မသိကြပေ။ ဤသို့ဖြင့် စက်တင်ဘာလ ထဲတွင် စပိန်ဘုရင်ခံ ဂါလ်ဗက်ဇ်၏ စစ်တပ်များ အနောက်ဘက် ကမ်းခြေတစ် လျှောက်မှ ချီတက်လာနေပြီဖြစ်ကြောင်း သတင်းများ ရောက်လာသည်။ ဖီးလစ်က သွေးအေးအေး ဖြင့် အနောက်ဘက် သည် စပိန်နယ်မြေ ဖြစ်ကြောင်း၊ စစ်ကြောင်းတွေ ချီခွင့်ရှိကြောင်း၊ စစ်တပ်တွေ ချခွင့် ရှိကြောင်း ရှင်းပြသည်။ သို့သော် ဂျူးဒစ် တွေးကြောက်နေသည်။ ကလေးတွေကို မမ်မီနှင့် မသိပ်တော့ဘဲ သူတို့အခန်း တွင် အတူခေါ်အိပ်သည်။

ဖီးလစ်က တစ်ဖက်ကမ်းမှ သေနတ်သံတွေ ကြားရနိုးနှင့် ညနက်သည်ထိ မအိပ်ဘဲ နားစွင့်နေတတ် သည်။ ပြီးမှ ဇနီးလုပ်သူ ကို စပိန်ဘုရင်ခံသည် ဦးနှောက်ရှိသူဖြစ်ကြောင်း၊ သည်ဘက်ကမ်းက စိုက် ခင်းတွေကို ဖျက်ဆီးပစ်မည့် သူ မဟုတ်ကြောင်းများ အားပေးပြီး အိပ်ပျော်သွားတတ်သည်။

တစ်နေ့မနက် တွင် တစ်ဖက်ကမ်းမှ စစ်သားတွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြသည်။ ဖီးလစ် အထင် မှန်လေပြီ။ သို့သော် သူတို့ဆီသို့ ရောက်လာကြသည့် ကြမ္မာဆိုးကို သူတို့တစ်တွေ ကြိုတင် မသိနိုင်ခြင်းသာဖြစ်သည်။

တနင်္ဂနွေနေ့တွင် ဘုရားရှိခိုးကျောင်းတက်ရန် ဂျူးဒစ် အဝတ်လဲနေစဉ် ဖီးလစ် ရောက်လာသံ ကြားရသည်။ ပိုးဝတ်စုံသစ် ကို ဝတ်ပြီး မှန်ထဲ ပြန်ကြည့်နေစဉ် ဖီးလစ် အခန်းထဲ ဝင်လာသည်။ သတင်းပလင်း နားစွင့် ရန် အိမ်မှ အစောကြီး ထွက်သွားခြင်းဖြစ်၏။

" အစ်ကို၊ မြန်မြန်အဝတ်လဲလေ၊ အစ်ကို့အဝတ်တွေ အိန်ဂျဲလစ်အဆင်သင့် လုပ်ထားတယ် "

ဖီးလစ်က အနားလာပြီး ဂျူးဒစ်ပခုံးကို ဆွဲလှည့်လိုက်သည်။

" သတင်းထူးတယ် ဂျူးဒစ်၊ တို့ သွားစရာ ဘုရားရှိခိုးကျောင်းမရှိတော့ဘူး "

" ဘာ ... ဘာပြောတယ်၊ ဘုရားရှိခိုးကျောင်းမရှိတော့ဘူး၊ ဟုတ်လား၊ အစ်ကို ဘာတွေ လာပြောနေတာ လဲဟင် "



<<http://www.shwezinu.blogspot.com/

ကျွန် သူ မှုးလာပြီ ထင်တယ် ။

" ကဲ ... တို့ သီရိမြိုင်ကိုသွားပြီး ဂျာဗာစီဆီမှာ ပြင်သစ်ယဉ်ကျေးမှုတွေ သင်ကြစို့၊ တို့အားလုံး အင်္ဂလိပ်တွေ မဟုတ်တော့ဘူး၊ စပိန်တွေ ဖြစ်ကုန်ကြပြီ၊ တို့ကိုတို့ ဘုရင်ဂျီတွေလား၊ ဒါမှမဟုတ် ဒိဗ္ဗိုတွေလား ဆိုတာ ဘယ်သူမှ မသိကြတော့ဘူး။ အမိန့်စာတွေက စပိန်ဘာသာနဲ့ ရေးထားတော့ ဘယ်သူမှ မဖတ်တတ်ကြဘူး၊ ဒယ်လ်ရှိုင်းတစ်မြို့လုံး စပိန်စာ ဖတ်တတ်တဲ့လူက သုံးယောက် တောင်မပြည့်ဘူးလေ "

ပြောပြော ဆိုဆို ဂျူးဒစ်ပါးကလေးကို မနာအောင် လိမ်ဆွဲရင်း အော်ရယ်နေသည်။

" အစ်ကို အရက်မှုးလာသလား၊ ဘာတွေ ဖြစ်နေတာလဲဟင် "

ဆေးတံကိုထုတ်ပြီး သူ ဆေးတစ်ဆုံဖြည့်သည်။

" အိန်ဂျဲလစ် ကို ခေါ်ပါဦး၊ မီးယူခဲ့လို့၊ ဖြစ်ချင်တိုင်း ဖြစ်ကုန်ပြီလေ၊ ဆီညော်ဂါလ်ဗက်ဇ်ရဲ့ စစ်တပ်တွေ ကာတွန်ရှုဂ် ကို သိမ်းလိုက်ပြီ "

" ကိုယ့်ဘာသာကိုယ် ခေါ်ပါလား၊ ကဲ ဆက်ပြောပါဦး "

" အင်္ဂလိပ်ခံတပ်ကိုလည်း သိမ်းလိုက်တယ်၊ ကောင်းတာပေါ့၊ ဒီကောင်တွေ နစ်ပေါင်းများစွာ အိပ် လိုက် စားလိုက်နဲ့၊ ဝဋ်ကျွတ်သွားတာပေ့ါ "

ဂျူးဒစ်က ခြေထောက်ဆောင့်ပြီး -

" ပီပီသသ ပြောစမ်းပါ၊ အဲဒီဆေးတံကြီးကို ကိုက်ပြီး မပြောစမ်းပါနဲ့၊ နောက်ပြီးတော့ကော .... "

" နောက်ပြီးတော့ ... "

ဗီလစ်က နံရံမှ ကြိုးကို လှမ်းဆွဲပြီး ဆက်ပြောသည်။

" ဘုရင်ခံက ဗိုလ်ကြီး ဒီလာဗီရီဗိုရီကို လွှတ်လိုက်တာ၊ ပြီးတော့ .... "

" ဗိုလ်ကြီး ဘယ်သူ "

" မိန်းမရယ်၊ အဲဒီနာမည် ခေါ်ရတာ ပင်ပန်းလွန်းလို့ ထားလိုက်ပါတော့၊ အဲဒီဗိုလ်ကြီးကို ဂါလ်ဗက်ဇ်က မန်းချက်မြို့ကို လွှတ်လိုက်သတဲ့၊ မြို့ကလေးက ဘာမှ အကာအကွယ် မရှိဘူး မဟုတ်လား၊ အဲဒီကနေပြီး ခုတင်က ပြောတဲ့ ဗိုလ်ကြီးက မန်းချက်ကို လှမ်းသိမ်းတာ၊ မန်းချက်က မြို့မိမြို့ဖတွေကို ခေါ်ပြီး မန်းချက်မြို့ဟာ ဘုန်းတော်ကြီးမြတ်လှစွာသော စပိန်ဘုရင်မင်းမြတ် ရဲ့ ခြေဖဝါးတော်အောက် ကို ရောက်သွားပြီဖြစ်ကြောင်း

<<<http://www.shwezinu.blogspot.com/

ကြေညာတယ်တဲ့လေ၊ အဲဒီတော့ ကျေးဇူးတင် ပါတယ် လို့ ပြောရ မလား၊ ပြန်ချရမလား၊ အိန်ဂျဲလစ် ... မီးယူခဲ့စမ်း "

" ဟုတ်ကဲ့ အစ်ကိုလေး "

အိန်ဂျဲလစ် ပြုံးပြီး ပြန်ထွက်သွားသည်။ နှစ်ယောက်သား ခုတင်ပေါ်တွင် ယှဉ်ထိုင်လိုက်ကြသည်။

ဂျူးဒစ်က - " အစ်ကို ကလည်း ဘာမှန်းမသိဘူး၊ ဆက်ပြောလေ၊ စစ်ဖြစ်ကြဦးမှာလားဟင် "

" မဖြစ်ပါဘူး၊ သူတို့က ကျေးဇူးတင်ပါတယ်လို့ ပြန်ပြောကြတယ်တဲ့၊ ကဲ ... ခု တို့ နေရင်းထိုင်ရင်း စပိန်လက်အောက် ရောက်သွားပြီ "

" ဒါထက် ဘုရားရှိခိုးကျောင်းက ဘာဖြစ်တယ် "

" ဒီမယ် မိန်းကလေး၊ စပိန်ပိုင်နက်အတွင်းမှာ နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းရှိတယ် ကြားဖူးလား၊ ဆီလ်ဗီဂျူဟန်ကတော့ ဒါ တရားပါတယ်တဲ့၊ ပြင်သစ်က စပိန်ကို အင်္ဂလိပ်လက်ထဲ ထိုးအပ်တုန်းကလည်း ဘရင်ဂျီ ဘုန်းကြီးကျောင်းတွေ အားလုံး ပိတ်ခိုင်းခဲ့ဖူးတာပဲတဲ့ "

ဗီးလစ် က ရယ်ပြီး အိန်ဂျဲလစ် ယူလာသည့် မီးဖြင့် ဆေးတံညှိသည်။

" ကဲ ... ပိုင်ယူခဲ့စမ်းဟေ့ အိန်ဂျဲလစ်၊ စပိန်ဘုရင် သက်တော်ရာကျော် ရှည်စေကြောင်း ဆုတောင်းပြီး တို့ သောက်ကြရအောင် "

" ဂျော့ဘုရင်က ဘာမှ ပြန်မလုပ်ဘူးလား "

" ဂျော့ဘုရင်ကလား၊ သူက အမေရိကန်မှာရှိတဲ့ သူ့ ကိုလိုနီတွေကို တစ်ခုခုလုပ်ဖို့ ကြိုးစားနေ တာလေးနှစ်ရှိပြီလေ၊ ဘာမှလည်း အကြောင်းမထူးဘူး၊ ဟော ... ပိုင်ရောက်လာပြီ၊ ကဲ တို့တစ်တွေ စပိန်ဖြစ် တဲ့ အထိမ်းအမှတ်နဲ့ သောက်ကြရအောင် "

သူက ပုလင်းထဲမှ ပိုင်ကို ငှဲ့ပြီး -

" အောက်တိုဘာလ ငါးရက်၊ ၁၇၇၉ ခုနှစ်၊ ဘုရင် ... ဘာတဲ့ ... သူ့နာမည် ဘယ်သူ "

" အစ်ကို့နာမည်ပဲ မဟုတ်ဘူးလား၊ ဗီးလစ်လေ "

" မဟုတ်ဘူး၊ အဲဒါက အဲလီဇဘက်ဘုရင်မနဲ့ စစ်တိုက်တဲ့တစ်ယောက်၊ နေဦး ... ချားလ်(စ်) ထင်တယ်၊ ကိုယ်လည်း သေသေချာချာ သိတာ မဟုတ်ဘူး၊ အိန်ဂျဲလစ် ငါတို့ရဲ့ ရှင်ဘုရင်နာမည်ရှာဖို့ ငါ့ကို သတိပေးစမ်း ကြားလား "

<<http://www.shwezinu.blogspot.com/

" မမလေး၊ အစ်ကိုလေး ဘာတွေ ပြောနေတာလဲဟင် "

" ဘာမှ မဟုတ်ဘူးဟေ့၊ မူးနေတာ ... မူးနေတာ "

ဘုရားရှိခိုးကျောင်း မသွားရတော့ ဂျူးဒစ်တစ်ယောက် တနင်္ဂနွေနေ့များတွင် ဘာလုပ်ရမှန်း မသိဘဲ ယောင်တောင်တောင် ဖြစ်နေသည်။ ဥပုသ်နေ့တွင် အခြားကိစ္စများကို ဆောင်ရွက်ရန် မလျော်၍ အကောင်းဆုံးနည်းဖြင့် ဖြေရှင်းလိုက်သည်။ တနင်္ဂနွေနေ့တိုင်း ဧည့်သည်များအား ညစာကျွေးသည်။

အကျွေး အမွေးဖြင့် ဧည့်ခံခြင်းသည် အလှူအတန်းပေးခြင်း တစ်မျိုးဖြစ်၍ ဥပုသ်နေ့နှင့် ဆန့်ကျင်စရာ မရှိပေ။ ညစာ အတွက် တစ်နေကုန်ပြင်ဆင်ချိန်ရသဖြင့် ပိုအဆင်ပြေသည်။

စပိန် လက်အောက်သို့ ရောက်သွားခြင်းကြောင့် ဂျူးဒစ်အတွက် အပြောင်းအလဲမှာ ဤမျှသာပဲ ဖြစ်၏။ စပိန်ဘုရင်ခံက လူနပ်လူပါး။ လွတ်လပ်စွာ ကုန်သွယ်ခွင့်၊ ရောင်းဝယ်ဖောက်ကား ခွင့်ပေး ကြောင်း ကြေညာသဖြင့် ဆန့်ကျင်သူ များများစားစား မရှိလှပေ။ အင်္ဂလိပ်စကားပြော ဒေသများသို့ အင်္ဂလိပ်စာ တတ် အိုင်ယာလန်သား ဘုန်းတော်ကြီးတစ်ပါး စေလွှတ်ပြီး သာရေးနာရေး ကိစ္စများ ဆောင်ရွက်ပေးစေသည်။ သို့သော် နှစ်ခြင်း ခရစ်ယာန် ဘာသာဝင်များ ဘုရားကျောင်းကန် တွင် စုဝေးဝတ်ပြုခြင်းကိုမူ တရားမဝင်သောနည်းဖြင့် ပိတ်ပင်ထားသည်။

နွေဦးမပေါက်ခင် ဂက်သစ်ချမြို့သို့ ဂျာဇာစီ ရောက်လာသည်။ နယူးအော်လီယန်းသို့ သူနှင့် လိုက်ခဲ့ရန် ခေါ်သည်။ နိုင်ငံရေး ရာသီဥတုလည်း ကောင်းနေပြီဖြစ်၍ လမ်းခရီး မှာ အေးအေးဆေးဆေး ဖြစ်နေပြီ။ ဂျာဇာစီ၏ အစ်ကို ကျွန်ကုန်သည် လေ့ကြုံလည်း ရှိနေသည်။

ပြည်နယ်မြို့တော်ကြီး ကို မြင်တွေ့ရတော့မည်။ ဂျူးဒစ် ပျော်နေသည်။ ကလေးတွေကို ထားခဲ့ရမှာ တစ်ခု ပဲ စိတ်ထဲ စနိုးစနောင့် ဖြစ်နေ၏။ ဖီးလစ်က အိန်ဂျဲလစ်နှင့် စိတ်ချလက်ချထားခဲ့ဖို့၊ အိမ်ကိစ္စ လည်း မပူ ဖို့ ပြောသည်။

အနားယူဖို့ လိုသည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် သိနေ၏။ ကြောက်မက်ဖွယ် နွေဆိုးက ရောက်လာ ဦးတော့မည်။ စွတ်စွတ်စိုစို၊ ပူပူလောင်လောင်၊ ပြီးတော့ ခြင်တရုန်းရုန်းနှင့်။ အိမ်နံဘေး ပတ်ပတ် လည်တွင် မီးပုံရှို့ ရဦးမည်။ တံခါးတွေ ၂၄ နာရီ ဖွင့်ထားရသည့် ရာသီဖြစ်၍ အိမ်ထဲတွင် မီးခိုးတွေ လုံးပြီး မျက်ရည် တရွဲရွဲနှင့် နေရသည့်ကာလ။

မဲနယ်ပင်တွေ အတောင်အလက်စုံပြီ ဆိုသည်နှင့် နှစ်စဉ် လာနေကျ နံကောင်တွေ တရုန်းရုန်း ရောက်လာကြတော့မည်။ ပိုးသတ်ဆေး ဘယ်လောက် သုံးသုံး သူတို့ကို အနိုင်မယူနိုင်။

" ဒီကောင်တွေ ကို နိုင်မည့်နည်းလမ်း မရှိတော့ဘူးလား အိန်ဂျဲလစ် "

<<<http://www.shwezinu.blogspot.com/

နေရောင် စူးစူးဝါးဝါး ပူနေသည့် တစ်မနက်ခင်းတွင် ဂျူးဒစ် မေးလိုက်သည်။ အိန်ဂျဲလစ်က ရယ်ပြီး -

" သူတို့က တစ်ကောင်သေရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ သူတို့အမျိုးတွေ အသုဘပို့ဖို့ ရောက်လာကြ သလိုပဲ မမလေးရဲ့ "

ချွေးတွေ စိုရွှဲနေသည့် ဆံပင်ကို ဂျူးဒစ် နောက်သို့ ပင့်တင်လိုက်သည်။ လသာဆောင်တွင် ကစား နေကြသည့် ကလေးသံတွေက ဆူလွန်းလှပါကလား။ တံခါးကို အသာခေါက်ပြီး တံခါးစောင့် ကောင်လေး စီဇာရို ခေါင်းပြူ ဝင်လာသည်။

" အမျိုးသမီးတစ်ယောက် မမလေးနဲ့ တွေ့ချင်လို့ပါတဲ့ခင်ဗျ"

" ငါ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ ဒါလောက် ပူလောင်နေတာ၊ ဘယ်လိုလုပ်ပြီး စကားပြောမလဲ၊ အိန်ဂျဲလစ် ... နင်သွားလိုက်ဟာ၊ ပိုက်ဆံတောင်းတဲ့ မိန်းမဆိုရင်လည်း ထည့်လိုက်၊ ငါ့အိတ်ထဲမှာ အကြွေတွေရှိတယ်၊ ယူသွား "

အိန်ဂျဲလစ် ထွက်သွားသည်။ ခဏနေတော့ ပြန်ဝင်လာသည်။

" မမလေး၊ မစ္စဒိုလားရက်စ်ရယ် "

ဂျူးဒစ် ခုန်ထသည်။

" ဘုရား ... ဘုရား၊ ခေါ်ခဲ့ ခေါ်ခဲ့၊ အထဲ ခေါ်ခဲ့ "

ဪ ... ဒိုလားရက်စ် ပြန်လာဖော်ရသားပဲ။ ဒါလောက် ကြင်ကြင်နာနာ ဆက်ဆံနေလျက်က ဘာလို့များ ပစ္စည်းတွေ ယူပြီး ထွက်ပြေးသွားပါလိမ့်။ အိန်ဂျဲလစ် ပြန်ထွက်သွားသည်။ တံခါးကို နောက်ပြန်ပိတ်ခဲ့၏။

တံခါးဝတွင် ဒိုလားရက်စ် ပေါ်လာသည်။ လက်နှစ်ဖက်ကို ရှေ့တွင် ပတ္တာဆက်လျက်။ ပန်းပွင့်တွေ လွင့်ပြယ်နေပြီဖြစ်သည့် ပွင့်ရိုက်ချည်ထည် ဂါဝန်စုံကို ဝတ်ထားသည်။ ဦးထုပ်မှာလည်း ဟောင်းနွမ်း စုတ်ပြတ်နေပြီ။ မေးသိုင်းကြိုးက ဖွာလန်ကြဲလျက်။ နှုတ်ခမ်းတစ်ဝိုက် ချွေးကလေးများ စို့နေသည်။

ဂျူးဒစ် က သူ့ဆီ လျှောက်သွားပြီး -

" လာလေ ဒိုလားရက်စ်၊ တံခါးမှူးကောင်လေး ကို ဘာလို့ မင်းနာမည် မပြောလိုက်တာလဲ၊ မင်းထွက် သွားပြီးမှ သူ့ကို ဂယ်လိုက်တာ ဆိုတော့ မင်းကို သူ မသိဘူးလေ "

ဒိုလားရက်စ် ပြုံးသည်။ ခါတိုင်းလိုပင် သွားကျိုးကလေးကို ဖုံးပြီး ပြုံးသည့် အပြုံးမျိုး။

<<http://www.shwezinu.blogspot.com/

" ကျွန်မ ရောက်လာတာ ဂျူးဒစ် စိတ်မဆိုးပါဘူးနော် "

" အို ... မဆိုးပါဘူး ဒိုလားရက်စ်ရယ်၊ မင်းကို ကိုယ် အမြဲတမ်း သတိရနေတာပါ၊ ထိုင်လေ "

ကုလားထိုင် တစ်လုံးတွင် ဒိုလားရက်စ် ဝင်ထိုင်သည်။ လက်ကိုင်ပဝါ အစွန်းကလေးကို ခဏ လိမ်ကျစ်နေ သည်။ ပြီးမှ မော်ကြည့်ပြီး -

" သားကလေး နေကောင်းရဲ့လား ဂျူးဒစ် "

" ရော်ဂျာကလေးက သိပ်ကျန်းမာတာပဲ ဒိုလားရက်စ်ရယ် "

ဂျူးဒစ်စိတ်ထဲ မသက်မသာ ဖြစ်သွားသည်။ သူ့ကလေးကို မိမိကိုယ်တိုင် ခိုးယူထားသလို ခံစားလိုက် ရသည်။

" ဖျားတယ်နာတယ်ဆိုတာ မရှိသလောက်ပဲ ဒိုလားရက်စ်၊ အဲ ... သွားပေါက်တုန်းက ခဏပဲ နေမကောင်းဖြစ်လိုက်တယ်၊ သူတို့အားလုံး သိပ်ဂရုစိုက်ကြပါတယ် "

" ခုလော်ဆို လမ်းလျှောက်နေရောပေ့ါနော်၊ စကားကော ပြောနေပြီလား ဟင် "

" ဟုတ်တယ်၊ တောက်တက်တောက်တက်နဲ့ လျှောက်သွားနေပြီ၊ စကားလည်း တစ်လုံး စ နှစ်လုံးစ ပြောတတ်နေပြီ "

" အဖေလို့ ခေါ်တတ်နေရောပေ့ါ "

ဂျူးဒစ် ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ လည်ချောင်းထဲတွင် ချည်ထွေးကြီး တစ်နေသလို ဖြစ်သွား၏။ ဒိုလားရက်စ် ၏ ပခုံးကို သိုင်းဖက်လိုက်ပြီး -

" ကိုယ် လုံးဝ စိတ်မကောင်းပါဘူး ဒိုလားရက်စ်ရယ်၊ ကိုယ်လည်း ဘာမှမတတ်နိုင်ဘူး၊ ကာလက်က ကလေးနဲ့ ပတ်သက်ပြီး သူလုပ်တာ မှန်တယ်လို့ ဖွတ်ယုံနေတယ်၊ ကိုယ် တကယ် စိတ်မကောင်းပါဘူး ဒိုလားရက်စ် ရယ် "

ဒိုလားရက်စ်က ဂျူးဒစ်၏ လက်ကို တင်းတင်းပြန်ဆုပ်ပြီး -

" ဂျူးဒစ်ဟာ ကျွန်မအပေါ်မှာ သိတတ်လွန်းပါတယ်၊ တစ်ခါတလေ ကျွန်မ ပြစ်မှားမိပါတယ်၊ ဒါပေမဲ့ ဂျူးဒစ် ကျွန်မ ကို ဘယ်တော့မှ ဖွေမယူဘူးနော်၊ ရော်ဂျာကလေးကို သူတို့ ဘာတွေကျွေးလဲဟင် "

" နို့ရယ်၊ ကြက်ဥရယ်၊ ပြီးတော့ ဆန်ပြုတ်တို့ ဘာတို့ပေ့ါ "

" သူ ဖွန်းကိုင်တတ်ပြီလား ဂျူးဒစ် "



<<http://www.shwezinu.blogspot.com/

" မကိုင်တတ်သေးဘူး၊ ခဏခဏ လွတ်ကျတယ် "

" ဘယ်သူနဲ့ တူလဲဟင် "

ဂျူးဒစ်က ဒိုလားရက်စ်ကို သိုင်းဖက်ထားလျက်မှ -

" အများအားဖြင့်တော့ တို့ဘက်နဲ့တူတယ် ဒိုလားရက်စ်၊ မျက်လုံးနဲ့ ဆံပင်က ရှာရမီမျိုးဆက်အတိုင်းပဲ၊ ဒါပေမဲ့ နှာတံကျပုံ က မင်းနဲ့ တစ်ထေရာတည်း "

" ချောမှာပေါ့နော် "

ဒိုလားရက်စ် ခပ်တိုးတိုးပြောသည်။

ဂျူးဒစ် ထိုင်ချလိုက်၏။ ဒိုလားရက်စ်၏ လက်နှစ်ဖက်ကို ဆုပ်ထားရင်း ရော်ဂျာကလေးအကြောင်း မှတ်မိ သမျှ ပြောပြလိုက်သည်။ သွား စ ပေါက်ပုံ၊ စကားပြောပုံ၊ ကလေးကို ဂုတ်စားဆင်ယင်ပေးပုံ စသည် စသည်။ ဒိုလားရက်စ် နှုတ်ခမ်းကလေး ခပ်ဟဟထားပြီး မျက်လုံးအဝိုင်းသားနှင့် နားထောင် နေသည်။

နောက်မှ မေးခွန်းတစ်ခု မေးသည်။

" ကလေးကို သူတို့ မနိုပ်စက်တာ သေချာပါတယ်နော် ဂျူးဒစ် "

" အို ... ဒိုလားရက်စ် ကလဲကွယ်၊ မဟုတ်တာ၊ သူ့အဖေက ဖူးဖူးမှုတ်ထားတာပဲ ဥစ္စာ "

" ရော်ဂျာကလေးနဲ့ ခဏခဏ တွေ့ဖြစ်လားဟင် "

" ရော်ဂျာကလေးနဲ့ ဂျူးဒစ်သားတွေ အမြဲလိုလို အတူတူကစားတာပဲ "

" သူ ဘယ်လောက် ကြီးနေပြီလဲဟင် "

" ဒါလောက်ရှိပြီ "

ဂျူးဒစ်က ကြမ်းပြင်နှင့် လက်ဖါးအကွာအဝေးကို ခန့်မှန်းပြသည်။ ဒိုလားရက်စ် ခေါင်းငုံ့ ထားသည်။ နှုတ်ခမ်း ကို တင်းတင်းကိုက်လျက်။

" ကျွန်မ သူ့ ကို မေ့နိုင်မယ်လို့ ထင်ခဲ့တယ်၊ မမေ့နိုင်တဲ့အပြင် သိပ်အောက်မေ့တာပဲ ဂျူးဒစ်ရယ်၊ သူ့အရွယ် ကလေးတွေကို တွေ့တိုင်းငါ့သားကလေးပဲ ဖြစ်လိုက်ပါတော့ဆိုပြီး ရူးမတတ် ခံစားရ တယ်။ ဩော် .. .. ဒါထက် ကျွန်မ နောက်ထပ် ကလေးတစ်ယောက် ရသေးတယ် ဂျူးဒစ် "

<<http://www.shwezinu.blogspot.com/

" ဟုတ်လား၊ ကိုယ် ဝမ်းသာပါတယ် ဒိုလားရက်စ်ရယ် "

ဂျူးဒစ် ရင်ထဲမှ ပြောလိုက်ခြင်းဖြစ်သည်။ ဒိုလားရက်စ်အနေဖြင့် နားလည်နိုင်မလားတော့ မသိ။

" ဟုတ်တယ် ဂျူးဒစ်၊ မိန်းကလေး၊ ဒါပေမဲ့ ရော်ဂျာ့နေရာကို အစားမထိုးနိုင်ပါဘူး "

ဒိုလားရက်စ် က သူ့ခြေညှပ်ဖိနပ်ဦးကလေးနှင့် ကြမ်းပြင်စပ်ကြောင်းအတိုင်း ဆုတ်ချည်ဆန်ချည် ပွတ်တိုက်နေရင်း - " နောက်ကလေး ရတယ်ဆိုလို့ ဒိုလားရက်စ်ကို အထင်သေးသွားလားဟင် "

" အို ... မဟုတ်တာကွယ်၊ မင်း ဘယ်လောက် ကလေးအစားလိုချင်နေတယ်ဆိုတာ ကိုယ် နားလည်နိုင် ပါတယ် "

ဒိုလားရက်စ် သဲ့သဲ့မျှ ရယ်သည်။

" အဲဒီကလေးက ကျွန်မ မလိုချင်ဘဲ ရတဲ့ ကလေးပဲ ဂျူးဒစ် "

အင်္ကျီလက်ဖျား မှ အတွန့်ကလေးများကို စုနေရင်း -

" ကျွန်မ ပြောလို့ ကောင်း မကောင်း စဉ်းစားနေတာ။ ဂျူးဒစ်က ကာလက်ကို ပြန်ပြောမှာ မဟုတ်လား "

" မင်း မပြောစေချင် ရင် မပြောပါဘူးလေ "

" ထူးတော့ မထူးပါဘူးလေ၊ သူက ကျွန်မကို လုံးဝ အကောင်းမမြင်နိုင်တော့တဲ့နောက် သန်းခေါင်ထက် ညဥ့်မနက်နိုင်တော့ ပါဘူး၊ ပြေးစရာမြေမရှိဆိုသလို ဖြစ်နေတဲ့အချိန်မှာ လူတစ်ယောက်နဲ့ သွားတွေ့တယ် ဂျူးဒစ်၊ ကျွန်မအပေါ်မှာ တော်တော်လေး ကောင်းရှာတဲ့လူ ဆိုပါတော့၊ နယူးအော်လီယန်းကို မသွားနိုင်ခင် သူနဲ့ ခဏ အတူနေမယ် ဆိုပြီး .... "

ဒိုလားရက်စ် နာကြည်းစွာ ရယ်ပြန်သည်။

" သွားဖို့ ကြိုးစားတာနဲ့ ဒုက္ခတန်းတွေ့တာပဲ၊ အဲဒီလိုနဲ့ နယူးအော်လီယန်းကို မသွားဖြစ်တော့ဘူးဆိုပါတော့ "

" ခုကော သူနဲ့ပဲလားဟင် "

ဂျူးဒစ်က ကြင်ကြင်နာနာ မေးလိုက်သည်။

" ဟုတ်တယ်လေ၊ သူကျွန်မအပေါ်မှာ သိပ်ကောင်းရှာပါတယ်၊ ချစ်လည်း ချစ်ပါတယ်၊ ကျွန်မကလည်း သူ့ကို သဘောကျပါတယ်၊ ခုတော့ သူ့အလုပ်အကိုင်လေး မှန်လာပါပြီ၊ အရောင်း အဝယ်တွေ လည်း ပြန်ကောင်းလာပြီ မဟုတ်လား။ သူ့နာမည်က တက်အပ္ပဂျွန်းတဲ့ "

<<http://www.shwezinu.blogspot.com/

ဂျူးဒစ်က ခဏ တွေစဉ်းစားပြီး -

" ကာလက်မှာ မင်းအတွက် တာဂန်ယူချင်တဲ့ဆန္ဒ ခုထိရှိနေတုန်းပဲ ဒိုလားရက်စ်၊ မင်းသတင်းကို ကြားကြား ချင်း သူ့ကို ပြောလို့ မကြာမကြာ ပြောတယ်လေ "

ဒိုလားရက်စ်က နာနာကြည်းကြည်း ရယ်ပြန်သည်။

" ရယ်စရာတော့ ကောင်းသားနော်၊ ကျွန်မ ဘယ်မှ ထွက်ပြေးဘဲ ဒယ်လ်ရှိုင်းမှာပဲနေတာ ဘယ်သူမှ မတွေ့ ကြဘူး၊ ဒါပေမဲ့လေ၊ ကြေးရတတ်တွေက ဆိပ်ကမ်းရပ်ကွက်ကို လာလေ့လာထမှ မရှိတာဘဲ၊ ကျွန်မ အဲဒီ မှာ နှစ်တစ်ရာလောက်နေလည်း ဂျူးဒစ်တို့ တွေ့မှာ မဟုတ်ပါဘူး "

နှုတ်ခမ်းအစုံ ကို တင်းတင်းစေ့လိုက်ပြီးမှ -

" ကာလက် ကို ပြောလိုက်ပါ၊ သူ့အကူအညီ တစ်ပြားတစ်ချပ်မှ မယူဘူးလို့၊ နောက်တစ်ဘဝ ရှိတယ် ဆိုရင် လည်း အဲဒီဘဝမှာလည်း မယူဘူး၊ ကျွန်မဘဝ ကျွန်မ ဖန်တီးနိုင်ပါတယ် "

" ကောင်းပြီလေ "

ဒိုလားရက်စ်ကို ဂျူးဒစ် အပြစ်မတင်ရက်တော့ပေ။ ဒိုလားရက်စ်က ဦးထုပ်မှ ပန်းစည်းကြိုးကလေးကို လိမ်နေရာမှ -

" နယူးအော်လီယန်း ပြန်ဖို့လည်း လက်လျှော့လိုက်ပြီလေ၊ ကလေးတွဲလောင်းနဲ့ ဟိုမှာလည်း အဆင်ပြေမယ် မထင်တော့ဘူး၊ တက်ကလည်းလွတ်မှာ မဟုတ်တော့ဘူးလေ၊ သူ့သမီးကို သူသိပ်ချစ်တာ၊ ကလေး ရှိနေတဲ့ အကြောင်းပြောတော့ အိုင်းရစ်ရှ် ဘုန်းကြီးတစ်ပါးပင့်ပြီး ချက်ချင်း လက်ထပ် လိုက်ကြတယ်လေ၊ အဲဒါ အပြစ်များ ဖြစ်နေမလားဟင် "

" အို ... ဘာလို့ အပြစ်ဖြစ်ရမှာလဲ "

အလိုက်အထိုက် ပြောလိုက်ရသော်လည်း မမှန်ကြောင်းတော့ သိနေသည်။ အင်္ဂလိပ်တရားရုံးမှ စီရင်ချက် တွင် သူတို့နှစ်ယောက်စလုံးကို နောက်အိမ်ထောင်ပြုခွင့် ပေးမထား။ ကွာရှင်းခြင်းလည်း မပြုရသေး။ ယခု စပိန်လက်အောက်သို့ ရောက်သွားကြသော်လည်း လက်ထပ်ကွာရှင်းရေး ဥပဒေမှာ ထူးမခြားနား ပင် ဖြစ်ပေလိမ့်မည်။ မည်သို့ဖြစ်စေ လောလောဆယ် ဒိုလားရက်စ် စိတ်သက်သာရာ ရအောင်တော့ နှစ်သိမ့် ရမည်သာ။ ထပ်ပြောလိုက်သည်။

" ဘုန်းကြီး က လက်ထပ်ပေးတာပဲ၊ ဘာအပြစ် ဖြစ်စရာရှိလဲ "

" အိမ်ထောင်ရှိခဲ့ဖူးတယ်လို့ ဘုန်းကြီးကို မပြောဘူးလေ "

<<http://www.shwezinu.blogspot.com/

ဒိုလားရက်စ် ရှိုးရှိုးကြီး ပြောချလိုက်သည်။

" ကျွန်မ ယောက်ျား ကတော့ အားလုံးသိတာပေါ့၊ သူက ပြောဖို့မလိုဘူးတဲ့လေ "

ဒိုလားရက်စ် ဒူးပေါ်သို့ လက်ထောက်ပြီး ရှေ့သို့ ကိုင်းကာ -

" ရော်ဂျာ့ကို ခဏလေး တွေ့ပါရစေ၊ စကားတစ်ခွန်းမှ မပြောပါဘူးလို့ ကတိပေးရင် ကာလက်တွေ့ခွင့်ပေးပါ့မလားဟင်၊ သားကလေးကို တွေ့ချင်လွန်းလို့ပါ ဂျူးဒစ်ရယ် "

ဂျူးဒစ် အမှတ်မထင် ထ ရပ်လိုက်သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

" မင်း ဒီမှာပဲ စောင့်နေ ဒိုလားရက်စ် "

ပြောပြော ဆိုဆို အခန်းနံရံဆီ လျှောက်သွားပြီး ကြိုးကို ဆွဲလိုက်သည်။ တံခါးဝတွင် အိန်ဂျဲလစ်ပေါ်လာတော့ -

" အိန်ဂျဲလစ် ဂျိုးကို သွားပြောစမ်း၊ ငါ့ဖို့ မြင်းတစ်စီး အဆင်သင့်ပြင်ထားစမ်းလို့၊ သစ်ဖြူတော သွားမယ်လို့ "

အိန်ဂျဲလစ်က ဒိုလားရက်စ်ကို တစ်ချက်ငဲ့ကြည့်ပြီး ထွက်သွားသည်။ ဒိုလားရက်စ်က ဘာမှ နားမလည်သလို ထ ရပ်ပြီး -

" ဘာအတွက်လဲဟင် ဂျူးဒစ် "

" ရော်ဂျာကို သွားခေါ်မယ်လေ၊ မင်းခဏတော့ သူနဲ့ ကစားချိန်ရမယ်၊ ကိုယ်ပြန်လာတဲ့အထိ စောင့်နေနော်၊ ကာလက်နဲ့ သတ်ချင် သတ်ရပစေ၊ ရော်ဂျာကို မပါ ပါအောင် ခေါ်ခဲ့မယ်၊ ဟုတ်လား "

ရုတ်ခြည်း ကျလာသည့် မျက်ရည်တွေကို ဒိုလားရက်စ် ကမန်းကတန်း သုတ်လိုက်သည်။ ရှရမီမျိုးထဲက တစ်ယောက်ယောက် သူ့မျက်ရည်ကို မမြင်စေလိုသည့်အလား။ အတန်ကြာမှ ခေါင်းထောင် လာသည်။

" ဂျူးဒစ် ပစ္စည်းတွေ ယူသွားမိတဲ့အတွက် တောင်းပန်ပါတယ် ဂျူးဒစ်ရယ် "

" အို ... ထားလိုက်စမ်းပါ၊ ဒိုလားရက်စ် သုံးပေါ့ "

" အားလုံး ရောင်းစားလိုက်ရတယ် ဂျူးဒစ်၊ စောစောပိုင်းက တော်တော်ကသီတယ်၊ စပိန်ကုန်သည်တစ်ယောက်ဆီမှာ ရောင်းလိုက်တယ် "

" အို ကိစ္စမရှိပါဘူးဆို " ဂျူးဒစ်က ဒိုလားရက်စ်ခါးကို ဖက်ပြီး ဆက်ပြောသည်။

<<<http://www.shwezinu.blogspot.com/

" ကာလက်ဆီက အကူအညီကို လက်မခံတဲ့အတွက် ကိုယ် မင်းကို အပြစ်မဆိုပါဘူး ဒိုလားရက်စ်၊ ဒါပေမဲ့ တစ်ခုခု လိုရင် ကိုယ့်ကို အကြောင်းကြားနော် "

" ဘာမှ မလိုပါဘူး ဂျူးဒစ် "

ဂျူးဒစ် ထပ်မတိုက်တွန်းတော့ပေ။ စီဇာရိုကို ခေါ်ပြီး ဝိုင်၊ ဘီစကစ်တို့ဖြင့် ဧည့်ခံထားရန် ပြောလိုက်သည်။

သားအမိနှစ်ယောက် တစ်နာရီကစားပြီးနောက် နှုတ်ဆက်ခွဲခွာခန်းမှာ ရင်ကွဲနာကျချင်စရာ ကောင်းလှသည်။ သည်မြင်ကွင်းမျိုးကို နောက်တစ်ခါ ဂျူးဒစ် ကြည့်နိုင်တော့မည် မထင်ပါ။ ဒိုလားရက်စ် လည်းနောက်တစ်ခါ လာရဲတော့မည်မထင်။ ပြန်ခါနီးတွင် ဂျူးဒစ်ကို ကျေးဇူးတင်စကား ပြောသည်။ ပြီးတော့ ဆို့နင့်အက်ကွဲသော အသံဖြင့် -

" နောက်တစ်ခါ ဆိုရင် ကျွန်မ ခံနိုင်ရည်ရှိတော့မှာ မဟုတ်ဘူး၊ မလာတော့ဘူးနော်၊ ဒါပေမဲ့ သူ့အကြောင်း အစေခံ တစ်ယောက်ယောက်နဲ့တော့ တစ်ခါတလေ ကျွန်မဆီ လွှတ်ပြီး အကြောင်းကြားပေးပါနော် ဂျူးဒစ် "

သူ ထွက်သွားသည်ကို ကြည့်ပြီး ဂျူးဒစ် မျက်ရည်တွေတွေ စီးကျနေသည်။ ဖီးလစ် ရောက်လာတော့ အကျိုးအကြောင်း ပြောပြရင်း ကလေးတွေနဲ့ ခွဲပြီး နယူးအော်လီယန်း မသွား လို တော့ကြောင်း ပြောပြသည်။ ဖီးလစ်က -

" သွားမှာကလည်း အနားယူရင်း စျေးဝယ်ရင်းဆိုတော့ ကလေးတွေအတွက်ပဲပေါ့ ဂျူးဒစ်ရယ်၊ မင်းကျန်းမာ မှ သားတွေအတွက် ပိုပြီး အားကိုးရမှာလေ " ဟုတိုက်တွန်းသည်။

ဤသို့ဖြင့် နယူးအော်လီယန်းသို့ ဂျူးဒစ် လာဖြစ်ခဲ့သည်။ အိမ်နှင့် မခွဲစဖူး ခွဲခွာရသည်မို့ မျက်ရည်ကျခဲ့သေးသော်လည်း နယူးအော်လီယန်းရောက်တော့ ပျော်နေမိသည်။ ဂျာဗာစီ၏အစ်ကို မိုက်ကယ်ဂျူရန်မှာ ဘိုးဘွားပိုင် အိမ်ကြီးတွင် နေသည်။ အိမ်ကြီးမှာ ရဲတိုက်ကြီးတစ်ခုပမာ ကြီးကျယ်လေသည်။ အဆောင်ဆောင် အခန်းခန်းနှင့်။ လေးထောင့်စပ်စပ်ပုံသဏ္ဍာန် ဖြစ်၏။ နောက်ဘက်တွင် ကပ္ပလီကျွန်တွေ ထားသည့် တန်းလျားတွေရှိသည်။

ပြင်သစ်ဆန်သည့် ဘဂကို ဂျူးဒစ် အရသာတွေ့နေသည်။ လူနှစ်ယောက်ထမ်း ဝေါဖြင့် ငြိမ့်ငြိမ့်ညောင်းညောင်း သွားရသည်ကို ဂျူးဒစ် တဖြည်းဖြည်း ကြည်နူးလာသည်။ အမျိုးသမီးတစ် သိုက်စုဝေးပြီး လေသာခန်းတွင် ကော်ဖီ သောက်ရင်း အဝတ်အစား အကြောင်း၊ နိုင်ငံရေးအကြောင်းတွေ ပြောရသည်မှာလည်း အရသာတစ်မျိုးပင်။

<<http://www.shwezinu.blogspot.com/

ကျွန်ဈေး တွင် ကျွန်တွေဂယ်ရင်း ဂတ်ကောင်းစားလှဖြင့် အမျိုးသား အမျိုးသမီးတွေ စုဝေးပြီး ကော်ဖီသောက်ကြသည်။ ကျွန်ဈေး ကော်ဖီဆိုင်သည် ကလပ်တစ်ခုပမာ ဖြစ်နေ၏။ ပြင်သစ်ပြည် ကလာသည့် လူကြီးလူကောင်းများနှင့် မဆုံးနိုင်သော ကပွဲများတွင် ဆုံစည်းရသည်။ သူတို့ ၏ နောက်ဆုံး နိုင်ငံရေးသတင်းများမှာ စိတ်ဂင်စားစရာ ကောင်းလှသည်။

ပြင်သစ်နှင့် စပိန်တို့မှလာသည့် ကုန်သည်လှေကြီးများဆီသို့ အလည်ရောက်ဖြစ်သည်။ တင်လာ သည့် ကုန်ပစ္စည်းတွေ မှာ ရင်သပ်ရှုမောစရာတွေချည်း။ ပိုးချည် ဘေထုပ်တွေ၊ ဖိနပ်အကောင်းစား တွေ၊ ရှူဘူးတွေ၊ ဆေးတံသောက်ဆေးဘူးတွေ၊ ရေမွှေး၊ ဂိုင်နှင့် ဖန်ထည် ကြွေထည် ပစ္စည်းတွေ၊ မေရီအင်တွိုင်းနက်၏ ပုံတူယမင်းရုပ်တွေ စုံနေသည်။

သူတို့မို့ သည်လူသုံးပစ္စည်းတွေကို ဆန်းဆန်းပြားပြား တီထွင်ထုတ်လုပ်တတ်ကြသည်။ ပြီးတော့ ကမ္ဘာပေါ် တွင် သူတို့လောက် ပျော်ပျော်နေတတ်သည့်လူမျိုးရှိမည်မထင်။ လူတိုင်းသည် ချစ်စရာကောင်းနေ၏။ ရွှင်ပျမြူးထူးနေ၏။

အမျိုးသားများက ဂျူးဒစ်၏အလှကို မနေတတ် မထိုင်တတ် ဖြစ်လာသည်အထိ ချီးကျူးကြသည်။ ဘဂင်မြင့်ပြီး ရှုးသွားမတတ်ပင်။ မှန်ဆီ ထပြေးပြီး ချို့ယွင်းချက်များကို ရှာတွေ့ရပေါင်းလည်း များလှပြီ။

မပီမသ ပြင်သစ်စကားပြောပုံကလေးက တစ်မျိုး နားဂင်ချိုသည်တဲ့လေ။ ဆံပင်နှင့် မျက်လုံးရောင် ကိုလည်း သူတို့ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေကြ၏။ သူတို့အားလုံးက အနက်ရောင်တွေ ချည်းဆိုတော့ ထူးခြားပေါ်လွင်နေသည်ကတော့ အမှန်။ ပြင်သစ်ပြည်မှ ပြန်ရောက်စအာမတ်ဘာဒိုး ဟူသည့် လူငယ်ပန်းချီဆရာတစ်ယောက်နှင့် ပုံတူကားတစ်ချပ် ရေးဆွဲနိုင်သည်။ အာမတ်ဘာဒိုးမှာ တစ်ဟုန် ထိုးနာမည်ကြီးနေသည့် ပန်းချီဆရာဖြစ်သည်။

ဦးခေါင်းနှင့် ပခုံးနောက်ခံကို အပြာရောင်ခံပြီး ရေးဆွဲသည်။ မျက်လုံးတွေက မစ္စစ်စပီရောင်ဟု ပန်းချီဆရာက ပြောတော့ ပိုပျော်သွားမိသည်။

ပန်းချီ ဆွဲခ ဆေးရွက်ကြီး ပေါင် ၂၀၀ ဖိုးကျသည်။ ဘယ်လောက်ကုန်ကုန် ဖီးလစ် တွန့်တိုမည် မဟုတ်ပါ။ နယူးအော်လီယန်း ရောက်ခိုက် ကြိုက်သလောက် သုံးဖို့ ဖြုန်းဖို့ မီးစိမ်းပြထားပြီးသား ဖြစ်သည်။ ဖီးလစ်က တောထဲတွင် နေရသည့် ဒုက္ခခံရက်တွေကို အတိုးချပြီး ဇနီးကလေးကို နယူး အော်လီယန်းတွင် ပျော်စေချင်သည်တဲ့လေ။

နှစ်ဆန်း သည်အထိ သူတို့ မပြန်ဖြစ်ကြသေး။ ဇန်နဂါရီလထဲ ရောက်တော့ နှင်းငွေ့တွေ ပြယ်ပျောက်ကာ နယူးအော်လီယန်း သည် ပုလဲရောင်တောက်လာသည်။ နယူးအော်လီယန်း

<<<http://www.shwezinu.blogspot.com/

မြင်ကွင်းအားလုံးကို ဂျူးဒစ် ချစ်နေသည်။ ပန်းခြံကြီးတွေ၊ ရေကာတာကြီးတွေ။ တစ်ပြိုင်တည်းတွင် အိမ်ကိုလည်း ပြန်ချင်နေ၏။

ထွန်ချိန်၊ ယက်ချိန်မို့ အစ်ကိုတစ်ယောက် ကွင်းထဲမှာ ဘယ်လောက်ပင်ပန်းနေပြီလဲ။ လိမ္မော်တွေ တော့ ခုလောက်ဆို အခင်းထဲမှာ မှည့်ဝင်းနေလောက်ပြီ။

အစ်ကို့ကို အောက်မေ့လွန်းလျှင် ရင်ထဲ ဟာလာ၏။ အစ်ကိုနှင့် ယှဉ်လိုက်တော့ နယူးအော်လီယန်းမှ ပြင်သစ် အမျိုးသားတွေမှာ ပိုးဟပ်ဖြူကလေးတွေ ဖြစ်နေကြသည်။ ပြန်ချင်ပြီ ဖြစ်ကြောင်း ဂျာဗာစီကို ပူဆာလိုက်သည်။

သည်တော့မှ ဂျာဗာစီက မပြန်ချင့်ပြန်ချင်နှင့် ပြန်ဖို့စီစဉ် သည်။ မြောက်ပိုင်း က ရေခဲပျော်ချိန် ကို စောင့်နေခြင်းထက် ခုနေ ဆန့်တက်ရခြင်းက ပိုပြီး လွယ်ကူမည်ဖြစ်သည်။ မိုက်ကယ်က ဒယ်လ်ရှိုင်းကို ပို့ဖို့ ကျွန်လှေတစ်စင်း စီစဉ်နေသည်။ မကြာခင် သူတို့ ပြန်ကြရတော့မည်။ ဂက်သစ်ချမြိုင် ကို ပြန်လာတော့မည့်အကြောင်း လူကြုံနှင့် အစ်ကို့ဆီ စာတစ်စောင် ရေးလိုက်သည်။

ဖေဖော်ဝါရီလ တွင် သူတို့ ပြန်ရောက်ကြသည်။ ဂက်သစ်ချမြိုင်မြေကြီးသည် ရှန်ပိန်ရောင် ကော်ဇော်ကြီး ခင်းထား သကဲ့သို့ လှနေသည်။ ဂက်သစ်ချမြိုင် သည်လောက်လှသည်ကို ဂျူးဒစ် တစ်ခါမှ မမြင်ဖူးပေ။ ဘယ်လောက် ချစ်စရာကောင်းတဲ့ ဂက်သစ်ချမြိုင်ပါလဲ။ ညတွင် ပိုင်သောက်ကြရင်း ဂျူးဒစ် ဘယ်လောက်ပျော်နေကြောင်း အစ်ကို့ကို ပြောပြနေမိ၏။

<<<http://www.shwezinu.blogspot.com/

အခန်း (၁၁)

ဒေးဗစ်ကလေးကို ဂျူးဒစ် စာသင်ပေးနေသည်။ အေဘီစီကို ကဗျာများဖွဲ့ပေးပြီး သင်နေခြင်းဖြစ်၏။

" စီက ဒီလိုရေးရ တယ် သားရဲ့ "

ဒေးဗစ်က ပါးစပ်ကို တင်းတင်းစေ့ပြီး ကလောင်ကို အားစိုက်ကိုင်ရင်း စီ စာလုံးကို ကြိုးစားရေး သည်။ မကြိုက်သေး၍ ပြန်ဖျက်ရေးသည်။

" ဒီလိုလား မေမေ "

" အေး ဟုတ်ပြီ၊ တစ်ချက်တည်း မှန်အောင်ရေး၊ မပြင်ရစေနဲ့ "

" စီ က ဘာလဲဟင် မေမေ "

ငယ်ငယ်က သင်ခဲ့သည့် လင်္ကာကိုစိတ်ထဲမှ ပြန်ရွတ်ပြီး -

" စီ က ချယ်ရီလေ သားရဲ့ "

" ချယ်ရီ ဟုတ်လား၊ ဘာလဲ ချယ်ရီဆိုတာ "

" အင်း ... ဒုက္ခပါပဲ၊ ဘယ်လိုအရပ်လဲ မသိဘူး၊ ချယ်ရီပင်မရှိ ဘာမရှိနဲ့။ ချယ်ရီဆိုတာ သစ်သီး တစ်မျိုးပေါ့ကွယ် "

ဒေးဗစ်က ခေတ္တစဉ်းစားပြီး -

" လိမ္မော်သီးလိုလား မေမေ "

" မဟုတ်ဘူး သား၊ အသီးက သေးသေးလေးတွေ၊ အရောင်က နီရဲရဲ၊ ဒီမှာမရှိတော့ သား သိမှာ မဟုတ်ဘူး။ ကိစ္စမရှိဘူး ဒေးဗစ်၊ စီကို ကော့တွန်(ဂါဝွမ်း)လို့ ကျက်၊ ဟုတ်ပြီလား "

<<http://www.shwezinu.blogspot.com/

" ဟုတ်ပြီ မေမေ၊ စီ သည် ကော့တွန်၊ စီ သည် ကော့တွန်၊ နောက်ကော မေမေ "

" နောက် မတက်သေးဘူး၊ အေ ဘီ စီ အဲဒီသုံးလုံးကို လက်ရေးလှလှရေးရမယ်။ တစ်မျက်နှာပြည့်အောင်ရေး၊ ဟုတ်ပြီလား "

လျှာကလေး ကို နှုတ်ခမ်းနှစ်ခုကြားတွင်ကိုက်ပြီး ဒေးဗစ် ကုန်းရေးတော့သည်။ ကျန်စာလုံးတွေကို ဂျူးဒစ် ဆက်ရွတ်ကြည့်နေ သည်။ ငယ်ငယ်က မစ္စက်ရိုက်၏ ကျောင်းတွင် သင်ခဲ့ရသည့်ပုံကို ပြန်မြင်လာသည်။ ရှယ်တူ ကလေး တစ်ဒါဇင်ခန့်နှင့်အတူ မီးလင်းဖိုနံဘေးမှ ခုံရှည်ပေါ်တွင်ထိုင်ပြီး ခြေကို ယမ်းကာလွှဲကာ တပျော် တပါး သီဆိုလေ့ကျင့်ခဲ့ရပုံများ။

အီးသည် အဲလ်ဘိုး။ အက်ဖ်သည် ဖလားဝါး။ ဒေးဗစ် နားမလည်စရာမရှိ။ ဂျီသည် ဂဲလ်။ ဒါကိုတော့ ပြင်ချင်သည်။ ဂျီသည် ဂရပ်စ်ဟော့ပါ (နံ့ကောင်)ဖြစ်သင့်သည်။ အိတ်ချ်သည့် ဟော့စ်။ ဒါလည်း မဆိုး။ အိုင်သည် အိုက်စ်။ ဒါလည်း ပြင်ရမည်။ အိုင်သည် အင်ဒီဂို(မဲနယ်)ဆိုမှ သူ ပိုနားလည်မည်။

သားကလေးကို အသာဖက်လိုက်သည်။ ရွှေရောင်ဆံပင် နုနုလေးများပါးနှင့်လာထိတော့ ရင်ထဲ သိမ့်ခနဲ အေးသွားသည်။ ဆံပင်ခွေကလေးများကို နှုတ်ခမ်းအစုံနှင့် အသာကိုက်ထားလိုက်၏။

" ဟာ မှားကုန်လိမ့်မယ် မေမေရ "

" မမှားပါဘူး သားရဲ့၊ သားက သိပ်တော်တာပဲ၊ ဒီတစ်မျက်နှာပြီးရင် သွားကစားတော့နော် "

အေ ဘီ စီ ကို နှုတ်မှရွတ်ရင်း ဒေးဗစ် အပြင်းအထန် ရေးချနေသည်။ သူ့ကိုယ်ကလေးသည် မိမိလက်ထဲ တွင် လှုပ်တုတ်လှုပ်တုတ် ဖြစ်နေ၏။ သည်လောက် နုနုနယ်ကလေးသည် မိမိထက် ပိုကြီးထွားလာမည်၊ သန်မာလာမည် ဆိုသည်မှာ မယုံနိုင်စရာပါလားဟု ဂျူးဒစ် တွေးနေ၏။ အမေ ကို ပွေ့ချီနိုင်သည့်အရွယ် ရောက်ဦးမည်လေ။ သူ့အဖေအတိုင်း ထွားထွားကျိုင်းကျိုင်းကြီး ဖြစ်လာမှာ မဟုတ် လား။

" ဟာ မေမေကလဲ၊ သားပြောနေသားနဲ့၊ ဒီမှာ ပျက်ကုန်ပြီ "

သူ့လက်ကို သွားတိုက်မိသဖြင့် စာလုံးတစ်လုံး ပျက်သွားသည်။

" မေမေ တောင်းပန်ပါတယ် သားရယ်၊ သားအပြစ် မဟုတ်ပါဘူး "

ဒေးဗစ်ကို ဆွဲပွေ့ပြီး ညှစ်လိုက်သည်။

" သားကိုယ်ကလေးက သေးသေးလေးရယ်နော် "

" ဘယ်က သေးရမှာလဲ မေမေရ၊ ခရစ္စထက် ကြီးတာပဲ။ မေ့မေ့ခါးတောင် ရောက်နေပြီပဲ။ ဟာ ... ဖယ်ပါ မေမေရာ၊ သားကိုနမ်းတာ မကြိုက်ပါဘူး "

<<http://www.shwezinu.blogspot.com/

ဒေးဗစ် က အမေ့ရင်ခွင်ထဲမှ အတင်းရုန်းထွက်ပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ခြေနှစ်ဖက်ကို ချဲချဲထားလျက်။

" ဆက်ရေးရဦး မလား မေမေ၊ အောက်ဆုံးကို ရောက်ခါနီးနေပြီပဲ "

" တော်လောက်ပါပြီ သားရယ်၊ မနက်ဖြန်မှ ဆက်ကြတာပေါ့ "

" ကောင်းပြီ မေမေ "

တံခါးကို ပုန်းခနဲပိတ်ပြီး ပြေးထွက်သွားသည်။ ဂျူးဒစ်က စာရွက်ကို အခြောက်ခံပြီး အိပ်ခန်းထဲ ယူသွားသည်။

မှန်ထဲ တွင် ထင်လာသည့် မိမိပုံရိပ်ကို စိုက်ကြည့်လိုက်မိ၏။ သစ်လုံးအိမ်ကလေးထဲမှာတုန်းက ဒေးဗစ် မမွေးခင် အစ်ကို ဂယ်လာပေးသည့် မှန်ကြီးပင်။ သည်မှန်ကြီးတွင် ပထမဆုံးမြင်ရသည့် မိမိ ကိုယ်နေဟန် ကို ပြန်မြင်လာပြီး ပြုံးမိသည်။ ဟိုတုန်းကတော့ ဝိုခဲ့ရသည်ပေါ့။ နောင်ကော ဝိုရဦးမှာလား။ ကလေး ရှိနေပြန်ပြီလေ။ ခရစ္စတိုဖာလေးက ဖွန်လတွင် ငါးနှစ်ပြည့်မည်။ ဒါလောက် ဖေးလာခဲ့တော့ ဘုရားသခင် က နောက်ထပ် သားသမီးရတနာပေး သနားတော် မမူတော့ပြီဟု ထင်ခဲ့သည်။ အိပ်ရာထဲတွင် ကွေးပြီး လပေါင်း များစွာ အိမ်တွင်းပုန်း လုပ်နေရဦးမည့် အရေးနှင့် တိုက်ပွဲရှည်ကြီးကို ဆင်နွှဲရဦးမည့် အရေး ကို တွေးမိကာ စိတ်မသက်မသာဖြစ်နေသည်။ လုပ်စရာ တွေက အပုံအပင်။ နွေကန္တာ ခရီးကြမ်း အတွက် ပြင်စရာ၊ ဆင်စရာတွေက အများကြီးရယ်။ နံရံမှ ကြိုးကို လှမ်းဆွဲလိုက်သည်။

အိန်ဂျဲလစ် ရောက်လာသည်နှင့် လှမ်းပြောလိုက်သည်။

" ကော်ဖီ ယူခဲ့စမ်းပါကွယ် "

အိန်ဂျဲလစ် ငြိမ်ငြိမ်ကလေး ထွက်သွားသည်။ ခုတလော သည်ကလေးမ နှုတ်နည်းနေသည်။ နေများ မကောင်း လို့လား၊ ဘာမှလည်း ထုတ်မပြော။ အိန်ဂျဲလစ်သာ လဲလျှင်တော့ ဒုက္ခပဲ။ မှန်ထဲ တစ်ချက်ကြည့်ပြီး ပခုံးတွန့်လိုက်သည်။ အင်း … ကျန်းမာရေးကောင်းနေမှ။ ဒါမှ အစ်ကို စိတ်ချမ်းသာ မှာလေ။ ခေါင်းအုံပေါ် မှီလိုက်သည်။ အစ်ကို့အကြောင်း စဉ်းစားမိသည်နှင့် အလိုလို ပြုံးမိ လျက်သား ဖြစ်သွား၏။ သိပ်ချစ်တယ် အစ်ကိုရယ်။

လပေါင်းများစွာ ခွဲနေပြီး နယူးအော်လီယန်းမှ ပြန်အရောက်တွင် အစ်ကိုသည် အငမ်း မရ ပွေ့ဖက်ကြိုဆိုသည်။ အစ်ကို့ရင်ခွင်ထဲက ပြန်မထွက်ချင်လောက်အောင်ပါပဲ။ အစ်ကို့ကို ချစ်လွန်းတဲ့ အတွက် အစ်ကို့ အတွက် ဘာပဲလုပ် လုပ်ရပါ။ အသွေးယူယူ၊ အသားယူယူပါ အစ်ကို။

<<<http://www.shwezinu.blogspot.com/

မှန်ထဲက ပုံရိပ် ကို ကြည့်ပြီး သတိပေးလိုက်သည်။ ကလေး မဆန်နဲ့နော်၊ ဘာမဆို ခေါင်းအေးအေး ထား စဉ်းစား။

ကော်ဖီခွက် ကိုင်ပြီး အိန်ဂျဲလစ် ရောက်လာသည်။

" တခြား ဘာလိုသေးလဲ မမလေး "

" ဩော် ... ကျေးဇူးပဲကွယ်၊ ကွင်းထဲက ကောင်မလေးတွေကို ဆေးရွက်ကြီးတွေ မှာပေးပါဦး၊ မကြာခင် ဖလံကောင်တွေ လာတော့မယ်၊ ပြီးတော့ စောင်တွေ ထုတ်လှန်းကြရအောင် "

" ဟုတ်ကဲ့ မမလေး "

အိန်ဂျဲလစ် အသာလေး တံခါးပိတ်ပြီး ထွက်သွားသည်။ ပြတင်းပေါက်မှနေ၍ ဖီးလစ်ကို လှမ်းမြင်နေရသည်။ အလုပ်သမားခေါင်းတစ်ယောက်ကို မြင်းပေါ်မှ တစ်စုံတစ်ရာ အမိန့်ပေးနေသည်။ အစ်ကို တစ်ယောက် ယားလို့မှ မကုတ်နိုင်အောင် အလုပ်များနေပြီ။ ကပ္ပလီ တွေကို ထောင့်စေ့အောင် ခိုင်းနေ သည်။ တောရှင်းသည့်အဖွဲ့က ရှင်း၊ ရှင်းပြီးသားတောကို အမြစ် တွေတူးသည့် အဖွဲ့တူး။ အမြစ် တူးပြီးသား ကွင်းကို ထွန်သည့်အဖွဲ့က ထွန်၊ စိုက်သည့် အဖွဲ့က စိုက် နှင့် ရှုပ်ယှက်ခတ်နေ၏။

အပေါင်း အသင်းတွေ က အစ်ကို့လုပ်ပုံကိုင်ပုံကို ကြည့်ပြီး သည်အဟုန် အတိုင်း ရှေ့ဆက် သွားလျှင် နှစ်အနည်းငယ်အတွင်း မဟာစိုက်ပျိုးရေး လုပ်ငန်းရှင်ကြီးများ စာရင်းတွင် ဝင်နိုင်တော့မည့် အကြောင်း၊ ချမ်းသာတော့မည့်အကြောင်း နိမိတ်ဖတ်နေကြသည်။

အစ်ကိုချမ်းသာတော့ ဂျူးဒစ်ချမ်းသာတာနဲ့ အတူတူပေါ့နော်။ ခုလည်း မဆိုးပါဘူးလေ။ လိုချင် တာကို စာရေးမှာ လိုက်တာနဲ့ ချက်ချင်းရောက်လာတဲ့ အခွင့်အရေးမျိုး အိမ်ရှင်မတိုင်းမှာ ရှိတာမှ မဟုတ်ဘဲ။ ပြီးတော့ ကွင်းထဲတွင်အလုပ်သမား အများအပြား လိုနေချိန်မှာ အိမ်အတွက် အိမ်ဖော် ကျွန်တွေ ခွဲပေးတာ လည်း အိမ်ရှင်မတိုင်း ရတဲ့ အခွင့်အရေးမျိုး မဟုတ်သေးဘူးလေ။

သိပ် ကို ကံကောင်းပါသည်။ ဘုရားသခင်ကို ဒူးထောက်ပြီး ခုပဲ ကျေးဇူးတင်လိုက်ဖို့ ကောင်းပါသေး သည်။ ဘာပြု လို့ မကောင်းတဲ့ဘက်က သွားတွေးမိပါလိမ့်။ နောင်တရစွာ ရယ်ပြီး လသာဆောင်သို့ ထွက်ခဲ့သည်။

ဖီးလစ်က အဝေးမှ လက်လှမ်းပြသည်။ ဂျူးဒစ်က သူ့အတွက် လက်ခုံကလေးကို နမ်းပြပြီး နှုတ်ဆက် လိုက်သည်။ ပြီးတော့ သူ့ကို မျက်စိတစ်ဆုံး ငေးကြည့်နေမိ၏။ ကျွန်တွေ၊ အဝတ်အစား တွေရယ်၊ ဒီဂက်သစ်ချမြိုင်ကြီးရယ်၊ စည်းစိမ်ချမ်းသာတွေရယ် မရှိတော့ကော ဘာဖြစ်ရဦးမှာလဲ။ အစ်ကို့ အချစ်ကို ရထားပြီ ပဲ။ ဒါထက် ကြီးမားတဲ့တန်ဖိုး ဘာရှိနိုင်ဦးမှာလဲ။ ကျန်တာတွေက ပြင် သစ်တွေ ပြောသလို အပိုဆုတွေ ပါ။



<<<http://www.shwezinu.blogspot.com/

တိုင်ကြီးတစ်လုံးတွင်မှီပြီး ဆုံးဖြတ်ချက်ချလိုက်သည်။ သည်တစ်ခါ ကလေးမွေးဖို့ကိစ္စကို ရေးကြီးခွင့်ကျယ် မလုပ်တော့ ဟူ၍။

ဒေးဗစ်၏ လေ့ကျင့်ခန်းစာရွက်ကလေးက ဗီရိုပေါ်တွင် သည်အတိုင်းရှိနေသေးသည်။ စာရွက်ထောင့်တွင် ဂျူးဒစ်ရေးမှတ်ထားလိုက်သည်။

" ဒေးဗစ်လန်း၊ ဧပြီလ ၂၂ ရက် ၁၇၈၁ "

ပြီးမှ ဒူးထောက်ထိုင်ချလိုက်ပြီး သူတို့လင်မယား လျှို့ဝှက်ရတနာတွေ ထည့်ထားသည့် သံသေတ္တာကြီးထဲ ထည့်သိမ်းထားလိုက်သည်။ သံသေတ္တာထဲတွင် စုဆောင်းထားသည့် ပစ္စည်းများမှာ ကစား စရာ အရုပ်အကျိုးအပဲ့တွေ၊ ဖိနပ်စုတ်တွေ၊ သစ်လုံးအိမ်ကလေး၏ အိမ်မိုးဖာဖို့ ပလတ်စတာ ဂယ် ရမည့်နေ့က ပလတ်စတာကို မွှေပြီး ဂယ်လာသည့် ပိုးစအဟောင်းတွေ၊ ပြီးတော့ စမ်းချောင်းကလေး နံဘေးမှာ ပန်းကန်ဆေးနေတုန်း ရင်ဘတ်ထဲကို သူလာထည့်ပေးသည့် ဥဿဖရား ဆွဲကြိုးကလေး။

သည်ဆွဲကြိုးကလေးကို ထူးထူးခြားခြား နေ့များတွင်သာဂျူးဒစ်ထုတ်ဆွဲလေ့ရှိသည်။ သည်နေ့ည ညစာပိုင်းတွင် ဆွဲဖို့ စိတ်ကူးရသဖြင့် ထုတ်ယူထားလိုက်သည်။ အဂုတ်လဲဖို့အချိန် ရောက်နေမှန်း ခုမှ သတိပြုမိ၏။ အိန်ဂျဲလစ်ကို ခေါ်ဖို့ ကြိုးကို ဆွဲလိုက်သည်။ သို့သော် ခါတိုင်းလို အိန်ဂျဲလစ် ပေါ်မလာ။ သူ့ကိုရှာဖို့ အပြင်ထွက်ခဲ့သည်။ အိမ်ထဲတွင် ဘယ်မှ ရှာမရ။ ဧည့်ခန်းတွင် တာဝန်ကျ သည့် ကောင်မလေးတစ်ယောက်က အိန်ဂျဲလစ် သူ့အခန်း ပြန်သွားကြောင်း သတင်းပေးသဖြင့် အိမ်နောက်ဘက် သို့ ဂျူးဒစ်ထွက်ခဲ့သည်။ သည်ကောင်မလေး ဖျားနေပြီ ထင်ပါရဲ့။ တံခါးကို တွန်းဖွင့်ပြီး ခေါ်လိုက်သည်။

" အိန်ဂျဲလစ် "

အိန်ဂျဲလစ် ခုတင်ပေါ်တွင် လှဲနေရာမှ ဖိုသီဖတ်သီ ထ လာပြီး -

" ဩော် ... မမလေး၊ ကျွန်မ တောင်းပန်ပါတယ်နော်၊ ခဏကလေး မှေးခနဲ ဖြစ်သွားလို့ပါ "

" နင် နေမကောင်းဘူးလား၊ အိန်ဂျဲလစ် "

" ကောင်းပါတယ် မမလေး၊ ခဏကလေးနော် မမလေး၊ အဂုတ်လဲဖို့ အချိန်ရောက်ပြီပဲ၊ အစ်ကိုလေး၊ မရောက်ခင် ပြီးအောင် လုပ်ပေးပါ့မယ် မမလေး "

သူ အဂုတ်လဲနေတုန်း ဂျူးဒစ် ခေါက်ခုတင်ပေါ်တွင် ထိုင်စောင့်နေသည်။

" နင် အားဆေးလေး ဘာလေး သောက်ပါလား အိန်ဂျဲလစ်၊ နေမကောင်းရင် နားချင်နားလေ၊ ခရစ္စတင်း ငါ့ ကို အဂုတ်လဲပေးလည်း ရတာပဲ "

<<http://www.shwezinu.blogspot.com/

ဇလုံထဲ ရေလောင်းထည့်ပြီး အိန်ဂျဲလစ် မျက်နှာသစ်သည်။

" ကျွန်မ နေကောင်းပါတယ် မမလေး၊ မမလေးရဲ့ အဖေတတ်တွေ မီးပူထိုးရင်း ပူလွန်းတာနဲ့ ခဏ လာနားနေ တာပါ "

ဂျူးဒစ် သူ့ကို အသာအကဲခတ်နေသည်။ နေမကောင်းလျှင် မကောင်းကြောင်း သူပြောမှာပါ။ တစ်ခါ နှစ်ခါ ဖြစ်ဖူးသားပဲ။ သည်တုန်းက ကိုယ်တိုင် ပြုစုပေးလိုက်ရသည်လေ။ ကိုယ်ကိုယ်တိုင် မဒီမသာ ဖြစ်နေလို့ သူ့ကို သံသယဖြစ်နေမိတာများလား။

ဂျူးဒစ် ဆတ်ခနဲ ခေါင်းထောင်ပြီး စိုက်ကြည့်လိုက်သည်။ ခါးတို ကုတ်အင်္ကျီကိုဖတ်ဖို့ လက်မြှောက် လိုက်စဉ် ဖြစ်၏။ အလန့်တကြား မေးလိုက်သည်။

" အိန်ဂျဲလစ်၊ နင့်မှာ ကလေးရှိနေပြီ ဟုတ်လား၊ ဘာလို့ ငါ့ကို မပြောတာလဲဟင် "

ကုတ်အင်္ကျီကြိုးတွေ ကို တစ်ခုချင်းချည်ရင်း အိန်ဂျဲလစ် သူ့ဗိုက်ကို ငုံ့ကြည့်သည်။

" မမလေး စိတ်ဆိုးမှာစိုးလို့ပါ၊ တတ်နိုင်သမျှ ကျွန်မ ဖုံးထားဖို့ ဆုံးဖြတ်ထားပါတယ် မမလေး "

ဂျူးဒစ် ခဏတွေ စဉ်းစားနေသည်။ လက်တစ်ဖက်ဖြင့် မေးထောက်လျက်။ အင်း … အစေခံတွေ ဟာ ကြောက်ရ လန့်ရမှန်းလည်း မသိကြပါကလား။

" စိတ်မဆိုးပါဘူးကွယ်၊ အံ့သြသွားတာပါ၊ မင်းဟာ တစ်ချိန်လုံး တည်ငြိမ်ပြီး လိမ္မာရေးခြားရှိတဲ့ မိန်းကလေး ပဲ၊ ဘယ်သူနဲ့လဲဟင် "

" ဘယ်သူဘယ်ဝါဆိုတာ အကြောင်းမဟုတ်ပါဘူး မမလေးရယ် "

" ဘာလဲ၊ ဘယ်သူမှန်း နင်မသိဘူးလို့ ပြောတာလား "

" အဲဒီလို ပြောတာ မဟုတ်ပါဘူး မမလေး၊ ကျွန်မ မပြောချင်ဘူးဆိုတဲ့ သဘောပါ "

" အေးလေ၊ နင်မပြောချင်လည်း ငါ ဘာတတ်နိုင်မှာလဲ "

အသားအရေက ရွှေအိုရောင်လို ညိုဝင်းပြီး ဆံပင်တွေက ပျော့ပျောင်းနူးညံ့နေပါလျက် မေည်း ကောင်လေး တစ်ယောက်နဲ့ မိုက်မှားမိသည်ဆိုခြင်းမှာ အိန်ဂျဲလစ်ဘက်က နစ်နာလှသည်။ ခေါင်း စည်း စည်းပြီးသည်နှင့် -

" ကျွန်မ အသင့်ဖြစ်ပါပြီ မမလေး "

" ဒါဖြင့် လာ၊ ငါ့အခန်းထဲ သွားမယ် "

<<http://www.shwezinu.blogspot.com/

ခေါင်းဖြီးဖြီး ဆံပင်ပုံသွင်းနေရင်း -

" နင် လက်ထပ်မှာမဟုတ်လား အိန်ဂျဲလစ် "

" ဟင့်အင်း၊ မထပ်ပါဘူး မမလေး "

" ဟဲ့ နင် သူ့ကို ကြိုက်တယ်မဟုတ်လား၊ ကြိုက်ရင် လက်ထပ်ပေါ့ဟဲ့၊ ငါ သေသေချာချာ မင်္ဂလာဆောင်ပေးမယ်၊ ညှော့ခန်းထဲမှာ သေသေချာချာ လုပ်ပေးမယ်၊ အိမ်ဖော်တွေအားလုံးကို ညစာကျွေး မယ် "

" ကျေးဇူးတင်ပါတယ် မမလေး၊ ဒါပေမဲ့ ဒုက္ခ မရှာပါနဲ့၊ ဆီမွှေး ထပ်ထည့်ဦးမလားဟင် "

" အေးလေ၊ နင်စိတ်ပြောင်းလာမယ်ဆိုရင် ငါ့ကိုပြော သိလား၊ ငါမင်္ဂလာဆောင်ပေးချင်တယ် "

နောက်ဆုံး ဆံခွေတစ်ချောင်း ထိုးပြီးသည်နှင့် ဂျူးဒစ် တစ်ဖက်ကို လှည့်ပြီး ပြောသည်။

" နင် ကလေးရှိတာ ငါသိပ်ဝမ်းသာတယ် အိန်ဂျဲလစ်၊ ငါ့မှာလည်း ကိုယ်ဝန်ရှိနေပြီ သိလား၊ နင် ငါ့ကလေးရဲ့နို့ထိန်းလုပ်ပေါ့ "

" ဟုတ်ကဲ့ပါ မမလေး "

ဂျူးဒစ်က သူ့လက်ကို ပုတ်ပြီး -

" ဘာမှမစိုးရိမ်နဲ့ သိလား၊ ပထမတော့ မလိုချင်ဘူးလိုလိုနဲ့၊ မွေးလာတော့လည်း ချစ်ရတာပဲ။ သြော် နေဦး၊ နင် မွေးဖူးသားပဲ၊ နင် ငါ့ကို ပြောဖူးပါတယ်နော်၊ ကလေးက ဆုံးသွားတယ် ဆိုလား "

" ဟုတ်ကဲ့ မမလေး "

" အေး ... ခု အစားပြန်ရတော့မှာပေါ့ ဟုတ်လား၊ နင်နဲ့ငါနဲ့ အတူတူ မွေးရင် နင့်ကလေးကို အိမ်ထဲ မှာပဲ ထားမယ်။ ငါ့ကလေးနဲ့ ကစားဖော် ရတာပေါ့။ သြော် ဒါထက် ငါ့မှာ ကလေးရှိနေတယ်ဆိုတာ နင့် အစ်ကိုလေးကို မပြောနဲ့ဦးနော်၊ သူ့မှာ အလုပ်တွေ သိပ်ရှုပ်နေတာ၊ အလကား စိတ်ပူစရာ ထပ်မတိုးစေ ချင်ဘူး "

" ဟုတ်ကဲ့ မမလေး "

" ငါ့ကို ဖယောင်းထိုင် ထပ်ထွန်းပေးခဲ့ပြီး နင်သွားတော့။ နင့်ကြည့်ရတာ နေမကောင်းသလိုပဲ "

အိန်ဂျဲလစ် ထွက်သွားတော့ မှန်တင်ခုံပေါ်မှ ဘီးတွေ၊ ဆီမွှေးပုလင်းတွေ ဟိုရွှေ့သည်ရွှေ့ လုပ်နေရင်း အိန်ဂျဲလစ် ကိုယ်ဝန်ရှိကြောင်း စောစောသိရင် ကောင်းမှာဟု တွေးနေ၏။ သူ့ခမျာ ပင်ပင်ပန်းပန်း လုပ်နေရှာတယ်။ ကြည့်ရတာလည်း တစ်မျိုးပဲ။ မွေးဖွားပြီးရင် အနားပေးဦးမှ။ ထမင်းစားခန်းသို့ မသွားမီ အစ်ကိုနှင့် တိုင်ပင်ရဦးမည်။



<<http://www.shwezinu.blogspot.com/

" အိန်ဂျဲလစ်အတွက် ဂျူးဒစ် စိတ်ပူနေတယ် အစ်ကို "

ဖီးလစ်က အင်္ကျီလက်ကို ဆွဲချရင်း -

" ကောင်မလေးတွေကို ပြောထားစမ်းကွာ၊ အင်္ကျီကို ကော်တွေ အရမ်းမတင်စမ်းနဲ့လို့၊ ခုတင်က ဘာပြောတယ် "

" အိန်ဂျဲလစ်အတွက် ဂျူးဒစ် စိတ်ပူနေတယ်လို့ "

ဖီးလစ် ချာခနဲ လှည့်လာပြီး -

" အိန်ဂျဲလစ် ဘာဖြစ်လို့လဲ "

" ဒါလောက်အကြာကြီးသိက္ခာရှိရှိ နေခဲ့ပြီးမှ သူ့မှာ ကလေးရှိနေပြီအစ်ကို။ သူ ဖုံးထားတယ်လေ၊ ဂျူးဒစ်က သိလိုက်လို့ သူ ဝန်ခံတာ။ ဘယ်သူနဲ့လဲဆိုတာ လုံးလုံးမေ့လို့မရဘူး။ သူ့ကြည့်ရတာ တစ်မျိုးကြီးပဲ "

" အိန်ဂျဲလစ် မှာ ကိုယ်ဝန်ရှိနေတယ် ဟုတ်လား၊ မင်းဟာ သေချာရဲ့လား ဟင် "

ဖီးလစ် ရှေ့တစ်လှမ်းတိုးလာပြီး အထိတ်တလန့်မေးသည်။ ဖယောင်းတိုင် မီးရောင်တွင် သူ့မျက်နှာမှ အမာရွတ်ကြီးမှာ ခုမှ လောလောလတ်လတ်ရလာသည့် ဒဏ်ရာကြီးနှင့် တူနေ၏။ မျက်လုံးအစုံက ဇနီးလုပ်သူကို အကြောင်သား စိုက်ကြည့်လျက်။

" သေချာတယ်လေ၊ ဟင် ... အစ်ကို ဘာဖြစ်သွားတာလဲ၊ ကြည့်စမ်း ရှင် ... ရှင် .... "

ဖီးလစ် ချာခနဲလှည့်ပြီး အခန်းထဲမှ ထွက်သွားသည်။ တံခါးကို ပုန်းခနဲ ဆောင့်ပိတ်သွား၏။ ဂျူးဒစ် အသာထရပ်လိုက်သည်။ ခုတင်တိုင်ကို အားပြုထားလိုက်ရ၏။ တစ်လောကလုံး မီးလျှံတွေ ဖုံးလွှမ်း သွားသလို ခံစားလိုက်ရ၏။ မီးလျှံတွင် အမာရွတ်ကြီးနှင့် သူ့မျက်နှာကို မြင်နေရ၏။ ဘယ်တုန်းက နှင့်မှ မတူအောင် အသက်မဲ့သွားသည့် သူ့မျက်နှာ။

အိမ်အပြင် သို့ သူထွက်သွားသည့် ခြေသံကို ကြားနေရ၏။ ခြေသံသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားသလို သူနှင့် ပို၍ပို၍ ဝေးသွားပြီဟုခံစားလိုက်ရ၏။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ပြီး နားထင်ကို ဖိထားလိုက်သည်။ ခေါင်းကို တူနှင့် ထုခံလိုက်ရသလို ကိုက်ခဲနေသည့် ဝေဒနာ သက်သာလိုသက်သာငြား ကြိုးစားနေသည့်နှယ်။ ပြီးမှ တအားငိုချပစ်လိုက်သည်။

ဩော် ... အစ်ကို ... အစ်ကို။

ပေါင်ပေါ်တွင် လက်တင်ပြီး ခုတင်စွန်းတွင် စိတ်ပျက်လက်ပျက် အကြာကြီးထိုင်နေမိ၏။ ဖယောင်း တိုင်မီးရောင်တွင် ယိမ်းထိုးလှုပ်ရှားနေသည့် မိမိ၏အရိပ်ကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေသည်။ ကြာတော့

<<http://www.shwezinu.blogspot.com/

ထိုင်နေဖို့ ခွန်အားတွေပါ ကိုယ်တွင်းမှ စီးထွက်သွားသလို ပျော့ခွေကာ အိပ်ရာပေါ်သို့ ပြိုကျသွားတော့၏။ မျက်နှာကို ခေါင်းအုံးပေါ်တွင် မှောက်လျက်။ ရင်ထဲမှ နာကျင်မှုဝေဒနာသည် လှိုင်းထကာ တစ်ကိုယ်လုံး နတ်ကျသလို တုန်ယင်လာသည်။

ဘယ်လိုမှ ကျော်လွှားလို့ မရနိုင်သည့် ဝေဒနာ။ ဘယ်လိုမှ ခွင့်လွှတ်လို့ မရနိုင်သည့် အပြစ်။ သည်နေ့မှ ဖြစ်လာသည့်ကိစ္စ မဟုတ်။ လပေါင်းများစွာက ဖြစ်တည်ရှင်သန်နေသည့် ဇာတ်လမ်း။ ပြီးတော့ မိမိကိုယ်တိုင်လည်း သူ့ကလေးကို လွယ်ထားရသေးသည်။ သူ့ကို ယုံယုံကြည်ကြည်နှင့် ရခဲ့သည့် ကလေးလေ။

လများစွာမကဘဲ နှစ်များစွာကများ စခဲ့သည့် ဇာတ်လမ်းဖြစ်နေမလား။ သံသယဟူသရွေ့ မြူငွေ့မျှ မရှိခဲ့ဖူးပါ။ နှစ်ယောက်စလုံးအပေါ်တွင် အယုံကြီး ယုံခဲ့ခြင်းဖြစ်ပါ၏။ လျို့ဝှက် သိပ်သည်း နိုင်လွန်းကြပါပေသည်။

အိန်ဂျဲလစ်က ထမင်းစားဆင်းဖို့ တစ်နေ့ကို အဂတ်နှစ်ခါ လဲပေးသည်။ အိပ်ရာဂင်ခါနီးတွင် အားလုံး ချွတ်ပြီး ညဂတ်ရုံ လဲပေးသည်။ အဂတ်လဲသည့်အခါ ဖီးလစ်က ထိုင်ကြည့်နေတတ်၏။ သုံးယောက်သား အိမ်အကြောင်း၊ စိုက်ခင်းတွေအကြောင်း ပြောကြစမြဲ။ ပြီးတော့ ကလေးတွေ အကြောင်း။ ကိုယ့်ကိုယ့်ကိုယ် ဟုတ်လှပြီထင်ပြီး မှန်ထဲမှာ ကြည့်ပြုံးနေတိုင်း သူတို့ နှစ်ယောက် ခိုး ကြည့်နေကြမှာပေ့ါ။ မျက်လုံးချင်း စကားပြောနေကြမှာပေ့ါ။

အားလုံးကို ချက်ချင်းမြင်လိုက်သည်။ သိလိုက်သည်။ အသံတွေ ကြားယောင်လာသည်။ အိန်ဂျဲလစ်က ကုပ်ပေါ်တွင် ဆံနွယ်လေးများ ချပေးရင်း "အစ်ကိုလေးက မမလေး နှင်းဆီတွေ ပန်ထားရင် သိပ်သဘောကျတာ" ဟုပြောလေ့ရှိသည်။ ဟုတ်သည်။ နှင်းဆီတွေ ဝေနေအောင် ပန်ထားလျှင် လည်တိုင်နှင့် ပခုံးသာမက လက်မောင်းတွေကိုပါ သူ အငမ်းမရ နမ်းတတ်သည်။

နဖူးကို တံတောင်ဆစ်ကွေးပေါ် တင်ထားရင်း လက်တစ်ဖက်ဖြင့် လည်တိုင်ဆီသို့ စမ်းကြည့်လိုက်သည်။ ဥသျှဖရား ဆွဲသီးကို ကိုင်ပြီး တအားဆွဲဆောင့်ဖြတ်လိုက်၏။ ပြီးမှ အခန်းထောင့် တစ်နေရာဆီသို့ လွှင့်ပစ်လိုက်သည်။ ထောက်ခနဲကျပြီး လျှောသွားသံ ကြားလိုက်ရ၏။

ပိန်းကောလှေကြီးတွေ၊ လှော်တက်သံတွေ၊ ထိုးဂါးစိုက်ထိုးသံတွေကို မြင်ယောင် ကြားယောင်လာ၏။ ရတနာကို လည်မှာ တစ်ခါမှ မဆင်မြန်းဖူး၍ " ရိုးရိုးသားသား ပေးတာလားဟင် " ဟု မေးကြည့်ခဲ့ခြင်းဖြစ်သည်။

ဒါဆို ဘယ်တုန်းကမှ မရိုးသားခဲ့ဘူးပေ့ါ၊ ဟုတ်မှာပေ့ါ။ ဂက်သစ်ချမြိုင်ကိုလည်း ခိုးရာပါပစ္စည်းတွေနဲ့ တည်ဆောက်ခဲ့တာပဲ မဟုတ်လား။ ခုတော့ အချစ်ကိုပါ စဉ်းလဲစွာ လိမ်ညာခံရပြီလေ။ လျို့ဝှက် အလှည့်စားခံရပြီလေ။ ဗိုက်ထဲက ကလေးသည် သူ့ကို အစစ ယုံကြည်ခဲ့သည့် သင်္ကေတဖြစ်၏။ လိမ်ညာမှု၏

<<<http://www.shwezinu.blogspot.com/

သရုပ်သကန်ဖြစ်သည့် သည်ကလေးက အသက်ရှင်လာဦးမှာပါလားဟူသည့် အသိကြောင့် တစ်ကိုယ်လုံး ကျင်ခနဲဖြစ်သွားသည်။ ပြီးတော့ ပျော့ခွေသွားလေတော့၏။

တံခါးခေါက်တော့ ဆတ်ခနဲ ခေါင်းထောင်ပြီး နားစွင့်လိုက်သည်။ ခရစ္စတင်း ညစာစားဖို့ လာခေါ်ခြင်း ဖြစ်၏။

" မမလေး ထမင်းပွဲ ပြင်ပြီးပါပြီရှင့် "

" ငါ မစားဘူး၊ သွား .... "

ကိုယ့်အသံကိုယ် အံ့သြစွာ ပြန်ကြားလိုက်၏။ စူးစူးရှရှ ဖြစ်နေ၏။ သော့တွဲနှင့် ဖယောင်း တိုင် အောက်ခံခွက် တိုက်မိသည့် အသံမျိုး။ ခရစ္စတင်းများသည်ကိစ္စ သိနေပြီလား။ အိန်ဂျဲလစ် တစ်ယောက် တည်းကော ဟုတ်ပါ့မလား။ အိန်ဂျဲလစ်သည် အိမ်စေများထဲတွင် အလှဆုံး၊ စွဲမက်စရာ အကောင်းဆုံး မိန်းကလေးဖြစ်၏။

အစေခံတွေစုပြီး မိမိကို သနားနေကြမလား၊ ဟားနေကြမလား၊ တီးတိုးတီးတိုးနှင့် အပြင်း အထန် ဝေဖန်နေကြမည်လား။

" မမလေး သနားပါတယ်ဟယ်၊ အစ်ကိုလေးအကြောင်း ဘာမှ မသိရှာဘူး "

" ဟဲ့ ... ကောင်မ နင့်ပါးစပ် ပိတ်ထားစမ်း၊ နင် ဒီလိုပြောတယ်ဆိုတာ ကြားသွားရင် နင်ဘာဖြစ်သွားမလဲ သိတယ်မဟုတ်လား "

စသည် စသည်။

သူတို့တစ်တွေ အလွန် နှုတ်လုံကြသည်။ လုံကြမှာပေါ့လေ။ သူတို့က ဗီးလစ် ဂယ်ထားတဲ့ ကျွန်တွေကိုး။ သူတို့သခင် အမျက်တော် ရှလျှင် သူတို့ ခံရမည့် အပြစ်ကို သိကြသည် မဟုတ်လား။

မိမိအား ဂက်သစ်ချမြိုင်၏ သခင်မရာထူး ပေးထားပြီး သူက ဆောင်တော်ကူးခြင်းပင်။ အရင်းစစ် လိုက်တော့ ဂက်သစ်ချမြိုင် သခင်မတွင် ကျွန်ပိုင်တစ်ယောက်မျှမရှိ။ ကိုယ်ပိုင်ငွေ တစ်ပြားတစ်ချပ်မျှ မရှိ။ ပြီးတော့ မဲနယ်ပင် တစ်ပင်မျှမပိုင်။ သွေးရူးသွေးတန်း အော်မိမလို ဖြစ်သွား၍ လက်မောင်းသားကို တအား ကိုက်ထားလိုက်ရသည်။

တံခါးမင်းတုပ် ချမထားမိကြောင်း သူ ပြန်ဝင်လာမှ သတိထားမိသည်။ လက်နှစ်ဖက်ကို အားပြုပြီး ပုန်းခနဲ ခေါင်းထောင်ကြည့်လိုက်သည်။ သူ ခဏတွေရပ်နေ၏။ ပြီးမှ ခုတင်ပေါ်ဝင်ထိုင်ပြီး ဂျူးဒစ်၏ ပခုံးကို သိုင်းဖက်သည်။

<<http://www.shwezinu.blogspot.com/

" အစ်ကို သိပ်ရှက်တယ် ဂျူးဒစ်၊ ဂမ်းလည်း နည်းတယ် "

ဂျူးဒစ် ဘာမှပြန်မပြော။ အလွန်ယောက်ျားပီသပြီး ခန့်ချောချောသည့် သူ့မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်နေ သည်။ မျက်လုံးတွေက ရီနေသည်။ ပဂါဖြူကို လည်တိုင်ရင်းတွင် သိုင်းပတ်ထားသည်။ အပြာရောင် ကုတ်အင်္ကျီနှင့် လိုက်ဖက်လှ၏။ လူတစ်ယောက်ကို သည်လို အမုန်းခွန်အားမျိုးဖြင့် တူးတူး ခါးခါး မုန်းတီးနိုင်လိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။ မုန်းသည်။ ပခုံးပေါ်တင်ထားသည့် လက်ချောင်းလေးတွေ ကအစ ယောက်ျားပီသသည်။ သူ့ခွန်အားတွေ၊ အလွန် အသေးစိတ်လွန်းသည့် သူ့အယုအယတွေ။ အားလုံးကို မုန်းသည်။ နောက်ဆုံးတွင်မှ သူ့အသံ ထွက်လာသည်။

" ကိုယ် ဘာလုပ်ပေးရမလဲဟင် ဂျူးဒစ် "

" တစ်ဆိတ် ကျွန်မ ကိုယ်ပေါ်က ရှင့်လက်ကို ဖယ်ပေးပါ၊ ပြီးတော့ ကျွန်မတစ်ယောက်တည်း နေပါရစေ "

သူ လက်ကို ရုပ်လိုက်သည်။ အခန်းတစ်ဖက်သို့ ဂျူးဒစ် လျှောက်သွားသည်။ ဖယောင်းတိုင်မှာ ကုန်လုနေပြီ။ ပုံပျက်ပန်းပျက် ပျော်ကျနေ၏။ ဖယောင်းတိုင်ရည်ကို လက်နဲ့တို့ရင်း -

" ဂျူးဒစ်အပေါ် အစ်ကို ဘယ်လောက် လွန်ခဲ့တယ်ဆိုတာ အစ်ကို သိလားဟင် "

" သိပါတယ် ဂျူးဒစ်ရယ် "

" ဟင့်အင်း၊ မသိပါဘူး "

လောင်ကျွမ်းလုလု ဖယောင်းတိုင်ကို ငေးကြည့်နေရင်း ဂျူးဒစ် ခပ်တိုးတိုး ဆက်ပြောသည်။

" အစ်ကို မသိနိုင်ပါဘူး၊ ဘယ်တော့မှလည်း နားလည်နိုင်မှာ မဟုတ်ဘူး။ နားလည်နိုင်တဲ့ အခြေခံလည်း အစ်ကို့ မှာ မရှိဘူး "

သည်မျှ တည်ငြိမ်စွာပြောနိုင်သည့်အတွက် ကိုယ့်ကိုယ်ကိုယ် အံ့သြမိသေးသည်။ အသေးအဖွဲ ကလေးများတွင်ပင် ဒေါသူပုန်ထတတ်သူ မဟုတ်လား။

တံခါးဆီလျှောက် သွားပြီး တံခါးလက်ကိုင်ပေါ် လက်တင်လိုက်သည်။ ချက်ချင်း သူ အနားရောက်လာပြီး ဂျူးဒစ်၏ ပခုံးကို ဆွဲလှည့်လိုက်၏။

" မင်း မသွားရသေးဘူး "

" အို ... ဘာလို့ မသွားရမှာလဲ၊ ဘာမှမှ ပြောစရာ မရှိတော့တာ "

<<<http://www.shwezinu.blogspot.com/

" အို ... ဘာလို့ မရှိရမှာလဲ "

သူက ဂျူးဒစ်ကို ဖမ်းဆွဲထားသည်။

" ကောင်းပြီလေ၊ ရှင်က ကျွန်မထက် ခွန်အား ကြီးမားတာကိုး၊ ကဲ ... ဘာပြောမလဲ "

ရုတ်တရက် သူ ဘာမှ မပြောနိုင်ဘဲ ဖြစ်နေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။ သူ့နှုတ်ခမ်းအစုံသည် မျက်နှာ တွင် ကန့်လန့်ဖြတ်ပေါ်နေသည့် မျဉ်းတစ်ကြောင်းနှင့် တူနေ၏။ နောက်ဆုံးမှ အသံထွက်လာသည်။

" ဂျူးဒစ်၊ မင်း အစ်ကို့ကို ဘယ်လို သဘောထားနေတယ် ဆိုတာ အစ်ကို သိပါတယ်။ မင်းထင်သလို မဟုတ်ဘူးဆိုတာ လိပ်ပတ်မလည်မချင်း မင်း မသွားရဘူး "

ဂျူးဒစ် အောင့်သက်သက်နှင့် သက်ပြင်းတစ်ချက် ချလိုက်၏။

" ဘာလဲ၊ အိန်ဂျဲလစ်ဗိုက်ထဲက ကလေးက ရှင့်ကလေးမဟုတ်ဘူးလို့ ငြင်းမလို့လား "

" မငြင်းပါဘူး၊ အဲဒါ ကိုယ့်ကလေးပါ။ မင်းကို ကိုယ်လိမ်ဖို့ ကြိုးစားနေတာ မဟုတ်ဘူး ဂျူးဒစ် "

" သိပ်မထူးပါဘူး၊ ရှင် ဘာပြောပြော ကျွန်မ မယုံတော့ဘူး "

" မင်း ကိုယ်ပြောတာကို ယုံရမယ် ဂျူးဒစ်၊ မင်း ကိုယ့်ကို နားလည်ရမယ်၊ ဒါမျိုး ကိုယ် ဘယ်တုန်းကမှ မကျူးလွန်ခဲ့ဖူးဘူး။ နောင်လည်း ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူး။ ဒါကို ကိုယ် အခိုင်အမာ သစ္စာဆိုပြောရဲတယ်။ မင်းနဲ့ကိုယ် တစ်ခါမှ ခွဲမနေဖူးဘူးလေ။ မင်းကို သွားခွင့်ပေးတာ ကိုယ်မှားတာပဲ။ မင်း နယူးအော်လီယန်းကို သွားတာ လေးလနီးပါး ကြာတယ်ဂျူးဒစ် "

သူ ရပ်လိုက်သည်။ ဂျူးဒစ်က သူ့ကို ကျော်ပြီး အမှောင်ထုထဲကို ကြည့်နေ၏။ တတိုင်းမွှေးပင်ပေါ်မှ အပွင့်ဖြူကလေး များမှာ ကြယ်ကလေးတွေ ခပ်မှိန်မှိန် လင်းနေသည့်အလား။

" မင်း ကိုယ်ပြောတာ နားထောင်နေရဲ့လား ဂျူးဒစ် "

သူက ဒေါသဖြင့် မေးသည်။

" ဟင့်အင်း၊ နားမထောင်ပါဘူး၊ ယောက်ျားတွေဟာ သူတို့ပြောသမျှ ပုံပြင်တွေကို မိန်းမတွေက အကြွင်းမဲ့ ယုံတယ်လို့ ထင်နေကြတယ် ဟုတ်လား "

" ကိုယ် တကယ် ပြောနေတာပါ၊ အမှန်တွေပါ ဂျူးဒစ် "



<<<http://www.shwezinu.blogspot.com/

အခန်းပတ်ပတ်လည်ကို ဂျူးဒစ် ဝေ့ကြည့်လိုက်သည်။ ကာလများစွာ အတူနေခဲ့သည့် အိပ်ခန်းကြီး။ အခန်းအနေဖြင့် ဘာမှမပြောင်းလဲ။ နေ့လယ်ခင်းကနှင့် ဘာမျှမခြား။ အလင်းရောင် နည်းနေသည့် အတွက် မှိန်ပျပျတော့ ဖြစ်နေသည်။ သိပ်သဘောကျခဲ့သည့် အခန်းကြီး။ စွဲမက်ချင်စဖွယ် ဖြစ်အောင် အမျိုးမျိုး ကြိုးစားဖန်တီးခဲ့သည့် အခန်းကြီး။ ခန်းဆီးတွေကို ကိုယ်တိုင် ချုပ်ခဲ့သည်။ သည်မနက်ပင် ခင်းဖုံလွှာကို ကိုယ်တိုင် ဖာထိုးခဲ့သေးသည်။ နှင်းဆီပန်းတွေ ကိုယ်တိုင် ခူးပြီး စားပွဲ ပေါ် စိုက်ထိုးခဲ့သေးသည်။

" ကဲ … ကျွန်မ သွားပါရစေတော့ "

ဖီးလစ် သွားခွင့်ပေးလိုက်သည်။ ဂျူးဒစ် အပြင်သို့ ထွက်ခဲ့သည်။ နောက်လှည့်မကြည့်ဘဲ ခန်းမဆောင်ထဲ အထိ လျှောက်လာခဲ့သည်။ ခန်းမထဲတွင် အိန်ဂျဲလစ်ကို တွေ့ရသည်။ သက်သက် ရပ်စောင့်နေပုံမျိုး။ အိန်ဂျဲလစ် က တိုးတိုးလှမ်းခေါ်သည်။

" မမလေး "

ဂျူးဒစ် အသက်ရှူ ကျပ်သွား၏

" နင့်အခန်းမှာ နင်သွားနေ၊ မခေါ်မချင်း မလာခဲ့နဲ့ "

" ဟုတ်ကဲ့ မမလေး "

အိန်ဂျဲလစ် တိတ်တိတ်ကလေး ထွက်သွားသည်။ ကလေးခန်းဆီသို့ ဂျူးဒစ် ထွက်လာခဲ့၏။ ဒေးဗစ် နှင့် ခရစ္စတိုဖာ နှစ်ယောက်စလုံး အိပ်နေကြပြီ။ ရောမခုတင်ကြီးပေါ်တွင် သူတို့၏ ခန္ဓာကိုယ် သေးသေးကွေးကွေး ကလေးများကို ခပ်ရေးရေး မြင်ရသည်။ ဒေးဗစ်က တစောင်း အနေအထား အတိုင်း စန့်စန့်ရန့်ရန့် အိပ်နေ၏။ လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလျက်။ ခရစ္စတိုဖာက ပုစွန်တုပ် တစ်ကောင်လို ကွေးအိပ်နေ၏။

တံခါးကို အသာကလေးပိတ်ပြီး အဝတ်ကို ကြမ်းပြင်ပေါ် ချွတ်ချလိုက်သည်။ အတွင်းခံကလေးများ ချန်ထားပြီး ခုတင်ပေါ်တက်ကာ သားနှစ်ယောက်ကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။ နူးညံ့အိထွေးနေ သည့် သားကလေးနှစ်ယောက်။ ဒေးဗစ် ဆံပင်တွေက ရွှေရောင်တောက်ပြီး နူးညံ့လှသည်။ ရင်သွေးနှစ်ယောက် ကို ချစ်သည့် မေတ္တာတောင်ထုကို မှန်းဆကြည့်မိသည်။ အင်း … သူတို့ကြီးလာရင် သူ့အဖေ လိုပဲ မအေကို စိတ်ဆင်းရဲအောင် လုပ်ကြဦးမှာလား။

မျက်စိကို ပိတ်ထားသော်လည်း အိပ်၍ကား မပျော်။ ကလေး နှစ်ယောက်နှင့် ခွာလိုက်ပြီး ခေါင်းအုံး နှင့်မျက်နှာ အပ်ထားလိုက်သည်။ ထုံထိုင်းနေသည့် ခံစားမှုတွေ အရည်ပျော်စ ပြုလာပြီး နာကျင်မှု ဝေဒနာတစ်မျိုးက အစားဝင်လာ၏။ ထိုအခါ ဒေါသအမျက် ခြောင်းခြောင်း ထွက်လာတော့သည်။ မိမိ ခံစားနေရသလို ဒင်းတို့နှစ်ယောက် ခံစားစေရမည်ဟု စိတ်ထဲက ကြုံးဝါးလိုက်သည်။ အိန်ဂျဲလစ်။ သည်ကလေးမအပေါ် အတိုင်းအဆမရှိ ကြင်နာခဲ့သည်။ ညှာတာခဲ့သည်။ အမှန်က တခြား သခင်မတွေလို


<<http://www.shwezinu.blogspot.com/

ရက်စက်ရမှာ။ ဆံပင်ကောက်ရင်း တစ်ချက်ကလေး ပူသွားတာနဲ့ ကြိမ်ဒဏ် အချက် ၂၀ လောက် အရိုက်ခိုင်းရမှာ။ ဟိုတုန်းက မလုပ်ခဲ့သမျှ အတိုးချပြီး အခု လုပ်ချင်နေသည်။ သူ့ခန္ဓာကိုယ် လှလှကလေးကို တိုင်မှာ ကြိုးတုပ်ပြီး အလုပ်သမားခေါင်း တစ်ယောက်က ကြိမ်စာ ကျွေးနေတာ ကြည့်ချင်စမ်းပါဘိတော့။ စေ့စေ့တွေးမှ ရေးရေးပေါ်လာသည်။ ဘယ် သည်လို လုပ်လို့ ရမလဲနော်၊ သူ့ကောင်မလေးကို သူ ဘယ်အထိခံပါ့မလဲ။ မနေ့ညက မိမိတစ်ကိုယ်လုံး ကို ထွေးပွေ့ခဲ့သည့် သူ့လက်ဖြင့် သူ့ကောင်မလေးကို မုချ အကာ အကွယ် ပေးတော့မှာပေါ့။ ဒီက သူ့မယား။ ဟိုက သူ့ချစ်သူလေ။ မျက်ရည်ကျလိုက်ချင်သည်။ သို့သော် မျက်ရည်လည်မလာဘဲ အဖျားတက်လာသလို မျက်လုံးတွေ ပူလာသည်။

အရုဏ်တက်ချိန်လောက်တွင်မှ အိပ်ပျော်သွား၏။ သို့သော် နေထွက်ချိန်တွင် ကလေးတွေ ဆူဆူညံညံ နိုးလာကြသည်။ မအေကို အိပ်ရာထဲတွင် တွေ့တော့ သူတို့နှစ်ယောက် အံ့သြနေကြ၏။ သူတို့နှင့်ပတ်သက်သည့် ပွဲတစ်ခုခု ရှိမှသာ အမေ လာအိပ်လေ့ရှိသည်။ မဟုတ်လား။

ဒေးဗစ်က ကြမ်းပြင်ပေါ်မှ အမေ့ ခါးတိုကုတ်အင်္ကျီကို ကောက်စွပ်ပြီး အခန်းထဲတွင် ဘယ်ညာ လျှောက်နေသည်။ မမ်မီလည်း အံ့သြနေ၏။ အံ့သြချင်ယောင် ဆောင်နေခြင်းလည်းဖြစ်နိုင်၏။ ခရစ္စတင်း ကို ကော်ဖီယူလာဖို့ ပြောခိုင်းလိုက်သည်။

အိပ်ရေးမဝတော့ ခေါင်းတွေ အုံနေသည်။ သို့သော် သူ့ကို သားတွေက အိပ်ခွင့်မပေးတော့။ ရေနွေးဇလုံနှင့် အဝတ်တွေပါ ယူလာဖို့ ခရစ္စတင်းကို တစ်ဆက်တည်း ခိုင်းလိုက်သည်။ ခရစ္စတင်း က တစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့နေဟန်ဖြင့် ထွက်သွားသည်။

သူ အစောကြီး ကွင်းထဲ ထွက်သွားလေပြီ။ အိန်ဂျဲလစ် လုံးဝ ပေါ်မလာ။ အခန်းအောင်းနေပြီ ထင် သည်။ သူ့ကို ဒဏ်ခတ်ခြင်း ဖြစ်သော်လည်း သူက မမူဘဲ ကိုယ့်ဘာသာကိုယ် စိတ်ဆင်းရဲနေရ သည်။ အိပ်ခန်းထဲ မှ အဝတ်အစားတွေ၊ အသုံးအဆောင်ပစ္စည်းတွေအားလုံး အလျင် ဒိုလားရက်စ်နေသွားသည့် အခန်းထဲ သို့ ပြောင်းခိုင်းလိုက်၏။ ပြတင်းပေါက်တွင် ရပ်ပြီး သစ်တောညို့ညို့ဖြင့် အနားသတ်ထားသည့် စိုက်ခင်းလွင်ပြင်ကြီးကို ငေးကြည့်နေသည်။ ပြီးတော့ အိမ်ပတ်ဝန်းကျင်မှ ပန်းခြံကို တစ်ချက်ငေ့ကြည့်သည်။ ရင်ထဲတွင် ဘာမှ မကျန်တော့သလို ဟာလာ ဟင်းလင်း ဖြစ်နေ၏။

ခရစ္စတင်း လာပို့သည့် အစားအစာတွေကို စားချင်စိတ် မရှိသဖြင့် ပြန်ယူသွားခိုင်းလိုက်သည်။ အခန်းထဲတွင် တစ်နေကုန် လမ်းလျှောက်နေမိ၏။ ဘာမှ လုပ်ချင်ကိုင်ချင်စိတ်မရှိ။ ငြိမ်ငြိမ် ထိုင်နေ လျှင်လည်း မွန်းကျပ်ဆို့သိပ်လာသည်။

အိမ်ကြီးမှာ အလိုလို ခြောက်သွေ့လာသည်။ အိမ်သား တစ်ယောက်သေပြီးစ အသုဘအိမ်နှင့် တူနေ၏။ ဂျူးဒစ် အနားသို့ ဘယ်သူမှ မလာကြ။ ဝေးဝေးရှောင်နေကြ၏။ ကလေးတွေ အပြင်တွင် ဆော့နေကြသည်။ အစေခံများ၏ လေသံသည် ခါတိုင်းထက် နိမ့်နေသည်။ တီးတိုး တီးတိုးချင့်။

<<http://www.shwezinu.blogspot.com/

ညနေစောင်းတွင် ဖီးလစ် ပြန်ရောက်လာသည်။ ဂျိုးက ဆီးကြိုပြီး မြင်းကို ဖောင်းထဲသွင်းသည်။ မျက်လုံးအစုံ ကို လက်နှင့် ပိတ်လိုက်သည်။ သို့သော် မျက်ရည်မကျ။ သူနှင့် မျက်ရည် မတန်တော့ ဘူးလေ။ ခရစ္စတင်းကို ခေါ်ပြီး အဂတ်တွေ ချွတ်ခိုင်းလိုက်သည်။ ပြီးမှ အိပ်ရာပေါ် လှဲလိုက်၏။ ကလေးတွေ ကို နှုတ်မဆက်ရသေးပါလားဟု သတိရချိန်တွင် သိပ်ညဥ့်နက်နေပြီ။

မိုးစင်စင်လင်းမှ နိုးလာ၏။ အခန်းထဲတွင် အစေခံခေါ်ဖို့ ဆွဲစရာ ကြိုးမရှိပေ။ တံခါးဖွင့်ပြီး ခရစ္စတင်းကို လှမ်းခေါ်၍ ကော်ဖီမှာရသည်။ အဂတ်လဲချင်စိတ် မရှိတော့။ ညဂတ်အကျႌနှင့်ပင် အခန်းထဲ တွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ အခန်းက လုံးဂနေချင်စဖွယ်မရှိ။ နံရံတွေက ပန်းနုရောင်။ သစ်မာသားနှင့် လုပ်ထားသည့် ခုတင်က လက်ရာခပ်ကြမ်းကြမ်း။ လေးထောင့်စပ်စပ် အခန်း က ထောင်နံရံနှင့် တူနေ၏။ ကြမ်းပြင်ပေါ်မှ နံကောင် တစ်ကောင်က ဂျူးဒစ်ကို စိုက်ကြည့် နေ၏။ ခုတင်ခြေထောက်အောက် က ခွက်ထဲတွင် ပိုးသတ်ဆေးထည့်ဖို့ ကောင်မလေးတွေကို ပြော ရဦးမည်။ နွေရောက်လျှင် ပုရွက်ဆိတ်တွေ သောင်းကျန်းဦးမည် မဟုတ်လား။ မွေ့ရာတွေကို မှို့ ထပ်ဖြည့်ဖို့လည်း လုပ်ရဦးမည်။

အို ... ဘာလို့ ဒါတွေ တွေးနေမိပါလိမ့်။ ဘာထူးတော့လို့လဲ။ ဘာဂရုစိုက်စရာ လိုတော့လို့လဲ။ ဖီးလစ် လန်းရဲ့ ကလေးကို လွယ်ထားတဲ့ အိန်ဂျဲလစ် ဒီအိမ်ကြီးရဲ့ တစ်နေရာမှာ ရှိနေတယ်လေ။ သူ့မျက်နှာနဲ့တူတဲ့ ကလေးတစ်ယောက်ကို ဘယ်လိုလုပ်ပြီး ကြည့်နိုင်ပါ့မလဲ။ အိန်ဂျဲလစ်ကို ဟိုးအဝေးတစ်နေရာမှာ သွားရောင်းပစ်လိုက်မှ အေးမည်။ အညာမှာဖြစ်ဖြစ်၊ အောက်ပြည်အောက်ရွာမှာ ဖြစ်ဖြစ်ပေါ့။ သည်လို ဆိုလျှင် သည်ကလေးလည်း ကျွန်ဂယ်ရာ အဆစ်ပါပြီး တစ်ရန်ရှင်းသွားမည်။ ဘယ်မှာ ရောင်းရောင်းပါလေ။ ဂက်သစ်ချမြိုင်မှာ ညို့ဓာတ်ရှင် ရွှေအိုရောင် သည်ကလေးမ မရှိလျှင် ကျေနပ်ပါပြီ။ ပြီးတော့ ဒေးဗစ်ကလေးနှင့် တူကောင်းတူလာ မည့် သူ့ကလေးကို မတွေ့ရ လျှင် ကျေနပ်ပါပြီ။ ဂျူးဒစ် ကျောထဲ စိမ့်သွားသည်။ ဗိုက်ထဲက ကလေးကို သွားသတိရ လိုက်၍ဖြစ်၏။ သည်ကလေး သာ မရှိလျှင် ဘာမဆို လုပ်ရဲသည်။

တံခါးပွင့်လာသည်။ ဖီးလစ် ဝင်လာ၏။ ဂျူးဒစ် သူ့ကို စိုက်ကြည့်နေသည်။

" ဂျူးဒစ်၊ အစ်ကို သည်အတိုင်း ဆက်မနေပါရစေနဲ့ကွာ၊ မနေ့ကလည်း တစ်နေ့လုံး မတွေ့ရဘူး "

" ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် "

ဂျူးဒစ်လေသံ အငေါ်တူးတူး။

" မင်း ဒီလို အခန်းအောင်းနေလို့ မဖြစ်ဘူးလေ "

" ဘာပြုလို့ "

သူကတော့ ချောလို့လှလို့။ ဒါကိုကြည့်ပြီး ပိုဒေါသပွလာသည်။ နွေမရောက်ခင် သူ့အသားတွေ ညိုစ ပြုနေပြီ။

<<http://www.shwezinu.blogspot.com/

" တစ်အိမ်လုံး ဖြစ်ချင်တိုင်း ဖြစ်နေပြီ။ အစေခံတွေလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိနဲ့၊ ကလေးတွေ ကိုလည်း ကြည့်မယ့်လူ မရှိဘူး၊ ထမင်းဟင်းတောင် ချက်ကြပြုတ်ကြရဲ့လား မသိဘူး"

" အို ... ဒီအသေးအဖွဲတွေ လာပြောမနေနဲ့၊ ရှင် ကျွန်မကို ငရဲပြည်ပို့ထားပြီး အစားအသောက် ကိစ္စလောက်ကို လာပြောနေတယ်ပေါ့ ဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကျွန်မဟာ အိမ်ဖော် တစ်ယောက်လောက် ရှင့်အတွက် အသုံးဝင်သေးတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ် "

ဖီးလစ် ဒေါပွ လာသည်။

" ဒီမယ် ဂျူးဒစ်၊ တစ်ဆိတ် တော်ပါတော့လို့ ပြောနေတယ်ကွာ၊ မင်းဟာမင်း ကြိုက်တာလုပ်ဆိုပြီး မနေ့က ကိုယ် ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီလို ကိုယ် မလုပ်နိုင်ဘူး၊ မင်း သိလား မသိဘူးလား မသိဘူး၊ မင်းကို ချစ်လွန်း လို့ ကိုယ် အဲဒီလို မလုပ်နိုင်တာ နားလည်လား "

" နားထောင်လို့ ကောင်းပါတယ်၊ ကျွန်မ မသိဘူး "

" ကိုယ်ကတော့ သိတယ်၊ မင်းကို ဘယ်လောက် ချစ်ရတယ်ဆိုတာ ခုမှ ပိုသိလာတယ် "

ဂျူးဒစ် ဘာမှ ပြန်မပြောတော့။ ညဂတ်ရုံ လက်ဖျားကလေးကို ကိုင်ပြီး ကစားနေသည်။ နှစ်ယောက်သား အကြာကြီး ငြိမ်နေကြ၏။ နောက်ဆုံးတွင်မှ သူ စကားဆက်သည်။

" ဒီမယ် ဂျူးဒစ်၊ မင်း အစ်ကို့ကို မယုံဘူးလားဟင်။ အိန်ဂျဲလစ်နဲ့ ကိုယ် ဘယ်လိုကြောင့် ခုလိုဖြစ်သွားတယ် ဆိုတာ မင်းကို ရှင်းပြပြီးပြီပဲ။ မင်း ခေါင်းအေးအေးနဲ့ မစဉ်းစားတော့ ကိုယ်လည်း ဘာဆက်ပြော ရမှန်း မသိတော့ဘူး။ မင်းပြန်လာတော့မယ် ဆိုတဲ့ စာရတော့ အိန်ဂျဲလစ်ကို ပြလိုက် တယ်။ သူ မျက်ရည်တွေ ကျလာပြီး ဆုံးအောင် မဖတ်နိုင်တော့ဘူး။ ကိုယ် စိတ်မကောင်းတဲ့အကြောင်း၊ ဇာတ်လမ်း က ဒီမှာဆုံးပြီဖြစ်ကြောင်း ပြောတော့ သူ အရုပ်ကြိုးပြတ် ဖြစ်သွားတယ်။ ယူကျုံးမရ လည်း ဖြစ်နေတယ်။ မင်းကို သူဘယ်လောက် ချစ်ကြောင်း၊ မင်းအပေါ်မှာ သစ္စာယွင်းခဲ့တဲ့အတွက် သူ ဘယ်လောက် ခံစားနေရကြောင်းတွေ ပြောတယ်။ မင်းကို ဘာမှမပြောဖို့ ဘာမှမဖြစ်သလို နေသွားဖို့ ကိုယ့် ကို ပိတ်ထားတာ၊ ကလေးရှိတယ် ဆိုတာ တောင် မပြောဘူး "

" အဲဒီလိုနဲ့ ကျွန်မ ပြန်ရောက်လာရော ဆိုပါတော့။ အဲဒီတော့လည်း ကျွန်မကို ကမ္ဘာပေါ်မှာ အချစ်ဆုံးပါ လို့ ရှင် ပြောတုန်းပဲနော် "

" အဲဒါ အမှန်အတိုင်း ပြောတာပဲ "

" ဪ ... အမှန်အတိုင်းပြောတာ ဟုတ်လား။ ဒါဆိုလည်း ပြီးရောပေါ့။ ဘာမှ ပြဿနာမရှိတော့ဘူးပေါ့။ ကျွန်မ အိမ်မှာ မရှိတဲ့ အချိန်တိုင်း ကောင်မချောချောလေးတွေကို ခြေတော်တင်ခွင့်

<<http://www.shwezinu.blogspot.com/

ရှိနေတယ်ပေါ့ ဟုတ်လား။ ကျွန်မက လက်ပိုက်ကြည့်နေရမယ်ပေါ့။ ကျွန်မ ပြန်ရောက်လာရင် သူတို့ကို ဖယ်ပစ်လိုက်၊ ကျွန်မ မရှိရင် သူတို့နဲ့ စခန်းသွားလိုက်ပေါ့၊ ဟုတ်စ။ ရှင် ကျွန်မကို တိရစ္ဆာန်မတစ်ကောင်ဖြစ်အောင် လုပ်ပစ်နေ တာပဲ ဖီးလစ်၊ ဟုတ်တယ် မဟုတ်လား "

ဖီးလစ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

" မဟုတ်ဘူး၊ မဟုတ်ဘူး၊ သေတော့မှာပဲ၊ မင်း နားမလည်နိုင်ပါလား ဂျူးဒစ် "

ဂျူးဒစ် ပြန်အော်သည်။

" ရှင်လည်း ကျွန်မကို နားမလည်နိုင်ဘူး မဟုတ်လား "

တိတ်သွားကြပြန်သည်။ အတန်ကြာမှ ဖီးလစ်က -

" ကဲ ... ဒါဆို ကိုယ် ဘာလုပ်ပေးရမလဲ ပြော၊ ဘာလုပ်ပေးစေချင်လဲ "

" အိန်ဂျဲလစ် ကို ဒီမှာ ဆက်မထားနဲ့ "

" ဒီမှာလည်း မရှိတော့ပါဘူး "

" ဘယ်ရောက်သွားလဲ "

" တန်းလျားကို ပြောင်းခိုင်းလိုက်ပြီ "

" အဲဒီလိုပြောတာ မဟုတ်ဘူး၊ ဂက်သစ်ချမြိုင်က မောင်းထုတ်လိုက်ဖို့ ပြောတာ၊ အပြီး အပိုင် ရောင်းထုတ်လိုက်ဖို့ ပြောတာ၊ မနက်ဖြန် ကျွန်ဈေးမှာ သွားရောင်း၊ ပြတ်ကရောပေါ့ "

ဖီးလစ် ဇနီး လုပ်သူကို စိုက်ကြည့်နေသည်။ အံ့သြလွန်းစွာ၊ မယုံကြည်နိုင်စွာဖြင့် ။

" မင်းပြော တဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို မင်း နားလည်ရဲ့လား ဂျူးဒစ် "

" သိပ်နားလည်တာပေါ့၊ သူ့ကို နောက်ထပ်မမြင်ချင်လို့ မတွေ့နိုင်တဲ့ နေရာကို ပို့တာလေ "

" အဲဒါတော့ ကိုယ် မလုပ်နိုင်ဘူး ဂျူးဒစ် "

" ဩော် မလုပ်နိုင်ဘူး၊ ဟုတ်လား "

ဂျူးဒစ် အသံ အတန်ကျယ်သွားသည်။ လုံးဝ မမျှော်လင့်သည့် တုံ့ပြန်မှုကို ရရှိခြင်း။ ဒါတော့ တစ်ဆိတ် လွန်လွန်းပြီ။ ဘယ်မိန်းမမျိုး သည်းခံနိုင်ပါမည်နည်း။



<<<http://www.shwezinu.blogspot.com/

" ရောင်းမပစ်နိုင်ဘူးပေ့ါ ဟုတ်လား "

" ဟုတ်တယ် "

" ရှင် သူ့ကို ဆက်ထားမယ်ပေ့ါ။ ကျွန်မ နယူးအော်လီယန်းကို နောက်တစ်ခေါက်သွားရင် အသုံးချဖို့ ပေ့ါ။ ဟုတ်လား "

ဖီးလစ် ရှေ့တိုးလာသည်။

" ဒီမယ် ဂျူးဒစ်၊ မင်း အဲဒီ ကျွန်လေ့တွေအကြောင်း ဘယ်လောက်သိလဲ၊ မင်း သူ့ကို သတ်ပစ်လိုက်တာ နဲ့ အတူတူပဲ။ သိလား "

" မဆိုင်ပါဘူး၊ ကျွန်လေ့ထဲမှာ မိန်းမတွေအများကြီး အရောင်းအဝယ်ဖြစ်နေကြတာပဲ။ ကျွန်မ ရှင့် ကို တောင်းဆိုနေတာက သူနဲ့ တစ်ခါတည်း ပြတ်ဖို့ပဲ။ လွယ်ပါတယ်၊ ရှင် တစ်ခွန်းပြောလိုက်ရင် ပြီးတဲ့ ကိစ္စပဲ "

ဖီးလစ် လက်ပိုက်လိုက်သည်။

" ကိုယ် ပြောပြီးပြီ ဂျူးဒစ်၊ ကိုယ် သူနဲ့ နောက်ထပ် ဘာမှ မပတ်သက်စေရဘူး။ ဒါပေမဲ့ မင်းပြော သလိုတော့ မလုပ်နိုင်ဘူး။ မင်းလည်း မြင်ဖူးသားပဲ၊ သူ့လို အခြေအနေမျိုးနဲ့ မိန်းကလေး တစ်ယောက်ကို သံခြေချင်း ခတ်ပြီ ..... "

" သူ့ကို ဂယ်တုန်းကလည်း သံခြေချင်းနဲ့ပဲ ဂယ်လာတာ မဟုတ်လား။ သူဟာ ကပ္ပလီမပဲ။ ရှင် ဒါကို မေ့နေပြီလား "

" သူဟာ သာမန်ကပ္ပလီ မဟုတ်ဘူး၊ အဆင်အတန်းရှိတဲ့ ကပြားလေ။ အဲဒါကိုကော မင်း မေ့နေပြီ လား။ ပြီးတော့ သူ့မှာ ကလေးနဲ့ပါ ဂျူးဒစ် "

ဖီးလစ် အသံ ပျော့ပျောင်းလာသည်။ တောင်းပန်တိုးလျှိုးသံ ပါလာသည်။

" မင်းမှာ ကြင်နာတတ်တဲ့ နှလုံးသားရှိပါတယ် ဂျူးဒစ်ရယ်၊ မျှမျှတတ ဆိုရင် မင်းအတွက် ကိုယ် ဘာပဲ လုပ်ပေးရ လုပ်ပေးရပါ။ ဒါပေမဲ့ အိန်ဂျဲလစ်ကိုတော့ ကျွန်လေ့တွေထဲ ထည့်မပေးလိုက်ပါရစေနဲ့ "

ဂျူးဒစ် အသက်ရှူမှားမတတ် ဒေါသဖြစ်သွားသည်။

" ကျွန်လေ့ပါ ဆိုမှပဲ၊ နိဗ္ဗာန်ဘုံတော့ ဘယ်ဟုတ်ပ့ါမလဲရှင့်။ ဒီမိန်းမကို ရှင် ရောင်းမထုတ် ဘူးလား။ မောင်းမထုတ်ဘူးလား။ ကဲ ... အပြတ်ပြော "

<<<http://www.shwezinu.blogspot.com/

" ငါ လူရိုင်း မဟုတ်ဘူး။ မင်းပြောတာ တစ်ခုမှ မလုပ်နိုင်ဘူး။ အိန္ဒိယလစ်လို မိန်းကလေးကို နေ့ရော ညပါ သံခြေချင်း ခတ်ပြီး အာဖရိက လူရိုင်းတွေ၊ ရက်စက်ယုတ်မာတဲ့ လှေသမားတွေရဲ့ လက်ထဲကို အရောက် မခံနိုင်ဘူး၊ တိရစ္ဆာန်တွေလိုထားတဲ့ နယူးအော်လီယန်း ကျွန်တင်းကုပ်ထဲကို သူလို ကိုယ်ဂန်နဲ့ မိန်းကလေး တစ်ယောက် မရောက်သင့်ဘူး၊ သူ့ကို တစ်ခါတည်း လည်ပင်းဖြတ်ပြီး သတ်ပေးပါလို့ မင်း ဘာ လို့ မပြောတာလဲ "

ဂျူးဒစ် လက်နှစ်ဖက်ကို ဆွဲလိမ်နေသည်။ ထိုင်ချလိုက်ပြီး တဒိုင်းဒိုင်း ခုန်နေသည့် နားထင်ကို လက်နှစ်ဖက်ဖြင့် ဖိထားလိုက်သည်။

" ဒါဖြင့် ရှင် ဘာလုပ်မလဲ "

" နောက်နှစ်ထိ သူ့ကို ဒီမှာထားမယ်။ နေထိုင်ကောင်းလာပြီ ဆိုမှ စိတ်ချရတဲ့လူကြုံနဲ့ နယူးအော်လီယန်း ကို ပို့ပေးမယ်။ ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ဦးဦးရဲ့ အိမ်မှာ အိမ်ရှင်သခင်မရဲ့ ပုဂ္ဂလိက အိမ်ဖော်အဖြစ် နဲ့ ဂယ်မယ့်သူကိုမှ ရောင်းမယ်။ ခုတော့ ဘယ်နည်းနဲ့မှ မရောင်းနိုင်ဘူး "

" ကျွန်မကလည်း ဒီကလေးကို ဂက်သစ်ချမြိုင်မှာ အမွေးမခံနိုင်ဘူး၊ မကြည့်ချင်ဘူး "

ဂျူးဒစ် ပို၍ ဆောက်တည်ရာမရ ဖြစ်လာသည်။

"ကိုယ် စိတ်မကောင်းပါဘူး ဂျူးဒစ် "

သူ့အသံမှာ နူးညံ့သော်လည်း ခိုင်မာသည်။

" ဒါဆိုလည်း စပိန်ကောင်စီရုံးမှာ လျှောက်လွှာတင်ပြီး သူ့ကို လွတ်လပ်ခွင့် ပေးလိုက်ပါလား "

" ဆိပ်ကမ်းတစ်ပိုက်မှာ ဖာဖြစ်သွားအောင်လို့လား၊ ကိုယ် မလုပ်နိုင်ဘူး ဂျူးဒစ် "

ဂျူးဒစ် ပုန်းခနဲ ထ ရပ်လိုက်သည်။

" ကောင်းပြီ၊ သူ့ကို ဒီအတိုင်း ဆက်ထားပါ၊ ကျွန်မကို သူ နေမကောင်းဖြစ်တဲ့အခါ ခြေဆုပ်လက်နယ်ပြုဖို့ လိုရင် လည်း ပြောပေါ့။ ဇိမ်ခံပစ္စည်း အပြည့်အစုံပါတဲ့ ကျွန်လှေ မဆိုက်မချင်း သူ့ကို မရေမရာနဲ့ ဆက်ထား သွားပေါ့။ ရှင့်ရဲ့ ဒုတိယ မယားသီအဖြစ် မြှောက်စားထားပေါ့ "

ဂျူးဒစ် နောက်တစ်လှမ်း ဆုတ်လိုက်၏။ ပြီးတော့မှ သဲသဲမဲမဲဆက်လက် တိုက်ပွဲဆင်သည်။

" ကျွန်မ ထင်ပါတယ်။ ရှင်တို့နှစ်ယောက်ရဲ့ ဘဂဟာ သိပ်ကို သာယာကြမှာပါ။ တစ်နှစ်တစ်ခါ ကလေးတွေ မွေး လို့၊ မွေးလာတဲ့ ကလေးတွေက ကျွန်မကလေးတွေထက် ပိုလှချင်လှမှာပါ။ ဒီမယ် ဖီးလစ်လန်း၊ အမည်းသွေးပါတဲ့ ရှင့်ကလေးတွေနဲ့ ကျွန်မကလေးတွေ ဘယ်တော့မှ အရောမခံနိုင် ဘူး"

<<http://www.shwezinu.blogspot.com/

ဖီးလစ် ရှေ့သို့ ပုန်းခန်ရောက်လာပြီး ဂျူးဒစ် ပါးကို ဖြတ်ရိုက်ချလိုက်သည်။ တံခါး၀ ကိုရောက် မှ ပြန်လှည့်ပြီး -

" တစ်နေ့နေ့မှာ မင်းကို ဒီလို ရိုက်ဆုံးမရလိမ့်မယ်လို့ အစောကြီး တွက်ခဲ့တယ်။ နောက်ဆို မင်းလျှာ ကို ကောင်းကောင်း ထိန်း၊ ငါ ခုလို လုပ်မိတဲ့အတွက် ကျေနပ်တယ်။ ဘယ်တော့မှ နောင်တရမယ် မထင်နဲ့ "

ဂျူးဒစ် တွေပြီး ရပ်ကျန်ရစ်ခဲ့သည်။ တံခါးကို ဆောင့်ပိတ်ပြီး သူထွက်သွားလေပြီ။ ပူထူသွားသည့် ပါးကို လက်နှင့် စမ်းကြည့်လိုက်၏။ ဘာမှ ခံစားလို့မရ။ ကိုယ့်ပါးမဟုတ်ဘဲ တစ်စုံတစ်ယောက်၏ပါး ကို ကိုင်ကြည့်နေရ သည့် အလား။

တဆတ်ဆတ် တုန်လာသည်။ ဘာကိုမှ မမြင်တော့။ ကုလားထိုင် တစ်လုံးဘေးတွင် အရုပ်ကြိုးပြတ် ဒူးညွတ် ကျသွားပြီး ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ တစ်ကိုယ်လုံး သိမ့်သိမ့်ခါပြီး သည်းအူပြတ်မျှ ငိုကြွေးနေခြင်းဖြစ်၏။

ရှိသမျှအင်အားတွေ ကုန်ခန်းသွားသည့်တိုင် ငိုပြီးသော်လည်း ရင်ထဲက ဝေဒနာက လျော့ကျမသွား ခဲ့ပေ။ ဘာမှမသိတော့။ ဘာမှမမြင်တော့။ မုန်းတီးစိတ်က ဂျူးဒစ် တစ်ကိုယ်လုံးကို လွှမ်းခြုံထား လိုက်ပြီ။

အတန်ကြာမှ မတ်တတ်ထရပ်သည်။ ပါးစပ်တစ်ခုလုံး ခြောက်သွေ့နေပြီး လျှာမှာ ရောင်ရမ်းနေ သည်ဟု စိတ်ထဲ ထင်လိုက်၏။ ခေါင်းက မခံနိုင်လောက်အောင် ကိုက်လာသည်။ စူးရှပြင်းထန်သည့် ဝေဒနာကို ခံစားနေရင်း ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ အဝတ်အစားလဲပြီး အိမ်ပြင်သို့ ထွက်ခဲ့ ၏။ ပန်းခြံကို ဖြတ်ပြီး ခပ်သုတ်သုတ် လျှောက်သွားသည်။ မဲနယ်ခင်များ၏ တစ်ဖက်စွန်းရှိ အလုပ်သမားတန်းလျား များ ရှိရာသို့ ဆက်လျှောက်သည်။

လုပ်သားအိမ်ရာများရှိရာသို့ တစ်ကိုယ်တည်း ဆက်လျှောက်သည်။ ကွင်းထဲက ကပ္ပလီတွေ သူတို့ သခင်မ ကို တအံ့တဩ ဝိုင်းကြည့်နေကြ၏။ အလုပ်သမားခေါင်းဆောင်တစ်ယောက် ဦးထုပ်ချွတ်ပြီး -

" မင်္ဂလာပါ မမလေး၊ ကျွန်တော်တို့ ဘာလုပ်ပေးရမလဲ အမိန့်ရှိပါခင်ဗျာ "

" ဘာမှ မလိုပါဘူး သက်သက် လျှောက်ထွက်လာတာ "

" ဟော့ ငမည်းကောင်တွေ၊ တည့်တည့်စီရပ်ကြစမ်း၊ မမလေး အသွားရခက်နေမယ် "

အလုပ်သမားတွေ ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ အပေါ်ပိုင်း ဗလာကိုယ်ထီးနှင့်၊ သူတို့ အသားအရောင်မှာ ချွေးတွေရွှဲပြီး နေရောင်တွင် တလက်လက် တောက်နေသည်။ အသား လတ် သူများက အာဖရိက တောင်ပိုင်းသားများဖြစ်ပြီး မည်းချိတ်နေသူများက ကွန်ဂိုကပ္ပလီများ ဖြစ်ကြသည်။

<<<http://www.shwezinu.blogspot.com/

ရွာစွန်က အိမ်ကလေးတစ်လုံးတွင် ကွန်ဂိုကပ္ပလီ အဘွားအို တစ်ယောက်ရှိသည်။ အာဖရိက ဆေးဝါးနှင့် မှော်ပညာတတ်သည်ဟု ကြားဖူး၏။ အလုပ် မလုပ်နိုင်တော့သည့် အရွယ်ဖြစ်၍ အနား ပေးထားရသည်။ ခုတော့ ဆေးကုစားနေသည်။ အလွန်မာနကြီးသည့် ဂက်သစ်ချမြိုင်ကြီးမှ အိမ်စေ တချို့ပင် အဘွားဆီတွင် ဆေးဝါးကုသကြသည်ဟု ကြားဖူးသည်။ မဲနယ်ခင်းကို ဖြတ်ပြီး ရွာစွန်အိမ်ကလေး ဆီသို့ ဂျူးဒစ် ဆက်လျှောက်လာခဲ့သည်။ မိမိ၏ ဝေဒနာကို သည် ကပ္ပလီမကြီး ပျောက်အောင် ကုစားနိုင်ကောင်းပါရဲ့။

ရွာစွန်ရောက်တော့ ဖုန်တွေ ပေကျံပြီး ပုံပျက်ပန်းပျက် ဖြစ်နေသည်။ အိမ်ကလေးထဲ သို့ ပြေးဝင်သွားသည်။ ကပ္ပလီအဘွားအို၏ ရှေ့မှောက်တွင် ဒူးထောက်ပြီး မိမိအား ငရဲခန်းမှ လွတ်မြောက်အောင် ကယ်တင်ဖို့ တောင်းပန်ရတော့မည်။

<<<http://www.shwezinu.blogspot.com/

အခန်း (၁၂)

ထိုညတွင် ဂျူးဒစ် ကို လုံးလုံးမတွေ့ဘဲ ဖီးလစ် ရှောင်နေသည်။ တွေ့လျှင် ဒေါသဖြစ်လာဦးမည်ကို သိနေ၏။ စကားပြောချင်စိတ်လည်း မရှိတော့။ မနက်မိုးလင်းတော့လည်း စောစောထပြီး ကွင်းထဲသို့ ထွက်ခဲ့သည်။ ဂက်သစ်ချမြိုင်ဂင်း အပြင်ရောက်မှ စိတ်ထဲ ပေါ့ပါးသွားသည်။ သို့သော် နေက ပြင်းလွန်း၍ နေ့လယ်ပိုင်းတွင် အိမ်မပြန်ချင်ဘဲ တစ်ခေါက်ပြန်လာခဲ့ရသည်။

အိမ်ရှေ့ တွင် တစ်ယောက်မှမတွေ့။ မြင်းလာသိမ်းမည့် မေည်းကောင်တစ်ကောင်တလေမျှ မရှိ။ မြင်းကို ခပ်နိမ့်နိမ့် ဂက်သစ်ချကိုင်းတစ်ကိုင်းတွင် ချည်ထားခဲ့သည်။ ဂျူးဒစ်တစ်ယောက် ခွတိုက်နေကတည်းက ဂက်သစ်ချမြိုင် ၏ အုပ်ချုပ်ရေး စက်ယန္တရားသည် လျော့ရဲရဲဖြစ်နေပြီ။ စိတ်ထဲက မကျေမနပ်နှင့် အိမ်ထဲ ဝင်ခဲ့၏။

တံခါးဂရောက် သည်နှင့် တစ်စုံတစ်ခု ဖြစ်နေပြီဟု သိလိုက်သည်။ ကောင်မလေးတွေ ယောက်ယက်ခတ်ပြေးလွှားနေကြသည်။ ဂျူးဒစ် အခန်းထဲ ခရစ္စတင်း ပြေးဝင်လာသည်ကို တွေ့လိုက်၏။

ခန်းမဆောင်တံခါးကို တွန်းဖွင့်လိုက်သည်။ ဒေးဗစ်နှင့် ခရစ္စတိုဖာတို့ ရန်ဖြစ်နေရာသို့ မမ်မီ ပြေးသွားသည်ကိုတွေ့လိုက်ရ၏။ တိတ်တိတ်နေကြဖို့၊ မေမေ့ကို အနှောင့်အယှက် မပေးကြဖို့ တိုးတိုး ကျိတ်ပြောနေသည်။

ဂျူးဒစ် အခန်းဆီသို့ ဖီးလစ် သုတ်ခြေတင်သွားသည်။ အခန်းထောင့် တစ်နေရာတွင် အိန်ဂျဲလစ်နှင့် တန်းတိုးနေ သည်။ အလို ... သည်ကလေးမ ဒီကို ဘာအတွက် ရောက်နေပါလိမ့်။ လုံးဂ မလာ ဖို့ ပြောထားပြီးသား။

အိန်ဂျဲလစ်က သူ့ကိုတားပြီး အသက်မရှူနိုင်ဘဲ -

" အို ... အစ်ကိုလေး ရောက်လာလို့ တော်သေးတာပေါ့၊ မြန်မြန်သွားပါအစ်ကိုလေး "

" ဘာဖြစ်လို့လဲ အိန်ဂျဲလစ်၊ သူ နေမကောင်းလို့လား "

အိန်ဂျဲလစ် ခေါင်းညိတ်သည်။ မျက်လုံးနှစ်ဖက်ကို လက်ခုံနှင့်ကာပြီး -

" စိုးရိမ်ရတယ်ထင်တယ် အစ်ကိုလေး "


<<<http://www.shwezinu.blogspot.com/

အိန်ဂျဲလစ်၏ လက်မောင်းကို ဗီးလစ် ဖမ်းဆုပ်ပြီး -

" ဘာ ... ဘယ်သူ စိုးရိမ်ရတာလဲ၊ ဂျူးဒစ်လား "

ဗီးလစ် ရှေ့တိုးသွားမည်အပြုတွင် အိန်ဂျဲလစ်က ဖမ်းဆွဲပြီး -

" ခဏလေး အစ်ကိုလေး၊ ကျွန်မ ရှင်းပြပါရစေ၊ ဟို ကပ္ပလီအဘွားကြီး မှတ်မိလား၊ သူ့ကလေးတွေ ဂယ်လို့ သူ့ပါ အစ်ကိုလေး ဂယ်လိုက်ရတဲ့ အဘွားကြီးလေ။ သူ့ကို ဆေးဆရာမကြီးဆိုပြီး ကွင်းထဲက ငတုံးတွေက ယုံကြည်ကြတယ်။ မမလေး ... မမလေး သိဖို့ ကောင်းပါတယ် အစ်ကိုလေးရယ် "

အိန်ဂျဲလစ် ဆို့နေသဖြင့် စကားဆက်မပြောနိုင်ဘဲ ဖြစ်နေ၏။

ပြီးမှ -

" မမလေးမှာ ကလေးရှိနေတာ အစ်ကိုလေး မသိဘူးနော်၊ အဲဒီ မိန်းမကြီးဆီမှာ သွားဖျက်ချတယ်တဲ့ အစ်ကိုလေး ရယ် "

ဗီးလစ် တစ်ယောက် ဂက်သစ်ချမြိုင် အိမ်ကြီးတစ်ပိုက်တွင် ရက်ပေါင်း များစွာ ဆောက်တည် ရာမရ လျှောက်သွားနေသည်။ သည်ကပ္ပလီမကြီးအိမ်ကို ဆေးသွားကုသူတိုင်း ကြိမ်ဒဏ်အချက် ၃၀ ပေးမည် ဟု ဗီးလစ် အမိန့်ထုတ်လိုက်သည်။ ဒေါသအမျက် ခြောင်းခြောင်း ထွက်နေသော်လည်း သည်ထက် ပိုပြီး ဘာမှ မလုပ်တတ်အောင် ဖြစ်နေ၏။

ဂျူးဒစ် ကို စောင့်ကြည့်ပြီး သိပ်အယုံအကြည် မရှိလှသော ဓာတ်စာဆရာတစ်ယောက်နှင့် ကုနေရ သည်။ အိန်ဂျဲလစ်နှင့် မျက်နှာချင်းဆိုင်ရမည် ကို ကြောက်နေ၏။ ယခုချိန်ထိ ဂျူးဒစ်၏ ပြင်းထန် လှ သော တောင်းဆိုချက်ကို ငြင်းပယ်နေရဆဲ။

သို့သော် အိန်ဂျဲလစ်ကိစ္စကို ခေါင်းထဲမထားဘဲ ဂျူးဒစ် ကျန်းမာလာရေးအတွက်သာ အာရုံစိုက်ထား လိုက် သည်။ အခြားကိစ္စများသည် အသေးအဖွဲ့များသာဖြစ်၏။ ကလေးပျက်သည်၊ မပျက်သည်ကိုလည်း ဗီးလစ် ဂရုမစိုက်တော့။ ကပ္ပလီမကြီးဆီမှာ သန္ဓေဖျက်သည့်ကိစ္စ မအောင် မြင်ကြောင်း သူတို့ လာပြောစဉ် ကလည်း စိတ်မလှုပ်ရှားခဲ့။

မိတ်ဆွေ အပေါင်းအသင်းတွေ လူမမာမေးရန် အဆက်မပြတ် ရောက်လာကြသည်။ ပန်းတွေ တစ်ပွေ့ တစ်ပိုက်ကြီးနှင့်၊ မုန့်ပဲသရေစာတွေ စုံလင်စွာနှင့်။ သို့သော် ဂျူးဒစ် ဘာမှ မစားနိုင်သေး။

ဂျူးဒစ် အသည်းအသန် ဖြစ်နေကြောင်း ကြားလို့ သူတို့ လာကြခြင်းဖြစ်ကြောင်း၊ အကူအညီလိုရင် ပြောဖို့ အကြောင်း များ ဗီးလစ်ကို ပိုင်းပြောကြသည်။ ဗီးလစ်က ကျေးဇူးတင်ကြောင်း၊ မလိုကြောင်း တိုတို

<<<http://www.shwezinu.blogspot.com/

တုတ်တုတ် ပြန်ပြောရသည်။ ဂျာဇာစီကိုတော့ ခဏအတူလာနေပေးဖို့ ဗီးလစ် တောင်းပန် သည်။ ဂျာဇာစီ ကို မြင်လျှင် ဂျူးဒစ် ရွှင်လာတတ်သောကြောင့်ဖြစ်၏။

ဂျာဇာစီက အုပ်ချုပ်မှုတာဝန်ကို ဝင်ယူပေးသည်။ သွေးအေးအေးဖြင့် ထောင့်စေ့စေ့ စီမံအုပ်ချုပ်သွားသည် ကို တွေ့ရ၏။ ပြီးတော့ ဒယ်လ်ရှိုင်း အထက်တန်းလွှာ သတင်းပတင်းများကို ဖောက်သည်ချသည်။ ဂက်သစ်ချမြိုင် သည် အနည်းငယ် စိုပြည်လာသယောင်ရှိ၏။

ဂျူးဒစ် ဘာကြောင့် အိပ်ရာထဲ လဲရသည် ဆိုသည့်အကြောင်းတော့ သိထားသော်လည်း လုံးဝ စကားမစ ဘဲ နေသည်။ ဂျူးဒစ် ကောင်းကောင်း ကျန်းမာလာမှ ဂျာဇာစီ အိမ်ပြန်သွားသည်။ ဂက်သစ်ချမြိုင်၏ ပုံမှန်တာဝန် ကို ဂျူးဒစ် ပြန်လည်ထမ်းဆောင်သည်။ ဂွမ်းကပ်တွေ၊ ဂွမ်းဖုံတွေကို ဆေးရွက်ကြီးတွေ ပတ်ပြီး အလုပ်သမားများ ကို လိပ်စေသည်။ ခြင်ကာတွေ ပင့်တင်ပြီး လေကောင်းလေသန့်ဝင်အောင် လုပ်ခိုင်းသည်။ သို့သော် အခန်းထဲမှ ထွက်ဖို့တော့ ဝန်လေးနေဆဲ။ လက်ရှိ အခန်းထဲတွင် ပင် အောင်းနေသည်။ ဗီးလစ်က အိမ်တွင်းပုန်း လုပ်နေခြင်းကို ပထမတော့ ဘာမှ မပြော။ ဂျူးဒစ်ကလည်း သူ့ကို ဟက်ဟက်ပက်ပက် စကားမပြောဘူးလေ။ တစ်စုံတစ်ခုကို မျိုသိပ်ထားရကြောင်း၊ သူ့အပေါ် ခွင့်မလွှတ်ကြောင်း သိသာအောင် ဂျူးဒစ် နေသည်။

တစ်နေ့ ထမင်းစားခန်းတွင် အိမ်စေမလေးနှစ်ယောက်ကို ခန်းဆီးတွေ ကော်တင်ပုံ ပြောပြနေခိုက် ဗီးလစ် ရောက်လာသည်။ ကောင်မလေးတွေ ထွက်သွားသည်နှင့် ဗီးလစ် စကားစသည်။

" သိပ်အပင်ပန်း မခံနဲ့ဦးလေ၊ ဒါတွေ အရေးကြီးတာမှ မဟုတ်ဘဲ၊ နောက်တစ်ခါ ထပ်မဖြစ်စေချင်ဘူး ဂျူးဒစ် "

ဂျူးဒစ်က စာရင်းစာအုပ်တွေတင်သည့် စားပွဲတွင် ဝင်ထိုင်ပြီး -

" နွေမရောက်ခင် လုပ်စရာရှိတာတွေ ကြိုလုပ်ထားတာပါ၊ ခုလည်း နေကောင်းနေပြီပဲ။ နောက်ဆို ပိုကောင်း လာဦးတော့မှာပါ "

မျက်နှာချင်းဆိုင်တွင် ကုလားထိုင်တစ်လုံး ဆွဲထိုင်ပြီး -

" တကယ် နေကောင်းပြီမို့လား "

" ကောင်းတန်သလောက် ကောင်းလာပါပြီ၊ ခုလောက်ပြန်ဖြစ်လာတာ ကံကောင်းလို့ပေါ့ "

ဂျူးဒစ်က စာရင်းစာအုပ်ကြီး၏ ထောင့်စွန်းကလေးများကို အထပ်လိုက် လှန်ရင်း -

" ဘာလဲ၊ ထပ်ကြိုးစားမှာ စိုးလို့လား၊ စိတ်ချပါ၊ နှစ်ခါ မမိုက်ပါဘူး"

<<http://www.shwezinu.blogspot.com/

" အဲဒါကြောင့် မဟုတ်ပါဘူး "

ဖီးလစ်က စားပွဲပေါ်တွင် မေးထောက်ပြီး စိန်းစိန်းကြည့်လိုက်သည်။ ဂျူးဒစ်က မျက်လုံးချင်းမဆိုင်ဘဲ လွှဲရှောင်နေ သည်။

" ကိုယ် မင်းနဲ့ ပြောစရာတွေရှိတယ် ဂျူးဒစ် "

" ဘာအကြောင်းလဲ "

" ဘာအကြောင်းလဲဆိုတော့ ဂက်သစ်ချမြိုင်ရဲ့ ကြည်ကြည်ဖြူဖြူ အကြိုဆိုမခံရတဲ့ ဧည့်သည် တစ်ယောက်အဖြစ် ကိုယ် ဘယ်လောက်နေရဦးမလဲ ဆိုတဲ့ အကြောင်းပေါ့ "

ဂျူးဒစ် ကလောင်သွား ကို မင်အိုးထဲ နှစ်လိုက်ပြီး -

" ရှင်ကကော ဟိုမိန်းမ ကို မရောင်းသေးဘဲ ဘယ်လောက်ကြာကြာ အချိန်ဆွဲထားမှာလဲ "

" မင်း ခုထိ အဲဒါကို မျှော်လင့်နေတုန်းလား၊ ကိုယ် မလုပ်နိုင်ပါဘူးလို့ ပြောထားပြီးပြီပဲ "

" အဲဒီတုန်းက ပြောတာ ခုထိ အတည်ပေါ့၊ ဟုတ်လား "

" ဟုတ်တယ် "

ကလောင်တံ ကို စားပွဲပေါ် ပေါက်ထည့်လိုက်သည်။ စားပွဲခင်းပေါ်တွင် မင်တွေ စွန်းသွားသည်။

" အဲဒီကလေး ဂက်သစ်ချမြိုင်မှာ မွေးမယ်ဆိုရင် ရှင်နဲ့ ကျွန်မ လုံးဝ စကားမပြောတော့ဘူး "

" အဲဒါကလွဲရင် မင်း ဘာလိုချင်လိုချင် ကိုယ် လိုက်လျောမယ်၊ ဒါပေမဲ့ အိန်ဂျဲလစ်ကိုတော့ ကျွန်လေ့ထဲ ထည့်မပေးလိုက်နိုင်ဘူး၊ အဲဒါ နောက်ဆုံးပဲ "

ဖီးလစ်က ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောသည်။ ဂျူးဒစ် လက်သီးနှစ်ဖက်နှင့် နားထင်ကို တအား ဖိထား လိုက်သည်။ ဖီးလစ်က အံကို တင်းတင်း ကြိတ်ထား၏။ ဂျူးဒစ်ကို အလျှော့ပေးဖို့ ဆုံး ဖြတ်ပြီးဖြစ်သည်။ သူ စိတ်ကျေနပ်မယ် ဆိုရင် ဘာကိုပဲ လုပ်ပေးရ လုပ်ပေးရ။ သို့သော် ကျွန်လေ့ တွေအကြောင်း၊ ကျွန်တွေ ထားသည့် ကျွန်လှောင်ခန်းတွေအကြောင်း ဂျူးဒစ်ထက်ပိုသိနေ၍ ခက်နေခြင်းဖြစ်၏။ စိတ်လိုက် မာန်ပါ ပြောနေခြင်းဖြစ်ပြီး ရင်ထဲက တောင်းဆိုနေခြင်း မဖြစ်ပါစေနဲ့ဟု ဖီးလစ် ဆုတောင်း လိုက်၏။ ခဏအကဲခတ်နေလိုက်သည်။

ဂျူးဒစ် ခေါင်းဖော်မလာ။ မခံမရပ်နိုင်အောင် ကိုက်နေသလို ခေါင်းကို လက်သီးဆုပ်နှင့် ဖိထား ဆဲ။ နောက်ဆုံးတွင်မှ ရှိုက်သံနေကာ -

<<http://www.shwezinu.blogspot.com/

" ဂျူးဒဒစ်ကို နောက်ထပ်မနှိပ်စက်ပါနဲ့တော့ အစ်ကိုရယ်၊ အဲဒီကလေးက သားကလေးတွေနီးပါး ဖြူမှာ၊ ပြီးတော့ အစ်ကို နဲ့ တူဦးမှာ "

လက်မောင်းပေါ်ကို မျက်နှာမှောက်ချလိုက်တော့ တံတောင်ဆစ် တစ်လျှောက် မျက်ရည်တွေ စီးကျသွားသည် ကို မြင်လိုက်ရ၏။ ဖီးလစ် မတ်တတ်ထ ရပ်လိုက်သည်။

" တော်ပါတော့ကွာ၊ အဲဒီအကြောင်း တော်စမ်းပါတော့ "

ဖီးလစ် ဆက်ပြီး သည်းမခံနိုင်တော့သလို စကားဖြတ်လိုက်သည်။ ကလောင်တံကို ဂျူးဒစ် ကောက်ယူပြီး စာအုပ် ထဲတွင် ဆက်တိုက်ရေးချနေသည်။ ပြီးတော့ ကလောင်တံကို လွှင့်ပစ်လိုက်ပြန် သည်။ ကုလားထိုင် ကို ပုန်းခနဲ နောက်ဆွဲကာ ပြတင်းပေါက်တွင် သွားရပ်ပြီး အပြင်သို့ ငေးကြည့်နေသည်။ ဖီးလစ်က စားပွဲနားတွင် ရပ်နေဆဲ။

" ကိုယ့်မြေတွေ တစ်ဧကမကျန် ဆုံးသွားမယ်ဆိုရင်တောင် မင်းခုလို ဖြစ်နေတာကို ကြည့်ပြီး စိတ်ဆင်းရဲ ရတာလောက် စိတ်ထိခိုက်မယ် မထင်ဘူး။ ဂျူးဒစ်။ တို့နှစ်ယောက်စလုံးအတွက် မျှမျှ တတ ကြည့်ဖို့ လိုတယ်၊ ခုတော့ မင်းက သိပ်ပြင်းထန်လွန်းနေတယ် "

" သြော် ... အဲဒီလို ထင်တယ်လား "

" ဟုတ်တယ်၊ မင်းက မင်းဘဝ၊ ကိုယ့်ဘဝ၊ ကလေးတွေရဲ့ ဘဝ၊ ဘဝအားလုံး ကို မတော်တဆဖြစ်ရတဲ့ ကိစ္စတစ်ခု အတွက်နဲ့ ဖျက်ဆီးပစ်နေတယ်။ မင်း စလိုက်လို့၊ မစ ရင် ဒီကိစ္စ ဒါလောက် မဖြစ်ဘူး "

" အဓိပ္ပာယ်မရှိ "

ဂျူးဒစ်က ပြတင်းပေါက်ကန့်လန့်ကာကို ဆောင့်ချလိုက်သည်။ တိတ်ဆိတ်နေသည့် အခန်းထဲတွင် ကျယ်လောင် စွာ ဟိန်းထွက်သွားသည်။ မျက်နှာကို ခပ်စောင်းစောင်းထားပြီး စကားဆက်သည်။

" ရှင် ကျွန်မကို ဘယ်အထိ နှိပ်စက်ခဲ့တယ်ဆိုတာ ရှင် ခုထိမသိဘူး။ ရှင်သိအောင်လည်း ကျွန်မ ပြောတတ်မှာ မဟုတ်ဘူး။ နယူးအော်လီယန်းက ပြန်လာကတည်းက ရှင် ကျွန်မကို ညာခဲ့တယ်၊ လိမ်ခဲ့တယ်။ ရှင် ကျွန်မကို နမ်းတိုင်း၊ ရှင့်ရင်ခွင်ထဲမှာ ကျွန်မ အိပ်ပျော်သွားတိုင်း ရှင့်ရင်ထဲမှာ ကျွန်မ တစ်ယောက်တည်း ရှိခဲ့တယ်ထင်ပြီး ကိုယ့်ကိုယ်ကိုယ် ကမ္ဘာပေါ်မှာ အပျော်ဆုံး မိန်းမ လို့ အောက်မေ့ခဲ့တာ။ ဘာမှ မရှိတော့တဲ့အဖြစ်ကို ရှိတယ်လို့ ယုံခဲ့တာ။ ခု ဒီကမ္ဘာကြီးထဲမှာ ကျွန်မ ဘာကို ယုံရတော့မလဲ၊ ဘယ်သူ့ကို ယုံရတော့မလဲ "

ချာခနဲလှည့်ပြီး သူနဲ့ မျက်နှာချင်း ဆိုင်လိုက်သည်။

<<<http://www.shwezinu.blogspot.com/

" အဲဒီ ယုံကြည်မှုအပေါ်မှာ ကျွန်မဘဝကို တည်ဆောက်ခဲ့တာ၊ ခုတော့ အားလုံးရှင်းသွားပြီလေ၊ ကျွန်မရဲ့ စိတ်ကူးယဉ်ကမ္ဘာဟာ အခိုးအငွေ့ဖြစ်သွားပြီ။ ရှင့်ကို ယုံလို့ ဒီကိုယ်ဝန် ထပ်ရခဲ့တယ်။ အချစ်တုအချစ်ယောင်ကြောင့် ရခဲ့တဲ့ ကိုယ်ဝန်ပဲဆိုပြီး မုန်းတီးလာတယ်။ ဒါကြောင့် သတ်ပစ်ဖို့ ကြိုးစားတာ။ သတ်တာ မသေပေမဲ့ ဒီကိုယ်ဝန်ကို မုန်းတယ်။ မွေးလာရင်လည်း အဲဒီကလေးကို မုန်းနေမှာပဲ။ ဘာပြုလို့ လဲ သိလား၊ သူ့မျက်နှာကို မြင်တိုင်း ရှင့်ရဲ့ အချစ်တုတွေ၊ အချစ်လိမ် ရှင့်စကား တွေကို ပြန်ပြီး ကြားယောင်နေမှာ မို့ပဲ "

ဂျူးဒစ် မောသွားသည်။

" မင်း ပြောလို့ ပြီးပြီလား "

" ပြီးပြီ "

ဖီးလစ် ချာခနဲ လှည့်ထွက်သွားသည်။

ညစာစားချိန် သူ ပြန်မရောက်လာ။ ဂျူးဒစ် ခဏစောင့်သေးသည်။ မလာနိုင်သည့်အဆုံး ကလေးတွေနှင့် အတူစားလိုက်သည်။ စားသောက်ပြီးတော့ ဒေးဗစ်ကို စာဆက်သင်သည်။ ဒေးဗစ် ကလေး "တီ" အက္ခရာကို ရောက်နေပြီ။ တီကို "တိုဘက်ကိုး"ဟု ပေးလိုက်သည်။ အေ မှ တီ အထိ စာလုံးတွေကို ကောင်းကောင်းရေးတတ်နေပြီ။ ဒေးဗစ်ကို စာသင်ပြီးတော့ ထိုးလက်စ ဇာခန်းဆီးကို ညှော့ခန်းပြတင်းပေါက်တွင် ထိုင်ထိုးနေသည်။ သူတို့ညီအစ်ကို ကစားနေသည်ကို လှမ်းမြင်နေရ၏။

လုံး၀ မပျော်တော့။ ရင်ထဲတွင် အောင့်နေ၏။ အသက်ရှူလို့လည်းမ၀။ အိမ်ထောင့်တာဝန်တွေကို စက်ရုပ် တစ်ရုပ် လို လှုပ်ရှားထမ်းဆောင်နေ၏။ ခေါင်းထဲတွင် ဘာမှ မရှိတော့သလို။ အလွန် သက်ဝင် လှုပ်ရှားခဲ့သည့် ခွန်အားတွေ ကိုယ်ထဲမှ စီးထွက်ကုန်သည့်အလား။

သူ့ကို နားလည်စေဖို့ ငရဲတမျှ ပူလောင်သည့် ဘဝပိုင်းကို ပြန်ဖော်ပြရတော့ ဝေဒနာဟောင်းကို အသွင်သစ်ဖြင့် ခံစားရပြန်၏။ ခုတော့ အလုပ်တစ်ခုခုတွင် အာရုံစိုက်ထားလိုက်သည်။ ဇာထိုး ပန်းထိုးကို လက်နှင့် အပြတ် မခံတော့။ သည်လို အလုပ်ပေးထားလိုက်သည့် အတွက်ကြောင့် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေစရာ မလိုတော့။ စည်းနှင့် ကမ်းနှင့် နေခဲ့သည့် ဗိုင်း ကောင်းကျောက်ဖိ ဘ၀ကို ပစ်ပယ်ပြီး မိဘ အရိပ်အာဂါသအောက်မှ သည်လို စည်းမဲ့ကမ်းမဲ့ အပေါ်ယံ ရွှေမှုန်ကြဲဘဝကို မက်မောမိရန်ကောဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဒေါပွကာ လက်သီးနှစ်ဖက် ဆုပ်ပြီး ခဏခဏ ဆိုင်းထိုးစရာ မလိုတော့။

ပိုးကောင်တွေ အော်သံ၊ ကလေးတွေ ကစားနေသံကို တစ်ချက် တစ်ချက် သတိထားမိသည်။ အိမ်ကြီးမှာ တိတ်ဆိတ်ငြိမ် သက်နေ၏။ နောက်ဘက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်သည်။ အံ့ သြခြင်း၊ ဒေါသဖြစ်ခြင်း တို့နဲ့ အတူ ပုန်းခနဲ ထ ရပ်လိုက်သည်။ ဝင်လာသူက အိန်ဂျဲလစ်။

<<http://www.shwezinu.blogspot.com/

အိန်ဂျဲလစ် က တံခါးကို အသာလေး ပိတ်ပြီး -

" မမလေးနဲ့ ခဏလေး စကားပြောချင်လို့ပါ "

ဂျူးဒစ် ပြန်ထိုင်သည်။ ချည်လုံးနှင့် အပ်ကို ပေါင်ပေါ်တင်လျက်။

" ငါတော့ ဘာမှ မပြောစေချင်ဘူး အိန်ဂျဲလစ် "

ဂျူးဒစ် ပင်ပန်းနွမ်းနယ်စွာ ပြန်ပြောလိုက်သည်။

" မမလေး ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ကျွန်မမှာ ပြောစရာကလေး ရှိနေလို့ပါ "

အိန်ဂျဲလစ်လေသံက ခပ်အေးအေးပင်။ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချထားပုံ။ သည်ရက်ပိုင်းအတွင်း သူ့ဗိုက် က သိသိသာသာ ပေါ်လာသည်။ ဂျူးဒစ် မကြည့်မိအောင် စိတ်ထိန်းထားလိုက်၏။

" သွားပါ၊ နင့်နေရာ နင်ပြန်နေပါ "

ဂျူးဒစ် နင်သည်။ အိန်ဂျဲလစ်က မတ်မတ်ရပ်ပြီး လက်နှစ်ဖက်ကို ပတ္တာဆက် ထားလိုက်သည်။

" သွားပါ့မယ် မမလေး၊ ခဏလေး ပြောပါရစေ၊ အဲဒီလို ဖွင့်ပြောတဲ့အတွက် မမလေး ကြိုက်တဲ့အပြစ် ထပ်ပေးနိုင် ပါတယ်၊ ကျွန်မအတွက် သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး။ သည်ထက်ကြီးလေး တဲ့ ပြစ်ဒဏ်လည်း မရှိတော့ပါဘူး။ ကျွန်မ မနက်ဖြန် ကျွန်လှေနဲ့ လိုက်သွားရတော့မှာပါ "

" ဘာ ... မနက်ဖြန် နင် သွားရတော့မယ် ဟုတ်လား "

ခုမှ ရင်ထဲပေါ့သွားသည်။ အင်း ... သူ နားလည်သွားပြီပေါ့။ အိန်ဂျဲလစ် တပြေးညီအသံဖြင့် ဆက်ပြောသည်။

" ခုလို ဖြစ်ရတာ ကျွန်မ ဖြစ်ချင်လို့ ဖြစ်ရတာမဟုတ်ပါဘူး မမလေး။ ကျွန်မ လုံး၀ အလိုမတူပါဘူး။ ဒါပေမဲ့ သူ့အကြောင်း မမလေး သိပါတယ်။ သူ လိုချင်လာပြီဆိုရင် သူ့ကို ဘာနဲ့မှ တားလို့ မရပါဘူး"

ဂျူးဒစ် အော်ထည့် လိုက်ချင်သည်။ သိပ် သိသည်ပေါ့။

" ကျွန်မ ပြောချင်တာက တခြားမဟုတ်ပါဘူး မမလေး၊ ကျွန်မနဲ့က လွဲပြီး အစ်ကိုလေး ဘယ်သူနဲ့မှ မဖြစ်ခဲ့ ပါဘူး။ ကျွန်မ အမှန်အတိုင်း ပြောတာပါ။ ကျွန်မနဲ့ ဒီကကောင်မလေးတွေ တစ်ချိန် လုံး ပြော နေကြတာပါ။ အစ်ကိုလေးက မမလေးကလွဲပြီး ဘယ်မိန်းမကိုမှ ရှိတယ်လို့ မထင်ဘူးလို့၊ အစ်ကိုလေး နဲ့ မမလေးလောက် ချစ်ကြတဲ့ သခင်၊ သခင်မမျိုး မတွေ့ဖူးကြောင်းလည်း ကျွန်မ တို့ ပြောမဆုံးကြပါဘူး "

<<http://www.shwezinu.blogspot.com/

ကုလားထိုင်မနောက်မှီကို လက်တင်ပြီး မျက်နှာကို လက်မောင်းတစ်ဖက်တွင် မှေးတင်ထားလိုက်သည်။ အိန်ဂျဲလစ် ကို တော်စေ့ချင်ပြီ။ သို့သော် ဘာမှ ပြောမထွက်တော့။ လည်ချောင်းထဲတွင် တစ်ဆို့နေသည်။

" ဘဂဆိုတာ တောက်လျှောက် ငြိမ်သက်ဖြောင့်ဖြူးလို့တော့ မနေဘူးပေ့ါ မမလေးရယ်၊ ကျွန်မတို့ လူမည်းတွေ မှာလည်း ရှိပါတယ်။ ကျွန်မမှာလည်း ချစ်သူရှိခဲ့ပါတယ်။ သူနဲ့ပဲ အိမ်ထောင်ကျခဲ့ပါတယ်။ သူ့နာမည် က ကလော်ဒီတဲ့။ ကျွန်မတို့ရဲ့သခင်က သူ့လုပ်ငန်းတွေသိမ်းပြီး ကျွန်တွေ ရောင်းချတော့ ကျွန်မတို့ တကွဲတပြားစီ အရောင်းခံလိုက်ရပါတယ်။ သူနဲ့ ကျွန်မ ပြန်လည် တွေ့ဆုံဖို့ လမ်း မရှိတော့ပါဘူး။ သူက ဟိုဘက်ကမ်းက မစ္စတာဖာဂွန်ဆီကို အရောင်းခံ လိုက်ရတယ်။ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ သူနဲ့ လက်ထပ်ထားတယ်လို့ပဲ စိတ်ထဲ စွဲထားပါတယ်။ ကျွန်မရဲ့ ကလေး ဆုံးတော့ သူလေ ... ကျွန်မအပေါ်မှာ သိပ်ကြင်နာတာပဲ။ ကျွန်မရဲ့ သောကတွေကို မမလေး စိတ်ဂင်စားမှာ မဟုတ် ပါဘူး။ ကျွန်မပြောနေတာ တခြားကြောင့် မဟုတ်ပါ ဘူး မမလေး၊ တစ်ယောက်နဲ့ တစ်ယောက် ဒါလောက် ချစ်လာကြပြီးမှ ခွဲကြရတဲ့ဝေဒနာကို ခံစားဖူး ဖို့ ... မမလေးရယ်၊ ဘယ်လို အခြေအနေ မှာပဲ ဖြစ်ဖြစ် အစ်ကိုလေးကို ခွဲမသွားပါနဲ့နော် "

ဂျူးဒစ် ခေါင်းမဖော်နိုင်အောင် ဖြစ်နေသည်။ စကားပြောလို့လည်း မရတော့။ အိန်ဂျဲလစ် ထွက်သွားသံ၊ တံခါးကို အသာအယာ ပိတ်သွားသံလည်း ကြားလိုက်၏။ မျက်နှာကို ကုလားထိုင်နောက်မှီတွင် ပှက် ထားဆဲ။ အိန်ဂျဲလစ်၏ တည်ငြိမ်စွာ တရားပြမှုကြောင့် အသားတွေ ဆတ်ဆတ်တုန်လာအောင် စိတ်လှုပ်ရှားနေ သည်။

မတ်တတ်ထရပ်တော့ ချည်လုံးတွေ၊ ဇာထိုးအပ်တွေ ကြမ်းပြင်ပေါ်ကျသွားသည်။ အိမ်ပြင်သို့ ထွက်လာခဲ့သည်။ မဲနယ်ခင်းတွေ၊ စပါးခင်းတွေကိုဖြတ်ပြီး မြစ်ဘက်သို့ လျှောက်လာခဲ့၏။ တစ်ယောက်တည်း လွတ်လွတ် လပ်လပ် စဉ်းစားလို၍ ထွက်လာခဲ့ခြင်းဖြစ်သည်။ အိမ်မှာဆိုလျှင် ကလေးတွေကြောင့် အာရုံ ပျံ့လွင့်နိုင်သည်။

ရေကာတာပေါ်ကို ဖြတ်တက်လာခဲ့၏။ ညနေခင်းနေသည် တရှိန်ရှိန် ပူနေ သည်။ ရေကာ တာပေါ် ရောက်တော့ ဖိတ်ဖိတ်တောက်နေသည့် မစ္စစ်စပီမြစ်ရေပြင်ကို လှမ်းမြင်ရသည်။ အိန်ဂျဲလစ်ပြော တာ ဖြစ်နိုင်ပ့ါမလား၊ ဆုံးရှုံးသွားပြီထင်သည့် အရာသည် ပြန်ယူလိုသည့် ဆန္ဒရှိလျှင် မဆုံးသေး ဘဲ ပြန်ရနိုင်ပါမည်လား။

အပြောကျယ်လှသော ဂက်သစ်ချမြိုင် ယာတောလွင်ပြင်ကို လှမ်းမျှော်ကြည့်လိုက်၏။ မျက်စိတစ်ဆုံး ကျယ်ပြော သည့် စိုက်ခင်းများ၊ မိမိရင်သွေးများ ဆက်လက် ပိုင်ဆိုင်ကြမည့် ဂက်သစ်ချမြိုင်၊ ဖီးလစ်လန်း တည်ဆောက် ခဲ့သည့် ပိုင်စားမြေ အင်ပါယာကြီး၊ မျိုးဆက်သွေးများအတွက် သူပေးခဲ့သည့် အမွေ။

<<<http://www.shwezinu.blogspot.com/

သို့သော် မိမိက သူ့ထက် ပိုမိုလေးနက်သည်။ အမွေကို သားသမီးမြေးမြစ်များ အတွက် ပေးခဲ့ချင်၏။ မြင့်မြတ်ဖြူစင်သည့် စိတ်ဓာတ်အမွေ။ မိမိဘက်မှ ကျန်ရစ်သည် မှာ မြင့်မြတ်ဖြူစင်ခြင်း ကိုယ်ကျင့် တရားဟူ၍ မျိုးဆက်သွေးတစ်လျှောက် ဂုဏ်ယူစေရမည်။

ရေကာတာ၏ ခြေရင်းမှ လှေကြီးသုံးစင်းကပ်ပြီး စုန်ဆင်းလာသည်။ ဒယ်လ်ရှိုင်းဆိပ်ကမ်းသို့ ကပ်မည့် ပိန်းကောကြီး များဖြစ်သည်။ အလီနွိုင်းမှ ပင်စီလ်ဗေးနီးယားအထိ စွန့်စွန့်စားစား စုန်ဆင်း လာကြခြင်းဖြစ်၏။ ဒယ်လ်ရှိုင်းတောရိုင်းမြေများတွင် စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သတင်းရ သဖြင့် ရေကြည်ရာ မြက်နုရာသို့ စုန်ဆင်းလာကြသည့် အညာလှေတွေဖြစ်သည်။

လှေသုံးစင်း အနက် တစ်စင်းမှာ ကျွန်လှေကြီးဖြစ်၏။ လှေဝမ်းထဲမဆံ့သဖြင့် ကုန်းပတ်ပေါ်တွင် တိရစ္ဆာန်တွေ လို အတုံးအရုံးတင်လာသည့် လူမည်းကျွန်တွေ။ ခြေထောက်တစ်ဖက်စီတွင် သံခြေချင်း ခတ်ပြီး ခြေချင်းနှစ်ဖက်ကို သံကြိုးဖြင့် ဆိုင်းထားသည်။ အများစုက လှေကို လှော်ခတ်နေကြ၏။ မျက်နှာဖြူ တစ်ယောက်က ကြာပွတ်ကို ကိုင်ပြီး တရွှမ်းရွှမ်း လိုက်ရိုက်နေသည်။

ဂျူးဒစ် ထိုင်နေရာမှ ခုန်ထလိုက်သည်။ စကတ်ကို မပြီး ရေကာတာပေါ်မှ တအားပြေးဆင်းလာခဲ့ သည်။ စိုက်ခင်းတွေ၊ မဲနယ်ပေါင်းအိုးကြီးတွေကို ဖြတ်ပြီး အိမ်ဆီသို့ တအား သုတ်ခြေတင်သည်။ အလုပ်သမားတွေ လည်း အလုပ်သိမ်းပြီး သူတို့ တန်းလျားများဆီသို့ ပြန်နေကြ၏။

အိမ်ရောက်တော့ မှောင်စပြုနေပြီ။ ဂက်သစ်ချမြိုင်တွင် မီးတွေ ထွန်းထားပြီးပြီ။ သူ့ကို အပြင်ဆောင်ဂ တွင် တွေ့ရ၏။ မြက်တစ်ပင်ကို လက်ထဲတွင် ကိုင်ပြီး လှေကားထစ်တွင် ထိုင်နေ သည်။

ဂျူးဒစ် အနားရောက်လာတော့ တစ်ချက်မော့ကြည့်သည်။ ပြီးတော့ ပြန်ငုံ့ပြီး မြက်ပင်ကို ဆွဲဖြတ်နေ သည်။ အဂတ်မလဲရသေးကြောင်း ဂျူးဒစ် သတိထားလိုက်မိ၏။ ကွင်းထဲမှ ပြန်လာသည့် အဂတ်အစား အတိုင်း ရှိနေသေးသည်။

" ဒီည ကျွန်လှေတစ်စင်း ဆိုက်မယ်၊ အိန်ဂျဲလစ်ကို မနက်ဖြန်ပို့ဖို့ အားလုံး စီစဉ်ပြီးပြီ "

လှေကားထစ် တွင် ရပ်ပြီး ဂျူးဒစ် တွေနေသည်။

" မင်း ကျေနပ်ပြီ မဟုတ်လား "

ရုတ်တရက် ပြောလို့ မထွက်နိုင်အောင် ဖြစ်နေ၏။

" ဂျူးဒစ် ကို ခွင့်လွှတ်ပါ၊ သူ့ကို ရောင်းပစ်ဖို့ ပြောမိတဲ့အတွက် ပြောတာပါ။ သူ သွားဖို့ မလိုတော့ပါဘူး။ ဟင့် အင်း … ဂျူးဒစ် ကို မတားပါနဲ့ ဘယ်သူ့ဆီကိုမှ မရောင်းရဘူး။ ဒါပေမဲ့ တစ်ခုတော့ အစ်ကို လုပ်ပေး၊ မစ္စတာဖာဂွန် ဆိုတဲ့ လူကို စုံစမ်းပြီး သူ့ဆီက ကလော်ဒီဆိုတဲ့ ကျွန်တစ်ယောက်ကို ရအောင် ဝယ်ခဲ့ပါ၊

<<http://www.shwezinu.blogspot.com/

ဘယ်လောက်ပေးရပေးရ ဂရုမစိုက်ပါနဲ့၊ သူ့ကို ဒီခေါ်လာပေးရမယ်၊ သူက အိန်ဂျဲလစ်ရဲ့ ယောက်ျားလေ။ ပြီးတော့ သူတို့နှစ်ယောက် ကို သီးသန့် အိမ်ကလေးတစ်လုံး ဆောက်ပေးပါ။ အိမ်ကြီးဆီကိုတော့ မလာ ပါစေနဲ့။ သူတို့ကိုတော့ မတွေ့ချင်ဘူး။ အဲဒီလူကို မရရအောင် အမြန်ဆုံးဂယ်ပြီး အိန်ဂျဲလစ်ဆီ ပို့ပေး လိုက်ပါ "

ပြောပြီးတော့ ဂျူးဒစ် မောနေသည်။ ဖီးလစ် မတ်တတ်ထရပ်သည်။ အံ့ဩလွန်းစွာဖြင့် ဂျူးဒစ်ကို ငုံ့ကြည့် သည်။ အမှောင်ထဲတွင် သူ့မျက်နှာကို ခပ်ရေးရေးသာ မြင်ရသည်။ စိတ်လှုပ်ရှားနေပုံရသည်။

ဖီးလစ် ဟင်းချပြီး ပြောသည်။

" ဩော် ကလေးရယ်၊ မင်း အိန်ဂျဲလစ်ကို မရက်စက်တော့ဘူးပေါ့နော် "

" ဟုတ်တယ်၊ သူ့ယောက်ျား ကိုသာ ရအောင် ဂယ်ပေးပါ အစ်ကို "

" အို ... မင်းသဘော တူရင် မြေလှန်ရှာပြီး ဂယ်ပေးမှာပေါ့ဗျာ "

ပြောပြော ဆိုဆို ဖနီးကလေးကို လှမ်းဖက်လိုက်ပြီး -

" အစ်ကို ဘယ်လောက် စိတ်ဆင်းရဲနေရတယ်ဆိုတာ မင်းသိရဲ့လား ဟင် "

ဂျူးဒစ် ဘာမှပြန်မပြော။ လေ့ကားထစ်ပေါ်တွင် နှစ်ယောက်သား ယှဉ်ရပ်နေကြသည်။ ဖီးလစ်က ဂျူးဒစ်၏ လက်ကို ကိုင်လျက်။ အမှောင်ထုက တဖြည်းဖြည်း သိပ်သည်းလာသည်။ တတိုင်းမွှေးနံ့နှင့် ည စံပယ်နံ့ ရောနှောမွှေးပျံ့နေ၏။ ဂက်သစ်ချပင်အိုတို့မှ ရေညှိပင်တွေ တွဲလောင်း ကျနေသည်ကို ဂျူးဒစ် ရေးရေးမြင်ရသည်။ ပိုးစုန်းကြူးကလေးတွေက မှိတ်တုတ်မှိတ်တုတ်။

သူ့ရင်ခွင်ထဲ ရောက်သွားသည်ကို သတိထားလိုက်မိ၏။ သည်အရေးအခင်း ပြီးသွားခြင်း သည် ပြစ်မှုတစ်ခုလုံး ခွင့်လွှတ်လိုက်ခြင်းဖြစ်ကြောင်း ခုမှ နားလည်စပြုသည်။ အတွေ့အကြုံတွေ တစ်ပွေ့ တစ်ပိုက်ကြီး ရလိုက်ခြင်း ဖြစ်၍ ပို၍ လေးနက်လာသည်ဟု ခံစားမိ၏။ သို့သော် မူလအတိုင်း ကား မဖြစ်နိုင်တော့ပြီ။ ဖြစ်နိုင်သည်ဟု သူထင်လျှင်လည်း ထင်ပါစေတော့။ ပင်ပန်းလှပြီ။ ကိုယ့်ကိုယ် ကိုယ် ဘယ်လောက် ပင်ပန်းနေမှန်း မသိတော့အောင် ပင်ပန်းနေခြင်းမျိုး။

ရှေ့ဆက် ရမည့် ခရီးက ပို၍မလွယ်ကြောင်း သတိပြုမိလိုက်လေသည်။

<<<http://www.shwezinu.blogspot.com/

အခန်း (၁၃)

ဖီးလစ်လန်းသည် ဇိမ်ခံမြင်းရထားကြီး၏ နောက်ခံကူရှင်ကို မှီလိုက်၏။ ရှုမျှော်မဆုံးသည့် သူ့ ပိုင်စားမြေတွေကို ကြည့်ပြီး ကြည်နူးနေသည်။ လူဂီစီးယားနားသို့ ရောက်ခဲ့သည်မှာ ၁၉ နှစ်မျှပင် ရှိခဲ့ပြီ။

တောတွေအားလုံး ရှင်းပြီးလို့ စိုက်ပျိုးခင်းတွေ ဖြစ်နေပြီ။ ဂက်သစ်ချမြိုင်ကို ခေတ်မီစွာ မွမ်းမံထားသည်။ သည်နယ်တစ်ခွင်တွင် ဂက်သစ်ချမြိုင်သည် အကြီးကျယ် အခမ်းနားဆုံးဖြစ်နေလေပြီ။ အလားတူပင် ဂက်သစ်ချမြိုင် ၏ သခင်မသည်လည်း အထင်ရှားဆုံး ဖြစ်လာလေ၏။ ဂျူးဒစ်ထက် ပိုပြီး ဂုတ်နိုင် စားနိုင်သူ မရှိတော့ပေ။

ဒယ်လ်ရှိုင်းတွင် ဓားခုတ်ပညာရပ်ကို ပြင်သစ်ဆရာနှင့် ပထမဆုံး သင်နိုင်သူမှာ ဂက်သစ်ချမြိုင်၏ သားများဖြစ်သည်။ မြစ်ရိုးတစ်လျှောက်တွင် လူချမ်းသာတွေ ပေါလာသော်လည်း ဘုရင်ခံသစ်၏ ဘိသိက်သွန်းပွဲလို အခမ်းအနားမျိုးကို တက်ခွင့်ရသူ များများစားစား မရှိပေ။ ရွှေရောင်၊ ပိုးဖဲကတ္တီပါရောင် တဖိတ်ဖိတ်တောက်နေသည် ဇိမ်ခံရထားကြီးများကို အိစက်ညက်ညောစွာ စီးနိုင်သူမှာလည်း လက်ချိုးရေတွက်လို့ ရနေသေးသည်။

အခမ်းအနားမှာ ကြည့်လို့ ကောင်းလှသည်။ အလံတွေ တလူလူ လွှင့်လျက်။ ပရိသတ် တစ်ဂက်ကျော်ကျော် မှာ စပိန်စကား မတတ်ကြ၍ ဘာတွေပြောပြီး ဘာတွေလုပ်နေကြမှန်း မသိကြ။

ဂျူးဒစ် က ပထမပိုင်းတွင် သားတွေကို စပိန်စာသင်ပေးမည် ကြံသေးသည်။ သည်ဒေသတွင် အခြေချနေ ထိုင်မိမှတော့ ဘာသာ သုံးမျိုးစလုံး တတ်ထားသင့်သည် မဟုတ်လား။ သို့သော် အင်္ဂလိပ်စာ တစ်မျိုးတည်း ကိုတောင် ကောင်းကောင်းတတ်ဖို့ မလွယ်သည့် ဒေသဖြစ်၍ ဂျူးဒစ် လက်လျှော့ လိုက်ရသည်။ ပြင်သစ်စကားကိုတော့ အားလုံး ပြောတတ်နေကြပြီ။ ဒေးဗစ်ကဘုရားရှိခိုးကျောင်း တံခါးရွက်ကြီး တွင် စပိန်ဘာသာဖြင့် ရေးထားသည့် အမိန့်စာလောက်ကိုတော့ ဖတ်နိုင်နေပြီ။

ဘုရားရှိခိုးကျောင်းထဲတွင် ဘာတွေဖြစ်နေသည်ကို လူတွေ သိပ်မသိကြပေ။ ဘာသာရေးမှာ ဘာသာစကား အခက်အခဲကြောင့် ဇာတ်လမ်းရှုပ်လာသည်။ သည်တော့ အလိုက်အထိုက် ရောယိမ်းလိုက် ဘာသာ ယိမ်းလိုက်ဖြင့် ပြီးလိုက်ကြတော့၏။

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ် က သားတွေကို ဘာသာရေး ကိုင်းရှိုင်းတတ်အောင် ဂရုစိုက်ပေးသည်။ ဘုရားရှိခိုးနည်းကိုလည်း အသေး စိတ် သင်ပေးသည်။

" ခရစ်တော်သည် ကျွန်ုပ်ကို ကြင်နာသနားတော်မူသည်။

ကိုယ်တော်ကဲ့သို့ မေတ္တာတရားကြီးမားသူသည် လောက၌ မရှိပြီ "

ညီအစ်ကိုနှစ်ယောက် တာဂန်ကျေပွန်စွာ လိုက်ဆိုကြသည်။ ပြီးတော့ တာဂန်ကျေပွန် စွာ မေ့ပစ်လိုက်ကြ၏။

ဖီးလစ် က အပြန်တွင် မျက်နှာချင်းဆိုင် ထိုင်လိုက်လာသည့် ဇနီးချောကို ကြည့်ပြီး ပြုံးသည်။ ပန်းနုရောင် ငှက်မွေး ဦးထုပ်နှင့် ပိုးနဂတ်စုံမှာ လိုက်ဖက်လှသည်။

" ကိုယ့်မိန်းမက အဲဒီဂတ်စုံနဲ့ ပိုလှနေတယ် "

" ကျေးဇူးတင်ပါတယ် အစ်ကို၊ ဂျာဇာစီက ပြောတယ်၊ နောက်ဆို ဒီလို အဂတ်အစားမျိုးတွေ ဂတ်ရတော့ မှာ မဟုတ်ဘူး တဲ့ "

" ဘာပြုလို့ .... "

" ဘာပြုလို့လဲဆိုတော့ ပြင်သစ်နိုင်ငံမှာ ဘုရင်စနစ် ဖျက်သိမ်းတော့မှာမို့ စနစ်တွေအားလုံး ပြောင်း ပစ်တော့မယ် တဲ့။ အဂတ်အစားကအစ ပြောင်းမယ်ဆိုပဲ။ ခုမှ ပါရီက ရောက်လာတဲ့ အင်္ကျီပုံဆန်းတစ်ခု သူ့ ညီမ လာပို့တယ်။ သိပ်လှတာပဲ အစ်ကို၊ အတွန့်တွေ သိပ်မပါတော့ဘူး၊ ရိုးရိုး စင်းစင်း ဂတ်ရုံရှည်ပဲ။ ဂရိပုံစံ တဲ့ "

ဂရိပုံစံ အင်္ကျီဆိုလျှင် ဂျူးဒစ် ပိုလှမည်ဟု ဖီးလစ် တွေးကြည့်နေ၏။ သူ့အသက် ၃၄ နှစ်ထဲ ဂင်လာပြီ။ ကလေး ၄ ယောက် မွေးပြီးပြီ။ သား ၃ ယောက်၊ သမီးတစ်ယောက်၊ ကလေးတွေက အားလုံး ထွားထွား ကျိုင်းကျိုင်းနှင့် အားရစရာတွေချည်း။ သူတို့အတွက် ဖီးလစ် ဂုဏ်ယူမဆုံးဖြစ် နေသည်။ အကြီးကောင်နှစ်ယောက်နှင့် ဇော်ဂျာရှာရမီတို့က မြင်းကိုယ်စီဖြင့် ရထားကြီး နံဘေးမှ ကပ်လိုက် လာကြသည်။

သူတို့သုံးယောက်ကို ဖီးလစ် ငဲ့ကြည့်လိုက်၏။ ဒေးဗစ်က ၁၈ နှစ်သား။ ဖအေနှင့် ချွတ်စွပ်တူသည့် ဖအေ့ ကိုယ်ခွဲကလေး ဟု ဂျူးဒစ် မကြာခဏ ပြောတတ်သည်။ မိမိငယ်ငယ်က သည်မျှ လှပချော မောခဲ့သည်ဟု ဖီးလစ် လုံးဂမယုံကြည်။ ဒေးဗစ် ဆံပင်က ရွှေရောင်အတိ။ မျက်လုံးက ပကတိ အပြာရောင်၊ မျက်နှာအကျက ရောမသူရဲကောင်းများနှင့် မခြား။ အရပ်ကလည်း မြင့်လှသည်။ သူ့အမေနမ်းလျှင် ခြေဖျားထောက်ပြီး မမီမကမ်း နမ်းရသည်။

<<<http://www.shwezinu.blogspot.com/

ခရစ္စတိုဖာက ဒေးဗစ်နှင့် ယှဉ်စီးလာသည်။ သူက စကားနည်းသည်။ မှုန်တေတေနှင့်။ အသားနည်းနည်းညိုသည်။ သူ့အဘိုး မတ်ရှာရမီရုပ်မျိုး။ ဂျူးဒစ်က ဖအေနှင့် လုံးဝမတူဘဲ သားကျမှ လာတူနေခြင်းအတွက် အံ့သြစရာဖြစ်နေသည်။

ခရစ္စတိုဖာက စကားပြောလျှင် နိုင်းနိုင်းဆဆ ပြောတတ်၏။ ယဉ်ကျေးမှု အစဉ်အလာကိုတော့ ဂရုစိုက်ချင်မှ စိုက်သည်။ စိုက်ပျိုးရေးကို သူ လုံးဝ ဂါသနာမပါဘူးတဲ့လေ။ ဖီးလစ် အံ့သြမဆုံး ဖြစ်နေ၏။ ဂက်သစ်ချမြိုင်ကို ဒယ်လ်ရှိုင်းမှ ရှိရှိသမျှ လူငယ်တွေ သွားရည်ကျနေကြသည် မဟုတ်လား။

တတိယသားက သူ့အမေနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်လာသည်။ တရိပ်ရိပ်ကျန်ခဲ့သည့် စိုက်ခင်းတွေကို ငေးကြည့်နေ၏။ ၁၁ နှစ်သား ရှိပြီ။ သူ့နာမည်က ဖီးလစ်။

ဖီးလစ်က ဒီသားကို အချစ်ဆုံး။ နာမည်တူ မှည့်မိလို့ များလားဟု စဉ်းစား မိသည်။ နှင်းဆီရောင်ပြေး နေသည့် ပါးရဲရဲကလေးနှင့် သားကို ကြည့်ပြီး ဖီးလစ် ကျောထဲစိမ့်သွားသည်။ ကံကြီး ၍ အမေ့ဗိုက် ထဲတွင် အသက်မသေဘဲ လူ့ဘဝရောက်လာသည့် သားကလေး။ သူကလေး မမွေးခင် ကျိတ်ပြီး ပူပန်ခဲ့ရသည့် ကာလများကို သွားသတိရမိသည်။ မိခင်လုပ်သူ၏ မိုက်မဲမှုကြောင့် ပုံပျက် ပန်းပျက် ကလေးများ မွေးလာလေမလားဆိုပြီး သောကပင်လယ်ဝေခဲ့ရသည်။ မွေးလာတော့ ကျန်းကျန်း မာ မာ လှလှပပ။ ဂျူးဒစ်က သူ့နာမည်ကို ယူပြီး ဖီးလစ်ငယ်ဟု မှည့်လိုက်သည်။ သည် အတွက် ဖီးလစ် ဂမ်းသာရသည်။ ပြောမထွက်လို့ မပြောဘဲနေရသော်လည်း မိမိနာမည်ကို သည်သား ကလေးအား ပေးချင်နေခဲ့သည် မဟုတ်လား။ ဖီးလစ်ငယ်ငယ်က ဒေးဗစ်လိုပင် ရွှေရောင်ဆံပင်နှင့်၊ မျက်လုံးပြာ နှင့် ဖြစ်၏။

မိုးပြာရောင်ဂတ်စုံနှင့် ကြည့်လို့မဝနိုင်အောင် ချစ်စရာကောင်းလှသည်။ တငြိမ့်ငြိမ့်အိနေသည့် ထိုင်ခုံပေါ်မှ သူ့ အစ်ကိုကြီး ဒေးဗစ်နှင့် လှမ်းစကားပြောနေသည်။ ဖီးလစ်ငယ်၏ အသည်းစွဲမှာ ဒေး ဗစ်ဖြစ် ၏။ ဒေးဗစ်က နှင်တံကို လေထဲတွင် ဝှေ့ပြပြီး -

" မနက်ဖြန် ငါနဲ့ ရော်ဂျာ ငါးမျှားထွက်မလို့ကွ အငယ်ရ "

" အငယ် အတွက် ကန်ထဲထည့်ဖို့ ငါးလေးတွေ ယူလာပေးနော် အစ်ကိုကြီး "

" အေး အေး၊ မင်း ကန်ကို သေသေချာချာ ဆေးထားနော်၊ ရေညှိတွေနဲ့ ညစ်ပတ်နေတာပဲ "

" ဟုတ်ကဲ့ အစ်ကိုကြီး၊ ဒီနေ့ပဲ အငယ် ဆေးလိုက်ပါ့မယ် "

" အငယ် ငြိမ်ငြိမ်လေး ထိုင်စမ်းပါ သားရယ်၊ အိမ်ရောက်မှပြောလည်း ရတာပဲဟာ "

" ဟုတ်ကဲ့ မေမေ၊ မေမေ့အိမ်စေတွေကို ပြောထားပေးပါ၊ အငယ့်ငါးတွေကို ဘယ်သူမှ မနှောင့် ယှက်ရဘူးလို့ "

<<http://www.shwezinu.blogspot.com/

" အေး အေး၊ ငြိမ်ငြိမ်ထိုင်လိုက်ရင် ပြောပေးမယ် "

" ဗိုက်ဆာတယ် မေမေ၊ ညစာ ဘာနဲ့ စားရမှာလဲဟင် "

" ငါးဟင်း ရယ်၊ နို့ခဲ ရယ်၊ ဒါပေမဲ့ ထမင်းကို အရင်စားရမယ်နော် "

ဖီးလစ် က သားကိုကြည့်ပြီး ပြုံးနေသည်။ ဖီးလစ်ငယ်က သူ့ကို ပြန်ပြီး ပြုံးပြသည်။ အမေကို နွဲ့ဆိုး ဆိုး တတ်သော်လည်း ပြောလျှင်တော့ နားထောင်သည်။

" သမီးကော ငါးဟင်းစားရမှာလားဟင် "

ရီတာ က ခြောက်နှစ်သမီး၊ ဘိသိက်ပွဲကို ခေါ်သွားဖို့ ငယ်သေးသည်ဟု ဂျူးဒစ်က တားသော်လည်း ဖီးလစ် က စစ်ရေးပြအခမ်းအနားကို သဘောကျမှာပါဟု ဆိုပြီး ခေါ်လာခြင်းဖြစ်သည်။

" စားရမှာပေါ့ သမီးရဲ့၊ သမီး မေမေ့ပြောစကား နားထောင်ရင် စားရမှာပေါ့" ဟု ဖီးလစ်က ဂင်ပြော သည်။ သမီးငယ်ကို ပေါင်ပေါ်ယူတင်လိုက်၏။ ရီတာကလေးမှာ အလွန်သွက်လက်ရွှင်ပျသည့် ကလေးဖြစ်သည်။ လည်ကုပ်ပေါ် တွင် နက်မှောင်နေသည့် ဆံပင်ခွေကလေးတွေ တွဲရရွဲနှင့်။

" သမီး ညှော့သည်ပိုင်းထဲကို ဂင်ရမလား "

" ဂင်ရမှာပေါ့ သမီးရဲ့ "

ဂျူးဒစ်က လင်တော်မောင်ကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ဘုရင်ခံ ဘိသိက်ပွဲအထိမ်းအမှတ်အဖြစ် ဂက်သစ်ချမြိုင် တွင် ညစာ စားပွဲကျင်းပဖို့ စီစဉ်ထားသည်။ ညစာပိုင်းဂင်ဖို့ ရီတာကလေးက ငယ်လွန်း သည်။ သို့သော် ဖီးလစ်က သူ့သမီးကို အလိုလိုက်လွန်းသည်။ မိန်းကလေးမွေးသည် ဆို ကတည်းက သူ ရူးနေပြီ။ ရီတာ ကို တောက်လျှောက် သူ ဖျက်ဆီးခဲ့သည်။

ရီတာ မွေးကတည်းက ပြဿနာဖြစ်ခဲ့ရ၏။ ဂျူးဒစ်က စပိန်နာမည် မပေးလို။ စပိန်ဆန်သွားလျှင် ဘုရား မုန်း တရားမုန်းမသိ ဖြစ်သွားမှာစိုးသည်။ ဖီးလစ်က "မင့်သားတွေကကော ဘယ်လောက် ဘုရားမုန်း တရားမုန်း သိလို့လဲ "ဟု ကန့်ကွက်စကားဆိုပြီး "ရီတာ" ဟူသည့်နာမည်ကို အတည်ယူ လိုက်သည်။ ဂျူးဒစ် က "ကောင်းပြီလေ၊ ရှင့်သမီး ကြီးလာလို့ စပိန်နဲ့ ညားသွားရင် ကျွန်မအပြစ် မဟုတ်ဘူး" ဟု ပြောပြီး လက်ခံလိုက်ရ၏။

ဖီးလစ်က သူ့သမီး ဘယ်သူ့ယူယူ ကြိုက်တာယူပစေဟု ဆိုသည်။ မြေဧက ၉၀၊ ကျွန်ခုနစ်ယောက် နှင့် သားသမီး များ၏ ပညာရေး ရန်ပုံငွေတွေပါ အမွေရမည့် မိန်းကလေးတစ်ယောက် အဖို့ ယောက်ျား ကို ခေါင်းခေါက်ရွေးယူနိုင်သည်ဟု ဖီးလစ် ယုံကြည်ထားသည်။

<<<http://www.shwezinu.blogspot.com/

ရာသီဥတု က ပူလှသည်။ ဒါတောင် မနက်က မိုးရွာချထားသေးသည်။ ထို့ကြောင့် လမ်းတစ်လျှောက် ဖုန်မထ ဘဲ သန့်သန့်ရှင်းရှင်း ဖြစ်နေ၏။ ကမ်းနားတစ်လျှောက် ဖြတ်မောင်းလာ ကြ၏။ ဆိပ်ကမ်း ရပ်ကွက်နား အရောက် ဂျုံးဒစ်နံဘေးမှ ဖွင့်ထား သည့် ပြတင်းပေါက် တွင် ကောင် လေး တစ်ယောက် ခိုတက်လာပြီး ဈေးရောင်းတော့သည်။

" ဒေါ်လေး ငှက်ပျောသီး ဝယ်ပါဦးဗျ "

" ဘုရား ဘုရား၊ ဒုက္ခပါပဲ၊ ဆင်း ... ဆင်း၊ လိမ့်ကျပြီး ဇက်ကျိုးတော့မှာပဲ "

" ကိစ္စမရှိပါဘူး၊ ကျွန်တော် လက်မြဲပါတယ်၊ ငှက်ပျောသီးရယ်သဘော်သီးရယ် ပါတယ်ဗျ"

မြင်းရထား ဘီးတစ်ဖက် ချိုင့်ထဲကျသွားတော့ ရီတာနှင့် ဗီးလစ်ငယ်တို့နှစ်ယောက် ကောင်လေးကို စိုးရိမ်တကြီး ကြည့်လိုက်ကြသည်။ ကောင်ကလေးက တံတောင်ဆစ် တွင် ဈေးခြင်းတောင်း လျှိုပြီး ပြတင်းပေါက်ဘောင်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ကျင်လည်စွာ လိုက်ပါလာ သည်။ သူ့ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသည်။

ရုပ်အင်္ကျီမှာလည်း စုတ်ပြတ်နေ၏။ ရထားမောင်းသမားက သူ ခိုစီးလိုက်လာသည်ကို အပေါ်မှမြင်သော် လည်း အရှိန်မလျှော့ဘဲ ဆက်မောင်းသည်။ ဗီးလစ်က အကြွေနှိုက်ပြီး -

" ကဲ ရော့၊ ရော့ မင်း ခေါင်းနဲ့ ကိုယ် အိုးစားမကွဲချင်ရင် မြန်မြန်ဆင်း။ ကြားလား "

" ဟုတ်ကဲ့၊ ဟုတ်ကဲ့ "

ဗီးလစ်လက်ထဲ ကို ချာတိတ် ငှက်ပျာသီးနှစ်လုံး ဖျတ်ခနဲထည့်ပြီး -

" ကဲ သွားပြီဗျို့ "

ထိုစဉ် လှည်းဘီးက ကျောက်တုံးတစ်တုံးကို ဖြတ်နင်းလိုက်သည်။ ချာတိတ်အော်သံနှင့်အတူ လွင့်ကျ သွားသည်။ ဂျုံးဒစ် အလန့်တကြား ခေါင်းထွက်ကြည့်လိုက်၏။ တစ်ဆက်တည်း အော်ပြော လိုက်သည်။

" ရပ်စမ်း၊ ရပ်စမ်း၊ ဒုက္ခပါပဲ၊ သေပြီလား မသိဘူး "

ကလေးတွေ ပြတင်းပေါက်တွင် အလုအယက် ခေါင်းထွက်ကြည့်လိုက်၏။

ကလေးတွေ ပြတင်းပေါက်တွင် အလုအယက် ခေါင်းထွက်ပြီး ကြည့်ကြသည်။ ဗီးလစ်ကပါ ရထားရပ် ဖို့ အော်ပြီး အမိန့်ပေးလိုက်၏။ ရထားထိန်း ခုန်ဆင်းလာပြီး လှေကားထစ် ချပေးသည်။

<<<http://www.shwezinu.blogspot.com/

ဖီးလစ် စိတ်အနှောင့်အယှက်ဖြစ်သွား၏။ ဘယ်သူ့ကိုမှတော့ အပြစ်မတင်လို။ သည်ရပ်ကွက် က ပေါက်လွှတ်ပဲစား များကို စည်းကမ်းတကျဖြစ်အောင် ဘယ်သူ လာသင်ပေးမည်လဲ။ သို့သော် တစ်ခါမှ သည်လို မဖြစ်ဖူးခဲ့ပါ။ ကလေးတွေကို အော်မဆင်းဖို့ ပြောခဲ့ပြီး ချာတိတ် လဲကျနေသည့် နေရာသို့ ဂျူးဒစ် ပြေးသွားသည်။

ကောင်လေးက ဒူးကို လက်တစ်ဖက်ဖြင့် နှိပ်ပြီး ထိုင်နေသည်။ သူ့ခြေထောက်တွင် ဖိနပ်မပါ။ ဒူးတစ်ဖက် မှ သွေးတွေ စီးကျနေ၏။ ခြင်းတောင်း တခြား၊ လူတခြား ဖြစ်သွားပြီး သစ်သီးတွေက လမ်းပေါ် တွင် ပြန့်ကျဲနေသည်။ ဂျူးဒစ်က ငုံ့ကြည့်ပြီး -

" ပြစမ်း၊ မင်းဒူးခေါင်း ကြည့်ရအောင်၊ တော်တော်များသလား "

" မများပါဘူး၊ ကိစ္စမရှိပါဘူး" ဟု ပြောနေသော်လည်း သူ့မျက်နှာမှာ ရှုံ့မဲ့နေသည်။ ချာတိတ်က ဗလကောင်းကောင်း၊ အသက်က ၁၀ နှစ်ခန့်သာ ရှိဦးမည်။ ဒေးဗစ်တို့ ညီအစ်ကိုတစ်သိုက် အနား ရောက် လာကြသည်။

ဒေးဗစ်က မြင်းကို ဇက်သတ်ရင်း အဖေနှင့် အမေကို ဘာလိုသေးလဲဟု မေးသည်။ ဖီးလစ်က သူတို့ ညီအစ်ကိုသုံးယောက်ထံမှ လက်ကိုင်ပဝါတွေ တောင်းယူလိုက်၏။

" ပတ်တီးစည်းပေးပြီး သွေးတိတ်ရင် သူ့အိမ်ကို လိုက်ပို့မှ ဖြစ်မယ်။ လမ်းလျှောက်နိုင်းလို့ မဖြစ်ဘူး"

ဖီးလစ် က ဒူးမှဒဏ်ရာကို ပတ်တီးစည်းပေးပြီး လက်ကိုင်ပဝါ တစ်ထည်ကို မျက်နှာမှ ဒဏ်ရာပေါ်တွင် ဖိထား ရန် ချာတိတ်အား ပေးလိုက်သည်။

" ခုလို ဖြစ်ရတဲ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ် မစ္စတာလန်း "

" အေးကွာ၊ ငါလည်း မင်း ခုလို ဖြစ်ရတဲ့အတွက် စိတ်မကောင်းပါဘူး။ လမ်းမလျှောက်ဘဲ နှစ်ရက် သုံးရက်လောက် နေလိုက်ရင် ကောင်းသွားမှာပါ။ ဒါထက် မင်း ငါ့နာမည်ကို ဘယ်လိုလုပ်ပြီး သိသလဲ ကွ ဟေ"

ချာတိတ် က မျက်ခုံးချီပြီး ပြုံးသည်။

" ဦးကို လူတိုင်း သိတာပဲ၊ ကျွန်တော်လည်း သိတာပေါ့ "

" ဟုတ်လား "

ဖီးလစ် က ချာတိတ်ကို ပြန်ပြုံးပြသည်။ မြင်းပေါ်မှ လူရွယ်သုံးယောက်ကို ချာတိတ် က မော်ကြည့်ပြီး ရော်ဂျာကို လက်ညှိုးထိုး၍ "ခင်ဗျားက ရော်ဂျာရှာရမီပေါ့ ဟုတ်လား "ဟု ကောက်မေး လိုက်၏။ ရော်ဂျာက ပြုံးပြီး ခေါင်းညိတ်ပြသည်။ ရော်ဂျာက ၁၄ နှစ်သား။ မြင်းစီး လည်ရှည်ဖိနပ်နှင့် အလွန် ကြည့်ကောင်းသူဖြစ်၏။

<<http://www.shwezinu.blogspot.com/

ရော်ဂျာ့ ဆံပင်နှင့် မျက်လုံးတွေက အညိုရောင်။ သူ့အဒေါ် ဂျူးဒစ်နှင့် တစ်ပုံ တည်း။ သို့သော် တစ်ဖက်နှင့်တစ်ဖက် ဆက်လုနီးပါးရှိနေသည့် နက်မှောင်မှောင် မျက်ခုံးအစုံ က စပိန်သွေး ကို ဖော်ညွှန်းနေ၏။ နာတံအကျ မှာ ဒိုလားရက်စ်နှင့် တစ်ထေရာတည်း။

" ခင်ဗျားကိုလည်း ကျွန်တော် သိတယ် "

ချာတိတ် က မှန်တေတေနှင့် ပြောသည်။ ဒေးဗစ်က ချာတိတ်ကို သူ့မြင်းနှင့် ပြန်ပို့ပေးမည်ဟုပြော သည်။ သို့သော် ဖီးလစ် က ရထားနှင့် ပို့ပေးလျှင် သူ့အတွက် ပိုအဆင်ပြေမည် ဖြစ်ကြောင်းပြောပြီး ချာတိတ် ကျယ်ကျယ် ဂန်းဂန်း ထိုင်နိုင်စေရန် ရီတာကို ဒေးဗစ်၏ မြင်းပေါ် တင်ပေးပြီး အလျင်ပြန် ခိုင်းလိုက်သည်။

" မင်း ဘယ်မှာနေလဲ "

ချာတိတ်ကို နေရာချပေးရင်း ဖီးလစ် မေးလိုက်သည်။

" ဟိုအောက်ဘက် ဆိပ်ကမ်းရပ်ကွက် မှာပါ "

ရထားသမား ကို ဆိပ်ကမ်းရပ်ကွက်သို့ မောင်းဖို့ ဖီးလစ်အမိန့်ပေးလိုက်သည်။ ဂျူးဒစ်ကိုပါ အိမ်ပြန် ထည့်လိုက်ရ အကောင်းသားဟု ခုမှ တွေးမိသည်။ ဆိပ်ကမ်းရပ်ကွက်သည် အမျိုးကောင်းသမီးတို့ သွားအပ် သည့် အရပ် မဟုတ်ပေ။ ချာတိတ်က ဖီးလစ်၏ အဝတ်အစားတွေကို စိုက်ကြည့်နေသည်။ ပြီးတော့ ထိုင်ထားသည့် ကူရှင်ကို လက်နှင့် ပွတ်ကြည့်သည်။

" ကျွန်တော် ဘာလို့ ဦးတို့ရထားကို ခိုစီးလဲ သိလား "

" ဆိုစမ်းပါဦးကွ "

" ကျွန်တော်က ဦးတို့နဲ့ အမျိုးတော်တယ်ဗျ။ ကျွန်တော့် နာမည်က ဂီဒီယန်အပွဂျွန်း။ ဟောဒီအဒေါ်ကို ကျွန်တော် သိပ်တွေ့ချင်လွန်း လို့ ကျွန်တော် ခုလို လုပ်မိတာပါ "

ချာတိတ်က မျက်နှာချင်းဆိုင် ထိုင်နေသည့် ဂျူးဒစ်ကို လက်ညှိုးထိုးပြီး -

" အဒေါ်က အန်တီဂျူးဒစ် ဟုတ်ပါတယ်နော်၊ အန်တီဂျူးဒစ်အကြောင်း မေမေ ကျွန်တော့်ကို အများ ကြီး ပြောပြထားတယ် "

" ဟုတ်လား "

ဂျူးဒစ်က ဂီဒီယန်၏ ပေါင်ပေါ် လက်တင်ပြီး -

" မင်းမေမေ နေကောင်းရဲ့လား ဂီဒီယန်"

<<<http://www.shwezinu.blogspot.com/

" ကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကိုတော့ ဒေါပွမှာပဲ။ ကျွန်တော့်ကို ပြောထားတယ်၊ အန်တီဂျူးဒစ် တို့နဲ့ မပတ်သက်ရဘူးတဲ့ "

ဖီးလစ်ငယ်က ဂီဒီယန်ကို စိုက်ကြည့်ပြီး -

" သူနဲ့ ဘာဖြစ်လို့ အမျိုးတော်ရတာလဲ မေမေ "

" သူ့မေမေ နဲ့ မေမေတို့ ဟိုတုန်းက သိဖူးတယ်လေ "

တစ်ဆက်တည်း သူတို့ မိသားစုအကြောင်း ဂီဒီယန်ကို ဂျူးဒစ်မေးကြည့်သည်။ ရဲဖန်ရံခါ ရော်ဂျာ့ အကြောင်း ဒိုလားရက်စ်ဆီသို့ လူလွှတ်ပြီး သတင်းပို့ဖြစ်၏။ အစေခံများက ပြန်လာတိုင်း မစ္စဒိုလားရက်စ် တစ်ယောက် အလွန်အမင်း ဆင်းဆင်းရဲရဲဖြစ်နေကြောင်း ပြောကြသည်။ သို့သော် ဒိုလားရက်စ်ကို ဘာအကူအညီ မှ ပေးလို့မရ။ ခုတော့ သူနှင့် မတွေ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီ။

" အဖေလည်း နေကောင်းပါတယ်၊ အဖေက မစ္စတာပါစယ်ရဲ့ ဆိပ်ကမ်းမှာ အလုပ်လုပ်နေပါတယ် "

" မင်းမှာ ညီအစ်ကိုမောင်နှမ ရှိသေးလား ဂီဒီယန် "

" ဟုတ်ကဲ့၊ ကျွန်တော့်ထက်အကြီး မိန်းကလေးတစ်ယောက် ရှိပါတယ်။ မာမီစုတဲ့။ သူနေ မကောင်းတာ နှစ်ရက်လောက်ရှိပြီ။ ညီမလေးတစ်ယောက်လည်း ရှိတယ် "

" ဘာဖြစ်တာလဲ "

" မသိဘူးဗျ "

ချာတိတ် စကားပြောပုံက သူ့အမေလိုပင် ခပ်တိုတို။ သို့သော် လူကုံထံတွေက သူ့ကို ဂရုတစိုက် လုပ်ပေး ၍ ကျေနပ်နေပုံ။ တမင်တကာများ ဒဏ်ရာရအောင် လုပ်လိုက်တာလားဟု ဖီးလစ် သံသယ ဖြစ်နေ၏။ အမေ လုပ်သူက ရော်ဂျာ့သတင်းကို ကြားလိုသည်မှလွဲပြီး အသိုက်အဝန်းနှင့် အဆက်ဖြတ်ကာ ဇာတ်မြုပ်နေသည့် အဖြစ်ကို ဂီဒီယန်လို အရွယ်ကလေး နားလည်နိုင်ရှာမည် မဟုတ်ပေ။ စောစော က ရော်ဂျာရာရမီကို သူ မော်ကြည့်နေသည့် မျက်လုံးများကို ဖီးလစ် သတိရ နေသည်။ ရပ်ကွက် ထဲရောက်တော့ လမ်းက ဆိုးသည်ထက် ဆိုးလာသည်။ ရထားသမား မနည်း ထိန်းမောင်းနေရ၏။ ဖီးလစ်ကလေးက "ဟင် ဘာနံ့ကြီးပါလိမ့်" ဟုဆိုပြီး နှာခေါင်းရှုံ့သည်။ ဂျူးဒစ်က နှာခေါင်းကို လက်ကိုင်ပဝါဖြင့် ပိတ်လိုက်ပြီး ပြတင်းပေါက် ခန်းဆီးတွေကို ဆွဲချလိုက်၏။ ဂျူးဒစ် မျက်နှာပျက်နေပြီ။

တဲအိမ်တွေ က လမ်းတစ်ဖက်တစ်ချက် ကျပ်ညပ်ပြွတ်သိပ်နေသည်။ ဘယ်လိုမှ လေကောင်းလေ သန့် မရနိုင်သည့်နေရာမျိုး။ တချို့ အိမ်ကလေးတွေမှာ ပြိုတော့မယောင် ယိုင်လဲနေပြီ။ ဂက်အော်သံ၊ ကြက်အော်သံတွေ က ပွက်လောညံနေ၏။ လမ်းနံဘေးတွင် ဂေါ်ဖီထုပ်အပုပ်များ စုပုံ နေပြီး



<<http://www.shwezinu.blogspot.com/

ယင်တလောင်းလောင်းနှင့်။ မိန်းမတွေမှာ ဖိနပ်မပါဘဲ ဆေးတံခဲကာ လမ်းသလားနေကြ၏။ ကလေးတွေ က ကိုယ်တုံးလုံးနှင့်။ ရွှံ့တွေ၊ ရေတွေထဲတွင် ပယ်ပယ် နယ်နယ် ဆော့ကစားနေကြ၏။

ရပ်ကွက်ထဲဝင်လာသည့် မြင်းရထားကြီးကို သူတို့ ပါးစပ်အဟောင်းသား ဝိုင်းကြည့်နေကြ၏။ ရထားသမား က သူတို့ကို အော်ဟစ်ကြိမ်းမောင်းရင်း ဖေးဖေးဖယ်ဖို့ အော်ပြောနေသည်။

ဂျူးဒစ်က အသက်အောင့်ထားရင်း -

" ဂီဒီယန်၊ မင်းမွေးကတည်းက ဒီမှာ နေတာလားဟင် "

" ဟုတ်တယ် "

ဂီဒီယန်က ဘာမှမမှုသလို ပြန်ပြောသည်။ သည်ရပ်ကွက်ထဲသို့ ဗီးလစ် တစ်ခါမှ မရောက်ဖူးပေ။ လူဖြူတွေ သည်မျှအောက်တန်းကျကျ နေကြလိမ့်မည်ဟု သူ လုံးဝ မထင်ခဲ့။ လူဂီစီးယားနား ကို ထောင်နှင့် သောင်းနှင့် ချီပြီး ဆင်းလာကြသူများထဲမှ အရင်းအနှီးမရှိ၊ အကြံဉာဏ်မရှိ၊ ခွန်စိုက် အား စိုက်မရှိသူတွေ၏ ဇာတ်သိမ်းခန်းဖြစ်မည်ထင်၏။ သည်လိုလူတွေအကြောင်း ဗီးလစ်တစ်ခါ မှ စဉ်း စားမကြည့်ဖူးခဲ့။

" ရောက်ပြီဗျ။ ဟောဟိုအိမ်ပဲ။ လမ်းထောင့်က တစ်အိမ်ကျော်လေ "

ဂီဒီယန်က သူတို့အိမ်ကို ပြသည်။ ရထားရပ်ဖို့ ဗီးလစ် အမိန့်ပေးလိုက်၏။ တစ်ပြိုင်တည်းတွင် မျက်နှာချင်းဆိုင် ထိုင်နေသည့် ဗီးလစ်ငယ်နှင့် ဂီဒီယန်ကို ယှဉ်ကြည့်လိုက်မိ၏။ သူတို့နှစ်ယောက်မှာ အရွယ် တူဖြစ်သည်။ ဂီဒီယန်က သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် လူကြီးဟန် ပေါက်နေပြီး ဗီးလစ်ကလေး က မိဘလောင်းရိပ်အောက်မှ နုနုနယ်နယ် ပီဘိကလေးငယ်လေး ဖြစ်နေသည်။

ရထား ရပ်လိုက်တော့ ကလေးတစ်သိုက် စုပြုံရောက်လာပြီး အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြ ၏။ အချို့က ကိုယ်နှင့်မတော်သည့် အဂင်္ကျီကို ဂတ်လျက်။ အချို့က အဂတ်မပါ၊ ဗလာကိုယ်ထီး။

ရထားထိန်း ကို ဗီးလစ်ကလေးနှင့်အတူနေရန် မှာခဲ့ပြီး လင်မယားနှစ်ယောက် အိမ်ထဲဝင်သွားသည်။ ညစ်တီးညစ်ပတ် ကောင်လေးတစ်သိုက်က လှည့်ဘီးပေါ် ဖက်တက်ပြီး တံခါးရွက်ပေါ်ရှိ ကနုတ်ပန်း များကို ကိုင်ကြည့်ကြသည်။ ရထားထိန်းက သူတို့ကို အော်ဟစ်မောင်းထုတ်နေ၏။

" ဟေ့ ဆင်းကြစမ်း၊ ကလေကချေ အဖြူကောင်လေးတွေ ... သွားခုဆင်း "

ဂီဒီယန် ကို ဗီးလစ်က တွဲပြီး လျှောက်သွားသည်။ လမ်းပေါ်တွင် ကြောင်သေကောင်တွေ၊ စားကြွင်း စားကျန်တွေနှင့် နံစော်နေသည်။ ဂျူးဒစ်က စကတ်ကို မပြီး လျှောက်သွားသည်။ သူ့အိမ် ရောက်တော့ ဂီဒီယန် တံခါး ကို တွန်းဖွင့်ပြီး ရှေ့မှ ဝင်သွားသည်။



<<http://www.shwezinu.blogspot.com/

" အမေ အိမ်မှာရှိမှာပါ၊ ဦးတို့ တွေ့ရပါစေ့မယ် "

အခန်းထဲတွင် အလင်းရောင် သိပ်မရှိ။ သူတို့လင်မယား ဝင်လိုက်သွားကြသည်။

" ကြည့်စမ်း၊ ဘာဖြစ်လာတာလဲ ဂီဒီယန်၊ ဒူးခေါင်းမှာလည်း ပတ်တီးနဲ့ "

အတွင်းဘက်မှ ဒိုလားရက်စ်၏ အသံ။ အခန်းမှာ အတန်ကျယ်သော်လည်း ပုလောင်အိုက်စပ်လှ သည်။ မီးဖိုပေါ် တွင် ဟင်းအိုးတစ်လုံး တည်ထားသည်။ ကြမ်းပြင်ပေါ်တွင် မွေ့ရာကြမ်း သုံးခုစီလျက်။ နံရံတစ်ဖက်တွင် ထင်းရှူးသားဖြင့် ခပ်ကြမ်းကြမ်းရိုက်ထားသည့် စားပွဲတစ်လုံး ချထား၏။ နံဘေး တွင် ခွေးခြေတစ်လုံးနှင့် သေတ္တာတစ်လုံးရှိသည်။ အဝတ်အစားတွေက တိုးလိုး တွဲလောင်း။ ပြတင်းပေါက် နှစ်ပေါက်ကို ဖွင့်ထားသော်လည်း တစ်ဖက်အိမ်နံရံနှင့် ကပ်နေ သဖြင့် အလင်းရောင် များများမဝင်ပေ။ ခပ်မှောင်မှောင် အခန်းထဲတွင် မျက်စိကျင့်သားရသွားတော့မှ ကလေးမ တစ်ယောက် အရုပ်ကလေးနှင့် ထောင့်တစ်ထောင့်တွင် ကစားနေသည်ကို ဖီးလစ် မြင်ရသည်။ ဖျားနေ သည့် မိန်းကလေးက ခြင်ထောင်ထဲမှ မွေ့ရာကြမ်းပေါ်တွင် ပက်လက်။

ဒိုလားရက်စ်က ဂီဒီယန်ကို ထင်းရှူးသေတ္တာပေါ်တွင် အထိုင်ခိုင်းပြီး ညည့်သည်များနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။ သူ့အဝတ်အစားတွေမှာ မယုံကြည်နိုင် လောက်အောင် စုတ်ပြတ်နေသည်။ မူလက ဘာအရောင် မှန်း မသိနိုင်လောက်အောင် အရောင်လွင့်ပြယ်နေပြီ။ နက်မှောင်မှောင် ဆံပင် အချို့ ဖြူစပြုနေပြီ။ လည်ချောင်းမှ အကြောများ တင်းလာပြီး -

" ဘာအတွက် ရောက်လာကြတာလဲဟင် "

ဖီးလစ် က ဂီဒီယန် ရထားပေါ်မှ လိမ့်ကျပုံအကြောင်း ရှင်းပြပြီး သူ့ကို လိုက်ပို့ခြင်းဖြစ်ကြောင်း ပြော ပြသည်။ ပြောနေရင်း ဖီးလစ်က ဂျူးအစ်ကို တစ်လှည့်၊ ဒိုလားရက်စ်ကို တစ်လှည့် ကြည့်နေသည်။

ဂျူးအစ် ၏ အလှကျက်သရေကို သည်မနက် ဘီသိက်ပွဲတွင် ဂုဏ်ယူခဲ့သေးသည်။ ယခုတော့ သည်နေရာ တွင် ဂျူးအစ်သည် တကယ်မရှိသလိုဖြစ်နေ၏။ အရိပ်တစ်ခုကို ဖြစ်နေ၏။

" ခုလို လာပို့ပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်မ သူ့ကို ရထားတွေပေါ် ခိုး မတက်ဖို့ ခဏ ခဏ ပြောပါတယ်။ ဒါပေမဲ့ အဲဒီလိုမှ မရောင်းရင်လဲ ..."

ဒိုလားရက်စ်က ပခုံးတွန့်ပြီး -

" သူက ဂက်သစ်ချမြိုင်နဲ့ သစ်ဖြူတောက လူတွေကို သိပ်တွေ့ဖူးချင်နေတာလေ "

ဂျူးအစ် က သူ့အနား တိုးသွားပြီး -

<<<http://www.shwezinu.blogspot.com/

" ကိုယ် မင်းနဲ့ ခဏလေး စကားပြောပါရစေ ဒိုလားရက်စ်"

ဒိုလားရက်စ် ပထမ တွေနေသေးသည်။ နောက်မှ ပြတင်းပေါက်ဆီသို့ ဂျူးဒစ်နှင့် အတူ လျှောက်သွားသည်။ ဂီဒီယန်က သူ့ဒူးခေါင်းကို ကိုင်ကြည့်နေသည်။ အရုပ်နှင့် ကစားနေသည့် ကလေးမလေး က သူတို့ကို စိုက်ကြည့်နေ၏။

ဂျူးဒစ်က ဒိုလားရက်စ် တိုးတိုးကပ်ပြောနေသည်။ ဖီးလစ် လုံးဝမကြားရ။ သို့သော် ဒိုလားရက်စ် ပြန်ပြောသံကိုတော့ သဲသဲကွဲကွဲ ကြားနေရ၏။

" မဖြစ်ဘူး ဂျူးဒစ်၊ မဖြစ်ဘူး "

တစ်ဖက်ကို လှည့်ပြီး ဒိုလားရက်စ် လက်ပိုက်လိုက်သည်။

" ကျွန်မ ဘာမှမလိုချင်ဘူး၊ တက်လည်း ခု အလုပ်မှန်မှန်ရနေပါပြီ "

ဂီဒီယန် ကို လှမ်းကြည့်ပြီး လေသံမာမာနှင့် ဆက်ပြောသည်။

" ဒီမယ် ဂီဒီယန်၊ နောက်တစ်ခါ သူတို့နဲ့ လုံးဝမပတ်သက်စေနဲ့၊ ဝေးဝေးရှောင်၊ ကြားလား "

" ဟုတ်ကဲ့အမေ၊ ကျွန်တော်က ဒေါ်လေးဂျူးဒစ်ကို မြင်ဖူးချင်လို့ပါ "

ဖီးလစ် က မှောက်ကျသွားသည့် သစ်သီးဖိုးကိုတော့ ပေးပါရစေဟု တောင်းတောင်းပန်ပန် ပြော သည်။ ဂီဒီယန်ကြောင့် ခုလိုဖြစ်နေခြင်း မဟုတ်ဘဲ ရထားသမား၏ ချို့ယွင်းချက်ကြောင့်ဖြစ်ကြောင်း အထပ်ထပ်ပြောမှ ဒိုလားရက်စ် လက်ခံသည်။ ဖီးလစ်က ဖွတ် ပြောနေသော်လည်း ချာတိတ် တမင် တကာ လုပ်သည်ဟုပင် စိတ်ထဲစွဲနေသည်။ ဆိပ်ကမ်း ကြမ်းပိုး ကလေးများအတွက် အရှိန်နှင့် မောင်းနှင်နေသည့် ရထားပေါ်ကို ခုန်တက်ခြင်း၊ ရထားပေါ်မှ ခုန်ဆင်းခြင်းမှာ ဆန်းကြယ်သည့် ကိစ္စ မဟုတ်ပေ။ ဖျားနေသည့် ကလေးထံမှ ညည်းညူသံကြားရ သည်။

" ကွယ် … သနားပါတယ် "ဟုပြောပြီး အိပ်ရာဆီသို့ ဂျူးဒစ်က လျှောက်သွားသည်။ ခြင်ထောင်ကို မ ကြည့်သည်။ ကလေးမလေး၏ မပီမသညည်းတွားသံ ထွက်ပေါ်လာ၍ ဖီးလစ်ပါ သွားကြည့်သည်။ ဂျူးဒစ်ကို ချက်ချင်း ပုန်းခန် ဆွဲထုလိုက်၏။

" ဟင် ဘာဖြစ်လို့လဲ အစ်ကို "

ဖီးလစ်၏မျက်နှာကို အထိတ်တလန့်ကြည့်ပြီး ကလေးကို ပြန်ငုံ့ကြည့်သည်။

" ဘုရား ဘုရား၊ ဟုတ်ပ့ါမလား အစ်ကို "

<<<http://www.shwezinu.blogspot.com/

" သိပ်ဟုတ်တယ်၊ ငန်းဂါဖျား အစစ်ပဲ "

" သိပ်ဟုတ်တယ်၊ ငန်းဂါဖျား အစစ်ပဲ "

ဖီးလစ်က ဂျူးဒစ်ကို တံခါးပေါက်ဆီသို့ အတင်းဆွဲထုတ်သွားသည်။ ဂျူးဒစ် အတင်းရုန်းထွက်ပြီး အိမ်ပြင်ထွက်သွားသည်။ ဖီးလစ်က ဒိုလားရက်စ်၏ လက်မောင်းကို ကိုင်ပြီး -

" ဖြစ်နေတာ ဘယ်လောက်ကြာပီလဲ ဒိုလားရက်စ် "

" နှစ်ရက် သုံးရက်ရှိပြီ၊ ဂျူးဒစ် ထွက်သွားပြီ၊ ဖီးလစ် လိုက်သွားတော့လေ"

" ဒီရပ်ကွက်ထဲမှာ အများကြီး ဖြစ်နေကြပြီလား "

" ဟုတ်တယ်၊ ရုတ်တရက် ဖြစ်လာတာ "

ဂျူးဒစ် သမင်လည်ပြန်ကြည့်ပြီး ကလေးအတွက် လိုအပ်တာတွေကို ပို့ပေးလိုက်မည်ဟုပြောကာ ရထားဆီသို့ ပြေးသွားသည်။ ရထားပေါ်ရောက်တော့ သူ့ကို မထိဖို့ သားအဖနှစ်ယောက်အား ဂျူးဒစ် ဒရောသောပါး ပြောသည်။ အိမ်ပြန်ရောက်ရောက်ချင်း ဂျူးဒစ် အမိန့်တွေ တရစပ် ထုတ်ပြန် တော့သည်။

ဖီးလစ်ကလေးက နားမလည်နိုင်စွာဖြင့် -

" ဟာ မဟုတ်တာ မေမေကလဲ၊ ကျွန်တော့်ဂတ်စုံပြာက အသစ်ကြီး ရှိသေးတာပဲ "

" သား မေမေပြောတဲ့အတိုင်း လုပ်စမ်း၊ ဖိနပ်တွေပါချွတ်ပြီး မီးရှို့ရမှာ၊ မပြီးမချင်း သားအနားကို ဘယ်သူမှ မကပ်စေနဲ့ "

သူတို့ သားအမိတစ်တွေ အိမ်ထဲကို ပြေးဝင်သွားကြသည်။ ကိစ္စအားလုံးပြီးတော့မှ အစိုးရိမ်လွန်ခဲ့မိသည့် အတွက် ဂျူးဒစ် ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။

ဖီးလစ်က မကျေမနပ်ဖြင့် ဗျစ်တောက်ဗျစ်တောက် လုပ်နေသည်။

" သူတို့အိမ်မှာ မိနစ်ပိုင်းကလေး ကြာခဲ့တာပဲ။ ပြီးတော့ နွေရောက်ရင် ငန်းဂါဖျား ဖျားနေကြတာ အဆန်းမှ မဟုတ်တာ "

ငန်းဂါဖျားကို ဂျူးဒစ် တစ်ခါမှ အနီးကပ် မမြင်ဖူးပေ။ သူ့လက္ခဏာတွေ မည်သို့ရှိသည်ကို ဂျူးဒစ် မေးကြည့်သည်။ ဖီးလစ် ရှင်းပြ၏။

" သိပ်သိသာတယ်။ မျက်လုံးတွေက နီရဲနေပြီး နှုတ်ခမ်းတွေ ခြောက်နေတတ်တယ်။ အန်ရင် အမည်းရောင်တွေ ပါလာတတ်တယ်။ ဒါပေမဲ့ ရောဂါဖြစ်နေတဲ့အိမ်ထဲ ဝင်မိရုံနဲ့ အဖျားမကူးနိုင်ပါဘူး "



<<http://www.shwezinu.blogspot.com/

ဂျူးဒစ် ခုမှ ဟင်းချနိုင်သည်။ ဒိုလားရက်စ်၏ ကလေးအတွက် အဝတ်စတချို့နှင့် အစားအသောက်တွေ ထုပ်ပြီး ကွင်းထဲမှ အလုပ်သမားတစ်ယောက်ကို ပို့ခိုင်းလိုက်သည်။

လေသာဆောင်တွင် ခြင်တွေသောင်းကျန်းသဖြင့် ညည့်သည်တွေ ညည့်ခန်းတွင်းသို့ စောစောဝင်ကြသည်။ ဂျူးဒစ် တော်တော်နှင့် ပေါ်မလာသဖြင့် ဖီးလစ် အခန်းထဲ ပြန်ဝင်လာပြီး မေးသည်။

" ဘာလို့ နောက်ကျနေတာလဲ "

ဂျူးဒစ် ခပ်လေးလေးဖြေသည်။

" ခုပဲ လာတော့မလို့ပါ အစ်ကို၊ ဂျူးဒစ် စဉ်းစားနေလို့ပါ "

" ဒိုလားရက်စ်အတွက်လား၊ စိတ်မကောင်းဖြစ်မနေပါနဲ့ကွာ၊ မင်း တာဝန်ကျေသွားပဲ၊ သူက လက်မခံတော့ ဘာတတ်နိုင်မှာလဲ "

" အဲဒီကိစ္စ တစ်ခုတည်းအတွက် မဟုတ်ဘူး အစ်ကို "

" အလို ဒါဖြင့် ဘာတွေများလဲဗျာ "

" ဟိုရပ်ကွက်ထဲ ဝင်သွားတော့ အစ်ကို သတိထားမိလားဟင်၊ အားလုံးလိုလို လူဖြူတွေချည်းပဲ "

ဖီးလစ် ပြတင်းပေါက် အပြင်သို့ ငေးကြည့်နေရာမှ -

" အင်း ပြောရမှာ ကောင်းတော့မကောင်းဘူး၊ တို့ကျွန်တွေထက်တောင် လူနေမှု အောက်တန်းကျသေးတယ် "

" ဂျူးဒစ်တော့ ဒါလောက် ဆိုးရွားတဲ့ဘဝမျိုး မမြင်ဖူးဘူး၊ သူတို့ဘာလို့ အဲဒီလို ဖြစ်နေကြတာလဲဟင် အစ်ကို "

" တို့ကကော ဘာလို့ ဒီလို ဖြစ်နေတာလဲ "

ဖီးလစ်က မေးခွန်းနှင့် ပြန်ဖြေလိုက်သည်။

<<<http://www.shwezinu.blogspot.com/

အခန်း (၁၄)

ညနေစာ စားပွဲကြီးကို ကြည့်ပြီး အင်း...ဝှါဘဂကတော့ ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံလှပါကလားဟု ဂျူးဒစ် တွေးနေသည်။ မုန်တိုင်းတွေကို ဖြတ်သန်းရင်း ဂက်သစ်ချမြိုင်သည် အထွတ်အထိပ် သို့ ရောက်ခဲ့ခြင်းဖြစ်လေသည်။

ပြတင်းပေါက်ကြီးတွေက ကြမ်းပြင်ထိ ဖွင့်လို့ရသဖြင့် လေတဖြူးဖြူးဝင်နေသည်။ ထမင်းစားပွဲရှည်ကြီးပေါ်မှ ကြက်ဆင်မွေး ဆွဲယပ်ကြီးကို အိမ်စေကောင်လေးတစ်ယောက် အခန်း တစ်ဖက်စွန်း မှ ဖြည်းဖြည်းမှန်မှန် လွှဲပေးနေသည်။ အိမ်ဖော်အမျိုးသမီးလေးတွေက ထမင်း၊အသားလွတ် ကြက်ပေါင်းနှင့် ပေါင်မုန့်နွေးများကို မလစ်ဟင်းရအောင် လိုက်ဖြည့်ပေးနေသည်။ နိုင်ငံခြားဖြစ်ပိုင်နှင့် ဧည့်သည်တွေ မြိန်မြိန် ရှက်ရှက် လွေးနေကြ၏။ အားလုံး ရင်းနီးသည့် မိတ်ဟောင်းဆွေဟောင်းတွေ ချည်းဖြစ် ၍ စကားဝိုင်းမှာ စိုပြည်လှ သည်။

ပါစယ်မိသားစုက ကလေး ငါးယောက်အနက် လေးယောက်ပါလာသည်။ အကြီးဆုံးမလေးက အိမ်ထောင် ကျသွားပြီ။ ဂျာဗာစီမှာ ခု အသက်၃၆နှစ်အရွယ်တွင် ဘွားအသက်လေးနှစ်ရနေပြီ။ စိန်ကလဲယားမိသားစုက သမီးချောနှစ်ယောက် ပါလာသည်။ အလန်နှင့် ဆီလ်ဗီဂျူဟန်တို့ အကြီးနှစ်ယောက် သာ ခေါ်လာသည်။ ကာလက်ရှာရမီက သူ့သား ရော်ဂျာနှင့်။

မတ်ရှာရမီ ကွယ်လွန်သည်မှာ လေးနှစ်ကျော်ခဲ့ပြီ။ သူနှင့် အံမဝင်သည့် ခေတ်ကြီးထဲမှ ဝင်္ကျွတ်သွားခြင်းပင်။ သူက လေ့ကြီးထိုး ရှိုးရိုး။ သစ်ဖြူတောက အရှိန် အဟုန်နှင့် ပြောင်းလဲနေ၏။ ကြွေထည်ပစ္စည်း အလှအပတွေနှင့်၊ ပိုးဖဲကတ္တီပါရောင် တဖိတ်ဖိတ်နှင့်။ ရော်ဂျာရှာရမီသည် အခြားအခြားသော ဒယ်လ်ရှိုင်း အထက်တန်းလွှာမှ လူငယ်များ နည်းတူ အပြစ်အနာအဆာကင်းစွာ ဂုဏ်သိက္ခာ တရှိန်ရှိန်တက်လျက်။ ဂျူးဒစ်က ဒိုလားရက်စ် အကြောင်းကာလက်ကို ပြောသင့်၊ မပြောသင့် စဉ်းစားသေးသည်။ နောက်မှမပြောဘဲ ထားဖို့ ဆုံးဖြတ် လိုက်သည်။

အစ်ကိုလုပ်သူက စီးပွားရေးအကူအညီသာ ပေးမည်ဖြစ်သည်။ ဒါကို ဒိုလားရက်စ်က အပြတ်ငြင်း ထားပြီး သား။ ထို့ကြောင့် ဒိုလားရက်စ်အား လေးစားသောအားဖြင့် ရှေငုံနေလိုက်ခြင်းဖြစ်သည်။

ထမင်းစားဝိုင်း မှာ သုံးနာရီကြာသည်။ ပထမတော့ သည်ဝလေ့နှင့် ဂျူးဒစ် အသားမကျ။ ခုတော့ အသားကျ သွားပြီ။ ထမင်းစားပွဲ ပြီးသည်နှင့် အစေခံတွေက ဧည့်သည်များ၏ မြင်းများကို ယူထုတ်လာကြ

<<http://www.shwezinu.blogspot.com/

သည်။ အဝေးဆုံးပြန်ကြမည့်သူတွေ၏ မြင်းများကို ဦးစားပေးပြီး အသင့်လုပ်ထားသည်။ ဒေးဗစ်က သူ့မြင်း ပါ ထုတ်ယူလာဖို့ အစေခံတွေကို ပြောလိုက်သည်။

'သားကို မေမေ စကား ခဏပြောချင်တယ်'

ဂျူးဒစ်က အပြင်ထွက်တော့မည့် သားကို လှမ်းပြောလိုက်၏။

'ရပါတယ် မေမေ'

ဒေးဗစ်က ခန်းမထဲလျှောက်သွားပြီး နောက်မှ လိုက်လာသည့် အမေကို စောင့်နေသည်။

'ဘာများလဲ မေမေရဲ့'

ဂျူးဒစ် သဲ့သဲ့မျှ ရယ်သည်။ ဘာမှ ရယ်စရာ တွေ့၍ မဟုတ်။ သားလုပ်သူကိုကြည့်ပြီး အားရ ကျေနပ် လွန်းသဖြင့် ဂုဏ်ယူစွာ ရယ်မိခြင်းဖြစ်သည်။

'ဒါက ဘယ်ကိုလဲ ပြောစမ်းပါဦး'

ဒေးဗစ်က ရယ်ပြီး-

'မေမေက ဘယ်လိုထင်လို့လဲ'

'နောက်ပိုးထွက်မလို့ မဟုတ်လား'

'သိသာနေလို့လား မေမေ'

ဒေးဗစ်ပြန်မေးလိုက်သည်။ သူ့ကုတ်အင်္ကျီတွင် ဇီဇဂါတစ်ပွင့်စိုက်လျက်။ ဇာနားသတ် မြင်းစီး လက်အိတ်ကို စွပ်ထားသည်။ ဂျူးဒစ်သည် သားသမီးများအပေါ် အချစ်ကို ညီမျှစွာ ခွဲဝေဖို့ ကြိုးစားသော် လည်း သားကြီးအပေါ်တွင် မဆိုစလောက်တော့ ပိုချင်သည်။ ဒေးဗစ်က ဖအေနှင့် တစ်ပုံစံတည်း။ ထို့ကြောင့် သူ့ကို နားလည်ဖို့ သိပ်မခက်လှပေ။

'ကဲ..မေမေ ပြောစရာရှိတယ် ဆို'

သားပခုံးပေါ်ကို လက်နစ်ဖက် တင်လိုက်သည်။

'သားကို မေမေ နမ်းမယ်နော်'

ဒေးဗစ်က ရယ်ပြီး မအေကိုဖက်ကာ ခေါင်းငုံ့ပေးသည်။ ပြီးတော့ မအေ့အနမ်းကို တုံ့ပြန်သည်။

'ကဲ ကျေနပ်ပြီလား'



<<http://www.shwezinu.blogspot.com/

'ကျေးဇူးပါပဲ သားရယ်၊ ဧည့်သည်တွေရှေ့မှာ သားကို နမ်းရင် သားမကြိုက် မှာစိုး လို့ မေမေစောင့် နေတာ။ ကဲ သွားတော့'

ဒေးဗစ် နှင်တံကိုဝှေ့ပြီး ထွက်သွားသည်အထိ ဂျူးဒစ် ပြုံးပြီး ကျန်ရစ်သည်။ အင်း…ကဲကို ကဲတယ်။ ဒါလောက် ပူပူလောင်လောင်ကြီးထဲမှာ လူပျိုလုပ်ညှိထွက်သတဲ့။ စိတ်ထဲမှ ချစ်စနိုး အပြစ်ဆိုနေမိသည်။ ညနေ ငါးနာရီထိုးပြီးဖြစ်သော်လည်း နေက ပူလို့ကောင်းတုန်း။

ဂက်သစ်ချပင်တန်းတစ်လျှောက် သူမြင်းစီးထွက်သွားပုံက ကြည့်လို့ကောင်းလှသည်။ ဒေးဗစ်သည် စိတ်မြန် လက်မြန်နှင့် ပြီးလွယ်ပျောက်လွယ်သမားဖြစ်သည်။ မိန်းကလေးများနှင့် ရောလွန်းသည်။ အဝတ် အစား အကောင်းကြိုက်လွန်းသည်။ မိဘစကားကို ပေါ့ပေါ့တန်တန် ထားလွန်းသည်ဟု ဖအေ လုပ်သူက ပေဖန်သည်။ ဂျူးဒစ်က သည်အပြစ်တွေကြောင့် စိုစိစိ ဒုတိယသားနှင့် ယှဉ်ပြီး ပိုချစ်နေ ရခြင်း ဖြစ်သည်။

သားထွက်သည်ကို မျက်စိတစ်ဆုံးကြည့်ပြီး အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ ကျန်ဧည့်သည်တွေ ကို နှုတ်ဆက်သည်။ ဧည့်သည်တွေ ရှင်းသွားသည်နှင့် မီးဖိုဆောင်သို့ ကူးခဲ့ပြီး ညလယ်စာအတွက် သစ်သီး တစ်မျိုးမျိုးရယ်၊ ပိုင်ရယ်၊ ဘီစကစ်ရယ် လုပ်ဖို့ အမိန့်ပေးလိုက်သည်။ သည်လို ညနေစာ စားပွဲအထူးပြုလုပ် သည့် ညများတွင် ညလယ်စာကို သူတို့ များများမစားနိုင်ကြတော့ပေ။

ဖီးလစ်ငယ်က အိမ်နောက်ဘက်မှ သူ့ငါးကန်ကို ဆေးကြောတိုက်ချွတ်နေသည်။

မီးဖိုဘက်တံခါးပေါက်မှ ထွက်ခဲ့ပြီး သားငယ်ကလေး အလုပ်လုပ်နေပုံကို ဂျူးဒစ် စောင့်ကြည့်နေ၏။ ကပ္ပလီကောင်လေးတွေ သူ့ကို ဝိုင်းကူလုပ်ပေးနေကြသည်။ ဖီးလစ်ငယ်ကလေးက သူတို့ကို တကယ့် အရှင်သခင်လို အုပ်ချုပ်စေခိုင်းနေသည်။

'သတိထားနော်၊ ရေထဲကို ဘာမှ မကျစေနဲ့။ ပြီးတော့ ငါ့ငါးတွေလုံးဝမလန့်စေနဲ့။ ရေကန်အပြင် ဘက် ကပဲ ပြောင်အောင်ဆေး။ မင်းတို့ကောင်းကောင်းအလုပ်လုပ်ရင် ငါ့အစ်ကို နောက်ထပ်ယူလာမယ့် ငါးတွေကို ငါပြမယ်။ ဟုတ်ပြီလား'

'ဟုတ်ကဲ့ အစ်ကိုလေး'

မည်းကောင်လေးတွေ သူ့ကို ဝိုင်းပြီး လုပ်အားပေးနေကြသည်။ သူတို့အထဲမှ ကောင်လေး တစ်ယောက်က ကွင်းထဲက အလုပ်အဝတ်အစားနှင့်။ ဂျူးဒစ် မျက်မှောင်ကြုတ်လိုက်သည်။ အိမ်စေတွေနှင့် စိုက်ကွင်းလုပ်သားတွေကို ခွဲခြားသိနိုင်အောင် အဝတ်အစား သတ်မှတ်ပေးထားသည်။ ကွင်းထဲက ကောင်လေးတွေကို ခေါ်မလာဖို့ အငယ်လေးကို ပြောထားရဦးမည်။

<<<http://www.shwezinu.blogspot.com/

စိုက်ကွင်းလုပ်သား အဖဝတ်နှင့် ကောင်လေးက ရေကန်ကို တိုက်ချွတ်နေရာမှ ရပ်ပြီး ကန်ထဲက ငါးကလေးကို ငုံ့ကြည့်နေသည်။ ပြီးတော့ရေပြင်ကို လက်နှင့်ပုတ်လိုက်၏။ ကောင်လေးကို ကွင်းထဲပြန်သွား ဖို့ ဂျူးဒစ်အော်ပြောမည့်ဆဲဆဲတွင် ဖီးလစ်ကလေးက ဒေါပွပြီး အော်ပါလေတော့၏။

'ဟေ့ကောင်၊ နောက်ဆုတ်စမ်း၊ မလုပ်နဲ့လို့ ငါပြောထားတယ်မဟုတ်လား'

'ခဏလေးပါ အစ်ကိုလေးရ' ဟု ပြောပြီး ကောင်လေးက ရေပြင်ကို ဆက်ပုတ်မြဲ ပုတ်နေသည်။ ဖီးလစ်က နောက်ထပ် မပြောတော့ဘဲ ကောင်လေး ကို ဆွဲထိုးတော့သည်။ ကောင်လေးမြက်ခင်းပေါ် လဲကျ သွား၏။ တခြားကောင်လေးတွေ ကြောင်ကြည့်နေကြသည်။

ဖီးလစ်ကလေးက နောက်ထပ်

'ဟေ့ မင်းတို့အလုပ် မင်းတို့ ဆက်လုပ်ကြ၊ ဟေ့ကောင် ဘန်နီ၊ မင်း ကန်ရေပြင်ကို လုံးလုံးမထိနဲ့'

အထိုးခံရသည့်ကောင်လေး မြက်ခင်းထဲမှ ကုန်းထသည်။ လက်သီးနှစ်ဖက်ကို ကြိတ်မနိုင် ခဲမရ ဟန်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်လျက်။ အသက်ကို ပြင်းပြင်းရှူနေသည်။

'လုပ်လေကွာ၊ အပြင်ဘက်ကို ဆေးစမ်း'

ဖီးလစ်ငယ်လေး က ထပ်အမိန့်ပေးသည်။ ဂျူးဒစ် ထသွားပြီး လှမ်းခေါ်သည်။

'အငယ် လာဦး'

နှစ်ခါ ထပ်ခေါ်မှ သူ ကြားသည်။

'ဟုတ်ကဲ့ မေမေ'

'ဒီကို လာခဲ့ဦး'

'ခဏနေပါဦး မေမေ ရဲ့ ကန်ဘေးက အပင်တွေ ရှင်းပါရစေဦး။ မကြာခင် တောထလာတော့မယ်'

'ဖီးလစ်၊ လာခဲ့လို့ ပြောနေတယ်'

သည်တော့မှ မလာချင့် လာချင်နှင့် လာသည်။

'ဘာလဲ မေမေ'

ဂျူးဒစ်က သားငယ်၏ ပခုံးပေါ် လက်တင်ပြီး-

'ကောင်လေးတွေကို မရိုက်ပါနဲ့လို့ မေမေ ဘယ်နှစ်ခါပြောရမလဲ'



<<http://www.shwezinu.blogspot.com/

ဖီးလစ်က ခေါင်းငုံ့ပြီး-

'အဲဒီ ဘန်နီဆိုတဲ့ ကောင်က ပြောလို့ကိုမရဘူး မေမေ၊ အငယ့်ငါးတွေ သေလိမ့်မယ်မေမေရ'

'မဆိုင်ဘူး အငယ်၊ မေမေ့စကားကို နားမထောင်တာဟာ နားမထောင်တာပဲ။ ကိုယ့်ကို ပြန်ပြီး မတိုက်ခိုက်နိုင် တဲ့ လူတစ်ယောက်ကို အနိုင်ကျင့်တာ ရှက်စရာကောင်းတယ် အငယ်'

ဖီးလစ် က မကျေမနပ်နှင့် နှုတ်ခမ်းစူထားသည်။

ဂျူးဒစ် စကားဆက်သည်။

'အစေခံတွေကို ဒီလိုဆက်ဆံတာ မတရားဘူး။ သူတို့ကို ခေါ်ခိုင်းခွင့်လည်း မင်းမှာမရှိဘူး။ သူ တို့ကို ပြန်လွှတ်လိုက်မယ်။ မင်းလည်း အခန်းထဲဝင်နေ၊ မခေါ်မချင်း မထွက်ခဲ့နဲ့'

'ဟာ... မေမေကလဲဗျာ၊ အဲဒီလို မလုပ်ပါနဲ့၊ ဘန်နီကို တောင်းပန်ဆိုရင် တောင်းပန်ပါ့မယ်။ အစ်ကိုကြီး က ရေကန်ရှင်းမထားရင် ငါးမပေးဘဲနေလိမ့်မယ်။ သူပြောတာ မေမေလည်း ကြားသားပဲ'

'နောက်နေ့ မှ ဆက်လုပ်၊ ကောင်လေးတွေကို လုံးဝမခေါ်ရဘူး၊ ကဲအိမ်ထဲဝင်'

'သိပ်စိတ်ညစ် ဖို့ ကောင်းတာပဲ'

'ဖီးလစ်ငယ်၊ အထဲဝင်'

သည်တော့မှ သူအိမ်ထဲဝင်သည်။ ဂျူးဒစ်က အိမ် အနောက် ဘက် မြက်ခင်းပြင် ကိုဖြတ်ပြီး ကောင်လေးတွေကို ပြန်ကြရန် အမိန့်ပေးလိုက်သည်။ ဖီးလစ် ထိုးလိုက် သည့် ကောင်လေး က သစ်ပင် အောက်တွင် ရပ်ပြီး ပေကတ်ကတ်လုပ်နေသည်။ တခြားကောင်လေးတွေ က ချက်ချင်း ထွက်ပြေးသွားကြ ၏။

'မင်းနာမည် ဘန်နီ ဟုတ်လား'

ချာတိတ်က မော်ကြည့်ပြီး မသိမသာ ဦးညွှတ်ရင်း-

'ဟုတ်ကဲ့ ဒေါ်ဒေါ်လေး'

သူ့မျက်နှာမှာ ဒေါသကြောင့် တင်းမာနေသည်။ ဂျူးဒစ်က သူ့ပခုံးကို ကိုင်ပြီး-

'မင်းရဲ့အစ်ကိုလေး ဖီးလစ်က မလုပ်နဲ့ပြောတာကို မင်းဖွတ်လုပ်တာ မင်းအမှားပဲ ဘန်နီ၊ ဒါပေမဲ့ သူ ဒီလိုလုပ်တာ ဒေါ်ဒေါ်က စိတ်မကောင်းပါဘူး၊ နောက် ဒီလိုမဖြစ်စေရဘူး သိလား'

ခေါင်းငုံ့ကာ သစ်ရွက်တစ်ရွက်ကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဆုတ်ဖြဲရင်း-

<<http://www.shwezinu.blogspot.com/

'ဟုတ်ကဲ့ ဒေါ်ဒေါ်လေး'

'မင်းက ကွင်းထဲက မဟုတ်လား၊ အိမ်ကြီးကို ဘာလာလုပ်တာလဲ'

'ဟုတ်ကဲ့၊ ကျွန်တော် ဂါကောက်နေတုန်း အစ်ကိုလေး ဖီးလစ်က ခိုင်းစရာရှိတယ်ဆိုပြီး ခေါ်လို့ လာတာပါ'

ယူကျုံးမရလေသံဖြင့် သူပြောနေသည်။ ဂျူးဒစ် သနားသွား၏။ ဘန်နီက သခင်မကို တစ်ချက် မော်ကြည့်သည်။ အသားက ကြေးညိုရောင်ဖျော့ဖျော့။ မျက်နှာအကျက လှပသေသပ်သည်။ မျက်တောင်ကော့ကြီးတွေအောက်မှ မျက်လုံးအစုံက အနက်ရောင်။ တဖျတ်ဖျတ်တောက်လို့။ သိမ်းငှက် တစ်ကောင်လို ရဲရင့်ဖျတ်လတ်မည့် ကိုယ်နေဟန် ရှိသည်။ ဆံပင်က ကပ္ပလီဆံပင်လို အဖုတ်လိုက် လိမ်ကပ်တွန့်ခွေနေသည့် ဆံပင်မျိုး မဟုတ်ဘဲ ပိုးမျှင်လို နူးညံ့ပြီး အလိုင်းလိုင်း ထ နေသည်။

ဂျူးဒစ်ခေါင်းထဲတွင် လျှပ်စီးတစ်ချက် ဝင်းလက်သွားသည်။ ချာတိတ်၏ လက်မောင်းကို အလန့်တကြား ဆုပ်ကိုင်လိုက်သည်။ သူ့ခန္ဓာကိုယ်ထဲက ကြည့်လိုက်သည့်အခါ ထင်ရှားလာသည့် သင်္ကာန် ပဲလား မသိ။ ရင်တွေ တဒိုင်းဒိုင်းခုန်လာသည်။ သေချာပါပြီ။ သည်ကလေးနှင့် မတွေ့ဖို့ အပြင်းအထန် ဆုံးဖြတ်ထားပါလျက် ဆုံဖြစ်အောင် လာဆုံနေသည်။ ဂက်သစ်ချမြိုင်တွင် သည်အရွယ် လူမည်း ကလေးတွေ အများကြီးရှိသည်။ တခါမျှ ဂျူးဒစ် စေ့စေ့မကြည့်ခဲ့ရဲ။ အစ်ကိုကော သူ့ကို သိနေမလား။ သိစရာတော့ အကြောင်းမရှိ။

ချာတိတ်က သူ့သခင်မ ဘာများပြောမလဲဟု ခပ်အေးအေး အမူအရာဖြင့် စောင့်နေသည်။ သူ့အမူအရာက လုံး၀ ကျေးကျွန်မဆန်၊ ဂျူးဒစ် စကားမပြောမိအောင် ကြိုးစားနေ၏။ မသေ မချာဖြင့် ပြန်လွှတ်လိုက်လျှင် အကောင်းဆုံးဖြစ်မည်ကို စဉ်းစားမိ၏။

သို့သော် မမေးဘဲလည်း မနေနိုင်။ သိချင်စိတ်ကို မတားဆီးနိုင်တော့။

" မင်း ... မင်းအမေက ဘယ်သူလဲဟင် "

အထစ်ထစ် အငေ့ါအငေ့ါဖြင့် ဂျူးဒစ် မေးလိုက်သည်။

ဘန်နီက တော်တော်နှင့် ပြန်မဖြေ။ သခင်မက သူ့အပေါ် ကြင်နာမှုတွေ ပြနေ၍ ဘန်နီအားတုံ့အားနာ ဖြစ်လာသည်။ မျက်ရည်တွေ လည်လာ၏။

" အမေ့ .... အမေ့ နာမည်က အိန်ဂျဲ ... အိန်ဂျဲလစ်ပါ ဒေါ်ဒေါ်လေး "

ဘာကြောင့်မှန်းမသိ ဂမ်းနည်းလာပြီး သစ်ပင်ကိုမှီကာ ဘန်နီ ငိုချလိုက်သည်။

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ်က ဘန်နီငိုနေသည်ကို ငေးကြည့်နေမိသည်။ သည်ကလေး အသက်ထင်ရှားရှိနေပြီး မိမိရှေ့တွင် တကယ်ရောက်နေသည် ကို အထိတ်တလန့် ငေးကြည့်နေသည်။ ဘန်နီက စိတ်ထိန်းပြီး အငိုတိတ်ဖို့ ကြိုးစား သည်။ မရသည့် အဆုံးတွင် သခင်မရှေ့မှာ ရှိုက်ကာရှိုက်ကာဖြင့် ရင်ဖွင့်လေ တော့၏။

" ကျွန်တော် လူမည်းဖြစ်ရတဲ့ အတွက် သိပ်ဂမ်းနည်းတယ် ဒေါ်ဒေါ်လေး "

ဘာလုပ်ရ မှန်း မသိလိုက်ဘဲ ဘန်နီကို ဂျူးဒစ် ရင်ခွင်ထဲ ဆွဲပွေ့လိုက်မိသည်။ သူ့ရင်ခွင်ထဲတွင် ဘန်နီ သည်းထန် စွာ ငိုကြွေးလေသည်။ ဂျူးဒစ်က ရင်နင့်ကြေကွဲစွာ သူ့ကို ဖက်ထားလိုက်၏။ သည်ကလေး၏ ဘဝမှာ မိမိ အဖြစ်ထက် ဆိုးရွားနေပါကလား။

ခဏနေပြီး ဘန်နီက သခင်မ ရင်ခွင်ထဲက ရုန်းထွက်လိုက်သည်။ မျက်ရည်ကျမိသည့်အတွက် ဘန်နီ ရှက်နေ သည်။ သို့သော် ဂျူးဒစ်က သူ့ကို ပြန်ဆွဲလိုက်ပြီး -

" လာပါကွယ်၊ ခဏထိုင်ပါဦး" ဟုဆိုကာ လှေကားထစ်ဆီသို့ တွဲခေါ်သွားသည်။ နေဂင်လုပြီ။ ဘန်နီက သူ့ခြေချောင်းကလေးများကို မြက်ခင်းထဲတွင် ချပြီး လက်နှစ်ဖက်နှင့် ချိုးနေရင်း -

" ကျွန်တော် သိပ်ကလေးဆန်သွားတယ်ဗျာ၊ သိပ်ရှက်ဖို့ ကောင်းတာပဲ။ ဘယ်သူမှ မပြောပါနဲ့နော် ဒေါ်ဒေါ်လေး "

" မပြောပါဘူးကွယ် ၊ မပြောပါဘူး "

နှစ်ယောက်သား ရုတ်တရက် ဘာမှမပြောကြဘဲ ငြိမ်နေကြသည်။ ဂျူးဒစ်က ချာတိတ် ၏ပခုံး ကို နောက်တစ်ခါ သိုင်းဖက်ပြီး မချိတင်ကဲလေသံဖြင့် -

" မင်းကို လူဖြူဖြစ်အောင် လုပ်မပေးနိုင်တာ စိတ်မကောင်းပါဘူး ကလေးရယ် "

ဂျူးဒစ် ၏ ကရုဏာသည် ဘန်နီအတွက် ပေါက်ကွဲစရာဖြစ်လာသည်။ လေသံပြတ်ဖြင့် -

" ဒါပေမဲ့ ကျွန်တော်က အဖေ့ထက်လည်းဖြူတယ်၊ အမေ့ထက်လည်း ဖြူတယ် "

" မင်းအဖေ က ဘယ်သူလဲ "

ဂျူးဒစ် ခပ်တိုးတိုးမေးလိုက်သည်။

" ကလော်ဒီပါ၊ မဲနယ်ခင်း အလုပ်သမားလေ။ ကျွန်တော့်အဖေအရင်း မဟုတ်ဘူး ထင်ပါတယ်။ ကျွန်တော့် အဖေ က လူဖြူလို့ ပြောကြတာပဲ "

ပေါင်ပေါ် မှ ဂျူးဒစ်၏ လက်ချောင်းကလေးများသည် လက်သီးဆုပ်အသွင်သို့ ပြောင်းသွားသည်။

<<http://www.shwezinu.blogspot.com/

" ဘယ်သူလို့ မပြောကြဘူးလား "

" သခင်တစ်ယောက်လို့ ပြောတာပဲ။ ကျွန်တော်လည်း သေသေချာချာ မသိပါဘူးဗျာ "

ဘန်နီ က စိတ်ရှုပ်ဟန်ဖြင့် စကားဖြတ်သည်။

" မင်းအမေကကော ဘာမှ မပြောဘူးလား "

" အမေက ဒီအကြောင်း မပြောရဘူးတဲ့။ လူမည်းတွေ သူတို့အဖေလူဖြူပါလို့ပြောရင် သခင်က ချက်ချင်း ရောင်းထုတ် ပစ်တတ်တယ်တဲ့။ ပြီးတော့ ကျွန်တော်က အသားပိုဖြူလို့ အဖေ့သား မဖြစ် နိုင်ဘူး လို့ပြောတော့ အဖေစိတ်မကောင်းဖြစ်တယ်လေ "

ဘန်နီ ခေါင်းငိုက်စိုက်ချပြီး ပြောနေခြင်းဖြစ်သည်။

" ကျွန်တော်က ကပ္ပလီလည်း ဆိုသေးတယ်။ သူတို့တစ်တွေလိုလည်း မမည်းဘူး။ သိပ်စိတ်ညစ်တာပဲ ဒေါ်ဒေါ်လေးရာ"

" အေးကွယ်၊ မင်း ဘယ်လိုခံစားနေရတယ်ဆိုတာ သိပါတယ် "

နှစ်ယောက်သား စကားစ ပြတ်သွားကြပြန်သည်။

ဘန်နီ က လူဖြူသခင်မနဲ့ တစ်ခါမှ စကားမပြောဖူး၍ အနေရအထိုင်ရ ကျပ်နေသည်။ ပြန်ချင် လှပြီ။ မြက်ပင်ကလေးများကို ခြေထောက်နှင့် ကန်နေသည်။ မှောင်စပြုလာသော မိုးကုပ်စက်ဝိုင်းဆီသို့ ဂျူးဒစ် ငေးကြည့်နေသည်။ နေလုံးကြီး ငုပ်လျှိုးဆင်းသက်သွားသည့် မြစ်ပြင်နေရာတွင် ရွှေရောင် လင်းနေရစ်၏။

ဂျူးဒစ် နှုတ်ခမ်း ကို ကိုက်ထားလိုက်သည်။ သည်ကလေးမှာ ဘာအပြစ်မှမရှိရှာပါ။ ခွင့်လွှတ်ခြင်းနှင့် မေတ္တာတရားအကြောင်းကို ဘန်နီ့အမေတရားပြခဲ့သည်ကို ပြေးသတိရလိုက်သည်။ ဘန်နီ ဦးခေါင်း ကို အသာဆွဲယူပြီး ပခုံးပေါ်သို့ မှေးထားလိုက်သည်။ အသံတိုးတိုးဖြင့် နားနား ကပ် ခေါ်လိုက်သည်။

" ဘန်နီ၊ မင်းမပြန်ခင် ငါ တစ်ခုပြောမယ် "

" ဟုတ်ကဲ့ ခင်ဗျ "

" မင်း သိပ်စိတ်ညစ်တာပဲဆိုတာ ဘာကို စိတ်ညစ်တာလဲဟင် "

" ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော် ပြောမပြတတ်ဘူး "

" လူတိုင်းမှာ စိတ်ညစ်စရာ တစ်မျိုးမျိုး ရှိကြတာချည်းပဲကွယ် "

<<<http://www.shwezinu.blogspot.com/

" လူဖြူတွေ မှာ စိတ်ညစ်စရာရှိတယ်၊ ဟုတ်လား "

ဂျူးဒစ်က သူ့ဦးခေါင်းကို ရင်ခွင်ထဲထည့်ပြီး ဆံပင်ကို ပွတ်ပေးရင်း -

" ရှိတယ် ဘန်နီ၊ လူဖြူတွေမှာလည်း စိတ်ညစ်စရာရှိတယ် "

ဘန်နီ နားမလည်နိုင်အောင် ဖြစ်နေသည်။ ဂျူးဒစ် စကားဆက်သည်။

" ရင်ထဲမှာ စွဲနေတဲ့ဝေဒနာကို ဘယ်သူမှ ယူပစ်လို့မရဘူး ဘန်နီ၊ ဒါပေမဲ့ ကြာလာရင် ထုံသွားတတ်ပါတယ်ကွယ် "

ဘန်နီက ဂျူးဒစ် ဆက်ပြောမည့် စကားများကို နားစွင့်နေသည်။ ဂျူးဒစ်က သူပြောတာတွေ သည်ကလေး နားလည်နိုင်ပါ့မလားဟု တွေးနေ၏။

" ဒေါ်ဒေါ်လေး မှာလည်း စိတ်ညစ်စရာရှိတယ် ဟုတ်လား "

" ရှိတာပေါ့ကွယ် "

" စိတ်ညစ်လာရင် ဘာလုပ်သလဲဟင် "

" ဘာမှမလုပ်ဘူး၊ ဘာမှလုပ်လို့လည်း မရဘူး၊ မင်းလိုပဲ ကြိတ်မှိတ်ခံစားနေရတာပဲပေါ့ "

" ဟုတ်လား "

ဘန်နီက ခေါင်းထောင်ပြီး ဂျူးဒစ်ကို မော်ကြည့်သည်။ ပြီးတော့ ဂက်သစ်ချမြိုင်အိမ်ကြီးကို တစ်ချက် ဝေ့ကြည့်သည်။ သည်လို နန်းတော်ကြီးထဲမှာ နေတဲ့ လူဖြူတွေ စိတ်ဆင်းရဲစရာ ရှိတယ်တဲ့၊ ဟုတ်နိုင် ပါ့မလားဟု ဘန်နီတွေးနေ၏။ မှောင်စပြုပြီ။ မကြာခင် အစေခံတွေ မီးဖိုဆောင် တွင် ညစာ အတွက် အလုပ်ရှုပ်ကြတော့မည်။

" ကဲ ... ဘန်နီ ပြန်တော့နော်၊ မင်းအမေ မျှော်နေမယ်၊ နောက်ကို အိမ်ကြီးဆီ မလာခဲ့နဲ့ သိလား "

" ဟုတ်ကဲ့ "

" မင်းအမေ နေကောင်းရဲ့လား "

မနည်းအားယူပြီး မေးလိုက်ရခြင်းဖြစ်၏။

" နေကောင်းပါတယ် "

" နောက်ကလေး ရသေးလားဟင် "

<<http://www.shwezinu.blogspot.com/

" ဟုတ်ကဲ့ "

" ငါမေးတယ်လို့ ပြောလိုက်ပါကွယ် "

" ဟုတ်ကဲ့ "

"ဂွတ်နိုက် ဘန်နီ"

"ဂွတ်နိုက် "

ကွင်းထဲသို့ ဘန်နီ ပြန်ပြေးထွက်သွားသည်ကို ဂျူးဒစ် စောင့်ကြည့်နေသည်။ ပြီးတော့ တိုင်တစ်တိုင်ကို ကိုင်ပြီး နဖူးနှင့် မှေးထားလိုက်ရ၏။ ဘန်နီ့ကို ရင်ထဲက ဝေဒနာဆိုတာ ကြာရင် ထုံသွားတတ်တယ်ဟု မယုံကြည်ဘဲနှင့် ပြော လိုက်ခြင်းဖြစ်၏။ ကိုယ်တွေ့ပဲလေ၊ သည်ကလေးနှင့် ဘယ်တော့ မှ ပြန်မတွေ့ချင်တော့။

အိမ်စေတစ်ယောက် အိမ်မကြီးကိုပတ်ပြီး နောက်ဖေးဘက်သို့ လျှောက်လာနေသည်။ ဦးထုပ်ကို လက်နှစ်ဖက်နှင့် ချွတ်ကိုင်ပြီး အရိုအသေပြုသည်။

ဂျူးဒစ် အိမ်ထဲ ဝင်ခါနီးဆဲဆဲဖြစ်၏။

" ဘာလဲဟဲ့ "

" ဟိုလူဖြူအမျိုးသမီး က မမလေးပို့ခိုင်းတဲ့ ပိတ်စတွေကို ပြန်ယူသွားခိုင်းတယ် ခင်ဗျ "

" သူက ဘယ်လိုပြောလဲ "

" မလိုတော့ဘူးတဲ့၊ ကလေးလည်း သေသွားပြီတဲ့ "

" ဟယ် ဒုက္ခပါပဲ "

မြန်ဆန်လွန်း လှပါကလား။ သည်ငန်းငါဖျားသည် ကလေးများ၏ ခန္ဓာကိုယ် တစ်ခုမှ တစ်ခုသို့ တစ်မှ ဟုတ်ချင်း ကူးစက်နေလေသည်။

" ဒါပေမဲ့ ကျွန်တော် အတင်းထားပစ်ခဲ့တယ် မမလေး၊ ကလေးရဲ့ အလောင်းကို ပတ်ဖို့တော့ အသုံး ကျမှာပါ "

" အေး နင်ပြောတာ ဟုတ်တယ် "

အိမ်ထဲကို ပြန်ဝင်ခဲ့သည်။ ညှော်ခန်းမှ ဖယောင်းတိုင်မီးရောင်သည် စကြံလမ်းများပေါ်တွင် ရေးရေးမျှ အရောင် ဟပ်လေသည်။ အလို ... ဗီးလစ် အော်ခေါ်နေသံပါလား။ သူ့ကို လုံးဝမေ့နေခဲ့သည်လေ။ ခုထက်ထိ

<<http://www.shwezinu.blogspot.com/

အခန်းထဲမှာ အောင်းနေရှာတယ်။ သူ့ကို တစ်ညလုံးများ အခန်းထဲမှာ အပြစ်ပေးထားမယ် ထင်နေ လား မသိ။ ထမင်းစားခန်းထဲမှ ဖယောင်းတိုင်တစ်တိုင်ကို အပြေးအလွှား ဆွဲယူပြီး သူ့အခန်းထဲ သို့ ဝင်သွားသည်။

" မေမေ လာပြီ သား၊ ထွက်ခဲ့တော့လေ "

အခန်းကျယ်ကြီးဖြစ်၍ ရုတ်တရက် ဖီးလစ်ကလေးကို မမြင်ရသဖြင့် -

" သားလေး အငယ်၊ မင်း ဘယ်မှာလဲ "

ခုတင်ဆီက သူ့အသံသဲ့သဲ့ ကြားရသည်။ ကျိတ်ငိုနေတာများလား။ ခြင်ထောင်ကို မ တင်ပြီး -

" အငယ် ... မင်း မရှက်ဘူးလား၊ မကြီးမငယ်နဲ့ "

သူက ခုတင် ကို ကန့်လန့်ဖြတ်ပြီး ခေါင်းအုံးထဲတွင် မျက်နှာပုက်ထားသည်။ ပေပေလေး၊ ဖိနပ်မချွတ်ဘဲ အိပ်ရာပေါ် တက်အိပ်နေသည်လေ။ အိပ်ရာခင်းတွင် သူ့ဖိနပ်မှ ရွှံ့တွေ ပေကျံနေ သည်။

ဂျူးဒစ် က သူ့အပေါ်မှိုးပြီး ဆွဲလှန်လိုက်သည်။ လည်ချောင်းထဲမှ လာသည့် အသံမျိုး သူ့ဆီမှ ထွက်လာသည်။

" ဘုရား .... ဘုရား "

ဂျူးဒစ်က အလန့်တကြား ဘုရားတပြီး ဖီးလစ်ကလေးကို အတင်းပွေ့ထားလိုက်သည်။ မျက်လုံးတစ်ခုလုံး ဟသ်ပဒါး လို ရဲရဲနီနေပြီ။ နှာခေါင်းဖျားနှင့် နှုတ်ခမ်းတွေမှာ ပြာနှမ်းနှမ်းဖြစ်နေ၏။

အမေ့ကို သိုင်းဖက်ပြီး ရင်ခွင်ထဲတွင် မျက်နှာအပ်ထားသည်။ အမေ့ရင်ခွင်က သူ့ဝေဒနာ ကို ပျောက်ကင်းစေနိုင် သည်ဟု ယုံကြည်နေသည့်အလား။ မျက်နှာတစ်ခုလုံး ချစ်ချစ်တောက် ပူနေ၏။

" မေမေ ကလည်း သားခေါ်လိုက်ရတာ မေမေရာ၊ မေမေ မကြားဘူးဟုတ်လား "

အာလေးလျှာလေးဖြင့် သူပြောသည်။ ဂျူးဒစ်ရင်ထဲ ဆို့သွားသည်။ သူ့ကို ခေါင်းအုံးပေါ် အသာပြန်ချပြီး -

" ဟုတ်တယ် သားရယ်၊ မေမေ မကြားလိုက်ဘူး၊ သားက လိမ္မာတယ်၊ ခဏလေး လှဲနေလိုက်နော်၊ သားအဝတ်တွေ ကို မေမေ ချွတ်ပေးမယ်၊ သားဘယ်တုန်းကတည်းက ဖျားနေတာလဲဟင် "

သို့သော် သူပြန်ပြောသမျှကို ဂျူးဒစ် နားမလည်တော့။ သူ့အဝတ်တွေကို ဆွဲချွတ်ပြီး ညဝတ်အင်္ကျီ စွပ်ပေးလိုက် သည်။ အခင်းတွေ ပါ ဆွဲယူလိုက်၏။ အထိတ်တလန့်ဖြစ်နေသည့် စိတ်လှုပ်ရှားမှုကို သတိနှင့် ထိန်းရင်း လက်တွေ တဆတ်ဆတ် တုန်နေသည်။

<<http://www.shwezinu.blogspot.com/

ဖြစ်နိုင်ပါ့မလား။ ဒါလောက် ရှင်းရှင်းသန့်သန့် ဂရုတစိုက် မွေးထားတဲ့ လူတန်းစားရဲ့ ကလေးတွေမှာ ဒီရောဂါ မျိုး ပင်နိုင်ပါ့မလား။ စောင်လွှမ်းပေးပြီး နဖူးကို စမ်းကြည့်လိုက်သည်။ ညစာလင်ပန်း ကို ကိုင်ပြီး အပေါက်ဝ တွင် ပေါ်လာသည့် အိမ်စေတစ်ယောက်အား အသံကို အတတ်နိုင်ဆုံး ထိန်းပြီး -

" နင်တို့ အစ်ကိုလေး ကို သွားရှာစမ်း၊ မြန်မြန်လာခဲ့ပါလို့ ပြော "

ခဏနေတော့ ဗီးလစ် ရောက်လာသည်။

" ဘာဖြစ်လို့လဲဟင် ဂျူးဒစ် "

ဂျူးဒစ် ဘာမှပြောမထွက်ဘဲ ဗီးလစ်ကလေးဆီသို့ မျက်လုံးဝေ့ပြလိုက်သည်။

" ဟော့ အငယ်၊ ဘာဖြစ်လို့လဲ၊ အစာများသွားလို့လား "

ခုတင်ပေါ်တွင် ထိုင်ပြီး အငယ်လေးကို မြင်လိုက်တော့ ဗီးလစ် လည်ချောင်းထဲ တစ်ဆို့ဆို့ ဖြစ်သွားသည်။ သားကလေးကို ကောက်ပွေ့လိုက်တော့ သူ့ကိုယ်လေးမှာ တဆတ်ဆတ်တုန်တက်နေ သည်။

"ဘုရား ဘုရား "

ဗီးလစ်ငယ်လေး က ခေါင်းထောင်ကြည့်ပြီး တစ်ချက်ညည်းလိုက်သည်။ သူ့ပမ်းခေါင်းထဲမှ ဆူဆူညံညံ အသံတွေ ထွက်လာသည်။ တစ်ဆက်တည်းတွင် ကြို့ထိုးသလို ဖြစ်လာပြီး ခေါင်းအုံး ပေါ်သို့ မည်းမည်း ရည်တွေ ဒလဟော အန်ချလိုက်သည်။ ပြီးတော့ ပျော့ခွေကျသွားတော့၏။

ဗီးလစ် ထရပ်လိုက်သည်။ ရုတ်တရက် မလှုပ်မယှက်ဖြစ်ပြီး ရပ်နေသည်။ ဂျူးဒစ်နှင့် မျက်လုံးချင်း ဆုံမိကြသည်။ ဂျူးဒစ် မျက်နှာမှ အကြောမျှင်ကလေးများ တဆတ်ဆတ် တုန်နေသည်။

ဗီးလစ်ငယ် ကလေး နောက်တစ်ချီ အော့လာပြန်သည်။ သို့သော် ဘာမှ ထွက်ကျမလာတော့။ မရှိ မဆုံ့ အော်ပြီး တစ်ချက်ညည်းသည်။ ဖအေလုပ်သူက တုန်တုန်ယင်ယင်ဖြင့် မျက်လုံးအစုံကို လက်နှစ်ဖက်နှင့် ပိတ် ထားလိုက်၏။

နောက်ဆုံးတွင် ခေါင်းမော့လာပြီး -

" ဂျူးဒစ်၊ လာ၊ အိပ်ရာကို လဲပစ်လိုက်ကြရအောင်၊ ဟောဒီ ခေါင်းအုံးတွေ၊ အိပ်ရာခင်းတွေအားလုံး မီးရှို့ ပစ်ခိုင်းလိုက် "

ဂျူးဒစ်က ဗီရိုထဲမှ အိပ်ရာခင်းအသစ်တွေကို ထုတ်ယူလိုက်သည်။ ဘာမှမပြောတော့။ လှုပ်ရှားပုံက စက်ရုပ် တစ်ခုအလား။ လင်တော်မောင်၏ အထိတ်တလန့်နှင့် စိတ်ပျက်အားလျော့နေပုံကို မကြည့် ဘဲ မြင်နေရသည်။ ငန်းဂါဖျား ကပ်ဘေးနှင့် ပထမဆုံး နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လိုက်ရခြင်း။



<<http://www.shwezinu.blogspot.com/

မနက်ခြောက်နာရီတွင် လေသာဆောင်၌ ရပ်နေသည့် ဖအေလုပ်သူဆီသို့ ဒေးဗစ်လျှောက်လာသည်။

" မေ့မေ့ ကို အခန်းထဲပို့ပြီး အတင်းနားခိုင်းခဲ့တယ်၊ ယိုင်နေပြီ ဖေဖေ "

" အေး ... ဖေဖေ သွားကြည့်လိုက်ပါ့မယ် "

လွန်ခဲ့ သည့် ဆယ့်ငါးမိနစ်ကမှ ဗီးလစ်ငယ်အခန်းထဲမှ သူထွက်လာခဲ့သည်။ သားကလေး ခံစားနေရပုံကို ဆက်မကြည့်ရက်တော့ သဖြင့် ထွက်ခဲ့ခြင်းဖြစ်၏။

" ဒေးဗစ်၊ ဖေဖေ ဒီနေ့ ကွင်းထဲ မဆင်းတော့ဘူး၊ သား ကြည့်လိုက်နော် "

" ဟုတ်ကဲ့ပါ ဖေဖေ၊ တခြား ဘာခိုင်းစရာများ ရှိသေးလဲ "

" အစေခံတွေကို ပြောထား၊ ဖေဖေ့အမိန့်မရဘဲ ဘယ်သူ့တောကိုမှ မကူးရဘူး။ မီးဖိုဆောင်ကို လည်း အမိန့်ထုတ်လိုက်၊ ခြံထွက် အစားအစာက လွဲပြီး ဘာမှ မချက်ရဘူး။ သား အပြင်မထွက်ခင် မမ်မီကိုရှာပြီး ရီတာ့ကို ကလေးခန်းထဲက ဘယ်မှ မထွက်စေနဲ့လို့ မှာထားခဲ့။ မေမေ့ဆီကိုလည်း မသွားရဘူး။ ဗီးလစ် ကလေး အခန်းထဲ ဝင်လာတဲ့လူ အားလုံးနဲ့ မတွေ့ရဘူးလို့ နားလည်တယ်နော် "

" ဟုတ်ကဲ့ပါ ဖေဖေ "

ဒေးဗစ်အသံမှာ တိုးလွန်းနေသည်။ ပထမဆုံး ကြုံရသည့် ကပ်ဘေးဖြစ်၍ အထိတ်တလန့်ဖြစ်ကာ ခါတိုင်း လို ဟန်ကိုယ့်ဖို့ အမူအရာ မပြနိုင်တော့ပေ။ အဖေလုပ်သူ၏ တိကျသည့် ညွှန်ကြားချက်များ ရရှိ၍ ဝမ်းသာနေ ရသေးသည်။

ဒေးဗစ် အိမ်ထဲဝင်သွားသည်။ ဗီးလစ်က ဂျူးဒစ်ရှိရာ အိပ်ခန်းဆီသို့ သုတ်ခြေတင်သွား၏။ သားငယ်၏ အခန်း ထဲတွင် ညဥ့်လုံးပေါက် တစ်မှေးမှ မမှေးဘဲ ဂျူးဒစ် ပြုစုနေခဲ့၏။ တည်ငြိမ်စွာဖြင့် လုပ်စရာရှိသည် များကို လုပ်သွားသည်။ ဗီးလစ်ငယ်လေး အော်ဟစ်ညည်းတွားသည့် အခါတွင်သာ နားထောင်နိုင်စွမ်း မရှိ သလို မျက်နှာကို ငုံ့ချထားသည်။

အခန်းတံခါးကို ဖွင့်လိုက်သည်။ ခုတင်ပေါ်တွင် ကန့်လန့်ဖြတ် လှဲချပြီး ဂျူးဒစ်တစ်ယောက်တည်း ကျိတ်ငိုနေ သည်။ ဗီးလစ်က နံဘေးတွင် ဝင်ထိုင်ပြီး ဖိနပ်နှင့် အဝတ်တွေကို ချွတ်ပေးသည်။

" သားလေး အနားမှာ ခရစ္စတင်း ရှိနေတာပဲ ဂျူးဒစ်ရယ်၊ တစ်ရေးလောက် အိပ်လိုက်ပါလားဟင် "

လင်တော်မောင် ၏ လည်ပင်းကို သိုင်းဖက်ပြီး ရင်ခွင်ထဲတွင် မျက်နှာအပ်ကာ -

" ဘယ်လိုလုပ် အိပ်နိုင်မှာလဲ အစ်ကိုရယ်၊ သူ သေရမယ်ဆိုရင်လည်း ဘာပြုလို့ ဒါလောက်တောင် ခံစားပြီး မှ သေရမှာလဲဟင် "



<<http://www.shwezinu.blogspot.com/

" အို ဂျူးဒစ်ကလဲကွယ်၊ သေရမယ်လို့ အတပ်မပြောနိုင်ပါဘူး၊ ဖြစ်တဲ့လူတိုင်း သေတာမှ မဟုတ်တာ၊ ငန်းဂါဖျားဖြစ်ပြီး တစ်ဂက်လောက် မသေကြဘူးလေ "

ဂျူးဒစ် ခေါင်းယမ်းသည်။

" မရတော့ပါဘူး အစ်ကိုရယ် "

နောင်တကြီးစွာ ရနေသည့် လေသံဖြင့် ဂျူးဒစ် စကားဆက်သည်။

" သူ့ကိုယ်ဂန် ရှိတုန်းက ဂျူးဒစ် ဘာလုပ်ခဲ့တယ်ဆိုတာ အစ်ကို မှတ်မိတယ်နော် "

" ဂျူးဒစ် ရယ် အစ်ကို တောင်းပန်ပါတယ်ကွာ၊ တော်ပါတော့ "

သို့သော် နှစ်သိမ့်စကားတို့ကို ဂျူးဒစ် နားမဂင်တော့ပြီ။

" သူ့ကို ဂျူးဒစ် သတ်ဖို့ကြိုးစားခဲ့တယ်၊ မအောင်မြင်ခဲ့တော့ ဂျူးဒစ် ဘာဆက်လုပ်မလဲဆိုပြီး ဘုရားသခင် က ၁၁ နှစ်တိတိ စောင့်ကြည့်လာတာ။ တစ်ညလုံး အဲဒီအကြောင်းပဲ ဂျူးဒစ် တွေးနေမိတယ် အစ်ကို "

ဖီးလစ်ကလေး ၏ ငိုညည်းသံသဲ့သဲ့ ကြားရသည်။ ဖီးလစ် တုန်တုန်ယင်ယင် ဖြစ်လာ၏။ ဂျူးဒစ်က နားနှစ်ဖက် ကို ပိတ်လိုက်သည်။ ပြီးတော့မှ ပုန်းခန်း ထ ထိုင်ပြီး -

" ဂျူးဒစ် သွားပါရစေ အစ်ကိုရယ် "

ဖီးလစ်က သွားခွင့်မပေးဘဲ အတင်းတားထားသည်။ ဒေးဗစ် ပြောသလိုပင် သူ့အမေမှာ ယဲ့ယဲ့သာ ကျန်တော့ သည်။

" အစေခံတွေက လိုအပ်ရင် ခေါ်မှာပေါ့ကွယ်၊ အသေအချာ ပြောထားတာပဲဟာ "

သို့သော် ဂျူးဒစ် က မလျှော့သေးဘဲ -

" သူ အပြင်းအထန် ခံစားရတဲ့အခါ အမေ ဖက်ထားမှ သက်သာမှာပေါ့ အစ်ကိုရဲ့၊ အစေခံတွေက ဘာလုပ်တတ် လို့လဲ၊ သူတို့က သူ့အမေမှ မဟုတ်တာ "

ဖီးလစ် လက်လျှော့လိုက်ရသည်။ မွန်းလွဲပိုင်းတွင် ဖီးလစ်ကလေး မောမောပန်းပန်းနှင့် အိပ်ပျော်သွားသည်။ သည်တော့မှ ဂျူးဒစ်လည်း မေးရတော့၏။ ကြမ်းပြင်ပေါ်တွင် မွေ့ရာတစ်ခုချပြီး အိပ်လိုက်ခြင်းဖြစ်သည်။

<<<http://www.shwezinu.blogspot.com/

ဒေးဗစ်က အဖေလုပ်သူကို အပြင်ခေါ်ထုတ်ပြီး အခြေအနေကို တင်ပြသည်။ အလုပ်သမား တန်းလျားတွင် ငန်းဂါဖျားသမား လူနာ သုံးဦးရှိနေပြီ။ လူနာသုံးယောက်ကို သီးသန့်ခွဲထားခိုင်းပြီး သူတို့အနားသို့ ဘယ်သူမှ မသွားရဟု အမိန့်ထုတ်ထားလိုက်သည်။

ဖီးလစ်က ခရစ္စတိုဖာကို သစ်ဖြူတောသို့ လွှတ်ပြီး ရီတာကလေးကို ပို့ထားချင်ကြောင်း ကာလက်ဆီသို့ အကြောင်းကြား ခိုင်းလိုက်သည်။ ခရစ္စတိုဖာ သတင်းဆိုးနှင့် ပြန်ရောက်လာသည်။ မြို့ထဲတွင် အတုံးအရုံးဖြစ်နေပြီဖြစ်ကြောင်း၊ သစ်ဖြူတောတွင် အလုပ်သမားနှစ်ဦး ရောဂါရနေပြီဖြစ်၍ အထိတ် တလန့် ဖြစ်နေကြကြောင်း သတင်းများ။

ခရစ္စတိုဖာက သီရိမြိုင်ကို ဆက်သွားခဲ့သေးသည်။ ဂျာဗာစီထံတွင် ရီတာကလေး ခဏ လာပို့ထားဖို့ ပြောရန်ဖြစ်၏။ သို့သော် ဆိပ်ကမ်းမှ ပြန်လာသည့် ဂေါ်တာပါစယ်နှင့်အတူ ငန်းဂါဖျား ပါလာ ၍ တစ်ချိုးတည်း ပြန်လစ်လာခဲ့ရသည်။

ထိုညတွင် မိုးရွာချသည်။ နောက်တစ်နေ့တွင် စိုထိုင်းထိုင်းနှင့် လေပူကြီး တိုက်လာသည်။ လမ်းပေါ်တွင် ရေအိုင်တွေ ဖြစ်ကျန်ရစ်သည်။ နောက်တစ်နေ့တွင် ကွင်းထဲမှ ကပ္ပလီလေးယောက် အလုပ် လုပ်ရင်း လဲကျသွားသည်။ ဒေးဗစ် ကွင်းထဲမှပြန်လာပြီး သတင်းပို့တော့ ဖီးလစ် အသက်ရှူမှားသွား သည်။ သူပြောသည်ကို မကြားတစ်ချက် ကြားတစ်ချက်နှင့်။ သူ့မျက်နှာမှာ နီရဲနေသည်။ သူ့လက် ကောက်ဝတ် ကို ဆတ်ခနဲဆွဲယူပြီး သွေးတိုးစမ်းလိုက်သည်။ တဒိုင်းဒိုင်း ခုန်နေ၏။

" ကျွန်တော် မဖျားပါဘူး ဖေဖေ၊ နေပူလွန်းလို့ပါ "

" ဂေါ်တာပါစယ်အကြောင်း သား ကြားပြီးပြီလား "

" ဒကွပါပဲ ဖေဖေရာ၊ မစ္စက်ဂျူဟာန်လည်း ဒီမနက် ပန်းခြံထဲမှာတင် မေ့လဲသွားတယ်တဲ့ "

ဖီးလစ် ခေါင်းယမ်းနေသည်။ ဒေးဗစ် ထိုင်ချလိုက်ပြီး လက်ထဲမှ နင်တံကြမ်းပြင်ပေါ် ကျသွားသည်။

" ဖေဖေ၊ ကွင်းထဲမှာ အလုပ်သမားတွေ စိတ်ဓာတ်ကျကုန်ပြီ၊ သူတို့ ကွင်းထဲဆင်းရမှာလည်း ကြောက်၊ အိမ်မှာ လည်း မနေရဲ ဖြစ်နေကြတယ် "

ဒေးဗစ်က သူ့ကို သတ္တိမွေးဖို့ တောင်းတောင်းပန်ပန် ပြောနေသည့် အလား။ သို့သော် ဖီးလစ်က အားပေး စကား မဆိုနိုင်ဘဲ -

" ဒီလိုပဲ ဖြစ်မှာပေါ့ကွာ၊ ကိစ္စမရှိပါဘူး " ဟုသာ စိတ်ပျက်လက်ပျက် ပြောလေသည်။

ငြိမ်ငြိမ် ထိုင်နေရခြင်းထက် လှုပ်ရှားသွားလာနေရခြင်းက ပို၍သက်သာမည်ဟု ယုံကြည်နေသလားမသိ။ ခဏနေတော့ ဒေးဗစ် ထွက်သွားသည်။



<<http://www.shwezinu.blogspot.com/

ဖီးလစ်က ဂျူးဒစ်ကို အငယ်လေး၏ အခန်းထဲမှ သွားခေါ်ဖို့ ပြင်နေတုန်း ဂျူးဒစ် သူ့ ဘာသာ သူ ပြန်ရောက်လာသည်။ စားပွဲဘေးတွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ခေါင်းကို လက်နှစ်ဖက်နှင့် ဖိကာ -

" အစ်ကို ရယ် ... ဂျူးဒစ် မကြည့်ရက်တော့ဘူး "

ဖီးလစ် က ဇနီးသည်ကို သိုင်းဖက်ထားပြီး ဦးခေါင်းကို ရင်ဘတ်တွင် ကပ်ထားစေလိုက်သည်။

" ခု ဘယ့်နယ်နေသေး လဲဟင် "

" တစ်ညလုံး ကယောင်ကတမ်းဖြစ်နေရာက ခုတော့ ငြိမ်နေတယ်။ သနား စရာကောင်းလောက်အောင်ကို ငြိမ်သွားတယ် အစ်ကိုရယ်။ သွေးမရှိတော့သလို ဖြူဖျော့နေပြီ။ ပြီးခဲ့တဲ့ အပတ်ထဲက နှင်းဆီရောင်ပြေးနေတဲ့ သားကလေးလေ၊ ဂျူးဒစ်ကျတော့ ဘာလို့ ဒီအဖျားက မဟင် တာလဲဟင် "

" မပြောတတ်ဘူး ဂျူးဒစ်၊ အစ်ကိုလည်း အံ့သြနေတယ် "

နောက်ထပ် ဘာမှ မပြောဖြစ်ကြတော့။ ပြောစရာလည်း မရှိတော့ပေ။ ဒေးဗစ်နှင့် ခရစ္စတိုဖာတို့ ညီအစ်ကို နှစ်ယောက် ဝင်လာသည်။ တံခါးရွက်ကို အသာပိတ်ပြီး နှစ်ယောက်သား တွေတွေကြီး ရပ်နေကြ ၏။ အဖေနှင့် အမေ ကို တစ်လှည့်စီ ကြည့်နေ၏။ သူတို့ ဘာပြောမည်ကို ကြိုသိလိုက်သည့် အလား ဂျူးဒစ်က ဖီးလစ် ၏ လက်ကို အားပြုပြီး ထရပ်လိုက်သည်။

" သူ ... သူ ဆုံးသွားပြီ မေမေ "

ဒေးဗစ် မျက်နှာအောက်ချပြီး ပြောသည်။ ဖီးလစ်က ဂျူးဒစ်၏ ပခုံးကို ဖက်ပြီး အသာထိန်းထားလိုက်၏။ သို့သော် ဂျူးဒစ် မငို။ ရှိုက်လည်း မရှိုက်။ "မရတော့ဘူးဆိုတာ မေမေ သိပါတယ်သားရယ် " ဟုသာ ပြန်ပြောလေသည်။

ဂျူးဒစ် အတောင့်သားကြီး ရပ်နေသည်။ ဖီးလစ်က သားနှစ်ယောက်ကို ထွက်သွားဖို့ မျက်ရိပ် မျက်ကဲ ပြလိုက်၏။ ရုတ်တရက် ထုံထိုင်းသွားခြင်းမျှသာ ဖြစ်ပြီး နောက်ပိုင်းတွင် ရင်ကွဲနာ ကျဦးမည့်အဖြစ်ကို ဖီးလစ် ကြိုသိနေ၏။ သားနှစ်ယောက် ထွက်သွားသည်။ ဂျူးဒစ်က နားထင်ကို လက်နှစ်ဖက်ဖြင့် ဖိပြီး -

" ဘုရား ဘုရား၊ ဘာလုပ်ရမလဲဟင်၊ ဂျူးဒစ် ဘာလုပ်ရမလဲ အစ်ကိုရယ် "

ဂျူးဒစ် ပျော့ခွေကျလာသည်။ သည်တွင်မှ ချစ်လင်၏ ရင်ခွင်ထဲတွင် သည်းအူပြတ်မျှ ငိုကြွေးလေတော့၏။ ဖီးလစ်က ဂျူးဒစ်၏ ကိုယ်ကလေးကို တင်းတင်း ဖက်ထားလိုက်သည်။ တိုင်တွင် ကြိုးတုပ်ပြီး ကြိမ်ဒဏ် ခံရသည့် ကျွန်တစ်ယောက်ပမာ အကာအကွယ်မဲ့ကာ အားထားစရာ မရှိတော့ပါကလား။

<<<http://www.shwezinu.blogspot.com/

အခန်း (၁၅)

ဖီးလစ်ကလေး ဆုံးပြီး သုံးရက်အကြာတွင် သစ်ဖြူတောမှ စာတစ်စောင်ရောက်လာသည်။ ရော်ဂျာ ကိုပါ အဖျားကူးနေပြီးဖြစ်ကြောင်း ကာလက်ရေးပို့လာသည့် စာ။ စာရွက်အလွတ် ထ ယူဖို့ ဂျူးဒစ် မကြိုးစား ချင်တော့။ ကာလက်၏စာ အောက်ပိုင်းတွင်ပင် ဘုရားသခင်ထံတွင် ဆုမွန်ကောင်းတောင်းနေ မည် ဖြစ်ကြောင်း ပြန်ရေးပေးလိုက်သည်။

နောက်တစ်နေ့တွင် ဂေါ်တာပါစယ် ကွယ်လွန်ကြောင်း သတင်းရောက်လာသည်။ ဖီးလစ်က ဂျာဗာစီဆီ သို့ ဂမ်းနည်းကြေကွဲကြောင်း စာတစ်စောင် ရေးပြီး ဒေးဗစ်နှင့် ပို့ခိုင်းလိုက်သည်။

သီရိမြိုင် မှ ပြန်လာပြီး ဆိပ်ကမ်းသို့ ဒေးဗစ် ဆက်စီးသွားသည်။ ဂက်သစ်ချမြိုင်ထွက်ကုန်များ တင်ပို့ရေး အတွက် ဇယားဆွဲထားသည်။ လေ့တွေကို အစီအစဉ်ပြောင်းပစ်လိုက်သည်။ ရိတ်သိမ်းချိန်တွင် မရိတ်နိုင် ၍ မဲနယ်ပင်တွေရက်လွန်ကုန်ပြီ။ ဂျူးဒစ်က အားလုံးကျန်းကျန်းမာမာ ရှိနေတုန်း ရီတာကလေး ကို လွတ်ကင်းရာသို့ ခေါ်သွားဖို့ ဒေးဗစ်နှင့် ခရစ္စတိုဖာတို့ ညီအစ်ကို ကို တောင်းတောင်း ပန်ပန် ပြောနေသည်။ သို့သော် ဆိပ်ကမ်းတွင် ဒေးဗစ်ကြားလာသည့် သတင်းအရ ဆိုလျှင် ပြေးစရာမြေ မရှိတော့ပေ။

နယူးအော်လီယန်းသည် ငန်းဂါဖျား ဖြန့်ဖြူးရေးဌာနချုပ်ကြီး ဖြစ်နေကြောင်း လေ့သမားများက သတင်းပေးကြသည်။ မြစ်ရိုးတစ်လျှောက်တွင် ငန်းဂါကပ်ရောဂါ ပျံ့နှံ့နေပြီး ဘယ်ကိုသွားသွား အကြောင်း မထူးတော့ပေ။

သည်တော့ သည်ကပ်ဘေးအန္တရာယ်ကို ခုခံကာကွယ်ရန်သာ ရှိတော့သည်။ လမ်းဆုံ လမ်းခွများတွင် ထင်းရှူးဆီ မီးတိုင်များကို နေ့ရောညပါထွန်းညှိထားကြသည်။ လေထဲတွင် ပျံ့လွင့်နေသည့် အဆိပ်ငွေ့တွေ ကို ဖျက်ဆီးပစ်ရန်ဖြစ်သည်။ ကမ်းနဖူးတွင် ဆယ်မိနစ်တစ်ကြိမ် တပ်လှန့်သည့် အနေဖြင့် သေနတ်တွေ ပစ်ဖောက်ပေးသည်။

ဆိပ်ကမ်းရပ်ကွက် မှ အရက်ဆိုင်များတွင်မူ လူတွေ စည်ကားမြဲစည်ကားလျက်ရှိသည်။ အလောင်း တင် လှည်း များ၏ ခေါင်းလောင်းသံဖြင့်မြို့ထဲတွင် ဆူညံနေ၏။ ဒေးဗစ်ရှေ့က လှည်းတစ်စီးမှ သုဘရာဇာ သည် မြင်းဇက်ကိုကိုင်ပြီး လမ်းလျှောက်ရင်း အိမ်တိုင်း၏ရှေ့တွင် ရပ်ကာ-

'အလောင်း ရှိသေးလားဗျို့'ဟု အော်မေးလေသည်။



<<<http://www.shwezinu.blogspot.com/

အိမ်ထဲမှ 'ရှိတယ်' ဟု ဖြေလျှင် လူသေကောင်ကို တရွတ်ဆွဲကာ လှည်းပေါ်တွင် အသင့်ပါလာ သည့် ခေါင်းထဲ သို့ ပစ်သွင်းပြီး အဖုံးကိုပိတ်၍ဆက်မောင်းသွားသည်။ အခေါင်းပေါ်တွင် ကပ္ပလီကောင်လေး တစ်ယောက် က မြင်းဇက်ကြိုးကို ထိန်းရင်း ထိုင်လိုက်သွားသည်။

ဒေးဗစ် က အလောင်းတင်လှည်းကို ကျော်တက်ပြီး လူချမ်းသာတွေများသည့် ရပ်ကွက်ဆီသို့ ချိုးကွေ့ လာခဲ့သည်။ သူတို့တစ်တွေက ကျွန်ပိုင်ရှိသူများ ဖြစ်၍ ကိုယ့်အခေါင်းကိုယ်စပ်ကြသည်။ နိဗ္ဗာန် ယာဉ် လှည်းများ ငှားနိုင်ကြသည်။

သို့သော် သူတို့သည်ပင် တစ်အိမ်လျှင် သုံးလောင်းပြိုင်၊ လေးလောင်းပြိုင် သေနေ့နှင်းများလာတော့ အခေါင်းစပ်လို့ မနိုင်။ နိဗ္ဗာန်ယာဉ်လှည်းလည်း လက်မလည်ဖြစ်နေ၏။ အချို့အိမ်ပေါက်ဝများတွင် စာရေး ကပ် ထားသည်။ ခင်ကြီးများ ဖြတ်သွားဖြတ်လာလျှင် အိမ်တွင်းသို့ကြွပြီး သရဏဂုံ တင်သွားပေးပါရန် ပန်ကြား လွှာဖြစ်၏။ ဒေးဗစ် ကျောထဲစိမ့်သွားပြီး အော့ချင်အန်ချင်ဖြစ်လာသည်။

မီးတုတ်တွေကြောင့်လား မသိ၊ မျက်စိတွေ ပူလောင်ကျိန်းစပ်လာသည်။ အိမ်ကြီးများ၏ ပန်းခြံများထဲ တွင် ပန်းများပွင့်နေပုံ မှာ ပတ်ဂန်းကျင်ကို လှောင်ပြောင်သရော်သည်နှင့် တူနေ၏။ ဒေးဗစ်သည် မြေကို ချစ်သူ၊ အပင်နှင့်အပွင့်များကို မြတ်နိုးတတ်သူဖြစ်ပါလျက် ပန်းပွင့်တွေကို ကြည့်ပြီး ကျက်သရေပဲ့သည် ထင်နေ၏။ သစ်ပင်တွေ က လူတွေကို သတ်နေသည့် ရာသီဥတုကို အားပေးနေသည်ဟု ခံစားရ၏။

နွေရာသီတိုင်းမှာလိုလို ငန်းဂါဖျား အနည်းအကျဉ်း ဖြစ်လေ့ရှိပါသည်။ ငန်းဂါရာသီဟု လူကြီးတွေ ပြောပြောနေသည်ကို ဒေးဗစ်ကြားဖူးသည်။ သို့သော် သည်မျှ ကြောက်မက်ဖွယ်ကောင်း လိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။ ဗီးလစ်ကလေး ဆုံးစဉ်က တွယ်ရာမဲ့ ငိုရှိုက်နေသည့် အမေ့ရုပ်သွင် ကို သတိရ လိုက်သည်။ အိမ်တိုင်း အိမ်တိုင်းမှ မိခင်များသည် မေမေ့လိုပင် ပူဆွေးသော က ရောက်နေကြလေ သလား။

ကလေးတစ်ယောက် လမ်းကို ဖြတ်ကူးလာသဖြင့် ဒေးဗစ်က မြင်းဇက်ကိုတုံ့ပြီး အရှိန်လျှော့ပေး လိုက်စဉ် နောက် မှ မိန်းမတစ်ယောက်ပြေးလိုက်လာသည်။ မြင်းဇက်ကြိုးကို အတင်းဖင်ဆွဲသည်။ ဒေးဗစ် အလန့်တကြား ဖြစ်ကာ အာမေဋိတ်သံ ထွက်သွားသည်။

'မင်း ဒေးဗစ်လန်း မဟုတ်လားဟင်'

အမျိုးသမီး၏ အဝတ်အစားတွေမှာ အရောင်လွင့်ပြယ်ကာ စုတ်ပြတ်နေပြီ ဦးထုပ် မှာ ခေါင်းပေါ် မှ ပြုတ်ကျကာ ပခုံးတွင် တွဲလောင်းချိတ်နေသည်။ နက်မှောင်နေသည့် ဆံပင်တွေက ဖွဲပုံလျက်။ မျက်လုံးရွှဲကြီး က လှသော်လည်း အသားအရေမှာ စိုစိုပြည်ပြည် မရှိ။

'ဟုတ်ပါတယ်၊ ကျွန်တော် ဒေးဗစ်လန်းပါ၊ ဘာဖြစ်လို့ပါလဲဟင်'

'သြော်...မင်း မမှတ်မိဘဲကိုး'


<<<http://www.shwezinu.blogspot.com/

အမျိုးသမီး မောနေ၏။ လည်ပင်းမှာ ချွေးတွေ စီးကျနေ၏။

'ဒိုလားရက်စ်လေ။ အန်တီဒိုးလ်ကို မင်း မမှတ်မိဘူးလား'

'ဗျာ ကျွန်တော့် အဒေါ် အန်တီဒိုးလ်လား၊ ဟုတ်လား'

'အင်း...မင်း သတိရသေးသားပဲ'

ခုမှ ဒိုလားရက်စ် ခပ်ယဲ့ယဲ့ ပြုံးနိုင်သည်။

'ဟုတ်ကဲ့ မှတ်မိပြီ၊ မှတ်မိပြီ'

ဒေးဗစ်က လက်ရှိပုံပန်းကို အံ့ဩနေခြင်းအတွက် တတ်နိုင်သမျှ ဖုံးကွယ်ပြီး ပြောလိုက်သည်။ မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး-

'ကျွန်တော် ကောင်းကောင်းမှတ်မိပါပြီ အန်တီဒိုးလ်၊ ကျွန်တော်ရယ်၊ အန်တီဒိုးလ်ရယ်၊ ခရစ္စတိုဖာရယ် အတူတူ ကစားကြတယ်လေ။ ကျွန်တော်တို့ ညီအစ်ကို ကိုတောင် စပိန်သီချင်းတွေ သင်ပေးသေးတယ် မဟုတ်လား'

ဒိုလားရက်စ်က ပခုံးတွန့်ပြီး-

'အန်တီးဒိုးလ် မင်းဆီက အကူအညီတစ်ခု တောင်းချင်လို့၊ ခဏလေးပါနော်၊ မင်း သိက္ခာများ ကျနေမလား ဒေးဗစ်ရယ်'

'အို ဘာသိက္ခာကျစရာရှိလဲ အန်တီးဒိုးလ်'

ဒေးဗစ် အားပေးစကား ပြောလိုက်သည်။ အဖေ့မိတ်ဆွေတွေ သည် မြင်ကွင်း ကို မြင်သွားလျှင်တော့ ပြောစရာ ဖြစ်တော့မည်မှချ။ သို့သော် သည်လိုအချိန်တွင် လူတိုင်း ကိုယ့်အပူနှင့် ကိုယ် ဖြစ်နေကြ၍ စိုးရိမ်စရာတော့မရှိပေ။

'ရော်ဂျာပါ ရောဂါရနေတယ်လို့ ကြားလို့ သားရယ်၊ အဲဒါဟုတ်သလားဟင်'

ဒေးဗစ် ခေါင်းညိတ်လိုက်သည်။

'အခြေအနေ ဆိုးသလား'

'မသိဘူး အန်တီးဒိုးလ်၊ ကျွန်တော်တို့လည်း မနေ့ကမှ ကြားတာ။ ဖေဖေက မေမေ့ကို သစ်ဖြူတောပေးမသွားဘူး။ မေမေလည်း ဆုံးသွားတဲ့ အငယ်လေးကို ပြုစုရတာ ခြေကုန်လက်ပန်း ကျနေပြီလေ'

<<http://www.shwezinu.blogspot.com/

'အေးကွယ်၊ ကြားပါတယ်၊ အန်တီဒိုးလ် လုံးဝစိတ်မကောင်းပါဘူးလို့ မေမေ့ကို ပြောလိုက်နော်။ ပြီးတော့ အဂတ်စတွေ ပို့ခိုင်းလိုက်တဲ့ အိမ်စေကို အန်တီဒိုးလ် အော်လွှတ်လိုက်တာကိုလည်း တောင်းပန် ပါတယ် လို့။ သမီးလေးဆုံးပြီးစဆိုတော့ ဆောက်တည်ရာမရ ဖြစ်နေတဲ့အချိန်လေ။ ဒါထက် ရော်ဂျာကို ပြုစုဖို့ အမျိုးသမီးသူနာပြု ငှားသလားဟင်'

'ဟုတ်ကဲ့၊ သစ်ဖြူတော မှာ သူနာပြုနှစ်ယောက် ငှားထားတယ်လို့ ကြားပါတယ်၊ အန်တီဒိုးလ်'

'ကပ္ပလီမတွေ မဟုတ်လား၊ ကဲ အဲဒါပဲ သိချင်တာပါကွယ်၊ မင်းသွားတော့နော်၊ အန်တီဒိုးလ် သစ်ဖြူတော ကို သွားမယ်'

ဒိုလားရက်စ် လှည့်ထွက်သွားမည် အပြုတွင်-

'နေဦး အန်တီဒိုးလ်၊ ခရီးက အဝေးကြီးရယ်၊ ဘယ်လိုသွားမှာလဲ'

'လျှောက် သွားမှာပေါ့ကွယ်၊ အန်တီဒိုးလ်က လူကောင်းပဲဟာ'

'ဒါလောက် နေပူကျဲကျဲကြီးထဲမှာ ဘယ်ဖြစ်မလဲ အန်တီဒိုးလ်ရယ်'

'ဖြစ်ပါတယ် ကလေးရယ်၊ ဒီဘဝရောက်မှတော့ ပြန်ပြီး မပတ်သက်တာ သူ့အတွက် အကောင်းဆုံး ပါပဲ။ ဒါပေမဲ့ ခုလိုအချိန်မှာတော့ အန်တီဒိုးလ်ကို ဘယ်သူမှ မောင်းထုတ်မယ် မထင်ပါဘူး၊ ကပ္ပလီကျွန်တွေ ရဲ့ လက်ထဲမှာ ရော်ဂျာ့ကို အသေမခံနိုင်ဘူးကွယ့်၊ မရောက် ရောက်အောင် သွားမယ်'

ဒေးဗစ်က ဒိုလားရက်စ်၏ လက်မောင်းကို ဖမ်းဆွဲပြီး-

'ကဲ...မြင်းပေါ် တက်၊ အန်တီဒိုးလ် စီးရဲပါတယ်နော်'

'အင်း...စီးဖူးပါတယ်၊ မမေ့လောက်သေးပါဘူးကွယ်၊ နှစ်ယောက်စီးလို့ မြင်းခံနိုင်ပါ့မလား'

'မြင်း က လူလောက် အရေးမကြီးပါဘူး အန်တီဒိုးလ်၊ ကဲ...တက်'

ဒိုလားရက်စ် သက်ပြင်းချသည်။

'မင်းဟာ တကယ် သတ္တိကောင်းတဲ့ ကောင်လေးပဲ ဒေးဗစ်၊ အန်တီဒိုးလ်နဲ့ မင်း တွဲပြီး စီးရဲတယ် နော်'

ဒိုလားရက်စ် မြင်းပေါ် လွှားခနဲ တက်လိုက်သည်။ ဒေးဗစ်က ရှေ့မှတက်လိုက်၏။ ဒိုလားရက်စ် ပြုံးပြသည်။

'မင်းဟာ တကယ့်ကို ဖီးလစ် ရဲ့ ပုံတူကလေးပဲ ဒေးဗစ်'

<<http://www.shwezinu.blogspot.com/

'ဟုတ်ကဲ့၊ အဲဒီလိုပဲ ပြောကြပါတယ် အန်တီဒိုးလ်'

'ဖီးလစ်လန်း ရဲ့ မျိုးဆက်သွေး ပီသပါတယ်ကွယ်'

နောက်ထပ် စကားမပြောဖြစ်တော့ဘဲ မြင်းကို ခပ်မှန်မှန် စီးသွားကြသည်။ အန်တီဒိုးလ်ကိုမြင်ရင် ဦးလေးလုပ်သူ ဘာများပြောမလဲဟု ဒေးဗစ်တွေးကြည့်နေသည်။ ကိစ္စမရှိပါ၊ ဘယ်လောက် သနားစရာ ကောင်းတဲ့ အန်တီဒိုးလ်လဲ။ သူ့သားကို ပြုစုဖို့လာတာပဲ။ ကျောက်ဆောင်လို မာကျောတဲ့ အန်ကယ် ကာလက် ဘာတတ်နိုင်မှာလဲ။ ရော်ဂျာကို ပြုစုဖို့ ဘယ်သူလာလာ သူ လက်ခံရမည်ပေါ့။

ဒေးဗစ်က ဒိုလားရက်စ်၏ ကလေးတွေအကြောင်း မေးသည်။ ကျန်ကလေးတွေ နေကောင်း ကြောင်း၊ ကလေးတို့ အဖေကလည်း ဂရုတစိုက်ရှိကြောင်း ဒိုလားရက်စ်က ရှင်းပြသည်။

သည့်နောက်ပိုင်း တွင် ဒိုလားရက်စ် စကားမဆက်တော့ပေ။ ဒေးဗစ်ကလည်း မစပ်စုတော့။ နေက အလွန်အမင်း ပူပြင်းလွန်း၍ ဒေးဗစ် ခေါင်းထဲအုံခဲလာသည်။ ဒေးဗစ်သည် အပူဒဏ်ကို အလွန်ခံနိုင်သည့် သူငယ်ဖြစ်သည်။ နွေရာသီကိုတောင် သဘောကျသူဖြစ်သည်။ ဘယ်တုန်းကမှ သည်လောက်ရိုင်းစိုင်း သည့် နွေမျိုးနှင့် မကြုံဖူးခဲ့။

သစ်ဖြူတောစံအိမ်ကြီး၏ လှေကားထစ်များခြေရင်း ရောက်တော့ ဒေးဗစ် ခေါင်းကို သွက်သွက်ခါပြီး ကြည်လင်သွားအောင် လုပ်ပစ်လိုက်သည်။ နှစ်ယောက်သား ဆင်း လိုက်တော့ မြင်းမှာ ဟောဟဲလိုက်နေပြီ။

ဒိုလားရက်စ်က ပထမလှေကားထစ်တွင် ရပ်ပြီး ဒေးဗစ်ကို ပြောသလို မဟုတ်ဘဲ အိမ်ကြီး ကို ပြောနေဟန်ဖြင့်-

'အင်း...ရယ်စရာတော့ အကောင်းသားနော်၊ ဒီမှ နေသွားဖူးတယ်ဆိုတာ မယုံနိုင်အောင်ပဲ'

ဒေးဗစ်က နင်တံလက်ကိုင်ဖြင့် တံခါးကို ခေါက်လိုက်သည်။ တံခါး လာဖွင့်ပေး သည့် ကောင်လေး ကို ဒေးဗစ် မေးလိုက်၏။

'မစ္စတာရှာရမီ ဘယ်မှာလဲ'

'သြော်...အစ်ကိုလေး ဒေးဗစ် နေကောင်းတယ်နော်၊ ရှိပါတယ်ခင်ဗျ၊ အစ်ကိုလေးရော်ဂျာ အခန်း ထဲမှာပါ'

'ရော်ဂျာ ဘယ့်နှယ်နေလဲ'

ဒိုလားရက်စ် ကြားဖြတ်မေးလိုက်သည်။

'အခြေအနေ မကောင်းဘူးခင်ဗျာ'

<<<http://www.shwezinu.blogspot.com/

ကပွလီကောင်းလေးက ဒိုလားရက်စ်ကို အထူးအဆန်းသဖွယ် ကြည့်သည်။ သည်အစုတ်ပလုတ် မိန်းမက အစ်ကိုလေးဒေးဗစ်နဲ့ ဘယ်လိုပတ်သက်ပြီးနေတာပါလိမ့်။

'အန်ကယ် ကာလက်ကို ပြောကွာ'

ဒေးဗစ် ဘာဆက်ပြောရမှန်း မသိခင်-

'ကိစ္စမရှိပါဘူး ဒေးဗစ်၊ သူ အန်တီးဒိုးလ်ကို မောင်းမထုတ်ပါဘူး။ သူ့အကြောင်း သားတို့ထက် အန်တီ ပို သိတယ်လေ၊ ခုလို ကူညီဖော်ရတာ ကျေးဇူးတင်ပါတယ်ကွယ်'

ပြောပြောဆိုဆို ဒိုလားရက်စ် အိမ်ကြီးထဲ လှမ်းဝင်မည် ပြုသည်။ ထိုစဉ် ခန်းမဆောင်တံခါးကြီး ပွင့်လာပြီး ကာလက် ထွက်လာသည်။ လူသံတွေကြား၍ ထွက်ကြည့်ခြင်းဖြစ်၏။ ပြင်ပအလင်းရောင်က မျက်စိ ကို စူးစူးရှရှ လာထိုးသဖြင့် ရုတ်တရက် ဘယ်သူတွေမှန်း မသိဘဲ ဖြစ်နေ၏။

နောက်မှ ဒေးဗစ်ပုံ ပေါ်လာပြီး-

'ဟဲလို ဒေးဗစ်' ဟု နှုတ်ဆက်သည်။

သူ့မျက်နှာ ချောင်ကျသွားသည်။ ခေါင်းငိုက်စိုက်ချပြီး လျှောက်လာ၏။

'ကာလက် မမှတ်မိဘူးလား'

ဒိုလားရက်စ် ဖွတ်ဝင်ပြီး နှုတ်ဆက်လိုက်သည်။ ကာလက် ခြေလှမ်းတွေ တုံ့သွားသည်။ ဒိုလားရက်စ် ၏ လက်မောင်းကို လှမ်းကိုင်ပြီး-

'ကြည့်စမ်း ... ဒိုလားရက်စ်'

သူ့အသံက အဝေးကြီးမှ လာသည့်အသံမျိုး၊ အခန်းထဲမှ အဖေကို ခေါ်နေသည့် ရော်ဂျာ့အသံ ထွက် လာသည်။

'သူ့ကို ကြည့်ချင်လို့ လာခဲ့တာပါ ကာလက်'

ကာလက် ဘာမှမပြောဘဲ ဒိုလားရက်စ်၏ လက်မောင်းကို လှမ်းကိုင်ပြီး-

<<<http://www.shwezinu.blogspot.com/

ကာလက် ဘာမှမပြောဘဲ ဒိုလားရက်စ်၏ လက်ကိုဆွဲပြီး ရော်ဂျာ့အခန်းဆီသို့ သုတ်ခြေတင်သွားသည်။ ရော်ဂျာ မပီမသ ညည်းနေသံကို ကြားနေရ၏။ အန်ကယ်ကာလက် သူ့ဇနီးဟောင်းကို ချစ်နေသေး လားဟု တွေးကြည့်နေ၏။ သို့သော် အဖြေထွက်အောင် မတွေးတတ်။ စိတ်ထဲတွင် ကိုယ့်ကိုယ်ကိုယ် ကလေးငယ်လေးတစ်ယောက်လို ထင်လိုက်မိသည်။ သစ်ဖြူတောတွင် သူ ဆက်နေစရာ အကြောင်း မရှိ တော့ပေ။ အိမ်ကိုပြန်ဖို့ ခရီးအဝေးကြီးနှင်ရဦးမည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီ။ အိမ်ပြင်သို့ ပြန်လှည့်ပြီး မြင်းပေါ်တက်လိုက်သည်။

အိမ်အပြန် လမ်းတစ်ဝက်ကျိုးပြီ။ တိမ်ညိုတစ်စု ဖုံးထားသည့်တိုင် အပူရှိန်က လျော့မသွားဘဲ ရက်ရက်စက်စက် ပူတုန်း။ အိမ်ရောက်ရောက်ချင်း ရေအေးအေးချိုးဖို့ စိတ်ကူးထားလိုက်၏။ ရေတော်လွန်းသဖြင့် လည်ချောင်းတွေ ပူလောင်လာသည်။ တဖြည်းဖြည်း မျက်လုံးတွေ ပူသည်ထက် ပူ လာသည်။ မြင်းပေါ်က လိမ့်မကျအောင် မနည်း သတိထားစီးနေရ၏။

ဖက်ကြိုး ကို ကိုင်ထားတဲ့လက်တွေ တဖြည်းဖြည်း တုန်လာသည်။ ကိုယ့်ကိုယ်ကိုယ် ဒေါပွလာ၏။ ဘာလို့ ဒါလောက် ခံနိုင်ရည် နည်းပါးပါလိမ့်။ နေရောင်ပြင်းပြင်း မခံဘူးတဲ့ မနူးမနပ် ကနေဒါနိုင်ငံ သားလေး ကျနေတာပဲ။

လိမ္မော်ပင် ပျိုးခင်းထဲ ဝင်လာခဲ့သည်။ ဂက်သစ်ချမြိုင်၏ ပိုင်နက်အစဖြစ်၏။ အိမ်ကိုရောက်ဖို့ အဝေးကြီး လိုသေးသည်။ ကျောကို မတ်မတ်ဆန့်လိုက်၏။ သည်လို သာခွေယိုင်ပုံစံ ကို မေမေ တွေ့သွားလျှင် ဖျားလာသည်ထင်ပြီး အထိတ်တလန့်ဖြစ်ရမည် မုချ။ မေမေ့ကို တစ်ပူပေါ် နှစ်ပူ မဆင့် စေချင်ပါ။ ပြီးတော့ ဘာမှမဖြစ်တာမှ မဟုတ်ဘဲ၊ နေကောင်းနေသားပဲ၊ ဘာဆို ဘာမှ မဖြစ်ပါဘူး။

ဒါလောက်ဆိုးတဲ့ ရာသီမှာ ခေါင်းကိုက်တာကတော့ လူတိုင်းပေါ့။ မြင်းကို ကျေးဇူးတင်ရဦးတော့ မည်။ သူ့သဘောနှင့်သူ ဦးဆောင်ပြီး ပန်းခင်းကိုဖြတ်ကာ အိမ်ဆီသို့ တန်းတန်းမတ်မတ် ပြန်နေသည်။ ခေါင်းထဲတွင် နောက်သည်ထက် နောက်လာ၏။ ယိုးဒယားနှင်းဆီ နှစ်ရုံအနက် တစ်ရုံသာ ရှင်သန်နေသည် ကို သတိထားမိသည်။

ရှေ့တည့်တည့်မှ ဂက်သစ်ချပင်မြိုင်သည် မြင်ကွင်းထဲတွင် ယိမ်းထိုးလှုပ်ရှားနေ၏။ မြင့်တက်သွားလိုက်၊ ပုဂင်သွားလိုက်နှင့် မှန်ဘီလူးကို ဖြတ်သန်းကြည့်နေရဘိသို့။ မြင်းလိမ္မာက ဆင်ဝင်အောက် လှေကားထစ်တွင် ရပ်လိုက်သည်။ ဒေးဗစ်ကြိုးစားပြီး မြင်းပေါ်မှ ဆင်းသည်။ လိမ့် မကျအောင် ဆင်ဝင်တိုင်ကို မနည်း အားပြု ထားလိုက်ရ၏။ မေမေ မမြင်အောင် အခန်းထဲဝင်ရမည်။ အားရ ပါးရ နားမည်။ ခေါင်းကြည်လင်လာသည်အထိ စောင့်ပြီး လမ်းလျှောက်နိုင်သည်နှင့် တစ်ပြိုင်နက် အိမ်ထဲ ကို လှစ်ခနဲဝင်မည်ဟု စိတ်ကူးနေ တုန်း မေမေနှင့် ဖေဖေ ဘွားခနဲပေါ်လာသည်။

'ဒေးဗစ် သား ဘာဖြစ်တာလဲဟင်'



<<http://www.shwezinu.blogspot.com/

မေမေ့အသံကို ကြားလိုက်၏။ မျက်နှာပေါ်သို့ မေမေ့လက် ရောက်လာသည်ကိုလည်း သိလိုက်၏။ မေမေ့ လက်ဖဝါးနုနုကလေးက အေးမြလိုက်တာ။ မေမေ့ကို တစ်စုံတစ်ခု ပြန်ပြောဖို့ ကြိုးစား သည်။ သို့သော် တိုင်ကို လက်လွှတ်သည်နှင့် အရုပ်ကြိုးပြတ် လဲကျသွားတော့၏။

လောကကြီးတစ်ခုလုံး မှောင်အတိကျသွားသည်။ ဘာဖြစ်သွားမှန်း တိတိကျကျ မသိလိုက်။ လသာဆောင်ထဲမှာ မေမေ့ပေါင်ကို ခေါင်းအုံးပြီး လှဲနေသည်ကိုတော့ ဝိုးတဝါး သိသလိုလို။

အစေခံတွေက အိမ်ထဲကိုသယ်ဖို့ လုပ်နေတုန်း ဖေဖေ တစ်စုံတစ်ခုကို ပြောလိုက်သည်။ သို့သော် သဲသဲကွဲကွဲ မကြားလိုက်။ မေမေ ပြန်ပြောသံကြားမှ ဖေဖေ ဘာပြောလိုက်သည်ကို သဘောပေါက်သည်။

'ဟင့်အင်း...ဟင့်အင်း၊ ဂျူးဒစ်ကို ဘာမှမပြောပါနဲ့တော့ အစ်ကိုရယ်၊ ဂျူးဒစ် စိတ်တိုင်းကျ လုပ်ပါရ စေ'

<<<http://www.shwezinu.blogspot.com/

သစ်ဖြူတောအိမ်ကြီးထဲတွင် ရော်ဂျာကလေးကို အလယ်မှာထားပြီး ခုတင်တစ်ဖက်တစ်ချက်တွင် ကာလက်နှင့် ဒိုလားရက်စ် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

ဒိုလားရက်စ်က သားလေး၏ နဖူးပြင်ကို ရေပတ်ဖြင့် တစ်ချိန်လုံး ထိုင်သုတ်ပေးနေသည်။ လေ မတိုက်၍ ငြိမ်သက်နေသည့် ဖယောင်းတိုင်နှစ်တိုင်၏ မီးရောင်တွင် ဒိုလားရက်စ်၏ နံဘေးတိုက် ပုံရိပ် ကောက်ကြောင်းကို ကာလက်ငေးကြည့်နေသည်။ ပင်ပန်းနွမ်းနယ်နေရှာသည့်ပုံ အထင်း သား ပေါ်နေ ၏။ ဂျူးဒစ်နှင့် တစ်ရွယ်တည်း ဖြစ်သော်လည်း ဒိုလားရက်စ်မှာ သိသိသာသာ အရွယ်ကျ သွားလေပြီ။ မိမိ မောင်းထုတ်သဖြင့် သူ့ခမျာ ဒီဘဝရောက်ရခြင်းပါလား။

နောက်ပိုင်းနှစ်များတွင် အမုန်းခွန်အားကို ဖွတ်မွေးပြီး တင်းထားရပေမဲ့ ထိုနှစ်များ၏ ဟိုမှာဘက် တွင် အချစ်သည်း ခဲ့ကြသည့် အဖြစ်တွေကိုတော့ မိမိနှင့် ဒိုလားရက်စ် နှစ်ယောက်ထဲသာ သိကြသည်လေ။ မျက်စိရှေ့ မှ သားကလေး ကျန်းမာလာဖို့ စိတ်ချရပြီဆိုရင်တော့ အင်း...ငြိမ်းချမ်းပျော်ရွှင် စရာကာလတစ်ခု ပြန်ပေါ်လာနိုင်ပါဦးမလား။ အမျက်တွေပြေခဲ့သည်မှာ ကြာပြီဖြစ်ကြောင်းနှင့် ရင်ထဲက အကြိမ်ကြိမ် ခွင့်လွှတ်ထားခဲ့ပြီး ဖြစ်ကြောင်းကိုတော့ ပြောဖြစ်အောင် ပြောရမည်။ သူ နားထောင်ချင်စိတ် ရှိမှရှိပါတော့ မလား။ ဒါပေမဲ့ ရော်ဂျာကိုတော့ သူ အသည်းစွဲ ချစ်ရှာသည်။ ရော်ဂျာ့အဖေ အနေဖြင့် တင်းမိ သမျှ အာဃာတ တွေကို ဝန်ချတောင်းပန်ပါမည် ဆိုရင်တော့ သူ ဝမ်းပန်းတသာ ခွင့်လွှတ်တန်ကောင်း ပါရဲ့။ သူ့သားကို သူ ငုံထားမတတ် ချစ်ရှာသည်မဟုတ်လား။

သူသာ ရောက်မလာရင် ရော်ဂျာ အသက်ရှင်ဖို့ မျှော်လင့်စရာ မမြင်တော့။ တစ်နေ့ကို အကြိမ် နှစ်ဆယ် အဝတ် လဲပြီး တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ပေးသည်။ တက်သွားလျှင် အသက်မှန်မှန် ပြန်ရှူနိုင် အောင် လုပ်ပေး ဖို့ အသင့်ဖြစ်နေစေရန် တစ်ချိန်လုံး ရင်ခွင်ထဲတွင် ပွေ့ထားပေးသည်။

သစ်ဖြူတောကို ပြန်ရောက်လာကတည်းက ဒိုလားရက်စ် ဟုတ်တိပတ်တိ မအိပ်ရသေးပေ။ မျက်ကွင်းတွေ ညိုပြီး ချိုင့်နေသည်ကို ဖယောင်းတိုင် မီးရောင်တွင် အတိုင်းသား မြင်နေရ၏။

ရော်ဂျာက ရှုံ့မဲ့ကာ တစ်ချက်လွန့်ပြီး ခြုံထားသည့် စောင်ကို ဖယ်ပစ်ဖို့ ကြိုးစားသည်။ ကာလက် ပြန်လွှမ်းပေးရင်း-

'ကိုယ်အလှည့်ပေးပါဦး ဒိုလားရက်စ်ရယ်၊ မင်း ခဏနားပါဦးနော်'

ဒိုလားရက်စ် ခေါင်းယမ်းသည်။

'ကာလက် မလုပ်တတ်ပါဘူး၊ ကျွန်မက အတွေ့အကြုံ ရှိသွားပြီလေ၊ ရပ်ကွက်ထဲမှာ ပိုအဖြစ်များ တာ မဟုတ်လား၊ အင်း... နွေ နွေ သေမင်းတမန်နွေ'

ကာလက်က ခုတင်ကိုပတ်ပြီး လျှောက်သွားသည်။ ဒိုလားရက်စ်၏ ပခုံးပေါ်သို့ လက်တင်လိုက်၏။



<<http://www.shwezinu.blogspot.com/

'သားက သိပ်ချောတာပဲနော်၊ ရေကာတာပေါ်မှာ ဂျူးဒစ်သားတွေနဲ့ သူ မြင်းစီးထွက်လာတာကို ကျွန်မ ခဏခဏတွေ့တယ်၊ သိပ်ကျက်သရေရှိတာပဲ'

ကာလက်က ဒိုလားရက်စ်၏ ပခုံးကို တင်းတင်းဆုပ်ကိုင်ပြီး-

'မင်းဆီက သူ့ကို ကိုယ် အတင်းလုယူခဲ့တာ ခွင့်လွှတ်ပါ ဒိုလားရက်စ်၊ ကိုယ် တောင်းပန်ပါတယ် နော်'

ကာလက်၏အသံမှာ မာတောင့်တောင့်ကြီး ဖြစ်နေသည်။ သည်လိုစကားမျိုးကို ဘယ်လို လေသံနှင့် ပြောရမှန်း သူ မသိပေ။ ပြီးတော့ သူ့စကားကို ဒိုလားရက်စ် ယုံပါ့မလားဟုလည်း သံသယ ဖြစ်နေသေး၏။ ရုတ်တရက် ဒိုလားရက်စ် ဘာမှပြန်မဖြေ။ ရော်ဂျာ့ လက်ကောက်ဝတ် ကို ကိုင်ပြီး သွေးစမ်းနေသည်။ သွေးကြောကို စမ်းမိတော့ ခပ်တိုးတိုး ပြောသည်။

'အဖျားက ကျကို မကျသေးဘူး ကာလက်ရယ်၊ ခုလိုအဖြစ်နဲ့ ပြန်တွေ့ရတော့ ရင်ထဲမှာ မချိဘူး'

'ကိုယ်လက် သန့်စင်လိုက်ပါဦးလား ဒိုလားရက်စ်ရယ်၊ ကိုယ် ရေသန့်သန့် ယူပေးမယ်နော်'

ရေဇလုံ ထဲမှ ရေကို သွားသွန်ပြီး၊ ရေအေးအေးသန့်သန့်နှင့် လဲပြီး ပြန်ယူလာသည်။ ဒိုလားရက်စ်က လှမ်းယူပြီး စားပွဲပေါ် တင်ထားလိုက်၏။ ရော်ဂျာက ခေါင်းထောင်ထပြီး ကယောင် ကတမ်းတွေ ပြတ်တောင်း ပြတ်တောင်း ပြောနေသည်။

ဒိုလားရက်စ်က ပြတင်းပေါက်ဆီသို့ ပုန်းခနဲပြေးသွားပြီး ခန်းဆီးစထဲတွင် မျက်နှာပုက်ကာ အသံမထွက်ဘဲ ရှိုက်ကြီးတငင် ငိုချလိုက်တော့၏။

ကာလက်က နောက်မှ သွားရပ်ပြီး ဒိုလားရက်စ်ပခုံးကို သိုင်းဖက်ထားလိုက်သည်။ သို့သော် ဒိုလားရက်စ် က သူ့အနစ်သိမ့် မခံလိုဟန်ဖြင့် အသာရုန်းထွက်လိုက်သည်။ သစ်ဖြူတော သို့ ပြန်လာခဲ့ခြင်းမှာ ရော်ဂျာအတွက် သက်သက်ဖြစ်ပါသည်။ ရော်ဂျာ့အဖေအတွက် မဟုတ်ပါ။

ကာလက်လည်း သဘောပေါက်လိုက်ပါပြီ။ ခုတင်ဆီသို့ ပြန်လျှောက်သွားပြီး သားငယ်ကို ငုံ့ကြည့်သည်။ သားကလေး သည်တောင်ကို ကျော်မှ ကျော်နိုင်ပါ့မလား။

ဒိုလားရက်စ်က ဖွာလန်ကြဲနေသည့် ဆံပင်တွေကို နောက်သို့ပင့်တင်လိုက်ရင်း-

'ရေတကောင်းထဲ မှာ သောက်ရေမရှိတော့ဘူး ကာလက်၊ ရေငတ်လိုက်တာ၊ နည်းနည်းဖြည့်ပေးပါလား ဟင်'

'ရမယ်လေ'

<<<http://www.shwezinu.blogspot.com/

ကာလက် ရေတာကောင်းယူပြီး ထွက်သွားသည်။ အိမ်နောက်ဘက် မိုးရေလှောင်ကန်ဆီသို့ ထွက်ခဲ့၏။ မီးဖိုဆောင် ထဲတွင် အစေခံ နှစ်ယောက်၊ သုံးယောက် ရှိနေကြသည်။ သို့သော် ကာလက် မခေါ်တော့ဘဲ သူကိုယ်တိုင် ရေခပ်သည်။ ပြေရာပြေကြောင်းများ ဖြစ်လေမလားဟူသည့် ရည်ရွယ်ချက်ဖြင့်။

ရေကန်အဖုံး ကို ဖွင့်ပြီး ရေတာကောင်းကို နှစ်ခပ်လိုက်သည်။ မနက်ကမှ ထပ်ဖြည့်ထားသည့် မိုးရေ ဖြစ်၍ ရေမှာ သန့်ရှင်းစင်ကြယ်သည်။ လေထုထဲမှ အညစ်အကြေးတွေ မဝင်နိုင်ရန် မိုးတိတ်တိတ် ချင်း မိုးရေကန်အဖုံးများ ကို သူကိုယ်တိုင် ဆင်းပိတ်ခဲ့သည်။

ခန်းမထဲမှ စားပွဲပေါ်တွင် ရေတာကောင်းကို ချထားခဲ့ပြီး ဒိုလားရက်စ်အတွက် ဝိုင်တစ်ပုလင်းယူဖို့ ထွက်လာခဲ့၏။ သည်လိုကာလမျိုးတွင် ရေကို အထူးသတိထားပြီး သောက်ဖို့လိုသည်မဟုတ်လား။ စီထား သည့် ဝိုင်ပုလင်းများထဲမှ အားအင်ဆုတ်ယုတ်နေသည့် အမျိုးသမီးများအတွက် အကောင်းဆုံး နိုင်ငံခြား ဝိုင် တစ်ပုလင်း ယူလိုက်သည်။

ထမင်းစားခန်းဆီသို့ ဖန်ခွက်ယူရန် ကူးခဲ့သည်။ အပြင်တွင် ညသည် ပူလောင်စွာ မှောင်မိုက်လျက် ရှိသည်။ အမှောင်ထဲ တွင် ဒိုလားရက်စ်၏ ဘဂကို ပုံဖော်ကြည့်နေသည်။ သည်လောက်အောက်တန်း ကျသည့် ရပ်ကွက် တွင် အပွဂျွန်းဆိုသူနှင့် ပေါင်းဖက်နေသည့် ဒိုးလားရက်စ်။

မိမိကသာ ရက်ရက်စက်စက် မောင်းမထုတ်ခဲ့လျှင် ရှာရမီမျိုး ကလေးတွေ ဖြစ်လာရမည့် မျိုးဆက် သွေး ကို အပွဂျွန်းကလေးတွေ ဖြစ်သွားမည်မဟုတ်ပေ။ ပြီးတော့ တစ်သက်တွင် တစ်ခါသာ ချစ်ခဲ့ဖူး သည့် အချစ် ကို တစ်သက်လုံး ဆုံးရတော့မှာလား ဟူသည့် မရေမရာ ဝေဒနာကို ယခုလို ခံစားနေ ရမည် မဟုတ်။

အမှောင်ထဲကို ဘယ်မျှကြာအောင် ငေးကြည့်နေမိသည်မသိ။ နာရီထိုးသံကြားမှ သတိဝင်လာ သည်။ ဝိုင်ပုလင်း ကို ချိုင်းတွင်ညှပ်ပြီး လက်တစ်ဖက်ဖြင့် ဖန်ခွက်နှင့်ရေတာကောင်းကိုကိုင်၍ ခန်းမဆောင် ကို ဖြတ်လျှောက်သွားသည်။

ရော်ဂျာ့ အခန်း မှာ ငြိမ်သက်နေ၏။ ထူးဆန်းပါလား။ ရော်ဂျာသည် အိပ်ပျော်နေစဉ်တွင်ပင် ပါးစပ်မှ အသံမျိုးစုံ ထွက်ကာ ညည်းလျှင် ညည်း၊ မညည်းလျှင် ကယောင်ကတမ်းဖြစ်နေတတ်သည်။ နိုးနေလျှင် ဒိုလားရက်စ် က တွတ်တီးတွတ်တာ ပြောကာ ချော့မော့နေတတ်၏။

ရေတာကောင်းကို ကြမ်းပြင်ပေါ်ချပြီး အသာတံခါးဖွင့်လိုက်သည်။ အသံမမြည်ဘဲ ပွင့်သွားသည်။ ကာလက် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ ရင်တွေ တဒိုင်းဒိုင်း ခုန်လာ၏။

တချိန် လုံး လူးပုံနေသည့် ရော်ဂျာ့ခန္ဓာကိုယ်တစ်ခုလုံး ငြိမ်သက်နေပြီ။ ဒိုလားရက်စ်က ခုတင်နံဘေး တွင် ဒူးထောက် လျက် မျက်နှာကို ခုတင်ဘောင်တွင် တင်ကာ လက်နှစ်ဖက်က ဦးခေါင်းပေါ်တွင် ပတ္တာ ဆက်ထား သည်။ ကာလက် ကြက်သေသေပြီး ရပ်နေ၏။ ရင်ထဲက အသည်းနှလုံးတွေ လည်ချောင်းဝ သို့



<<http://www.shwezinu.blogspot.com/

ဆောင့်တက်လာပြီး အသက်ရှူ ရပ်သွားပါစေတော့ဟုလည်း ဆုတောင်းလိုက်၏။ ဖန်ခွက်နှင့် ပိုင်းပုလင်း ကို စားပွဲပေါ်တင်ပြီး ခုတင်ဆီသို့ သုတ်ခြေတင်သွားသည်။ ဒိုလားရက်စ်ပခုံးပေါ် အသာ လက်တင်လိုက်သည်။

'ဒိုလားရက်စ်' ဒိုလားရက်စ် ဆတ်ခနဲ ခေါင်းထောင်ထလာသည်။ လက်တစ်ဖက်ဖြင့် ပါးစပ်ကိုပိတ်ပြီး 'ရှူး၊ တိုးတိုး' ဟု အချက်ပြသည်။ ပါးပြင်ပေါ်က မျက်ရည်စီးကြောင်းတွေက ဖယောင်းတိုင်မီးရောင်တွင် အထင်းသား။ ခုတင်မှ မျက်နှာလွှဲပြီး ကာလက်က သူ့ကို ဆွဲထူလိုက်သည်။ ရပ်တည်နိုင်စွမ်း မရှိတော့ သလို ဒိုလားရက်စ် ယိုင်သွားသည်။ ကာလက် ဖမ်းထိန်းထားလိုက်ရ၏။

'ကာလက်'

ဒိုလားရက်စ်က အသံအောအောဖြင့် ခေါ်သည်။ အာတွေလေးနေ၏။

'ကာလက်...သားလေး သားလေး အဖျားကျသွားပြီ။ ခု အိပ်ပျော်နေတာ။ အို...အဖ ဘုရားသခင် ကျေးဇူးတော်တင်လှပါသည် အရှင်'

ကာလက် အယောင်ယောင် အမှားမှားဖြစ်ကာ ဒိုလားရက်စ်ကို လွှတ်ပေးလိုက်သည်။ ဒိုလားရက်စ် တစ်ဖက်သို့ ယိုင်သွားသည်။ ခုတင်တိုင်ကို လှမ်းဆွဲပြီး အားပြုထားလိုက်ရ၏။

ကာလက် ရော်ဂျာကို ငုံ့ကြည့်လိုက်သည်။ မယုံကြည်နိုင်အောင် ဖြစ်နေ၏။ ဇနီးဟောင်းကို ရင်ထဲမှ ကျေးဇူးတွေ တလှိုက်တလှဲ တင်နေမိ၏။ ရော်ဂျာ့နဖူးနှင့် လက်တွေကို စမ်းကြည့် သည်။ ချွေးကလေး အနည်းငယ်စို့ပြီး အေးနေပြီ။ အသက်ကို မှန်မှန်ရှူကာ ငြိမ်းငြိမ်းချမ်းချမ်း အိပ်ပျော် နေလေ သည်။

တဖက်သို့ ကာလက် လှည့်လိုက်၏။ စကားပြောတော့ ပြတ်တောင်း ပြတ်တောင်းဖြစ်ကာ ရှိုက်သံ စွက်နေသည်။

'ဩော် ဒိုလားရက်စ် ရယ်၊ ကိုယ့်အချစ်ဆုံးရယ်၊ သားလေး မသေတော့ဘူးနော်၊ မင်းကြောင့် သားလေး သေတွင်းထဲက ထွက်လာပြီနော်၊ ကိုယ်တစ်ယောက်တည်းဆို ဘယ်လိုမှ ကယ်နိုင်မှာ မဟုတ်ဘူး'

ဒိုလားရက်စ် ခုတင်တိုင်ကို ကိုင်ပြီး မှီထားဆဲ။ ကာလက်က ပွေ့ယူမည် အပြုတွင် ရင်ဘတ်ကို ဆီးတွန်းပြီး-

'မထိနဲ့ ကာလက်၊ ကျွန်မကို မထိနဲ့နော်'

ဒိုလားရက်စ်အသံက သိပ်မသဲကွဲချင်တော့။ ကာလက် အလန့်တကြား သူ့ပခုံးကိုကိုင်ပြီး မီးရောင် ဘက်သို့ ဆွဲလှည့်လိုက်သည်။ ဘုရား...ဘုရား၊ သူ့နှုတ်ခမ်းတွေ နီရဲကာ ခြောက်ကပ်ဖူးရောင်နေပြီ။ မျက်လုံး တွေက သွေးရောင်အတိဖြစ်နေပါပြီလား။ သူ နောက်ထပ်တစ်စုံတစ်ရာပြောဖို့ ကြိုးစားသေးသည်။ သို့သော်

<<http://www.shwezinu.blogspot.com/

လည်ချောင်းထဲတွင်ပင် စကားလုံးတွေ ရောထွေးပျောက် ကွယ်သွားကြတော့၏။ ဒူးညွှတ်ကျသွားသည်။ ကာလက် ဖမ်းဆွဲပြီး ရင်ခွင်ထဲတွင် တင်းတင်း ဖက်ထား လိုက်၏။

<<http://www.shwezinu.blogspot.com/

ခရစ္စတိုဖာသည် ဟင်းသီးဟင်းရွက် စိုက်ခင်းဆီသို့ လျှောက်လာခဲ့သည်။ သည်လောက် လေထုထဲတွင် ရောဂါပိုးတွေ ထူပြောနေစဉ် အပြင်မထွက်သင့်ပေ။ သို့သော် ခရစ္စတိုဖာက အေးအေးဆေးဆေး စဉ်းစားချင် သဖြင့် ညမှောင်မှောင်တွင် ထွက်လာခဲ့ခြင်း ဖြစ်၏။ အိမ်ထဲမှာတော့ မစဉ်းစားချင်။

ဂက်သစ်ချမြိုင် စံအိမ်ကြီးသည် ကြောက်မက်ဖွယ် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ဒေးဗစ်မှာ ယခုထိ အခြေအနေ မကောင်းသေး။ သတိလစ်နေပြီး ကြမ်းချင် ထ ကြမ်းတတ်သည်။ စောစောကပဲ သူ့ကို ပွေ့ထားသည့် မေမေ့အား ထိုးထည့်လိုက်သေးသည်။ မေမေ ခုတင်ပေါ်မှ လွင့်ကျသွားပြီး ကုလားထိုင် ခြေထောက်နှင့် ဆောင့်မိကာ ခေါင်းကွဲသွားသည်။ ဒဏ်ရာမသေးသဖြင့် အဖေက အတင်းအနား ယူခိုင်းပြီး အိပ်ခန်းထဲတွင် သိပ်ထားရသည်။

ခရစ္စတိုဖာသည် သစ်ငုတ်တိုတစ်ခုပေါ်တွင်ထိုင်ပြီး ဆေးတစ်ဆုံဖြည့်ကာ အေးအေးလူလူ သောက်သည်။ ဖေဖေက ဆေးတံသောက်ဖို့ ငယ်သေးသည် ဆိုပြီး မကြိုက်ချင်။ သို့သော် ဆေးတံ မီးခိုးကြောင့် ခြင်ကိုက်သက်သာသဖြင့် ခရစ္စတိုဖာသဘောကျသည်။

ဒေးဗစ် အကြောင်းက စပြီး စဉ်းစားသည်။ သူ အသက်မှ ရှင်နိုင်ပါတော့မလား။ အစ်ကိုလုပ်သူကို ခရစ္စတိုဖာ ချစ်သည်။ သူသေလျှင် ဂမ်းနည်းကြေကွဲရရုံမက တာဝန်တွေလည်း မိမိပခုံးပေါ် စုပြုံရောက် လာတော့မည်။ ဒါဆိုရင်...။ ခရစ္စတိုဖာ မျက်မှောင်ကုတ်လိုက်၏။ ဒါဆိုရင် ဂက်သစ်ချမြိုင် နရသိန်တွင် တစ်ချိန် လုံး အကျဉ်းခံရပြီပေါ့။

ဆန်းတော့ဆန်းသည်။ သည်မျှ အပြောကျယ်လှသည့် ဂက်သစ်ချမြိုင် စိုက်ပျိုးရေးလုပ်ငန်းကြီးကို ခရစ္စတိုဖာ က အကျဉ်းစခန်းကြီး တစ်ခုအဖြစ်မြင်နေသည်။ ခရစ္စတိုဖာသည် အစ်ကိုနှင့် အဖေ လို မြေကြီး ကို ချစ်တတ်သူ မဟုတ်ပေ။ ရှုမျှော်မဆုံးသည့် စိုက်ခင်းတွေကိုရော၊ ပတ်ပတ်လည်မှ မရေတွက်နိုင် သည့် သစ်တောတွေကိုပါ လုံးဝ စိတ်မဝင်စား။ မိဘလုပ်ငန်းတွင် အထုံပါရမီ နည်း လှသည်။ အစ်ကိုနှင့် အဖေလို မဲနယ်ခင်းကို တစ်ချက်ငေ့ကြည့်ရုံဖြင့် အထွက်ကောင်းမည်၊ မကောင်းမည် ကို မမှန်းတတ်။ မိမိက ဂါသနာ လည်း မပါ။

သို့သော် ဗီးလစ်ကလေးလည်း ဆုံးပြီ။ ဒေးဗစ်ပါ ကတိမ်းကပါးဖြစ်လျှင် တစ်ဦးတည်းသောသား တစ်ယောက် အနေဖြင့် မိမွေဖမွေ ဆက်ခံရပေတော့မည်။ လုံးဝမလိုချင်ပါ။ စိတ်မဝင်စားသည့် အလုပ် ကို မလုပ်ချင်ပါ။ မလုပ်ချင်ဘူး ပြောလျှင် သူတို့ ဘာတတ်နိုင်မည်လဲ။ ခရစ္စတိုဖာ စိတ်ချဉ်ပေါက်ပေါက်ဖြင့် တွေးနေ၏။ သူတို့ လောင်းရိပ်အောက်တွင် မနေချင်ပါ။

အဖေနှင့်အစ်ကို က အပင်တွေကို သက်ရှိသတ္တဝါတွေလို သဘောထားပြီး ချစ်တတ်ကြသူတွေ။ အပွေးမြင် အပင်သိသူတွေ။ အပင်မြင်လျှင် စိုက်ခင်း၏ အဆိုးအကောင်းကို ကြိုတင်ဟောကိန်း ထုတ်နိုင် သူ

<<<http://www.shwezinu.blogspot.com/

တွေ။ အဖေလုပ်သူ က ဂက်သစ်ချမြိုင် မျိုးဆက်သွေးနှင့်အတူ အစ်ကိုလုပ်သူက ဂက်သစ်ချမြိုင်ရဲ့ အိမ်ရှေ့ဥပရာဇာတစ်ပါးလို မိမွေဖမွေ ကို ချစ်မြတ် နိုးသူ၊ ဂုဏ်ယူတတ်သူ။

ဒေးဗစ်သည် တကယ်လည်း ထက်မြက်သူတစ်ယောက်ဖြစ်ပါသည်။ ငယ်ငယ်ကတည်းက ကစားလျှင် သူ့ကို ဘယ်တော့မှ မနိုင်နိုင်။ သူက အမြဲတမ်း ခွန်အား ကောင်းနေမြဲ၊ ခေါင်းတစ်လုံး သာနေမြဲ။

ကစားနည်း တစ်မျိုးမျိုး အဖေက သင်ပေးလျှင် ဒေးဗစ်က အလျင်တတ်နေမြဲဖြစ်၏။ သည့်အတွက် ဖေဖေ ဂုဏ်ယူ မဆုံး ဖြစ်နေတတ်သည်ကို မှတ်မိနေ၏။ ဒေးဗစ်သည် သစ်ရွက်ခြောက်တွေကို ပန်းကန် စောက်ထဲ သိပ်ထည့်၏။ မဲနယ်ပင်တွေကို စည်ထဲ ထည့်ပေါင်းတာတဲ့လေ။ သည်လို ကစားနည်း မျိုး ဖေဖေ မြင်သွားလျှင် သူ့သားကြီးကို ပြုံးကြည့်နေတတ်သည်။

ကပွဲဆောင်တွေကို စ ဂင်ရသည့် အရွယ် ရောက်ပြန်တော့လည်း ကောင်မလေးတွေက ဒေးဗစ်မှ ဒေးဗစ်ဖြစ်ကြပြန်သည်။ဒေးဗစ်သည် လူပျိုဖော်ဂင်စ အရွယ် ကတည်းက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ခဲ့ သည်။ အစ်ကို လုပ်သူကို ခရစ္စတိုဖာ မမုန်းပါ။ သို့သော် ငန်းဂါဖြားက မိမိကို ကွင်းရှောင်ပြီး သူ့ဆီရောက် သွားသည့် အတွက်တော့ ဂမ်းသာ သလိုလို ဖြစ်မိသည်အမှန်။

ဒေးဗစ် မဖျားခင်အချိန်က ဂက်သစ်ချမြိုင် စက်ယန္တရားသည် ပုံမှန်လည်ပတ်နေ ခဲ့၏။ ဖေဖေသည် မြေပိုင်ရှင်များ ၏ မဟာစိုက်ပျိုးလုပ်ငန်းကြီးများကို တန်းစီ ဇယားဆွဲလျက်ရှိသည်။ တစ်နေ့ တွင် ခရစ္စတိုဖာ ကိုခေါ်ပြီး မိဘလုပ်ငန်းတွင် စိတ်ဂင်စားမှု နည်းရမည်လား ဟု မြည်တွန်တောက်တီးလေသည်။

'သား ရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ဖေဖေ သိပါတယ်။ သားက အငယ်ဖြစ်နေလို့ ဂက်သစ်ချမြိုင် ဟာ သားအတွက် အလကားပဲလို့ထင်နေတယ်မဟုတ်လား။ အဲဒီအတွက် သား ဘာမှ မပူနဲ့။ ဖေဖေကိုယ်တိုင် ညီအငယ်ဘဂကို ဖြတ်သန်းခဲ့ဖူးတယ်။ ဖေဖေ့သားတွေ လက်ထက်မှာ ဖေဖေ ငယ်ငယ် က ခံစားခဲ့ရသလို မခံစားစေရဘူး၊ စိတ်ချ။ သားအတွက် ဇကနစ်ထောင်ခွဲပေးမယ်။ သားကြိုးစား မှုပေါ် မှာ မူတည်ပြီး နောက်ထပ် ဂယ်နိုင်ရင် ဒေးဗစ်ကို မီလာမှာပဲ'

'ကျွန်တော် စိုက်ပျိုးရေးမလုပ်ချင်ဘူး ဖေဖေ'

ခရစ္စတိုဖာ က တုံးတိတိ ပြောချလိုက်သည်။ ဖီးလစ် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ စ မိ လက်စ နှင့် ခရစ္စတိုဖာ ရင်ဖွင့်လေတော့သည်။

" ကပွလီတွေကို မြောက်ပင့်ခိုင်း၊ တစ်နေ့လာလည်း မဲနယ်၊ တစ်နေ့လာလည်း မဲနယ်။ ပြီးတော့ ဒုတိယ ခရစ်တော် ကို မျှော်သလို ကောင်းကင်ကို ကြည့်ကြည့်ပြီး မိုးကို မျှော်ရတဲ့ဒုက္ခ။ ကျွန်တော် အဲဒီအလုပ်ကို မုန်းတယ်ဖေဖေ "

<<<http://www.shwezinu.blogspot.com/

သားအရင်းခေါက်ခေါက် တစ်ယောက်က မြေကြီးကို မုန်းသည် ဆိုသည့်အတွက် ဖီးလစ် နား မလည်နိုင်အောင် ဖြစ်သွားသည်။

" အလို ... ဒါဖြင့် သား ဘာလုပ်ကိုင်စားမလဲ "

" သေသေချာချာတော့ မစဉ်းစားရသေးပါဘူး ဖေဖေ။ ဒါပေမဲ့ ဖေဖေရယ်၊ စိုက်ပျိုးရေးမလုပ်ဘဲ ချမ်းသာနေတဲ့ လူတွေ အများကြီး ရှိတာပဲ။ မစ္စတာပါစယ်ဆိုရင် ဆိပ်ကမ်းတွေ ဆောက်ပြီး ငှားစားနေ တယ်။ မစ္စတာဂျူဟန်က လှေတွေ စပ်ရောင်းနေတယ် "

ရောမ ပိန်းကောလှေကြီးတွေကို တည်ဆောက် ရောင်းဝယ်ရသည့် အလုပ်ကို ခရစ္စတိုဖာ အလွန်အမင်း စိတ်ဝင်စား လျက်ရှိသည်။ အလုပ်ရုံကြီးတွေ ကမ်းနားတွင် ဆောက်ပြီး လှေတွေ တစ်စင်းပြီးတစ်စင်း ထုတ် လုပ်မည်။ ကုန်သည်ကြီးတွေနှင့် အရောင်းအဝယ်စကား ပြောရမည်။ စာရင်းစာအုပ် အထူကြီးတွေ ထားပြီး မင်ရောင်အမျိုးမျိုးဖြင့် စာရင်းသွင်းရမည်။ ကိုယ့်အလုပ်ထဲတွင် ကိုယ်ပင် အရှင်သခင်။

တစ်သွေးတစ်သံ တစ်မိန့်။ ဘယ်သူ့ဩဇာမှ နာခံစရာမလို။ မိုးကိုလည်း မျှော်စရာ မလို။ နေကိုလည်း မှုစရာ မရှိ။ လေဘယ်လောက်တိုက်တိုက် ကိုယ်နှင့်မဆိုင်။ ကြိုးစားလျှင် မကြီးပွားနိုင်စရာ ဘာမှမရှိပေ။ သို့သော် ဒေးဗစ် တစ်ခုခု ဖြစ်သွားလျှင် ...။

ခရစ္စတိုဖာ က ဂဲနေသော ခြင်တွေကို ဆေးတံမီးဖြင့် မှုတ်လိုက်သည်။ ဒေးဗစ် ကတိမ်း ကပါး ဖြစ်လျှင်တော့ ဂက်သစ်ချမြင့် ဂန်ထုပ်ကြီးကို အဖေက ခေါင်းပေါ် တင်ပေးတော့မည် မုချ။ ဒုတိယဒေးဗစ် လုပ်ခိုင်းတော့မည်မှာ သေချာသည်။ မိမိက ဒုတိယသမား မဖြစ်လို။ ဒေးဗစ် တွင် ပါလာ သည့် လက္ခဏာတွေ မိမိတွင် မရှိ။ ဒီလိုတော့ နဖားကြိုး အထိုးမခံနိုင်ပါ။ တွေးရင်း တွေး ရင်း ခရစ္စတိုဖာ ဒေါပွလာသည်။ ညစ်နွမ်းသောစိတ်ဖြင့် အရှေ့ဦး အလင်းရောင်ကို ငေးကြည့်နေ၏။

မိုးလင်းလာပုံက မြန်ဆန်လှသည်။ အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။ ရေမိုးချိုးပြီး အစေခံတွေ ပြင် ပေးသည့် နံနက်စာကို မီးဖိုဆောင်ထဲတွင်ပင် တစ်ယောက်တည်း စားလိုက်သည်။ ဂျုံးကိုခေါ်ပြီး မြင်းပြင်းခိုင်းရင်း အဖေနှင့် အမေမေးလျှင် မြို့ထဲ ထွက်သွားကြောင်း ပြောဖို့ မှာခဲ့၏။

မစ္စတာဂျူဟန် ၏ အိမ်ကြီးထဲသို့ တန်းဝင်ခဲ့သည်။ အလန်ဂျူဟန်ကို ဆိုက်ဆိုက် မြိုက်မြိုက် တွေ့ရ၏။ မစ္စက်ဂျူဟန် အကြောင်းမေးတော့ နာလန်ထစ ပြုနေပြီဖြစ်ကြောင်း ပြောသည်။ ခရစ္စ တိုဖာက မစ္စက်ဂျူဟန် အခန်းထဲထိ ဝင်ပြီး လူမမာမေးသည်။

မစ္စက်ဂျူဟန် သည် ဆိုဖာခုံရှည်ပေါ်တွင် ခေါင်းအုံးတွေ ပတ်လည်ပိုင်းထားပြီး လျောင်းနေ၏။ အသားအရေ မှာ လုံးဝ ဖြူဖျော့ ခြောက်သွေ့နေ၏။ သည်မိန်းမကြီးကို ခရစ္စတိုဖာ လုံးဝ ကြည့်မရ။

<<<http://www.shwezinu.blogspot.com/

သို့သော် အတတ်နိုင်ဆုံး ချိုသာယဉ်ကျေးပြနေရသည်။ မစ္စက်ဂျူဟာန်က ခုလို ဂရုတစိုက် လာကြည့်ဖော် ရသည့် အတွက် ကျေးဇူးတင်ကြောင်း ပြောရင်း မိမိ လိမ္မာရေးခြားရှိပုံကို ဖွင့်ဟ ချီးကျူးနေသည်။

အဘွားကြီး အခြေအနေ ကောင်းနေကြောင်း တွေ့ရ၍ ခရစ္စတိုဖာ ဝမ်းသာနေသည်။ မစ္စတာဂျူဟာန်နှင့် အလုပ် အကြောင်း ပြောဖို့ ပိုပြီး အခွင့်အလမ်း သာမည်မဟုတ်လား။ လုပ်ငန်းတိုးချဲ့မည်ဆိုလျှင် လက်ထောက် တစ်ယောက် လို မလို တီးခေါက်ကြည့်ပြီး -

" အဖေက ကျွန်တော့်ကို ဧက ၂၀၀၀ ခွဲပေးမယ်တဲ့ ဦးရဲ့။ ကျွန်တော်က စိုက်ပျိုးခင်းတွေ မယူဘဲ သစ်တောတွေ ယူမယ်လေ၊ ဦးရဲ့လုပ်ငန်းမှာ သစ်တွေ သုံးမကုန်တော့ဘူးပေါ့ "

" စာချုပ်စာတမ်း နဲ့တော့ လုပ်လို့မရသေးဘူး ခရစ္စတိုဖာ၊ မောင်က အသက်မှ မပြည့်သေး တာကို၊ ဒါပေမဲ့ မောင် က သိပ်စိတ်အားထက်သန် .... "

" ဟုတ်ကဲ့ ဦး၊ ကျွန်တော် သိပ်စိတ်ဝင်စားနေပါတယ် ခင်ဗျာ "

" မောင့်အဖေ သဘောတူမယ်ဆိုရင် စာရင်းအင်း လုပ်ငန်းတွေကစပြီး ဦး သင်ပေးပါ့မယ်။ လုပ်ငန်းကို တကယ် လေ့လာမယ်ဆိုရင်တော့ အောက်ခြေက စပြီး ဝင်ရမှာပဲ။ အင်း ... ဒါပေမဲ့ မောင့်ဖေဖေက သူ့လို လူရဲ့သားတစ်ယောက်က စိုက်ပျိုးရေးမလုပ်ဘဲ တခြားမှာ အလုပ်သင် ဝင်လုပ်မယ်ဆိုတာ လက်ခံပါ့ မလား "

" သူ သဘောမတူလည်း စောင့်ရ လေးနှစ်ပေါ့ ဦး၊ နောက်လေးနှစ်ဆို ကျွန်တော် ၂၁ နှစ် ပြည့်ပြီလေ "

" မောင် က စာရင်းကိုင်အဖြစ်နဲ့ စရမယ်ဆိုရင် လက်ခံနိုင်ပါ့မလား "

" ရပါတယ် ဦး၊ ကျွန်တော် လုပ်မှာပါ "

အလန်ဂျူဟာန် ယဲ့ယဲ့ပြုံးသည်။ အင်း ... ဧက ၂၀၀၀ လက်ထဲ လာထည့်သည့် အခွင့် အရေးမျိုးကို သူ နေ့တိုင်း ရဟန် မတူဟု ခရစ္စတိုဖာ တွေးကြည့်နေ၏။ ဂက်သစ်ချမြိုင်တွင် လက်ရှိ သစ်တောဧက ဘယ်လောက် ကျန်သေးသည်ကို ခရစ္စတိုဖာ မသိပေ။ ဧက ၂၀၀၀ ပြည့်အောင် ဖေဖေ ဖြည့်ဝယ်ပေး မည့် မြေမှာလည်း အကောင်းဆုံးသစ်တွေ ပါမည့် သစ်တောမြေ ဖြစ်မည် မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။ သစ်တုံးတွေ ခုတ်လှဲပြီး တောရှင်း လိုက်လျှင် အကောင်းဆုံး စိုက်ခင်းတွေ ဖြစ်လာမည့် မြေကို ဖေဖေက တစ်ချက်ကြည့်ရုံဖြင့် သိတဲ့လူစားမျိုး မဟုတ်လား။

မစ္စတာဂျူဟာန် က -

" ကောင်းပြီ ခရစ္စတိုဖာ၊ မောင့်အဖေ သဘောတူတယ်ဆိုရင် လက်ခံပါ့မယ်။ မဟုတ်ဘူး ဆိုရင်တော့ မောင် အသက်ပြည့်တဲ့နေ့အထိ စောင့်ပေါ့။ ဒါထက် စာရင်းအင်းနဲ့ ပတ်သက်လို့ မောင် ဝါသနာ ပါရဲ့လား "

<<http://www.shwezinu.blogspot.com/

" ဟုတ်ကဲ့၊ ပါပါတယ် ခင်ဗျာ "

ဒေးဗစ် ထက် သာသည့် ဘာသာရပ်မှာ သူ့တွင် သချင်္ာတစ်မျိုးသာ ဖြစ်ကြောင်း ခရစ္စတိုဖာ သတိရနေသည်။

" အေး၊ ဒါဖြင့် အလုပ်သင် ကန်ထရိုက်စာချုပ် တစ်ခါတည်းရေးလိုက်ကြရအောင်၊ ဒါပေမဲ့ သူ လက်မှတ် မထိုးမချင်း၊ ဒီစာချုပ်ဟာ ဘာမှ အသုံးမဝင်ဘူးနော် ခရစ္စတိုဖာ၊ သူ သဘောမတူ လည်း လေးနှစ်စောင့်ပေါ့ ကွာ၊ ဟုတ်ပြီလား "

" ဟုတ်ကဲ့၊ ကျေးဇူးပါပဲ "

ခရစ္စတိုဖာ သည်မျှသာ ပြန်ပြောသည်။ ဒေးဗစ်လို ရွှန်းရွှန်းဝေအောင် သူ မပြောတတ်ပေ။

<<<http://www.shwezinu.blogspot.com/

အခန်း (၁၆)

သုံးရက် အပြင်းအထန် ခံလိုက်ရပြီး ဒိုလားရက်စ် လောကကြီးကို စွန့်ခွာသွားလေသည်။ စောစော ကတည်း က ရောဂါပင်နေပြီး သားဖောကြောင့် တင်းခံနေခြင်းများလားဟု ကာလက် သံသယဖြစ်နေ သည်။ ကြီးမားစွာ ရလိုက်သည့် နောင်တတရားကို ရင်မှာပိုက်ပြီး ဒိုလားရက်စ်၏ ကလေးများကို လိုက် ရှာသည်။ ခြောက်သွေ့အေးမြသည့် ရာသီကို ရောက်လာပြီဖြစ်၍ သည်နှစ်ရောဂါကပ်ဘေးမှာ အရှိန်လျော့ သွားလေပြီ။

သို့သော် အပ္ပဂျွန်းမိသားစုကို ခြေရာခံ၍ မရတော့ပေ။ ရပ်ကွက်မှ ပြောင်းရွှေ့သွားကြပြီး သည်ရပ် ကွက်တွင် လူအများစုမှာ ဇာတ်မြုပ်ထားကြသူများဖြစ်၍ တစ်ဦးနှင့်တစ်ဦး အဆက်အဆံလည်း နည်း လှသည်။ သူတို့သားအဖတွေ ဘယ်ပြောင်းသွားသည်ကို ဘယ်သူမှ မသိကြပေ။

ဒေးဗစ် နာလန်ထလာသည်နှင့် အလန်ဂျူဟန်၏ ကန်ထရိုက် စာချုပ်ကို ကိုင်ပြီး ခရစ္စတိုဖာ အဖေ နှင့် ရင် ဆိုင်သည်။ ဖီးလစ်က စာချုပ်အောက်မှ နေ့စွဲကို ကြည့်ပြီး -

" သြော် ငါ့သားက ဒီလောက်တောင် ဖြစ်နေတာကိုး "

" ခင်ဗျာ "

" ဒေးဗစ် သေမယ်ထင်ပြီး အလွတ်ရုန်းဖို့ ကြိုးစားတာပေါ့ ဟုတ်လား၊ ဂက်သစ်ချမြိုင်ကို မင်း ဒါလောက် မုန်းတီးနေ ရင် ဖေဖေ မတားပါဘူး "

ခရစ္စတိုဖာ အပြင်သို့ ငေးနေသည်။ မိမိအနေဖြင့် အတော်လေး နလုံးသားမဲ့ရာ ရောက်နေကြောင်း ခရစ္စတိုဖာ သူ့ကိုယ်သူ သိလိုက်သည်။

" သူများဆီမှာ ပညာသင်ဘဝနဲ့ ဂင်ရမှာ။ မင်း လွယ်မယ် ထင်သလား ခရစ္စတိုဖာ "

" ကိစ္စမရှိ ပါဘူး ဖေဖေ "

ဖီးလစ် ပြုံးသည်။ ပြီးမှ ခပ်ဆိုင်းဆိုင်း ပြောသည်။

" အေးလေ ဂမ်းသာစရာပေါ့။ မင်းအရွယ်နဲ့ ဘာလုပ်ရမယ်ဆိုတာ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်လို့ပဲ။ တချို့ ဆိုရင် အသက်ကြီးတဲ့အထိ ဘာလုပ်ရမှန်းမသိဘဲ ဂေခွဲမရ ဖြစ်နေတတ် ကြတယ် "

<<http://www.shwezinu.blogspot.com/

ဖီးလစ်က ပြောပြောဆိုဆို ကလောင်ကို မင်အိုးထဲ စိုက်လိုက်ပြီး ခရစ္စတိုဖာ၏ လက်မှတ်အောက် မှ ရေးချလိုက်သည်။

ကျွန်ုပ်၏ သားဖြစ်သူ ခရစ္စတိုဖာလန်းအား အထက် စာချုပ်ပါ အချက်အလက်များအတိုင်း သူ၏ အသက် မပြည့်သေး မီ ကာလပိုင်းကို အလုပ်သင်အဖြစ် လုပ်ကိုင်ခြင်းအား ခွင့်ပြုကြောင်းအောက်တွင် လက်မှတ်ရေး ထိုးပါသည်။

ဖီးလစ်လန်း

" ကျွန်တော် မြို့ထဲကို ပြောင်းနေရလိမ့်မယ် ဖေဖေ။ ဒီကနေ နေ့တိုင်း အလုပ်ဆင်းဖို့ မလွယ်ဘူး။ မစ္စတာ ဂျူဟန် က သူ့အိမ်မှာ အခန်းတစ်ခန်းပေးမယ်တဲ့ "

" ကောင်းပြီလေ "

ဖီးလစ် သည်မျှသာ ပြန်ပြောသည်။

အကျိုး အကြောင်း ဇနီးလုပ်သူအား ပြန်ပြောတော့ ဂျူးဒစ် ဒေါ်ပွလေတော့သည်။ သားကြီး ဒေးဗစ် က နေကောင်းစ ပြုလာသော်လည်း အမေလုပ်သူမှာ ရက်ရှည် ပင်ပန်းခဲ့၍ ယဲ့ယဲ့မျှသာ ကျန် တော့သည်။

ထိုထက် ဆိုးသည်မှာ ဖီးလစ်ကလေး မရှိကတည်းက အိမ်ကြီးမှာ ဟာလာဟင်းလင်းကြီး ဖြစ်နေခဲ့သည်။ ခရစ္စဆိုဖာ က ထွက်သွားဦးမည်တဲ့။ ဂက်သစ်ချမြိုင်သည် ရိပ်သိမ်းပြီး ရိုးပြတ်များကို မီးရှို့ ထား သလို ခြောက်သွေ့နေတော့မည်။ သုသာန်တစပြင်လို တိတ်ဆိတ်နေတော့မည်။

ခရစ္စတိုဖာ သည် အလွန်အေးဆေးသည့် သားဖြစ်၏။ လူတော်ကလေးတစ်ယောက်လည်း ဖြစ်သည်။ အလွန် ယုံကြည် စိတ်ချရသည်။ သို့သော် အရွယ်လည်း မရောက်သေး။ ဘယ်လို ခွဲနိုင် ပါမည်လဲ။

" အို သူသွားချင်တိုင်း သွားလို့ ဘယ်ရမလဲ အစ်ကို၊ ဂျူးဒစ် မခွဲနိုင်ပါဘူး "

ဖီးလစ်က ပိုပြီး တည်တည်ငြိမ်ငြိမ် ရှိသည်။

" သူလုပ်ချင်တာ လုပ်ခွင့်ပေးလိုက်တာ ပိုကောင်းတယ် ဂျူးဒစ်၊ မဟုတ်ရင် အဖေနဲ့အမေ အပေါ်မှာ ကျေနပ်တော့မှာ မဟုတ်ဘူး။ အစ်ကိုလည်း ဘယ်စိတ်ကောင်းပါ့မလဲ။ သူများအိမ်မှာ စာရင်း ကိုင် အလုပ်သင်အဖြစ်နဲ့ သွားနေမလို့တဲ့။ သူနဲ့ဖြစ်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ ဒါလောက် ပြင်းပြနေ ရင် စမ်းကြည့်ပေစေလေ "



<<http://www.shwezinu.blogspot.com/

" ဒါဆို ဘယ်တော့မှ ပြန်မလာတော့ဘူးပေါ့နော် "

ဂျူးဒစ်က တံခါးမှ သော့တွဲကို လက်နှင့်သပ်ရင်း စိတ်မသက်မသာဖြင့် မေးလိုက်သည်။ ဖီးလစ်က ပြုံးပြီး -

" ကိုယ်တော့ မထင်ဘူး။ သူ ဟိုမှာ နေကိုနေရတော့မယ်။ ပြန်လာချင်လို့လည်း မရတော့ဘူး။ ဒါပေမဲ့ ကိုယ် ပြောရဲ ပါတယ်၊ သူ မခံနိုင်ပါဘူး။ မယုံကြည့်နေ၊ သူ လန်ထွက်လာလိမ့်မယ်။ ကိုယ်လည်း သူ့အရွယ် တုန်းက အိမ်ပြေးဘဝ ရောက်ခဲ့တာပဲ။ လုပ်ချင်တာ လုပ်ခွင့်မရလို့ အိမ်ပြေး ဖြစ်ရတာလေ။ ဒါကြောင့် ကိုယ့်ကလေးတွေ ကို ကိုယ့်လို မဖြစ်စေရဘူးလို့ ကိုယ်ဆုံးဖြတ်ထားတယ် ဂျူးဒစ် "

သည် အကြောင်းပြချက်ကြောင့် ဂျူးဒစ် ဘာမှ ဆက်မပြောနိုင်ဖြစ်သွားသည်။

သို့သော် မိဘတွေ အပေါ် ပြတ်ပြတ် တောင်းတောင်း လုပ်သွားသော သားငယ်ကိုကား ခွင့်မလွှတ် ချင်ပေ။

ဂက်သစ်ချမြိုင် စံအိမ်ကြီးသည် ပို၍ကြီးလာပြီး ပို၍ တိတ်ဆိတ်လာ၏။ သည်တော့မှ သားသမီး သံယောဇဉ် ဘယ်မျှကြီးကြောင်း ဂျူးဒစ် ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့သည်။ ခုတော့ ဒေးဗစ်ကိုသာ မျက်စိအောက်က အပျောက်မခံနိုင်အောင် အရိပ်တကြည့် ကြည့် ပြုစုနေ လေသည်။ သည် တစ်ယောက်ကိုပါ ဆုံးရှုံးခံရလျှင် ဘဝပျက်တော့မည့်နှယ် အထိတ် တလန့် ဖြစ်နေရှာသည်။

ဒေးဗစ် တဖြည်းဖြည်းနှင့် လူကောင်းနီးပါး ပြန်ပြည့်လာသည်။ သို့သော် ဂျူးဒစ်က လူမမည်ကလေး တစ်ယောက် ကို ပြုစုသလို ပြုစုနေဆဲ။ ဖီးလစ် သတိပေးယူရသည်။

" ဂျူးဒစ်ရယ်၊ သူ ကလေးလေး မဟုတ်တော့ပါဘူး။ ဘာလို့ ဒါလောက် အဖြစ်သည်းနေတာလဲ၊ သူ ကြိုက်မယ် မထင်ဘူးနော် "

" အို ဘာလို့ မကြိုက်ရမှာလဲ၊ သားကြီးက အမေမှ အမေရှင့် "

" ဟုတ်ပါတယ်၊ ကိုယ် ဂမ်းသာပါတယ်။ ဒါပေမဲ့ ကိုယ်ပြောသမျှ မင့်သားဘက်က ဂင်ဂင်ပြီး ရှေ့နေ လိုက် တာတော့ မကောင်းဘူး။ ညကလည်း ဂျူဟန့်သားလေးနဲ့ ခွက်လှည့်သောက်နေတာ ကိုယ် ဟန့်မယ် လုပ်တော့ မင်း ဂင်တားတယ်။ ခုမှ နာလန်ထစ ရှိသေးတာ "

" အို သူ မူးမှ မမူးတာ "

" ဒါပေမဲ့ ၁၉ နှစ်မပြည့်ခင် အရက်စသောက်ရင် ပျက်စီးမှာပဲ။ ကိုယ်က ဘဝနဲ့ရင်းပြီး တည်ဆောက် ခဲ့တဲ့ ဒီလုပ်ငန်းကြီး ကို ကိုယ့်တာဝန်ကိုယ် မသိတဲ့ ငမူးတစ်ယောက်ရဲ့ လက်ထဲမှာ ထားခဲ့ရမယ့် အဖြစ်ကို မင်း စဉ်းစားကြည့်လေ၊ ခုထိတော့ ဒေးဗစ်ဟာ မဆိုးသေးပါဘူး "

<<http://www.shwezinu.blogspot.com/

ဂျူးဒစ် က သားဘက်မှ အပြတ် ကာကွယ်ပြန်သည်။

" အို ... ဂက်သစ်ချမြိုင် နဲ့ ပတ်သက်ပြီး အစ်ကို မပူပါနဲ့။ အလုပ်ကို သူ ဘယ်လောက် စိတ်ဝင်စားလဲ၊ ဘယ်လောက် မြတ်နိုးလဲ။ မိန်းကလေးတစ်ယောက်ကိုတောင် သူ့မြေကြီးလောက် ချစ်မှာ မဟုတ်ဘူး "

ဖီးလစ် ပြုံးသည်။ မှန်ပါသည်။ ဒေးဗစ်သည် အလုပ်ကို အလွန်ကြိုးစားသူ၊ မြတ်နိုးသူ ဖြစ်ပါသည်။ အဖေ တစ်ယောက် အနေဖြင့် ဂုဏ်လည်း ယူပါသည်။ သို့သော် တစ်ဖက်မှ အလုပ်ကြိုးစားသလောက် ခပ်ရမ်းရမ်း လုပ်တတ်သည့် ညဉ်ကလေးလည်း သူ့မှာရှိသည်။

ဇန်နဂါရီလ ထဲတွင် ဂက်သစ်ချမြိုင်အတွက် စီမံကိန်းတစ်ခု ရေးဆွဲပြီး ဒေးဗစ် တင်ပြလာသည်။ လက်တွေ့မကျဘဲ ဖြစ်နိုင်ချေ နည်းသော်လည်း သုတေသနလုပ်ချင်သည့် စိတ်ဓာတ်ကို ဖီးလစ် သဘောကျနေ၏။ နယူးအော်လီယန်းကို ခရီးထွက်ခွင့် တောင်းသည်။ ဂျူးဒစ်က ကောင်းကောင်း မကျန်းမာသေး၍ မသွားသင့်ကြောင်း ကန့်ကွက်သည်။ သို့သော် သားလုပ်သူက မအေကို ကြည့်ရယ်ပြီး -

" မေမေက ကျွန်တော့်ကို တစ်သက်လုံး ဖွန်းနဲ့ ခွံ့ကျွေးနေတော့မှာလား "ဟု ထမင်းစား စားပွဲပေါ် ထိုင်ရင်း ခြေထောက် ကို လွှဲကာလွှဲကာ ပြောသည်။ ဆေးခန်းထဲမှ ပြန်လာသည့် ဖအေ့ကို လှမ်းပြုံးပြ လိုက်ပြီး -

" ဒီမယ် ဖေဖေ၊ ကျွန်တော် ဘိုရေးဆိုတဲ့ လူတစ်ယောက်ကို တွေ့ချင်နေတယ်။ နယူးအော်လီယန်း အထက်ပိုင်း က ခြံလုပ်ငန်းရှင်ကြီး တစ်ယောက်လေ။ သူက ကြံနဲ့ ပစ္စည်းတစ်မျိုး ထုတ်ဖို့ ကြိုးစား နေတယ်တဲ့ "

" ဒါပေမဲ့ သားရယ်၊ ကြံအကြောင်း သိချင်ရင် ဒီမှာ လေ့လာလည်း ရပါတယ်ကွယ်။ မေမေတို့ ကြံခင်းတွေ လည်း နောက်လလောက်ဆိုရင် ခုတ်တော့မှာပဲ။ ပြီးတော့ .... "

ဖီးလစ်က ဂျူးဒစ်စကားကို ဖြတ်ပြီး -

" ခဏလေး ဂျူးဒစ်၊ သူ ဆက်ပြောပါစေဦး၊ အဲဒီ ဘိုရေးက ဘာလဲ "

" ဒီလို ဖေဖေရဲ၊ ဘိုရေး ဆိုတဲ့လူက ကြံကို အရည်ညှစ်ပြီး အရည်ကနေ အမှုန့်ဖြစ်အောင် လုပ်နေ တယ်တဲ့ " ဒေးဗစ် စိတ်အားထက်သန်စွာ စကားဆက်သည်။

" သူ အရူးထတာ ဖြစ်ချင်ဖြစ်ပေစေ၊ ကျွန်တော် သွားလေ့လာချင်တယ်။ ကြံရည်တွေကို ကျိုပြီး အအေးခံ လိုက် ရင် သဲမှုန့်ကလေးတွေလို ဖြစ်သွားတယ်။ အဲဒီပစ္စည်းကို သကြားလို့ခေါ်တယ်တဲ့ ဖေဖေ။ အရမ်းချိုတာ ဆိုပဲ။ အိတ်ထဲထည့်ပြီး ပို့ရုံပဲလေ "

<<<http://www.shwezinu.blogspot.com/

ဖီးလစ် က မယုံကြည်နိုင်သလို မျက်မှောင်ကုတ်နေစဉ် ဒေးဗစ်စကားဆက်သည်။

" ဖေဖေ စဉ်းစားကြည့်လေ၊ ကျွန်တော်တို့ အင်တိုက်အားတိုက် လုပ်နိုင်ရင် အမေရိကန်ပြည်နယ်တွေကိုရော၊ ဥရောပကိုပါ တင်ပို့နိုင်မယ်လေ။ ဘယ်ကိုဖြစ်ဖြစ် ပို့လို့ရပြီပေါ့။ ကျွန်တော် အဲဒီနည်း ကို သေသေချာချာလေ့လာမယ်။ ဖေဖေက ကျွန်တော့်ကို မြေတွေနဲ့ အလုပ်သမားတွေ ခွဲပေး "

" လောလောဆယ် အလုပ်ဖြစ်နေတဲ့ စိုက်ကွင်းတွေထဲက အလုပ်သမားတွေကို သားက ခွဲယူပြီး ကြံရည် ကျိုခိုင်းမယ် ဟုတ်လား၊ ပြီးတော့ အေးသွားရင် ဘာဖြစ်တယ်ဆိုလား၊ အဲဒီအမှုန့်တွေ ...။ အင်း ... စမ်းကြည့်သင့် ပါတယ်၊ တို့လည်း သီးနှံတစ်မျိုးမျိုး အစားထိုးဖို့ အစီအစဉ် ရှိနေတာပဲ "

ဖီးလစ် က သားဖြစ်သူ၏ အလောတကြီး စိတ်ကူးများကို သံသယ ရှိတတ်သော်လည်း ယခုစီမံကိန်းကိုမူ စိတ်ဝင်စားနေသည်။

" မဲနယ်အစား စိုက်မှာလားဟင် "

ဂျူးဒစ် အားတက်သရော မေးလိုက်သည်။ နွေရောက်လျှင် မဲနယ်ပင်တွေ ဖိတ်ခေါ် သဖြင့် ရောက်လာကြသည့် နံကောင်ဒွေ့သည်တွေကို သတိတရ မေးလိုက်ခြင်းဖြစ်သည်။

ဖီးလစ် အဖြေကြောင့် ဂျူးဒစ် စိတ်ပျက်သွား၏။

" မဟုတ်ဘူး ဂျူးဒစ်၊ ဆေးပင်တွေကို အစားထိုးမှာ။ ကင်တတ်ကီမှာ ဆေးတွေ သိပ်ထွက်နေတယ်၊ အမျိုးအစားလည်း တို့ဆေးတွေထက် ပိုကောင်းတယ်။ ခုထိ ကင်တတ်ကီကလူတွေ တို့ဆေးဈေးကွက်ကို ဝင်မဖျက်သေးတာက နယူးအော်လီယန်းကို သူတို့ လာရောင်းရင် နိုင်ငံခြား ကုန်သွယ် ခွင့် ပေးရမှာ ကြောင့်လေ။ ဒါပေမဲ့ အမေရိကန်တွေက မြစ်ရိုးတစ်လျှောက်ကို အကောက်ခွန်မဲ့ ဆိပ်ကမ်းတွေ လုပ်ဖို့ ကြိုးစားကြတယ်။ အဲဒါ အောင်မြင်သွားရင် တို့ဆေးခင်းတွေကို ဓားနဲ့ လိုက်ယမ်း ပစ်ရုံပဲ။ ဘယ်လိုမှ သူတို့ကို ယှဉ်နိုင်မှာ မဟုတ်ဘူး "

" ဒါပေမဲ့ သူတို့ဆီမှာ ကြံစိုက်လို့ မဖြစ်ဖို့က သေချာတယ်။ ကြံက နေရောင်ခြည် သိပ်လိုတယ်လေ။ ကင်တက်ကီ က သိပ်အေးတယ် ဆိုပဲ။ ကျွန်တော် လေ့တစ်စင်း စီစဉ်လိုက်တော့မယ်နော် ဖေဖေ "

ဒေးဗစ်က မျှော်လင့်တကြီး ပြောလိုက်၏။

" လုပ်လေ၊ ဒါပေမဲ့ သား သိပ်ပြီး ဆန္ဒမစောနဲ့။ ကြံကနေ သကြားလို့ ခေါ်တဲ့ အမှုန့်ဖြစ်အောင် လုပ်မယ် ဆိုတာ သိပ်စိတ်ကူးယဉ်လွန်းအားကြီးတယ် ဒေးဗစ် "

သို့သော် ဒေးဗစ်ကို ဘယ်အရာကမှ တားဆီး၍ မရတော့။ နယူးအော်လီယန်းကို တစ်ချီးတည်း လစ်တော့ ၏။ ဂျူးဒစ်ကမူ ကြံစိုက်စိုက် ဘာစိုက်စိုက် မဲနယ်ပင်တွေအစား စိုက်စေချင်သည်။ မဲနယ်ခင်း ထဲတွင်

<<http://www.shwezinu.blogspot.com/

နေလာသည်မှာ အနှစ်နှစ်ဆယ် ရှိခဲ့ပြီဖြစ်သော်လည်း ခုထိ အသားမကျသေးပေ။ အိမ်ထဲ ကို နံကောင်တွေ ဝင်လာလျှင် စိတ်ရှုပ်ဆဲ။ ရေစည်ပိုင်းတွေထဲ ပိုးကောင်တွေ ကျလျှင် အော့ချင် အန်ချင် ဖြစ်နေဆဲ။ ရေစည်တစ်ပိုက်တွင် ကျသေနေကြသည့် နံကောင်တွေကို ယင်တလောင်းလောင်း အုံနေလျှင် ပလိပ်ရောဂါကို တွေးကြောက်နေဆဲ။

" ရိုးရာယဉ်ကျေးမှု ဖွံ့ဖြိုးရေးနဲ့ မဲနယ်ပင်တွေကို တစ်နေရာတည်းမှာ ရောနှောစိုက်ပျိုးလို့ မရနိုင်ပါ ဘူး" ဟု နွေရာသီရောက် ၍ အိမ်သန့်ရှင်းရေးလုပ်တိုင်း ဂျူးဒစ် ညည်းညူတတ်လေသည်။

ဒေးဗစ် ထွက်သွားပြီး တစ်လအကြာတွင် သီရိမြို့သို့ ဖီးလစ်တစ်ယောက်တည်း မြင်းတစ်စီးဖြင့် ထွက်လာ ခဲ့သည်။ ဝေါ်လ်တာပါစယ်အတွက် သူတို့မိသားစု ပူဆွေးသောက ရောက်နေဆဲအချိန် ဖြစ်၏။ တစ်ဆောင်းတွင်း လုံး ဂျာဗာစီကိုရော ကလေးများကိုပါ မတွေ့ရ၍ ဖီးလစ် လာခဲ့ခြင်းဖြစ် သည်။

ဖီးလစ် ကို မြင်တော့ ဂျာဗာစီ့သမီးလေး အေမီလီ ပန်းခြံထဲမှ ပြေးထွက်လာပြီး ကြိုသည်။ အေမီလီမှာ အငယ်ဆုံး မလေးဖြစ်သည်။ ရှစ်နှစ်ကိုးနှစ်သားရှိဦးမည်။ ဆံပင်နက်နက်နှင့် အမေတူ ကလေးဖြစ်၏။

" မင်္ဂလာပါ အေမီလီ၊ သမီးတို့ အိမ်သားတွေ နေကောင်းကြတယ်နော် "

အေမီလီကလေးက ဒူးညွတ်အရိုအသေပြုရင်း -

" ဟုတ်ကဲ့ပါ အန်ကယ်ဖီးလစ်၊ နေကောင်းကြပါတယ်ရှင့် "

ဖီးလစ်လက်ကို လှမ်းဆွဲပြီး တစ်ချက်ရယ်သည်။

" ဒါပေမဲ့ အထဲမှာ ပွဲကြီးပွဲကောင်းပဲ အန်ကယ်ဖီးလစ် "

" ပွဲကြီးပွဲကောင်း ဟုတ်လား "

" ဟုတ်တယ် အန်ကယ်ဖီးလစ်၊ မေမေနဲ့ အစ်ကိုတွေနဲ့လေ "

ဖီးလစ် အံ့သြသွားသည်။ ဂျာဗာစီသည် အလွန်ညင်သာသည့် အမျိုးသမီးဖြစ်၏။ ဘာအတွက် သားတွေနှင့် ရန်ဖြစ်နေ ပါလိမ့်။

အေမီလီက လက်ကိုတွဲလျက် အိမ်ထဲ လှမ်းဝင်ပြီးခါမှ -

" အန်ကယ် ဟိုဘက် ဆက်သွားမှ ထင်တယ်၊ အပြန်မှ ဝင်မယ်နော်၊ သမီးမေမေကို ပြောလိုက်၊ ဒေးဗစ်ဆီက စာလာတယ်လို့၊ သမီးရဲ့ အစ်မ ဘာဘက်တီရော၊ သူ့ ကလေးတွေ ပါ နေကောင်းကြတယ်လို့ "

" မသွားပါနဲ့ အန်ကယ်ဖီးလစ်၊ ဝင်သွားပါ၊ မေမေက အန်ကယ်ဖီးလစ်နဲ့ တွေ့ချင်နေမှာပါ "

<<http://www.shwezinu.blogspot.com/

လှည့်ထွက်မည် အပြုတွင် လေသာဆောင်သို့ ဂျာဇာစီ ထွက်လာသည်။ လက်မြှောက်ပြပြီး -

" ဟင် ဖီးလစ်၊ လာလေ အထဲကို၊ အသံကြားလို့ ထွက်လာတာ၊ ဂျူးဒစ်ကော နေကောင်းရဲ့လားဟင် "

ဖီးလစ် အံ့ဩသွားရပြန်သည်။ ဂျာဇာစီ၏ အမူအရာတွင် ဒေါသဟူ၍ မြူငွေ့မျှမရှိ။ ပြန်နှုတ်ဆက်ပြီး နယူးအော်လီယန်း မှ သမီးကြီး၏ သတင်းကို ပြောပြလိုက်သည်။ သားတွေနှင့် ရန်ဖြစ်နေသည် ဆိုလျှင် လည်း အရေးကြီးသည့် အကြောင်းအရာ မဖြစ်နိုင်ဟု ဖီးလစ် နားလည်လိုက်၏။ ဂျာဇာစီမှာ လွန်ခဲ့သည့် ခြောက်လက လင်ဆုံးခဲ့သည့် မုဆိုးမနှင့် လုံးဝမတူ။ သောက ဂတ်စုံကိုလည်း ဆင်မြန်းခြင်း မပြုတော့။ နှင်းဆီရောင်ဂတ်စုံ ကို ကြော့နေအောင် ဆင်မြန်းထား၏။ ဆံပင်ကို ပန်းနု ရောင်ဖဲကြိုးဖြင့် ချည်နှောင် ထုံးဖွဲ့ထားသည်။ တစ်စုံတစ်ခုကြောင့် ရင်တွင်းမှာ ကျိတ်ပျော်နေသည့် အလား မျက်နှာ တွင် သွေးရောင်ကလေး ရေးရေးထင်နေသည်။

" အင်း ဒေးဗစ်ကလေးက လိမ္မာလိုက်တာနော်၊ ဘာဘက်တီဆီ အရောက်သွားပြီး သတင်းပေးဖော် ရတယ်။ ကဲ ... လာ ဖီးလစ်၊ ဝိုင်သောက်သွားပါဦး။ ဂျာဇာစီမှာ စကားပြောဖော် ဝတ်နေတာ ဖီးလစ်ရဲ့။ သားတွေ က မအေကို ဝိုင်းချဲနေကြတယ်လေ "

ဂျာဇာစီက ရယ်ပြီး -

" အေမီလီ မပြောဘူးလား "

ဖီးလစ်က သူ့နောက်မှ လိုက်သွားရင်း ရယ်သည်။

" ပြောတယ် ပြောတယ်၊ အစ်ကိုတွေနဲ့ အမေနဲ့ ပွဲကြီးပွဲကောင်းပဲတဲ့ "

ဂျာဇာစီ က ဖီးလစ်၏ လက်ကိုဆွဲပြီး ခန်းဆီးလိုက်ကာကို ဆွဲဖွင့်လိုက်သည်။ သားနှစ်ယောက်၏ မျက်နှာတွေ မှာ နီမြန်းနေကြ၏။ မိုင်ပေါင်း ၁၀၀၀ ကျော်မှ ရောက်လာသည့် ခရီးသည်ကို ကြိုသလို သူတို့ ညီအစ်ကို ဖီးလစ်အား ကြိုဆိုနှုတ်ဆက်သည်။

" မနက်ဖြန် ဂျာဇာစီ လက်ထပ်တော့မယ် ဖီးလစ်၊ အဲဒါ ဂျော့နဲ့ ဟယ်ရီက အပြင်းအထန် ကန့်ကွက် နေကြတယ် "

ဂျာဇာစီက ဖန်ခွက်ထဲသို့ ဝိုင်ငှဲ့ရင်းပြောသည်။ ဟယ်ရီက ဒေးဗစ်နှင့် ရွယ်တူ။ ဂျော့က နှစ်နှစ်ငယ် သည်။

" အန်ကယ်ဖီးလစ် ကို မေမေ အားလုံး ပြောပြလေ "

<<<http://www.shwezinu.blogspot.com/

ဟယ်ရီက ဂျစ်ကန်ကန် အမူအရာဖြင့် ဂင်ထောက်သည်။ ဂျာဗာစီက လုံးဂ ဏ္ဍန္တြေမပျက်ဘဲ ဖီးလစ်ကို ဖန်ခွက်ကမ်းပေးရင်း -

" သားပဲ ဆက်ပြောပါကွယ် "

ရော့က -

" အန်ကယ်ဖီးလစ်၊ မေမေ့ကို နားဂင်အောင် ပြောပေးပါဦးဗျာ၊ အန်ကယ် စဉ်းစားကြည့်ပါ၊ မမြန်လွန်း ဘူးလားလို့ "

ဖန်ခွက်လှမ်းယူရင်း ဂျာဗာစီဘက် လှည့်ပြီး ဦးညွှန်လိုက်သည်။ ကြားရသည့် သတင်းကြောင့် ဖီးလစ် အံ့ဩတန် သလောက် အံ့ဩသွား၏။ သို့သော် သူ့သားတွေလောက်တော့ အထိတ်တလန့် မဖြစ်မိ။

" အင်း ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ဒီကိစ္စ အန်ကယ်နဲ့ မဆိုင်ဘူးကွ။ ဒါပေမဲ့ သားတို့ ပြောစေ ချင်လို့ ပြောရရင်တော့ သားတို့နဲ့လည်း မဆိုင်ဘူးကွယ့်"

ဂျာဗာစီ အသံထွက်အောင် ရယ်နေသည်။ ညီအစ်ကိုနှစ်ယောက် ချက်ချင်း တုံ့ပြန်ကြသည်။

" အန်ကယ်ဖီးလစ်၊ သူက မေမေ့ထက် ခြောက်နှစ်တောင် ငယ်တယ်ဗျ "

" ပြီးတော့ ခြူးတစ်ပြားမှ မရှိဘူးတဲ့ "

" ဖေဖေဆုံးတာကလည်း ဘာမှကြာသေးတာမဟုတ်ဘူး "

" အဲဒီလူက ဘာလဲ သိလား အန်ကယ်ဖီးလစ်၊ ဘာမှ ဟုတ်တိပတ်တိ အလုပ်မရှိဘူး၊ ပြဇာတ်ရူး ဂီတရူး "

" ကျွန်တော်တော့ မေမေ ရူးနေပြီ ထင်တာပဲ "

ဖီးလစ် မရယ် ဘဲ မနေနိုင်တော့ပေ။ သားတွေက ဒေါသူပုန်ထနေ၏။ ဂျာဗာစီက ဒါကို ပျော်စရာအဖြစ် ပြုံးလို့။ ဘာမှ နားလည်ဟန်မတူသည့် အေမီလီကလေးက ရန်ပွဲကို ကြည့်ပြီး တခစ်ခစ် ရယ်နေသည်။

" သားတို့ကလဲကွယ်၊ ဘာလို့ အမှန်အတိုင်း မပြောကြတာလဲ၊ ကိစ္စမရှိဘူး၊ မေမေပဲ ဆက်ပြောမယ်၊ ဒီလို ဖီးလစ် "

" ပြောပါ ဂျာဗာစီ "

" လူချောလူခန့်တစ်ယောက် ကို ဂျာဗာစီ လက်ထပ်တော့မယ်။ သူ့နာမည် လူးဂစ်ဖဲလ်ကိုးတဲ့။ နယူးအော်လီယန်း က ရောက်လာတာ တစ်နှစ်ပဲ ရှိသေးတယ်။ ဟယ်ရီပြောသလို ခြူးတစ်ပြားမှ မရှိ တာတော့



<<http://www.shwezinu.blogspot.com/

မဟုတ်ပါဘူး၊ သူ့မှာ အနည်းအကျဉ်း ရှိပါတယ်။ သိပ်တော့ မများဘူးပေါ့။ သား တို့ ဖေဖေကလည်း ဂျာဇာစီ ဈေးဂယ်ထွက်တိုင်း သားတွေဆီမှာ လက်ဂါးဖြန့် တောင်း မနေရအောင် တော်တော်များများ ထားခဲ့တယ်လေ။ ဂျာဇာစီ လက်ထပ်ရင် ဒါတွေ ဆုံးရချေရဲ့ထင်လို့ အနပညာ သမား လူးဂစ်ကို ဂီတရှုးဘွဲ့ပေးပြီး ကန့်ကွက်နေကြတာလေ ဖီးလစ်ရဲ့ "

သူ့အတွက် ဝိုင်ငှဲ့ပြီး ကုလားထိုင်နောက်မှီကို တံတောင်ဆစ်နှင့် အားပြုကာ ဂျာဇာစီ သောက်နေသည်။ နှင်းဆီသွေးရောင် ဖဲကြိုးကလေးသည် ဆံပင်နက်နက်တွင် တလက် လက် တောက်နေ၏။ တကယ့် သတို့သမီး တစ်ယောက်၏ အသွင်ကို ဆောင်နေ၏။ မနုးမနပ်အရွယ် သတို့သမီးငယ် ၏ အမူအရာမျိုး မဟုတ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ဖြင့် ဆန္ဒမှန်သမျှ တို့ ပြည့်ဝနေသည့် မိန်းမရွယ်တစ်ယောက်၏ အမူအရာ။ ယခင်က တစ်ခါမှ မတွေ့ဖူးသော လျှို့ဝှက် စွာ ပျော်ရွှင်နေသည့် သူ့မျက်နှာ။

ဂျာဇာစီသည် ယခင်က မပျော်ရွှင်ခဲ့သော မိန်းကလေးတစ်ယောက်တော့ မဟုတ်ပေ။ ဝေါ်လ်တာပါစယ် သည် လူရိုသေ ရှင်ရိုသေ လူရိုးလူဖြောင့် တစ်ယောက်၊ ဂုဏ္ဍရားကျေသည့် လင်သား တစ်ယောက်ဖြစ်သည်။ အလားတူ ဂျာဇာစီလည်း မယားဂတ်ကျေသည့် ဇနီးကောင်း တစ် ယောက် ဖြစ်ခဲ့ သည်။ သို့သော် အချစ်သည်းသည့် လက္ခဏာကတော့ သူတို့လင်မယား ကြားတွင် မရှိခဲ့။

ဖီးလစ်က ချာတိတ်နှစ်ယောက်ဘက်သို့ လှည့်ပြီး -

" သားတို့ မေမေကို သားတို့ နားလည်ဖို့ ကောင်းတာပေါ့ကွာ။ အခု မေမေ လက်ထပ်မှာက ပြင်သစ်လူမျိုးလေ။ အင်း ... မင်းတို့ နားလည်နိုင်ပါ့မလားမသိဘူး။ ဒါပေမဲ့ အန်ကယ်ဖီးလစ် သာ မင်းတို့နေရာမှာဆိုရင် နားလည်နိုင်အောင် ကြိုးစားမှာပဲ "

" ကျေးဇူးတင်ပါတယ် ဖီးလစ် "

ဂျာဇာစီကလည်း သားတွေနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

" ဒီမယ် နားထောင်၊ ၂၂ နှစ်လုံး မေမေဟာ ပိုင်းကောင်းကျောက်ဖိ အိမ်ရှင်မဘဝနဲ့ မဲ့တစ်ပေါက် မစွန်းအောင် နေခဲ့တယ်။ ကိုယ့်ဘဝကိုယ် ကျေနပ်ခဲ့တယ်။ ချိုသာတဲ့ ဇနီး၊ တာဝန်ကျေတဲ့ မိခင် ဘဝတွေကို ငြိမ်းငြိမ်းချမ်းချမ်း ဖြတ်သန်းခဲ့တယ်။ ခု လွတ်လပ်ပြီ။ မေမေ အချစ်သစ်တွေ့ပြီ။ ရှုးတယ်လို့ ဆိုချင်ဆို၊ သတ္တိရှိတယ်၊ မှန်တယ်လို့ ပြောချင်ပြော၊ မနက်ဖြန်ကို လူးဂစ်ဖဲလ်ကိုးနဲ့ လက်ထပ်မယ်။ သားတို့ သူနဲ့ မျက်နှာချင်း မဆိုင်ချင်အောင် ဖြစ်နေရင်လည်း ဆိုင်ဖို့ မလိုဘူး။ မေမေတို့ မြို့ထဲမှာ အိမ်ငှားနေ မယ်။ ဘဝမှာ ဒီတစ်ခါတော့ ဖြစ်သင့်တာ မဖြစ်စေဘဲ ဖြစ်ချင်တာကို မေမေ ဖြစ်အောင် လုပ်ယူတော့ မယ် "

ဂျာဇာစီ ပြောပြီးတော့ အားလုံး ငြိမ်နေကြသည်။ တင်းမာစွာ ငြိမ်သက်နေခြင်းမျိုး။ နောက်ဆုံး ဖီးလစ်ဆီမှ ခပ်တိုးတိုး အသံထွက်လာသည်။

<<http://www.shwezinu.blogspot.com/

" ဂုဏ်ယူပါတယ် ဂျာဇာစီ "

ဂျာဇာစီ ပြုံးသည်။ ဟယ်ရီနှင့် ဂျော့တို့နှစ်ယောက် ပြိုင်တူ သက်ပြင်းချကြသည်။ ဟယ်ရီက နောက်ဆုံး အနေဖြင့် ကန့်ကွက်သေးသည်။

" ထားပါလေ၊ ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တဲ့အရွယ်ရောက်နေပါပြီ။ အငယ်တွေ အတွက် ဘယ်လို စီစဉ်မလဲ "

" ပေါလ်တာကလေး ကို နယူးအော်လီယန်းမှာ ဘော်ဒါထားလိုက်မယ်။ အေမီလီကတော့ သီရိမြိုင်မှာပဲ ဆက်နေနေ၊ မေမေနဲ့ လိုက်နေနေ ရတာပဲ "

ဖီးလစ်က ရောမ ကုလားထိုင်ကြီး တစ်လုံးထဲတွင် ခွေခွေကလေး ထိုင်နေသည့် အေမီလီကလေးကို ပြုံးကြည့်ပြီး မေးလိုက်သည်။

" ကဲ မစ္စအေမီလီ၊ သမီးကလေးက ဘယ်သူနဲ့ နေမလဲ "

" သမီး ဘယ်သူနဲ့ နေရမလဲဟင် "

အေမီလီက မျက်လုံးကလေး ကလယ်ကလယ်နှင့် ဖီးလစ်ကို ပြန်မေးနေသည်။

" မေမေနဲ့ နေရင် သမီး ပိုပျော်မှာပေါ့ကွယ် "

" ဒါဖြင့် မေမေနဲ့ နေမယ် "

ဂျာဇာစီ က သမီးငယ်ကို ငုံ့နမ်းလိုက်သည်။

" မေမေ ထင်သားပဲ "

<<<http://www.shwezinu.blogspot.com/

ဂျာဇာစီ အလောသုံးဆယ် နောက်လင်ယူသည့် ကိစ္စသည် အမျိုးသမီး များ၏ နှုတ်ဖျား တွင် ရေပန်းစားလျက်ရှိ၏။ ဂျာဇာစီကမူ ဒါမျိုးကို အိမ်နောက်ဖေး သစ်တောထဲမှ သစ်ရွက်တွေ လေတိုးသံလောက်ပဲ သဘောထားလေသည်။

ဂျာဇာစီသည် မြို့ထဲတွင် အိမ်ကလေးတစ်လုံးငှားပြီး အမျိုးတူ ပြင်သစ် လင်ငယ်ကလေးနှင့် နှစ်ယောက် ထဲနေကာ ပျော်နေလေ၏။ ရက်သတ္တပေါင်းများစွာ တစ်လောကလုံးတွင် သူတို့နှစ်ယောက်တည်းရှိသလို တဂကြီးနေပြီးမှ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြသော အပေါင်းအသင်း များကို ဖိတ်ပြီး ညစာကျွေးလေ သည်။

ဖိတ်သမျှ အားလုံးလာကြ၍ ဧည့်သည်တွေ စုံလင်လှသည်။ အသက် ၃၁ နှစ်တွင် အဘွားဘွဲ့ ခံယူထားသော ဂျာဇာစီကို အပိုင်ချိုင်သည့် ကိုရွှေပြင်သစ်ကြောင့် ဂျာဇာစီ တစ်ယောက် မကြာခင် သည်းကွဲလိမ့်မည်ဟု နိမိတ်ဖတ်နေကြသည်။ တစ်ပြိုင်တည်းတွင် ဂျာဇာစီ့ယောက်ျား အသစ်စက် စက်ကလေး ကိုလည်း ကြည့်ချင်နေကြ၏။

လူးဂစ်ဖဲလ်ကိုးမှာ အသားညိုညို၊ အရပ်မြင့်မြင့်နှင့် အလွန်ရှင်သူဖြစ်၏။ သူက နေပုံမှာ ကြမ်းနှင့် ခြေထောက် ထိသည် မထင်ရဘဲ လေထဲတွင် ဝဲပျံနေသည်နှင့်တူ၏။ ဒုံမင်းလည်း ကျွမ်းကျွမ်း ကျင်ကျင် တီးနိုင်၏။ အဆိုလည်း ကောင်း၏။ ဧည့်သည်အားလုံး၏ အမြင်သည် ပါတီပွဲ အတွင်း မှာပင် ပြောင်းလဲသွားခဲ့လေသည်။

" ဂျာဇာစီက သိပ်စဉ်းစားတတ်ပါတယ်ကွယ်၊ သူ့ဘဝကို သူ ဘယ်ဖျက်ဆီးပါ့မလဲ၊ ကြည့်စမ်း ... သူတို့ အိမ်ကလေးဟာ ဘယ်လောက်သာယာသလဲ "

ဂျာဇာစီက ဧည့်သည်တွေကို အပွင့်လင်းဆုံး ပြုံးပြီး -

" ရှုးတယ်လို့ ဆိုချင် ဆိုကြလေ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက် ကတည်းက ဒီလိုဖြစ်ခဲ့ရမှာ။ ဒီလို မဖြစ်ခဲ့ဘဲ ဒီလိုဖြစ်ခဲ့လေဟန် ဆောင်နေရတဲ့ ဘဝဟာ ဘယ်လောက် အသုံးမကျလိုက်သလဲ "

လူးဂစ်ဖဲလ်ကိုး ကလည်း ဂျာဇာစီနှင့်အပြိုင် ပွင့်လင်းသည်။ နယူးအော်လီယန်းက နေပြီး လောင်းကစားသမား မိဘများ ထားခဲ့သည့် ငွေကလေးမဖြစ်စလောက်နှင့် ရောက်လာခြင်းဖြစ်ကြောင်း၊ သည်ငွေကလေးဖြင့် ပါစယ်မိသားစုပိုင် ဆိပ်ကမ်းတွင် ကုန်သည်များအတွက် တည်းခိုခန်းတစ်ခု ဖွင့်ဖို့ ရည်ရွယ်ခဲ့ကြောင်း များကို အပိုအဆောင်းမပါ ပြောပြသည်။

ပေါ်လ်တာပါစယ် ဆုံးတော့ သူ့လုပ်ငန်းနှင့် ဆက်နွှယ်နေသည့်ကိစ္စများ ဆွေးနွေးရန် သီရိမြိုင်သို့ လူးဂစ် လိုက် သွားသည်။ ဤတွင် ဂျာဇာစီနှင့် စတွေ့ခြင်းဖြစ်၏။ သောကရိပ် မထင်သော မုဆိုးမ

<<<http://www.shwezinu.blogspot.com/

အသစ်စက်စက် ကလေးကို လူးဂစ် မြင်မြင်ချင်း ချစ်မိတော့သည်။ နောက်တစ်ပတ်အကြာတွင် မစ္စက်စိန်ကလဲယားနှင့် ဂျူးဒစ်တို့ စကားစပ်မိကြသည်။ မစ္စက်စိန်ကလဲယားက သံသယမျက်လုံးများဖြင့် -

" သည်လိုလူမှာ အချစ်ရှိနိုင်ပါ့မလားကွယ် "

" လူးဂစ်က ဂျာဇာစီကို တကယ်မြတ်နိုးတာပါ "

ဟယ်ရီပါစယ်နှင့် ရည်ငံနေသည့် သမီးအတွက် မစ္စက်စိန်ကလဲယား ရတက်မအေးနိုင်ဖြစ်နေ၏။

" ကလေးတွေဆီက ပစ္စည်းတွေကို အတင်းယူပြီး ဒီသိုက်သမားလက်ထဲ ဂကွက်အပ်တာ ဖြစ်မှာပေါ့ "

သီရိမြိုင်အိမ်ကြီး၏ စရိတ်ကို ဆိပ်ကမ်းမှရသည့် ဂင်ငွေတစ်ခုတည်းနှင့် ထိန်းထားဖို့ ညီအစ်ကိုနှစ်ယောက် အတော်ရုန်းကန်ရလိမ့်မည်ဟု ဂျူးဒစ် တွေးကြည့်နေမိသည်။

ဂျာဇာစီ ပါလာသည့် ငွေတွေနှင့် လူးဂစ် တည်းခိုခန်းကြီး ဆောက်နေပြီ။ ကြီးပွားတိုးတက်လာမည်မှာ မုချဖြစ်၍ ဂျူးဒစ် ဂမ်းသာနေသည်။ ဂျာဇာစီတစ်ယောက် အပျော်ဆုံး မိန်းမဖြစ်နေပြီ။ ဒယ်လ်ရှိုင်း အသိုက်အဂန်းတွင် နောက်ဆုံးပေါ် ပုံစံသစ် ဂါဂန်နှင့် ခါးတိုဘော်ဒီကို ပထမဆုံး စ ဂတ်သူမှာ ဂျာဇာစီ ဖြစ်၏။

ကိုယ်ကာယ အလှ ပို၍ ပေါ်လွင်စေသည့် ပုံစံဖြစ်သည်။ ဂျာဇာစီ ၃၇ နှစ်ရှိပြီ။ သို့သော် ရွယ်တူ အမျိုးသမီး များနှင့် ယှဉ်လိုက်လျှင် ခြားနားချင်းတိုင်း ခြားနားနေတော့၏။

မကြာခင် ဂျာဇာစီအကြောင်း တီးတိုးတီးတိုး ဖြစ်လာကြပြန်သည်။

" ဒါတော့ လွန်တာပေါ့ကွယ်၊ ကိုယ်ကျပ်ခါးစည်း မဂတ်တော့ဘူးတဲ့ "

ဂျူးဒစ်က ဟုတ် မဟုတ် မေးကြည့်တော့ ဂျာဇာစီက ဒိုးဒိုး ဒေါက်ဒေါက် ဖြေသည်။

" အင်းလေ၊ မဂတ်တော့ ဘာဖြစ်လဲ၊ ကိုယ့်မှာ ကလေးရှိနေပြီ ဂျူးဒစ်ရဲ့၊ ပြောပြလိုက်ပါကွယ်၊ မယုံရင် လာကြည့်နိုင် ပါတယ်လို့ "

ဂျူးဒစ် ရယ်သည်။ ဂျာဇာစီတစ်ယောက် သူ့ကိုယ်သူ သတိမထားမိဘဲ အပြော အဆို တွေ ပြင်သစ်ဆန် လာသည်။ လင်မယားနှစ်ယောက် ပြင်သစ်စကား ပဲ ပြောကြတော့ သည်လေ။

<<http://www.shwezinu.blogspot.com/

အခန်း (၁၇)

နယူးအော်လီယန်းမှ ဒေးဗစ် ပြန်ရောက်လာသည်။ သကြားစီမံကိန်း အကြောင်းကို ရွှန်းရွှန်းဝေ နေအောင် ပြောသည်။ ကြံခုတ်ချိန် မတိုင်သေး၍ ဘာမှလုပ်မရဘဲ မခံချိမခံသာဖြစ်နေ၏။ သား လုပ်သူ တက်ကြွနေပုံကိုကြည့်ပြီး ဖီးလစ် သဘောကျနေသည်။ သို့သော် ကြံခုတ်ချိန်မတိုင်မီ သံပတ်ကုန် သွားလိမ့်မည်ဖြစ်ကြောင်း ဂျူးဒစ်ကို နိမိတ်ဖတ်ပြထားသည်။ သည်လို ပြောသည့်အတွက် ဂျူးဒစ် မကျေမနပ် ဖြစ်နေ၏။ နောက်တစ်နေ့တွင် ကွင်းထဲလိုက်သွားပြီး ဒေးဗစ်ကို သတိပေးသည်။

" ပထမဆုံး အတွေ့အကြုံလည်း ဖြစ်နေတယ် မဟုတ်လား၊ သားတကယ် လုပ်ပြရလိမ့်မယ်၊ သားဖေဖေ က သားကို သိပ်မယုံဘူး "

" ဖေဖေက သားကို ဒေါ်ပွနေတယ် မေမေ "

" ဘာပြုလို့ "

" ဟင် ... မေမေ့ကို မပြောဘူးလား၊ နယူးအော်လီယန်းမှာ သားကြွေးတင်လာလို့တဲ့လေ "

" သိပ်မသုံး ဘို့ သား ကတိပေးသွားတယ် မဟုတ်လား "

" ဟုတ်ပါတယ်၊ ပေးလိုက်တဲ့ပိုက်ဆံ လောက်မယ် ထင်တာကိုး မေမေရဲ့။ မဒမ်မွာဇက်ဂျူဟန် အတွက် လည်း လက်ဆောင်တွေ ဝယ်ပေးရသေးတယ်လေ။ နယူးအော်လီယန်းသူကို ကလေကချေ ပုံစံနဲ့ လူပျို သွားလုပ်ညှ် လို့ မရဘူး မေမေရဲ့ "

ဂျူးဒစ် သက်ပြင်းချသည်။ ဂျာဟာစီ၏ တူမ ဘယ်လောက် ချောကြောင်း၊ ဘယ်လိုလုကြောင်း ဖွဲ့နွဲ့ မကုန် ဖြစ်နေ၏။ စွဲစွဲမြဲမြဲ မဖြစ်ပါစေနဲ့လို့ပဲ ဂျူးဒစ် ဆုတောင်းနေရသည်။

" ကလေလီဂျူဟန်ကို သား သိပ်သဘောကျနေပြီလား "

" ဟာ မေမေကလဲ၊ ဘာရယ်မဟုတ်ပါဘူး၊ ကောင်မလေးက ချစ်ဖို့ကောင်းတယ်လေ။ ဒီတော့ သဘောကျ တာပေါ့၊ ဒါပါပဲ။ ဒါပေမဲ့ ဒါလောက်လေး သုံးမိတာနဲ့ ကျွန်တော့်ကို ဆူဖို့ မကောင်းပါ ဘူး မေမေ "

ဂျူးဒစ်က ပြုံးပြီး -


<<<http://www.shwezinu.blogspot.com/

" ဒါပေါ့၊ ဒါပေါ့၊ သား တစ်ခါတလေ ခရီးထွက်တာပဲ။ မေမေ ဒီကိစ္စ ဖေဖေနဲ့ ဆွေးနွေးရမလား "

" ပြောပါဦး မေမေရာ "

အိမ်ပြန်ရောက်ရောက်ချင်း လင်တော်မောင်ကို ဂျူးဒစ်က သားဘက်မှ ကာကွယ်ပြော၏။ ဖီးလစ် က ငွေတောင်းခံလွှာတစ်ထပ်ကို စားပွဲပေါ်တင်ပြီး ဂျူးဒစ်ဆီကို တွန်းပို့လိုက်ရင်း -

" ဒီမယ်ကြည့်၊ အဲဒါအားလုံး ကြွေးဂယ်တာတွေချည်းပဲ။ ပေးလိုက်တဲ့ ငွေသားတွေ ဘယ်ရောက်ကုန်လဲ သိလား၊ ကြက်တိုက်တာနဲ့ ကုန်ရောတဲ့လေ "

ဂျူးဒစ် ရယ်သည်။

" ကြက်တိုက်တယ် ဟုတ်လား၊ တော်သေးတာပေါ့ အစ်ကိုရဲ့၊ တခြားမဖွယ်မရာတွေ လျှောက်လုပ်တာမှ မဟုတ်တဲ့ "

" ဘယ်ပြောနိုင်မလဲ၊ ပိုက်ဆံရဲ့ တန်ဖိုးကို မင့်သား မသိသေးဘူး ဂျူးဒစ်။ ကိုယ် ဆူ လိုက်တော့ နောက်မလုပ်တော့ပါဘူး ပြောတာပဲ။ ခွေးမြီးကောက်လိုများ ဖြစ်နေမလားတော့ မသိဘူး "

ဂျူးဒစ် ငွေတောင်းခံလွှာတွေ ပေါင်းထားသည့် အပေါ်ဆုံးစာရွက်အောက်ခြေမှ စုစုပေါင်း ကိန်းဂဏန်းကို ကြည့်ပြီး -

" ဂျူးဒစ် သဘောမပေါက်ဘူး အစ်ကို၊ ဒါလောက်ကို အစ်ကို တတ်နိုင်လျက်သားနဲ့ ဘာလို့ ကလေးကို ဆူလား ပူလား လုပ်နေရတာလဲ "

" တတ်နိုင်တာ မတတ်နိုင်တာနဲ့ မဆိုင်ဘူး ဂျူးဒစ်။ ပြီးတော့ မင့်သားက ကလေးမဟုတ်တော့ဘူး။ ကတိကို ထိန်းရမယ့်အရွယ် ရောက်နေပြီ "

ဂျူးဒစ်ကို ခပ်စွေစွေ ကြည့်လိုက်ပြီး -

" အစ်ကို့လို မဖြစ်စေချင်လို့ပေါ့။ အေးလေ ... ကိုယ် မဆူသင့်ဘူးဘဲ ထားပါ၊ အစ်ကို တောင်းပန်ပါတယ် ဂျူးဒစ်ရယ် "

ဂျူးဒစ် ငွေတောင်းခံလွှာတွေကို လှန်ကြည့်ပြီး -

" အဂတ်အစားတွေလည်း တော်တော်ဂယ်သားပဲ အစ်ကိုရဲ့။ အထည်တွေ၊ ဖိနပ်တွေ၊ လည်စည်းတွေ။ အလို ... ဒီပိုးစက ကိုက် ၁၀၀ ကြီးများတောင်ပါလား "

ဖီးလစ်က ဘာမှ မပြောတော့ဘဲ ပခုံးတွန့်ပြသည်။



<<<http://www.shwezinu.blogspot.com/

"ဒီလက်ဆောင်ပစ္စည်းမျိုးက တရင်းတနှီးအဆင့်ရောက်မှ ပေးရတာမျိုးပဲ။ ကောင်မလေး အဖေအမေနဲ့ လက်ခံခိုင်းဖို့ မကောင်းဘူး။ သူတို့ချင်းက ခရီးသွားဟန်လွှဲတွဲနေကြတာပဲ၊ မဟုတ်ဘူးလား အစ်ကို "

ဂျူးဒစ်ရင်ထဲ အနည်းငယ် ပေါ့ပါးသွားသည်။ ယောက်ျားလေး တစ်ယောက်ဆီမှ ဘယ်လို လက်ဆောင်မျိုးကို ရွေးပြီး လက်ခံရမည်မှန်းမသိသည့် မိန်းကလေးမျိုးကို ဒေးဗစ် တန်ဖိုးထားမည် မဟုတ်ပေ။ ကလေလီဂျူဟန်ကို အလေးအနက်ထားပုံတော့ သိပ်မရ၊ တော်ပါသေး၏။ ဂျူးဒစ် စကားဆက် သည်။

" အဲဒီ ပိုးစ ကိုက် ၁၀၀ ကိစ္စ အစ်ကို ထည့်ဆူလိုက်သေးလား၊ ရယ်စရာတော့ အကောင်းသား၊ အစ်ကို့လို ဖအေက သားအလှည့်ကျတော့ ဒီအရွယ်မှာ သူတော်ကောင်း သူမြတ်လောင်း ကလေး ဖြစ်စေချင်နေတယ်တဲ့ "

ဖီးလစ် ဘာမှမပြောဘဲ ခဏတွေနေပြီးမှ -

" မင်းကို ပြန်ပြောရင် အလန့်တကြား ဖြစ်သွားမှာစိုးလို့ မပြောတာပါ "

" မလန့်ပါဘူး "

ဂျူးဒစ်က စာရွက်တွေကို ဖီးလစ်လက်ထဲ ပြန်ထည့်ပြီး -

" ပေးလိုက်ပါ အစ်ကိုရယ်၊ မဖြစ်လောက်ပါဘူး၊ သား စိတ်အနှောင့်အယှက် ဖြစ်နေပါ့မယ် "

ဖီးလစ်က ကြွေးတွေအားလုံး ဆပ်ပေးလိုက်သည်။ သို့သော် နောက်နောင် တာဝန်မဲ့မလုပ်ဖို့ ကတိ ကိုတော့ ဒေးဗစ်ဆီမှ တောင်းထားလိုက်၏။ ဂျူးဒစ်က ထုံးစံအတိုင်း သားဘက်မှ ကာကွယ်ပြီး ကြံနှင့် သကြား အပေါ် အာရုံစိုက်နေချိန်တွင် မတင်းဖို့ လင်လုပ်သူကို ဖျောင်းဖျ၏။ ဒေးဗစ်က ကြံကြိတ်စက် အတွက် ပုံစံထုတ်ပြီး ကိုယ်တိုင် တည်ဆောက်သည်။ တလိမ့်တုံးကြီး နှစ်ခုကြားတွင် ကြံတွေ ထိုးထည့်ပြီး မြင်းနှစ်ကောင်နှင့် ဆွဲလှည့်ကာ ကြိတ်သည်။

ဂျူးဒစ် မကြာမကြာ ကွင်းထဲလိုက်လာပြီး လတ်လတ်ဆတ်ဆတ်ဖြတ်ခုတ်ထားသည့် ကြံပုံတွေပေါ် ထိုင်ကာ တံလျှောက်ထဲမှ တသွင်သွင် စီးကျနေသော ကြံရည်တွေကို အားပါးတရ ကြည့်နေတတ် သည်။ တံလျှောက်မှ တစ်ဆင့် ထန်းလက်မိုးတဲထဲရှိ အိုးကြီးထဲသို့ ကြံရည်တွေ ဆင်းသွားသည်။ သား၏ စိတ်အား ထက်သန် လှသော စီမံကိန်းကို အလိုက်အထိုက် အားပေးနေသော်လည်း သည်အရည်တွေက အမှုန့်ဖြစ်လာမည် ဆိုသည်ကို ဂျူးဒစ် မယုံချင်လှပေ။

သို့သော် ခရစ္စမတ်ပွဲပြီးခါစ တစ်နေ့တွင် ဒေးဗစ် အိမ်ပြန်လာသည်။ လက်ထဲတွင် သစ်သားခွက်ကြီး တစ်ခု ကို ကိုင်လျက်။ အဖေနှင့် အမေက ထမင်းစားခန်းထဲတွင် စာရင်းစာအုပ်ကြီးတွေနှင့် အလုပ် ရှုပ်နေချိန်။ အခန်းထဲ ပုန်းခနဲ ဝင်လာသည်။

<<<http://www.shwezinu.blogspot.com/

" ဖေဖေ ... မေမေ ဟောဒီမှာ ကြည့်" ဆိုပြီး သစ်သားခွက်ကို စားပွဲပေါ်ချသည်။ ပြီးတော့ အဖေနှင့် အမေ လက်ထဲကို တစ်ယောက် တစ်ဖွန်းစီ ကော်ပေးသည်။

" ကဲ ... မြည်းကြည့်စမ်းပါဦး "

စိုစွတ်စွတ် ညိုတိုတို သဲမှုန့်တွေနှင့်တူသည့် သကြားဆိုသော ထိုအရာကို သူတို့လင်မယားကြည့်ပြီး ရှုံ့မဲ့နေကြ သည်။ ဒေးဗစ်၏ မျက်နှာနုနုကလေးမှာ ပို၍ ကြည်လင်နေ၏။

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ သကြားဇွန်းကို ပြိုင်တူ ပါးစပ်ထဲ ထည့် လိုက်သည်။ လျှာပေါ်တွင် အမှုန့်တွေ အရည်ပျော်နေချိန်၌ ဂျူးဒစ်က ဗလုံးဗထွေး ပြောလိုက်သည်။

" ဒေးဗစ် ... သား သကြားဖြစ်ပြီနော် "

ဖီးလစ်ကလည်း အံ့ဩလွန်းစွာဖြင့် -

" အင်း ... သိပ်အရသာရှိတာပဲ "

ဒေးဗစ်က အဖေနှင့် အမေကို တအားသိုင်းဖက်ပြီး -

" ကဲ ... သားပြောတယ် မဟုတ်လား၊ ယုံပြီ မဟုတ်လား "

ပြောပြော ဆိုဆို စားပွဲပေါ်သို့ ဓွေ့ခနဲ တက်ထိုင်လိုက်သည်။ ဂျူးဒစ် ချရေးနေသည့် လချုပ်မှတ်တမ်း စာရွက်တွေ တွန့်ကြေကုန်သည်။ မအေ့လက်ထဲမှ သကြားဇွန်းကို ဆွဲယူပြီး သူ့ပါးစပ်ထဲ ထည့်လိုက်သည်။ ပြီးမှ ပလုတ်ပလောင်းနှင့် -

" ဘယ်လောက်ချိုလဲ ဖေဖေ၊ လာမယ့်နှစ်မှာ ကြံတွေ ဖိစိုက်နော် "

ဖီးလစ် ခေါင်းညိတ် သည်။ သားအတွက် ဂုဏ်ယူနေဟန်ဖြင့် မျက်လုံးတွေ တလက်လက် တောက်လျက်။

" သား ဆက်လုပ်တော့လေ၊ ကြံဟာ စိုက်သင့်တဲ့ သီးနှံဖြစ်သွားပြီပေါ့။ အင်း ငါ့သားဟာ တကယ့်ကို စိုက်ပျိုးရေး သမားဖြစ်ဖို့ မွေးလာတာပဲ "

" ကျေးဇူးတင်ပါတယ် ဖေဖေ" ဟု ပြောပြီး ဒေးဗစ်က မအေ့မျက်နှာကို ငုံ့ကြည့် သည်။ မေမေ့မျက်လုံးတွေက သား၏အောင်မြင်မှုအတွက် ကျိတ်ပြီး ကျေနပ်နေသဖြင့် တဖျတ်ဖျတ် တောက်ပနေကြသည်။

<<<http://www.shwezinu.blogspot.com/

ကြံခင်း တိုးချဲ့စိုက်ပျိုးရေးသည် ဒေးဗစ်အတွက် စွန့်စားခန်းကြီး တစ်ရပ်လို ဖြစ်နေသည်။ ဖအေလုပ်သူက သစ်တောတွေ ကို တွင်တွင်ခုတ်ပေး၏။ သူက ဆေးခင်းတွေကိုပါ ရှင်းပြီး ကြံတွေ ဖိချသည်။

လင်မယားနှစ်ယောက် သားကြီးကို ကြည့်ပြီး ခရစ္စတိုဖာကို နမြောလျက် ရှိကြ၏။ ဖီးလစ် က ဖြေပြောသည်။

" ဒါပေမဲ့ ခရစ္စတိုဖာကိုလည်း စိတ်ပျက်ဖို့တော့ မလိုဘူး "

" ဒါတော့ ဒါပေါ့ အစ်ကိုရယ် "

ဂျူးဒစ် အသံက ကြေကွဲသံ ပါနေသည်။ မည်သို့ဆိုစေ ခရစ္စတိုဖာကို သူတို့ စိတ်ပျက်နေသည်တော့ အမှန်။ မစ္စတာဂျူဟန်က ခရစ္စတိုဖာသည် အလွန်အလားအလာရှိသည့် လူငယ်တစ်ယောက် ဖြစ်ကြောင်း၊ စိတ်ချ ယုံကြည်ရသူဖြစ်ကြောင်း တွေ့ကြုံတိုင်း ပြောသော်လည်း မိသားစုနှင့် ဆက်ဆံရေး ကျဲလှသဖြင့် အဖေနှင့် အမေ ဘဝင်မကျနိုင် ဖြစ်နေကြ၏။

ဘယ်တော့မှ တရင်းတနှီး မရှိ။ အနေစိမ်းသည်။ ဘယ်တော့မှ မိသားစုနှင့် တိုင်တိုင်ပင်ပင်မရှိ။ ဘာသိဘာသာ နေသည်။ သို့သော် သူထင်ရာကို ဇွဲနပဲကြီးကြီးဖြင့် စိုက်စိုက်မတ်မတ် လုပ်နေသည့် အတွက်တော့ ဖီးလစ် အမှတ်ပေးသည်။ စာရင်းအင်းပညာကို မပြီးမငွေ့ သင်နေသည်ကိုလည်း အံ့သြ မဆုံး ဖြစ်နေ၏။ သူ့ကို လူလားမြောက်စေမည့် မွေးနေ့ပွဲပြီးသည်နှင့် ခရစ္စတိုဖာသည် အစုစပ် လုပ်ငန်း စာချုပ် ချုပ်ဆိုသည်။ အလုပ်ကို မနားမနေလုပ်ပြီး နောက်တစ်နှစ်တွင် အလန်ဂျူဟန် ၏ သမီး အော်ဒရေနှင့် လက်ထပ်တော့မည်ဟု ကြေညာသည်။

သည်ကလေးမ ကို သူ ချစ်လို့ယူတာမှ ဟုတ်ရဲ့လား။ အော်ဒရေ၏ အစုရှယ်ယာတွေကိုမက်ပြီး ယူတာများလား ဟု သံသယရှိနေကြောင်း ဂျူးဒစ်က ဖီးလစ်ကို ထုတ်ပြောသည်။ မထုံတက်သေး အမူ အရာနှင့် သားငယ်ကို သူတို့လင်မယား နားမလည်နိုင်အောင် ဖြစ်နေကြ၏။

အော်ဒရေသည် ခရစ္စတိုဖာလိုပင် အေးစက်စက်နိုင်သည့် မိန်းကလေးဖြစ်သည်မှအပ အခြားပြော စရာ မရှိပါ။

ဂျူးဒစ်က -

" အိမ်ထောင်ထိန်းသိမ်းမှု သိပ်တော်တဲ့ မိန်းကလေးပဲ။ သူတို့ အိမ်ကြမ်းပြင်ဟာ အမြဲတမ်း ဖိတ်ဖိတ် တောက်နေ တာချည်းပဲ" ဟု ချီးမွမ်းသည်။

" ခရစ္စတိုဖာ နဲ့တော့ အလိုက်ဆုံး ဖြစ်မှာပါ" ဟု ဖီးလစ်က ထင်ကြေးပေးသည်။

<<<http://www.shwezinu.blogspot.com/

ခရစ္စတိုဖာ က သူတို့အတွက် အိမ်ကို စိုက်ပရပ်စ် ထင်းရှူးသားဖြင့် တည်ဆောက်သည်။ အိမ်ရှေ့ တွင် မြတ်လေးပန်းရုံတွေစိုက်ပြီး အေးချမ်းစွာ နေလေသည်။ အော်ဒရေသည် အလွန်တာဝန်ကျေသည့် အိမ်ရှင်မ ဖြစ်သော်လည်း သူတို့လင်မယား တည်ခင်းကျွေးမွေးသည့် ညစာပိုင်းများသည် ပြောစရာ အပြစ် မရှိသလို ပျော်စရာလည်း သိပ်မရှိလှပေ။ လက်ထပ်ပြီး တစ်နှစ် အကြာတွင် ကလေး တစ်ယောက် မွေးတော့လည်း အော်ဒရေ မိခင်ဘဝကို ခပ်အေးအေးပင် ခံယူ လေသည်။ ဂျူးဒစ်က ကလေး အတွက် အဝတ်တွေ ကိုယ်တိုင်ချုပ်ပေးသော်လည်း စိတ်ထဲက မကျေနပ်လှပေ။

" ဒါ ကျွန်မ မြေးဦးရှင့်၊ အခမ်းအနားလေး ဘာလေးလုပ်ဖို့ လုံးဝ စိတ်မကူးကြဘူး။ အော်ဒရေဟာ ကလေး မွေးတာ ကို နေ့စဉ်လုပ်နေကျ အလုပ်တစ်ခုများ အောက်မေ့နေလား မသိဘူး "

ဂျူးဒစ် က ရင်ထဲမှ မကျေနပ်မှုကလေးကို ဖီးလစ်ရှေ့တွင် ဖွင့်ပြနေသည်။ ဖီးလစ် ရယ်သည်။

" သြော် ... အချစ်ရယ်၊ မင်းပြောတာ ဟုတ်ပါတယ် " ဟုဆိုပြီးမှ အလေးအနက် လေသံဖြင့် -

" အင်း ... သူတို့ ဒီထက် ချောင်ချောင်လည်လည် ရှိစေချင်ပါတယ်။ ခရစ္စတိုဖာရဲ့ ဝင်ငွေက သိပ်ရှိ သေးတာမဟုတ်ဘူး။ အိမ်ဆောက်ရ၊ ကလေးမွေးရနဲ့၊ ငွေထုတ်ပေးပြန်တော့လည်း ဒီကောင်က လက်မခံဘူး။ တကယ်မလိုဘဲ မယူပါဘူးတဲ့၊ မခက်ဘူးလား "

ဂျူးဒစ် ဘာမှမပြောဘဲ ငြိမ်နေ၏။ ဒေးဗစ် အသုံးအဖြုန်းကြီးမှုကို အမေလုပ်သူအနေဖြင့် အကာ အကွယ် ပေးနေကြောင်းကို ဆက်လာမည်စိုး၍ ခပ်မဆိတ် နေလိုက်ခြင်းဖြစ်သည်။

သို့သော် ဒေးဗစ်က ကဲသည်ထက် ကဲလာသည်။ သူ့ဝင်ငွေမှာ နည်းသည်မဟုတ်။ သူ့အပေါင်းအသင်းများထဲတွင် သူ့လောက်ရသူ တစ်ယောက်မှမရှိ။ သကြားအမြတ်ထဲမှ တစ်ဝက်လုံးလုံးမှာ သူ့ရပိုင်ခွင့်ဖြစ်သည်။ သည်ထဲမှ ဖဲရှုံးသဖြင့် ကြွေးတင်လာသည့်အခါ နောက်ထပ် တိုးပေးဖို့ ပြောတော့ ဖီးလစ် ညည်းတော့သည်။ သည်တော့ ဒေးဗစ်က အမေကို ကပ်ချွဲသည်။ အချိန် မှာ နွေလယ်ကောင် ကာလကြီးဖြစ်၏။ ကြံပေါ်ဖို့က နိုဝင်ဘာလအထိ စောင့်ရဦးမည်။ ဂုဏ်သိက္ခာ အရ ကြွေးတွေကို ဒါလောက် ကြာကြာကြီး ဆိုင်းမထားချင်။ တမိုင်မိုင် တတွေတွေလုပ်နေ၏။ ကတိတွေ ပျက်နေရှာသည့် သားအဖြစ်ကိုမကြည့်ရက်သဖြင့် မဲနယ်တွေ ရောင်းခွင့် အော်ဒါ တစ်စောင် ရေးပေး လိုက်သည်။ ဒေးဗစ် ဆွေ့ဆွေ့ခုန်မျှ ဝမ်းသာသွားသည်။

" ကျေးဇူးတင်လိုက်တာ မေမေရာ၊ သကြားရောင်းပြီးပြီးချင်း ကျွန်တော် ပြန်ပေးပွဲမယ်နော်" ဟု အမေကို အားရပါးရ နမ်းရင်း ပြောပြီး ပြေးထွက်သွားသည်။

" ဟေး ... ဂျိုး၊ ငါ့မြင်း လုပ်စမ်းဟေ့ "

<<<http://www.shwezinu.blogspot.com/

မြို့ရောက်တော့ ကြွေးတွေ လိုက်ဆပ်သည်။ မေမေက ပိုပိုမိုမို ပေးလိုက်သဖြင့် ဖိနပ်အကောင်းစားတွေ ဝယ်လာလိုက်သေး သည်။ ဤသို့ဖြင့် ရက်များစွာ ကြာသွားခဲ့သည်။ တစ်နေ့တွင် ညှော်ခန်းထဲသို့ ဗီးလစ် ဒေါင်းတင်မောင်းတင် ဝင်လာသည်။ လက်ထဲတွင် ဂျူးဒစ် ရေးပေးလိုက် သည့် အော်ဒါ စာရွက်ကိုင်လျက်။

" ရော့ ... ဒီပိုက်ဆံနဲ့ မင်းဘာဝယ်သလဲ "

ဂျူးဒစ် အံ့အားသင့်နေသည်။ ဘယ်တုန်းကမှ အသုံးစရိတ်ကို ဗီးလစ် မစစ်ဆေး မမေးမြန်းဖူးပါ။

" အစ်ကိုက ဘာလို့ သိချင်နေရတာလဲ "

ဗီးလစ်က မျက်မှောင်ကုတ်လိုက်ပြီး -

" မင်းက ဒီလိုရေးပေးလိုက်ရင် ကိစ္စပြီးရော ထင်နေသလား။ ကျုပ်ထပ်ဆင့် လက်မှတ်ရေးထိုးဖို့ လိုသေးတယ်ခင်ဗျ။ ဒီမယ် ဂျူးဒစ်၊ ဒေးဗစ်ကို ပိုက်ဆံမပေးပါနဲ့လို့ ကိုယ် ပြောထားလျက်သားနဲ့"

ဂျူးဒစ် ပခုံးတွန့်သည်။ သက်ပြင်း ချသည်။

" သူ့ခမျာ အရှုးမီးဝိုင်း ဖြစ်နေရှာတာ အစ်ကို "

" ခဏတစ်ဖြုတ် ရှုးချင်ရှုးသွားပေစေပေါ့၊ ဒါမှ နောင်တရမှာ "

ဗီးလစ် ရှေ့တိုးလာသည်။ ဂျူးဒစ်၏ လက်မောင်းကို ဆွဲယူသည်။

" မင်း နောက်တစ်ခါ ဒေးဗစ်အတွက် ဒီလိုအော်ဒါမျိုး ရေးပေးရင် မင်းရဲ့ လက်မှတ်ထိုးခွင့်ကို ကိုယ် ရုပ်သိမ်းပစ်မယ် "

ဂျူးဒစ် ရုန်းထွက်လိုက်ပြီး -

" ဩော် ... နှစ်တွေ ဒါလောက်ကြာအောင် ပေါင်းလာပြီးမှ ဂျူးဒစ် ခေါင်းစည်းကြိုးတစ်ကိုက် ဝယ်တာက အစ ငွေထုတ်ခွင့်အမိန့် တောင်းနေရမယ်ပေါ့ ဟုတ်လား "

" ဟုတ်တယ်၊ ကိုယ်ပြောတဲ့အတိုင်း မလုပ်ရင် အဲဒီအတိုင်း ဖြစ်သွားလိမ့်မယ်။ ဒီမယ် ဂျူးဒစ်၊ ဒေးဗစ်ကို မင်း မဖျက်ဆီးပါနဲ့တော့။ သူ့ပစ္စည်းကို သူ တွယ်တာတတ်အောင်၊ ကာကွယ်တတ်အောင် တို့ လုပ်ရ လိမ့်မယ် "

" အစ်ကို ဘယ်လိုဖြစ်သွားတာလဲဟင်၊ တစ်ချိန်လုံး သားအပေါ်မှာ ပျော့ပျောင်းခဲ့ပြီး ဘာလို့ ခုမှ တရားသူကြီးတစ်ယောက် လို တင်းမာလာရတာလဲ၊ သူဟာ အစ်ကို့ရဲ့ ပုံတူပဲ၊ ကိုယ်ပွားပဲဟာ "

" အဲဒါက တစ်ပိုင်း၊ မင်း သူ့ကို အဲဒါ သွားသွားပြောမနေနဲ့၊ သူ့အရွယ်တုန်းက ကိုယ်ပေခဲ့ပေမဲ့ ကိုယ့်အပြစ် ကိုယ်ခံတာ ချည်းပဲ။ ကိုယ့်မှာ ခေါင်းပွတ်ပြီး ချော့မယ့် အမေလည်း မရှိဘူး "



<<http://www.shwezinu.blogspot.com/

ဂျူးဒစ်က လက်ထဲမှ သော့တွဲကိုယမ်းပြီး ဂင်ထိုင်သည်။ ဖီးလစ်က အမူအရာ ပျော့ပျောင်းသွားသည်။

" ကဲ ... မင်း ကိုယ့်ကို ကတိပေးပါ၊ နောင် ဒါမျိုး မလုပ်ပါဘူးလို့ "

ဂျူးဒစ်က ကျေးဇူးတင်စွာဖြင့် လင်တော်မောင်ကို ပြုံးပြသည်။

" သားကလေး ဒုက္ခဖြစ်နေတာကို မကြည့်ရက်လို့ပါ အစ်ကိုရယ်၊ အဲဒီကြွေးတွေ တင်နေကတည်းက သူ ဆောက်တည်ရာမရ ဖြစ်နေတာ၊ အဲဒီနေ့က အစ်ကို သူ့ကို မြင်စေ့ချင်တယ် "

" ခု သူ ဘယ်မှာလဲ "

" လူပျိုလှည့်ထွက်သွားပြီ။ ဘောင်းဘီအသစ်၊ ဦးထုပ်အသစ်နဲ့။ ဘောင်းဘီက ပုံဆန်းတဲ့လေ၊ ကျပ်မှ ကျပ် "

ဖီးလစ်က နံဘေးတွင် ဂင်ထိုင်ပြီး ဂျူးဒစ်၏ ဒူးပေါ်သို့ လက်တင်သည်။

" ဂျူးဒစ်၊ မင်းရဲ့ သားကြီး ဩရသကို ကိုယ် သိပ်မပြောချင်ဘူး၊ သူ ဒီလိုဖြစ်အောင် လုပ်နေတဲ့ မင်းကိုပဲ အပြစ်ပြောရလိမ့်မယ်။ မင်း သူ့ကို မြှာပွေ့တဲ့ကိစ္စမှာ အားမပေးစေချင်ဘူး "

ဂျူးဒစ်က ရယ်ပြီး -

" ဒါကတော့ တစ်မြို့လုံးမှာရှိတဲ့ ကောင်မလေးတွေက သားကို ပိုင်းကြိုက်နေကြရင် ကျွန်မ ဘာတတ်နိုင်မှာလဲ "

လင်မယားနှစ်ယောက် မျက်လုံးချင်း ဆိုင်မိကြသည်။

" မင်း သူ့ကို ပြောင်းလဲအောင် လုပ်မပေးနိုင်တော့ဘူးလား"

" ဘာကို ဆိုလိုတာလဲ "

" ဆိုလိုတာက .... "

ဖီးလစ်က ခပ်ဖြည်းဖြည်း စပြောသည်။

" ဒေးဗစ်မှာ ကောင်မလေးတွေ ပိုင်းပိုင်းလည်နေတယ်၊ ဒါပေမဲ့ တစ်ယောက်မှလည်း မင်း သဘောမတူဘူး။ မင်းက မင့်သားကို စွံတာတော့သဘောကျတယ်၊ မိန်းမ ယူသွား မှာတော့ ကြောက် နေတယ်။ အဲဒါ မဟုတ်ဘူး ဂျူးဒစ်၊ အမေ့ရင်ခွင်ထဲက မထွက်ချင်တဲ့ လူပျိုကြီး ဘဝ ရောက်သွားလိမ့်မယ် "

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ် ခဏ တွေစဉ်းစားသည်။ ဖီးလစ်ပြောသလို မဟုတ်ကြောင်း ငြင်းဖို့ စကားလုံး ရှာနေသည်။ နောက်ဆုံးတွင်မှ -

" သားကို စွန့်ရမှာ ကြောက်နေတာ မှားသလား အစ်ကို "

" မှားတာပေါ့ "

လက်နှစ်ဖက်ကို ဖီးလစ်လက်ထဲ ထည့်လိုက်ပြီး -

" ဂျူးဒစ် အဲဒီလို တစ်ခါမှ မစဉ်းစားမိဘူးအစ်ကို "

ဖီးလစ်က ပြုံးပြီး မွှေးမွှေးပေးလိုက်သည်။ ပြီးတော့ အသာ အခန်းထဲမှ ထွက်သွားသည်။

<<<http://www.shwezinu.blogspot.com/

သည်နွေတွင် ဒေးဗစ် ဖဲမကစားတော့ဘဲ ဖြတ်ပစ်လိုက်သည်။ သို့သော် အပျင်းပြေ ကြက်ပွဲတော့ သွားတတ်သေး သည်။ ကြက်ပွဲမှာ နယူးအော်လီယန်းမှ ကူးစက်လာသည့် နောက်ဆုံးပေါ် ကစား နည်းဖြစ်နေ၍ လူငယ်တွေ သဘောကျကြသည်။

သူ့သား တည်ငြိမ်စ ပြုလာပြီဖြစ်ကြောင်း ဂျူးဒစ်က ဗီးလစ်ကို ပြောသည်။ အောင်မြင်ထွားကျိုင်းလှသော ကြံခင်းတွေ ကိုကြည့်ပြီး ဟုတ်တန်ကောင်း၏ဟု ဗီးလစ် ခန့်မှန်း လိုက်၏။

ကပ္ပလီလုပ်သားတွေ ဒေးဗစ်၏ ကြံခင်းကို စတုတ္ထအကြိမ် ခုတ်နေကြသည်။ တချို့က တိုးချဲ့သကြားစက်ရုံ တည်ဆောက်ရေးတွင် လုပ်အားပေးလျက် ရှိကြသည်။ ကြိတ်ဆုံသုံးဆုံ တစ်ပြိုင် တည်း ကြိတ်နိုင်အောင် လုပ်ထားပြီးပြီ။ ရောမ သစ်သားဘီးကြီးများ၊ မြင်းဆွဲရန် ထမ်းပိုးရှည်ကြီးများဖြင့်။ တစ်ဖက်မှ သစ်သားဆောင်တွင် အိုးကြီး ၆ လုံးတန်းစီနေသည်။ သကြား စက်ရုံနှင့် မလှမ်းမကမ်းတွင် ကြိတ်ပြီးသား ကြံဖတ်တွေကို သိုလှောင်ရန် ဂိုဒေါင် တစ်လုံးလည်း ဆောက်ထားသည်။

ကြံဖတ်များ မှာ အခြောက်လှန်းပြီးလျှင် အဖိုးတန်လာတော့သည်။ ကြံချက်ရာ တွင် လောင်စာ အဖြစ် ပြန်လည် အသုံးပြုခြင်းဖြင့် ထင်းအပုံကြီး သက်သာ၏။

" အင်း ... ငါ့သားကတော့ တကယ့် စိုက်ပျိုးရေးသမားဖြစ်ဖို့ မွေးလာတာပဲ "ဟု ဗီးလစ် ထပ်ပြော ပြန်သည်။

ဒီဇင်ဘာလ ဆန်းပိုင်း ညအိပ်ရာမဝင်မီ ဖြစ်၏။

" မပြောဘူးလား၊ သူ့ဘာသာသူ ပြုပြင်လာမှာပါလို့ "

ဂျူးဒစ်က ကြည်နူးမဆုံးသည့် လေသံဖြင့် ပြောသည်။

" ကြံကြိတ်တဲ့အချိန်ဆိုရင် သူ ဘယ်မှ မခွာတော့ဘူး၊ ညစာစားပြီးတော့လည်း ဖိုတွေ မီးမှန် မမှန် သွားကြည့်သေး တယ် "

ဂျူးဒစ်က ခေါင်းအုံးပေါ် တံတောင်နှင့်ထောက်ပြီး အပြင်ကို ကြည့်လိုက်သည်။ ပြောင်းခင်းဆီတွင် အလင်းရောင်ပျပျ ရှိနေသည်။ လရောင်တွင် တစ်စုံတစ်ခု ရောင်ပြန်ဟပ်နေသည်ထင်လိုက်၏။ ချက်ဖိုတွေ သည်ဘက်တွင် ဆောက်ပြီးမှ ဂျူးဒစ် ကွင်းထဲသို့ မရောက်သေးပေ။

ကြံချက် သည့် ရာသီတွင် မီးဖိုတွေကို နေ့ရောညပါ အနားမပေးဘဲ တစ်ချိန်လုံး ချက်စေသည်။ မီးကို အထူး ဂရုစိုက်ခိုင်းသည်။ ဒေးဗစ်က ညနေပိုင်းတွင် ကိုယ်တိုင် ကြီးကြပ်ပြီး သန်းခေါင်ချိန်လောက်မှ အလုပ်သမား လက်သို့ လွှဲကာ အိမ်ပြန်သည်။

<<<http://www.shwezinu.blogspot.com/

စောင်ခြုံထဲတွင် ပြန်ကွေးရင်း ဂျူးဒစ် ကြည်ကြည်နူးနူး တွေးနေသည်။ သားအဖတစ်တွေ ဂက်သစ်ချမြိုင် တောကြီးကို အောင်နိုင်ခဲ့ကြခြင်းပါတကား။ ယခုမူ စိုက်ခင်းလွင်ပြင်သည် မိုးကုပ်စက်ဝိုင်း သို့တိုင် ကျယ်ပြန့်နေသည့်အလား။ အိပ်ခန်းထဲမှ လှမ်းမျှော်ကြည့်လျှင် အလွန့်အလွန် ရာသီဥတု ကြည်လင်သည့် နေ့များတွင်သာ သစ်တော နယ်နိမိတ်ကို ရေးရေးမြင်နိုင်သည်။ စိုက်ခင်း နယ်နိမိတ်ကို မျဉ်းကြောင်းသေးသေးလေးဖြင့် တားထားဘိသကဲ့သို့။

သည်နယ်နိမိတ် ၏ ဟိုမှာဘက်မှ သစ်တောကလည်း ဂက်သစ်ချမြိုင် အပိုင်ပင်ဖြစ်သည်။ မိုင်ပေါင်းများစွာ၊ ကေပေါင်းများစွာ။ သည်သစ်တောကြီးကတော့ ခရစ္စတိုဖာအတွက်နှင့် လောင်စာအတွက် အရန်သစ်တောကြီးဖြစ်၏။

ရီတာကလေး၏ အပိုင်စား မြေကေတွေလည်း တိုးလာသည်။ ကေ ၃၀၀ ထိ ရှိနေပြီ။ ဖီးလစ် ကလေး ရမည့် မြေတချို့ပါ ရီတာ ရသွားခြင်းဖြစ်သည်။ သားကလေးကို သတိရလာတော့ ရင်ထဲ နင့်သွားသည်။

သို့သော် ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရသည်။ ကျန်ကလေးတွေက မိဘတိုင်း ဂုဏ်မယူဘဲ မနေနိုင် သည့် ကလေးမျိုးချည်း မဟုတ်လား။ ငြိမ်းချမ်းအေးမြစွာ အိပ်ပျော်သွားလေသည်။

အသံဗလံတွေ ဆူဆူညံညံကြားသဖြင့် ဂျူးဟစ် လန့်နိုးလာသည်။ ရင်တွေ တုန်နေ၏။ မှန်အိမ်မီးစာကို မြှင့်လိုက်မှ ကမန်းကတန်း အဝတ်လဲနေသော ဖီးလစ်ကို မြင်ရသည်။ အိမ်စေတွေ အသံဖြင့် တစ်အိမ်လုံး ဆူညံနေသည်။

" အစ်ကို ... ဘာဖြစ်တာလဲ "

ဖီးလစ်က ပြန်မပြောအားဘဲ ပြတင်းပေါက်ကို လက်ညှိုးထိုးပြလိုက်သည်။ ဂျူးဒစ် ထထိုင်ပြီး ပြတင်းပေါက် ဘက်ကို လှမ်းကြည့်လိုက်သည်။ ဘုရား ဘုရား၊ ကွင်းထဲတွင် မီးတောက် ကြီးတွေ၊ မီးခိုးလုံးတွေ လိမ့်တက်နေသည်။ မည်းမည်းသဏ္ဌာန်တွေ ရှုပ်ယှက်ခတ် ပြေးလွှားနေ သည်ကို မီးရောင်တွင် မြင်နေရ၏။ ဂျူးဒစ် ခဏ ကြောင်နေပြီးမှ -

" ဘယ်လို ဖြစ်တာလဲဟင် အစ်ကို "

" ဟိုကောင် သောက်ရူး ဒေးဗစ်ပေါ့၊ ချက်ဖိုကို သေသေချာချာ မထိန်းဘူးလေ။ ကြံဖတ်ဂိုဒေါင်ကို မီး ကူးနေပြီ "

ဖီးလစ်က တံခါးကို ဆွဲဖွင့်ပြီး ထွက်မည်အပြုတွင် ဂျူးဒစ် အိပ်ရာပေါ်မှ ခုန်ဆင်းပြီး -

" ဒေးဗစ်ကို ထိခိုက်မိသေးလား၊ သူ ဘယ်မှာလဲ အစ်ကို "

<<<http://www.shwezinu.blogspot.com/

" မသိဘူး၊ ဘယ်သူမှ သူ့ကို မတွေ့ကြဘူးတဲ့။ ကဲ ... မင်း အိမ်မှာနေ၊ ကိုယ် ပြေးမယ်၊ သေသေချာချာ မထိန်းနိုင်ရင် အခင်းတွေ ကုန်လိမ့်မယ် "

ဖီးလစ် ထွက်ပြေးသွားသည်။ ဂျူးဒစ် ပြတင်းပေါက်ကိုဖွင့်ပြီး အပြင်သို့ လှမ်းကြည့် သည်။ ဆောင်းညဥ့်လေကြောင့် စိမ့်နေအောင် အေးလာသည်။ စိုးရိမ်စိတ်ဖြင့် ဂျူးဒစ် ရင်တွေ တုန်လာ သည်။

ပြောင်းပင်တွေလည်း အဖူးချိုးပြီးလို့ ခြောက်သယောင်နေချိန်။ ပြောင်းခင်းကိုကူးပြီး တစ်ဆက်တည်း မဲနယ်ခင်းတွေနှင့် မဲနယ်စည်ကြီးတွေဆီ ရောက်သွားမှဖြင့် ဘုရား၊ ဘုရား။ လိမ္မော်ခင်းတွေပါ ပါကုန်တော့မှာပဲ။ အဲဒီဘက်မှာ အလုပ်သမား တန်းလျားတွေလည်း အများကြီး ရယ်။ လေက ဒီဘက်ကို လှည့်လာမှဖြင့် ဒုက္ခပါပဲ။ အိမ်ကြီးဆီကိုများ။

ဖိနပ်ကို ကပျာကယာ စွပ်ပြီး ဂတ်ရုံတစ်ထည် ဆွဲခြုံကာ အိပ်ခန်းထဲမှ ပြေးထွက်ခဲ့သည်။ မီးဖိုဆောင် ရောက်တော့ ပုံးတစ်ပုံးဖြင့် ကော်ဖီဖျော်ခိုင်းသည်။ ပေါင်မုန့်နှင့် အသားတွေပါ ကိုယ်တိုင် သယ်ပြီး မီးလောင်ပြင်ဆီသို့ ထွက်ခဲ့၏။ တတ်နိုင်သမျှ အနီးဆုံးသို့ လျှောက်သွားပြီး စားစရာတွေကို သစ်ငုတ်တိုပေါ် တွင် ပြင်ပေးသည်။

အပေါ်ပိုင်းတွင် ဗလာကိုယ်ထီးနှင့် ကပ္ပလီတွေ ဖီးလစ်ညွှန်ကြားသည့်အတိုင်း မီးသတ်နေကြသည်။ ဂိုဒေါင်တွေနှင့် သကြားချက်ဖိုကို ငြိမ်းသတ်သူတို့ လက်လျှော့လိုက်ကြပြီ။ တခြားမကူးအောင်သာ မြောင်းတွေတူးပြီး မီးဖြတ်နေကြသည်။

အလုပ်သမားတွေ ကို ကော်ဖီတိုက်နေသည့် ဂျူးဒစ်ကို မြင်တော့ ဖီးလစ်ရောက်လာပြီး -

" ကြည့်စမ်း ဘာလို့ လိုက်လာတာလဲ၊ အိမ်မှာပဲနေလို့ ပြောခဲ့သားနဲ့ "

" အို ... မလာလို့ ဘယ်ဖြစ်မလဲ၊ သူတို့တစ်တွေကို ကျွေးရမှာပေါ့၊ အစ်ကို့အတွက် ဂီစကီ တစ်ပုလင်း လည်း ပါလာတယ် "

" ဟုတ်လား၊ ကျေးဇူးပါပဲဗျာ "

ဂီစကီမော့ရင်း ဇနီးလုပ်သူကို ကျေးဇူးတင်စွာ ပြုံးပြသည်။ တဖြည်းဖြည်း မီးညွှန့်ကျိုးစ ပြုလေပြီ။

" ဟိုဘက် မကူးနိုင်ပါဘူးနော် အစ်ကို "

" အင်း နိုင်သွားပါပြီ၊ ဒါပေမဲ့ ကြံတွေတော့ ကုန်ပြီ။ ကြိတ်ဆုံတွေ၊ ချက်ဖိုတွေနဲ့ လောင်စာဂိုဒေါင်တွေ အားလုံး ပါသွားတယ် "

မီးရောင်တွင် သူ့မျက်နှာမှာ မည်းသည်းနေသည်။

<<http://www.shwezinu.blogspot.com/

" အလုပ်သမားနှစ်ယောက် တော်တော် ပြင်းပြင်းထန်ထန် ဒဏ်ရာ ရတယ်၊ နောက်တစ်ယောက်က ... "

" နောက်တစ်ယောက် ဘာဖြစ်လဲဟင် အစ်ကို "

ဖီးလစ်က ကွက်လပ်တစ်နေရာကို မေးထိုးပြလိုက်သည်။ ဂျူးဒစ် ခပ်လှမ်းလှမ်းမှ သွားကြည့်သည်။

" သေပြီလားဟင် အစ်ကို "

ဖီးလစ် ခေါင်းညိတ်၏။ ဂျူးဒစ် သူ့လက်မောင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်လိုက်သည်။ မီးအပူရှိန်ကို မမှုနိုင်ဘဲ ကျောထဲစိမ့်သွားပြီး -

" အစ်ကို၊ ဒေးဗစ် ဘာမှမဖြစ်ဘူး ဆိုတာ အဟုတ်လားဟင် "

" သူ ဒီမှာကို မရှိဘူး။ ဘယ်သွားနေသလဲ မသိဘူး။ ကြည့်ပါဦး ... ဒီအတိုင်း ပစ်ထားခဲ့တာ "

ဖီးလစ်က ပြတ်ပြတ်တောင်းတောင်း ပြောသည်။ ဂျူးဒစ် ဒူးတွေ မခိုင်ချင်တော့သလို ဖြစ်သွားပြီး သစ်ငုတ်တို တစ်ခုပေါ်တွင် ထိုင်ချလိုက်သည်။ ရင်ထဲတွင် ပူလောင်လွန်းနေသဖြင့် မျက်ရည်ကျဖို့ သတိမရနိုင်ဖြစ်နေ၏။

ဖီးလစ် ပြန်လှည့်ပြီး အလုပ်သမားတွေကို အပြင်းအထန် ဆက်ခိုင်းနေသည်။ ထိုစဉ်တွင် မြင်းဟီသံ တစ်ချက် ကြားလိုက်ပြီး မြင်းတစ်စီးတရကြမ်း စီးလာနေသည်ကို မြင်ကြရ၏။ နီးလာမှ မီးရောင်တွင် ဒေးဗစ်ဖြစ်ကြောင်း သိကြရသည်။

မြင်းပေါ်မှလွှားခနဲ ခုန်ဆင်းပြီး ဖအေ့ဆီသို့ ပြေးသွားသည်။

" ဖေဖေ ... ဘယ်လို ဖြစ်တာလဲဟင် "

ဖီးလစ်က အေးစက်စက် လေသံဖြင့် -

" မင်း ဘယ်သွားနေလဲ ဒေးဗစ် "

" ကျွန်တော် လုံးဝမထင်ဘူး ဖေဖေ၊ ကျွန်တော် ထွက်သွားတုန်းက ဒီလောက်ကြာအောင် နေဖို့ .... "

" ကဲ ... တော်တော့၊ သွားပြီး ဝိုင်းကူပါ၊ နောက်ထပ်မကူးအောင် ဒီဘက်က ဖြတ်ထား၊ မနက်ဖြန်မှ မင်းနဲ့ စကားပြောမယ် "

တစ်ဆက်တည်းတွင် ဂျူးဒစ်ဘက် လှည့်ပြီး -

<<<http://www.shwezinu.blogspot.com/

" လာကူတာ ကျေးဇူးတင်ပါတယ်ကွာ၊ ဂျူးဒစ် ပြန်တော့လေ၊ သိပ်အေးတယ်၊ အနွေးထည်လည်း လုံလုံလောက်လောက် မပါဘဲနဲ့ "

သူ့အသံက ညင်သာလွန်းနေ၍ ဂျူးဒစ် ဆန့်ကျင်ဘက် မပြောတော့။ ထ ပြန်လာခဲ့သည်။ ခပ်မွှမွှ ထွန်ရေးကြောင်းတွေပေါ်တွင် ဒယီးဒယိုင် လျှောက်လှမ်းလျက်။

<<<http://www.shwezinu.blogspot.com/

ဒေးဗစ်တစ်ယောက် စိတ်ဓာတ်အကျကြီး ကျနေသည်။ ဒီလို ဖြစ်လိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့။ ညဦးပိုင်းက အလုပ်သမားတွေကို တစ်ရေးပြန်အိပ်ခိုင်းပြီး သန်းခေါင်ကျော်လောက်တွင် ပြန်လာဖို့ မှာလိုက်သည်။ တစ်ယောက်တည်း ထိုင်ပြီး ချက်ဖိုကြီးတွေကို ပျင်းတိပျင်းတွဲ ထိုင်ကြည့်သည်။ မပျင်းစဖူး ပျင်းလာသည်။ ငြီးငွေ့သလိုလို ဖြစ်လာသည်။

ထိုစဉ်တွင် ရော်ဂျာရာရမီ ပေါက်ချလာခြင်း ဖြစ်သည်။ ရော်ဂျာက မြို့ထဲမှအပြန် သကြားဖိုတွင် ဒေးဗစ် ရှိလိုရှိငြား ဝင်လာခြင်းဖြစ်၏။ ဒေးဗစ်ကို အရက်သောက်ချင်စိတ် ရှိသလားဟု ရော်ဂျာက မေး၏။

" အေး ... ချမ်းတော့ ချမ်းတယ်ကွ၊ ငါ မသောက်ချင်ဘူး ရော်ဂျာ၊ ဒါပေမဲ့ မင်းနဲ့ ငါ လိုက်ခဲ့မယ်လေ၊ ခဏ မြင်းထွက်စီးလိုက်ရင် နွေးသွားမယ်ထင်တယ်။ ခဏတစ်ဖြုတ် ထားခဲ့လို့တော့ ဘာမှ မဖြစ်တန်ကောင်းပါဘူး "

ရုတ်တရက် ထပြီး လေထန်လာလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့။

ဖြစ်ခဲ့သမျှ ဂန်ချတောင်းပန်ပြီးပြီ။ နောင်ကို သည်လို မဖြစ်စေအောင်ကြိုးစားပါမည်ဟုလည်း ကတိပေးပြီးပြီ။ ဒါကို ဖခင်လုပ်သူက လွယ်လွယ်နှင့် ခွင့်မလွှတ်နိုင် ဖြစ်နေခြင်းအတွက် ဒေးဗစ် စိတ်ညစ်နေ ၏။ နောင်တလည်း ရနေပြီ။ ဖြစ်ပြီးသည့် ကိစ္စကတော့ ဘာတတ်နိုင်မည်နည်း။

" ဒီကိစ္စဟာ ဂက်သစ်ချမြိုင် ပိုင်နက်တစ်ခုလုံး အတွက်ရော ဒီမြေပေါ်မှာနေတဲ့ လူအားလုံးအတွက်ရော ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ မင်း စဉ်းစားမိရဲ့လား "

" ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ တကယ့်ကို ဝမ်းနည်းပါတယ်လို့ ပြောပြီးပါပြီ "

" တကယ်လို့ လူမည်းအလုပ်သမားတစ်ယောက်သာ အဲဒီအချိန်မှာ တာဝန်ရှိတယ်ဆိုရင် သေလုမြောပါး အရိုက်ခံရမှာ သေချာတယ်။ ပြီးတော့ အချုပ်ခန်းထဲ အပို့ခံရဦးမယ်။ ဒါဟာ သူ ခံသင့်ခံထိုက်တဲ့အပြစ်ကို လူမည်းကျွန်တစ်ယောက်လောက်မှ တာဝန်မသိဘူး ဆိုရင်တော့ ... "

ဖီးလစ် ထလာသည်။ သားလုပ်သူနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်၏။

" ဒါပေမဲ့ လူဖြူ မြေပိုင်ရှင်တွေကျတော့ ကျွန်တွေလို အချုပ်ခန်းထဲ မသွားရဘူးပေါ့ကွာ။ ဒါပေမဲ့ ဒီမယ် ငါ့သား၊ ဂက်သစ်ချမြိုင်အနေနဲ့ မင်းကို ပြစ်ဒဏ်တစ်ခုခုတော့ ပေးရလိမ့်မယ်။ မင်း ခြောက်လလုံးလုံး ဂက်သစ်ချမြိုင်ရဲ့ နယ်နိမိတ်အတွင်းက ဘယ်မှမသွားရဘူး။ ဒီကြားထဲမှာ မင်းကို စိတ်ချလက်ချ တာဝန်ပေး လို့ ရ မရ စောင့်ကြည့်မယ် "

" ဗျာ ... ခြောက်လ ဟုတ်လား "

ဒေးဗစ် ပါးစပ်အဟောင်းသားနှင့် ပြန်မေးလိုက်သည်။

<<http://www.shwezinu.blogspot.com/

" ဟုတ်တယ် "

" ကျွန်တော့် အပေါင်းအသင်းတွေကို ကျွန်တော် ဘယ်လို ပြောရမလဲ ဖေဖေ၊ ဒီအရွယ်ကြီးကျမှ ကလေးတစ်ယောက်လို ခြေချုပ်ချထားမှာလား "

" ဒါတော့ မင်းက ကလေးတစ်ယောက်လို ပြုမူတာကိုး။ မင်းဟာ လူကောင်ကြီးပြီး အချိန်မစီးတဲ့ ကောင်မျိုးပဲ "

ဒေးဗစ် ဒေါပွလာ၏။ သည်လို အပြစ်မျိုးကို ခံနိုင်ဖို့ မလွယ်ကြောင်း၊ အပေါင်းအသင်းတစ်သိုက်နှင့် ဆုံပြီး စားသောက်လေ့ ရှိသူ၊ ကြက်ကလေးဘာလေး တိုက်ချင်သူ၊ ကပွဲများကိုလည်း မလွတ်တမ်း တက်ချင်သူ တစ်ယောက် အနေဖြင့် ခြောက်လလုံးလုံး အကျယ်ချုပ်ဘဝဖြင့် မနေနိုင်ကြောင်း ဒေးဗစ် ကန့်ကွက်ပြောဆိုသည်။

" ပြီးတော့ ကျွန်တော် အသက်ပြည့်နေပြီ ဖေဖေ၊ ကျွန်တော် ထင်တာကို လုပ်ပိုင်ခွင့်ရှိတယ် "

" လုပ်လေ၊ ဒါဆို မင်းပစ္စည်းနဲ့ မင်းလုပ် "

အကျယ်ချုပ်ဘဝကို ဒေးဗစ် တစ်ပတ်တိတိ ကြိတ်ခံသည်။ သို့သော် တစ်နေ့တွင် မနက်အစောကြီး ထလစ် သွားသည်။ ဘာပစ္စည်းမှ ယူမသွား။ အဂတ်အစား အနည်းငယ်နှင့် မြင်းတစ်ကောင်သာ ပါ သွားသည်။

နေ့ရော ညပါ ဂျူးဒစ် စိတ်ဆင်းရဲနေရ၏။ စိတ်လိုက်မာန်ပါ ထွက်သွားခြင်းဖြစ်၍ အိတ်ထဲ ပါသွားသည့် ငွေစကလေး ကုန်သွားလျှင် ပြန်လာလိမ့်မည်ဟု မျှော်လင့်နေခဲ့သည်။ သို့သော် တတိယ အပတ် ကုန်သွားသည်အထိ ဒေးဗစ် ပြန်ပေါ်မလာပေ။

ဖီးလစ်၏ မျက်နှာမှာ ဘယ်တုန်းကနှင့်မှ မတူအောင် မှုန်မှိုင်းလျက်ရှိ၏။ ဒေးဗစ် သည်လိုတံ့ပြန်လိမ့်မည်ဟု သူ လုံးဝမမျှော်လင့်ခဲ့ပေ။ ဂျူးဒစ်က သား ပြန်လာနိုးနှင့် မြင်းခွာသံကြားတိုင်း ပြတင်းပေါက် သို့ ပြေးကြည့် ရဖန်များလာသောအခါ မျှော်ရေးပန်းကာ စိတ်လျှော့စ ပြုလာသည်။

" အစ်ကို လိုတာပါလေ၊ ဒီအရွယ်ကို ကလေးတစ်ယောက်လို အုပ်ချုပ်လို့ မရနိုင်ဘူးဆိုတာ အစ်ကို နားလည်ဖို့ ကောင်းတာပေါ့ "

နောက်ဆုံး ဖီးလစ်ကို အပြစ်ပုံချသည်။

" အသာနေစမ်းပါကွာ၊ ကိုယ်လည်း မင်းလိုပဲပေါ့။ ကိုယ် ဘယ်လို ခံစားနေရတယ်ဆိုတာ မင်းလည်း သိသားနဲ့ "

<<http://www.shwezinu.blogspot.com/

ဖီးလစ်က လှည့်မကြည့်ဘဲ ပြန်ပြောသည်။ ဂျူးဒစ် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ ဖီးလစ်က ပြတင်းပေါက်မှ အပြင်သို့ ငေးနေသည်။ နောက်ဆုံးတွင် ဂျူးဒစ်က -

" အစ်ကို ဘာဆက်လုပ်မလဲဟင် "

" ကိုယ် နယူးအော်လီယန်းကို လိုက်သွားမယ် "

ဖီးလစ် တိုတိုတုတ်တုတ်ပင် ပြန်ပြောသည်။

ဖီးလစ် ထွက်သွားတော့ ဂျူးဒစ် ရင်တမမဖြင့် ကျန်ရစ်သည်။ သားကလေးကို တွေ့ပါရစေဟုလည်း ညတိုင်း ဆုတောင်း၏။ ဒေးဗစ်တွင် ကြာကြာနေနိုင်လောက်အောင်၊ ဝေးဝေးသွားနိုင်လောက်အောင် ပိုက်ဆံအလုံအလောက် ပါမသွားပေ။ သို့သော် ဖီးလစ် လက်လျှော့ပြီး ပြန်လာသည်။ နယူးအော်လီယန်းတွင် ဒေးဗစ်ကိုတွေ့သူ တစ်ယောက်တလေမျှ မရှိ။ နောက်တစ်ပတ် အကြာတွင်လေ့တစ်စင်းဖြင့် နက်ချက်အထိ ဆန်တက်သွားသည်။ ဆိပ်ကမ်း တိုင်းတွင် ကပ်ပြီး စုံစမ်းသည်။ သို့သော် ဒုတိယအကြိမ် စိတ်လျှော့ပြီး အိမ်ပြန်လာခဲ့ရပြန်သည်။

စောစောပိုင်း က ဖြစ်ခဲ့သည့် ဒေါသနှင့် စိုးရိမ်စိတ်တို့ ဂျူးဒစ်၏ ရင်ထဲတွင် လျော့ကျသွားလေပြီ။ ရင်တမမဖြင့် စောင့်ရသည့် အထိတ်တလန့် ဝေဒနာတစ်မျိုး အစားဝင်လာ၏။

ဤသို့ဖြင့် နှစ်လ ကြာသွားသည်။ ဘာသတင်းမှ မရ။ နောက်ထပ် နှစ်လကြာတော့လည်း အကြောင်းမထူး။ အကူအညီ ပေးမည့်သူလည်း တစ်ယောက် မလေမှ မတွေ့။

သကြားကြိတ်ဆုံနှင့် ချက်ဖိုတွေကို ဖီးလစ် နေ့မအား ညမအား ပြန်ဆောက်နေသည်။

" အစ်ကိုရယ် ... ပင်ပန်းလှပါပြီ၊ ဘာလို့ ဒါလောက် အပင်ပန်းခံ နေရတာလဲ "

" မပင်ပန်းရင် အိပ်မပျော်ဘူး ဂျူးဒစ် "

ဂျူးဒစ် ဘာမှ ထပ်မပြောတော့ပေ။ ဂျူးဒစ်ကိုယ်တိုင်လည်း ဖီးလစ်လိုပင် အအားနေတတ်သူ မဟုတ်။ အချိန်ပိုမှာကို အလွန်ကြောက်နေ၏။ ညနေ ညနေတွင် အဝေးဆုံးနေရာအရောက် မြင်းလျှောက်စီးသည်။ မမောမပန်းလျှင် ဖီးလစ်လိုပင် အိပ်မပျော်တော့ပေ။ အိပ်ပျော်သွားပြန်လျှင်လည်း အိမ်မက်ဆိုးတွေ ဆက်တိုက်မက်တတ်သည်။ မြစ်ထဲ မျောလာသည့် အလောင်းမှာ ဒေးဗစ်ဖြစ်နေသည့် အိပ်မက် မျိုး၊ ဒေးဗစ်၏ ခေါင်းကို လူရိုင်းတွေက ဖြတ်ယူသွားပြီး တိုင်ထိပ်တွင် တွဲလောင်းဆွဲထားသည့် အိပ်မက် မျိုး။

ဆောင်းဦးပေါက် တွင် နားထင်တစ်ဝိုက်မှ ဆံစကလေးများဖြူစ ပြုလာသည်။



<<http://www.shwezinu.blogspot.com/

ကြံခင်းတွေကို မမြင်ချင်ဘဲအိမ်ထဲမှ လှမ်းမြင်နေရ၏။ မတ်လထဲတွင် အစို့ကလေးများ ထပ်ထွက်လာသည်။ ဒေးဗစ် အလွန်ချစ်တတ်သည့် ကြံစို့ကလေးတွေ။

ဒေးဗစ် ပျောက်သွားသည်မှာ ၈ လ တင်းတင်း ပြည့်ခဲ့ပြီ။ ခရစ္စတိုဖာက မြောက်ပိုင်းအထိ တက်ရှာမည်ဟု ပြော၏။ ဂျူးဒစ်က တားသည်။

" ခုမှတော့ မထူးတော့ဘူး သား၊ ကမ္ဘာ့အပြင်ဘက် ရောက်ချင်ရောက်နေမှာ "

ခရစ္စတိုဖာက မအေ့လက်မောင်းကို ကိုင်ပြီး -

" တစ်နေရာမှာတော့ ရှိရမှာပေါ့ မေမေ၊ သူသေတယ်ဆိုတာ သိရရင်လည်း .... "

" ခရစ္စတိုဖာ တစ်ဆိတ်ကွယ် "

ဂျူးဒစ် ခပ်ကျယ်ကျယ်အော်ပြီး တားလိုက်သည်။ ခရစ္စတိုဖာက မအေကို တတ်နိုင်သမျှ စိတ်သက်သာအောင် ချော့မော့ပြီး ပြန်သွားသည်။ စီးတော်မြင်းကို ပြင်ပြီး ဂျူးဒစ် ကွင်းထဲသို့ ထွက်ခဲ့သည်။

ဘာဖြစ်လို့များ လူတွေ ကလေးယူချင်ကြပါလိမ့်ဟု စိတ်ချဉ်ပေါက်ပေါက်ဖြင့် ပြန်တွေးကြည့်သည်။ ရီတာမှာ ချစ်စရာကလေး ဖြစ်လာသည်။ သို့သော် ငယ်လွန်းနေ၍ အဖော်မရသေးပေ။ တစ်ယောက်က အိုးမဲ့အိမ်မဲ့ ဘဝဖြင့် ဘယ်သောင်ဘယ်ကမ်း ဆိုက်နေသည်မသိ။ မိဘနှင့် အကင်းကွာဆုံးဖြစ်သည့် ခရစ္စတိုဖာ တစ်ယောက်သာ ကျန်တော့သည်။ သည်ဆုံးရှုံးမှုအပေါင်းတို့ သည် ဒေးဗစ်အတွက် ပူဆွေးသောကရောက်ရသည့် ဝေဒနာတမျှ ခံစားရလေသည်။

အစိမ်းရောင် ကြံခင်းလွင်ပြင်ကြီးကို ငေးကြည့်နေမိ၏။ သည်ကြံခင်းများသည် ဒေးဗစ် မရှိလျှင် ဘာမှ အဓိပ္ပါယ်ရှိမည် မဟုတ်ပေ။ ဒေးဗစ်သည် ကြံလုပ်ငန်းပေါ်၌ ရာနှုန်းပြည့် အာရုံစိုက်နိုင်သည်။ ဖီးလစ်သည် ကြံလုပ်ငန်းပေါ်၌ ရာနှုန်းပြည့် အာရုံစိုက်နိုင်သည် မဟုတ်။ ကြံပင်များ ငိုက်ယွန်းနေပုံမှာ သူတို့သခင် မရှိ၍ စိတ်ဓာတ်ကျနေသည့်နှယ်။ သို့သော် ဖီးလစ်ကို အပြစ်ဆိုဖို့ ထွက်လာခဲ့ခြင်း မဟုတ်ကြောင်း ကိုယ့် ကိုယ်ကိုယ် သတိပေးလိုက်သည်။

ဘယ်သူ့ ကိုမှ အပြစ်မတင်လိုတော့ပါ။ ဒေးဗစ်သည် လူလားမြောက်နေပြီ။ ကလေးစိတ် မကုန်ရှိ တကုန် ဖြစ်နေသည့် လူငယ်တစ်ယောက်ဖြစ်သည်။ မည်သို့ဖြစ်စေ မိမိအနေဖြင့် ဒေးဗစ်ကို သူငယ်နှပ်စားလေး လို သဘောမထားမိအောင် ဂရုပြုရတော့မည်။

စင်စစ် ဒေးဗစ်သည် အရွယ်ရောက်နေပြီဖြစ်၏။ ဘယ်သူ့လွှမ်းမိုးမှုကိုမှ မခံယူလိုတော့ပေ။ သည်အချက်ကို သူကိုယ်တိုင် သတိမမူဘဲနှင့် မိခင်၏ ရင်ခွင်ထဲမှ ရုန်းထွက်သွားခြင်းဖြစ်လေသည်။

<<http://www.shwezinu.blogspot.com/

နေ လုံးလုံးဝင်သွားလေပြီ။ ဆည်းဆာရောင်ရေးရေး ကျန်ရစ်၏။ သို့သော် တစ်ခဏအတွင်း အမှောင်ထု က ဆည်းဆာကို ဝါးမျိုပစ်လိုက်သည်။ ကောင်းကင်တွင် ကြယ်ကလေးတွေ မှိတ်တုတ် မှိတ်တုတ်နှင့် လင်းစပြုလာ၏။

မြင်းကို အိမ်ဘက်လှည့်ပြီး စီးပြန်လာခဲ့သည်။ ခန်းမဆောင်ထဲမှ ဖယောင်းတိုင်ဖြင့် အိမ်ရှေ့လှေကား ထစ်တွင် ထိုင်နေသည့် ဖီးလစ်ကို အဝေးမှ လှမ်းမြင်နေရသည်။

" ဘယ်သွားနေတာလဲ "

လက်ပြနှုတ်ဆက်ရင်း ဖီးလစ် လှမ်းမေးသည်။

" မြင်းစီးထွက်တာပါ၊ ဘယ်ရယ်လို့ မဟုတ်ပါဘူး "

ဖီးလစ် က ဂျိုးကို အော်ခေါ်ပြီး မြင်းသိမ်းခိုင်းသည်။ ဖီးလစ်နံဘေးတွင် ဂျူးဒစ် ဝင်ထိုင် လိုက်သည်။ ကောင်မလေး တစ်ယောက် တံခါးဝမှ ခေါင်းပြူလာပြီး -

" ညစာ ပြင်လိုက်တော့မယ် မမလေး၊ ဧည့်သည် ရှိသေးလားရှင့် "

" မရှိဘူး၊ တို့သားအမိသားအဖ သုံးယောက်အတွက်ပဲ ပြင် "

" ဒီကောင်မလေး နေ့တိုင်း အဲဒီလိုပဲ မေးနေတယ်နော် "

ဖီးလစ်က ပြုံးပြီးပြောလိုက်သည်။ ဂက်သစ်ချမြိုင်တွင် ဧည့်သည်မရှိသည့် နေ့က ရှားသည် မဟုတ်လား။ မနစ်တုန်း က သည်အချိန်တွင် ညစာစားပွဲတွေ ပြတ်သည်မရှိ။ ဒေးဗစ် အပြင်ထွက်လျှင် ဧည့်သည်မပါဘဲ ဘယ်တော့မှ ပြန်မလာ။

သတိရတော့ ရင်ထဲ နင့်သွားပြန်သည်။ ဖီးလစ်က ဂျူးဒစ်၏ အတွေးကို လှမ်းမြင်လိုက်သည့်နှယ် လက်ကို လှမ်းဆုပ်ပြီး အားပေးလိုက်သည်။ ထိုစဉ် ဂက်သစ်ချပင်တွေကြားမှ မြင်းလှည်းသံ ကြား လိုက်ရသည်။ ကွင်းထဲ သွားသည့် မြင်းလှည်းတွေ သည်ဘက်လမ်းက လာလေ့မရှိပါ။ ဂျူးဒစ်က အံ့သြသည့်လေသံဖြင့် -

" ဘယ်သူများပါလိမ့် "

ဖီးလစ် မတ်တတ်ထရပ်လိုက်သည်။ ဤတွင် လှည်းဆီမှ အသံတစ်သံ ထွက်လာသည်။

" ဟဲလို ... ဖေဖေတို့လား "

" ဒေးဗစ် "

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ် တအားကုန်အော်လိုက်သည်။ ဂမ်းသာလွန်း၍ တုန်တုန်ယင်ယင်ဖြစ်နေသဖြင့် သားဆီသို့ ပြေးဆင်းသွားသော ဖီးလစ်နောက်သို့ ရုတ်တရက် လိုက်မသွားနိုင်ဘဲ ကျန်ရစ်သည်။ ခဏနေမှ အတွင်းဘက် ဖယောင်းတိုင်ကို ဂင်ယူပြီး အိမ်အပြင် ပြေးထွက်ခဲ့သည်။ လည်ချောင်းထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်နေ၍ ဘာမှ ပြောမထွက်။ ဒေးဗစ်က ဆီးနှုတ်ဆက်သည်။

" ဟဲလို မေမေ၊ အားလုံး နေကောင်းကြတယ်နော် "

သူ့အမူအရာက ခပ်ရွှင်ရွှင်ပင်။ ညစာစားပွဲတစ်ခုမှ ပြန်လာသည့် ပုံစံ။ စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး တသွင်သွင် စီးနေကျနေသည့် မျက်ရည်တွေကို ဂျူးဒစ် သုတ်သည်။ ဖယောင်းတိုင်ကို မြှင့်ပြီး ကြည့်လိုက်သည်။

မြင်းအိုကြီးတစ်ကောင် ဆွဲလာသည့် ချုံးချုံးကျတော့မည့် မြင်းလှည်းဟောင်းကြီးပေါ်တွင် လက်ကို ဗေ့ယမ်းရင်း နှုတ်ဆက်နေသော ဒေးဗစ်ကို တွေ့ရ၏။ အဂုတ်အစားတွေမှာ စုတ်ပြတ်ပေကျံနေ ၏။ လမ်းပေါ်က လူလေလူလွင့် တစ်ယောက်နှင့် တူနေသည်။

သူ မြင်းလှည်းပေါ်က ခပ်တည်တည် ဆင်းလာသည်။ မုတ်ဆိတ်မွေးတွေ ရှည်နေပြီး ပင်လယ်ဓားပြ နှင့် တူနေ၏။ အသားကို နေလောင်ထားပုံမှာ လူနီရိုင်းတစ်ယောက်နှင့် မခြား။ မျက်နှာကမူ ပြုံးလို့ ရွှင်လို့။ လက်တစ်ဖက်ဖြင့် ဖအေ့လက်ကို ဖမ်းဆုပ်ပြီး ကျန်တစ်ဖက်ဖြင့် အမေ့ကို လှမ်းဖက်သည်။

" အင်း ... ဘုရားသိကြားမလို့ ဖေဖေနဲ့ မေမေကို ကျန်းကျန်းမာမာ ပြန်တွေ့ရတယ်။ တိတ်ပါ မေမေရယ်၊ ကျွန်တော် ကောင်းကောင်းမွန်မွန် ပြန်ရောက်လာပြီပဲ "

ဂျူးဒစ်က သားလုပ်သူကို ပြန်ဖက်သည်။ ဖီးလစ်က ဒေးဗစ်၏ လက်မောင်းနှင့် မျက်နှာကို တယုတယ စမ်းကြည့်နေသည်။

" သား နေကောင်းတယ်ဆိုတာ ဟုတ်ရဲ့လား "

" တကယ်ပါ မေမေရဲ့၊ ကျွန်တော် အရမ်းပျော်ခဲ့တာ "

မအေ့လက်ထဲမှ ဖယောင်းတိုင်ကို လှမ်းယူပြီး အမေကို အားရပါးရ ဖက်သည်။

" ဟောဟိုက ဆင်းလာတာ ရီတာလေးလားဟင် မေမေ၊ ကြည့်စမ်း၊ ထွားလာလိုက်တာ "

ရီတာက ပြေးချလာပြီး -

" အဲဒါဒေးဗစ်လားဟင်၊ ဟင် မုတ်ဆိတ်ကြီးတွေနဲ့ "

ဒေးဗစ်က ရီတာလေးဆီ ပြေးသွားပြီး လက်တစ်ဖက်ဖြင့် လှမ်းပွေ့ယူလိုက်သည်။ ရီတာ ၁၂ နှစ် ရှိနေပြီ။ အမေလို ဟန်မဆောင်နိုင်ဘဲ ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သည်။



<<http://www.shwezinu.blogspot.com/

" တစ်အိမ်လုံး စိတ်ပူလိုက်ကြရတာ၊ ဒေးဗစ် အလကားပဲ၊ လူကြီးတွေ စိတ်ဆင်းရဲအောင် လုပ်တယ် "

ဒေးဗစ်က ရယ်ပြီး ရီတာကလေးကို အောက်ပြန်ချလိုက်သည်။ ခုမှသုံးယောက်သား စကားတွေ လုပြောကြသည်။ သို့သော် ရီတာ့အသံက အဖေ၊ အမေနှင့် အစ်ကိုကြီး၏ အသံကို လွှမ်းပြီး -

" တစ်ခါတည်း၊ လမ်းလျှောက်ပုံကလည်း ရွှေအိုထမ်း ပြန်လာတာ ကျနေတာပဲ "

ဒေးဗစ်က ရီတာ့ ဆံပင်ကို ပွတ်ပြီး -

" ဟုတ်တယ် ညီမလေးရဲ့၊ အစ်ကို့မှာ ရွှေတွေ ပါလာတယ် "

သူက ဖယောင်းတိုင်ကို မြှောက်ပြီး လှည်းအိုကြီးပေါ်ကို ပြလိုက်သည်။ အရာဝတ္ထုကြီးတစ်ခုကို ပတ္တူစကြီး တစ်ခုဖြင့် ဖုံးထားသည်ကို တွေ့ကြရ၏။ ထိုစဉ်တွင် အိမ်စေတွေ၊ ကပ္ပလီ လုပ်သားတွေ ပြေးထွက်လာပြီး ဒေးဗစ်ကို နှုတ်ဆက်ကြသည်။ ဒေးဗစ်က အားလုံး ကို အော်ဟစ် ပြီး ပြန်နှုတ်ဆက် နေသည်။

" ကဲ ... ကြည့်လေ ဖေဖေ "

ဒေးဗစ်က ဂမ်းသာအားရ ပြောသည်။

" ဘာတွေလဲ သားရဲ့ "

ဖီးလစ်က ပြန်မေးသည်။ လှည်းပေါ်က ပစ္စည်းကို စိတ်မဝင်စားသည့် ဂျူးဒစ်က -

" သား ဘယ်တွေ ရောက်ခဲ့သလဲဟင်၊ ပြောပါဦး "

" အို ... ရောက်တဲ့ နေရာတွေကတော့ စုံလို့ပဲ မေမေ၊ ဆာဗာနာ၊ ချာလက်စတန်၊ ကာရိုလိုင်းနား အထိ ရောက်ခဲ့တယ်။ အဲဒီမှာ ဒါကြီး ရခဲ့တာပေါ့၊ ဒီထိအောင် မနည်းကြံဖန်ပြီး သယ်လာရတယ် "

သူ ပြောပြောဆိုဆို ပတ္တူစကို ဆွဲခွာလိုက်သည်။ သစ်သားဘောင်တွင် ထိုင်ထားသည့် စက်ကြီး တစ်လုံး၊ ရောမ ဘီးကြီးတွေ၊ ခွေးသွားစိပ်တွေနှင့်။ ဒေးဗစ်က နောက်ဆုတ်ပြီး ခပ်ခွာခွာ ရပ်လိုက် သည်။ သူ့အမူအရာ မှာ အကောင်းဆုံးလက်ရာ ပန်းချီကားတစ်ချပ်ကို ဖွင့်ပွဲလုပ်နေသည့် ပန်းချီ ဆရာတစ်ယောက်နှင့် တူနေ၏။

ဖီးလစ်က အံ့ဩခြင်းကို မဖုံးကွယ်နိုင်တော့ဘဲ -

" ဒါက ဘာကြီးလဲ ဒေးဗစ် "

ဒေးဗစ် က အောင်မြင်စွာ ရယ်ပြီး -

<<<http://www.shwezinu.blogspot.com/

" ဂါကြိတ်စက်လို့ ခေါ်တယ် ဖေဖေ "

လက်ထဲမှ ဖယောင်းတိုင်ကို ရီတာ့လက်ထဲ ထည့်ပေးပြီး ဖအေလုပ်သူ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးမှ ဆက်ရှင်းပြသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် သူပြောပုံ မှာ ပြတ်တောင်းတောင်း ဖြစ်နေ၏။

" နောက်ဆုံး တီထွင်လိုက်တဲ့ ဂါကြိတ်စက်လေ ဖေဖေ၊ ကာရိုလိုင်းနားမှာတောင် အကြီးဆုံး လုပ်ငန်းရှင်ကြီး တချို့ပဲ သုံးနိုင်သေးတယ်။ တကယ့်ကို အံ့သြစရာကောင်းတာ သိလား။ တကယ် လုပ်ပြမှ ဖေဖေ ယုံမှာ။ ဂါကောက်ချိန် အမီရောက်အောင် ကျွန်တော် သယ်လာတာ၊ ကံကောင်းလို့ ဇက် မပြတ်တယ်"

" ဘယ်လို အသုံးချမှာလဲ သားရဲ့ "

ဂျူးအစ် ခုမှ ဝင်မေးသည်။

" ဂါဂွမ်းတွေထဲက အစေ့ကို ထုတ်ပေးတယ်လေ။ လူ လေးငါးဆယ်ယောက်လောက် တစ်နေ့ကုန် လုပ်တာကို သူက နာရီပိုင်းအတွင်း ပြီးအောင် လုပ်ပေးလိမ့်မယ်။ စက်လည်နေတုန်း ကြည့်ရင် မြန်လွန်း လို့ မူးတောင် လာတယ်။ အိမ်မှာ ဂါဂွမ်းတွေ ရောက်ပြီလား "

" တချို့ ရောက်နေပါပြီ "

ဖီးလစ်က သားနှင့်အတူ စိတ်လှုပ်ရှားနေ၏။

" မနက်အစောကြီး ကျွန်တော်တို့ အလုပ်စမယ် "

ဖအေ့ကျောပြင်ကြီးကို ပုတ်ပြီး -

" ဖေဖေ့ရှိသမျှ ဂါတွေကို ကျွန်တော် သုံးရက်အတွင်း အစေ့ထွင်ပေးမယ် "

ဖီးလစ် ရယ်နေသည်။ ဂျူးအစ် ကတုန်ကယင်နှင့် လိုက်ရယ်သည်။ သို့သော် မျက်ရည်တွေက ပါးပြင်ပေါ်တွင် စီးချက်လျက်။ သည်လို ဖြစ်လာမည်၊ သည်လို အဖြေထွက်လာမည်ဟု ဘာကြောင့် ကြိုတင်မမြင်ခဲ့ပါလိမ့်။ ဒေးဗစ်သည် ဖအေတူသား မဟုတ်လား။ အောင်မြင်မှုသရဖူ တစ်မျိုးမျိုး မရမချင်း အိမ်ပြန်လာမည့် လူစားမျိုး မဟုတ်ကြောင်း ဘာလို့ မတွေးမိပါလိမ့်။

စက်ကြီး ကို ညတွင်းချင်း လှည်းပေါ်က ချဖို့ အလုပ်သမားတွေကို အမိန့်ပေးပြီး သားအမိ သားအဖ တစ်တွေ အိမ်ကြီးထဲသို့ ဝင်ခဲ့ကြသည်။ ဂျူးအစ်က ဒေးဗစ်နှင့် လက်ချင်းချိတ် လျက်။ ပျော်လွန်းသဖြင့် ခေါင်းထဲတွင် ရီဝေဝေ ဖြစ်နေ သည်။ ဒေးဗစ် က ပြတ်တောင်း ပြတ်တောင်း ပြောနေ ဆဲ။

<<<http://www.shwezinu.blogspot.com/

" ဒါမျိုး နှစ်လုံး သုံးလုံးပဲ ဂယ်နိုင်ဦး၊ မဲနယ်စိုက်သလောက် အလုပ်ဖြစ်နေပြီ။ ခုပေါက်ဈေးနဲ့ဆိုရင် တစ်ဂက်လောက် ဂါ့ဂွမ်းတွဲစိုက်၊ ကျွန်တော်တော့ အလုပ်စချင်လှပြီ။ အင်း ကိုယ့်အိမ် ကိုယ်ပြန် ရောက် ရတာ ပျော်စရာကြီးပါလား "

<<<http://www.shwezinu.blogspot.com/

အခန်း (၁၈)

ဂက်သစ်ချမြိုင်၏ မဲနယ်ခင်းကို ဂါဝွမ်းနှင့် အစားထိုးနိုင်ခဲ့၍ နံကောင်များရန်မှ ကင်းဝေးခဲ့ရ သည်။ ဒေးဗစ်၏ ဂါဝွမ်းနှင့် အစေ့ထုတ်စက်သည် ထိထိရောက်ရောက် အလုပ်ဖြစ်လျက် ရှိပေပြီ။ ဒေးဗစ်သည် အလွန်အမြင်ကျယ်သည့် စိုက်ပျိုးရေး လုပ်ငန်းရှင် တစ် ဦးဖြစ်လေပြီ။ လေ့တစ်စင်းဖြင့် ချာလက်စတန်အထိ ခရီးထွက်သည်။ ဖလော်ရီဒါသို့ ဝင်သည်။ ဟာဗာနာ အထိ သွားသည်။ မဲနယ်၏ အနာဂတ်ကို ကျူ;ဘားမှာ ဒေးဗစ် ကြားခဲ့ခြင်းဖြစ်၏။ ပြန်ရောက် လျှင် ရောက်ချင်း အမေနင်္ဂ အဖေ ကို ဖောက်သည်ချသည်။

" ဂွာတီမာလာတစ်ကျွန်းလုံး မဲနယ်ချည်း ဖိစိုက်နေကြလို့ တစ်ကမ္ဘာလုံးကိုတောင် အပြာရောင် ဆိုး နိုင်နေပြီတဲ့။ ဒါကြောင့် မဲနယ်ဈေးက ထိုးကျနေပြီ။ နောင်လည်း ဆက်ကျဦးမှာပဲ။ ဒါကြောင့် ကျွန်တော် တို့ ထွက်ပေါက်ဟာ ဂါဝွမ်းပဲ။ ဒီလိုစက်မျိုး များများနဲ့ ကျွန်တော်တို့ ချလိုက်ရရင် ဂက်ဂက် ကွဲ သွားမယ်။ ခုဆိုရင် မြောက်ပိုင်းမှာ ဂါမျိုးသန့် ပေါင် ၁၀၀ ကို အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာ ဖြစ်နေပြီတဲ့ "

အမေရိကန်ဒေါ်လာ ၏ တန်ကြေးကို ဂျူးဒစ် ဦးနှောက်ခြောက်ခံပြီး တွက်ကြည့်မနေတော့။ လူမျိုး ပေါင်းစုံ လှသည့် လူဂီစီးယားနားတွင် ငွေကြေးစနစ်ကလည်း စုံလှသည်။ ကြာတော့ မျက်စိလည် ချင် လာပြီ။

ဂါကြိတ်စက်ကတော့ သည်နယ်တစ်ရိုးတွင် ဟိုးလေးတကျော် ဖြစ်နေပြီ။ ဂါဝွမ်းစိုင်တွေထဲမှ အစေ့တွေ ဒလဟော ထွက်ကျနေပုံကို လာကြည့်သူများနှင့် ဂက်သစ်ချမြိုင်သည် စည်ကားနေလေ သည်။

လာကြည့် သည့် ပရိသတ်တွေ ရင်သပ်ရှုမော ပြောဆိုနေကြသံများကို ဂျူးဒစ် ကြည်နူးစွာ နားထောင် နေတတ် သည်။

ကြံကြိတ်စက် တည်မလား၊ ဂါကြိတ် ဂယ်မလား ဟူသည့်လမ်းနှစ်သွယ်တွင် စိုက်ပျိုးရေး သမား များ တွေဝေနေကြသည်။ တစ်သက်လုံးစားမဦးချ လုပ်စားလာသည့် မဲနယ်သည် ရုတ်ခြည်း ခေတ်မှိန် သွားလေပြီ။

ပထမနှစ်တွင် ဖီးလစ်က ဧက ၅၀၀ ဂါဝွမ်း ထည့်စိုက်သည်။ ဒုတိယနှစ်တွင် ဧက ၁၀၀၀ အထိ တိုးချဲ့ သည်။ စက်ဖြင့် ဂါကြိတ်ခြင်းမှာ အလွန်သန့်ရှင်းသည့် အလုပ်ဖြစ်သည်။ မဲနယ်အိုးကြီး တွေ ပေါင်းတင် တုန်းကလို ညစ်ပတ်ပေကျံခြင်း မရှိတော့ပေ။ ဂက်သစ်ချမြိုင်၏ ကျက်သရေ ကို ညှိုးနွမ်းစေသည့် နံကောင်တွေလည်း မရှိတော့ပေ။ ကြံလုပ်ငန်းကိုလည်း အချိုးကျကျ တိုးခဲ့သည်။ ကြိတ်ဆုံ တွေ၊ ဂိုဒေါင်တွေ ကို

<<<http://www.shwezinu.blogspot.com/

အုတ်ဖြင့် အခိုင်အခံ့ဆောက်သည်။ လေ့နံ့ဓားထစ်ခေတ်ကို အမီ မလိုက်နိုင် သည့် တစ်လမ်းသွားသမားများမှ လွဲ၍ မဲနယ်ကို လုံး၀ စွန့်လွှတ်လိုက်ကြပြီ။

မြစ်ရိုးတစ်လျှောက် မြို့များတွင် သကြားနှင့် ဂါဝွမ်းသည် နေ့ချင်းညချင်း တာစားလာလေတော့သည်။ လူးဂစ်ဖဲလ်ကိုး က ဂိုဒေါင် နှစ်လုံး ထပ်ဆောက်သည်။ ဂါဝွမ်းဘေထုပ် များက နေရာ ယူသဖြင့် နောက်ထပ် ငါးလုံးထပ်ဆောက်ရပြန်သည်။

ပါစယ်မိသားစုကလည်း ဆိပ်ကမ်းနယ်မြေတွေ တိုးချဲ့ တည်ဆောက်သည်။ တည်းခိုခန်းများလည်း ထပ်တိုး ရတော့၏။ "ဂျူဟန်နှင့် လန်း" လှေတည်ဆောက်ရေး ကုမ္ပဏီလည်း နောက်တစ်နေရာတွင် စခန်း တစ်ခု ထပ်ဆောက်သည်။

သည်သတင်းတွေ ကို ကြားတော့ ဂျူးဒစ်က "ဂျူးဒစ်တော့ မယုံကြည်နိုင်လောက်အောင်ပဲ အစ်ကိုရယ်" ဟု တအံ့တသြ ပြောလေသည်။

ဖီးလစ် က ရယ်ပြီး သူ့လက်ကို ဆွဲယူလိုက်သည်။ ဂက်သစ်ချမြိုင်အိမ်ကြီးပြီးလို့ လာခေါ်သည့်နေ့က ကဲ့သို့ပင် လက်ဖဝါးနနကလေးကို အသာညှစ်ပြီး -

" ဒီလိုပဲ ဖြစ်ရမယ်လေ၊ ဒီမှာတင် ရပ်နေမှာမဟုတ်ဘူး ဂျူးဒစ်ရဲ့၊ နောင် ဒို့ထက်ဒီ တိုးတက်လာဦး မယ်။ ဒါတွေကို အိပ်မက်မက်ပြီး တို့တစ်တွေ မြစ်ညာက စုန်ဆင်းခဲ့ကြတာ မဟုတ်လား "

စိုက်ခင်းမြေ ရှင်တို့သည် နေ့ချင်းညချင်း ပြောင်းလဲခဲ့ပေပြီ။ ရှုမဆုံးတော့သည့် မဲနယ်ခင်းများ၊ သီးညှပ်အဖြစ် စိုက်သည့် ဆေးခင်းများကို လုံး၀မတွေ့ရတော့။ မိုင်ပေါင်းများစွာသော ဂါခင်းများ၊ မိုးကုပ်စက်ဝိုင်းဆီ အထိ ဆက်စပ်နေမည် ထင်ရသော ကြံခင်းများ အစားဝင်လာလေပြီ။

မဲနယ်ပေါင်းအိုးကြီးတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြ၏။ သူတို့နေရာတွင် ဂါကြိတ်စက်တွေ၊ ဂါဝွမ်းဂိုဒေါင်တွေ အစားဝင်လာကြသည်။ ထုပ်ပိုးပြီးသား ဂါဝွမ်းဘေထုပ်များကို သယ်ရန် စောင့်ဆိုင်းနေကြ သည့် လှည်းတွေက အတန်းလိုက် အတန်းလိုက်။ ဆေးရွက်ကြီး ဂိုဒေါင် များသည် သကြားစက်များ ဖြစ်ကုန်ကြသည်။ ခေါင်းတိုင်များမှ နေ့ညမဟူ မီးခိုးတလူလူဖြင့်။

ဒယ်လ်ရှိုင်းမြို့ ကလေးမှာလည်း နေ့ချင်းညချင်း ပြောင်းလဲခဲ့လေပြီ။ အိမ်ကြီးတွေ အပြိုင်အဆိုင် ဆောက်ကြသည်။ လမ်းတွေ ချဲ့ထွင်ကြသည်။ နေရာတကာတွင် လွှစက်သံ၊ တူထုသံများဖြင့် ၂၄ နာရီပတ်လုံး အသက်ဝင်နေတတ်၏။

ဆိပ်ကမ်းများသည် အရောင်းအ၀ယ် ကောင်းလာသည်နှင့်အမျှ ကြက်ပျံမကျ စည်ကားလျက်ရှိ သည်။ ပွဲရုံတွေ၊ အရက်ဆိုင်တွေ၊ ကုန်တိုက်ကြီးတွေလည်း များသည်ထက် များလာသည်။ ရေမ ပိန်းကောကြီးများ သည် ဆိပ်ကမ်းတိုင်းတွင် ကြက်တောင်စိုက် စီတန်းလျက်ရှိ၏။ အချို့က လူသုံး ကုန် ပစ္စည်းတွေ ရောင်းဖို့



<<http://www.shwezinu.blogspot.com/

တင်လာကြပြီး၊ အချို့က ဂါဝွမ်းထုပ်တွေသယ်ရန် စောင့်နေကြခြင်းဖြစ်၏။ အချို့လှေကြီးများ ကတော့ ထိတ်ထိတ်ကြဲ စိုက်ပျိုးရေး လုပ်ငန်းရှင်ကြီးများအတွက် သီးသန့်လာပို့ ရသော ဝိုင်နှင့် ပရိဘောဂ လှေကြီးများဖြစ်သည်။

ဘယ်ကို ကြည့်လိုက်ကြည့်လိုက် စိတ်အားထက်သန်နေကြသည်ကို တွေ့ရ၏။ မြစ်ရိုးတစ်လျှောက် မြို့များ ၏ မဲနယ်ခေတ်တစ်ခေတ်သည် နိဂုံးကမ္ပတ်အဆုံးသတ်ခဲ့လေပြီ။ သို့သော် ဂါဝွမ်းက အနာဂတ် အတွက် အာမခံချက် အပြည့်အဝ ပေးသေးသည် မဟုတ်။ အတွေ့အကြုံက ဘယ်သူမှ များများစားစား မရှိကြသေး။

လမ်းဆုံ လမ်းခွတွင် ဂါဝွမ်းမျိုးအကြောင်း၊ စိုက်ပျိုးချိန်ကာလများအကြောင်းကို လူတွေ ငြင်းခုံကြတုန်းဖြစ် ၏။ ဘယ်သူ့ ဂါကြိတ်စက်က ပိုကောင်းပြီး ဘယ်သူ့ထက်သာကြောင်း၊ မစ္စက်ဟိုဒင်းက သူ့ထမင်းစားခန်း အတွက် ငွေသားစစ်စစ် ပစ္စည်းတွေ မှာထားပြီးဖြစ်ကြောင်းကို နေရာတကာတွင် ကြားနေရသည်။

စိတ်လှုပ်ရှားစရာ ကောင်းသော်လည်း ဂျူးဒစ်ကမူ သည်သတင်းများမှာ အောက်တန်းကျသည်ဟု ထင်သည်။ သည်ဂယက်တွေကို နကမ္ပတိ ပွဲကြည့်ပရိသတ်အဖြစ် ကြည့်နေချင်သည်။

သို့သော် သည်ပြောင်းလဲမှု ဒီလှိုင်းသည် မျက်ကွယ်ပြု၍ မရတော့ဘဲ ဂက်သစ်ချမြိုင် ပရိပုဏ်အတွင်းသို့ တိုင်အောင် ရိုက်ခတ်လာလေတော့သည်။

<<<http://www.shwezinu.blogspot.com/

" အိမ်အသစ် ပြင်ဆောက်ကြရအောင်" ဟု ဒေးဗစ်နှင့် ရီတာတို့ မောင်နှမက တစ်သံတည်း ထွက်ကာ တောင်းဆိုကြသည်။

ဂျူးဒစ် အထိတ်တလန့် ဖြစ်သွားသည်။

" ဟင် သားတို့ သမီးတို့ကလည်း ဒီအိမ်ကြီးက ဘာဖြစ်လို့လဲ"

ဂျူးဒစ် ပတ်ပတ်လည်မှ ပန်းရောင်နံရံတွေကို ငေ့ကြည့်လိုက်သည်။ ဘယ်လောက်လှသည့် ဂက်သစ်ချမြိုင်ပါလဲ။ အင်း ... သားနဲ့ သမီးကတော့ သည်အိမ်ကြီးနှင့် မိမိ ဘယ်လောက် ဆက်နွယ် ပတ်သက်ခဲ့သည်ကို သိရှာကြမှာ မဟုတ်ဘူးပေါ့လေ။ ရီတာက ထုံးစံအတိုင်း ဒိုးဒိုးဒေါက် ဒေါက် ပြောနေ သည်။ ရီတာမှာ ၁၅ နှစ် ပြည့်ပြီဖြစ်ပြီး ဆံပင်နှင့် မျက်လုံးက အမေတူ အညိုရောင်။ ကိုယ်လုံး ကိုယ်ပေါက် ကလည်း ဂျူးဒစ်ငယ်ငယ်ကနှင့် တစ်ဖြတ်တည်း။

" ဒီခေတ် မှာ ဒီလို အိမ်ကြီးမျိုးတွေက သိပ်ရှေးဆန်သွားပြီ မေမေ။ တစ်ခါတည်း အိမ်ကလည်း ပုံတုံးကြီး၊ ကပ္ပလီ အိမ် ကျနေတာပဲ "

" အလို အခန်း ၁၆ ခန်းတောင် ပါတယ်လေ သမီးရဲ့ "

" ဟာ မေမေ ကလဲ၊ မီးခြစ်ဘူးလောက်ရှိတဲ့ အခန်းလေးတွေကို စကားထဲ ထည့်ပြောနေတယ်။ ပြီးတော့ ပန်းရောင်တွေ သုတ် ထားတော့ သမီးတို့ အကြိုက်နဲ့ တခြားစီ ဖြစ်နေတယ်။ ဘာလုပ်ရမှန်း ကိုမသိဘူး "

" ခု ဆောက်နေကြတဲ့ အိမ်တွေက စိုက်ပရပ်စ် ထင်းရှူးအိမ်တွေပါ သမီးရယ် "

ဖီးလစ် မနေနိုင်တော့၍ ဝင်ပြောခြင်းဖြစ်သည်။ ရီတာက အလျှော့မပေးဘဲ ဆက်ပြန်သည်။ သရော်တော်တော် ရယ်ပြီး -

" သမီးအထင်ပြောရရင် ဒီလိုအိမ်ကြီးတွေဟာ သူတို့ကိုယ်သူတို့ သိပ်အဟုတ်ကြီး ထင်နေ တဲ့ ရှေးလူကြီးတွေ အတွက် သာ ပြတိုက်အဖြစ်နဲ့ ထားဖို့ ကောင်းတော့တာပါ "

ဂျူးဒစ် က သည်တော့မှ ဂန်ခံစကားဆိုသည်။

" သမီးပြောတာ ဟုတ်တယ်လေ၊ မေမေနဲ့ ဖေဖေက ဂက်သစ်ချမြိုင်ရဲ့ သမိုင်းကို ထိန်းထားချင်တာပဲ "

" မေမေ နဲ့ ဖေဖေက ကျွန်တော်တို့ ပြောတာကို သဘောမပေါက်ဘဲကိုး "

ဒေးဗစ် က ညီမလုပ်သူဘက်က စစ်ကူဝင်ပေးသည်။

<<http://www.shwezinu.blogspot.com/

" လူတွေက ကျွန်တော်တို့ကို ဘယ်လိုပြောကြတယ် မှတ်လဲ၊ ဂက်သစ်ချမြိုင်ဟာ အစောဆုံး စိုက်ပျိုးရေး ခြံကြီးတဲ့၊ ကြံကနေ သကြားဖြစ်အောင် ပထမဆုံး လုပ်တာလည်း ဂက်သစ်ချမြိုင်ကတဲ့၊ ဂါကြိတ်စက် စသုံး တာလည်း ဂက်သစ်ချမြိုင်ကပဲတဲ့၊ ဂက်သစ်ချမြိုင် အိမ်ကြီးကျတော့ အို ... လူတွေက ကျွန်တော် တို့ကို ဒီလိုအိမ်ကြီးနဲ့ ဆက်နေလိမ့်မယ်လို့ မမျှော်လင့်ကြဘူး ဖေဖေ "

ထုတ်ဖော် ဂန်မခံသော်လည်း ဂျူးဒစ် မငြင်းဘဲ ငြိမ်နေလိုက်သည်။ ဒေးဗစ် ပြောသည်မှာ မှန်သည်။ ပတ်ဂန်းကျင် တစ်ခုလုံး ပုံစံသစ်နှင့် အိမ်သစ်တွေ အပူတပြင်း ဆောက်နေကြပြီ။ မဆောက်သေးသူ များ ကလည်း အိမ်ပုံစံတွေ ရွေးကြ၊ ပစ္စည်းတွေ စုကြနှင့် အလုပ်ရှုပ်နေကြပြီ။ ယာတောအိမ်ကြီးများ သည် နေ့ချင်း ညချင်း ခေတ်နောက်တွင် ကျန်နေရစ်ခဲ့ချေပြီ။

ထိုပြောင်းလဲမှုသဘောကို ဂျူးဒစ် နားလည်သော်လည်း သူတို့မောင်နှမ ပြောနေသည့် အိမ်သစ်စီမံ ကိန်း ကို မကျေမနပ်ဖြင့် နားထောင်နေသည်။

ဂက်သစ်ချမြိုင် ပရိဘောဂများသည် သူတို့ပြောသည့် နှစ်ထပ်လေသာဆောင် ခေတ်မီအိမ်မျိုးနှင့် မည်သို့ လိုက်ဖက် ပါမည်လဲ။ တည်ခင်းဧည့်ခံခဲ့သော ညစာစားပွဲ များစွာကြောင့် ချောမွတ်နေသည့် ထမင်း စားပွဲကြီး၊ ကြိမ်ကုလားထိုင်များနှင့် မိမိရင်သွေးကလေးများ အိပ်ခဲ့သည့် ကြိမ်ပုခက်ကြီး။ ဒါတွေ သည် ခေတ်မီ ခြံသူဌေးတစ်ယောက်၏ ခေတ်မီအိမ်ကြီးနှင့် မည်သို့ လိုက်ဖက်ပါမည်နည်း။

အိမ်သစ်ဆောက် ဖို့ အဆင်သင့်ဖြစ်ချိန်တွင် ဂျူးဒစ် အိမ်ကြီးထဲသို့ လျှောက်ကြည့်ရင်း ခန်းဆီးတွေ၊ ပရိဘောဂတွေ ကို တယုတယ ကိုင်ကြည့်နေသည်။ ခွဲခွာခါနီး မိတ်ဆွေတွေကို လိုက်လံနှုတ်ဆက် နေသည့် ပုံမျိုး။

" ဒါတွေကို ဘယ့်နယ်လုပ်ကြမလဲဟင် "လို့ မေးတော့ ဒေးဗစ်က "လွှင့်ပစ်လိုက်ပေါ့ မေမေရာ" ဟု ဆိုသည်။

ဤတွင် ဖီးလစ် ဂင်ရှင်းပေးရတော့သည်။

" အိမ်ဖော်တွေအတွက် အစေခံတန်းလျားတွေ ဆောက်ရဦးမယ်လေ၊ အဲဒီမှာ အသုံးဂင်ပါလိမ့်မယ် "

" အင်း ... အဲဒါ ကောင်းပါတယ် "ဟု ဂျူးဒစ် ထောက်ခံလိုက်သည်။ တော်ပါသေးရဲ့၊ အဖေနှင့် အမေ လျှောက်လှမ်း လာသည့် ခရီးကြမ်းနှင့် သည်ခရီးကြမ်းရဲ့ လက်ထက်ပွား ပစ္စည်းလေးတွေကို သား တို့ သမီး တို့ တန်ဖိုးထားရကောင်းမှန်း မသိကြပါကလား။

ဘာတတ်နိုင်မည် နည်း။ ခေတ်က ပြောင်းလဲလာတာကိုး။ အဟောင်းတွေကို စွန့်ပစ်ပြီး အသစ် အသစ် တို့ဖြင့် အစားထိုးနေသည့် ခေတ်ကိုး။

<<<http://www.shwezinu.blogspot.com/

အိမ်သစ်ကြီးဆောက်ပြီးတော့ အဖြူရောင်ဆေးကို တစ်အိမ်လုံး ပိန်းနေအောင် သုတ်သည်။ ဧရာမ နှစ်ထပ်အိမ်ကြီးဖြစ်၏။ အိမ်ရှေ့တံခါးမကြီးမှ သော့အိမ်နှင့် တံခါးလက်ကိုင်မှာ ကြေးဂါရောင် ဖိတ်ဖိတ် တောက်လျက်။ တံခါးမကြီးမှ ဝင်သွားလျှင် ဧရာမ ခန်းမဆောင်ကြီးကို ပထမဆုံး တွေ့ရ သည်။

အပေါ်ထပ်တက် သည့် လှေကားအိမ်က ခန်းမဆောင်ကြီး ကျယ်ဝန်းမှုကို လုံးဝ မထိခိုက်ဘဲ သီးသီးခြားခြား ရှိလေသည်။ လှေကားနှစ်ခုမှာ အဝင်ဝတံခါးမကြီး၏ နံဘေးတွင် ကပ်လျက် ငါးကြင်းမြီး သဏ္ဍာန် တစ်ဖက်စီမှ အပေါ်ထပ် လေသာဆောင်သို့ ကွေ့တက်သွားသည်။

အပေါ်ထပ်ခန်းမရော၊ အောက်ထပ်ခန်းမပါ ရှေ့တံခါးမကြီးနောက်ဘက်အထိ တိုးလျှိုပေါက် အကျယ်ကြီးတွေဖြစ်သည်။ လေဝင်လေထွက်ကို အသားပေးထားခြင်းဖြစ်၏။ ခန်းမဆောင်၏ တစ်ဖက်စီ ရှိ အခန်းများမှာ မှန်ပြတင်း အမြင့်ကြီးတွေ အပြည့်ဖောက်ထားသည်။

ခန်းဆီးအားလုံး ကိုလည်း အဖြူရောင်တွေချည်း သုံးထားသည်။ အိပ်ခန်းတိုင်းတွင် အလှပြင် မှန်တင်ခုံတွေနှင့်။ ကြည့်မှန် အနားဘောင်တွေက အရောင်တဖိတ်ဖိတ်။ ဖယောင်းတိုင်ခွက်တွေက အားလုံး နံရံကပ်တွေ။ အချို့က ဖန်သား။ အချို့က အရောင်တလက်လက် ထွက်နေသည့် သတ္တု ပန်းနွယ်တွေ။ နောက်ခံ ရောင်ပြန် အပိုင်းတွေနှင့်။

ညေ့ခန်းထဲတွင် ဂျူးဒစ်နှင့် ဖီးလစ်တို့၏ ပုံတူပန်းချီကားချပ်ကြီးများကို ချိတ်ထားသည်။ ၂၂ နှစ် သမီး အရွယ် က နယူးအော်လီယန်းတွင် ဂျူးဒစ် ဆွဲခိုင်းထားသည့် ဆီဆေးကားကြီးနှင့် ဒယ်လ်ရှိုင်းတွင် တစ်ဆောင်း လာခိုသည့် ပြင်သစ်ပန်းချီဆရာ ရေးပေးသွားသည့် ဖီးလစ်၏ ပုံတူ ပန်းချီကားချပ်ကြီးဖြစ်၏။

ညေ့ခန်း ထဲမှ ပရိဘောဂအများစုမှာ ပြည်တွင်းဖြစ် များသော်လည်း ဆိုဖာနှင့် စားပွဲ များမှာ ပြင်သစ် ပြည်လုပ် နိုင်ငံခြားဖြစ်များဖြစ်သည်။ ညေ့ခန်းထောင့် တွင်မူ ရေးဟောင်း စန္ဒရားကြီးတစ်လုံး၊ ပြင်သစ်တော်လှန်ရေး လှိုင်းပုတ်ခတ်မှုကြောင့် လွင့်ထွက် လာသည့် အနွယ်တော်တစ်ဦးထံမှ ပြန်ဝယ်ထားလိုက်ခြင်းဖြစ်သည်။ စန္ဒရားကြီးမှာ ခေတ်မမီတော့ချေ။ သို့သော် ရီတာက သဘောကျ သည်။ စိတ်ဝင်တစား လေ့ကျင့်သည်။ မနားမနေ တီးသည်။ ဂျူးဒစ်က ပြုံးပြင် လျှင် ဖီးလစ်က ကန့် ကွက်သည်။

" မင်း စဉ်းစားကြည့်လေ၊ မင်း လက်ထပ်တဲ့ အရွယ်ကိုတောင် သူ လွန်လာခဲ့ပြီ ဂျူးဒစ်၊ သမီးကို မင်း တစ်သက်လုံး ပုက်ထားနိုင်မယ် ထင်လား "

ဂျူးဒစ် သက်ပြင်းချပြီး ခေါင်းညိတ်လိုက်ရသည်။ စန္ဒရားခုံတွင် ရီတာ ထိုင်တီးနေလျှင် ရုပ်ပုံကားချပ် ထဲကလို အလွန်ကြည့်လို့ကောင်းသည်။ ရီတာ စန္ဒရားတီးလျှင် အိမ်လာလည်သည့် ကာလသားတွေ ငိုင်ကြည့်နေတတ်ကြသည်။ ပါရီမှ လူဂီစီးယားနားအထိ သယ်လာရလို့ အသံတချို့ ကြောင်နေသည်ကို သူတို့ ဘယ်သူမှ သတိ မထားမိကြ။

<<<http://www.shwezinu.blogspot.com/

အိမ်နောက်ဘက် တွင် ဗိုင်းငင့် အပ်ချုပ် အခန်းများထားသည်။ အသင့်ချုပ်ပြီးသား အဝတ်များကို ဂယ်ဂတ်နေသည့် ခေတ်သို့ ရောက်လာသော်လည်း စောင်၊ ခြင်ထောင် စသည့် အိပ်ရာသုံး အထည် များကို မူ ဂျူးအစ်ကိုယ်တိုင် ချုပ်လုပ်ပေးသည်။ ခန်းမတစ်ဖက်တွင် ပစ္စည်းသိုလှောင်ခန်းနှင့် ဗိုင်ဇီရို များရှိသည်။

မီးဖိုဆောင်တစ်ခုလုံးကို အုတ်ဖြင့် ဆောက်ထားသည်။ မီးဘေး ထင်းဘေး မပူရတော့။ အိမ်နောက် ပိုင်းမှ မိုးရေလှောင် သည့် စဉ့်အိုးကြီးများကို ဆေးသုတ်ထားသည်။ အစေခံ တန်းလျားနှင့် အိမ်မကြီး ကို စင်္ကြံ နှင့် ဆက်ထားသည်။ သူတို့အိမ်ကလေးများ ကိုလည်း ဂရန်တာ ထည့်ပေးထားသည်။ တစ်နေ့တာ အလုပ်ပြီး လျှင် အပြင်ထွက်ထိုင်နိုင်ကြပြီ။

" ဘယ်အစေခံတန်းလျားမှ တို့လောက် မခမ်းနားဘူးဟေ့" ဟု အစေခံတွေ သူတို့အချင်းချင်း ဂုဏ်ယူ စွာ ပြောလေ့ ရှိသည်။ ဤသို့ဖြင့် ဂက်သစ်ချမြိုင်မှ အစေခံများသည် သခင်များနှင့် တန်းတူ နီးပါး နေကြရသည်ဟူသည့် သတင်းသည် ကပ္ပလီကျေးကျွန်များ ရပ်ကွက်တွင် ပျံ့နှံ့သွားလေသည်။

အပေါ်ထပ် တွင်မူ အားလုံး အိပ်ခန်းတွေချည်းဖြစ်၏။ စုစုပေါင်း ရှစ်ခန်း။ အစေခံများအတွက် အခန်း တစ်ခန်း သီးသန့်ပေးထားသည်။ ဒေးဗစ် အခန်းနှင့်ကပ်လျက် အခန်းထဲတွင် ဂွမ်းကပ်ဖုံး ကုလားထိုင် များနှင့် အိမ်တွင်းဖြစ် ဇာနားကွပ် စားပွဲခင်း လွှမ်းထားသည့် စားပွဲတစ်လုံး ရှိသည်။ ဒေးဗစ် မိန်းမယူလျှင် မိန်းကလေး အတွက် သီးသန့်ဧည့်ခန်း လုပ်ပေးထားခြင်းဖြစ်၏။

" ဒါလောက် ခမ်းနားတဲ့ အိမ်ကြီးကို ထားခဲ့ပြီး လက်ထပ်ဖို့တောင် စိတ်မကူးချင်တော့ဘူး "

ရီတာက မအေလုပ်သူရှေ့တွင် ပြောသည်။ ဂျူးအစ် ပျာပျာသလဲဖြစ်သွား၏။

" အို ... ဘာလို့ စိတ်ကူးရမှာလဲ၊ သမီး ငယ်ငယ်လေးပဲ ရှိသေးတာပဲ "

" မငယ်တော့ဘူး မေမေရဲ့၊ ၁၆ နှစ်ကြီးများတောင် ရှိနေပြီလေ "

မျက်လုံး ကို ပွတ်ရင်း ရီတာ ပြန်ချေသည်။ ညက မောင်နမနစ်ယောက်ကပွဲမှ အပြန်နောက်ကျကြ သည်။ သူ့ သမီး အေမီလီအတွက် ဂျာဗာစီက စီစဉ်ပေးသည့်ပွဲဖြစ်၏။ ရီတာတစ်ယောက် မနက်စာ စားဖို့ ထမင်းစားခန်း ထဲသို့ နောက်ကျပြီး ဆင်းလာသည်။

ဂျူးအစ်က မချိပြုံး ပြုံးပြီး သမီးအတွက် ကော်ဖီငှဲ့ပေးသည်။ အိမ်ဖော်တစ်ယောက်က ဘီစကစ်နွေးတွေ လာချပေး သည်။ ကောင်မလေးပြန်ထွက်သွားမှ ရီတာ စကားဆက်သည်။

" မေမေ ... သမီး လက်ဖွဲ့ပစ္စည်းတွေ အများကြီး ရမှာလားဟင် "

" သမီး လက်ထပ်မယ့် အမျိုးကောင်းသားက ချမ်းသာရင် အများကြီး ရမှာပေါ့ "

<<<http://www.shwezinu.blogspot.com/

" ဟင့်အင်း၊ ဆင်းရဲတဲ့ လူ ကို သမီးက ရွေးယူမှာ "

ရီတာက ဂျစ်ကန်ကန်ပြောသည်။ သည်လို ဆန့်ကျင်ဘက် ပြောတတ်သည်မှာ သူ့အကျင့်။ သို့သော် ဂျူးဒစ် စိုးရိမ် သွားသည်။ သူ့စိတ်ထဲမှာ ရှိလို့များ သည်စကား ထွက်လာတာလား။

" ဒေးဗစ် ထက် အရင်လက်ထပ်မှ ထင်ပါရဲ့ မေမေရာ၊ သူက အရင်ဦးသွားရင် သူ့မိန်းမက သမီးထက် ဒီအိမ် မှာ အရေးပါလာတော့မှာ။ အလိုလို သမီး ရာထူးကျသွားလိမ့်မယ်။ ဒေးဗစ်ကလေ .... "

" ဒေးဗစ် က ဘာဖြစ်လဲ သမီး "

" ခုနောက်ပိုင်း အေမီလီပါစယ် နဲ့ ကပွဲတကာမှာ တွဲနေတယ်လေ။ မေမေ့သား အေမီလီကို ကြိုက်နေပါပြီ။ တခြားမိန်းကလေးတွေကို ဆက်ဆံတာနဲ့ လုံးဝ မတူဘူး၊ သိပ်ဂရုစိုက်တာပဲ၊ မေမေ သဘောတူ မလားဟင် "

" ဘာလို့ မတူရမှာလဲ သမီးရဲ့ "

ဂျူးဒစ်က ကော်ဖီအိုးကို လှမ်းယူပြီး သူ့အတွက် ငှဲ့သည်။ ဒေးဗစ်အိမ်က ထွက်မပြေးခင်ကဆိုလျှင် သည် သတင်းမျိုး ကြားရမည်ကို အလွန်စိုးရိမ်ခဲ့သည်။ ခုတော့ ဝမ်းသာနေ၏။ ဂျာဇာစီ သမီးနှင့်မို့ ပိုလို့ ဝမ်းသာ ရသေးသည်။ ဒေးဗစ်အပေါ် မတရားခဲ့ပုံတွေကို တွေးပြီး ကိုယ့်ကိုယ်ကိုယ် ဒေါသမိ၏။

" အေမီလီ က တော်ပါတယ်၊ ဒါပေမဲ့ စကားတော့ နည်းတယ်၊ သမီး သူနဲ့ ခင်လားဟင် "

" သူနဲ့ ဘယ်သူမှ ခင်တယ် မထင်ပါဘူး။ သူက ဘယ်သူနဲ့မှ တရင်းတနှီး မနေဘူး မေမေ၊ အဝတ်အစား ဝတ် တာတော့ သိပ်သေသပ်တာပဲ၊ ဒေးဗစ်နဲ့ လိုက်ပါတယ် "

ရီတာ က တခစ်ခစ်ရယ်ပြီး -

" မာသာစိန်ကလဲယား ကို ယောက်မ မတော်ရတော့မှာမို့ ဝမ်းသာလိုက်တာ "

ဂျူးဒစ်ပါ လိုက်ရယ်သည်။ ရော်ဂျာရာရမီက ပြီးခဲ့သည့် လထဲတွင် မာသာနှင့် လက်ထပ်လိုက်သည်။ မာသာ က လှသော်လည်း မိဘအလိုလိုက်လွန်းသဖြင့် ဆိုးချင်သည်။

" သမီး ဒီစကား ကို တခြားမှာ မပြောရဘူးနော်။ ရော်ဂျာက သမီးအစ်ကိုဝမ်းကွဲ မဟုတ်လား၊ သမီး ယောက်မ ပဲပေါ့ "

" ဟုတ်ကဲ့ပါ မေမေ၊ အေမီလီက မာသာလောက် မလှပေမဲ့ မာသာလို မျက်ရည်မလွယ်ဘူး၊ မူရာမာယာ မများဘူး။ ခုတော့ မာသာ မျက်ရည်ကျစရာအကြောင်း မရှိတော့ဘူးလေ၊ မေမေ့တူ ရော်ဂျာ ဖူးဖူးမှုတ် ထားတာကိုး "

<<http://www.shwezinu.blogspot.com/

" ဟုတ်လား "

" ညနေကျရင် သမီး ကားလ်ဟဲရော့နဲ့ မြင်းစီးထွက်မယ်နော် မေမေ "

" ထွက်လေ၊ မာလီးဆာ ကို ခေါ်သွားနော်၊ ပြီးတော့ နေမဝင်ခင် ပြန်လာခဲ့၊ သမီးသူငယ်ချင်းကို ညစာစား ဖို့ ဖိတ်ချင်ဖိတ်ခဲ့လေ "

" ဟုတ်ကဲ့မေမေ၊ မာလီးဆာကို မြင်းစီးစကတ် ကောင်းကောင်းလေး တစ်ထည်လောက် ချုပ်ပေးပါ ဦး မေမေ၊ သခင်မလေးရဲ့ အထိန်းတော်က စုတ်စုတ်ပြတ်ပြတ်နဲ့ဆိုရင် ဘယ်ကြည့်ကောင်း မလဲ မေမေရဲ့"

" သမီး မနှစ်က ချုပ် တဲ့ အစိမ်း ကို ပေးလိုက်လေ၊ မဂတ်တော့ဘူး မဟုတ်လား "

" အင်း ... ဟုတ်တယ်၊ အဲဒါကောင်းတယ်၊ သမီး ပေးလိုက်မယ်နော် "

ဓားနှင့် ခက်ရင်း ကို ချပြီး ထ သွားသည်။ အခန်းဝမှ ပြန်လှည့်ပြီး -

" သမီးလက်ထပ် ရင် စန္ဒရားကြီး ယူသွားလို့ရမလား မေမေ "

" ယူသွားပေ့ါ သမီးရဲ့၊ သမီးစန္ဒရားပဲဥစ္စာ"

" ကျေးဇူးပဲ မေမေ "

ရီတာ ပြေးထွက်သွားသည်။ သမီးလုပ်သူ၏ နောက်ပိုင်းကိုကြည့်ပြီး ဂျူးဒစ် အတွေးနယ်ချဲ့ ကျန်ရစ်သည်။ ကားလ်ဟဲရော့ ကို လူဆင်းရဲစာရင်းသွင်းပြီး ရီတာ လက်ထပ်ဖြစ်လျှင် ဂျူးဒစ်အနေဖြင့် ကန့်ကွက် စရာ မရှိပေ။ ငယ်လွန်းသည့်အတွက်သာ စဉ်းစားစရာရှိသည်။

ဟဲရော့ မိသားစုမှာ အမေရိကန်တော်လှန်ရေးတွင် အင်္ဂလိပ်ဘက်တော်သားများအဖြစ် နေခဲ့၍ ဘဝ ပျက်ကာ ပင်ဆယ်လ်ဗေးနီးယားမှ အင်္ဂလိပ်ပိုင် ဖလော်ရီဒါ အနောက်ပိုင်းသို့ ပြေးလာခဲ့ကြသူ များဖြစ်သည်။ အိမ်ကို အမေရိကန်သူပုန်များ မီးရှို့ဖျက်ဆီးခဲ့သဖြင့် အတွင်းပစ္စည်းကလေးများကို ယူခဲ့ပြီး ကျောကော့ ပြေးခဲ့ကြရသည်။

ပစ္စည်းများ ကို ထုခွဲရောင်းချပြီး သစ်တောမြေများဝယ်ကာ သစ်လုပ်ငန်းနှင့် မီးသွေးလုပ်ငန်း လုပ်ကိုင် လျက်ရှိသည်။ ကားလ်အမေ က ရှင်ပြုစဉ်က ရွှေထီးဆောင်းခဲ့ဖူးသည့် ပင်ဆယ်လ်ဗေးနီးယားဘဝကို စားမြုံ့ပြန် တတ်သည်။

ကားလ်ကိုယ်တိုင်ကမူ အလွန် အလုပ်ကြိုးစားသည့် လူငယ်တစ်ယောက်ဖြစ်၏။ အထည်ကြီးပျက် ဘဝဖြင့် ဘဝမြင့်နေတတ်သူမျိုး မဟုတ်ပေ။ ရီတာ့ကို ပျော်အောင် ထားနိုင်မည့် လင်သား တစ် ယောက်။

<<<http://www.shwezinu.blogspot.com/

ရီတာ ရေကာတာ ဆီသို့ မြင်းစီးထွက်သွားသည်ကို နောက်ဘက်မှ ငေးကြည့်နေမိ၏။ အရောင်လွင့်ပြယ်နေပြီဖြစ်သည့် ရီတာ့မြင်းစီးဂုတ်စုံကို ဂုတ်ထားသည့် မာလီးဆာက ခပ်လှမ်းလှမ်းမှ စီးလိုက်သွားသည်။ ကားလ်နှင့် ရီတာတို့ နှစ်ယောက်မျှ အလွန်လိုက်ဖက်သည့် စုံတွဲဖြစ်ကြောင်း ထိုညနေ တွင် ဂျူးဒစ် လင်တော်မောင်အား ပြောပြလိုက်သည်။

" မင်း အဲဒီလို ထင်တဲ့အတွက် ကိုယ် ဝမ်းသာပါတယ် ဂျူးဒစ်၊ ရီတာ့ကို စောင့်ရင်း ကားလ်နဲ့ကိုယ် ခဏ စကားပြောဖြစ်တယ်။ သူက သမီးကို လက်ထပ်ခွင့်တောင်းဖို့ ခွင့်ပြုပါတဲ့ "

ဂျူးဒစ် က ခန်းဆီးစကို ဆွဲလိမ်ရင်း ပြုံးသည်။

" သမီးကို သူ မပြောရသေးဘူးလို့ အစ်ကို ထင်သလား "

" ပြောရသေး ဟန် မတူဘူး။ ဒါပေမဲ့ သူပြောရင် ရမယ်လို့ သူ့စိတ်ထဲမှာ ယုံကြည်နေပုံပဲ "

" အစ်ကို သူ့ရှေ့ရေး ကို မေးကြည့်လိုက်သေးလား "

" မေးတာပေါ့၊ ကားလ်က ပွင့်လင်းပါတယ်၊ သူက သားအငယ်ဖြစ်လို့ မိဘဆီက ရစရာ များများမရှိပါဘူး တဲ့။ ပြီးတော့ သူတို့ပစ္စည်းတွေ သူပုန်ဖျက်ဆီးခံရတာလည်း သူ့အမေ ပြောသလောက် မဟုတ်ပါဘူးတဲ့။ ဒါပေမဲ့ ရီတာ ရမယ့် အစုနဲ့ သူ့လုပ်ငန်းကို ကောင်းကောင်း စ နိုင်ပါတယ်တဲ့လေ၊ မင်း ဘာတွေစဉ်းစားပြီး ငိုင်နေတာလဲ "

" ဒေးဗစ် အကြောင်းပါ "

" အေမီလီပါစယ်နဲ့လား၊ ဒီမနက်ပဲ ဖအေ့ကို မေးသွားသေးတယ်၊ ပထွေးနဲ့နေရတဲ့ သတို့သမီးကို ဘယ်လို တောင်းရမလဲတဲ့။ ပထွေးဆီမှာ တောင်းရမှာလား၊ မအေဆီမှာ တောင်းရမှာလား၊ ဒါမှ မဟုတ် အစ်ကိုကြီး ဆီမှာ တောင်းရမှာလားတဲ့။ အမေဆီမှာ တောင်းပါလို့ အစ်ကို ပြောလိုက်တယ်။ ပစ္စည်း ခွဲဝေပေးရေး ကိစ္စကျတော့ ဟယ်ရီပါစယ်နဲ့ ဆွေးနွေးတာပေါ့။ ဒေးဗစ် မိန်းမ ယူမယ်ဆိုလို့ ကိုယ်တော့ ဝမ်းသာနေ တယ် "

ဂျူးဒစ် သက်ပြင်းချသည်။

" အင်း ... နှစ်မင်္ဂလာတောင် လုပ်ပေးရမှာ။ ဘယ်သူမှ မကျန်တော့ဘူးပေါ့ "

ဖီးလစ်က ရယ်ပြီး -

" ကောင်းတာပေါ့၊ တို့တစ်တွေ သိပ်မအိုခင် မြေးချီရတာပေါ့ "

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ် အသက်ရှူကျပ်သွားသည်။ ခေတ်တစ်ခေတ်ထဲကို သိသိသာသာ တိုးဝင်နေရခြင်းပါကလား။ ရက်စွဲရေးတာကို ကြည့်လေ။ သက္ကရာဇ်နေရာတွင် တစ်ခုနစ်က မစတော့ဘဲ တစ်ရှစ် ဖြစ်နေပြီ ။ ပြက္ခဒိန်နှင့် အတူ လိုက်၍ အရာအားလုံး ပြောင်းသွားသည့်အလား။

ကောလာ ဟာလတွေက ဖြစ်နေသေးသည်။ လူဂီစီးယားနားကို စပိန်က ပြင်သစ်လက်ထဲ ပြန်အပ်မလိုလို ဘာလိုလို။ ဒီသတင်းကြောင့် ပြင်သစ်တွေ ပျော်နေကြ၏။ သူတို့တစ်တွေသည် စပိန်လက်အောက် တွင် နှစ်ပေါင်းများစွာ နေခဲ့ရသည့်တိုင် ပြင်သစ်အနွယ်များ ဖြစ်ကြသည်။ နပိုလီ ယံကို ကိုးကွယ်ကြသူ များဖြစ်သည်။

ဒီဇင်ဘာထဲတွင် ဆိပ်ကမ်း၌ ဂျာဗာစီနှင့် ဂျူးဒစ်တို့ လင်မယားသွားဆုံသည်။ အိမ်ဖော်ကောင်လေး တစ်ယောက် လိုချင်၍ ကျွန်စျေးသို့ လာခဲ့ခြင်းဖြစ်ကြောင်း ပြောရင်း ဂျာဗာစီက ဂမ်းသာ အားရ လေသံဖြင့် -

" ဂျူးဒစ်ရေ၊ ကိုယ့်အလံတော်အောက်မှာ ကိုယ်နေရတော့မယ်တဲ့။ လူးဂစ်က စိတ်ညစ်နေတာ၊ စပိန်စကား ကို သူ ဘယ်လိုမှ သင်လို့ မတတ်ဘူးလေ "

ဖီးလစ် ပြုံးသည်။

" ဒါပေမဲ့ ကျွန်တော်တို့ ပြင်သစ်လက်အောက် ပြန်ရောက်ရင် ကြေညာချက်တွေကို မဖတ်တတ်လို့ဆိုပြီး မသိကျိုးကျွန်လုပ်လို့ မရတော့ဘူးနော် "

ဂျာဗာစီက သူနှင့်ယှဉ်စီးလာသည့် ဖီးလစ်နှင့် ဂျူးဒစ်ကို ပြုံးပြုံးကလေး ငဲ့ကြည့်ပြီး -

" မွန်ဆီယာနဲ့ မဒမ်တို့က အင်္ဂလိပ်ကိုလိုနီမှာ ကြီးပြင်းလာကြတာနော်။ ပန်းခြံတွေထဲမှာ ပြင်သစ် နှင်းပန်းတွေမြင်ရရင် ကျွန်မတို့ အောင့်သက်သက် ဖြစ်ရတယ်ဆိုတာ ဘယ် နားလည်နိုင်ပါ့မလဲ "

" ဒီတစ်ခါတော့ နှင်းပန်းတွေ အစား ရောင်စုံပန်းတွေ လာတော့မယ်ထင်တယ်။ တော်လှန်ရေးကာလ မဟုတ်လား "

" အင်း ... ဂျာဗာစီလည်း ခုမှ အသက်ကြီးလာသလို ခံစားရတော့တယ်။ မနက်ကလည်း အေမီလီ ကြောင့် လူးဂစ် အလန့်တကြား ဖြစ်သွားသေးတယ်။ ပြင်သစ်လက်အောက်ရောက်တော့ ဘာဖြစ် လဲတဲ့၊ သမီးတို့ ဘာဖြစ်နေ ဖြစ်နေ ဘယ်သူက ဂရုစိုက်မှာလဲတဲ့။ အေမီလီတစ်ယောက်ဟာလေ သူ မမွေးခင်က ကိစ္စတွေ ကို ဘယ်တော့မှ စိတ်မဝင်စားဘူး "

ဖီးလစ် က ရယ်ပြီး နောက်လိုက်သည်။

" ဒေးဗစ်နဲ့ အေမီလီကို အလံနှစ်ခုတင်ပြီး လက်ထပ်ပေးရမယ် ထင်တယ် "



<<<http://www.shwezinu.blogspot.com/

" အို ... ဖီးလစ်ကလဲ၊ စာချုပ်စာတမ်းတွေလည်း မပြီးသေးဘဲနဲ့၊ လောရန်ကော၊ ကဲ ဂျာဗာစီ သွားမှ ဖြစ်တော့မယ် "ဟု ရယ်ရယ်မောမော ပြန်ပြောသည်။

" မနက်ဖြန် ညစာဝိုင်းမှာ ဆုံမယ်နော် ဂျာဗာစီ "

ဂျူးဒစ် က လှမ်းပြောလိုက်သည်။ ဂျာဗာစီက -

" လာမှာပေါ့ကွယ်၊ လာမှာပေါ့" ဟု ပြောပြီး ဂျူးဒစ်လက်ကို နမ်းကာ နှုတ်ဆက်လိုက်သည်။ ဖီးလစ် နှင့် ဂျူးဒစ်တို့နှစ်ယောက် အထည်ဆိုင်များ ရှိရာသို့ ဆက်စီးလာခဲ့သည်။ ဆိုင်များတွင် ပိုးထည်တွေ၊ ချည်ထည် တွေ မျိုးစုံပြထား၏။ မင်းသမီးကလေးတစ်ပါးလို ဆင်ပေးရမည်ဟု ရီတာ က တောင်းဆို ထားသည်။ မနက်ဖြန် ညစာစားပွဲတွင် ကားလ်နှင့် စေ့စပ်ကြောင်းလမ်းတော့ မည်လေ။

ဂျူးဒစ်က သမီးအတွက် အလုပ်ရှုပ်နေ၍ နိုင်ငံရေးကိစ္စတွေကို လုံး၀ နားထောင်ချိန်မရဘဲ ဖြစ်နေ သည်။

သို့သော် နောက်တစ်နေ့တွင်လည်း မိုးလင်းသည်နှင့် နိုင်ငံရေးကိစ္စကို ပထမဆုံး ကြားရပြန် သည်။ မနက်စောစော ထပြီး ကြက်ဆင်ကောင်လုံးကြော် လုပ်ရန်အတွက် အဆာသွတ်ဖို့ မီးဖို ဆောင်ဘက်သို့ ထွက်လာခဲ့သည်။ ဒေးဗစ်နှင့် ဆုံတော့ လူဂီစီးယားနားကို ပြင်သစ်လက်ပြန်အပ်ဖို့ ကိစ္စပဲ စကားစသည်။ ဘယ်လိုသဘောရသလဲဟု ဂျူးဒစ်က မေးတော့ -

" ဘာမှ သဘောရစရာ မလိုဘူးလေ၊ သူတို့က ကျွန်တော်တို့ ဆန္ဒကို မယူဘဲ ဟိုလွှဲပေး သည်ပြောင်းပေး လုပ်ရင် သူတို့လုပ်သမျှ ကျွန်တော်တို့ လက်ခုပ်တီးပေးလိမ့်မယ်လို့ မမျှော်လင့် ကြနဲ့ပေါ့ "

ဒေးဗစ်က ရယ်ရယ်မောမောပြောပြီး မြင်းတစ်စီးဖြင့် မြို့ထဲ ထွက်သွားသည်။ ဂျူးဒစ် ရပ်ကျန်ရစ် သည်။ ဘယ်လောက် ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့မြင်တတ်သည့် ဒေးဗစ်ပါပဲ။

ညနေပိုင်းတွင် ညစာအတွက် ပြင်ရဆင်ရ၊ အခန်းတိုင်းမှ မီးလင်းဖိုတွင် မီးပျိုးရနှင့် ဖတ်ဖတ်မောနေ သည်။ ဧည့်သည်တွေ တဖွဲဖွဲ ရောက်လာတော့လည်း ကြိုဆိုရ၊ သမီး ရီတာကို ပွဲထုတ်ရနှင့် ဂျူးဒစ် ယားလို့ မှ မကုတ်နိုင်တော့ပေ။

ရီတာ က ဂုဏ်ပြုချီးကျူးစကား ဆိုလာသူတိုင်းကို ဒူးညွှတ်အရိုအသေ ပြုသော်လည်း ကလေးစိတ် မကုန့်တကုန် မို့ ဧည့်သည်တွေ ပြောသည့် စကားများတွင် စိတ်ဝင်စားခြင်း မရှိလှပေ။

ရီတာလေး၏ စေ့စပ်ကြောင်းလမ်းပွဲတွင် လူတွေ စိတ်ဝင်စားနေသည်မှာ တခြားဖြစ်နေကြောင်း ဂျူးဒစ် သတိထား မိသည်။ ဂျူးဒစ်က လူးဂစ်ဗဲလ်ကိုးကို မေးကြည့်လိုက်သည်။

" ဘာတွေ ကျိတ်ဆွေးနွေးနေကြတာလဲ လူးဂစ် "

<<http://www.shwezinu.blogspot.com/

ပိုင်ခွက်ကို နှုတ်ခမ်းဖျမှ ဖယ်လိုက်ပြီး -

" အလို ... မစွက်လန်း၊ မကြားသေးဘူးလား "

" ဘာများလဲဟင်၊ ဘာမှ မကြားပါလား "

" ဒီနေ့ နေ့လယ် ဆိုက်လာတဲ့ လေယာဉ်တစ်စင်းနဲ့ သတင်းထူးပါလာတယ်လေ၊ လူဂီစီးယားနား ကို ပြင်သစ်လက် ပြန်အပ်တာက လူမြင်ကောင်းအောင် လုပ်တာတဲ့၊ တကယ်က အမေရိကန်ပြည်ထောင်စု ကို ရောင်းစားပြီးသားတဲ့ခင်ဗျ"

" ရှင် ... ဘုရား ဘုရား၊ ဒါဖြင့် ကျွန်မတို့ အမေရိကန်တွေ ဖြစ်သွားပြီပေါ့ ဟုတ်လား "

ဂျာဗာစီ အနားရောက်လာပြီး -

" နောက် မကြာခင် ဒတ်ချ် ဖြစ်ဦးမလား မသိဘူး "

" နောက် ဘာသာတစ်မျိုးတော့ ထပ်မသင်ပါရစေနဲ့တော့ ခင်ဗျာ "

ဒေးဗစ်က အေမီလီကို အမြတ်တနိုး တွဲဖင်လာရင်း ဖင်အရွှန်းဖောက်သည်။ တစ်ဆက်တည်း -

" ဘာပြောပြော၊ အမေရိကန်က အင်္ဂလိပ်စကားပြောလို့ တော်သေးတယ်ဆိုရမယ်" ဟု ခပ်ရွှင်ရွှင် ဆက်ပြော သည်။

ဂျူးဒစ် သက်ပြင်းချသည်။

" အလေးအနက် ပြောကြစမ်းပါကွယ်၊ ဘယ်လောက်ကြာကြာကြီး အမေရိကန် လက်အောက်မှာ နေရမှာလဲ "

" ကျွန်တော်တော့ သိပ်ကြာမယ် မထင်ဘူး၊ သမိုင်းကို ပြန်ကြည့်လေ "

လူးဝစ်က သူ့အမြင်ကို ပြောပြသည်။ ဒေးဗစ်က ပခုံးတွန့်ပြီး -

" ရောင်းပစ်လိုက်တာ ဟုတ်လား၊ စာချုပ်စာတမ်းနဲ့ လွှဲပြောင်းပေးတာတောင် မဟုတ်ဘူးပေါ့ "

ရီတာနှင့် ကားလ် ရောက်လာသည်။ ကားလ်က မကျေမနပ်သံဖြင့် -

" ကျွန်တော့် မယ်တော်ကြီး ဒီအကြောင်းကြားရင် ဘယ်လိုနေမလဲ မသိဘူး"

ဂျူးဒစ်က -



<<<http://www.shwezinu.blogspot.com/

" ကျွန်မတို့ကို ဘယ်လောက်နဲ့ ရောင်းလိုက်တာတဲ့လဲ "

" ဒေါ်လာ ၁၅ သန်းနဲ့လေ "

" အဲဒါက ဘယ်လောက်တန်သလဲဟင် "

" အဲဒါတော့ ကျွန်တော် သေသေချာချာ မတွက်တတ်ဘူး မဒမ်။ ဒါပေမဲ့ မရေမတွက်နိုင်လောက်အောင် များပါတယ် "

ဤတွင် ရီတာက ဖင်ပြီး -

" ခရစ္စတိုဖာ ဘယ်မလဲဟင်၊ ငွေကြေးကိစ္စ သူပဲ ကျွမ်းတယ်၊ စီဇာရို "

ပြောပြောဆိုဆို အစေခံတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

" မစ္စတာခရစ္စတိုဖာကို သွားရှာစမ်း၊ ပြီးတော့ ဒီကိုခေါ်ခဲ့၊ အလုပ်ကိစ္စလို့ပြော၊ ဒါမှ ချက်ချင်း ပြေးလာမှာ "

ရီတာက အားလုံးကို ပြောင်စပ်စပ် ကြည့်ပြီး ပြောလိုက်သည်။ ဂျူးဒစ်က -

" ဘာပဲဖြစ်ဖြစ်လေ၊ ဒေါ်လာ ၁၅ သန်းတန်တဲ့ နိုင်ငံမှာ တို့ နေရတော့မှာပေါ့ "

ခရစ္စတိုဖာ ရောက်လာတော့ ရီတာ ကောက်မေးသည်။

" အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတက ဘယ်သူလဲ၊ ဒေါ်လာ ၁၅ သန်းက ဘယ်လောက်တန်သလဲ "

" သမ္မတ နာမည်က သောမတ်ဂျက်ဖာဆင်၊ ဒေါ်လာ ၁၅သန်းက ငွေသား ၄၃၃ တန် တန်ဖိုးနဲ့ ညီမျှတယ်"

" ကြည့်စမ်း၊ မင်း ဒါတွေ ဘယ်လိုလုပ် သိနေလဲ ခရစ္စတိုဖာ "

ခရစ္စတိုဖာ ပြုံးသည်။

" လေ့တွေမှာ လွှတ်တော်သတင်းတွေပါ ပါလာတတ်တယ်။ အမေရိကန် အောက်လွှတ်တော်မှာ ဒီကိစ္စအကြီးအကျယ် စကားများကြတယ်တဲ့ခင်ဗျ။ သူတို့က လူဂီစီးယားနားကို ဒါလောက် မတန်ဘူးဆိုပြီး ကန့်ကွက်ကြတယ်တဲ့။ နယူးအင်္ဂလန် ဘာသာရေးခေါင်းဆောင် တစ်ယောက် ကတော့ မစ္စစ်စပီ မြစ်ဝှမ်းက နိုင်ငံခြားသားပိုင် ပြည်နယ်တွေနဲ့ မိစ္ဆာဒိဋ္ဌိတွေ ကြီးစိုးနေတဲ့ ဒေသတွေမှာ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးသင့်တယ်လို့ အဆိုတင်သွင်းတယ်တဲ့ "

<<<http://www.shwezinu.blogspot.com/

" အင်း ... အံ့ဩစရာတွေချည်းပဲနော် "

ဂျူးဒစ်က ညည်းညည်းတွားတွား မှတ်ချက်ချသည်။ ရီတာကမူ -

" ရီတာဖြင့် ဘာမှ နားမလည်တော့ဘူး၊ ခေါင်းရှုပ်တယ်" ဟုဆိုသည်။

ခရစ္စတိုဖာက အိတ်ထဲမှ ကြေးပြားတစ်ပြားကို ထုတ်ပြီး -

" ဘာမှမရှုပ်ပါဘူး၊ ဒီမှာကြည့်၊ ဟောဒီ တို့သုံးနေတဲ့ ပိုက်ဆံတစ်ပြားက အမေရိကန် ငါးဆင့်လောက်နဲ့ ညီမျှတယ်၊ သူတို့ငွေကြေးစနစ်က ရှင်းပါတယ်၊ ဆင့် ၁၀၀ ကို တစ်ဒေါ်လာလေ၊ ဒါပါပဲ"

" တစ်ပြားကို ငါးဆင့်၊ ဆင့် ၁၀၀ မှာ တစ်ဒေါ်လာဆိုရင် အပါးပါး ... ပိုက်ဆံတွေ ဘယ်ရေနိုင်တော့မလဲ၊ အင်း ... မပေးချင်တဲ့သူတွေကို အပြစ်မဆိုသာပါဘူး "

ရီတာက သူ့အမြင်ကို ဂင်ဆွေးနွေးသည်။

" ကားလ် "

ခပ်ကျယ်ကျယ် ခေါ်သံကြား၍ ကားလ်ဟဲရော့ လှည့်ကြည့်လိုက်သည်။ သူတို့ဆီ လျှောက်လာနေသည့် မိခင်လုပ်သူကို တွေ့ရ၏။

" ဘာအဓိပ္ပာယ်လဲကွယ့်၊ လူဂီစီးယားနားကို အမေရိကန်လက်ထဲ ထိုးရောင်းလိုက်ပြီ ဆို "

ကားလ်က ရယ်ချင်စိတ်ကို မျိုချထားလိုက်သည်။ ကားလ်သည် ခပ်ရွှင်ရွှင် လူငယ်တစ်ယောက်ဖြစ်သည်။ နှာခေါင်းတွင် မှဲ့ခြောက်ကလေးတွေနှင့်။ ဆံပင်က ဘယ်လောက်ဖြီးဖြီး ထိုးထိုး ထောင် ထောင်။

" ဟုတ်တယ် မေမေ၊ ကျွန်တော်တို့ ခုပဲ ဒီအကြောင်း ပြောနေကြတာ "

" တို့က မိအေးနစ်ခါနာပေါ့ကွယ်၊ ဒီလိုမှန်းသိရင် ပင်ဆယ်လ်ဗေးနီးယားက ဘာလို့ ပြောင်းလာမလဲ "

ဂျူးဒစ်က ရီတာ၏ ယောက္ခမကြီးကို လက်တွဲပြီး ဖြေသိမ့်စကားဆိုသည်။

" သိပ်ထူးခြားမှာ မဟုတ်ပါဘူးလေ၊ ဘာမှ မပူပါနဲ့၊ စစ်ရေးပြပွဲ အစစ်တွေ ကြည့်ရတာပေ့ါ "

သို့သော် ဧည့်သည်တွေ ပြန်သွားကြပြီး ညလယ်စာဝိုင်းတွင် ဖီးလစ်အား တန်းပြီး မေးခွန်း ထုတ်တော့သည်။

<<<http://www.shwezinu.blogspot.com/

" လူဂီစီးယားနားမှာ အမေရိကန်လက်အောက် ရောက်ချင်တဲ့လူ ရှိမယ်လို့ အစ်ကို ထင်သလား။ စပိန်တွေကလည်း စပိန်လက်အောက်မှာပဲ နေချင်မှာပေါ့။ ပြင်သစ်တွေကလည်း ပြင်သစ်ဘုရင်ပဲ ပိုင်စေချင်မှာပေါ့။ ပြီးတော့ ဟဲရော့တို့လို လူတွေ "

" ပြီးတော့ တို့လို လူတွေပေါ့ကွာ "

ဖီးလစ်က ဖြတ်ပြောသည်။

" ဘယ်သူလာလာ ဂရုမစိုက်တဲ့ လူတွေလေ၊ ဘာပဲပြောပြော ခရစ္စတိုဖာ ပြောတာပဲ စိတ်ဝင်စား တယ်။ မြစ်ရိုးတစ်လျှောက် အရောင်းအဝယ် ပိုကောင်းလာမယ်တဲ့။ အမေရိကန်တွေက ခပ်ရမ်းရမ်း သမားတွေလေ "

ဂျူးဒစ်က စကားအဆက်အစပ် မရှိဘဲ -

" ကားလ်က ချက်ချင်း လက်ထပ်ချင်တယ်တဲ့။ ရီတာက ဧပြီလလောက်ထိ ဆွဲထားချင်သေးတယ်။ လိမ္မော်ပွင့် အစစ်ကလေးတွေကို ပန်ချင်လို့တဲ့လေ "

" ကောင်းပါတယ်၊ ဧပြီလအထိ ဆွဲထားပေစေ၊ အော်မီလီကလည်း ဒေးဗစ်ကို ဇွန်လအထိ စောင့်ခိုင်းသတဲ့၊ ဒါမှ သစ္စာပန်းတွေကို သူ ပွေ့ရမှာတဲ့၊ ကဲ ... စားကြစို့ "

<<http://www.shwezinu.blogspot.com/

ရီတာ စိတ်ကူးယဥ်ထားသည့်အတိုင်း လိမ္မော်ကလေးတွေပန်းပြီး နှင်းဆီဖြူပွင့်တွေနှင့် ပြင်ဆင်ထားသော ဂက်သစ်ချမြိုင် ခန်းမဆောင်ထဲတွင် လက်ထပ်ဖြစ်သည်။ ရီတာ့အတွက် ကားလ်က နေချင့်စဖွယ် အိမ်ကြီးတစ်ဆောင် ဆောက်ပေးသည်။ ရီတာက "ပန်းတွေ စိုက်ပြီးရင် သိပ်လှတဲ့ စံအိမ်ကြီး တစ်ဆောင်ဖြစ်လာမှာပါ " ဟု ယုံယုံကြည်ကြည် ထုတ်ပြောသည်။ သစ်လုပ်ငန်းနှင့် မီးသွေးလုပ်ငန်း က အောင်မြင်နေလေပြီ။ ကားလ်နှင့် ရီတာတို့ နှစ်ယောက် အနာဂတ်ကို ယုံကြည် နေကြသည့်အတွက် ဂျူးဒစ် ဝမ်းသာနေသည်။ ရီတာ သည်လည်း မျိုးဆက်သွေးတို့ကို ဆက်လက် ထိန်းသိမ်းနိုင်လိမ့်မည်ဟု ဂျူးဒစ် ယုံကြည်လိုက်၏။

ရီတာ လက်ထပ်ပြီး နှစ်လအကြာတွင် ဒေးဗစ် မင်္ဂလာဆောင်သည်။ ဒေးဗစ်နှင့် အေမီလီတို့နှစ်ယောက် နယူးအော်လီယန်းသို့ မင်္ဂလာခရီး ထွက်သွားကြလေသည်။ ဇူလိုင်လထဲရောက်မှ ပြန်လာကြသည်။ ဂျူးဒစ်က သူတို့ အခန်းထဲတွင် နှင်းဆီပန်းအိုးတွေ အသင့်ပြင်ထားပေးသည်။ အေမီလီ၏ သီးသန့်ဧည့်ခန်းထဲတွင်တော့ ဇီဇဝါပွင့်တွေ ပန်းကန်အမောက် ထည့်ထားပေးသည်။ ပန်းအိုးတွေ ပြင်ဆင်နေရင်း ဂက်သစ်ချမြိုင်အိမ်ကြီး တိတ်ဆိတ်လွန်းနေပုံကို ဂျူးဒစ် စဥ်းစားနေမိ သည်။ ဒေးဗစ် မင်္ဂလာဦးခရီး ထွက်သွားတော့ လင်ကိုယ်မယားနှစ်ယောက်ထဲ ကျန်ရစ်သည်။ နှစ် ယောက်ထဲ နေခဲ့ဖူးသည့် ကာလမှာ သစ်လုံးအိမ်ကလေးထဲတွင် နေခဲ့ရစဥ်က တစ်ချိန်သာ ရှိခဲ့သည်။

အေမီလီ အိမ်ရောက်လာပုံနှင့် လက်ထပ်ပြီးစ မိမိ သစ်လုံးအိမ်ကလေးသို့ လိုက်လာပုံကို ယှဥ်တွေးမိတော့ ဂုဏ်ယူချင်သလိုလို၊ ဝမ်းနည်းချင်သလိုလို မရေမရာ ခံစားရ၏။

သတို့သမီး စိတ်တိုင်းကျဖြစ်အောင် အပြင်အဆင် အမွမ်းအမံတို့ကို အသေးစိတ် လိုက်စိစစ် သည်။ အိမ်ရှေ့ ဥပစာတွင် ကြိုဆိုမည့်သူတွေ စုရုံးနေကြပြီ။ ရှေ့ဆုံးက ဂက်သစ်ချမြိုင်အိမ် ဝန်ထမ်းများ၊ သူတို့နောက်မှ တစ်ရက်အနားပေးထားသည့် ကွင်းလုပ်သားများနှင့် အလုပ်ကြပ်များ။ စုစုပေါင်း လူမည်းလုပ်သား သုံးလေးရာလောက်နှင့် အလုပ်ကြပ် ဆယ်ဦး။ အလုပ်ကြပ်များက သူတို့ မိသားစုတွေပါ ခေါ်လာကြသည်။ တစ်နေ့တွင် သူတို့ အရှင်သခင်ဖြစ်လာမည့် ဒေးဗစ်နှင့် အေမီလီ ကို အိမ်ရှေ့မင်းသားနှင့် အိမ်ရှေ့မင်းမိဖုရားအား ကြိုသလို ကြိုဆိုကြသည်။

မြုံဂဆီမှ ရထားသံကြားသည်နှင့် ဂျူးဒစ် အပေါ်ထပ် လသာဆောင်သို့ ပြေးတက်သွားပြီး မျှော်ကြည့်သည်။ ပြီးတော့ ပြန်ပြေးဆင်းလာသည်။ မြေညီထပ် လေသာဆောင်တွင် ဖီးလစ်၊ ကာလက်ရှာရမီ၊ ရော်ဂျာနှင့် သူ့ဇနီး မာသာ၊ ရီတာတို့စုံတွဲ၊ ခရစ္စတိုဖာနှင့် အော်ဒရေတို့ စုံစုံညီညီ စုဝေးနေသည်ကို တွေ့ရ၏။

" သူတို့ ရောက်လာကြပြီ အစ်ကို "

ဂျူးဒစ် က ဖီးလစ်ကို ကပ်ပြောလိုက်သည်။ ဖီးလစ် တံခါးဝဆီသို့ လျှောက်သွားပြီး ရောမခေါင်းလောင်းကြီး ၏ ကြိုးကို တအားဆွဲလှုပ်လိုက်သည်။ တစ်ကွင်းလုံးကြားရ သည့် ခေါင်း လောင်းသံ

<<http://www.shwezinu.blogspot.com/

သည် ထွက်ပေါ်ခဲ့လှသည်။ အလွန့်အလွန် အရေးကြီးသည့် အခမ်းအနားမျိုး၊ အရေးပေါ် ကိစ္စမျိုး ရှိမှသာ အသံမြည်သည့် ခေါင်းလောင်းကြီး၊ ခေါင်းလောင်းထိုးသံကြားပြီဆိုလျှင် အလုပ်သမား အားလုံး အလုပ် ကို ချက်ချင်းရပ်ပြီး အိမ်မကြီးဆီသို့ ပြေးလာကြရသည်။

ခေါင်းလောင်းသံကြီး မြည်ဟည်းလာတော့ မာသာက နားကို ပိတ်လိုက်ပြီး " အို ... လန့်လိုက်တာ "ဟု လေသံခပ်အုပ်အုပ်ဖြင့် ပြောသည်။ အိမ်ရှေ့တွင် စုရုံးနေကြသည့် လုပ်သားတွေ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ထိုင်နေသူတွေ အားလုံး ထ ရပ်လိုက်ကြသည်။

ညှော့ခန်းထဲမှ တီးဝိုင်းက အကြိုတော်တေးသွားကို စတင် တီးမှုတ်လေသည်။ ဂီတသံသည် ဖြည်းဖြည်း ညင်ညင်ကလေး စတင်ထွက်ပေါ်လာ၏။ ဂျူးဒစ်က လှေကားထစ်တွင် ဖီးလစ်နှင့် မျက်နှာချင်း ဆိုင်ရပ်ပြီး စောင့်နေသည်။

ဂက်သစ်ချပင်များအလယ်မှ လမ်းအတိုင်း မောင်းဝင်လာသည့် ရထားပေါ်မှ ရထားထိန်းက ကိုယ် ရောင်ကိုယ်ဂါ တောက်ပစွာဖြင့် ကြိုဆိုနေသည့် ပရိသတ်ကိုကြည့်ပြီး သွားတွေ အဖွေးသားပေါ် အောင် ပြုံးလျက်။ အစေတော် နစ်ဦးက ရထားတံခါးကို ပြေးဖွင့်ပေးသည်။

ဒေးဗစ် အလျင်ဆင်းလာသည်။ ဦးထုပ်မြှောက်ပြီး သူ့အလုပ်သမားတွေကို ဦးစွာ နှုတ်ဆက် သည်။ အေမီလီ က ဒေးဗစ်လက်ကို လှမ်းကိုင်ပြီး ဆင်းလာသည်။

ရှက်ပြုံးကလေးပြုံးပြီး လူမည်းလုပ်သားတွေကို တစ်လှည့်၊ ဂက်သစ်ချမြိုင် စံအိမ်ကြီးကိုတစ်လှည့် ကြည့်နေ၏။ မယုံကြည်နိုင်သလို ဇဝေဇဝါ ဖြစ်သွားသည်။ အေမီလီမှာ ကိုယ်လုံးကိုယ်ထည် သွယ်လျလျနှင့် အချိုးကျ ပြေပြစ်ကာအလွန်ချစ်စဖွယ် တင့်တယ်သည့် မိန်းမငယ်တစ်ယောက် ဖြစ်၏။

အပြာရောင် ပိုးသားဂါဝန်ကြီးက ခြေမျက်စိအထိ ဖုံးလွှမ်းနေသည်။ လက်မောင်းတွင် ဇာပန်းဖောက် ထား၏။ ဦးထုပ်အနားနစ်ဖက်မှ ကြိုးကို မေးတွင် ချည်ထားသည်။ လူမည်းတွေကို မျက်လုံးရွဲကြီး များဖြင့် ရှက်ကိုးရှက်ကန်းကြည့်နေ၏။ ကျေနပ်အံ့သြနေပုံ။

ဒေးဗစ်က သူ့လက်ကို တင်းတင်းဆုပ်ထား၏။ ထွက်ပြေးသွားမည်ကို စိုးရိမ်နေသည့်အလား။ ဇနီး အသစ်ကလေးကို မြတ်နိုး ဂုဏ်ယူစွာ ကြည့်နေခိုက် ကြိုဆိုသူတွေကို တစ်ဦးချင်း မမြင်တော့ဘဲ ပရိသတ်ကြီးအဖြစ်သာ တစ်ပြေးတည်း မြင်တော့သည်။

" ကျက်သရေ မရှိဘူးလား ဟင် "

ဖီးလစ်က ဂျူးဒစ်ကို ကပ်ပြောလိုက်သည်။

" သားက အေမီလီကို သိပ်ချစ်တာ "

<<http://www.shwezinu.blogspot.com/

ဂျူးဒစ် တိုးတိုးကလေး ပြန်ပြော၏။

" အေမီလီ လန့်နေတယ်၊ တွေ့လား "

နောက်ဘက် မှ ကားလ်က ရီတာကို ပြောနေသံ။ ရီတာက -

" အို ... လန့်တာပေါ့၊ မရှက်တတ်တဲ့ ရီတာတောင် အိမ်ပြန်လာတုန်းက လန့်သေးတာပဲ" ဟု ရင်တုန်ပန်းတုန် ပြန်ပြောသည်။

အိမ်စေ မိန်းကလေး တချို့က အေမီလီရှေ့ လမ်းတစ်လျှောက် ပန်းပွင့်တွေ ကြဲချနေသည်။ အချို့က "ဟက်သစ်ချမြိုင်က ကြိုဆိုပါတယ် မလေး၊ ကြိုဆိုပါတယ် အစ်ကိုလေး " စသည်ဖြင့် အလုအယက် နှုတ်ဆက်ကြသည်။

အေမီလီက ဒေးဗစ်ကို ပြုံးပြီး မော်ကြည့်သည်။ ပြီးမှ နှစ်ယောက်သား လက်ချင်းချိတ်ကာ လူတန်း ကြီး အလယ် မှ အိမ်ကြီးဆီသို့ လျှောက်သွားသည်။ အချို့က "မင်္ဂလာပါ မလေးနဲ့ အစ်ကိုလေး "ဟု ဝိုင်းအော်ကြသည်။

အေမီလီ သဘောကျပြီး ရယ်သည်။ နှစ်ယောက်သား ချိတ်တွဲထားသည့် လက်များ ကို ဖြုတ်လိုက်ကြ၏။ ဒေးဗစ်က အင်္ကျီအိတ်ကို နှိုက်သည်။ အေမီလီက လက်ဖဝါးဖြန့်ခံသည်။ ပိုက်ဆံ အကြွေတွေကို အေမီလီက အလုပ်သမားများထဲသို့ ဖြန့်ကြဲလိုက်၏။

သူတို့ တစ်တွေ တပျော်တပါး အော်ဟစ် ကောင်းချီးပေးကာ အလုအယက် ကောက်ကြသည်။ အစေတော် တစ်ယောက် က ရထားပေါ်မှ အကြွေအိတ်ကို ပြေးယူပေးသည်။ ဒေးဗစ်က အိတ်ကို ဖွင့်ကာ အေမီလီရှေ့သို့ ထိုးပေး၏။ အေမီလီက စိတ်ကြိုက် နှိုက်ပြီး ထပ်ကြဲသည်။

ကပွလီတွေ အလုအယက် ပိုက်ဆံကောက်ရင်း "မလေး သက်တော်ရာကျော် ရှည်ပါစေ၊ သားသမီးတွေ အများကြီး ရပါစေ "ဟု အော်ကြသည်။ အိမ်မကြီးဆီသို့ တရွေ့ရွေ့ လျှောက်လာနေသော သားနှင့်ချွေးမကို ကြည့်ပြီး ဂျူးဒစ် ခပ်တိုးတိုးကလေး ရယ်နေသည်။

လှေကားထစ်သို့ ရောက်သည့်အခါ ဗီးလစ်က ကြိုဆိုပြီး အေမီလီလက်ကို နမ်းသည်။

" ဟက်သစ်ချမြိုင်က ကြိုဆိုပါတယ် သမီးရယ် "

အေမီလီ တုန်ယင်လှိုက်လှဲစွာ ပြန်ပြောသည်။

" ကျေးဇူးတင်ပါတယ် ဖေဖေ "

အေမီလီက ဂျူးဒစ်ဘက်သို့ လှည့်လိုက်၏။ ဂျူးဒစ်က ချွေးမလေးကို ဖက်လိုက်သည်။

<<http://www.shwezinu.blogspot.com/

" သမီး အစစအရာရာ ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုတောင်းပါတယ်ကွယ် "

" သမီး ကလည်း အဲဒီအတိုင်း ပြန်ဆုတောင်းပါ့မယ် မေမေ "

ဂျူးဒစ် က သော့တွဲကြီးထဲမှ သော့တွဲငယ်တစ်ခုကို ဖြုတ်ပြီး အေမီလီလက်သို့ အပ်သည်။

" ရော့ သမီးတို့ အခန်းတွေအတွက် "

အေမီလီက ပြုံးပြုံးကလေးနှင့် လှမ်းယူပြီး အခြား ဆွေမျိုးသားချင်းတွေကို နှုတ်ဆက်သည်။ အမျိုးသမီးတွေ ကို ပါးကလေး ထိုးပေးလိုက်၊ အမျိုးသားတွေကို လက်ကမ်းပေးလိုက်နှင့်။

ဂျူးဒစ်က ဒေးဗစ်၏ခါးကို သိုင်းဖက်ထားသည်။ ပန်းခြံထဲတွင် ကပ္ပလီတွေ တပျော်တပါး သီချင်းဆိုနေကြ၏။ ဒေးဗစ်၏ နားနားကပ်ပြီး -

" မေမေ့ ချွေးမလေးက ဘယ်လောက် ချစ်စရာကောင်းသလဲ ကြည့်စမ်းသားတို့ ပျော်ကြမှာပါ "

" ဟုတ်ကဲ့၊ သား သိပါတယ်၊ ကျေးဇူးတင်ပါတယ် မေမေ "

ခန်းမဆောင်ကြီး၏ တံခါးဂသို့ သူတို့ ရောက်လာကြသည်။ ဖီးလစ်နှင့် ဂျူးဒစ်က ဆွဲဖွင့်ပေးလိုက်၏။ ဒေးဗစ်နှင့် အေမီလီ ခဏ တွေရပ်နေကြ၏။ ဘယ်လောက် ယဉ်ကျေးတဲ့ ကလေးတွေ ပါပဲ။ ဂျာဟာစီ သမီးကို မလိမ်မိုး မလိမ္မာကလေး ဟူ၍ ဘယ်သူ ပြောနိုင်ပါမည်လဲ။

ခန်းမဆောင် ထဲရောက်တော့ ဂျူးဒစ်က အားလုံးကို တစ်ချက် ပြန်ကြည့်လိုက်သည်။ အေမီလီက မျက်နှာကလေး ကို ဒေးဗစ်ဆီသို့ မော့ပေးလိုက်၏။ ထိုတဒင်္ဂတွင် ပျော်လွန်းသဖြင့် သူ့မျက်နှာကလေးနှင့် သူ့ကိုယ်နေဟန် မှာ အလှဆုံးဖြစ်နေသည်။ ဒေးဗစ်၏ လည်ပင်းစကို သိုင်းဖက် လိုက်၏။ ဒေးဗစ်က သူ့ကိုယ်ကလေးကို ပွေ့ယူပြီး တံခါးပေါက်ကို ဖြတ်ကျော်လိုက်လေ သည်။

<<http://www.shwezinu.blogspot.com/

အခန်း (၁၉)

ကူလီခေါင်း က သည်နေ့ နေ့လယ်ပိုင်းတွင် အလုပ်မရှိတော့ကြောင်း ကြေညာလိုက်သည်။ မနက်ဖြန် မနက်စောစော တွင်မှ လှေပေါ်သို့ ဂါဝွမ်းဘောထုပ်တွေ တင်ရန်ရှိကြောင်းနှင့် အလုပ်လုပ် ချင်သူတွေ စောစောလာခဲ့ကြဖို့ မှာလိုက်သည်။

ဂီဒီယန်းအပွဂျွန်း သည် တွန်းလှည်းတစ်ခုပေါ်တွင် ထိုင်နားနေသည်။ စိတ်ဓာတ်အကျကြီး ကျနေ၏။ သည်နေ့ ဂါဝွမ်းလှေကို အပြတ်တင်ပြီး မနက်ဖြန်တွင် သကြားတင်ရလိမ့်မည်ဟု တွက် ထားခဲ့ခြင်း ကြောင့် ဖြစ်၏။ တင်လိုက် မည် ဆိုလျှင် လှေနှစ်စင်း ကောင်းကောင်းကြီး ပြီးနိုင်သေးသည်။ ကုန်မျိုးစုံလှေကြီးတွေကို ဂီဒီယန် ကျိန်ဆဲလိုက်၏။ သူတို့တစ်တွေ ဆိပ်ကမ်းအပြည့် ရောက်လာ၍ ကုန်တင်ကုန်ချ အလုပ်တွေ နေးကွေး ကုန်ခြင်းဖြစ်၏။ အောက်ပြည် အောက်ရွာမှ ဆန်တက်လာ သည့် အထည် အဝတ်နှင့် အလှကုန် ပစ္စည်းလှေတွေဖြစ်သည်။

အက်စသာ့အခြေအနေကို သွားကြည့်ဖို့ စိတ်ကူးလိုက်သည်။ သစ်သီးတွေ ရောင်းလို့ကုန်လျှင် ပန်းခြံဘက်သို့ လမ်းလျှောက်ချိန်ရမည်ဖြစ်သည်။ သနားစရာ အက်စသာကလေး။ ဖတ်ဖတ်မော အောင် အလုပ်လုပ်လို့ ရသမျှ ဖအေလုပ်သူက အရက်သောက်ပစ်လိုက်သည်။ ချည်ထုပ်ကြီးတွေ၊ စည်ကြီးတွေကို ဗဲလ်ကိုးဂိုဒေါင်ဆီသို့ သယ်ပို့နေသည့် ဆိပ်ကမ်းလုပ်သားတွေကို ကွေ့ရှောင်ပြီး ဂီဒီယန်က ကျွန်ဈေးဆီသို့ လျှောက်သွားသည်။

ကျွန်ဈေးတွင် ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ၊ အမျိုးသမီးတွေ အများအပြား တွေ့ရ၏။ တစ်ဦး ကို တစ်ဦး ဒူးညွှတ်အရိုအသေပြုလိုက်၊ လက်ခုံကို နမ်းရှုပ်လိုက်ဖြင့်။ မျက်စိနောက်စရာကောင်းလှ သည်။

ဂီဒီယန် က ဘောင်းဘီအိတ် ထဲ လက်နှိုက်ပြီး သူတို့ကို ဖြတ်ကျော်သွားသည်။ ကုန်တင်ကုန်ချ လုပ် သားတွေနှင့် စည်ကားနေသည့် ဆိပ်ကမ်းတစ်နေရာအထိ ဆက်လျှောက်သွားသည်။

ငှက်ပျောသီး ခြင်းတောင်းကလေး ဆွဲပြီး ပြန်လာသည့် အက်စသာ့ကို လှမ်းမြင်ရသည်။ ကိုယ်လုံး ကိုယ်ထည် သွယ်လျကျစ်လျစ်ပြီး ချစ်စရာ့လုံမယ်တစ်ဦးဖြစ်သည်။ ဂါကြန့်ကြန့်ဆံပင်တွေက တစ်ပတ် လျှင် တနင်္ဂနွေ တစ်ရက် ဖြီးသင်ချိန်ရသဖြင့် ကပိုကရို ဖွဲကျနေသည်။ သို့သော် ကြည့်လို့ ကောင်း၏။ သူ့ ကြည့်ရသည် မှာ အလွန့်အလွန် ပင်ပန်းနွမ်းနယ်လာပုံရသည်။ တစ်နေကုန် တစ်နေ ခန်း နေပူကျဲကျဲ တွင် လျှောက်ရောင်းနေရသည်မဟုတ်လား။ ဂီဒီယန်က သူလာနေသည့် ဘက်သို့ လျှောက်သွားသည်။



<<http://www.shwezinu.blogspot.com/

လူတစ်ယောက် က ငှက်ပျောသီး ခေါ်ဂယ်ရင်း အက်စသာ့ပခုံးကို လှမ်းဖက် သည်။ အက်စသာက ရုန်းထွက် လိုက်တော့ လိုက်ဆွဲသည်။ ဂီဒီယန် ပြေးချသွားပြီး ထိုလူကို ဆွဲ ယမ်းပစ်လိုက်သည်။ လက်သရမ်း သည့် ထိုလူသည် ဒယီးဒယိုင်နှင့် လဲကျသွားသည်။

" ခွေးသားကြီး၊ နောက် သူ့ကို ခင်ဗျား လက်ဖျားနဲ့ ထိရဲထိကြည့် "

လဲကျသွားသူသည် ပြန်မထနိုင်လောက်အောင် မူးနေသဖြင့် ဂီဒီယန်ကို ရန်မမူတော့။ အားလုံး ဝိုင်းရယ်ကြ သည်။ ဂီဒီယန်က အက်စသာ့လက်မောင်းကိုဆွဲပြီး -

" လာ၊ တို့ သွားစို့ "

အက်စသာ သည် ယုန်မလေးတစ်ကောင်လို အထိတ်တလန့် အမူအရာဖြင့် ခြင်းတောင်းပိုက်ကာ လိုက်လာ၏။ လူတွေနှင့်ဝေးရာ၊ သေတ္တာလွတ်တွေပုံထားသည့် နေရာသို့ ဂီဒီယန် ခေါ်သွားသည်။

" ကဲ ... မင်း ခဏထိုင်ပြီး နားလိုက်ဦးနော် "

ဂီဒီယန့် အသံက ညင်ညင်သာသာ ကြင်ကြင်နာနာ။

မျက်ရည်ဝိုင်းနေသည့် မျက်လုံးပြာကြီးများဖြင့် အက်စသာ မော်ကြည့်သည်။

" ငါ့အတွက် နင် ကြားဝင်ဖို့ မလိုပါဘူး ဂီဒီယန်၊ ဘာလို့ နင် သူရဲကောင်း လုပ်ချင်ရတာလဲ "

ဂီဒီယန် က နံဘေးမှ သေတ္တာလွတ် တစ်လုံးပေါ်တွင် ဝင်ထိုင်ရင်း -

" နင့်ကို သူတို့ အပေါစား မိန်းကလေးတစ်ယောက်လို ဆက်ဆံနေတာ ငါက လက်ပိုက်ကြည့်နေရ မှာလားဟ"

အက်စသာ မျက်လွှာချသည်။ ဖိနပ်မပါသည့် ခြေထောက်ဖြင့် ဆိပ်ခံကြမ်းပြင်ကို အစုန်အဆန် ပွတ် နေသည်။ အလွန်တိုးလွန်းသော အသံဖြင့်-

" ငါက နင် ခံရမှာစိုးလို့ပါဟာ၊ ငါ့အတွက် ဒါမျိုးတွေ ရိုးနေပါပြီ၊ ငါ ဆိုလိုတာက ... "

အက်စသာ့အသံ တိမ်ဝင်သွားသည်။ ခြင်းတောင်းကို ကောက်ကိုင်ပြီး မတ်တတ်ထသည်။ သို့သော် လည်ချောင်း ထဲတွင် တစ်ဆို့လာပြီး မျက်ရည်တွေ ကျလာသည်။ ဂီဒီယန်က သူ့ကို သိုင်းဖက်ပြီး ပခုံး ပတ်ကာ အားပေးသည်။

" မငိုပါနဲ့ကွာ၊ ငိုနေလို့ ဘာထူးမှာလဲ "

ဂီဒီယန်က မချော့တတ်ဘဲနှင့် ချော့သည်။ အက်စသာက မျက်ရည်သုတ်ပြီး အံကြိတ်ထားလိုက် သည်။



<<http://www.shwezinu.blogspot.com/

" သိတယ်၊ သိပါတယ်၊ တစ်ခါတလေတော့လည်း သိပ်စိတ်ညစ်တာပဲ။ တစ်နေကုန် တပင်တပန်း လိုက်ရောင်းရ၊ သူတို့တစ်တွေကို ရှောင်ရနဲ့၊ ပါလာသမျှ ငှက်ပျောသီး အားလုံးကုန်မှ သုံးလေးပြား မြတ်တာ "

ဂီဒီယန် က မျက်နှာအောက်ချပြီး -

" အေးပါဟာ၊ ငါ သိပါတယ် "

ခဏ ငိုင်နေပြီးမှ - " နောက်ကို နင် ဒီဘက် လာမရောင်းနဲ့တော့ဟာ "

" ဘယ်သူက ဒီလိုနေရာမှာ လာရောင်းချင်မလဲ ဂီဒီယန်ရယ် "

အက်စသာ စိတ်ပျက်လက်ပျက် ညည်းသည်။ ဂီဒီယန်က အလျှော့မပေးဘဲ -

" ငါ တကယ်ပြောတာ အက်စသာ၊ ဒီနေရာက မိန်းမကောင်းတွေ လာအပ်တဲ့နေရာ မဟုတ်ဘူး၊ တစ်နေ့ နင် ဒုက္ခဖြစ်မယ် "

" အို ... ဘာလို့ ဖြစ်ရမှာလဲ "

" တကယ့်ကို နင် ဒုက္ခဖြစ်မှာ၊ နင်က ဘာသားနဲ့ လုပ်ထားလို့လဲ၊ နင့်ထက်မက ဟာတွေတောင် ခံသွားရသေးတာပဲ၊ သဘော်သား ငမူး တစ်ယောက်ယောက်နဲ့ တစ်နေ့နေ့ နင် မုချတွေ့မှာ အက်စသာ"

" တော်စမ်းပါဟာ၊ အမေ အလုပ်မလုပ်နိုင်ဘူးဆိုတာ နင် သိလျက်သားနဲ့၊ ငါ ဈေးမရောင်းရင် ဘာနဲ့ သွားစား မလဲ "

" နင့်အဖေ အရက်ဖိုးက ပိုအရေးကြီးတာ မဟုတ်လား " အက်စသာ သက်ပြင်းချသည်။

" ဒီမယ် ဂီဒီယန်၊ ငါ့ကို ပိုစိတ်ညစ်အောင် အဲဒါတွေ ပြောမနေနဲ့ဟာ။ မေမေက ပြောတယ်၊ ဖေဖေဟာ အရက် မသောက်ရရင် မနေနိုင်ဘူးတဲ့။ ခြေတစ်ဖက်ပြတ်ကြီးနဲ့ ဆိုတော့ စိတ်ဓာတ်ကျ တာလည်း ပါမှာပေါ့ တဲ့။ တို့ငယ်ငယ်ကတော့ ဖေဖေဟာ ကြိုးကြိုးစားစား အလုပ်လုပ်ပြီး ရှာကျွေးခဲ့တာပါဟာ။ အင်း ... လေ့စပ် ရင်း မတော်တဆ ညပ်သွားတာလေ၊ တစ်ခါတည်း သွင်သွင် ကျိုးတော့တာပဲ"

အက်စသာ သက်ပြင်းချပြန်သည်။ လောကကြီးကို အရှုံးပေးထားလိုက်ပုံရ၏။ ဂီဒီယန် ကမူ ဒေါပွ နေသည်။ အက်စသာ့အမေက ကလေး ခြောက်ယောက်မွေးသည်။ နှစ်ယောက် ငယ်ငယ် ကလေး တည်းက သေပြီး သုံးယောက်က ငန်းဂါဖျားကပ်ဘေးနှင့် ပါသွားသည်။ အငယ်ဆုံး အက်စသာ၏ ပခုံးသေးသေးလေးပေါ် သို့ တာဝန်တွေ ပုံကျလာတော့၏။

ဂီဒီယန် က မကျေမချမ်း လေသံဖြင့် -



<<<http://www.shwezinu.blogspot.com/

" ဂျူဟန် တို့ အသုံးမကျလို့ ဒီလိုဖြစ်ရတာ။ ရေကျရက်ကို မစောင့်ဘဲ လောဘကြီးလို့ ခုလို ဖြစ်ရတာ "

" ဒါတော့ ဒါပေါ့ဟာ၊ ဒါပေမဲ့ ရေတက်ရက်မှာ အလုပ်သမားတွေကို ပိုက်ဆံ ပိုပေးတယ်လေ။ အဖေ ကတော့ ဘယ်သူ့မှ အပြစ်မတင်ပါဘူး " ဂီဒီယန် ဒေါသမပြယ်သေး။

" ဒီလို အန္တရာယ်များတဲ့ အလုပ်မျိုး မုလည်မ်းတွေ ခိုင်းပါလား "

အက်စသာ ဘာမှ မပြောတော့ဘဲ ပခုံးတွန့်ပြသည်။ ဂီဒီယန်က အလောတကြီး လေသံဖြင့် -

" အက်စသာရယ်၊ တို့ လက်ထပ်ကြရအောင်ပါဟာ၊ နင့်ကို ငါ ဒီဆိပ်ကမ်းတစ်ဝိုက်မှာ ဘယ်လိုမှ စိတ်မချနိုင်တော့ဘူး "

အက်စသာ စိတ်ပျက်လက်ပျက် လေသံဖြင့် -

" ဂီဒီယန်ကလဲဟာ၊ ဒီအကြောင်း စပြန်ပြီ၊ ဒါလောက် မွဲတဲ့ဘဝမှာ ငါ ကလေး သုံးယောက်လောက် မွေးပြီးရင် နင် စိတ်ပျက်သွားမှာပါ။ အဖေ က တစ်မျိုး၊ ကလေးတွေက မမာ ဆိုရင် နင် ဘယ်ခံနိုင် မလဲ ဂီဒီယန် " အက်စသာ တွေးပူသည် ကိစ္စများမှာ တကယ် ဖြစ်လာနိုင်သည့် ကိစ္စ များ ဖြစ်ပါသည်။ သို့သော် ဂီဒီယန်က အလျှော့မပေးဘဲ -

" အက်စသာ ရယ်၊ နင်ကလဲ ဒါပဲ တွေးပူနေတာကိုးဟာ၊ နင့်ကို ငါ ဒါလောက် အကြာကြီး ချစ်နေခဲ့ ရတဲ့ အကြောင်းတော့ ထည့်မစဉ်းစားတော့ဘူးလား ဟင် "

အက်စသာ က ဂီဒီယန့်လက်ကို ပုတ်ပြီး -

"နင့်လို ငါ့အပေါ်မှာ ညာတာတဲ့လူ မရှိပါဘူး။ ဒါပေမဲ့ ဂျဲဟန်ထုပ်ဟန်ပိုးကြီးကို နင် ဂင်မထမ်းချင်ပါနဲ့ဟာ။ နင့် ဘာသာ နင့်လမ်း နင် သွားပါ "

" သွားစမ်းပါ၊ ဘာဖြစ်လို့ နင်နဲ့အတူ တွဲမသွားနိုင်ရမှာလဲ။ ငါ့မှာ ခွန်အားရှိတယ်၊ သတ္တိရှိတယ်၊ အလုပ်ကြိုးစား တယ်။ အိတ်ထဲ ပိုက်ဆံကလေးရှိရင် အရက်ဆိုင် သွားထိုင်တဲ့ကောင်မျိုး မဟုတ်ဘူး၊ ဘာဖြစ် လို့ သနားစရာကောင်းတဲ့ ငါ့ချစ်သူ သားအမိကို ရှာမကျွေးနိုင်ရမှာလဲ၊ ကလေးတွေ နင် က မွေးပေး ရင်ကော ဘာပြုလို့ ငါ မကျွေးနိုင်ရမှာလဲ "

" နင် အလုပ်လုပ်ချင်တိုင်း အလုပ်က ရှိဦးမှကိုး "

အက်စသာ ဆိပ်ကမ်းတစ်ဝိုက် လှမ်းကြည့်ပြီး ပြောသည်။ နှစ်ယောက်သား စကားပြတ်သွားကြ၏။ အတန်ကြာမှ အက်စသာက -

<<<http://www.shwezinu.blogspot.com/

" ငါလည်း ဒီနေရာမှာ စျေးမရောင်းချင်တော့ပါဘူးဟာ " ပြောပြောဆိုဆို မတ်တတ်ထပြီး တောင်းကို ယူသည်။

" ငါ သယ်ခဲ့ပါ့မယ်ဟာ" ဟု ဂီဒီယန်က ပြောပြီး အက်စသာ့လက်ထဲမှ ခြင်းတောင်းကို ဆွဲယူလိုက်သည်။

သူတို့နှစ်ယောက် ဆိပ်ကမ်းတစ်ဖက်စွန်းရှိ ကုန်လှောင်ခန်းများဆီသို့ လျှောက်လာခဲ့ကြသည်။ လူချမ်းသာ တစ်သိုက်က ကုန်စုံလှေကြီးမှ ချလာသည့် ပစ္စည်းများကို စစ်ဆေးကြည့်ရှုနေကြသည်။ လမ်းပေါ် တွင် ရထားကြီး တစ်စီး ဆိုက်လာသည်။ ရထားထိန်းက ခုန်ဆင်းပြီး တံခါးဖွင့်ပေးသည်။ ဂတ်ကောင်း စားလှုနှင့် အမျိုးသားတစ်ယောက် ထွက်လာသည်။ သူ့နောက်မှ အမျိုးသမီးတစ်ယောက် လိုက်ဆင်း လာ၏။ ဂါဝန်ရှည်ကြီးနှင့်။ ဦးထုပ်တွင် ဖဲကြိုးတွေ ရှုပ်ပွေလျက်။ အမျိုးသမီးနောက်မှ ကပ္ပလီ မလေးတစ်ယောက် ဆင်းလာပြီး သူ့သခင်မကို ထီးမိုးပေးသည်။ ဂီဒီယန်နှင့် အက်စသာကို သူတို့ ဖြတ်လျှောက် ရင်း အမျိုးသမီးက အမျိုးသားကို ပြောသွားသည်။

" အိုင်ယာလန်အထည်တွေပါလား၊ ကောင်းတယ်နော် "

အမျိုးသမီးအသံက ချိုအေးသည်။ ရွှေရောင်ဆံပင်နှင့် အလွန်ချောသည့် မိန်းမငယ်ဖြစ်၏။ သို့သော် ဂီဒီယန် က အမျိုးသမီးကို ဂရုစိုက်မကြည့်မိ။ သူ့ယောက်ျားကိုသာ အေးစက်မာကျောသည် မျက်လုံး များဖြင့် စူးစူးရဲရဲကြည့်နေသည်။ ခပ်စောက်စောက် ပိုးဦးထုပ်ကို ဆောင်းထားသည်။ အင်္ကျီနှင့် ဘောင်းဘီ က နိုင်ငံခြားဖြစ်တွေ။

သူတို့လင်မယားက ဆိပ်ကမ်းတွင် ရောက်နေနှင့်သည့် မိတ်ဆွေများကို လိုက်နှုတ်ဆက်နေသည်။ အမျိုးသမီး က သူ့လက်ကလေးကို ထိုးပေးလျှင် အမျိုးသားများက လက်ခုံကိုနမ်းပြီး နှုတ်ဆက်ကြ သည်။ အမျိုးသမီး က ပစ္စည်းတွေဝယ်ပြီး အိမ်ဖော်မလေးလက်သို့ ကမ်းပေးလိုက်သည်။

ဂီဒီယန် က အက်စသာဘက် လှည့်ပြီး -

" အက်စသာ "

" ဘာလဲ ဂီဒီယန် "

" ဟောဟို သားရေပြားတွေ ဝယ်နေတဲ့ကောင်ကို တွေ့တယ် မဟုတ်လား၊ ခုတင်က စုံတွဲလေ "

" အဲဒါ ဘာဖြစ်လဲ "

" နင် သူတို့ကို သိလား "

<<<http://www.shwezinu.blogspot.com/

" သိသားပဲ၊ သစ်ဖြူတောက မစွတာရှာရမီ လင်မယားလေ "

" အဲဒီကောင်က ငါနဲ့ ညီအစ်ကို တော်တယ်ဆိုရင် နင် ယုံမလား "

အက်စသာက မယုံကြည်နိုင် သည့် လေသံဖြင့် - " တကယ် "

" တကယ်ပေါ့၊ ရယ်စရာ မကောင်းဘူးလား၊ သူက သူ့မိန်းမအတွက် အဲဒီ အလှကုန် ပစ္စည်း လေ့တွေ အားလုံး ဂယ်ပေးနိုင်တယ်လေ၊ နင် မရယ်ချင်ဘူးလား အက်စသာ "

" ကဲ ... နင့်ပုံပြင်တွေ ငါ နားထောင်ချိန် မရသေးဘူး၊ ဒါလေး ကုန်အောင် လျှောက်ရောင်းလိုက် ဦးမယ် "

အက်စသာ က လက်တွေ့ကျကျ ပြောသည်။ ဂီဒီယန်က သူ့ကို သေတ္တာတစ်လုံးပေါ်တွင် ထိုင် နားစေပြီး သူ ကိုယ်တိုင် လျှောက်ရောင်းပေးသည်။ ငှက်ပျောသီးကုန်မှ ဂီဒီယန် ပြန်လာသည်။ အက်စသာ လက်ထဲ ကို ပိုက်ဆံအပ်သည်။

နေဂင်ချိန် ရောက်ပြီ။ ဆိပ်ကမ်းဈေးတစ်ပိုက်တွင် လူရှင်းစ ပြုပြီ။ ဆိပ်ကမ်းနှင့် မလှမ်းမကမ်းရှိ ပန်းခြံဆီ သို့ သူတို့နှစ်ယောက် လက်ချင်းချိတ်ပြီး လျှောက်လာကြသည်။ ပန်းခြံထဲရောက်မှ ဂျော်ဂျာ ရှာရမီနှင့် ဆက်နွယ်ပုံ ကို ဂီဒီယန် အေးအေးဆေးဆေး ပြောပြသည်။

အက်စသာ က အံ့သြမဆုံး ဖြစ်နေသည့် ပုံစံဖြင့် -

" ဒါတောင် သူက နင့်ကို မမှတ်မိဘူး ဟုတ်လား "

" မမှတ်မိရုံ မဟုတ်ဘူး၊ ငါ အသက်ထင်ရှား ရှိနေတယ် ဆိုတာတောင် သူ သိမယ် မထင်ဘူး အက်စသာ "

" ဒါဆို နင် သစ်ဖြူတော ကို သွားပါလား၊ နင် ဘယ်သူဘယ်ဂါဆိုတာ သွားပြောပြပါလား "

" ကပ္ပလီ အိမ်စောင့်ခွေးတွေက ငါ့ကို ဆွဲထုတ်ပစ်ကြမှာပေါ့၊ သူကလည်း ဘယ်ယုံပါ့မလဲ၊ ငါက ဆိပ်ကမ်းကြမ်းပိုးလေ၊ သူ ဘယ်ဆွေမျိုးအစပ်ခံမလဲ "

" အေး ဟုတ်တယ်၊ နင်ပြောတာ မှန်တယ်၊ ဒါပေမဲ့ နင့်အကြောင်း ငါ ပိုသိရတော့ ငါ ပိုအံ့သြနေတယ် ဂီဒီယန် " ဂီဒီယန်က မြေကြီးကို ခြေမနှင့် ခြစ်ကုတ်နေသည်။ အက်စသာက -

" ကဲ ... ပြန်ကြရအောင် ဂီဒီယန်၊ ငါက ချက်ရပြုတ်ရဦးမှာ "

<<<http://www.shwezinu.blogspot.com/

ပန်းခြံထဲ မှ သူတို့ ပြန်လာကြသည်။ လမ်းပေါ်တွင် အရက်ဆိုင်တွေ၊ တည်းခိုခန်းတွေ မှိုလိုပေါက်နေသည်။ လမ်းတွေက ကျဉ်းသည်ထက် ကျဉ်းလာသည်။ လမ်းတစ်လျှောက် အနံ့ဆိုးကြီးတွေ တထောင်းထောင်း ထွက်နေ၏။ ကလေးတွေ ဆူသံ၊ အိမ်ထဲမှ ရန်ဖြစ်သံတွေ ရောထွေးဆူညံနေ သည်။

ဂီဒီယန် က အက်စသာ့လက်မောင်းကို ကိုင်ပြီး လျှောက်သွားသည်။ လမ်းချိုးတစ်ခုထဲသို့ ချိုးဝင်လိုက်ကြ၏။ အက်စသာတို့အိမ်ကို ရောက်လုနေပြီ။ အက်စသာ တံ့ခနဲ ရပ်လိုက်ပြီး -

" ဘုရား ဘုရား ... ကြားလား ဂီဒီယန် "

" ငမူးတွေ ရန်ဖြစ်နေကြတာပါဟာ၊ လာပါ၊ နင့်ကို ငါ အိမ်ထဲအရောက် ပို့ပေးပါ့မယ် "

အက်စသာ က ဂီဒီယန့် လက်မောင်းကို တင်းတင်းဆုပ်လိုက်ပြီး -

" အဲဒါ အဖေ့အသံ ဂီဒီယန်ရဲ့၊ အိမ်ပြန်ရောက်နေပြီ ထင်တယ် "

ဂီဒီယန် ဘာမှ မပြောနိုင်ခင် အက်စသာ အိမ်ထဲ ပြေးဝင်သွားပြီး တံခါးကို တွန်းဖွင့်လိုက်သည်။ ဂီဒီယန် နောက်မှ လိုက်သွားသည်။ မီးဖိုမှ မီးရောင်ကြောင့် အိမ်ထဲတွင် နီကြန်ကြန် လင်းနေသည်။ အက်စသာ့ အမေက ကြမ်းပြင်ပေါ်တွင် လဲလျက်။ သူ့ယောက်ျား၏ ခြေထောက်ပြတ်ကြီးကို ဖက်ပြီး တောင်းပန်နေ သည်။

တစ်ခန်းလုံး အရက်နံ့၊ ဆေးကြီးနံ့ဖြင့် ဟောင်နေသည်။ အက်စသာ့အဖေမှာ အဝတ်အစားတွေ စုတ်ပြတ် ပြီး တစ်ကိုယ်လုံး ပေကျံနေ၏။ အသံကုန်ဟစ်ပြီး မေးနေသည်။

" ဘယ်မလဲ အက်စသာ၊ ငါ ပိုက်ဆံရမှဖြစ်မယ်၊ သောက်ကောင်မ၊ ပိုက်ဆံ ပါမလာရင်တော့ ငါ အရိုးကျိုးအောင် ရိုက်သတ်မယ် "

အက်စသာ့ ကို မြင်သည်နှင့် အလွန်အကျွံ မူးနေသော ထိုလူကြီးသည် ရိုက်မောင်းပုတ်မောင်း လုပ်လေတော့ ၏။ ဂီဒီယန်က အတင်းဝင်ဆွဲသည်။

" ဂီဒီယန်၊ သွား ... သွား၊ ပြန်တော့၊ နင် သေလိမ့်မယ်၊ ငါက ကိစ္စမရှိဘူး "

လူကြီးက ဒေါသအမျက် ခြောင်းခြောင်း ထွက်နေပြီ။ ဂီဒီယန်ကို တအား ဖမ်းဆွဲပြီး ခြေပြတ်ကြီးနှင့် ဆောင့်ကန်ထည့်လိုက်သည်။ ဂီဒီယန်လဲကျသွား၏။ အက်စသာ၏ ငယ်သံ ပါအောင် အော်သံ ကြားလိုက်သည်။ အဘိုးကြီးက အက်စသာ့လက်ကောက်ဝတ်ကို ဖမ်းလိမ် လိုက် သည်။ တစ်နေ့တာ ရောင်းရသည့် ပိုက်ဆံ အကြွေကလေးတွေ ကြမ်းပြင်ပေါ်သို့ ပြန့်ကျဲသွား၏။ သိမ်းကျုံးကောက် ယူပြီး အဘိုးကြီး ဒယီးဒယိုင်နှင့် ထွက်သွားသည်။ ဂီဒီယန် ကြိုးစားပြီး ထ ရပ် လိုက် သည်။ အက်စသာ က -

" အမေ ခဏနေဦးနော်" ဟု ပြောပြီး ဂီဒီယန်ဆီ ပြေးသွားသည်။

<<http://www.shwezinu.blogspot.com/

" သိပ်နာသွားလားဟင် ဂီဒီယန် "

အက်စသာ ကရုဏာသံဖြင့် မေးသည်။ ဂီဒီယန်က နံရံတွင် မှီရပ်ရင်း ခေါင်းခါပြသည်။ ဟင် ... အက်စသာ့ နဖူး မှာ သွေးတွေပါလား။

" ငါ ခဏနေ လျှောက်နိုင်မှာပါ၊ နင့်အမေကို လုပ်ဦး အက်စသာ၊ သူ သတိလစ်နေတယ် ထင်တယ် "

အက်စသာက လေးလံသည့် ခြေလှမ်းများဖြင့် အမေ့ဆီ လျှောက်သွားသည်။ ဂီဒီယန်က ခြေပြတ်ကြီးနှင့် အကန် ခံလိုက်ရသည့် ဒူးဆစ်ကို ငုံ့ကြည့်သည်။ လမ်းလျှောက်ကြည့်သည်။ သိပ်မဆိုး။ အက်စသာတို့ သားအမိရှိရာသို့ လျှောက်သွားသည်။ အက်စသာက သူ့အမေခေါင်းကို ပေါင်ပေါ် တင်ထားသည်။

လဲကျနေ သည့် ကုလားထိုင် ကို အားပြုရပ်ရင်း ဂီဒီယန် မေးသည်။

" နင် သတိရအောင် မလုပ်နိုင်ဘူးလားဟင် "

အက်စသာက မော်ကြည့်ပြီး ခေါင်းယမ်းသည်။ ခဏနေမှ -

" ငါ့ကို အဖေရိုက်ပြီဆိုရင် အမေ အဲဒီလို ဖြစ်တာချည်းပဲ။ ဒီတစ်ခါတော့ ဂဠုန်ကျွတ်သွားပြီ ထင်ပါတယ် "

" ဒုက္ခပါပဲဟာ "

ဂီဒီယန်က ကရုဏာသက်စွာ ညည်းညူရင်း အက်စသာ့နံဘေးတွင် ဝင်ထိုင်လိုက်သည်။ အက်စသာ့ မျက်နှာတွင် မျက်ရည်တွေနှင့် နဖူးမှ သွေးတွေရောပြီး စီးကျနေသည်။ အက်စသာ ခပ်တိုးတိုး ပြော သည်။

" ငါ ဘယ်လို ခံစားနေရတယ်ဆိုတာ နင် နားမလည်နိုင်ဘူး ဂီဒီယန်၊ အမေဟာ တစ်ချိန်လုံး နေမကောင်းဖြစ်နေပေ မဲ့ ငါ့အပေါ်မှာ သိပ်ညာတယ်။ အဖေ့ကိုလည်း နင် နားလည်နိုင်မှာ မဟုတ်ဘူး။ အဖေ ဘယ်လောက် ဆိုးဆိုး အမေက ချစ်လျက်ပဲ ဂီဒီယန်။ အမေ့ယောကျ်ားဟာ ခြေထောက် မပြတ်ခင်က လူကောင်း ပါကွယ် ဆိုပြီး အဖေ ဆိုးသမျှ ခွင့်လွှတ်တယ် " ပြောနေရင်း သူ့အသံ တိမ်ဝင်သွားသည်။

ဂီဒီယန်က သူ့ပခုံးကို သိုင်းဖက်ထားလိုက်၏။ အမေ၏ ခန္ဓာကိုယ်သည် အက်စသာ့ပေါင်ပေါ် မှ လျှောကျသွားလေသည်။ သည်တွင်မှ အမေ့ရင်ဘတ်ပေါ် မျက်နှာမှောက်ချပြီး အက်စသာ ငိုတော့ သည်။ တစ်ဖက်ခန်းတွင် လူတွေ ဆူဆူညံညံ ဖြစ်နေကြ သည်။ အပြင်တွင် မှောင်စပြုနေပြီ။ အခန်းထဲ တွင် မီးဖိုမှ အလင်းရောင်သာရှိ၏။

" ငါ ဘာလုပ်ရ မလဲ ဂီဒီယန် "

ဂီဒီယန် ရင်ထဲတွင် ခံစားမှုပေါင်းစုံ နှီးကြွလာသည်။

<<<http://www.shwezinu.blogspot.com/

" နင် ခုထိ မသိသေးဘူးလား၊ ဘာလုပ်ရမယ်ဆိုတာ နင် မသိရင် ငါပဲ ပြောပြရမှာပေါ့။ မနက်မိုးလင်းတာနဲ့ နင်နဲ့ ငါ လက်ထပ်ကြမယ်။ နင့်အဖေ အမူးသမားကြီး နင့်ကို လာဒုက္ခပေးရင် သူ့ကို ငါ သတ်ပစ်မယ် " ဂီဒီယန် ရင်ခွင်ထဲသို့ မျက်နှာအပ်လိုက်သည်။

" ငယ်ငယ်တုန်းကတော့ အဖေဟာ ငါ့အပေါ် မှာ ကောင်းခဲ့ပါတယ် ဂီဒီယန်ရယ် "

အက်စသာ တိုးတိုးကလေး ပြော၏။

" ဒါပေမဲ့ ခုမှ မကောင်းတော့တာဘဲ၊ နင် ငါ့ကို လက်ထပ်မယ် မဟုတ်လားဟင် အက်စသာ "

အက်စသာ ခေါင်းညိတ်သည်။

"ငါတစ်ယောက်တည်း နေလို့ ဘယ်ဖြစ်တော့မလဲနော် ဂီဒီယန်ရယ်၊ နင်က ငါ့အပေါ် မှာ ကောင်းလွန်းပါတယ်ဟယ်" ဟု ပြောရင်း ဂီဒီယန့်လည်ပင်းကို သိုင်းဖက်လိုက်သည်။

ထိုညတွင် အမေဆုံးကတည်းက အတူနေသည့် ညီမ လူလီ၏ အိမ်သို့ အက်စသာ့ကို ဂီဒီယန် ခေါ်လာသည်။ ညီမ၏ ယောက်ျားမှာ အလုပ်ကောင်းကောင်း ရထားသူဖြစ်၏။ ဗဲလ်ကိုးဂိုဒေါင်တွင် လုံခြုံ ရေးဂန်ထမ်းဖြစ်သည်။

အခန်းသုံးခန်း ရှိသဖြင့် လူလီတို့ လင်မယားက သီးသန့်တစ်ခန်း အိပ်နိုင်သည်။ ထိုညတွင် အက်စသာကို ဂီဒီယန်နှင့် ကလေးတွေ အိပ်သည့် အခန်းထဲတွင် သိပ်သည်။

နောက်တစ်နေ့ တွင် သုဘရာဇာကို ခေါ်ပြီး အက်စသာ့အမေ မြေချဖို့ ကိစ္စကို ဆောင်ရွက်သည်။ အမေဆုံးပြီးပြီး ချင်း လက်ထပ်ဖို့ မသင့်သေးကြောင်း အက်စသာက ပြောသည်။ သို့သော် လူလီက လက်မထပ်ခင် တစ်ခန်းတည်း အိပ်ပြီး ဖြစ်သည့်အတွက် မထူးတော့ကြောင်းဖြင့် သူ့အစ်ကိုဘက်မှ ဝင်ပြီး မဲပေး သည်။

ဤသို့ဖြင့် အမေ့ကို သင်္ဂြိုလ်သည့်နေ့တွင်ပင် သူတို့ လက်ထပ်ဖြစ်ကြသည်။ နောက်တစ်လမ်းတွင် အခန်း တစ်ခန်း ငှားလိုက်ကြ၏။ လူလီက ဂီဒီယန်ကို မပြောင်းစေချင်။ အတူနေလျှင် ဂီဒီယန်က သိတတ်သည် မဟုတ်လား။ အထောက်အကူ အများကြီးရသည်။ သူတို့လည်း လွတ်လွတ်လပ်လပ် နေချင်မှာပေါ့လေ ဟု တွေးမိ သဖြင့် မတားဘဲ နေလိုက်သည်။

အက်စသာ သည် ဇနီးကောင်းတစ်ယောက် ဖြစ်လာလေသည်။ ဂီဒီယန်ကို အထူးဂရုစိုက်သည်။ အလုပ် ကို မနားမနေ ကြိုးစားသည်။ မနက်စာကို အစောကြီးထပြီး ချက်ပြုတ် ကျွေးမွေးပေး သည်။ နေ့လယ်စာ ကို ဖွယ်ဖွယ်ရာရာ ထည့်ပေးသည်။ ထမင်းစားအပြီးတွင် စားဖို့ ငှက်ပျောသီး၊ လိမ္မော်သီး များပါ ထည့်ပေးသည်။

<<<http://www.shwezinu.blogspot.com/

အက်စသာ သည် တခြားမိန်းမတွေလို ပစ်စလက်ခတ် နေလေ့မရှိ။ အလွန်သန့်ရှင်းသေသပ်လေသည်။ ကြမ်း ကို ပြောင်လက်နေအောင် တိုက်သည်။ ဂီဒီယန်တစ်ယောက် အဂတ်အစားတွေကို ဖြူဖြူစင်စင် ဂတ်နေ ရပြီ။ အက်စသာ က နှစ်ရက်တစ်ခါ အဂတ်လဲစေသဖြင့် ဂီဒီယန် တသွေးတမွေး ဖြစ်နေသည်။

လုံးဂ အနားမနေဘဲ မီးပူတိုက်လျှင် တိုက်၊ မတိုက်လျှင် အဂတ်ပြဲ ထိုင်ချုပ်နေတတ်၏။ သူများတွေလိုမွေ့ရာဧ ပါတွင် ဖြစ်ကတတ်ဆန်း ဘယ်တော့မှ မအိပ်၊ အိပ်ရာခင်းနှင့် အိပ်သည်။

သူနှင့် သာ မဟုတ်လျှင် ဂီဒီယန်၏ ဘဂသည် မည်သို့ဖြစ်လာမည်မသိပေ။ ညီမလုပ်သူ လူလီသည်လည်း အိမ်ထောင်မှု ကို နိုင်နင်းသည့် အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်ပါသည်။ သို့သော် ကလေး အမေ ဖြစ်လာပြီးနောက်ပိုင်း ဖြစ်ကတတ်ဆန်း နေလာသည်။ ကလေးနီးလွန်းတော့ အိမ် အလုပ်တွေမနိုင်မနင်းဖြစ်လာခြင်းပင်။

ယယ်ရွယ်နုပျို သူ၊ ပြည့်ဂရိုသာသူ အက်စသာနှင့် ဖူးစာဆုံရခြင်းမှာ ကုသိုလ်ကောင်းခြင်းပင်။ ညနေ မောမော ပန်းပန်းနှင့် ပြန်လာလျှင် အက်စသာက လင်တော်မောင်ကို လဲလျောင်းနားနေစေပြီး ဦးခေါင်း ကို ပေါင်ပေါ်တင်ကာ အမောဖြေစေသည်။ နဖူးနှင့် ဆံပင်တွေကို တယုတယ ပွတ်ပေးပြီး ဆိပ်ကမ်းဈေးသည် ဘဂမှ ကယ်တင်ခဲ့သည့် လင်တော်မောင်ကို ကျေးဇူးစကားတွေ တတွတ်တွတ် ပြောနေတတ်သည်။

ဤသို့ တစ်နေ့တာ ပန်းသမျှတွေ လျော့ပါးစေတတ်သူ၊ ဂီဒီယန် အမောပြေပြီဆိုလျှင် ရေဇလုံထဲ တွင် ခြေထောက်တွေ ကို စိမ်စေပြီး စိတ်ရှည်လက်ရှည် ဆေးကြောပေးတတ်သူ။

နေ့လယ်စာ ကို အလုပ်ခွင်မှာ ဖြစ်သလို စားရသည့်အတွက် ညစာကို စုံစုံလင်လင် ဖွယ်ဖွယ် ရာရာ ဖြစ်အောင် ပူပူနွေးနွေး ချက်ပြုတ်ကျွေး သည်။ ပြောင်းဆန်မှုန့်နှင့် ဖုတ် သည့် ပေါင်မုန့် ကို ကြွပ်ရွနေ အောင် လုပ်ပေးသည်။ သကာရည် သို့မဟုတ် အသားပြုတ်ကြော် တစ်မျိုးနှင့် ကျွေးစမြဲ။

အသားကောင်းကောင်းက ဈေးတွင် ရခဲသည်။ အကောင်းစား မှန်သမျှ ငွေကြေးတတ်နိုင် သူများ ကို ဈေးသည် များက ဦးစားပေးရောင်းသည်။ သို့သော် ရသည့်အသား ကို စားလို ့ကောင်းအောင်၊ နူးနူး နပ်နပ်ဖြစ်အောင် အက်စသာ က ဖန်တီးပေးတတ်သည်။

" အလုပ်ကြမ်း လုပ်တဲ့သူဟာ အသားများများ စားပေးရတယ် ဂီဒီယန်ရဲ့" ဟု အက်စသာ ပြောလေ့ ရှိသည်။

ညစာ စားပြီးလျှင် မီးဖိုကို မီးငြိမ်းပြီး မြစ်ဆိပ်ဘက်သို့ လမ်းလျှောက်ထွက်ကြသည်။ တစ်ခါတစ်ရံ ကြက်ပွဲတွေ့ လျှင် ဂင်ကြည့်ကြသည်။ တစ်ခါတစ်ရံ အိမ်နီးနားချင်းများခေါ်ပြီး အပျော် ဖဲကစား သည်။ ရာသီဥတု ဆိုးရွားသည့် အခါများတွင် အိမ်တွင်းအောင်းပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ

<<<http://www.shwezinu.blogspot.com/

စကားပြောကြ သည်။ သည်လို အခါမျိုးတွင် အက်စသာက သူ့ကြောင့် ပျော်ပုံ ဘဂသစ်ရပုံများ ကို ပြောပြနေတတ်၏။

ဂီဒီယန်သည် အက်စသာကို တိုး၍တိုး၍ ချစ်ကာ ပို၍ပို၍ မြတ်နိုးနေ၏။ အက်စသာကလည်း ကိုယ်အမူအရာ၊ နှုတ်အမူရာ အားလုံးပြင်သည်။ ဆိပ်ကမ်းဈေးသည်ဘဂက သုံးသည့် စကားလုံးများကို လုံးဝ မသုံးတော့ပေ။

အချို့စကားလုံးများမှာ ယောက်ျားများ သုံးလျှင် မထောင်းတာသော်လည်း မိန်းကလေးများ ပြောလျှင် နားထောင် မကောင်းကြောင်း ဂီဒီယန်က သွန်သင်သည်။ အက်စသာက လင်တော်မောင် ၏ ပညာပေးမှု ကို ကြည်ကြည်ဖြူဖြူခံယူသည်။

" အက်စသာ တောင်းပန်ပါတယ် ဂီဒီယန်၊ မုဆိုးနားနီး မုဆိုးဆိုတော့ ကျင်လည်ခဲ့ရတဲ့ ပတ်ဂန်းကျင်ကို ကြည့်လေ၊ ဆိပ်ကမ်းလုပ်သားတွေရယ်၊ အဖေရယ် .... "

သည် အဘိုးကြီး ဘယ်ရောက်နေပါလိမ့်ဟု ဂီဒီယန် စဉ်းစားကြည့်သည်။ သူ့ဘာသာသူ ဘယ်ရောက်ရောက် ပါလေ။ အက်စသာ့ကို လာ အနှောင့်အယှက်မပေးရင် ပြီးတာပဲ။

အက်စသာ့ တွင် ကိုယ်ဂန် ရှိလာသော်လည်း အိမ်ထောင်မှုကိစ္စ လုံးဝ မလစ်ဟင်းပေ။ ချက်ရေးပြုတ်ရေး၊ အိမ်သန့် ရှင်းရေးတွေ ကို ပုံမှန်အတိုင်း လုပ်သွားသည်။

အက်စသာ သမီးဦး ကလေးမွေးသည်။ ဂီဒီယန်က ပန်းခြံထဲတွင် နွေရာသီမှာ မွှေးမွှေးပျံ့ပျံ့ပွင့်တတ်သည့် ဇီဇဂါပန်း အမည်ကိုယူပြီး ဂါဒင်နီယားဟု အမည်ပေးလိုက်သည်။ အိမ်တွင်တော့ ချစ်စနိုးနှင့် ဂါဒီ ဟု ခေါ်ကြမည်။

ကလေးရတော့ သူတို့ အိမ်ထောင်ကလေးမှာ ပို၍ စိုပြည်လာသည်။ သို့သော် ဂါဒီကလေး ချောင်းဆိုး ရင်ကြပ်ဖြစ် လို့ မအိပ်ရသည့် ညများတွင် နောက်တစ်နေ့ အလုပ်ဆင်းဖို့ ခက်လာသည်။ ကလေးက မနက် အစောကြီး နိုးနေလို့ သူ့အတွက် မနက်စာ မလုပ်ပေးနိုင်လျှင် ဂီဒီယန် မကျေမနပ် ဖြစ်ရသည်။ အလုပ်ခွင်ရောက် လျှင် သယ်ရင်းပိုးရင်း ခေါင်းတွေ ကိုက်နေတတ်သည်။

သည်လိုနေ့မျိုးတွင် အိမ်အပြန်မှာ ခါတိုင်းလို ပျော်စရာ မကောင်းတော့ပေ။ ရှင်းသန့်ပြောင်လက်နေသည့် အခန်းလေး မှာ ရှုပ်ပွပေကျံနေတတ်၏။ ကလေးအနီးလှန်းသည့် တန်းတွေ ပိုလာသဖြင့် အခန်း ပိုကျဉ်းလာသလို ထင်ရ၏။ မျက်စိထဲတွင် တိုးလိုးတွဲလောင်းနှင့် ရှုပ်ယှက်ခတ်နေသည်ဟု ထင်၏။ အက်စသာ ပေါ့၍မဟုတ်ပါ။ ဂါဒီကလေး လေးဖက်သွားသည့် အရွယ်ရောက်လာသဖြင့် ရှင်းလို့ မနိုင်အောင် ဖြစ်ခြင်း ပါ။ ရှေ့က သိမ်းရင် နောက်က ဖွသည်။

<<<http://www.shwezinu.blogspot.com/

ကလေးကြီး လာတော့ အိမ်ထောင်ပစ္စည်းတချို့ မရှိမဖြစ် လိုအပ်လာသည်။ အနည်းဆုံး အဂတ်လျှော် ဇလုံ တစ်ခုတော့ ဂယ်သင့်ပြီ။ သို့သော် အက်စသာမပူဆာ။ အိမ်အပြန် နောက်ကျပြီး ရသမျှပိုက်ဆံ ကြက်ပွဲ တွင် ရှုံးခဲ့ကြောင်း တောင်းပန်စကား ဆိုလျှင်လည်း အက်စသာ ခပ်ပြုံးပြုံးပင်။

အဲဒီလိုဖြစ်လာတော့ စိတ်ထဲ မှာ ဘယ်လိုမှ မနေဘူးလား ဟူ၍တော့ မေးကြည့်သည်။

တစ်ည တွင် ဂီဒီယန် အိပ်ရာမှ နိုးလာသည်။ အက်စသာ ကျိတ်ငိုနေသည်ကို တွေ့ရ၏။ ကလေးနေ မကောင်းဖြစ်ပြန်ပြီ ထင်တယ်။ ငဲ့ကြည့်လိုက်တော့ ဂါဒီကလေး သူ့နေရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့။ ဂီဒီယန် က အက်စသာ့ကို သိုင်းဖက်ပြီး -

" သိပ်လည်း စိတ်ပျက်မနေပါနဲ့ အချစ်ရယ်၊ အဂတ်လျှော် ဇလုံတစ်လုံးရအောင် ကိုယ် ဂယ်ပေးပါ့မယ် "

အက်စသာ ရှိုက်ရင်းပြောသည်။

" အဂတ်လျှော်ဇလုံနဲ့ မဆိုင်ပါဘူး။ ခုဟာက ခုဟာက အို အားလုံးနဲ့ ဆိုင်တာ၊ ဒီလိုပဲ ဖြစ်လာမယ်ဆိုတာ သိပြီးသားပါလေ၊ မကြာခင် ဂီဒီယန် အက်စသာကို ကြည့်ချင်တော့မှာ မဟုတ်ပါဘူး "

" မင်းပြောချင်တာ ပြောလေ၊ မင်းကို ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိသားပဲ၊ အိပ်လိုက်ပါ အက်စသာ၊ အိပ်ပျော်သွားရင် ကြည်ကြည်လင်လင် ဖြစ်သွားမှာပါ "

အက်စသာ ထ ထိုင်သည်။

" မဟုတ်ဘူး ဂီဒီယန်၊ အက်စသာ အိပ်မှာပါ။ ဒါပေမဲ့ ကြည်ကြည်လင်လင် ဖြစ်လာမှာ မဟုတ်တော့ ပါဘူး။ နောင် ကို နားပူနားဆာလည်း မလုပ်တော့ပါဘူး၊ ဒါပေမဲ့ ကြည်ကြည်လင်လင်တော့ ဖြစ်လာ မှာ မဟုတ်ဘူး "

" မင်း ဘာဖြစ်နေတာလဲ အက်စသာ၊ မင်း ကိုယ့်ကို အိပ်မပျော်အောင် လုပ်တယ်၊ မနက်မိုးလင်း လို့ ခေါင်းတွေအုံနေရင် ဘာကြောင့်အုံတာလဲ မင်းမေးမယ် "

" အက်စသာ့ မှာ နောက်ကလေး ရှိနေပြန်ပြီ ဂီဒီယန် "

" ဟုတ်လား၊ ဒုက္ခပါပဲကွာ၊ ဒါဖြင့် ဂါဒီကလေး ကို နို့ဖြတ်တော့ပေါ့ " အလန့်တကြား ဖြစ်သွားမိသည့် အတွက် ဂီဒီယန် ရှက်သွားသည်။

" ကိစ္စမရှိပါဘူး အက်စသာ၊ မွေးပေစေပေါ့ "

" ကောင်းပြီလေ "


<<<http://www.shwezinu.blogspot.com/

အက်စသာ ပြန်လှဲအိပ်သည်။ နောက်တစ်နေ့ အိပ်ရာမှ ထထချင်း ကလေးကို နွားနို့တိုက်ဖို့ ပြင်ဆင်သည်။ ဘာမှ မပြောဘဲ သူ့အတွက် ပြောင်းဆန်မုန့် လုပ်ပေးသည်။ သူကလည်း ဘာမှ မပြော။

ဂီဒီယန် မျက်စိထဲတွင် အက်စသာသည် ကလေးတစ်ယောက်အမေ အိမ်ရှင်မကလေး မဟုတ် ဘဲ လေးဆယ်ကျော် မိန်းမကြီးတစ်ယောက်လို မြင်နေသည်။

အက်စသာ သည် မိမိထက် ဆင်ခြင်ဉာဏ်ရှိကြောင်း ဂီဒီယန် တဖြည်းဖြည်း သိလာသည်။ သူ တွေးတော စိုးရိမ်ခဲ့ သမျှ တို့သည် တစ်ခုပြီး တစ်ခု ဖြစ်လာနေ၏။

သည်နှစ်နွေဦး တွင် မြစ်ရေက မတက်စဖူး ထူးထူးကဲကဲ အတက်ကြမ်းနေ၏။ သည်လို မြစ်ရေ အတက်ကြမ်းမည် ကို ဆိပ်ကမ်းလုပ်သား တို့ ပလိပ်ရောဂါ ကြောက်သလို ကြောက်ကြ သည်။ မြစ်ရေ သည် ကြောက်ဖွယ်အဟုန်ဖြင့် စီးဆင်းနေ၏။ လှေသမားတွေ ကိုယ့်လှေ ကိုယ် မနိုင်ကြတော့ပေ။ ဆိပ်ကမ်း တစ်ပိုက်တွင် ကမ္ဘာပျက်သလို ဆူညံနေသည်။

အလွန်စွန့်စားရဲသည့် ကုန်သည်များသာ ကုန်တင်ကုန်ချ လုပ်ကြသည်။ ဂီဒီယန် အလုပ်မရှိသည့် ရက်တွေ များသည်ထက် များလာသည်။ ကုန်စုံဆိုင်များဆီသို့ အက်စသာ ယောင်လည် ယောင် လည်နှင့် သွားသည်။ ကြက်သွန်ကလေး၊ ဆန်ကလေးများ အကြွေး ရလိုရငြား သွားခြင်းဖြစ်၏။ သို့သော် ဘယ်ဆိုင် ကမှ မရ။ တချို့ရက်များတွင် လင်မယားနှစ်ယောက် ညစာ မစားရပေ။

လူလီ့ယောက်ျား ကက်စ်ဆီမှာ အကူအညီတောင်းဖို့ စိတ်ကူးသေးသည်။ သို့သော် မသွားဖြစ်။ မစ္စတာဖဲလ်ကိုး က သူ့လူတွေကို လုပ်ခတစ်ဝက်လျှော့ချလိုက်သဖြင့် သူတို့လည်း ကျပ်တည်းနေကြ သည်။ မဟုတ်လား။ ကက်စ်က သူတို့ မိသားစု၏ စားဝတ်နေရေး အခြေအနေကို မေးတော့ ဂီဒီယန်က "အဆင်ပြေပါတယ်" ဟု ခပ်တည်တည် ပြန်ပြောလိုက်သည်။

အဖြစ်မှန် ကို ဘယ်သူမှ မသိစေလို။ ငတ်နေသည်က အကြောင်းမဟုတ်။ ငတ်နေသည်ကို လူမသိဖို့က ပို အရေးကြီးသည်။ အရှက်နှင့် လူလုပ်ကြသည် မဟုတ်လား။

အလုပ်အကိုင် အဆင်မပြေသည့်အခါ အကျပ်အတည်း တွေ့ဖူးပါ၏။ အငတ်ခံဖူးပါ၏။ သို့သော် မိမိ တစ်ယောက် တည်း ငတ်နေခြင်း မဟုတ်။ မိမိအား မှီခိုနေသည့် ဗိုက်ကြီးသည် ဇနီးနှင့် သမီးငယ် ကလေး တို့ပါ ငတ်လာတော့ ဂီဒီယန် တိမ်းတိမ်းပွေပွေ ဖြစ်လာသည်။

" ဂီဒီယန်နေရာမှာ အက်စသာ ဆိုရင်တော့ သစ်ဖြူတောအိမ်ကြီးကို သွားပြီး အကျိုး အကြောင်း ပြောပြမှာပဲ "

" တော်စမ်းပါ အက်စသာရယ်၊ သူတို့ ကိုယ့်ကို ဂရုစိုက်မှာ မဟုတ်ပါဘူး "

<<<http://www.shwezinu.blogspot.com/

" ဘာပြု လို့ ဂရုမစိုက်ရမှာလဲ၊ သူတို့က စားမကုန် သုံးမကုန် ချမ်းသာတဲ့ လူတွေပဲ။ ပြီးတော့ ကိုယ်နဲ့က အမျိုးအရင်းကြီး ပဲဟာ "

" ဟာ သေတော့ မှာပဲ၊ ဖွန်လဆို ရေကျသွားမှပါကွာ "

" ဟုတ်ပါတယ်၊ အက်စသာက မေမှာ မွေးမှာလေ "

" ကိုယ်ပြောတာ ယုံစမ်းပါ အက်စသာရယ်၊ အဲဒီလူတွေက ရေကြီးလို့ တို့တစ်တွေ ငတ်နေတာကို နားလည်နိုင် တဲ့ လူတွေ မဟုတ်ပါဘူး။ ကိုယ့်အမေက သစ်ဖြူတောမှာ နေခဲ့ပေမဲ့ နားလည် တယ်။ မေမေ ပြောလေ့ရှိတယ်၊ ချမ်းသာ တဲ့ လူတွေဟာ ပိုချမ်းသာချင်တဲ့အတွက် တွန့်တိုကြတယ်တဲ့ "

" ဒီလောက် ချမ်းသာနေပါလျက် နဲ့ ဘာလို့ တွန့်တိုကြပါလိမ့်နော် "

အက်စသာက မရေမရာနှင့် ပြောလိုက်သည်။

ဒုတိယကလေးမွေးတော့ အက်စသာ သေကောင်ပေါင်းလဲ ခံလိုက်ရသည်။ လူလီ လာပြီး ပြုစုပေး သည်။ အိမ်နီး နားချင်းတွေ က သူလိုကိုယ်လိုတွေ ဖြစ်သော်လည်း အက်စသာ အာဟာရ မပြတ်အောင် ဆန်ကလေး နည်းနည်းစီ၊ အသီးအရွက်ကလေး နည်းနည်းစီ စုပြီး ပေးကြသည်။

ကလေးလေးက သေးကွေးလွန်းသည်။ ဖြူဖျော့ဖျော့ကလေး။ အက်စသာလုံးဝ နို့မထွက်သဖြင့် ကလေးအသက်ရှင် ဖို့ကို ဂီဒီယန် မျှော်လင့်မထားပေ။ သို့သော် တစ်လမ်းတည်းနေ ကလေးအမေ သုံးယောက် က အလှည့်ကျ နို့လာတိုက်ပေးသဖြင့် သေကံမရောက် သက်မပျောက်ခဲ့ပေ။

အမြင်သစ်တစ်ခုကို ဂီဒီယန် ရလိုက်သည်။ လောကတွင် သည်လိုလူတွေ ရှိပါသေးလား ဟူသည့် အမြင်။ သည်လို ဒုက္ခတွေနှင့် ရင်မဆိုင်ရ လျှင် မေတ္တာတရားကို ဂီဒီယန်လို လူငယ် မြင်နိုင်စရာ မရှိ ပေ။

လက်သမားအလုပ်တွေ ပေါ်နေ၍ ဝင်လုပ်ဖို့ ဂီဒီယန် ကြိုးစားသည်။ လှေတွေ အဆိုက်အကပ် နည်း နေချိန် တွင် ပါစယ်ဆိပ်ကမ်းကုမ္ပဏီက သူတို့ ဆိပ်ကမ်းတွေကို ပြုပြင်နေချိန်ဖြစ်၏။ သည် အလုပ် နှင့် ရင်းနီးလှသူ မဟုတ်၍ အပေါက်အလမ်း မတည့်လှပေ။ သို့သော် ကံကောင်းသည်ဟုပင် ဆိုရ မည်။ အလုပ် မရသည့် လူတွေ ဒုနဲ့ဒေး မဟုတ်လား။ ရေက တော်တော်နှင့် ပြန်မကျ။ တစ်သက်လုံး ကြီးနေတော့ မည့် ပုံ။

ခါတိုင်းလို စိုးရိမ်ရေမှတ်ကိုကျော်ပြီး တာပေါ် ရေလျှံကာ ဆင်းမသွားဘဲ စိုးရိမ်ရေမှတ် အောက်နား ကလေးတွင် တန့်နေသည်။ တက်လည်း မတက်၊ ကျလည်း မကျ။ စိုက်ပျိုးရေးသမားများအတွက် အန္တရာယ် မရှိသော်လည်း ဆိပ်ကမ်းသမားနှင့် လှေသမားများအဖို့ မရှုနိုင် မကယ်နိုင် ဖြစ်နေကြ သည်။ သည်ရေမျိုးနှင့် သူတို့ တစ်ခါမှ မကြုံဖူးကြ။

<<<http://www.shwezinu.blogspot.com/

ဂီဒီယန် ပင်ပန်းလှပြီ။ ဆက်ပြီး တတ်နိုင်ပါတော့မလားဟု ကိုယ့်ကိုယ်ကိုယ် သံသယဖြစ် လာသည်။ ကျောရိုးတွေ ကျိုးကုန်လုမတတ် အလုပ်လုပ်သော်လည်း သူလုပ်ရမည့်အလုပ်က မပြီး။ စိတ်ဓာတ် ကျလာသည်။ အိမ်ပြန်ရသည်ထက် ဆိပ်ကမ်းတစ်ဝိုက် လျှောက်သွားနေရသည်က ပိုပြီး စိတ်ချမ်း သာ သလို ဖြစ်လာသည်။

အိမ်ပြန်ရောက် လျှင် ညော်နံ့၊ ကလေး ခါးတောင်းကျိုက်တွေ အခြောက်ခံသည့် အနံ့များနှင့် ပူလောင် မွန်းကျပ်နေ ၏။ နောက်မွေးသည့် ဂျွန်ကလေးကလည်း ဂျီကျသည်။ ဂါဒီကလည်း မနိုင် တော့။ တစ်ကိုယ် လုံး ပေကျံပြီး ချောင်ကြိုချောင်ကြားမကျန် လျှောက်သွားလိုက်၊ လဲကျလိုက်နှင့်။ အက်စသာက အမြဲ တမ်း ဒေါသကြီးနေသည်။ ဂီဒီယန် စကားမပြောရဲသလောက် ဖြစ်နေ၏။

သို့သော် ဇနီးလုပ်သူကို ဂီဒီယန် အပြစ်မတင်ရက်ပါ။ မိမိတွင်ရော သူ့တွင်ပါ အခက်အခဲများစွာ ရှိ နေသည် ကို ဘုရားသခင် သိပါသည်။ သူ့ဒုက္ခက ပိုလိမ့်မည်ထင်ပါသည်။

သို့သော် တစ်ည အိမ်အပြန်တွင် အက်စသာ့ အဖေကြီး ရောက်နေသည်ကို တွေ့ရသည်။ သတိ လက်လွတ်တွေ ဖြစ်ကုန်တော့၏။ ဒေါသကို မထိန်းနိုင်အောင် ဖြစ်သွားသည်။

စိတ်ထဲ က ပါလို့တော့ မဟုတ်ပါ။ အဘိုးကြီးကို မြင်လိုက်သည်နှင့် ဂီဒီယန် ခေါင်းနားပန်းကြီးသွား သည်။ ပုခက် ထဲက ကလေးက ငယ်သံပါအောင် အော်နေသည်။ ဂါဒီကလည်း အထိတ်တလန့်နှင့် ငိုနေ၏။ အဘိုးကြီး က အက်စသာ့ ပခုံးကိုကိုင်ပြီး အော်ဟစ်နေသည်။

" နင့်ယောက်ျား ပိုက်ဆံတွေ အများကြီး ရတယ် ဆိုတာ ငါသိတယ်၊ ပေး၊ ခု ထုတ်ပေး "

ဂီဒီယန် အခန်းတံခါး တွန်းဖွင့် ဝင်လိုက်သည်။ ဂါဒီကလေးက အဖေ့ဆီသို့ အားကိုးတကြီး ပြေးလာ သည်။ သို့သော် အဘိုးကြီး အနားတွင် လဲကျသွား၏။ ဤတွင် အဘိုးကြီးက ဂါဒီကလေးကို ကန်ထည့် လိုက် သည်။ ဂီဒီယန် မျက်လုံးတွေ ပြာဝေသွားသည်။

ဤတွင် ကြက်သေ သေနေသည်။ ပြီးမှ သွေးအိုင်ထဲ လဲနေသည့် ယောက္ခမကြီးကို ငုံ့ကြည့်သည်။ သတ် လိုက်မိသည့် အတွက် ဂီဒီယန် နောင်တမရပေ။

ထိုစဉ် အိမ်ရှေ့တံခါး ပွင့်လာပြီး မိန်းမကြီးတစ်ယောက် ငယ်သံပါအောင် အော်သည်။ တစ်ခဏ အတွင်း အိမ်နီးနားချင်းတွေ ရုတ်ရုတ်သဲသဲ ဖြစ် သွားသည်။ မိန်းမကြီးက အဘိုးကြီးတစ်ယောက် နှင့် လူငယ် တစ်ယောက် ရန်ဖြစ်ကြရာမှ လူငယ်က အဘိုးကြီးကို သတ်လိုက်ကြောင်း ဘေးလူတွေကို ပြောပြသည်။ ဂီဒီယန် ကို ဖမ်းပြီး အချုပ်ခန်းထဲ ပို့သည်။

<<<http://www.shwezinu.blogspot.com/

ရုံးရောက် လို့ အဖြစ်မှန်ကို အစစ်ခံလိုက်လျှင် ဂီဒီယန် လွတ်မြောက်မည်ဟု အက်စသာ ယုံကြည် ထားလိုက် သည်။ ကလေးတွေကို အိမ်နီးနားချင်း လက်သို့ အပ်ပြီး လောလောဆယ် စားဖို့အတွက် ငှက်ပျောသီး ထွက်ရောင်းသည်။

ဂီဒီယန် အမှုကို ရုံးတင်တော့မှ မရှုပ်ရှုပ်အောင် ပြောသည့်နေရာပါ ကလားဟု အက်စသာ နားလည် ရတော့ ၏။ သူတို့တစ်တွေ သည် အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်စကားတို့ကို တစ်ချိန်တည်း တွင် ရောထွေးပြောနေကြသည်။

ဂီဒီယန် က စပိန်စကားကို အမေ့ထံမှ သင်ထားခဲ့သည်။ အက်စသာက ပြင်သစ်စကားကို ဆိပ်ကမ်း တစ်ဝိုက်တွင် ငှက်ပျောသီးရောင်းရင်း တတ်ခဲ့သည်။ သို့သော် ရှေ့နေရှေ့ရပ်တွေ၊ တရားသူကြီး တွေက သူတို့လင်မယားနားလည်သည့် ဘာသာစကားဖြင့် အမှုစစ်ဆေးကြားနာခြင်းမပြုကြပေ။

တရားသူကြီးတစ်ယောက်မှာ စပိန်စကား လုံးဝမပြောနိုင်။ ရှေ့ဖတ် စာရေးက ဟိုလူ့ ဘာသာပြန်ပေးရ၊ သည်လူ့ ဘာသာပြန်ပေးရနှင့်။ ကြာတော့ ဘယ်သူတွေက ဘာတွေပြောလို့ ဘယ်သူတွေအတွက် ဘာတွေ ဘာသာပြန်ပေးနေမိမှန်း မသိတော့ပေ။

နောက်ဆုံးတွင် တရားရုံးက ဂီဒီယန်ကို စာရွက်တစ်ရွက်တွင် လက်မှတ်ထိုးခိုင်းသည်။ ဂီဒီယန် စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကို သွက်သွက်ခါပြီး သူ စာမတတ်ကြောင်း သူတို့ နားလည်အောင် ပြောပြ သည်။

နာခေါင်းရှည်ရှည်နှင့် လူကြီးက စီရင်ချက်ကို ဖတ်ပြသည်။ ၎င်းစီရင်ချက်ကို လူသုံးယောက်က ဘာသာ သုံးမျိုးဖြင့် ဖတ်ပြသည်။ တရားရုံးတွင် သည်တစ်ခုပဲ အက်စသာ သေသေချာချာ နား လည်သည်။ လူသတ်မှု ထင်ရှား သဖြင့် ဂီဒီယန် အပွဂျွန်းကို ကြိုးပေးသတ်စေ ဟူသည့် စီရင်ချက်။

အော်ဟစ် ငိုကြွေးကာ လက်နှစ်ဖက် ဆန့်တန်းပြီး ဂီဒီယန်ဆီသို့ အက်စသာ ပြေးသွားသည်။ အစောင့် တစ်ယောက်က လက်ကို ဖမ်းဆွဲထားလိုက်သည်။

" ဟေ့ ကလေးမ၊ ဒီလို မလုပ်ရဘူးလေ " ဂီဒီယန်က အလန့်တကြား အော်သည်။

" ဒီမယ် ကျုပ်ပြောတာ ခင်ဗျားတို့ နားမလည်ဘူးလား "

သို့သော် အစောင့်တွေက သူ့ကို ဘာမှ ဆက်ပြောခွင့်မပေးဘဲ ဆွဲခေါ်သွားကြသည်။

အက်စသာ အိမ်ပြန်လာသည်။ ခြေထောက်တွေက ခဲဆွဲထားသည့် အလား။ အိမ်ရောက်တော့ ကြမ်းပြင်ပေါ် တွင် ထိုင်ကာ ကလေးနှစ်ယောက်ကို ခေါ်လိုက်သည်။ သူ့တွင် ထပ်ငိုဖို့ အင်အား မရှိ တော့ပေ။ ထိုစဉ်အိမ်စာရေးရောက်လာပြီး လခတောင်းသည်။ ပေးရမည့်ရက်ထက် သုံးရက်ကျော်နေပြီ။

<<<http://www.shwezinu.blogspot.com/

" ကျွန်မ မှာ ပေးစရာ တစ်ပြားမှမရှိဘူး " ခြောက်ကပ်ကပ်အသံဖြင့် အက်စသာ ပြောလိုက် သည်။ ရင်ထဲတွင် ဘာခံစားမှုမှ မရှိတော့ဘဲ အားလုံး သေသွားသည့် အလား။

အိမ်လခ စာရေးက သူ နောက်ထပ် မစောင့်နိုင်တော့ကြောင်း၊ မနက်ဖြန်မှ မပေးနိုင်ရင် လူကြီးရော ကလေးတွေ ပါ လမ်းပေါ် ဆွဲချမည် ဖြစ်ကြောင်း ရာဇသံပေးသွားသည်။

ကလေးတွေက ဆာလို့ ငိုနေကြပြီ။ ပြောင်းဆန်မှုန့် လက်ကျန်ကို ကပျာကယာ ကျိုပြီး ကျွေးလိုက် သည်။ ကလေးနှစ်ယောက်နှင့် အက်စသာ အိပ်ရာဝင်သည်။ အင်း ... သူတို့အဖေ ကြိုးပေးခံရမည် ဆိုလျှင် သူတို့ကလေးတွေ လမ်းပေါ် ရောက်တော့မည်ပေ့ါ။

မဖြစ်ဘူး၊ သည်လို အဖြစ်မခံနိုင်ဘူး။ ပြတ်သားသည့် အဆုံးအဖြတ်တစ်ခုကို အက်စသာ အခိုင် အမာ ချလိုက် သည်။ ငါ အသက်ရှင်နေသမျှ ကာလပတ်လုံး ငါ့ယောက်ျားရော ငါ့ကလေးတွေပါ ဒီလို အဖြစ် မခံနိုင်ဘူး။

ဂီဒီယန် ဘာပြောပြော သစ်ဖြူတောကို မနက်ဖြန် အရောက်သွားမည်။ အသက်သေချင် သေပေစေ။ မစ္စတာရှာရမီနှင့် မရရအောင် တွေ့ခွင့်တောင်းပြီး အကျိုးအကြောင်းကို ပြောမည်။

မနက်အစောကြီး ထသည်။ ရှိစုမဲ့စုပစ္စည်းတွေ ထုပ်ပိုးပြီး ကလေးနှစ်ယောက်ကို ချီကာ လူလီတို့အိမ် သို့ ထွက်ခဲ့သည်။ နေရေးထိုင်ရေး အခက်အခဲအကြောင်း ပြောပြပြီး ကလေးနှစ်ယောက်ကို တစ်ရက်လောက် ထိန်းထားပေးပါရန် တောင်းပန်ထားခဲ့သည်။ လူလီက ဂီဒီယန်ကို ထောင်ဝင်စာ သွားတွေ့ခြင်း ဖြစ်မည်ဟု ထင်၏။

မြို့ပြင်သို့ ထွက်ခဲ့သည်။ မြို့ပြင် ရောက်သည်နှင့် သစ်ဖြူတောသို့ သွားရာ လမ်းကို ရှာပြီး လျှောက် တော့၏။ နေမှာ ထွက်လာပြီ ဆိုကတည်းက ပူတော့သည်။ မြင့်တက်လာလေ ပိုဆိုးလေ။

အက်စသာ အတတ်နိုင် ဆုံး သေသေသပ်သပ် ဝတ်စားလာသည်။ သို့သော် လမ်းပေါ် တွင် မြင်းရထား တစ်စင်း ဖြတ်မောင်းသွားတိုင်း ဖုန်လုံးကြီးတွေနှင့် ရောထွေး ကျန်ရစ်သည်။ မကြာခင် တစ်ကိုယ်လုံး မြင်မကောင်းရှုမကောင်း ဖြစ်ကုန်တော့၏။ ဆောင်းလာသည့် ဦးထုပ်ကလေး က ခေါင်းပေါ် မှ နေပူရှိန် ကို လုံးဝ မကာကွယ်နိုင်။ ခေါင်းတွေ ကိုက်လာသည်။

စိုက်ပျိုးရေးကွင်းများနှင့် အက်စသာ စိမ်းလှသည်။ တစ်ခါမှ ဒီဘက်ကို မရောက်ဖူးခဲ့။ ဂါခင်းတွေ ထဲ က မောင်းထွက် လာသည့် ကပ္ပလီ မြင်းလှည်းသမား တစ်ယောက်ကို မေးလိုက်သည်။

" သစ်ဖြူတော က ဘယ်ဘက်မှာလဲ " သူက နှင်တံနှင့် ညွှန်ပြီး -

" ဟောဟိုဘက်မှာ "

<<http://www.shwezinu.blogspot.com/

" တော်တော်ဝေးသေးလား "

" အင်း ... ဝေးတော့ ဝေးသေးတယ် " အက်စသာ လက်နှစ်ဖက် ကို တင်းတင်းဆုပ်လိုက်သည်။

" ရှင် အဲဒီဘက်ကို သွားမှာလား၊ ကျွန်မ လိုက်ခဲ့ပါရစေ "

" မသွားဘူးခင်ဗျ၊ ကျုပ်အလုပ်နဲ့ ကျုပ် အားလည်း မအားဘူး "

မြင်းကို တစ်ချက်ရိုက်ပြီး မောင်းထွက်သွားသည်။ အက်စသာ လမ်းဘေးတွင် ခဏထိုင်ချလိုက် သည်။ ခြေသလုံးတွေ တောင့်တင်းလာပြီ။ ပြန်မှ ထနိုင်ပါဦးမလား။ သို့သော် ကြိုးကြိုးစားစား အား တင်းပြီး ထသည်။

လမ်းက ဂါခင်းတွေ ကို ကွေ့ကာပတ်ကာ ဖြတ်ဖောက်ထားသည်။ ဂါခင်းတွေ ဆုံးတော့ ကြံခင်းတွေ ကို တွေ့ရပြန်သည်။ သည်ဘက်ရောက်တော့ သစ်တောများကို တစ်ကွက်တလေသာ တွေ့ရပြီး ဘယ်ကြည့်ကြည့် စိုက်ခင်းတွေချည်းမြင်ရသည်။

နောက် ကပ္ပလီတစ်ယောက်တွေ့တော့ သစ်ဖြူတောပိုင်ဖြစ်ကြောင်း၊ ဟိုးအဝေးက မြင်နေရသည့် အိမ်ဖြူဖြူကြီး မှာ သစ်ဖြူတောအိမ်ကြီးဖြစ်ကြောင်း ပြောပြသည်။

သစ်ဖြူတော အိမ်ကြီးမှာ လမ်းမနှင့် အဝေးကြီးဖြစ်သည်။ အိမ်ပတ်ပတ်လည်တွင် သစ်ပင်တန်း တွေနှင့်၊ ပန်းခြံတွေနှင့်။ အက်စသာ နောက်ပေါက်မှ ဝင်သွားပြီး ပန်းခြံကို ဖြတ်လျှောက်သွားသည်။ အိမ်ပတ်ပတ်လည် တွင် လူမည်းအိမ်စေတွေ လှုပ်လှုပ်ရွရွ အလုပ်လုပ်နေကြ၏။

နောက်ဖေးတံခါးကို ခေါက်လိုက်သည်။ တံခါးဖွင့်ပေးလာသည့် တံခါးမှူး ကောင်လေးကို " ငါ မစ္စတာရှာရမီ နဲ့ တွေ့ချင်တယ်" ဟု ခပ်တည်တည်ပြောလိုက်သည်။

ကောင်လေး က ချွေးတွေရွှဲပြီး ဖုန်တွေ အလိမ်းလိမ်းနှင့် တစ်ကိုယ်လုံး မည်းသည်းနေသည့် အမျိုး သမီး ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။

" အစ်ကိုလေး မရှိဘူး၊ ကွင်းထဲ သွားတယ်၊ ဘာကိစ္စလဲ "

" ငါ သူနဲ့ တွေ့ချင်လို့ " အက်စသာ လေ့ကားလက်ရန်း ကို လှမ်းအားပြုထားလိုက်သည်။ ပင်ပန်းလှပြီ။ ခြေထောက်တွေ တဆတ်ဆတ် တုန်နေ၏။

မီးဖိုဆောင်ထဲ မှ ကပ္ပလီနှစ်ယောက်သုံးယောက်က သူ့ကို မထီမဲ့မြင် လှမ်းကြည့်နေကြသည်။ တစ်ယောက် က လှမ်းပြောသည်။

" မမလေးက သူတောင်းစားတွေ မလာရဘူး ပြောထားတယ် " အက်စသာ ချာခနဲ လှည့်ကြည့်လိုက် သည်။



<<<http://www.shwezinu.blogspot.com/

" ဟဲ့ မေည်းကောင်၊ နင့်ပါးစပ် ပိတ်ထားလိုက်စမ်း၊ ငါ မစ္စတာရှာရမီနဲ့ တွေ့ဖို့ ကိစ္စရှိလို့လာခဲ့တာ၊ မတွေ့ရ မချင်း ငါမပြန်ဘူး " တံခါးမှူး ကောင်လေးဘက်ကို ပြန်လှည့်ပြီး - " နင်တို့ အစ်ကိုလေး မရှိရင် အဘိုးကြီးကော မရှိဘူးလား၊ သူ့အဖေလေ " တံခါးမှူး မေည်းလေးက ပခုံးတွန့်ပြီး -

" ကာလက် သခင်ကြီးဆုံးတာ နှစ်နှစ်ရှိပြီ၊ သခင်ကြီး နဲ့ ခင်ဗျား နဲ့ ဘာဆိုင်လို့လဲ "

" ဆိုင်တာပေါ့ဟဲ့၊ မစ္စတာရော်ဂျာရှာရမီနဲ့ ငါ တွေ့မှုဖြစ်မယ်၊ လျှောက်လာရတာ ပင်ပန်းလှပြီ၊ ငါ့ယောက်ျား က သူ့ညီတော်တယ်၊ ငါ့ယောက်ျား ကြိုးပေးခံရတော့မယ့်ဆဲဆဲမို့ သူ့အစ်ကို မစ္စတာ ရှာရမီဆီ လာပြီး .... "

" ခင်ဗျား ခုထွက်သွား၊ လာဖြီးမနေနဲ့၊ မစ္စတာရှာရမီမှာ ညီလည်း မရှိဘူး၊ အစ်ကိုလည်း မရှိဘူး၊ သွား သွား၊ အဖြူ သူတောင်းစားမ "

" ခွေးသူတောင်းစား မေည်းကောင် "

အက်စသာ ဒေါသတကြီး အော်လိုက်သည်။ ထိုစဉ် တံခါးဝသို့ အမျိုးသမီးတစ်ယောက် ရောက်လာ သည်။ အစ်စသာ ချက်ချင်း မှတ်မိလိုက်သည်။ ဆိပ်ကမ်းတွင် မစ္စတာရှာရမီနှင့် တွဲလာသည့် အမျိုး သမီး။ သည်လောက် လှသည့် အမျိုးသမီးဆိုလျှင် သဘောကောင်းရမည်၊ အကြင်နာတရား ရှိရ မည်ဟု အက်စသာ ခန့်မှန်းလိုက်သည်။

အမျိုးသမီး က နုနုရွရွကလေးဖြစ်၏။ ရွှေရောင်ဆံပင် အခွေကလေးများကို အပြာရောင်ဖဲကြိုးနှင့် ဖြီးချ ထားသည်။ အဖြူရောင် ပိုးဂါတ်ရုံနှင့် လိုက်ဖက်လှသည်။ ကလေးငယ်တစ်ယောက်ကို လက်တွဲ ထား၏။

" ဟဲ့ ... ဘာဖြစ်နေကြတာလဲ၊ နင်တို့အချင်းချင်း ရန်မဖြစ်ရဘူးလို့ ငါပြောထားတယ် မဟုတ်လား "

အမျိုးသမီး က ခုမှ အက်စသာ့ကို မြင်သွားသည်။ ဒေါသကြောင့် အက်စသာ့မျက်နှာမှာ တင်းမာနေ သည်။ " သူက ဘယ်သူလဲ " အမျိုးသမီးက မေးသည်။ တံခါးမှူးမေည်းကောင်လေးက ပခုံးတွန့်ပြီး -

" ဒီလိုပါ မမလေး၊ အဲဒီမိန်းကလေး က တံခါးကို တဒုန်းဒုန်း လာထုပြီး သူ့ယောက်ျား ကြိုးပေးခံရတော့ မယ့် အကြောင်း လာပြောပါတယ်။ စိတ်မနှံ့ဘူးထင်ပါတယ် မမလေး "

မာသာရှာရမီ က အစ်စသာကို တစ်ချက်ပြန်ကြည့်ပြီး မေးသည်။

" မင်း ဘာလိုချင်လို့လဲ "

သူ့အသံက အပေါ် အမြင့်ကြီးမှလာသည့် အသံမျိုး။ အက်စသာ ရှေ့တစ်လှမ်းတိုးလိုက်သည်။

" တစ်ဆိတ်ရှင်၊ မမက မစ္စက်ရှာရမီပါနော် "

<<http://www.shwezinu.blogspot.com/

" ဟုတ်ပါတယ်၊ မင်း ဘာအတွက် ဒီကို ရောက်လာတာလဲ "

အက်စသာ တောင်းတောင်းပန်ပန် ပြောသည်။

" မမနဲ့ ကျွန်မ ခဏကလေး စကားပြောပါရစေရှင်၊ ကျွန်မပြောတာကို ဒီငမည်းကောင်လေးက မယုံဘူး၊ ကျွန်မ မလိမ်ပါဘူး မမရယ်၊ ကျွန်မနာမည်အက်စသာအပွဂျန်းပါ၊ ကျွန်မယောက်ျားနဲ့ မမယောက်ျားဟာ ညီအစ်ကိုတော်ပါတယ်၊ ခု ကျွန်မ ယောက်ျားကို သူတို့ ကြိုးပေးတော့မလို့တဲ့ "

အမျိုးသမီး၏ မျက်လုံးတွေ မှေးစင်းသွားသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။

" ဘာ လာ အထဲလာ " သူတို့သားအမိနောက် မှ အက်စသာ ဝင်လိုက်သွားသည်။ ရောမ အခန်းကြီးတစ်ခန်းထဲ ရောက်သွား သည်။ အေးအေးမြမြ ရှိလှ၏။ အဖြူရောင် ခန်းဆီးတွေနှင့်။ နံရံတွင် ပန်းချီကားတွေ ချိတ်ထားသည် မစ္စက်ရှာရမီက ထိပ်တွင် ပန်းပွားတပ်ထားသည့် ကြိုးတစ်ချောင်းကို ဆွဲလိုက်သည်။ အိမ်ဖော်မ တစ်ယောက် ချက်ချင်းရောက်လာ၏။

" ကလေးကို ခေါ်သွားစမ်း၊ ငါ မခေါ်မချင်း ဘယ်သူမှ အခန်းထဲ မဝင်စေနဲ့ "

အမျိုးသမီး က ကုလားထိုင်ကြီး တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ စားပွဲပေါ်တွင် ပန်းတွေ ဝေနေ သည့် ရောမ ပန်းအိုးကြီးတစ်လုံးရှိ၏။

မစ္စက်ရှာရမီ စကားစသည်။

" ကဲ ... ဆိုပါဦး၊ မင်း ဘာတွေ ပြောနေတာလဲ "

ထိုင်ခွင့်မပေးဘဲ ကုလားထိုင်တစ်လုံးတွင် အက်စသာ ထိုင်ချလိုက်သည်။ ဆက်မရပ်နိုင်တော့ဘူးလေ။ အာခေါင်တွေ ခြောက်ကပ်ပြီး ရေဆာလှပြီ။ ဇာတ်လမ်းကို စ ပြော သည်။ သို့သော် ဟိုတစ်စ သည်တစ်စ ဖြစ်နေ၏။ အချိတ် အဆက် မမိ။ ပြတ်တောင်း ပြတ်တောင်း။ စကားလုံးတွေ စီစီ ညီညီ သီသီကုံးကုံး ထွက်လာခြင်း မဟုတ်။ မစ္စက်ရှာရမီက စားပွဲ ပေါ်တွင် မေးကို လက်နှင့် ထောက်ပြီး နားထောင်နေရာမှ -

" ကိုယ်တော့ မင်းကို နားမလည်နိုင်အောင်ဘဲ၊ မင်း တမင်တကာ ဒီကို ညာဖို့ ရောက်လာတာလား၊ ဒါမှမဟုတ် မင်း စိတ်မမှန်လို့လား "

" မဟုတ်ဘူး၊ အဲဒီနှစ်ခုလုံး မဟုတ်ဘူး "

ပြီးမှ လေသံကို လျှော့ချပြီး - " တစ်ဆိတ် မမရယ်၊ သေသေချာချာ နားထောင်ပါရှင်၊ ဒါထက် မမယောက်ျားက ဆိပ်ကမ်းရပ်ကွက်မှာ သူ့ အမေ နောက်အိမ်ထောင်ပြုတဲ့အကြောင်း မမကို

<<<http://www.shwezinu.blogspot.com/

ပြောမပြဘူးလားဟင်၊ ဆိပ်ကမ်းအလုပ်သမား တစ်ယောက်နဲ့လေ " မစ္စက်ရှာရမီက ပန်းအိုးထဲမှ နှင်းဆီပန်းတစ်ပွင့်ကို ရွှေ့စိုက်လိုက်သည်။

" ကိုယ့်ယောက်ျားက သူ့အမေအကြောင်း သိပ်မသိဘူး၊ သူ့အမေ ဆိပ်ကမ်းရပ်ကွက်က လူတစ်ယောက် နဲ့ နောက်အိမ်ထောင်ပြုတဲ့အကြောင်းတော့ သဲ့သဲ့ကြားဖူးတယ်။ ဒါပေမဲ့ မင်းယောက်ျားက သူ့သား ပါဆိုတာ ဘယ်လိုလုပ်ပြီး သိနိုင်မလဲ။ သိတယ်ပဲ ထားပါဦး၊ ကိုယ်က ဘာလုပ်ပေးနိုင်မှာလဲ "

" အစ်မ ရဲ့ အကူအညီ လိုနေလို့ပါရှင် "

အက်စသာ က လေသံဖြင့် ပြောလိုက်သည်။ မစ္စက်ရှာရမီက ညင်သာစွာ ပြုံးလိုက်ပြီး -

" မိန်းကလေးရယ်၊ ဘယ်လိုလုပ်ပြီး တို့ ကူညီနိုင်မှာတုံး၊ စိတ်မကောင်းပါဘူးကွယ်၊ မင်းယောက်ျားက လူတစ်ယောက် ကို သတ်တယ် ဆိုတော့ တရားဥပဒေအရ အပြစ်ခံရမှာပေါ့၊ တို့ ဘာလုပ်လို့ ရမှာလဲကွယ်၊ ကျန်ခဲ့မယ့်မင်း နဲ့ မင်းကလေးတွေ အတွက်တော့ .... " စားပွဲထဲမှ ပိုက်ဆံအိတ်ကို နှိုက်ယူပြီး - " မင်း အလုပ်အကိုင်မရခင် စားဖို့ သောက်ဖို့အတွက် နည်းနည်းပါးပါးပေး လိုက်မယ် "

အက်စသာ လေးကန်စွာ ထ ရပ်သည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး - " ရှင်ဟာ ကျွန်မ တွေ့ဖူးသမျှ မိန်းမတွေထဲမှာ အယုတ်မာဆုံးပဲ " မစ္စက်ရှာရမီက ပိုက်ဆံအိတ်ကို ကမ်းပေး ရင်း ချော့ချော့မော့မော့ လုပ်သည်။

" ရော့ ယူပါကွယ်၊ ပြီးရင် သွားတော့နော် "

ပိုက်ဆံအိတ် ကို လှမ်းယူပြီး ကြမ်းပြင်ပေါ် သို့ လွှင့်ပစ်လိုက်သည်။

" ကျွန်မ မသွားဘူး၊ ပိုက်ဆံလိုချင်လို့ ကျွန်မ လာခဲ့တာ မဟုတ်ဘူး၊ ကျွန်မယောက်ျား ထောင်က လွတ်ရင် ကျွန်မတို့ သားအမိတစ်တွေကို သူ ကျွေးနိုင် တယ်၊ ကျွန်မ လိုချင်တာက မမတို့ အနေနဲ့ သက်ဆိုင်ရာကို သွားရှင်းပြဖို့ပဲ၊ ကျွန်မ အဖေကို သူ ဓားနဲ့ ထိုးတာက မှုးမှူးရှူးရှူး နဲ့ သမီးကလေးကို ခြေထောက်နဲ့ ကန်လို့ စိတ်လိုက်မာန်ပါ လုပ်မိတာ "

မစ္စက်ရှာရမီ သက်ပြင်းချသည်။

" ဒါဆို တရားရုံးကို မင်းဘာသာမင်း ဘာလို့ ရှင်းမပြလဲ "

" ကျွန်မ ရှင်းပြဖို့ ကြိုးစားတယ်၊ သူတို့နားလည်အောင် ဘယ်လိုမှ လုပ်လို့မရဘူး၊ သူတို့က တရားခံ နားမလည်တဲ့ စကားလုံးတွေနဲ့ ဒွတ်ဒတ်ရွတ်ရက်လုပ်ပြီး တစ်ဖက်သတ် သေဒဏ်ပေးလိုက်တာရှင့်၊ မမတို့အနေ နဲ့ တရားသူကြီးကို သွားပြောပြရင် သူတို့ လက်ခံမှာပါ "



<<<http://www.shwezinu.blogspot.com/

" တို့က လူသတ်မှုကိစ္စမျိုးနဲ့ ရုံးပြင် ကနား မသွားဖူးဘူးကွယ့် "

ဘာမှ နားမလည်သည့် ကလေးတစ်ယောက်ကို ပြောသလို ရှင်းပြနေသည်။ ပိုက်ဆံအိတ်ကို သွား ကောက်ယူပြီး -

" ရော့ပါ၊ ယူပြီး မင်း သွားပါတော့၊ မင်း ဒီလို အော်ဟစ်နေလို့ ဘာမှ ကြောင်းထူးမှာ မဟုတ်ဘူး "

" မသွားဘူး၊ မစ္စတာရှာရမီ နဲ့ မတွေ့ရမချင်း ကျွန်မ မပြန်ဘူး၊ ဘယ်လိုမှ မသွားဘူး "

" မင်း သွားရမှာပေါ့ကွယ် "

မစ္စက်ရှာရမီက အေးအေးကလေး ပြန်ပြောသည်။ ရင်ထဲမှ ဒေါသကို မျိုသိပ်ပြီး ယဉ်ကျေးမြဲ ချိုသာ မြဲ။ သည်လို မိန်းမမျိုး အက်စသာ တစ်ခါမျှ မမြင်ဖူးခဲ့။ ပြီးတော့ ဆက်ပြောသည်။

" မင်း ဒီလို ရိုင်းစိုင်းနေမယ် ဆိုရင်တော့ ကိုယ့်အနေနဲ့ အစေခံတွေကိုခေါ်ပြီး ဆွဲထုတ်ခိုင်းရလိမ့်မယ်၊ ကဲ … မင်း အေးအေးဆေးဆေး သွားမလား "

သူ့လက်က နံရံတွင် တွဲလောင်းကျနေသည့် ကြိုးဆီသို့ ရောက်သွားသည်။ သူ့လက်လှုပ်ရှားမှုကို အက်စသာ ရိပ်ခနဲ မြင်လိုက်သလို။ မစ္စက်ရှာရမီ၏ အကြြင်နာကင်းသည့် မျက်နှာမှာ ဝေးသွားလိုက်၊ နီးလာလိုက်နှင့် လေထဲမှာ လွင့်မျောသွားသလို စိတ်ထဲ ခံစားရ၏။ နောက်ဆုံးတွင် လဲကျသွားသည်ကို သိလိုက်၏။ သို့သော် ဘယ်လိုမှ မထိန်းနိုင်တော့။

မျက်စိ ဖွင့်ကြည့်လိုက်သည်။ အပြာရောင် အိပ်ရာခင်းနှင့် ရှင်းရှင်းသန့်သန့် အိပ်ရာ တစ်ခုပေါ်သို့ ရောက်နေကြောင်း သတိထားလိုက်မိ၏။ ခုတင်ခြေရင်းတွင် မစ္စတာရှာရမီကို ရပ်လျက် သား တွေ့ ရ၏။ သူ့မိန်းမက နံဘေးတွင် ထိုင်လျက်။ မစ္စတာရှာရမီမှာ ဂီဒီယန်နှင့် တူသလိုလို ရှိသည်။ နှာတံ ကျပုံနှင့် မျက်ခုံးတွေမှာ တထေရာတည်း။

" ကဲ … ဆက်ပြောလေ၊ အဲဒီတော့ မင်း ဘာလုပ်သလဲ "

မစ္စတာရှာရမီ သူ့မိန်းမ ကို စစ်ဆေးနေဟန်တူ၏။

" ဘာမှ မလုပ်ပါဘူး၊ အစေခံတွေခေါ်ဖို့ ကြိုးကိုဆွဲမယ် လုပ်တုန်း သူ မေ့လဲသွားတာပဲ "

ရော်ဂျာရှာရမီ ခုတင်တိုင်ကို တင်းတင်းဆုပ်ထားလိုက်သည်။ ပြီးမှ ခပ်လေးလေး ပြောသည်။

" မင်းမှာ အဲဒီလို အသည်းနှလုံးမျိုး ရှိလိမ့်မယ်လို့ ကိုယ် လုံးဝ မထင်ခဲ့ဘူး မာသာ "

<<<http://www.shwezinu.blogspot.com/

" ဩော် ... ရော်ဂျာကလဲကွယ်၊ ဒုက္ခပါပဲ၊ ဒီကိစ္စကြောင့် ရှက်စရာတွေ ကြုံခဲ့ပြီးပြီ၊ စာမတတ်တဲ့ ရာဇဝတ်သား တစ်ယောက်နဲ့ ရှင့် ညီအစ်ကို တော်တယ်ဆိုတာ လူသိရှင်ကြား ဝန်ခံမလို့လား၊ ရှင့်ရဲ့ သစ်ဖြူတော မှာ ဒီလိုဟာတွေ တရှုန်းရှုန်းနဲ့ အဖြစ်ခံတော့မလား"

ရော်ဂျာရှာရမီ သက်ပြင်းချပြီး အစ်စသာကို တစ်ချက်ငဲ့ကြည့်သည်။

" ဟော ... ဟော သတိရလာပြီထင်တယ်၊ သွား သွား ကောင်မလေးတစ်ယောက်ကို ဘရန်ဒီ ယူခဲ့ ခိုင်းစမ်း "

ခုတင်နံဘေးတွင် ရော်ဂျာ ဝင်ထိုင်သည်။ စကားလုံးများဖြင့် ဖော်ပြနိုင်စွမ်း မရှိသော ကျေးဇူးတင် ခြင်းမျိုးဖြင့် အက်စသာ လှမ်းကြည့်လိုက်သည်။

ရော်ဂျာရှာရမီ သည် ဂေခွဲမရ ဖြစ်နေ၏။ အမျိုးသမီးကို ကျွေးမွေးပြီး အနားယူခိုင်းထားသည်။ သူ ပြောလာ သည့် ဇာတ်လမ်းမှာ အမှန်တွေချည်းဖြစ်ကြောင်း စိတ်ထဲက သိနေ၏။ အမေ့အကြောင်းကို အဖေ့ ထံမှ များများစားစား မသိခဲ့ရပေ။ အမေသေပြီးနောက် သူ့ကလေးတွေကို အဖေရှာချင်တယ် ဆိုရင် တွေ့အောင် ရှာဖို့ကောင်းသည်ဟု ရော်ဂျာ တွေးနေ၏။

တစ်ချက်တော့ မာသာ့တွက်ကိန်းမှန်နိုင်သည်။ ဒီကိစ္စ လူသိရှင်ကြားဖြစ်သွားလျှင် သိက္ခာ ကျစရာတွေဖြစ်လာမည်မုချ။ သို့သော် အက်စသာ့ဘက်မှလည်း တရားသဖြင့် ဖြစ်အောင် ရပ်တည် ပေးချင်နေ သည်။

ဂီဒီယန်အပွဂျွန်းသည် ဒိုလားရက်စ်၏သား ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အက်စသာ ပြောသည့် ပုံ သဏ္ဌာန်ဖြင့် လူသတ်မှု ဖြစ်ခဲ့သည်ဆိုလျှင်တော့ သေဒဏ်ကျခံဖို့ မစီရင်သင့်ပေ။ မာသာ့ကိုလည်း ဒီ အတိုင်း ပြောပြထားသည်။

" ဒုက္ခရောက်နေ တဲ့ လူတစ်ယောက်ကို ကူညီတာနဲ့ မင်း ဒါလောက် သောကပွားနေဖို့ မလိုဘူး မာသာ"

မာသာ က မျက်ရည်လျှံနေသည့် မျက်လုံးများဖြင့် မော်ကြည့်ပြီး တိုးတိုးကလေး ပြန်ပြောသည်။

" ရော်ဂျာရယ် မာသာအတွက် မဟုတ်ပါဘူး၊ သားလေး စီရယ် အတွက် ရှေ့ရေး ကို တွေးပြီး ပြောနေ ရတာပါ "

" စီရယ်နဲ့ ဘာဆိုင်လို့လဲ " ရော်ဂျာက နားမလည်သလို ပြန်မေးလိုက်သည်။ မာသာက သူ့ပေါင်ပေါ် ဝင်ထိုင်ပြီး သိုင်းဖက်လိုက် သည်။

<<<http://www.shwezinu.blogspot.com/

" ဆိုင်တာပေ့ါကွယ်၊ သူတို့တွေနဲ့ အမျိုးစပ်မိရင် ဘာဖြစ်လာမယ်ဆိုတာ ရော်ဂျာ မတွေးမိဘူးလား ဟင်၊ လမ်းမှာ တွေ့တိုင်း ဒီမိန်းမက မွေးတဲ့ ပေါက်လွှတ်ပဲစားလေးတွေက သားလေးကို "ဟဲလို ညီလေး၊ ဟဲလို အစ်ကိုလေး " နဲ့ လိုက်နှုတ်ဆက် ရင် ဘယ့်နယ်လုပ်မလဲ၊ မိန်းမတွေက အတင်းပြော ဆိုးက ဆိုးပါဘိနဲ့၊ သားလေး အတွက် ကြည့်ပြီး ဒီကိစ္စမှာ မပါဖို့ ပြောနေတာပါ ရော်ဂျာ၊ မာသာရဲ့ တစ်ဦးတည်းသော သားကလေး အတွက်လေ "

မာသာက ပြောပြောဆိုဆို ယောက်ျားနှင့် ပါးချင်းအပ်ထားလိုက်သည်။ မာသာ မျက်ရည်ခံ ထိုးလျှင် ရော်ဂျာ ပျော့ကျသွားသည်ချည်း။ သို့သော် သည်တစ်ကြိမ်တော့ တင်းခံရတော့မည်။

" မာသာ ရယ်၊ လူတစ်ယောက်ရဲ့အသက် ကယ်မယ့်ကိစ္စမှာ မင်းက ကိုယ့်ကို ဂင်တားနေတယ်နော်၊ မသေသင့် တဲ့ လူတစ်ယောက် လည်ပင်းကြိုးကွင်းစွပ်ပြီး အသတ်ခံရမှာကို ကိုယ် လက်ပိုက် ကြည့် နေရမှာလား၊ ကိုယ့်ဘက်က ကာကွယ် လျှောက်လဲချက်တောင် ကောင်းကောင်း မပေးလိုက်ရဘဲ တစ်ဖက်သတ်ချ တဲ့ စီရင်ချက်လေ "

" သူ့အပြစ် နဲ့ သူ သွားတာပဲ၊ ရှင့်တာဂန် တစ်ပြားသားမှ မရှိပါဘူး ရော်ဂျာရယ် "

ပါးပြင်တွင် မျက်ရည်တွေ တလိမ့်လိမ့်ကျရင်း မာသာ တောင်းပန်ပြန်သည်။

" မစ္စအပ္ပဂျွန်း က မင်းကို သူတို့ နေရေးထိုင်ရေး ဒုက္ခရောက်တဲ့အကြောင်း ထည့်ပြောသေးလား "

" သူ့ကို ပိုက်ဆံပေးသားပဲ "

" အဲဒီရပ်ကွက် က အိမ်ခန်းတွေက မင်းတို့ပိုင်တွေ မဟုတ်လား မာသာ "

" ဟုတ်တယ်လေ၊ အဲဒီ ရပ်ကွက်လုပ်ထားတဲ့ မြေတွေကိုက မာသာတို့ မြေတွေပဲ၊ လခမပေးနိုင်တဲ လူတွေ အတွက် ဘာလုပ်ပေးနိုင်မှာလဲ၊ မာသာ့အပြစ်လား "

" ဩော် မိန်းမရယ်၊ မင်းအပြစ်တော့ မဟုတ် ဘူးပေ့ါ၊ ဒါပေမဲ့ ကိုယ်သာ အဲဒီရပ်ကွက်ပိုင်ရှင် ဖြစ်ရင် လခမှန်မှန်ရရေး တစ်ခုတည်း မဟုတ်ဘဲ အိမ်ငှားတွေ ကောင်းကောင်းမွန်မွန် နေရရဲ့လား၊ မျှမျှတတ ရှိရဲ့လားဆိုတာ စိတ်ဂင်စားမှာပဲ၊ ဘာပဲပြောပြော ဂီဒီယန်အပ္ပဂျွန်းဟာ ကိုယ့် မအေတူဖအေကွဲ ညီအစ်ကိုဖြစ်နေပြီ၊ သူ့အသက်ကို ကိုယ် မကယ်လိုက် ရရင် တစ်သက်လုံး စိတ်ချမ်းသာနိုင်တော့မှ မဟုတ်ဘူး မာသာ "

" အမေတူ ညီအစ်ကို ဟုတ်တယ်ပဲ ထားပါဦး၊ ရှင့်တာဂန်မှ မဟုတ်တာ၊ ရှင့်တာဂန်က သားကလေး စီရယ်ရှင့်။ စီရယ်ဟာ ဒီလို သွေးမျိုးနဲ့ စပ်တယ်ဆိုပြီး တစ်သက်လုံး လူတောထဲ မတိုးနိုင်အောင် ဖြစ်မယ့်အရေးကို ရှင် မစဉ်းစားဘူးလား ရော်ဂျာ၊ ကျွန်မတော့ မခံနိုင်တော့ဘူး "



<<<http://www.shwezinu.blogspot.com/

မျက်နှာ ကို လက်ဝါးနဲ့အုပ်ပီး တရှုပ်ရှုပ် ငိုပြန်သည်။

ရော်ဂျာ စိတ်ပျက်လက်ပျက်နှင့် ထွက်လာခဲ့၏။ ကြံရာမရ ဖြစ်ပြီး ဂက်သစ်ချမြိုင်သို့ မြင်းလှည်းတစ်စီး လွှတ် လိုက်သည်။ အန်တီဂျူးဒစ် ဆီကို စာတစ်စောင် ရေးပေးလိုက်၏။ အရေးကြီးလွန်းသဖြင့် အန်တီဂျူးဒစ် အမြန်ဆုံး လိုက်လာပါဟု ရေးလိုက်သည်။ အမေ့အကြောင်းကို ပိုသိသည့် အန်တီဂျူးဒစ်နှင့် တိုင်ပင် မှ ဖြစ်တော့မည်။

ဂျူးဒစ် နေမဝင်မီ ရောက်လာသည်။ နောက်မှ မိန်းကလေးတစ်ယောက်က စက္ကူဖာတစ်ခုကို ကိုင်လျက် လိုက် လာသည်။

" ညဖက်အကျီပါ ယူလာခဲ့တယ်၊ အန်တီဂျူးဒစ် မပြန်တော့ဘူးလေ၊ သိပ်မှောင်မှာစိုးလို့၊ ကဲ ... ဘာများ လဲ သားရယ်၊ မထိတ်သာ မလန့်သာ အန်တီဂျူးဒစ် ရင်တွေတုန်လိုက်တာ "

ရော်ဂျာ ခုမှ ရယ်နိုင်သည်။ ရင်ထဲတွင် ပေါ့သွား၏။ အန်တီဂျူးဒစ်ကို မြင်လိုက်ရသည်နှင့် ပြဿနာ တစ်ဂက် အေးသွားသလို စိတ်ထဲ ထင်လိုက်၏။ မာသာကို အန်တီဂျူးဒစ် သိပ်သဘောမတွေ့ကြောင်း ရော်ဂျာ သိသည်။ ထို့ကြောင့် မိမိနှင့် မာသာ သဘောကွဲနေသည့် ကိစ္စကို ပြောပြရမှာ မရှုံ့မရဲဖြစ်နေ သည်။ အန်တီဂျူးဒစ်က မာသာ့မျက်ရည်ကို အလေးထားမည် မဟုတ်။ ဂီဒီယန်အပွဂျွန်းကို ကာကွယ်ဖို့ မဲပေးလိမ့်မည် ဟု စိတ်ထဲက သိနေ၏။

ဧည့်ခန်းထဲတွင် ထိုင်မိသည်နှင့် -

" ဒီလိုပါ အန်တီဂျူးဒစ်၊ အန်တီဂျူးဒစ်ရဲ့ ဩဝါဒကို လိုချင်လို့ပါ၊ ကျွန်တော့်အမေကို အန်တီဂျူးဒစ် သိ တယ်နော် "

" အင်း ... သိပ်သိတာပေါ့၊ ဒီဇာတ်လမ်း တစ်ပတ်ကျော့လာလိမ့်မယ်လို့ အန်တီဂျူးဒစ် ထင်သားပဲ၊ ဘယ်လိုဖြစ်တာ လဲ ရော်ဂျာ "

သစ်ဖြူတော ကို အက်စသာ ရောက်လာပုံနှင့် ဇာတ်လမ်းစုံကို ပြောပြလိုက်သည်။

" ဩော် ဂီဒီယန်အတွက်လည်း ချမ်းသာခွင့်ရပြီး မာသာလည်း စိတ်ကျေနပ်အောင် အန်တီဂျူးဒစ်က ညှိပေး ရမယ် ဆိုပါတော့ "

" ဟုတ်ကဲ့ပါ အန်တီဂျူးဒစ်၊ ဂီဒီယန်အပွဂျွန်းဟာ တကယ်ပဲ ကျွန်တော့် ညီလားဟင် "

" ဟုတ်တယ် ရော်ဂျာ "

ဂျူးဒစ် ခဏ တွေနေသည်။ ပြီးမှ -

<<http://www.shwezinu.blogspot.com/

" အဲဒီကောင်မလေးဘယ်မှာလဲ "

" ဒီမှာရှိတယ် အန်တီဂျူးဒစ်၊ သိပ်အားနည်းနေတယ်၊ ဒီနေ့ ပြန်ပို့လို့ မဖြစ်ဘူး၊ ကျွန်တော် နဲ့ အေးအေးဆေးဆေး စကားပြောပြီးပါပြီ၊ သူလိုချင်တာကတော့ ဂီဒီယန်ကို ကယ်ဖို့ပါပဲ၊ ကျွန်တော် တော့ တတ်နိုင်သလောက် လုပ်ပေးချင်တယ် အန်တီဂျူးဒစ်၊ မာသာကြောင့် ခက်နေတယ် "

ဖယောင်းတိုင် မှ လွင့်တက်နေသည့် မီးခိုးငွေ့ငွေ့လေးများကို ဂျူးဒစ် စိုက်ကြည့်နေသည်။

" လုပ်ချင်တယ်ဆိုရင် လုပ်ပေးလိုက်ပေါ့ ရော်ဂျာ၊ မင်း မာသာနဲ့လည်း အချင်းမများချင်ဘူး မဟုတ်လား၊ အန်တီ ဂျူးဒစ် သိနေ တယ်လေ၊ မာသာနဲ့ အန်တီဂျူးဒစ် တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်း သိပ်မတူကြဘူး ဆိုတာ ဖုံးမထားချင်ပါဘူး၊ ဒါကြောင့် အန်တီဂျူးဒစ် ဒီလိုပြောတာ မဟုတ်ပါဘူး၊ တကယ်က လင်နဲ့မယား အမြဲတမ်း အမြင်ချင်း မတူတာဟာ ဒုစရိုက်ပြစ်မှု မဟုတ်ပါဘူး ရော်ဂျာ။

" ဂီဒီယန် အတွက် အကောင်းဆုံး ရှေ့နေတစ်ယောက်ငှားပြီး အယူခံဝင်ပေးလိုက်၊ ဘာပြုလို့ ဒီလို လုပ်တယ် ဆိုတာ သိချင်တဲ့လူတွေကို ခိုကိုးရာမဲ့ ဂီဒီယန်ရဲ့မိန်းမ သစ်ဖြူတောလာပြီး အကူအညီ တောင်းလို့ သနားသောအားဖြင့် လူမှုရေး အကူအညီပေးတာလို့ ပြော၊ အပ္ပဂျွန်းဆိုတဲ့ နာမည် ဟာ မာသာတွေးကြောက်နေသလို ညှော်ခန်းဆောင် အတင်းအဖျင်းတွေ ဖြစ်လာလောက်အောင် စိတ်မဝင်စားကြ ပါဘူး ရော်ဂျာ "

" ကျေးရူးတင်လိုက်တာ အန်တီဂျူးဒစ်ရယ်၊ ဒါဆို မာသာလည်း ဘာမှ ကန့်ကွက်နိုင်တော့မှာ မဟုတ်ဘူး "

ရော်ဂျာ ဂမ်းသာအားရ ပြောလိုက်သည်။

<<<http://www.shwezinu.blogspot.com/

နောက်တစ်နေ့ မနက်တွင် အက်စသာကိုတွေ့ပြီး ဂျူးဒစ် စကားပြောသည်။ မြို့ထဲ လိုက်သွားပြီး သူတို့ သားအမိ တစ်တွေအတွက် အိမ်ကောင်းကောင်းလေး တစ်လုံး ငှားပေးလိုက်သည်။ အိမ်လခ တစ်နှစ်စာ ကြိုပေး ထားခဲ့၏။

ရော်ဂျာ က နာမည်ကျော် ရှေ့နေကြီးတစ်ဦးငှားပြီး အယူခံဝင်သဖြင့် ဂီဒီယန် ကွင်းလုံးကျွတ် လွတ် သွား သည်။ ရော်ဂျာသည် လုပ်သင့်လုပ်ထိုက်သည့် အလုပ်တစ်ခုကို မင်္ဂလာတရားနှင့်အညီ လုပ် ပေးလိုက်ရသဖြင့် အမှုမပြီးခင် ကြည်နူးနေသည်။ သို့သော် ဂီဒီယန်အပွဂျွန်းကိုမူ လူကိုယ်တိုင် သွား မတွေ့တော့ပေ။ ရှေ့နေခ ကို နင့်နေအောင် ပေးလိုက်ရ၏။ မာသာက သူ့ယောက်ျားလို နလုံး သားပိုင်ရှင် မျိုး ရှားမှုရှားကြောင်း ပြောတော့ ဂျူးဒစ်က "မှန်တာပေါ့ကွယ်၊ မှန်တာပေါ့ "ဟု ထောက်ခံ စကား ဆိုလေသည်။ မာသာက ဒီစကားကို လူမမာဘဝဖြင့် ပြောနေခြင်းဖြစ်သည်။ ဂီဒီယန်အပွဂျွန်းကို အကာအကွယ်ပေးမည် ဟု ဆုံးဖြတ်လိုက်ကြောင်း ရော်ဂျာပြောသည့် နံနက်မှ စပြီး မာသာ အိပ်ရာထဲ လဲတော့ ၏။

အမှုမပြီးမချင်း လုံးဝ မထနိုင်တော့ပေ။ ရော်ဂျာ အလွန်အမင်း စိတ်ပူသွားသည်။ မာသာ၏ ကျန်းမာရေး သည် မြင်းပျံမြ တစ်ကောင်လို ဒေါင်ဒေါင်မြည် ဖြစ်သည်။ သို့သော် ယခုမူ အိပ်ရာထဲတွင် ဗုန်းဗုန်းလဲကာ လူမမာ လုံးလုံး ဖြစ်နေပြီး နင်းဆီပန်းနံ့ ရှူလျှင် သက်သာသလို ရှိသည်ဆို၍ ရင်ခွင်ထဲ တွင် နင်းဆီပန်းပွင့်တွေ မပြတ်ခူးထည့် ထားပေးရသည်။

" ဒါလောက် စိတ်ဆင်းရဲစရာ အဖြစ်မျိုးနဲ့ ကြုံမှမကြုံဖူးဘဲကွယ်၊ ဒီလို ဖြစ်သွားတာ အံ့သြစရာ မရှိပါဘူး" ဟု တိုးတိုးကလေး ပြောလေ့ရှိသည်။

ဤသို့ဖြင့် တော်တော်နှင့် နာလန်မထူသောအခါ နယူးအော်လီယန်းမှဆရာဝန်ကြီးတွေပင့်ပြီး ပြကြည့် ရတော့ သည်။ ဆရာဝန်ကြီးများက စမ်းသပ်ကြည့်ရှုပြီး စိတ်ကျရောဂါတစ်မျိုးဖြစ်ကြောင်း၊ သည်ရောဂါ မှ တစ်ဆင့် သွေးသွန်လာနိုင်ကြောင်းများကို ရှင်းပြသည်။ သွေးသွန်မည် ထင်သည့်နေ့ တွင် အန်တီဂျူးဒစ် လာနေပေး ဖို့ အခေါ်လွှတ်ရပြန်သည်။ ဂျူးဒစ် အောင့်သက်သက်နှင့် လိုက်သွား ရပြန်၏။ အေမီလီ ကိုပါ ခေါ် သွားသည်။

အေမီလီကတော့ စိတ်ကျရောဂါအကြောင်း ဘာမှမသိပေ။ တစ်ခါမှလည်း စိတ်ဓာတ် မကျဖူး ခဲ့။ အေမီလီ သည် မာသာလောက် မလှသော်လည်း မာသာထက် လူချစ်လူခင် ပေါလေသည်။

ဂျူးဒစ် က အိပ်ရာနံဘေးတွင် ထိုင်ပြီး မာသာ့လက်ကို ကိုင်ထားသည်။ သွေးသွန်ပြီးတော့ မာသာ ပျော့ခွေ ကာ အိပ်ပျော်သွားသည်။ အိပ်ပျော်နေသည့် မျက်နှာကလေးမှာ ဖြူဖွေးကာ လှမြဲ လှနေ ၏။ ရော်ဂျာ ကို အိပ်ရာနံဘေးတွင် တစ်လှည့်ထိုင်စောင့်စေပြီး ဂျူးဒစ် ထ လာသည်။ ဧည့်ခန်း ထဲ တွင် အေမီလီ ထိုင်နေ သည်။

<<<http://www.shwezinu.blogspot.com/

" ရော့ ... မေမေ့အတွက် ဂိုင်တစ်ခွက်၊ မေမေ သောက်ဖို့ လိုတယ်လေ "

" ဟုတ်တယ် သမီး၊ သိပ်လိုတာပေါ့၊ သနားပါတယ်ကွယ်၊ ညည်းရင်း အိပ်ပျော်သွားရှာတယ် "

" အင်းလေ ခံစားနေရမှာပေါ့၊ သမီးတို့ အိမ်ပြန်ကြရအောင်နော် "

" မေမေ တို့ နောက်ထပ် လာဖို့ လိုဦးမလား မသိဘူး "

အေမီလီ က ပခုံးတွန့်ပြီး -

" သူ တစ်ညလုံး အိပ်မှာပါ၊ နောက်ဆိုရင် ရော်ဂျာတစ်ယောက် ဘယ်အောက်တန်းစားနဲ့မှ ပတ်သက်ရဲတော့ မှာ မဟုတ်ဘူးနော် မေမေ "

<<<http://www.shwezinu.blogspot.com/

အခန်း (၂၇)

သားအဖနစ်ယောက် တာဝန်တွေကို ခွဲယူထားကြသည်။ ဖီးလစ်က ဂါ့ဗ်ကမ္ဘာကို ကြီးကြပ်ပြီး ဒေးဗစ်က ကြံခင်းနှင့် သကြားလုပ်ငန်းကို တာဝန်ယူသည်။ အေမီလီက ဒေးဗစ်နည်းတူ သကြား ကို စိတ်ဝင်စား သည်။

ကလေးတွေ ရလာပြီး အိမ်ထောင်တာဝန်ပိုလာသည့်တိုင် ကွင်းထဲသို့ မြင်းတစ်စီးဖြင့် မကြာ မကြာ ရောက်လာတတ်သည်။ ဒေးဗစ်နှင့် ရိတ်သိမ်းချိန်ကာလ အကြောင်းများကို ဆွေးနွေးသည်။ သည် အတွက် ဂျူးဒစ် ချွေးမလုပ်သူကို ပိုပြီးသဘောကျနေသည်။ ဒေးဗစ်က အဝတ်အစားနှင့် အလှအပ လောက် ကိုသာ စိတ်ဝင်စားသည့် မိန်းမမျိုး ကို အထင်ကြီးတတ်သူမဟုတ်။ အေမီလီနှင့် အဖော်ရ သ ဖြင့်ဂျူးဒစ်ဝမ်းသာနေရ၏။

ဒေးဗစ် လက်ထပ်ပြီးမကြာခင် အနောက်ဘက်ကမ်းတွင် ကြံခင်းတွေ ထပ်ဝယ်လိုက်သည်။ ကပ္ပလီတွေ လေ့တစ်စင်းအပြည့် တင်လွှတ်ပြီး အလုပ်လုပ်ခိုင်းသည်။ တစ်နေ့ တွင် ဒေးဗစ်နှင့် အေမီလီလှေကား ထစ်တွင်ထိုင်ပြီး အနောက်ဘက်ကြံခင်း များ အကြောင်း ဆွေးနွေးနေကြ၏။ ဂျူးဒစ် က ထိုးလက်စဇာ ကိုကိုင်ပြီး ရောက်လာသည်။

အမေ အနားရောက် လာတော့ အေမီလီက-

"ဟိုဘက်ကမ်း မှာ လူဖြူအလုပ်ကြပ်တစ်ယောက် ထားဖို့ကောင်းပြီလို့ သမီးက ဒေးဗစ်ကို ပြောနေ တာမေမေ၊ ကပ္ပလီတွေက ကြီးကြပ်မယ့်လူ မရှိရင် အလုပ်လုပ်တာ မဟုတ်ဘူး"

"ကိုယ် စဉ်းစားမိပါတယ်ကွာ၊ ဒါပေမဲ့ ဟိုဘက်ကမ်းက အခင်းတွေ အခြေအနေကောင်းနေ တယ်လေ၊ ဖေဖေက လူမည်အလုပ်ကြပ်တစ်ယောက် အစမ်းထားကြည့်မယ်ဆိုပြီး သကြားလုပ်ငန်းမှာ သိပ်အား ကိုး ရတဲ့ဆိုင်းခေါင်းဆောင် တစ်ယောက်ကို ပို့ထားတယ်"

"ဟုတ်လား၊ ဘယ်သူလဲ ဒေးဗစ်"

"ဘန်နီဆိုတဲ့ကောင်ပါ၊ ငယ်ပေမဲ့ အလုပ်သိပ်တော်တယ်၊ သူ့အမေက ကိုယ်တို့ငယ်ငယ်လေးတုန်း က အိမ်မကြီး မှာ အလုပ်လုပ်ဖူးတယ်၊ ခုတော့ သူ့ကိုကွင်းထဲမှာ ကလေးထိန်းကျောင်းဖွင့်ပြီး ကြီးကြပ် ခိုင်း ထားတယ်၊ ဘန်နီက သူများတွေထက် အသားဖြူတယ်၊ အသိဉာဏ်လည်း မြင့်တယ်"

<<http://www.shwezinu.blogspot.com/

အေမီလီ စဉ်းစဉ်း စားစား ခေါင်းညိတ်နေသည်။

"တခြား အလုပ်သမားတွေက သူ့ကို လေးစားတယ်ဆိုရင်တော့ မဆိုးပါဘူး"

"သူတို့က အလုပ်တွေ အချိန်မီတော့ ပြီးနေတာပဲ"

ဂျူးဒစ် အိမ်ထဲ ပြန်ဝင်ခဲ့သည်။ အခန်းထဲရောက်တော့ မှန်ရှေ့တွင် ရပ်ပြီး မှန်ကို လက်နှင့် ခေါက်နေသည်။ အင်း...လက်စသတ်တော့ ဘန်နီ ဒီလို ဖြစ်နေပြီကိုး၊ ဘန်နီအကြောင်း နှစ်ပေါင်းများစွာ ပြည်ဖုံး ကားချထားခဲ့ သည်။

ဖီးလစ်ကလေး ငန်းဂါဖျား စဖြစ်တဲ့ နေ့ကတည်းက မတွေ့ ခဲ့ခြင်း ဖြစ် သည်။ ဒေဗစ် သူ့အကြောင်း ပြောနေသည်ကို ကြားတော့မှ ဘန်နီကို မမေ့သေးကြောင်းနှင့် ရင်ထဲတွင် မနာလို စိတ်ကလေး ကျန်ရှိနေသေးကြောင်း ကိုယ့်ဘာသာကိုယ် သိလိုက်သည်။ လက်စသတ်တော့ ဟို ဘက်ကမ်း က ကြံခင်းကို ဘန်နီအတွက် ရည်စူးပြီး ဖီလစ်ဂယ်ခဲ့တာကိုး။ ဘာပဲဖြစ်ဖြစ် သူ ဂုဏ်သိက္ခာနှင့် ဝေးဝေးရောက်သွားသည့်အတွက် ဝမ်းသာရမည်ဖြစ်သည်။ သို့သော် ဂျူးဒစ် ဝမ်းမသာနိုင် ဘဲ ဖြစ်နေ၏။ အတိတ်တစ္ဆေ ခြောက်လှန့်ပြန်လေပြီ။

သို့သော် လည်း ဆိတ်ဆိတ်နေရမည် ဟူသည့်အသိကြောင့် တစ်ခွန်းတစ်ပါဒမျှ ဝင်မပြောခဲ့ပေ။ ဤသို့ ဖြင့် ဘန်နီနာမည်သည် တစ်နှစ်ကျော်ကျော် ပျောက်ကွယ်နေပြန်သည်။ သို့သော် တစ်နေ့ညနေ ညစာ ဝိုင်း တွင် ဒေးဗစ်က သူ့အကြောင်းစ လာပြန်သည်။

"ဟိုဘက်ကမ်းက ကြံခင်းတွေကိစ္စ ဖေဖေ့ကိုပြောစရာရှိတယ်"

ဖီးလစ် က- "ဘာဖြစ်လို့လဲ သားရဲ့"

"ကြံခင်းတွေ အခြေအနေတော့ ကောင်းပါတယ်၊ ခုထိတော့ ဘာမှမဖြစ်သေးဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ ပို့ထား တဲ့ ဘန်နီဆိုတဲ့ကောင် နည်းနည်းဖွဲဖောက်နေတယ်၊ ဒီဘက်ကမ်း ပြန်ခေါ် ရင် ကောင်း မယ် ဖေဖေ"

ဖီလစ် ဘာမှမပြော။ အေမီလီက ဝင်မေးသည်။

"သူက ဘာလုပ်လို့လဲဟင် ဒေးဗစ်"

ဂျူးဒစ်ခေါင်းငုံ့ ထားသည်။ ဝိုင်ကို ငြိမ်ငြိမ်ကလေး ထိုင်သောက်နေသည်။

"ဒီကောင် ဒုက္ခပေးနေတယ်"

ဒေးဗစ်လေသံ က တိုတိုတုတ်တုတ်။ သူစကားဆက်သည်။



<<http://www.shwezinu.blogspot.com/

"ဒီကောင်က တော်တော့ တော်တယ်၊ အသားလည်းတော်တော် လတ်တယ်၊ ဒီလိုကောင်မျိုးတွေ ဟာ ကွင်းထဲ မှာ အမြဲတမ်း ပြဿနာလုပ်တတ်တယ်၊ အဓိပ္ပာယ်မရှိ စကားတွေ သူလျှောက်ပြောနေ တယ်၊ လူမည်းတွေဟာ သေကောင်းပေါင်းလဲ အလုပ်လုပ်ရပြီး ဘာမှပိုင်ခွင့် မရှိဘူးတဲ့၊ သူမြှောက်ထိုး ပင့်ကော်လုပ်တော့ ဟိုကောင်တွေ တဖြည်းဖြည်းနဲ့ လှုပ်လာကြတယ်"

"ဂက်သစ်ချမြိုင် ဟာ ကပ္ပလီတွေကို သိပ်အလျှော့ပေးတာပဲလို့ လူတိုင်းပြောနေကြတာပဲ"

အေမီလီ က မကျေမချမ်း ဂင်ပြော၏။ ဒေးဗစ်စကားဆက်သည်။

"တို့လူတွေကသူတို့ဘ၊ သူတို့ကျေနပ်ကြတာပဲ၊ ဘန်နီလိုကောင်က စကားကြီး စကားကျယ်တွေ နဲ့ စည်းရုံး လို့ သူတို့က ရေယောင်နောက်လိုက်ဖြစ်ကုန်တာ၊ ဒီကောင် ဆက်ပြီး ပူညံ ပူညံ လုပ် ရင်တော့ ရောင်းထုတ်ပစ်လိုက်စေချင်တာပဲ၊ ဒီလိုကောင်မျိုးတွေ သူများ လက်ထဲ ရောက် မှ နောင်တရမယ်"

ဂျူးဒစ် က ဘီစကစ်တစ်ချပ်ကို ခပ်သွက်သွက် ထောပတ်သုတ်သည်။

ဖီးလစ်ခုမှ အသံထွက်လာသည်။

"သူက ဘယ်လိုစကားမျိုးတွေ ပြောပြီး စည်းရုံးတာလဲ"

"သူတို့ကို လွတ်လပ်ခွင့် ပေးဖို့တို့၊ ကိုယ်ပိုင်မြေယာ ရဖို့တို့တွေပေါ့ ဖေဖေ၊ ဘာမှ အဓိပ္ပာယ် မရှိပါ ဘူး၊ ဒါပေမဲ့ အန္တရာယ်တော့ရှိတယ်"

အေမီလီက ရယ်ပြီး-

"သီးစုံယိုဘူးလေး လှမ်းလိုက်စမ်းပါ ဒေးဗစ်၊ လူမည်းတစ်ယောက်ဟာ လွတ်လပ်ရေးတို့ ဘာတို့နဲ့ ပတ်သက်တဲ့ ဥပဒေတွေကို နားလည်လို့လားဟင်"

"ဘယ်ကလာ၊ အလကားပါ၊ လွတ်လပ်ရင် သူတို့အသားတွေ ဖြူလာမယ် ထင်နေကြလား မသိဘူး၊ ဘန်နီ ဟာ မွေးကတည်းက ကျွန်အဖြစ်နဲ့မွေးလာတာပဲ၊ ဒါပေမဲ့ သူကနေစရာရယ်၊ စားစရာရယ် ဟာ နေရောင်ခြည် လိုပဲ လူတိုင်း ရပိုင်ခွင့်ရှိတယ် တဲ့၊ ဖေဖေဘယ်လို သဘောရ သလဲ၊ ရောင်းပစ်လိုက် ပါဖေဖေရာ"

"ရောင်းတော့ မရောင်းချင်သေးဘူး၊ ဒီကိစ္စဖေဖေ ကြည့်ရှင်းပါ့မယ်၊ ဒီဘက်ကမ်းက ကြံတွေ ဘယ်လို အခြေအနေ ရှိလဲ ဒေးဗစ်"

အဖေ စကားလမ်းကြောင်း ပြောင်းသော်လည်း ဒေးဗစ်က အာရုံမပြောင်း။

<<<http://www.shwezinu.blogspot.com/

"ဒါပေမဲ့ ကျွန်တော် သူ့ကို ကြိုခင်းထဲမှာ မသုံးချင်တော့ဘူး ဖေဖေ၊ ဖေဖေ့ဘက်ကို ပြန်ခေါ်ထားချင်ထား၊ ဒါမှ မဟုတ် တစ်ခုခု စီစဉ်ပေးပါ၊ ကျွန်တော် တာဝန်ယူရတဲ့ အပိုင်းမှာ ကျွန်တော်ဩဇာညောင်းတဲ့ အလုပ်သမားမျိုး ပဲလိုချင်တယ်၊ ဖေဖေ့ဂါဝွမ်းဘက်ကို ပြန်ခေါ်ချင် ခေါ်ပေါ့၊ ဂါဝွမ်းဘက်မှာလည်း သူ့ကို သုံးနိုင်တာပဲ"

ဖီးလစ် ငြိမ်နေသည်။ ခဏနေပြီး အေမီလီဂင်ဆွေးနွေးသည်။

"အေမီလီ က ကိုယ်ပိုင်လုပ်ငန်း လုပ်ရမယ်ဆိုရင်လည်း ဒီလိုကပြားတွေကို အကုန်ရောင်းထုတ်ပစ်မယ်၊ ဒါမှမဟုတ် အိမ်မှာ ခိုင်းဖို့ ခေါ်ထားမယ်၊ ကွင်းထဲမှာ သူတို့ ဘာမှ သိပ်အလုပ်မဖြစ်ဘူး၊ စကားပြောလည်းလေတစ်လုံး၊ မိုးတစ်လုံး နဲ့၊ သူတို့က အမြဲတမ်းပဲ သခင်တွေ နဲ့ သွေးသားစပ်သလိုလို"

"ကဲ တော်လောက်ပြီ အေလီလီ၊ ဒီအကြောင်း ဆက်ပြောနေလို့ ဘာမှအကြောင်းမထူးဘူး၊ ဖေဖေ ကြည့် လုပ်လိုက်မယ်လို့ ပြောပြီးပြီး မဟုတ်လား"

ချွေးမလုပ်သူ ကို ဖီးလစ်ဘယ်တုန်းကမှ လေသံမာမာ မပြောဖူးခဲ့။ သည်လိုလေသံကို ပထမဆုံး ကြားဖူး ခြင်းဖြစ် ၍ အေမီလီ မျက်နှာရဲတက်သွားသည်။ ဒေးဗစ်ကတော့ ရိုးနေပြီ။ သို့သော် ဒေးဗစ်ပင် လျှင် ဖခင်လုပ်သူကို နားမလည်နိုင်စွာ ကြည့်နေ၏။

"တောင်းပန်ပါတယ် ဖေဖေ၊ မဆိုင်ဘဲ ဝင်စွက်တဲ့သဘော မဟုတ်ပါဘူး"

ဖီးလစ် က အေမီလီ၏လက်ကို လှမ်းဆုပ်လိုက်ပြီး-

"ဖေဖေ့ ကို ခွင့်လွှတ်ပါ သမီးရယ်၊ နေပူလွန်းတော့ ခေါင်းတွေ နောက်ပြီး စိတ်တိုနေတယ်"

ဂျူးဒစ် ညစာပိုင်းတွင် ဣန္ဒြေမပျက် စားသောက်သွားသည်။ ဘန်နီအကြောင်းကို တတ်နိုင်သမျှ မစဉ်းစား မိအောင် နေသည်၊ ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်သည်။

"ဘန်နီနဲ့ငါ ဘာမှမဆိုင်၊ ဖီးလစ် က ဘန်နီ့ဘက်က ရပ်လျှင်လည်း ငါအနေသာကြီး"

ဘန်နီ ကို ရောင်းမထုတ်ဘဲ ဂက်သစ်ချမြိုင်တွင် ဆက်ထားဖို့ ဆုံးဖြတ်ခြင်းမှာလည်း ဖီးလစ်ဘက်က မှန်သည်။ အချို့မြေပိုင်ရှင်များ၊ အလုပ်ကြပ်များသည် လူမည်းများကို လူလိုဆက်ဆံကြသည် မဟုတ်ပေ။

မိမိသဘော အရတော့ ဘန်နီကို လွတ်လပ်ခွင့် ပေးလိုက်စေချင်သည်။ သို့သော် ဖီးလစ် အနေဖြင့်မူ ပေးမည် မဟုတ်လော။ ကျွန်ဘဝမှလွတ်မြောက်သွားကြသည့် လူမည်းများသည် ဒယ်အိုးထဲမှ မီးဖို ထဲ ခုန်ချသည့် ငါးပမာ ရှိနေကြ၏။ သခင်က လွတ်လပ်ခွင့် ပေးလိုက်သော်လည်း ဥပဒေ တွေနှင့် ပြန်ပြီး ချုပ်နှောင်ထားသဖြင့် သူတို့ခမျာ လူ့အခွင့်အရေးကို ဘာမျှမရကြရှာပေ။

<<<http://www.shwezinu.blogspot.com/

ဘန်နီအကြောင်း တစ်ခွန်းမျှ မပြောဘဲ ရေငုံနှုတ်ပိတ်နေလိုက်၏။ ဒါကိုသိနေသည့် ဗီးလစ်က ဂျူးဒစ်ကို ကျေးဇူးတင်နေသည်။ ဒေးဗစ်က ဘန်နီကို ဘယ်သူဘယ်ဝါမှန်း မသိ။ ဘန်နီကလည်း သူ့အဖေကို သူမသိ။ အကယ်၍ ဘန်နီ သူ့ဇာတ်မြစ်ကို သိသွားလျှင် ဒေးဗစ်မည်သို့ ရှိလေမည်လဲ။ သို့သော် ဒေးဗစ် သည် ဘန်နီ့ကိစ္စ ကို ရတက်မအေး ဖြစ်နေသည်။ ဇနီးလုပ်သူကို ပြောပုံ ကြည့်လေ။

တစ်နေ့ တွင် အေနီလီ က မေးသည်။

"အဲဒီ ဘန်နီ ဆိုတဲ့ ကောင်ကို ဖေဖေဘာလုပ်ထားလဲဟင် ဒေးဗစ်"

"လိမ္မော်ခြံမှာ တာဝန်ချထားတယ်လေ၊ အဲဒီမှာ အလုပ်သိပ်ရှိတာမှ မဟုတ်တာ၊ ဂါခင်းထဲ ကူးပြီး ပေါက်တက်ကရတွေ လျှောက်ပြောနေဦးမှာပေ့ါ၊ ဖေဖေက ကိုယ်ပြောတာကို လက်မခံတာ ခက်တယ် ကွာ၊ ဒီလိုကောင်မျိုးက သက်သက်ဒုက္ခပေးဖို့ လူဖြစ်လာတာကွ၊ ကိုယ်သာ အဖေ့နေရာမှာ ရှိရင် ချက် ချင်း ပထုတ်ပစ်လိုက်ပြီ"

ဆက်နားမထောင်တော့ ဘဲ ဂျူးဒစ် အပြင်ထွက်သွားသည်။ ရင်ထဲမှ ဒေါသကို တခြားနေရာသို့ ထွက်ပေါက်ပေး လိုက်ရ၏။ အိမ်ရှေ့တံခါးမကြီးမှ တံခါးလက်ကိုင်ကို မတိုက်ဘဲ ထားသည့် ကောင်မလေး တွေကိုဆူပစ်လိုက်သည်။ ညစာပိုင်းကျတော့ ဒေးဗစ် က ဘန့်နီ အကြောင်း မစဘဲ နိုင်ငံ ရေးကိစ္စတွေ ပြောနေသဖြင့် ကျေးဇူးတင်ရသေးသည်။ ဘန့်နီအကြောင်း ကို ခေါင်းထဲ မှ မောင်းထုတ် ချင်သည် မဟုတ်လား။ တိုင်းရေး ပြည်ရေး ကိစ္စတွေကိုလည်း သိချင်နေသည်လေ။

ဒယ်လ်ရှိုင်း စိုက်ပျိုးရေးသမားများသည် နိုင်ငံရေးကို သိပ်စိတ်မဝင်စားကြပေ။ နိုင်ငံရေးသည် ရာသီဥတု သဖွယ်ထိန်းလို့ရသည့် ကိစ္စမျိုးမဟုတ်ဟု သူတို့ယူဆထားကြသည်။ ခုတော့ နိုင်ငံရေး နှင့်သူတို့၏ တိုးတက်ဖွံ့ဖြိုးမှုကိုဆက်နွယ်နေနိုင်ကြောင်း၊ နိုင်ငံရေးကြောင့် သူတို့လုပ်ငန်းတွေ နှောင့် နှေးနိုင်ကြောင်း တဖြည်းဖြည်း သဘောပေါက်လာကြသည်။

ဒယ်လ်ရှိုင်း သည် လျင်မြန်သော အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေ၏။ အမေရိကန်ပြည်ထောင်စုက လူဂီ စီယားနားပြည်နယ် ကို ဝယ်လိုက်ပြီး ကတည်းက လူဦးရေ သိသိသာသာတိုးလာသည်။ သို့ သော်ဒယ်လ်ရှိုင်း သည် ဖလော်ရီဒါအနောက်ပိုင်း တိုက်နယ်တစ်ခုဖြစ်၍ အင်္ဂလိပ်လက်ထပ်က ခရိုင်အဆင့် အထိ ရှိခဲ့ဖူးသည်။ ထိုစဉ်က လူဂီစီယားနားပြည်နယ်နှင့် လုံးဝသီးခြားနေခဲ့သည်။ လူဂီစီး ယားနား ကို အမေရိကန်ပြည်ထောင်စုက ဝယ်တော့အနောက်ဘက် ဖလော်ရီဒါ ပါသည်၊ မပါသည်ကို ဘယ်သူ မှ မသိကြပေ။ သည်ကိစ္စ နားမရှင်းသဖြင့် ဂျူးဒစ်က ဗီးလစ်အား ရှင်းပြဖို့ ပြောသည်။

"ရယ်စရာတော့ ကောင်းတယ်ကွ၊ အမေရိကန်တွေက တို့တစ်တွေကို အမေရိကန်လို့ပဲ သဘောထား နေတယ်၊ စပိန်ဘုရင်ခံက ဒီမှာ ရုံးတက်နေတုန်း၊ ခုလောလောဆယ် တို့လူတွေ အမေရိကန် တရား

<<http://www.shwezinu.blogspot.com/

ဥပဒေအောက်မှာ နေရတာလား၊ စပိန်အုပ်ချုပ်မှုအောက်မှာလားဆိုတာလည်း ဘယ်သူမှ အတိအကျ မသိဘူး။ စိတ်လည်း မဝင်စားကြဘူး"

ဖီးလစ်က ခပ်ပေါ့ပေါ့ရှင်းပြသည်။ သို့သော် ဒယ်လ်ရှိုင်းမြေပိုင်ရှင်တွေက သည်ကိစ္စအတွက် တစ်စုံတစ်ခုထလုပ်မည်ဆိုတော့ ဂျူဒစ်အထိတ်တလန့်ဖြစ်သွားသည်။

နွေရာသီ၏ နောက်ဆုံး ရက်ကျန်နေ့တစ်နေ့ဖြစ်၏။ ဂျူးဒစ်လေသာဆောင်တွင် ထိုင်ပြီး အေမီလီသားကလေး ဆီဘက်စတိန် အတွက် ဆွယ်တာထိုးနေသည်။ အေမီလီက အပေါ်ထပ်မှ ဆင်းလာပြီး ရေးကြီးသုတ်ပျာနှင့် မေးလာသည်။

"မေမေ...အဲဒီလူကြီးတွေ အားလုံးကို ညစာကျွေးရမှာလား ဟင်"

ဂျူးဒစ်က ချွေးမလုပ်သူဘက် လှည့်ပြီး-

"ဘယ်လူကြီးတွေက အေမီလီ"

"သမီး အပေါ်ထပ်ကလှမ်းမြင်ရတယ်၊ အိမ်ရှေ့မှာ လာနေကြပြီ"

အေမီလီက အိမ်ရှေ့ဆီသို့ မေးထိုးပြသည်။ ဂျူးဒစ်လှမ်းကြည့်လိုက်၏ မြင်းကိုယ်စီနှင့် ဝင်လာသည့် လူအုပ်ကြီး ကို တွေ့ရသည်။ ရှေ့ဆုံးမှ ဖီးလစ်နှင့် ဒေးဗစ်။ နောက်မှလူအုပ်က နှစ်ဆယ်ကျော် လောက် ရှိမည် ထင်သည်။

ဂျူးဒစ် မျက်လုံးပြူးသွားသည်။ ရာသီဥတု သာယာသောနေ့များတွင် ပိုပိုလိုလို အနည်းဆုံး ၁၀ယောက်စာလောက် အတွက် ညစာပိုင်းကို အသင့်လုပ်ထားတတ်သည်။ ဖီးလစ်နှင့် ဒေးဗစ်တို့က ဧည့်သည်နှစ် ယောက်သုံးယောက်လောက်စီ ခေါ်လာတတ်သည် မဟုတ်လား။

သို့သော် သည်လူအုပ်ကြီးအတွက်တော့ ချက်ချင်းစီစဉ်ဖို့ မလွယ်လှပေ။ ချွေးမလုပ်သူကို လှမ်းပြောလိုက်သည်။

"ကောင်မလေးတွေ ကို ကြက်ဥမွှေကြော် လုပ်ခိုင်းလို့ ရပါတယ်။ ဒါပေမဲ့ ဒီလိုအုပ်လိုက်ကြီး မလာပြီး ဝိုင်းဖွဲ့မယ် ဆိုရင်တော့ ကြိုပြောဖို့ ကောင်းတာပေါ့"

"အမျိုးသမီးတွေ မပါဘူးမေမေ၊ ပါတီလုပ်ဖို့ အစီအစဉ်မရှိဘူးနဲ့တူပါတယ်"

အေမီလီ က အယူခံဝင်သည်။ ဂျူးဒစ်ဧည့်သည်တွေကို နှုတ်ဆက်ဖို့ထသွားသည်။ လူအုပ်ထဲတွင် ပါစယ် တို့ ညီအစ်ကိုသုံးယောက်လည်း ပါသည်။ ပြီးတော့ လူဂစ်ဖဲလ်ကိုး၊ ရော်ဂျာရှာရမီ၊ ခရစ္စတိုဖာ နှင့်

<<<http://www.shwezinu.blogspot.com/

ဂျူဟန် တို့ မိသားစု ထဲက အမျိုးသားအားလုံးပါသည်။ ကားလ်ဟဲရေ့နှင့် သူတို့ ညီအစ်ကို တစ်သိုက်က နောက်ဆုံးမှ။

ဖီးလစ်ကမြင်းပေါ်မှ ဆင်းရင်း-

"ဂျူးဒစ်ရေ..ဒီလူအုပ်ကို မင်းကျွေးနိုင်ပါ့မလား"

မကျေမနပ် ဖြစ်နေတာတွေ ဘယ်ရောက်ကုန်မှန်း မသိ၊ ဂျူးဒစ်ရယ်ပြီး ပြန်အော်ပြောလိုက်သည်။

"ရပါတယ်၊ ဟင်းချေးမများဘူးဆိုရင် ပြောတာနော်"

ဖီးလစ်က ထမင်းဆာလာသည့် ကလေးတစ်ယောက် မီးဖိုဆောင်ကို ဝင်တော့မည့်ပုံ၊ ဧည့်သည်တွေ ကိုနူတ်ဆက် ဖို့၊ နေရာချထားဖို့ အေမီလီနှင့် တာဂန်လွှဲခဲ့ပြီး ဖီးလစ်ကို လှေကားရင်းသို့ ဆွဲခေါ်သွား သည်။

"ကဲ... ဘာတွေ ဖြစ်လာတာလဲ ပြောစမ်းပါဦး"

ဖီးလစ် က ဇနီးချောကို ငုံ့ကြည့်ပြီး ပြောသည်။

"စပိန်ဘုရင်ခံကို ကိုယ်တို့ မောင်းထုတ်ပစ်တော့မလို့လေ"

"ဘုရား..ဘုရား၊ ဘယ်လိုမောင်းထုတ်ကြမှာလဲဟင်"

ဖီးလစ်က ရယ်ပြီး နင်တံနှင့် လက်တစ်ဖက်ကို ရိုက်ရင်း-

"ဒီည ပန်းခြံ ထဲမှာ လူစုမယ်၊ ပြီးတော့ သူ့နန်းတော်ကို သွားဝိုင်းပြီး ထွက်သွားခိုင်းမယ်၊ ဒါပဲ"

နောက်ဘက်မှ အဖွဲ့သားတွေကို လှမ်းကြည့်ပြီး ဖီးလစ်ရယ်သည်။ ဆံပင်တွေ ဖြူစ ပြုလာသော် လည်းနိပ်ပျိုဆဲ။ ဒေးဗစ်နှင့် ညီအစ်ကိုလားအောက်မေ့ရသည်။

အေမီလီက စိုးရိမ်တကြီး လေသံဖြင့်-

"အန္တရာယ် မများဘူးလား ဖေဖေ၊ နန်းတော်မှာ လက်နက်ကိုင်အစောင့်တွေနဲ့ မဟုတ်လား"

"ရှင်တို့က ဘာလို့ဝင်ရတာလဲ၊ အမေရိကန်အစိုးရ လုပ်ရမယ့်အလုပ် မဟုတ်လား"

ဒေးဗစ်ဝင်ပြောသည်။

"အမေရိကန်အစိုးရ လုပ်ရင် ခုနစ်နှစ်လောက်ကြာမှ မေမေရ၊ သူတို့က ကျွန်တော်တို့အရေးကို စိတ် ဝင်စား တာ မဟုတ်ဘူး၊ ဒါကြောင့် ကိုယ်ဘာသာကိုယ် လုပ်ကြရတာ၊ လူဂီစီးယားနား ဟာ ပြည်နယ်ကြီး တစ်ခု ဖြစ်လာတော့မယ်၊ မကြာခင် ပြည်ထောင်စုထဲကို ပြည်နယ်တစ်ခုအဖြစ် ဝင်ရ တော့မယ်၊ ကျွန်တော် တို့နယ်က



<<http://www.shwezinu.blogspot.com/

လူဂီစီးယားနားထဲမှာ ရှိနေတာ၊ ဒါပေမဲ့ စပိန်ဘုရင်ခံက အခွံ အတုတ် တွေမှိန်းယူနေတယ်။ ဒါကိုအမေရိကန်တွေက မသိတာလား၊ မသိချင်ယောင်ဆောင်နေ တာလား၊ မသိဘူး။ အဲဒါကြောင့်...."

ဒေးဗစ် က အတွင်းအိတ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

"ဒါကြောင့် ဒီအနောက်ဘက် ဖလော်ရီဒါ လွတ်လပ်ရေးကြေညာစာတမ်းကို ကျွန်တော် တို့ဘာသာ ရေး ရတာ"

ဂျူးဒစ်လှေကားထစ်ပေါ်တွင် ချည်နှဲ့စွာ ထိုင်ချလိုက်သည်။

"မင်းတို့ဟာတွေက ရယ်စရာလည်း ဖြစ်နေပါဦးမယ်ကွယ်"

ရော်ဂျာရှုရှမီ ဝင်ရှင်းသည်။

"ဘယ်က ရယ်စရာဖြစ်ရမှာလဲ အန်တီဂျူးဒစ်၊ မနက်မိုးလင်းရင် ကျွန်တော်ထောင်ထဲ ရောင်ချင် ရောက်၊ မရောက်ရင် ကျွန်တော်တို့တစ်တွေ အနောက်ဖလော်ရီဒါ ပြည်နယ်သားတွေ ဖြစ်သွားပြီလေ"

"အဲဒီတော့မှ အမေရိကန်တွေ တို့ကို ဂရုစိုက်လာမှာ"ဟု ဖီးလစ်က နိဂုံးချုပ်ပေးလိုက်သည်။

ညိုနေသော အေမီလီ့မျက်နှာကလေးကို ဂျူးဒစ်လှမ်းကြည့်လိုက်သည်။ ဂျူးဒစ်သည် ရင်တွေ တုန်နေပါသည်။ သို့သော် သည်သားအဖ အကြောင်းကို အေမီလီထက် ပိုသိသည်လေ။ သူတို့နှစ်ယောက်စလုံး တစ်ပုံစံတည်း။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း လုပ်တော့မည်ဆိုလျှင် ဘယ်သူတားလို့မှ ရသည်မဟုတ်။ သည်တော့ သက်ပြင်းချကာ သတိဂီရိယနှင့် သွားကြဖို့သာမှာပြီး မီးဖိုဆောင်သို့ ဝင်ခဲ့သည်။

သူတို့ တစ်တွေ ကတိုက်ကရိုက် ညစာစားကြ၏။ အလွန်အမင်း တက်ကြွနေကြ၏။ ဂျူးဒစ် နားမလည် နိုင်အောင် ဖြစ်နေသည်။ အေမီလီက ငြိမ်ချက်သားကောင်းနေ၏။ သူတို့၏ တော်လှန်ရေးကို မမှု သလို ပုံစံဖြင့်။ သို့သော် သူတို့အားလုံး ထွက်သွားကြပြီး မြင်းခွာသံတွေ စဲသွားသည်နှင့် ဆီဘက်စတိန် လေး ၏ခေါင်းကိုပွတ်ပြီး မျက်ရည်ကျနေသည်ကို ဂျူးဒစ်မြင်လိုက်၏။ သားကလေးကို အိပ်ရာဝင် အနမ်းပေး ပြီးနှုတ်ဆက်ကာ အထိန်းလက်သို့ အပ်လိုက်သည်။

"သမီး ကြောက်တယ် မေမေ၊ သူတို့တစ်ခုခုဖြစ်ရင် ဒုက္ခပဲနော်"

နှစ်ယောက်သား ကျန်ခဲ့သည့် အခါတွင်မှ အေမီလီရင်ဖွင့်သည်။

ဂျူးဒစ် က အေမီလီ့လက်ကို ယုယစွာကိုင်ပြီး-

"စပိန်ဘုရင် က ဒီမှာဆက်နေစရာ ဘာမှအကြောင်းမရှိတော့ဘူး သမီးရဲ့"

<<<http://www.shwezinu.blogspot.com/

"မေမေ ဘာဖြစ်လို့ ဒါလောက်တည်တည်ငြိမ်ငြိမ်နေနိုင်လဲဆိုတာ သမီးစဉ်းစားမရဘူး"

အေမီလီ တိုးတိုးလေးပြောနေသည်။

"မေမေလည်း သမီးရဲ့ သတ္တိကို ချီးကျူးနေတာ"

"ဒါပေမဲ့ ရင်တွေတုန်နေပြီ မေမေရဲ့၊ ဒေးဗစ်ရှေ့မှာ ဣန္ဒြေမပျက်ချင်လို့ မနည်းဟန်ဆောင်နေရတာ"

ဂျူးဒစ်ပြုံးသည်။

"သမီးအရွယ် တုန်းက မေမေ သမီးလောက် မရင့်ကျက်ခဲ့ပါဘူး ကွယ်" အေမီလီက ခပ်တိုးတိုး ရယ်ပြီး-

"ဒေးဗစ် က သမီးကို သတ္တိကောင်းတယ် ထင်နေတာ၊ သွားခါနီး ကပ်ပြောသွားသေးတယ် မေမေရဲ့၊ ခုလိုသွေးကောင်း တဲ့ မိန်းမမျိုးရတာသိပ်နိပ်တာပဲတဲ့၊ မာသာရှာရမီတော့ မျက်ရည်ထဲမှာ မျောကျန်ရစ်ခဲ့တယ်တဲ့လေ"

"ဩော်..မာသာလား၊ သူကငိုမှပိုလှတာ သမီးရဲ့"

"မလှချင်နေပါစေ၊ ယောကျ်ားရှေ့မှာတော့ မငိုချင်ပါဘူး၊ သူ့ကို အပစ်အခတ်ခံ ရမှာတော့ သမီးတွေး ပြီးပူတယ် မေမေရယ်"

ထိုးလက်စ ဇာကို ဆွဲယူပြီး ဖယောင်းတိုင်နားတွင် သွားထိုင်သည်။ ခဏနေမှခေါင်းထောင်လာပြီး-

"မေမေ သမီးကို ကလေးတစ်ယောက်လို မနှစ်သိမ့်တာ ကျေးဇူးတင်ပါတယ်၊ သမီးက သူများ သနား တာသိပ်မခံချင်တတ်ဘူးလေ"

ညည့်နက်လာပြီ။ သို့သော် သမီးယောက္ခမ နှစ်ယောက်လုံး အိပ်ချင်စိတ်မရှိကြပေ။ အေမီလီက ဆီဘက်စတိန်လေးကို တစ်ချက်သွားကြည့်သည်။

"တိုင်းပြည်ကြီး ဘာဖြစ်နေနေ သူဂရုမစိုက်ဘူးမေမေ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေပြီ"

ဂျူးဒစ်ကလည်း သူထိုးလက်စ ချည်လုံးနှင့်အပ်ကို ယူပြီး ဖယောင်းတိုင်နား သွားထိုင်သည်။ အေမီလီ ကို ဟန်ကိုယ့်ဖို့ ဟူသည့်သဘောဖြင့် ပြောထားရသော်လည်း နန်းတော်ကို သွားပိုင်းကြသည့် လူစု အတွက်ရတက် မအေးနိုင်ပေ။ အိပ်ချင်စိတ်လည်း မရှိတော့။ နှစ်ယောက်သား စကားမပြောကြတော့ဘဲ ကိုယ့် အလုပ် ကိုယ်လုပ်နေကြသည်။ ဇာထိုးအပ်ကို ဆတ်ခနဲ ပစ်ချပြီး အေမီလီ ပုန်းခနဲ ထရပ်တော့ သန်းခေါင်ကျော်နေပြီ။

"ဘာသံတွေလဲ မေမေ"

<<http://www.shwezinu.blogspot.com/

"ဟင်..ဘာသံမှ မကြားပါလား"

ဂျူးဒစ်သည် လုပ်လက်စကို ရပ်ပြီး နားစွင့်ကြည့်လိုက်သည်။

"ဟော...ကြားလား၊ ဟိုအဝေးကြီးမှာ ဆူဆူညံညံ အသံတွေ"

ပြောပြောဆိုဆို အေမီလီ ပြတင်းပေါက်သို့ ထသွားသည်။ ဂျူးဒစ်ထလိုက်သွား၏။ အရေးကြုံလျှင် မိမိက ရှေ့ကနေရမည်ကို သွားသတိရလိုက်သောကြောင့် ဖြစ်သည်။

"တိုက်ပွဲဖြစ်ရင် မြို့ထဲဘက်မှာ ဖြစ်မှာပေ့ါသမီးရဲ့၊ ဒီဘက်မှာ ဘာမှဖြစ်နိုင်စရာအကြောင်းမရှိပါဘူး"

အေမီလီ က ဂျူးဒစ်၏ပခုံးကို လှမ်းဖက်လိုက်သည်။ ဂျူးဒစ်ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ဟိုအဝေးကွင်းထဲ ဆီတွင် မီးရောင်တွေ တလက်လက်နှင့် လှုပ်လှုပ်ရွရွဖြစ်နေသည်ကို လှမ်းမြင် ရ၏။ အော်သံတွေလည်း သဲ့သဲ့ကြားနေရ၏။ မြင်ရသည့် မီးရောင်တွေမှာ စီစီတန်းတန်း မဟုတ်။ ပြန့်ကျဲချီတက်နေပုံ ရသည်။ အေမီလီက သူ့လည်ပင်းသူ လက်တစ်ဖက်ဖြင့် ဆုပ်လိုက်ပြီး-

"စစ်သားတွေ မဟုတ်ဘူးမေမေ"

နှစ်ယောက် သား ခန်းဆီးစကို ပြိုင်တူ ဆွဲပိတ်လိုက်သည်၊ ဂျူးဒစ်အလန့်တကြား နောက်ဆုတ်လိုက်၏။ ခေါင်းထဲ တွင် စူးခနဲ ဖြစ်သွားသည်။ လက်ဖဝါးတွေ ချက်ချင်း ချွေးစို့လာ၏။

"အဲဒါ လူမည်းတွေ သမီး"

အေမီလီ နံရံကို အလန့်တကြား ကျောပေးကပ်လိုက်သည်။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။ ဂျူးဒစ်၏နှုတ် မှ ဆွံ့နေသူတစ်ဦး၏နှုတ်မှ ထွက်သလို စကားလုံးနှစ်ခု ထွက်လာသည်။

"ဘန်နီ"

ပြောပြော ဆိုဆို နောက်ဘက်လှေကားဆီသို့ ပြေးသွား၏ အပေါ်ထပ် ကလေးခန်းဆီ သို့တစ်ထစ် ကျော်ပြေးတက်သွားသည်။

ဂျူးဒစ် က နံရံမှ ကြိုးကို တအားဆွဲလှုပ်လိုက်၏။ အစေခံတန်းလျားဘက်တွင် ခေါင်းလောင်းသံတွေ ဆူညံ သွားသည်။ တုန်တုန်ယင်ယင်ဖြစ်နေသည့် ခန္ဓာကိုယ်ကို သတိနှင့် မနည်းထိန်းနေရ၏။

ဂက်သစ်ချမြိုင် သည် အနီးဆုံး ယာတောအိမ်များနှင့်ပင် မိုင်ပေါင်းများစွာ ဝေးလေသည်။ ကျွန်တွေပုန်ကန်ပြီးတစ်အိမ်သားလုံး လာသတ်သွားလျှင် မည်သူမှ သိလိုက်မည်မဟုတ်။ မနက်မိုးလင်းလို့ သူတို့

<<<http://www.shwezinu.blogspot.com/

ပြန်လာမှုအလောင်းတွေ တွေ့ကြရမည် ဖြစ်သည်။ ဂက်သစ်ချမြိုင်မှ လူမည်းများသည် အခြားယာတောမှကျွန်များထက် ပို၍အခွင့်အရေး ရကြသဖြင့် သူတို့ဘဂ သူတို့ကျေနပ်နေကြသူများ မဟုတ်လား။

သို့သော် ဘန်နီလို ဘဂကို မကျေနပ်သူတစ်ယောက်၏ ဦးဆောင်စည်းရုံးမှုကြောင့် သူတို့တစ်တွေ နားယောင် သွားကြခြင်း ဖြစ်မည်။ သခင်ယောက်ျားများ မရှိခိုက်ကို အခွင့်ကောင်းယူကာ ဂက်သစ် ချမြိုင်ဆီသို့ သူတို့ချီတက်လာနေကြပြီ။ စနစ်တကျမဟုတ်၊ တစ်ယောက် တစ်ပေါက် အော်ဟစ်လာနေခြင်းဖြစ်၏။

ကြိုး ကို နောက်တစ်ခါ ဆွဲလှုပ်မည်အပြုတွင် ခရစ္စတင်းအပြေးရောက်လာသည်။ အိပ်ချင်မူးတူး ပုံစံဖြင့်။

"မမလေး ဘာဖြစ်တာလဲဟင်၊ မမလေးအိပ်ရာကို ပြင်ပေးပြီး ကျွန်မအိပ်တော့မလို့ လုပ်နေတာ"

"တို့ အလုပ်သမားကြားထဲမှာ ဘာတွေဖြစ်နေလဲ ခရစ္စတင်း၊ နင်ဘာကြားသလဲ"

"ရှင် မမလေး"

ခရစ္စတင်း၏မျက်လုံးကြီးတွေ ပြူးထွက်လာသည်။ ဂျူးဒစ်က ခန်းဆီးကိုဆွဲပြီး ကွင်းထဲဆီမှ မြင်ကွင်းကိုပြလိုက်သည်။

"ဘုရား..ဘုရား...ကွင်းထဲ က ခွေးတွေ"

ခရစ္စတင်း ဒူးထောက် ထိုင်ချလိုက်သည်။ လက်နှစ်ဖက်ကိုမြှောက်ပြီး

"ကျွန်မ ဘုရား မှာ သစ္စာဆိုပါတယ် မမလေး၊ ကျွန်မ တို့ ဘာမှမသိပါဘူး၊ သူတို့နဲ့လည်း ကျွန်မတို့ လုံးဝ အဆက်အသွယ် မရှိပါဘူး၊ ကျွန်မပြောမိရင် သွေးအန်သေရ.."

"ဟဲ့...တော်စမ်း၊ အဓိပ္ပာယ်မရှိ၊ ကျိန်တွယ်မနေနဲ့၊ နင်ပြောတာ တကယ်မှန်ရင် နင်တို့ အကုန်သေကုန် လိမ့်မယ်၊ မြန်မြန်လုပ်"

ဆီဘက်စတိန်းလေးကို လက်ဆွဲပြီး ပြေးဆင်းလာသည့် အေမီလီဘယ်သို့ ချာခနဲလှည့်လိုက်သည်။ အငယ်မလေး ချီပြီး မမ်မီ ကနောက်မှ ကပိုကရိုနှင့်ပါလာသည်။

"ကလေးတွေ ကို မမ်မီလက်ထဲအပ်လိုက်သမီး၊ သူကြည့်ရှောင်တိမ်းမယ်၊ မေမေပြောတဲ့အတိုင်း လုပ်စမ်း၊ ရေ့သေ့ တွဲ ယူသွား၊ သေနတ်ခန်းကို ပြေးဖွင့်၊ သမီးအတွက် တစ်လက်၊ မေမေ့အတွက် တစ်လက် ယူခဲ့"

<<<http://www.shwezinu.blogspot.com/

ဆက်တိုက် အမိန့်ပေးပြီး လေသာဆောင်သို့ ပြေးထွက်ခဲ့သည်။ သူတို့တစ်တွေ ဂက်သစ်ချမြိုင် အိမ်ကြီးနှင့် နီးသထက် နီးလာနေပြီ၊ လုပ်ငန်းခွင်အနံ့ အားလုံးကြားနိုင်မည့် ခေါင်းလောင်းကြီးကို ဂျူးဒစ် ဆွဲလှုပ်လိုက်သည်။

ခေါင်းလောင်းသံ များ အရပ်လေးမျက်နှာတွင် မြည်ဟိန်းထွက်ပေါ်လာသည်။ ဘန်နီ့နောက်လိုက် မဟုတ် သည့် လူမည်း အလုပ်သမားများ မျက်နှာဖြူ အလုပ်ကြပ်များကို တပ်လန့်နိုးလိုက်ခြင်း ဖြစ်၏။

အေမီလီ သေနတ်နှစ်လက်နှင့် ပြန်ရောက်လာသည်။

"သေနတ်ခန်း ကို သော့ပြန်ခတ်ခဲ့သလား သမီး"

"ဟုတ်ကဲ့ မေမေ"

"အေး..ဟုတ်ပြီ၊ ဒီအခန်း ကို သူတို့စီးမိရင် အားလုံး အသတ်ခံရမှာပဲ၊ သူတို့အထဲမှာ လက်နက်များ များ မပါနိုင်ဘူး၊ သမီးငှက်ပစ်ဖူးတယ်နော်၊ ဘာမှမဆန်းဘူး၊ အဲဒီအတိုင်းပဲ၊ စိတ်ငြိမ်ငြိမ်ထား၊ ဒါမှ လက်ငြိမ် မယ်၊ မလိုအပ်ရင် မပစ်နဲ့၊ သိလား"

ကလေးတွေကို နောက်ထပ် ပွေ့ဖတ်နှုတ်ဆက်ပြီး အေမီလီမြင်းပေါ်တက်သည်။ အိမ်ဖော်တွေအား လုံးကိုးရိုး ကားရားနှင့် ကြောက်အားလန့်အားထွက်ပြေးကုန်ကြပြီ။ ဂျူးဒစ်အိမ်ထဲ တစ်ခေါက် ပြန်ဝင်သည်။ ဂျူး၊ စီဇာရိုစသည့် စိတ်ချရသော အိမ်စေများနှင့် အလုပ်ကြပ်များ အတွက် သေနတ်တွေ ထုတ်ယူလာခဲ့သည်။ ပြီးမှ မြင်းပေါ်ကို လွှားခနဲ ခုန်တက်ပြီး လူမည်းသူပုန်တွေကို ရင်ဆိုင် ရင် ဂက်သစ် ချမြိုင်မှခ်ဂ ဆီသို့ ထွက်ခဲ့သည်။ ဂျူးဒစ်ကရှေ့ဆုံးမှ။

<<<http://www.shwezinu.blogspot.com/

ခေါင်းဆောင်လုပ်သူ ဘန်နီနှင့် လူမည်း သူပုန်များသည် ဂက်သစ်ချမြိုင်ကို ကြက်ကလေး ငှက်ကလေး ဖမ်း သလို ဖမ်းဖို့ သပိတ်ဂင်အိမ်ဂင်ထွက်ပြီး လာရောက်စီးနင်းကြခြင်း ဖြစ်သည်။ သခင်ယောက်ျား သားများ မရှိ၍ လက်နက်ကိုင် တုံ့ပြန်မှုကို သူတို့လုံးဝ မျှော်လင့်မထားကြပေ။

ခုလို မြင်းကိုယ်စီဖြင့် အိမ်စောင့်ခွေးတွေက သေနတ်နှင့် တုံ့ပြန်တိုက်ခိုက်သည့်အခါ သူတို့ တစ်တွေ ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး တရကြမ်းတိုးဂင်လာကြသည်။

သူတို့ အင်အားမှာ ၁ဂဂထက်ပိုမည် မဟုတ်ပေ။ မီးတုတ်တွေ တယမ်းယမ်းနှင့်။ သေနတ်သမား အနည်းငယ် ပါသည်။ သို့သော်အများစုက ကြောက်စရာကောင်းလှသည့် ကြံခုတ်ဓားကြီးများ ကိုယ်စီ ကိုင် လာကြသည်။ သည်ဓားများကို နေ့ပိုင်းတွင်သာ ကြံခုတ်ဖို့ထုတ်ပေးပြီး ညပိုင်းတွင် ပြန်သိမ်း ကာပစ္စည်းဂိုဒေါင် ထဲတွင် သော့ခတ်ထားရသည်။ ဘယ်သူပေါ့လျော့မှုကြောင့်သည် ဓားတွေသူတို့ လက်တွင်း သို့ ရောက်သွားခြင်းလဲ၊ ကြံခင်းတွေအလုပ်ကြပ်လုပ်သွားဖူးသည့် ဘန်နီမှလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။

တပ်ဦးမှ မြင်းတစ်စီးဖြင့် အော်ဟစ်ချီတက်လာသည့် ဘန်နီကိုလှမ်းမြင်ရပြီ။ မီးတုတ်များ၏ အလင်းရောင် တွင် သေသေချာချာ တွေ့လိုက်ရခြင်းဖြစ်သည်။ ဖီးလစ်နှင့်ပိုတူလာသည် ထင်၏။ အတွင်း ဘက် ခြံထောင့်တစ်နေရာမှ သေနတ်သံတွေ ထွက်ပေါ်လာပြီး အလုပ်ကြပ်များ၏ အသံကို ကြားလိုက်ရသည်။

"ဟော့ကောင်တွေ၊ ရှေ့မတိုးနဲ့၊ အားလုံး လက်နက်ချ"

နောက်ထပ် သေနတ်သံတွေ ဆက်တိုက်ထွက်ပေါ်လာပြန်သည်။ လူမည်းသူပုန်တွေ အတုံးအရုံးလဲ ကျကုန်သည်၊ အချို့ကဓားတွေ၊ သေနတ်တွေချပြီး ထွက်ပြေးကြ၏။

သည်ပွဲ ကို ဂျူးဒစ်သေသေချာချာ မမြင်လိုက်ရပေ။ ဘန်နီ တစ်ယောက်တည်းကို အာရုံစိုက်ကြည့်မိ နေသောကြောင့်ဖြစ်၏။ ဘန်နီကလည်း မိမိကို မြင်သွားပုံရသည်။ တည့်တည့်ကြီးပြေး လာနေ၏။ လက်တစ်ဖက်လျှင် သေနတ်နှင့်ဓားကို လွယ်လျက်။

"ဟိုမှာဟော့ ကပြားကောင်ကို ဆော်ကြစမ်း"

အလုပ်ကြပ်တစ်ယောက် အော်ပြောသံ၊ သို့သော်သူတို့နောက်ကျသွားပြီ၊ ဂျူးဒစ်က ချိန်ထားပြီး သား၊ လက်တွေထူးထူးခြားခြား ငြိမ်နေသည်။ သေနတ်မောင်းကို ဖြုတ်ချလိုက်၏။ ဘန်နီနောက်သို့ လန် သွားသည်။ သို့သော် မြင်းပေါ်မှမကျသေး၊ တွယ်ကပ်ထားသည်။ ဂျူးဒစ်နောက်တစ်ချက် ချိန်ပစ် လိုက် သည်။ ဘန်နီမြေပြင်ပေါ် သို့ ကားခနဲ ကျသွား၏။

"ဟာ ဟိုမှာကြည့်စမ်း မမလေး ပစ်ချလိုက်တာဟော့"

<<<http://www.shwezinu.blogspot.com/

မှောင်ရိပ်ထဲမှာ အော်သံတချို့ကို ဂျူးဒစ်မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေသည်။ အခွန်ရှာယ်ကို လည်း မမြင်တော့။ သေနတ်ကိုမောင်းပြန်တင်ပြီး ရှုပ်ယှက်ခတ်နေသည့် တိုက်ပွဲထဲသို့ မြင်းနှင့်တိုး ဝင်သွားသည်။ ဘန်နီလဲကျနေသည့် နေရာအရောက်တွင် သူ့ကိုယ်ထဲသို့ နောက်ထပ်ကျည်ဆန် တစ်ထောင့် ပစ်သွင်းလိုက်၏။

ထိုစဉ်တွင် လူမည်းတစ်ယောက်ဓားကို ဝင့်ပြီးပြေးဝင်လာသည်။ ဒူးခေါင်းတွင် ပူခနဲတစ်ချက် ခံစား လိုက် ရ၏။ ကြောက်မက်ဖွယ် ဓားသွားကြီးနှင့် မီးတုတ်တစ်ခုကို နောက်တစ်ကြိမ် အနီးကပ် တွေ့လိုက် ရပြန်၏။ ကိုယ်ဆီသို့ လာနေသော ဓားသွား ကို သေနတ်ဒင်နှင့် ဖြတ်ရိုက်ချလိုက် သည်။ ပြီးတော့ မြင်းပေါ် တွင် ထောင့်ထောင့်ကြီး ငြိမ်နေ ၏။ မြင်းကြီးဟီသံကို မကြားမိ။ လှုပ်လှုပ်ရှားရှား ခုန်ပေါက်နေ သည်ကို လည်း သတိမထားမိ။

သခင်မ၏ ဒူးခေါင်းက ဝေဒနာကို မြင်းကြီးက သူ့ပါခံစားနေရသည့်နှယ်။ ထိုတဒင်္ဂတွင် အသိဉာဏ် အလျင်သည် ခေတ္တရပ်တန့်သွားသည် ထင်ရ၏။ စောစောကလေးက ပြုမူလုပ်ရှားမိသည့် အပြစ်မှ လွဲ၍ ဘာမှ မသိဘာမှ မမြင်။

သေနတ်သံတွေ နံဘေးတစ်ပိုက်တွင် ဆူညံနေ၏။ သို့သော် နားထဲတွင် သဲ့သဲ့မျှသာ ကြားနေ၏။ အဝေးကြီး တွင် ပစ်ခတ်နေကြသည့်အလား။

မြင်းဇက်ကြိုးကိုတစ်စုံတစ်ယောက်က လာဆွဲသည်ကိုသတိထားလိုက်မိ၏။ အမှောင်ထဲတွင် အသံတစ်သံ ကြားလိုက်သည်။

"ဟာ မမလေး ထိသွားပြီ၊ သတိလစ်နေတာ ထင်တယ်"

လက်စွဲတော် ဂျိုး၏အသံ။ ဂျိုးမှာ ပိန်းကောကြီးနှင့် စုန်ဆင်းလာကတည်းက ဖီးလစ်နှင့်အတူ ပါလာ သည့်လူယုံတော်ကြီး ဖြစ်သည်။ သူ့အသံကို ကောင်းကောင်းကြီးမှတ်မိနေသည်။ မြင်းပေါ်မှဆွဲချပြီး ပွေ့ယူသွားသည်ကို အမှတ်ထားလိုက်မိ၏။ သည်နောက် တစ်လောကလုံး ညကဲ့သို့အမှောင်ကျသွား လေတော့သည်။

<<<http://www.shwezinu.blogspot.com/

ဂျူးဒစ် ပြန်သတိရလာချိန်တွင် အောက်ပိုင်းတစ်ပိုင်းလုံး မခံနိုင်လောက်အောင် နာကျင်နေကြောင်း ပထမဆုံးသိလိုက်၏။ မျက်နှာကိုရေအေးဖြင့် ဆွတ်ဖျန်းပေးနေကြသည်။ တစ်ချက် ညည်းလိုက်၏။

"ဟော..မေမေ သတိရလာပြီ၊ မလှုပ်နဲ့ဦးနော် မေမေ၊ ဘာမှမဖြစ်ဘူး မေမေ နေကောင်းသွားမှာပါ"

အခန်းထဲကို ဂျူးဒစ်ဝေ့ကြည့်လိုက်သည်။ မနက်မိုးလင်းနေပြီ။ ကိုယ့်အခန်းကို ကိုယ်ပြန်ရောက်နေမှန်း သိလိုက်၏။ အိပ်ရာခင်းပေးတွင် သွေးကွက်ကြီးတစ်ကွက်၊ ဒေးဗစ်နှင့်ဖီးလစ်အပြင် အေမီလီကပါ အခန်းထဲတွင် ရှိနေကြ၏။ အေမီလီက ဂျူးဒစ်နဖူးပေါ်တွင် ရေအေးဂတ် တင်ပေးနေသည်။

"ကလေးတွေအားလုံး နေကောင်းရဲ့လား၊ ဘာမှမဖြစ်ဘူးနော်"

ဂျူးဒစ်ပထမဆုံးမေးလိုက်သည့် မေးခွန်းဖြစ်သည်။

"နေကောင်းပါတယ်ကွယ်၊ သူတို့ ဘာမှမဖြစ်ကြပါဘူး"

ဖီးလစ်က ဂျူးဒစ်၏လက်ကို ဆုပ်နယ်ပြီး တယုတယပြောသည်။

"စကား သိပ်မပြောနဲ့ဦးနော်"

ဖီးလစ်က ခုတင်စွန်းတွင် ထိုင်နေသည်။ တစ်ဖက်သို့ ဂျူးဒစ်မျက်နှာလွှဲပြီး မျက်လုံးတွေကို လက်မောင်း တစ်ဖက်နှင့် ပိတ်ထား လိုက်သည်။ သူ့သားကိုသတ်ခဲ့မိသည့် အဖြစ်ကို သတိရလိုက် ၍ ဖြစ်၏။ မြေကြီးပေါ် ၌ ညည်းလိုက်မိပြန်သည်။ အေမီလီ့အသံကို ကြားလိုက်၏။

"သိပ်နာနေတယ် ထင်တယ် ဒေးဗစ်၊ အိပ်ဆေးပေးရင် ခံနိုင်ပါ့မလား ဟင်"

" မရသေးဘူး ထင်တယ် "

ဒေးဗစ် ခုတင်နံဘေးတွင် ဒူးထောက်ထိုင်လိုက်သည်။

" မေမေ၊ မေမေက သိပ်သတ္တိကောင်းတာပဲ၊ ကျွန်တော်တို့အားလုံး မေမေ့အတွက် ဂုဏ်ယူလို့ မဆုံးနိုင်အောင် ဖြစ်နေကြတယ်၊ မေမေ တင်းခံလိုက်ဦးနော် "

" ငြိမ်ငြိမ်နေစမ်း ပါကွယ် "

ဂျူးဒစ် စိတ်မရှည်သလို ပြောလိုက်သည်။ ထိုတဒင်္ဂတွင် ခေါင်းထဲမှာ နောက်ကျိရီဝေနေ၏။ ရှုပ်ထွေးပွေလီနေ၏။ ထိုနေ့တစ်နေ့လုံး အဖျားဝင်နေပြီး သူတို့ကို မှုံရီမှုံဝါးဖြင့်သာ မြင်တွေ့နေရ သည်။ သို့သော် နောက်တစ်နေ့တွင် ကြည်ကြည်လင်လင် ဖြစ်လာသည်။

<<<http://www.shwezinu.blogspot.com/

အေမီလီနှင့် ဒေးဗစ်တို့ နှစ်ယောက်စလုံး အချိန်ပြည့် ပြုစုနေကြသည်။ မေမေ့ကြောင့် ဂက်သစ်ချမြိုင်နှင့် ကလေးတွေ မှဲ့တစ်ပေါက် မစွန်းခြင်းဖြစ်ကြောင်း သူတို့ အထပ်ထပ် အခါခါ ပြောမပြီးနိုင်အောင် ဖြစ်နေကြသည်။ တိုတောင်း လှသော အချိန်အတွင်း ခုခံကာကွယ်ချိန် ရအောင် စီစဉ်ပုံ၊ သတ္တိရှိရှိ တိုက်ခိုက်ပုံ၊ ဘန်နီ ကျဆုံးပြီးမှ ငမည်းကောင်တွေ လန်ထွက်သွားကြပုံများ။

အိပ်ရာထဲ လဲနေစဉ်မှာပင် သားသမီးတွေ၊ မြေးတွေအပြင် မိတ်ဆွေ အပေါင်းအသင်းတွေ အားလုံး ရောက်လာကြပြီး ဂက်သစ်ချမြိုင်၏ မဟေသီကို ဂုဏ်ပြုစကား ဆိုကြ၏။ အရိုအသေ ပေးကြ၏။

ဂျူးဒစ် ၏ ဂက်သစ်ချမြိုင် တိုက်ပွဲသတင်းသည် သည်နယ်တရိုးတွင် ဟိုးလေးတကျော် ဖြစ်သွားလေသည်။ ဘာကြောင့် သည်လောက်ပျံ့နှံ့သွားသည်ကို ဂျူးဒစ် နားမလည်နိုင်အောင် ဖြစ်နေ၏။ နေရာ တိုင်း မှာ သည်သတင်းကိုသာ ပြောနေကြ၏။

" အပျက်အစီး သိပ်မရှိဘူးတဲ့၊ လူမည်းသူပုန်တွေ နည်းနည်းပါးပါး ကျဆုံးတယ်၊ ဂက်သစ်ချမြိုင်က အလုပ်ကြပ်တချို့ ဒဏ်ရာရကြတယ်၊ ဂါခင်းတချို့ အနင်းခံရလို့ ပျက်စီးသွားတယ်၊ ခေါင်းဆောင် ပိုင်းတွေ အဖမ်းခံလိုက်ရပြီး နောက်လိုက်တွေ နောင်တရနေကြတယ်၊ အားလုံးဟာ ဘန်နီ ဆိုတဲ့ ကောင်ရဲ့ လက်ချက်တွေချည်းပဲ၊ သူက မစားရ ဂခမန်းတွေ ပြောပြီး စည်းရုံးတော့ ငမည်းကောင် တွေ အရူးထကြတာပေါ့၊ ဒါပေမဲ့ မြေးတွေနဲ့ နေရမယ့်အရွယ်မှာ ဂက်သစ်ချမြိုင်က ဂျူးဒစ်လန်းဟာ စစ်သည်တစ်ယောက်လို မြင်းတစ်စီးနဲ့ တိုက်ပွဲကို ကိုယ်တိုင် ဦးစီးပြီး သူပုန်ခေါင်းဆောင် ကို သတ္တိ ပြောင်ပြောင်နဲ့ ကိုယ်တိုင် ပစ်သတ်လိုက်တာတဲ့ "

သည်သတင်းတွေကို ဂျူးဒစ် ခါးသီးစွာ ကြားနေရသည်။ ကြာတော့ သည်းမခံနိုင်လာကာ သည် အကြောင်း ပြောမဆုံးအောင် ခံတွင်းတွေ့နေသူတွေကို ဂျူးဒစ် တောင်းပန်ရတော့သည်။

အေမီလီက ခြေရင်းတွင် ဇာထိုင်ထိုးရင်း အချိန်ပြည့် စောင့်ပေးသည်။ ဂျူးဒစ် ငြိမ်နေလျှင် အိပ်ပျော် သွားပြီ ထင်၏။ သို့သော် ဂျူးဒစ် အိပ်မပျော်နိုင်ပါ။

ထိုညက အဖြစ်ကို ခေါင်းအေးအေးနှင့် ပြန်တွေးကြည့်သည်။ ဆင်ခြင်တုံ တရားနှင့် လောကနီတိ တို့ကို ဘေးချိတ်ကာ စိတ်ကို လွှတ်ပေးလိုက်သည့်ည။

ဘန်နီ ကို မိမိအနေဖြင့် သတ်ဖို့ လို မလို ပြန်စဉ်းစားသည်။ ဘန်နီသေတော့ သေရမည်။ ဂက်သစ်ချမြိုင် ဘက်တော်သား တစ်ယောက်ယောက်၏ လက်ချက်ဖြင့် မုချသေရမည်။ သို့သော် မိမိကိုယ်တိုင် သတ်လိုက်ခြင်း မှာ ဒေးဗစ် ၏ ကလေးများကို ကာကွယ်ခြင်းလား၊ သူ့ကို မုန်းလို့လား၊ ဂျူးဒစ် အဖြေ ရှာမရပေ။ ဘယ်တော့မှလည်း အဖြေထွက်မည် မထင်။ သည်အတွက် အရှက်ကြီး ရှက်နေမိသည်။ စိတ်ထဲ တွင်

<<<http://www.shwezinu.blogspot.com/

လေးလံနေ၏။ မည်သည့် ဝေဒနာနှင့်မှ မတူအောင် နင့်နဲစွာ ခံစားနေရသည်။ ပထမရက်ပိုင်း တွင် ဖီးလစ် ဘယ်ရောက်နေသည်ကို မမေးရဲလောက်အောင် ရင်ထဲလေးနေ၏။

အချင်းဖြစ်ပွားသည့်ညက သတိပြန်ရလာချိန်တွင် တွေ့ရပြီးနောက်ပိုင်း ဖီးလစ်ကို လုံး၀ မတွေ့ ရတော့ပေ။ မအောင့်နိုင်သည့်အဆုံး ဒေးဗစ်ကို မေးကြည့်ရတော့သည်။

" သားဖေဖေ ဘာလို့ မေမေ့ဆီ မလာတာလဲဟင် "

" နည်းနည်း နေမကောင်းလို့ပါ မေမေ "

ဒေးဗစ်ဖြေပုံ မှုမမှန်ဟု စိတ်ထဲ ထင်လိုက်သည်။ တုံ့နှေးနှေးနှင့်။

" ဟိုနေ့ညက ဖေဖေ နည်းနည်း အအေးမိသွားတယ်၊ ဒီအသက်ဒီအရွယ်နဲ့ သူ့ကို ကျွန်တော်တို့ ခေါ်သွားဖို့ မကောင်းဘူး "

" ဘုရင်ခံ ကို မောင်းထုတ်ဖို့ကိစ္စသားတို့ အောင်မြင်ခဲ့ကြရဲ့လား "

" ဟုတ်ကဲ့၊ သူ စပိန်ကို ပြန်ရတော့မယ်၊ ကျွန်တော်တို့ ပြည်ထောင်စုထဲကို ၀င်ရတော့မယ်၊ လူဂီစီး ယားနားပြည်နယ် ထဲ ပါမယ်လေ "

ဒေးဗစ် က အမေ့ပါးနားကပ်ပြီး ထပ်ပြောသည်။

" ဖေဖေ့အတွက် မပူပါနဲ့ မေမေ "

" ကောင်းပါပြီကွယ်" လို့ ပြောလိုက်ရသော်လည်း အတွေးကမ္ဘာတွင် ချာချာလည်နေသည်။ ကျောထဲ စိမ့်သွား ၏။ ဂျူးဒစ်ရင်ထဲမှာ ခွင့်လွှတ်တတ်တဲ့ အသည်းနှလုံးမျိုး မရှိဘူးဆိုတာ သူ သိသွားပြီပေါ့နော်။

ထိုည တွင် တစ်ယောက်တည်း အိပ်ပါရစေတော့ဟု သားနှင့် ချွေးမကို တောင်းပန်ရသည်။ အဖျား လုံး၀ ကျသွားပြီဖြစ်သည်။ စောင့်မည့်သူ မရှိလျှင် ပို၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မည်ထင်သည်။

သူတို့အားလုံး အိပ်ရာ၀င်သွားကြလေပြီ။ ဂျူးဒစ် မျက်စိကြောင်နေသည်။ ဖီးလစ်အခန်းကို သွားချင်ပါ၏။ သို့သော် ခြေထောက်က လုံး၀ မထောက်နိုင်သေး။ မိမိနှင့် ဖီးလစ်တို့၏ အိမ်ထောင် ရေး ဘ၀ကို ပြန်ကြည့်မိသည်။ သုံးဆယ့်ခြောက်နှစ်လုံးလုံး အချစ်ခရီးလမ်းတစ်လျှောက်တွင် လက်တွဲ တိုက်ပွဲ၀င်ခဲ့ကြ၏။ ယခုမူ မိမိအား သူ ခွင့်မလွှတ်နိုင်တော့ပြီ။ မိမိက သူ့ကို ရင်ထဲမှ ခွင့် မလွှတ်နိုင်ကြောင်း သူ နားလည်လာသဖြင့် သူ မိမိကို ခွင့်မလွှတ်နိုင်ခြင်းပါတကား။

ဩော် ... အစ်ကို၊ အစ်ကို၊ ဂျူးဒစ် ဒီလိုအခြေအနေ ရောက်နေချိန်မှာ အစ်ကို ဒါလောက် တင်းမာ သင့်သလားကွယ်၊ ဂျူးဒစ် တိတ်တိတ်ကလေး ကျိတ်ငိုသည်။ အာဃာတ ကြီးလွန်းသည်ဟု ဂျူးဒစ် ကို



<<http://www.shwezinu.blogspot.com/

ထင်သွားပြီပေါ့။ နောက်ဆုံး ကျည်ဆန်တစ်တောင့်ဟာ မလိုအပ်သည့် ရက်စက်မှုလို့ အစ်ကို ထင်တယ်ပေါ့။ ဒါပေမဲ့ အဲဒီ တဒင်္ဂမှာ မလွှဲမရှောင်သာ ဖြစ်တတ်ကြတယ် ဆိုတာ အစ်ကို နားလည် သင့်ပါတယ်ကွယ်။

တံခါး ကို ဖြည်းဖြည်းကလေး ဖွင့်နေသံ ကြားရသည်။ သြော် ... သည်ကလေး လင်မယားကလည်း တစ်ဒုက္ခ ပါလား။ ညကြီးသန်းခေါင်မှာ တစ်ခေါက် လာကြည့်ပြန်ပြီ ထင်ပါရဲ့။

" ဂျူးအစ်ရေ "

ဟင် သူပါလား၊ သူ့အသံမှ သူ့အသံအစစ်။ သို့သော် တစ်မျိုးကြီး ဖြစ်နေသည် ထင်၏။

ညထွန်း ဖယောင်းတိုင်ငယ်၏ အလင်းရောင်ရေးရေးတွင် ညဂုတ်ရုံထဲမှ သူ့ရုပ်သွင်ကို ပိုးတဝါး မြင်နေရသည်။ လည်ပင်းတွင် သိုးမွှေးတဘက်ကို သိုင်းပတ်ထား၏။

ခုတင်နံဘေး တွင် ဒူးထောက်ထိုင်ပြီး ဂျူးအစ်ကို သိုင်းဖက်ကာ ပါးချင်းကပ်ထားသည်။ ပျော်လွန်းသဖြင့် ရုတ်တရက် ဂျူးအစ် ဘာမှ သတိမထားမိ။ အတန်ကြာမှ -

" ဟင် ... အစ်ကို အရမ်းဖျားနေတာပါလား၊ အစ်ကို့အသားတွေ ပူချစ်နေတာပဲကွယ် "

" အစ်ကို သိပါတယ် ဂျူးအစ်ရယ်၊ ကလေးတွေ သိပ်ဆိုးတယ်ကွယ်၊ အစ်ကို့ကို လှုပ်ခွင့်တောင် မပေးကြဘူး၊ ထောင်သားတစ်ယောက်လို အစ်ကို ခိုးကြောင်ခိုးပုက် ထွက်ခဲ့ရတယ်၊ အစ်ကိုလာလို့ မင်း နိုးသွားတာလားဟင် "

" ဟင့်အင်း၊ ဂျူးအစ် မအိပ်သေးပါဘူး၊ အစ်ကို ဒါလောက်ဖျားနေမှန်းဂျူးအစ် မသိဘူး အစ်ကိုရယ် "

ဂျူးအစ် ရှိုက်ကာရှိုက်ကာ ငိုတော့၏။ ဗီးလစ်က ဇနီး၏ ပါးပြင်ပေါ်မှ မျက်ရည်တွေကို လက်နှင့် စမ်းပြီး -

" ဟင် မင်းကို သူတို့ မပြောကြဘူးလား၊ အစ်ကိုဖြင့် ရူးချင်နေတာပဲကွယ်၊ ခု ဘယ့်နယ်နေလဲဟင် "

" နေကောင်းပါတယ်၊ ဒူးက ဒဏ်ရာပဲ ကျန်ပါတော့တယ်၊ အစ်ကို အိပ်ရာထဲက ထွက်လာဖို့ မကောင်းဘူးကွယ်၊ လာ ဒီမှာလှဲ၊ ဂျူးအစ် စောင်လွှမ်းပေးမယ်နော် "

ခုတင်တိုင်ကို အားပြုပြီး သူ ထသည်။ သူ့လှုပ်ရှားပုံက အားရစရာ မရှိ။ ဂျူးအစ်၏ နံဘေးတွင် လဲပြို ကျလာသလို လှဲချလိုက်သည်။ ဂျူးအစ် ခဲရာခဲဆစ်နေရာပြင်ပေးသည်။ ဇနီးသည်ကို သူ့ရင်ခွင်ထဲ ဆွဲယူသည်။ သို့သော် သူ ထွေးပိုက်ပုံက လျော့ရဲလှ၏။

" အစ်ကို အိပ်ပျော်ပွဲမလားဟင် "

<<<http://www.shwezinu.blogspot.com/

" အစ်ကို မအိပ်ချင်ဘူး၊ စကားပြောချင်တယ်၊ ပထမနေ့ လာကြည့်ပြီးကတည်းက အစ်ကို မင်းဆီ မရောက်တော့ဘူးနော်၊ စောစောပိုင်းက မထနိုင်လောက်အောင် အခြေအနေ မဆိုးသေးဘူး၊ အစ်ကို တောင်းပန်ပါတယ် ဂျူးအစ်ရယ်၊ အစ်ကို ဘယ်လို နားခံသာအောင် ပြောရမလဲ မသိဘူး "

" ဒါဆို ဒါဆို သူ့ကို ဂျူးအစ် သတ်လိုက်တဲ့အတွက် အစ်ကို ခွင့်လွှတ်တယ်ပေါ့ ဟုတ်လား "

ဂျူးအစ် တိုးတိုးလေး မေးလိုက်သည်။

" တခြား လုပ်စရာမှ မရှိတော့တာဘဲ၊ မဟုတ်ဘူးလား "

" သူ မြေကြီးပေါ် လဲကျနေမှ ဂျူးအစ် နောက်တစ်ချက် ထပ်ပစ်တာကိုရော အစ်ကို သိပြီးပြီလားဟင် "

" အင်း ... သိပြီးပါပြီ "

" အဲဒီအတွက်ရော အစ်ကို ခွင့်လွှတ်နိုင်ရဲ့လား "

" ပထမတော့ အစ်ကို ခွင့်မလွှတ်ချင်ဘူး "

သူ့လေသံ က တိုးသည်ထက် တိုးလာသည်။ သိပ်မသဲကွဲချင်တော့။

" ဒါပေမဲ့ အစ်ကို နားလည်ပါပြီကွယ်၊ ဘာတတ်နိုင်မှာလဲ၊ ဘာမှ အကြောင်းမထူးတော့ဘူးလေ "

သူ့ဦးခေါင်း ကို ဂျူးအစ် ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

" အစ်ကို နားလိုက်ဦးနော်၊ မောနေမယ် "

သူ နားထောင်သည်။ ငြိမ်ငြိမ်ကလေး လှဲနေ၏။ ရင်ထဲ သိမ့်ခနဲအေးမြသွားသည်။ ဒီလို ပီတိသုခမျိုး ကို လူတိုင်း နားလည်နိုင်ပါမည်လား။ ပြုမှားမိသည့် ဒုစရိုက်မှုအတွက် ချစ်သူက ခွင့်လွှတ်လေ သောအခါ ရရှိလိုက်သည့် နှစ်ဦး ထဲသာ သိသောစိတ်၏ ငြိမ်းချမ်းခြင်းမျိုး။

ဂျူးအစ် ထ ထိုင်လိုက်သည်။ ကွဲကြေနေသည့် ခုံညင်းတစ်ဝိုက်တွင် စူးစူးဝါးဝါး တစ်ချက်နာသွား၏။

" အစ်ကို ..... "

တိုးတိုး ခေါ်ကြည့်သည်။ ဖီးလစ် မထူး။ အလန့်တကြား အော်ခေါ်လိုက်သည်။

" အစ်ကို ... အစ်ကိုရေ "

<<<http://www.shwezinu.blogspot.com/

ပြန် မထူးတော့။ နဖူးနှင့် ပါးပြင်ကို စမ်းကြည့်သည်။ မအေးသေးပါ။ သို့သော် စောစောကလောက် မပူတော့။ ပခုံးကို ကိုင်လှုပ်ပြီးနောက် ထပ်ခေါ်ပြန်သည်။ ဖီးလစ် မတုံ့ပြန်တော့။ ထိုစဉ် ဒေးဗစ် ပြေး ဝင်လာသည်။

" မေမေ ဘာဖြစ်တာလဲဟင်၊ ဟင် ဖေဖေ ဘာလို့ ဒီကို ရောက်နေတာလဲ "

အေမီလီ ကို ဒေးဗစ် အော်ခေါ်သည်။ ဖအေ့နံဘေးတွင် ဒူးထောက်ထိုင်သည်။ ဂျူးအစ် ကျောက်ဆစ်ရုပ်လို ငြိမ်သွား၏။ သို့သော် ဒေးဗစ် ခေါင်းမော့လာတော့ နှုတ်မှ တစ်စုံတစ်ရာ ထွက် သွားကြောင်း ကိုယ့်ဘာသာ ကိုယ် ပြန်ကြားလိုက်သည်။

" သူ သူ သေသွားပြီလား ဟင် "

ဒေးဗစ် ခေါင်းညိတ်ပြီး မျက်နှာကို လက်ဖဝါးနှင့် အုပ်လိုက်သည်။ ပြီးတော့ ကလေးတစ်ယောက်လို ရှိုက်ကြီး တငင် ငိုကြွေးလေ၏။ ဂျူးအစ်ခဏ ကြောင်ကြည့်နေသည်။ လည်ချောင်းထဲတွင် ဆို့နေသဖြင့် ဘာမျှ ပြောမထွက်။ နောက်ဆုံး မှ ခေါင်းအုံးတစ်လုံးကို ကောက်ကိုင်ပြီး မျက်နှာကို မြှုပ်ထားလိုက်သည်။

အတန်ကြာမှ အေမီလီ့ အသံကို ကြားရသည်။

" ဖေဖေ့အခြေအနေကို မေမေသိအောင် စောစောပြောထားသင့်တာပေါ့ ဒေးဗစ်ရယ်၊ ခုတော့ မေမေ ဘယ်လို လုပ်ပြီး ဖြေနိုင်ပါတော့မလဲ "

ဒေးဗစ် အမေ့ကို ဖက်ပြီး မချိတင်ကဲ ငိုသည်။ သားလုပ်သူ၏ ရင်ခွင်တွင် မျက်နှာအပ်ကာ ဂျူးအစ် မျက်ရည်တွေ တသွင်သွင် စီးကျနေ၏။ သောက ဗျာပါရကြောင့် ကျသည့် မျက်ရည်များ မဟုတ်ပေ။ ယူကျုံးမရဖြစ်ပြီး ကျလာသည့် မျက်ရည်များမဟုတ်ပေ။

လောက အကျယ်ကြီးထဲတွင် အဖော်ကွဲကာ တစ်ကိုယ်တည်း ကျန်ခဲ့ပါပြီကော။ သက်ကြီးရွယ်အို ဘဝဖြင့် လောကသစ်ထဲတွင် စကားပြောဖော်မရှိဘဲ နှစ်လများစွာ အသက် ရှင်သန် နေရဦး မှာပါလားဟူသည့် အထီးကျန်ဝေဒနာအသိကြောင့် တသွင်သွင် ကျဆင်းလာသော မျက်ရည်များဖြစ်လေ သည်။

<<<http://www.shwezinu.blogspot.com/

အောက်ထပ် လေသာဆောင်တွင် ဖီးလစ်၏ အလောင်းကို တခမ်းတနား ပြင်ဆင်ထားသည်။ ဂက်သစ်ချမြိုင် လုပ်သားတွေ လာရောက် ဂါရဝပြုသည့်နေ့တွင် ဆိုဖာခုံရှည် တစ်ခုပေါ်၌ ဂျူးဒစ် လဲလျောင်းနေသည်။

သူတို့တစ်တွေ အိမ်ရှေ့၌ စုဝေးနေကြပြီ။ အချို့က ခေါင်းငိုက်စိုက်ချလျက်။ အချို့က ကြေကွဲဖွယ်ရာ ခမ္မတေးများ ကို သီကျူးလျက်။ သားသမီးတွေနှင့် မြေးတွေက ဂျူးဒစ်အနားတွင် ဂိုင်း ဂိုင်းလည်နေ ကြသည်။ လိုလေသေးမရှိ ပြုစုကြသည်။ ဆီဘက်စတိန်းကလေးက ဘွားအေ မျက်ရည်ကျလျှင် သုတ်ပေးဖို့ လက်ကိုင်ပဝါနှင့် အဆင်သင့် စောင့်နေသည်။ မြေးကလေး ကို ကျေးဇူးတင် စကား ပြောရသည်။

ဂျူးဒစ် မျက်ရည်မကျတော့ပေ။ အထီးကျန်ဘဝထဲတွင် တဖြည်းဖြည်းလွင့်မျောပါသွားနေလေပြီ ဟူသည့် အသိမှ လွဲ၍ ဘာမှ ခေါင်းထဲတွင် ထင်မလာပေ။

မြင်ကွင်းကိုကြည့်ပြီး ရင်ထဲမှ ပြောနေမိ၏။

အင်း ... သူဟာ သူတို့တစ်တွေရဲ့ သခင်၊ သူတို့တစ်တွေရဲ့ ဖခင်။ သူ့ကို သူတို့ ချစ်ကြ သည်။ လေးစားကြသည်။ ထိုလူသည်ကား ငါ၏ ချစ်စွာသော ခင်ပွန်းလင်ပါတကား။ တို နှစ်ယောက် နှစ် ပေါင်းသုံးဆယ့်ခြောက်နှစ်တိုင်တိုင် အကြင်လင်မယား အဖြစ် ပေါင်းသင်းနေ ထိုင် လာသည့် အဖြစ်ကို သူတို့ နားလည်နိုင်ပါမည်လား။ ခုတော့ အပြီးအပိုင် ခွဲကြ ရတော့မည်။ ဩော် ... အစ်ကို အစ်ကို။

ခုတော့ ပန်းပွင့်ဖြူတွေ အောက်မှာ ငြိမ်ငြိမ်ကလေး လဲလျောင်းနေလေပြီ။

ဒေးဗစ် က အိမ်ရှေ့ထွက်ပြီး ခေါင်းလောင်းကြိုးကို ဆွဲလှုပ်လိုက်သည်။ အားလုံး ငြိမ်သွား၏။

" မင်းတို့အတွက် အဖေ့ အလောင်းကို ဂါရဝမပြုခင် တစ်ခုပြောပါရစေ၊ ဒီနေ့က စပြီး ငြိမ်းငြိမ်း ချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်ကြပါ။ ဂက်သစ်ချမြိုင်က ဘယ်အလုပ်သမားကိုမှ အလုပ်မဖြုတ်ဘူး၊ ဘယ်သူ့ကိုမှ တခြားကို ထုတ်မရောင်းဘူး၊ ငါတို့အဖေ ရှိစဉ်အတိုင်း ဂက်သစ်ချ မြိုင် ကို ဆက်လက် ထိန်းသိမ်းသွားကြမယ်၊ ကဲ ... တန်းစီပြီး ဝင်ကြ "

ဒေးဗစ် က အခေါင်းနံဘေးကို ပြန်လာပြီး မတ်တတ်ရပ်သည်။

မျက်နှာဖြူအလုပ်ကြပ်များနှင့် သူတို့ မိသားစုတွေ ရှေ့ဆုံးမှ ဝင်လာကြသည်။ ဂျူးဒစ် လဲလျောင်း သည့် နေရာတွင် သူတို့ခြေလှမ်း တုံ့သွားကြသည်။ နှုတ်ဆက်စကား၊ ဂမ်းနည်း စကား ပြောကြသည်။ ဒေးဗစ်ကိုမူ လက်ဆွဲ နှုတ်ဆက်ပြီး ကျေးဇူးတင်စကား ပြောကြသည်။

<<http://www.shwezinu.blogspot.com/

ထို့နောက် ကပ္ပလီလုပ်သားတွေ အတန်းလိုက် ဝင်လာကြသည်။ သူတို့သခင်မကို ပထမ ဦးညွှတ်နှုတ်ဆက်ပြီးမှ သခင်ကြီး၏ အလောင်းဆီသို့ တရွေ့ရွေ့ လျှောက်သွားကြသည်။ သူတို့ ကိုယ်ပိုင် ပန်းခြံ မှ ခူးလာသည့် ပန်းပွင့်တွေကို သူတို့သခင်ကြီး၏ ကိုယ်ပေါ်တွင် တင်ခဲ့ကြသည်။

သူတို့ ၏ ဂါရဝပြု အခမ်းအမနားပြီးတော့ ဂျူးဒစ်ကို တွန်းလှည်းနှင့် အိမ်ထဲ ပြန်ပို့ကြသည်။ ဘုရားရှိခိုးကျောင်းကို ဂျူးဒစ် မလိုက်နိုင်တော့။ ဧည့်ခန်းထဲတွင် လှဲပြီး နေခဲ့ရ၏။ ခရစ္စတင်းကို အနား တွင် ထားခဲ့သည်။

လိုက်မသွားဘဲ ဂျူးဒစ်က မျက်စိထဲတွင် အားလုံးမြင်နေပါသည်။ သူတို့တစ်တွေ ဖီးလစ်၏ အလောင်းကို စိန့်မာဂရက် ဘုရားရှိခိုးကျောင်းသို့ ယူသွားကြမည်။ မိမိနှင့် ဖီးလစ်တို့ ယေရှုယ်စဉ်က သစ်လုံးကျောင်းကလေး။ ခုတော့ ရောမအုတ်တိုက်ကြီး ဖြစ်နေပြီ။

ပြီးတော့ သင်္ချိုင်းထဲမှ "လန်း" မြေကွက်တွင် လွန်ခဲ့သည့် ၁၇ နှစ်က သေဆုံးခဲ့သည့် ဖီးလစ်ကလေး၏ နံဘေး မှာ မြေမြှုပ်ကြမည်။ သူ့ခေါင်းရင်းမှ ကျောက်ပြားတွင် သူတို့ ရေးထွင်းကြမည့် စာလုံးတွေကို စိတ်ထဲက မြင်ကြည့်လိုက်သည်။

ဖီးလစ်လန်း၊ ၁၇၄၄ ခုနှစ်၊ ဇွန်လ ခြောက်ရက်နေ့တွင် ဗြိတိသျှ ပိုင် တောင်ကာရိုလိုင်းနားပြည်နယ်တွင် မွေးဖွားပြီး ၁၈၁၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် လူဂီစီးယားနားပြည်နယ် ဂက်သစ်ချမြိုင်စံအိမ်တွင် ကွယ်လွန်အနိစ္စရောက်သည်။

<<<http://www.shwezinu.blogspot.com/

ဖီးလစ် မပါဘဲ ဂက်သစ်ချမြိုင် စက်ယန္တရားကို စတင် လည်ပတ်လေသည်။ ဒေးဗစ်က ဂါခင်းအလုပ်ကြပ် အားလုံး အစည်းအဝေး ခေါ်လိုက်၏။ ဂါလုပ်ငန်းတွင် တာဝန်ခံအဖြစ်နှင့် သူ တစ်ခါမှ မလုပ်ဖူးသေး။ ထို့ကြောင့် သူတို့ထံမှ ပညာဆည်းပူးရဦးမည် ဖြစ်သည်။ သူတို့ပေးသည့် အချက်အလက်တွေကို လေ့လာရဦးမည်။

အသီးစောသည့် အခင်းတွေကို အလျင်ကောက်နိုင်ကြောင်း ဆွေးနွေးကြသည်။ ပြီးတော့ ဂါကြိတ်စက်တွေ ကို ကြံ့ခိုင်ရေးလုပ်ဖို့ ကိစ္စလည်း ဆွေးနွေးကြသည်။ ဒေးဗစ်၏ ကြိုးစားမှုကြောင့် အလုပ်ခွင် မှ ဖီးလစ်၏ တာဝန်များကို အကြားအလပ်မရှိ မျှဝေယူနိုင်ကြသည်။ ထောင်စေ့စေ့ အစားထိုးနိုင် ခဲ့သည်။ သို့သော် ဂျူးဒစ် ၏ ရင်ထဲကိုကား မည်သည့်အရာနှင့်မျှ အစားထိုး၍ မရကြပေ။

သူတို့ မပြောသော်လည်း မိမိဒူးမှာ ပြန်ကောင်းလာနိုင်စရာ မရှိတော့ကြောင်း ဂျူးဒစ် တဖြည်းဖြည်း ရိပ်မိ လာသည်။ လုံးဝ မနာတော့ပေမဲ့ လမ်းလျှောက်၍ မရတော့ပေ။ တစ်သက်လုံး ခြေတစ်ဖက် ကျိုးဘဝဖြင့် ဇာတ်သိမ်း ရပေတော့မည်။ ဘယ်တော့မှ မြင်းစီးနိုင်တော့မည် မဟုတ်။

ကိစ္စမရှိပါ။ ဘာမျှ အရေးမကြီးပါ။ ဘာမှ မရှိတော့သည့် ဘဝတွင် ဘာများ အရေးကြီးစရာ ရှိနိုင်ပါတော့မည်လဲ။

ဒေးဗစ်နှင့် အေမီလီ က မအေကို ဘုရားတစ်ဆူ ဂူတစ်လုံးအမြတ်တနိုး ကိုးကွယ်သည်။ ကလေးတွေက ဦးညွှတ် အရိုအသေပြုပြီးမှ စကားပြောသည်။ ဂျူးဒစ်သည် ငွေရောင် သမ်းနေသည့် ဦးခေါင်းနှင့် ဂက်သစ်ချမြိုင် ၏ သမန် အရှည်ဆုံး သခင်မကြီးအဖြစ် ဆက်လက် လှုပ်ရှားနေရသေးသည်။

မိုးဦးကျ စနေတစ်နေ့တွင် အေမီလီ ကို ခေါ်လိုက်သည်။ ကြိမ်လက်ကိုင်တုတ်ကိုနံဘေးချပြီး ဧရာမ ကုလားထိုင်ကြီး ထဲ တွင် သက်တောင့်သက်သာ ထိုင်နေ၏။

" ဘာများ ခိုင်းစရာရှိလဲ မေမေ "

" လာပါဦး သမီးရယ် "

အေမီလီ ရှေ့တိုး သွားသည်။ ဂျူးဒစ်က ခါးမှသော့တွဲကို ဖြုတ်ပြီး အေမီလီ့လက်ထဲ ထည့်လိုက် သည်။

" ရော့ ... သော့တွေ၊ သမီး ယူထားတော့ "

အေမီလီ က သော့တွဲကို ဆုပ်ထားလိုက်သည်။ မိုးကုပ်စက်ဝိုင်းတစ်ခု၏ နောက်တွင် နောက်တစ်ခု ထပ်တွေ့ လိုက်ရသလို မျက်လုံးပြူးသွားသည်။ ခါးကို မတ်မတ်ဆန့်လိုက်တော့ အရပ်ပိုမြင့်လာသလို ထင်ရ၏။

" ကျေးဇူးတင်ပါတယ် မေမေ "



<<<http://www.shwezinu.blogspot.com/

သမီး က လိမ္မာပါပေသည်။ သူ့ယောက်ျား၏ အမေကို အလကား မိန်းမကြီး၊ အာဏာကို တစ်သက်လုံး ဆုပ်ကိုင် ထားသည့် မိန်းမကြီးဟု သူဘယ်တော့မှ ထင်တော့မည် မဟုတ်ပေ။

" မေမေ့ လက်ထက်တုန်း ကလိုပဲ သမီး ဂက်သစ်ချမြိုင်ကို စီမံအုပ်ချုပ်ပါ့မယ် မေမေ "

" သမီး အောင်မြင်မှာ ပါကွယ်၊ ဩော် ... ဒါထက် မေမေ အောက်ထပ်ကို ရွှေ့ချင်တယ်၊ အိပ်ခန်းမကြီး ထဲက ပစ္စည်းတွေ နေ့လယ်ကျရင် ပြောင်းပေးပါလား၊ အောက်ထပ်က နောက်ဘက် စာကြည့်ခန်းကို အိပ်ခန်း လုပ်လိုက်မယ်လေ၊ ဒီဒူးနဲ့က တက်ရဆင်းရ မလွယ်ဘူးကွယ့်"

" ကောင်းပါပြီမေမေ၊ ကပ်လျက်အခန်း ကို မေမေ့ဧည့်ခန်း လုပ်လိုက်ရင်မကောင်းဘူးလား "

" အေးကွယ်၊ သာဓု ... သာဓု "

အေမီလီ က သော့တွဲထဲမှ နှစ်ချောင်းကိုဖြုတ်ပြီး ဂျူးဒစ်လက်ထဲ ပြန်ထည့်ပေးသည်။

" ရော့ ... မေမေ့အတွက် "

" ဩော် ... အေး ဟုတ်ပြီ၊ မေမေ့ အခန်းသော့တွေလား၊ ကျေးဇူးပါပဲ သမီးရယ် "

အေမီလီ ထွက်သွားတော့ ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေမိသည်။ ပန်းခြံထဲမှ ပန်းပွင့်တွေ။ ပြီးတော့ ရှုမဆုံးတော့သည့် ဂါခင်းလွင်ပြင်။ ပိန်းကောလေ့ကြီးနဲ့ စုန်ဆင်းလာသည့် လယ်သမား မိသားစု မှ ကောင်မလေးကို မြင်ယောင်လာသည်။

ညနေခင်းမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။ လူမည်းတို့၏ တေးဆိုသံ ကို သဲ့သဲ့မျှ ကြားနေရသည်။

" ဂါပင်တွေကိုကွယ်

တို့လက်တွေနဲ့ စိုက်ခဲ့တယ်

အို အရှင့်ထံမှာ သစ္စာဆိုမယ်

ငါတို့တစ်တွေ သည်မြေပေါ်မှာ မွေးခဲ့တယ် "

သည်ကို ရောက်စက သစ်တောကြီးတွေကို ပြန်လည်မြင်ယောင်ကြည့်သည်။ ကောင်းကောင်း မမှတ်မိတော့။ သို့သော် မိမိဘဝသက်တမ်း ကာလထဲတွင် တကယ်ဖြစ်ပျက် ပြောင်းလဲခဲ့သည်မှာ အမှန်ဖြစ် ၏။ နေခဲ့ရသည့် ကာလသည် တဒင်္ဂမျှသာပါကလား။ ခုတော့ အားလုံး ပြီးဆုံးခဲ့လေပြီ။ မယုံကြည်နိုင်စရာ အပြောင်းအလဲ များကို မြင်တွေ့ခဲ့ရပြီ။ သည်အပြောင်းအလဲများထဲတွင် မိမိသည် အဓိက ဇာတ်ဆောင် တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ခုတော့ တာဝန်အားလုံး ပြီးဆုံးသည့် အချိန်ကို ရောက်ခဲ့ပြီဖြစ်ပါ၏။

<<http://www.shwezinu.blogspot.com/

ကြိမ်လုံး လက်ကိုင်ပေါ်တွင် လက်နှစ်ဖက် ပတ္တာဆက်ထားလိုက်၏။ အံ့ဩစရာကောင်းလောက်အောင် လွတ်လပ်ပေါ့ပါးသွား၏။

ခြေထောက်တစ်ဖက် မသန်တော့သည်မှလွဲ၍ မိမိကျန်းမာရေး မှာ ဒေါင်ဒေါင်မြည်အောင်ကောင်းနေဆဲ။ နှစ်ပေါင်း များစွာ နေရဦးမည် ထင်သည်။ မိမိ မျိုးစေ့ချခဲ့သည့် ယဉ်ကျေးမှု အစဉ်အလာတို့ ဖူးပွင့်ဝေဆာချိန်ကို ခံစားရဦးမည်ထင်၏။

သို့သော် မိမိ ပျော်ရွှင်ခဲ့ဖူးသည့် ပျော်ရွှင်မှုမျိုးကိုတော့ သည်မှာဘက် ခေတ်တွင် ရနိုင်တော့မည် မထင်။

တစ်ပြိုင်တည်း တွင်ပင် ဟိုမှာဘက် ခေတ်က ခံစားခဲ့ရသည့် ဒုက္ခသုခများကိုလည်း သည်ဘက်ပိုင်းတွင် ခံစားစရာ အကြောင်း မရှိတော့ပေ။

မိမိ ၏ သားသမီးတွေ၊ မြေးမြစ်တွေက တစ်လှည့်ခံစား ခံစားကြလိမ့်ဦးမည်။

ဂျူးအစ် ပြုံးလိုက်သည်။ အေးငြိမ်းသော အပြုံး၊ အောင်မြင်သော အပြုံး။ သော့တွဲကြီးကို လက်လွှဲပေးလိုက်ပြီး နောက် မှ ငြိမ်းချမ်းခြင်း၏ သဘောကို အပြည့်အဝ ခံစား နားလည်ရခြင်းဖြစ်ကြောင်း သိလိုက်၏။

တင်မောင်မြင့်

၈-၃-၈၈

<<<http://www.shwezinu.blogspot.com/

This e-book is not for sale and use of anyone anywhere at no cost.

Commercial use of this book will be at your own risk.

# နွေကန္တာ

## တင်မောင်မြင့်




Typing - ရွှေစင်ဦး၊ Design & PDF - မင်းအရိုပ်